ရကြာမှ

ကိုးသောင်း

# ဦးနေဝင်း၏ ပြာတဆုပ်



(အောင်ဗလ သရော်စာများ)

ဦးသောင်းရေးခဲ့သော စာအုပ်များ

မိန်းမပုံပြင်
အောင်ဗလပြဇာတ်များ
တဝဂ္ဂမှ ဂီတ
အိပ်ချင်ပြေ
ဇဝံမေသုတံ
အောင်ဗလယ်
လူတို့နေ
အောင်ဗလွန်
လက်ငင်းလက်တွေ့ဗုဒ္ဓဝါဒ
ဆွေမေ့မျိုးမေ့
သမိုင်းဝင်ပြဇာတ်များ
ကြည့်သောသူ မြင်၏
ကျနော်ကြားဖူးသလို ပြောဆိုပါမည်
ဆိုဗီယက်ဟာသ
နိုင်ငံ့အရေး
ဗမာ့ခေတ်မှ ကြေးမုံသို့
မန္တလေးမှ မော်စကိုသို့
ဝါရှင်တန်သို့
သတင်းစာဆရာ
တို့ဗမာနိုင်ငံ
ဦးနေဝင်းနှင့် လက်မရွံ့အာဇာသားများ
ဗိုလ်နေဝင်း၏ စစ်ခေးပြလမ်းစဉ်
A Journalist, A General and an Army in Burma
ဆက်ရန်ရှိသေးသည်
ဘီလူးတို့ရွာ
A Journalist and a Queen
ဗိုလ်နေဝင်း ဇာတ်လမ်းရှုပ်သမျှ

# မာတိကာ


ခြေဆင်း——၉
၁။ ကိုလူလည်ကြီးလာပါပြီ——၁၉
၂။ စပိုင်တွေ၊ သူလျှိုတွေ၊ ဒလန်တွေ——၂၅
၃။ ဒီမိုကရေစီမြို့တော် ဝါရှင်တန်ဒီစီသို့——၃၀
၄။ ဒီမိုကရေစီ ရွှေအိုး ငွေအိုးကြီးများ——၃၈
၅။ ကျုပ်တို့ လူမျိုး သူ့ဆိုးရှိသည်——၅၄
၆။ လလေခအဖွဲ့ချုပ် စီမံကိန်းပရိုဂျက်——၆၈
၇။ ရှင်ဘုရင်ဖြစ်နိုင်သည့်ဆေးတဖုံ——၇၇
၈။ ပြာကိုစားသည့် မင်းလောင်းဆယ်ပါး——၈၈
၉။ ဆယ်ဆဆိုးတာဟာလေ မဟာ ပြဒ္ဒတန်ခိုးပါဗျ——၁၀၅
၁၀။ နီဂိုး——၁၇၈
၁၁။ ကောလာဟလ–ကလာဟလော——၁၈၁
၁၂။ တုန္ဒိုင်းမပီ နောက်ဆုံးသတင်း——၁၈၅
၁၃။ ဆန်တပြည်ကျပ်တသန်း ဝဏ္ဏုတို——၁၉၅
၁၄။ ကိုမိုးနက်သို့...——၂၀၁
၁၅။ မြက်ထုံးကြီးပုံပြင်——၂၀၇
၁၆။ ဒေါ်နီနီမြင့်၏ ပုလဲသွယ် (ပြဇာတ်)——၂၁၅
၁၇။ မန္တလေးလမ်းခွဲ——၂၂၇
၁၈။ မေ့နိုင်ဘူးကွဲ့ အင်းစိန်ထောင် (၁)——၂၃၃
၁၉။ မေ့နိုင်ဘူးကွဲ့ အင်းစိန်ထောင် (၂)——၂၃၉
၂၀။ အမျိုးသားညီလာခံကြီး ရှာရှာလည်——၂၄၃
၂၁။ အမျိုးသားညီလာခံကို တက်ရောက်လိုသူ——၂၄၇
၂၂။ စလေအညာမှ ... ပုလွေဆရာ——၂၅၃
၂၃။ သတင်းကာပင် ရယ်စရာ——၂၅၉
၂၄။ ဗိုလ်ခင်ညွန့်ရဲ့ ကျေးရူးတော်——၂၆၃
၂၅။ နှင်လားဟဲ့ တဝမ်းပူ စသတ် 'တစ်'——၂၆၉
၂၆။ ငဲကြီး ရှစ်ထပ်၏ ထောင့်တထောင့်ဝယ်——၂၇၃
၂၇။ ဗိုလ်ဗင်ကုန်း (ဝဏ္ဏုတို)——၂၇၇
၂၈။ သူလဲလေ လောကီသားပေမို့ ...——၂၈၃
၂၉။ မောင့်အသဲတွေ မောင့်နှလုံးတွေ——၂၈၉

မိန်းမရေ…

ဒီစာအုပ်က မင့်ဖို့ကွဲ့ …

နန္ဒင်းစိုစို ဆီစိုစို ချက်ပေးဖို့ပါကွာ၊

စိန်နားကပ်တော့ မဆင်နိုင်ဘူး။

ဒီမိုကရေစီလုပ်စားတဲ့ အကောင်

မဟုတ်ဘူးလေ…

# နိဒါန်း

# ခြေဆင်း

အိမ်နိမ့်စံ အာဏာရှင် ဘဝရှင်မင်းတရားကြီး ဗိုလ်ချုပ်ကြီးဦးနေဝင်းသည် ခရစ်သက္ကရာဇ် ၂၀၀၂ ခု ဒီဇင်ဘာ ၅ ရက်နေ့ နံနက်က လူ့ပြည်ငြီး၍ နတ်ထီး စံတော်မူခဲ့သည်။

နိုင်ငံပြု၊ သာသနာပြု မင်းကောင်းမင်းမြတ်ဖြစ်သော မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မမူမီ အချိန်ကလေးတွင် ဓမ္မာရမ္မဏာအားဖြင့် ဆင်ခြင်ပွားများ နှလုံးသွင်းတော်မူရန် မင်းတရားကြီး၏ ကောင်းမှု ကုသိုလ်တော်များမှ အ ဖိုး ငွေ နှစ်ဆယ့်နှစ် ကုဋေခြောက်သန်းအတိုင်း အရှည်ရှိသော သံဝစ...ရ အလှူတော်စာရင်းကို မိဖုရားများက ဖတ်ကြား လျှောက်ထားသည်ကို နာခံတော်မူလျက် ငြိမ်းချမ်းစွာ နတ်ပြည်လားတော်မူခဲ့သည်ဟု သမိုင်းကို ဖတ်ရသည်။

ထိုနည်းအတူ ဘဝရှင်ကြီး သေအံ့မူးမူးကာလ၌ သမီးတော်ခင်စန္ဒာဝင်းဒေဝီက နိုင်ငံ၏ ဘဏ္ဍာတော်မှ မိသားစု ခိုးဝှက် လုယက်ရ၍ စုဆောင်းထားအပ်သော ကုဋေကုဋာသော ငွေစာရင်းများကို နိုင်ငံခြားဘဏ်များ၌ အပ်နှံထားသည့် နိုင်ငံခြားငွေစာရင်းများ၊ နိုင်ငံခြား၌ ရောင်းချခြင်း မပြုရသေးသော ကျောက်မျက်ရတနာစာရင်းများ၊ အိမ်တော်၌ရှိ အကပ်ဖ်အီးစီ ဒေါ်လာတုစာရင်းများနှင့် တခန်းလုံးပြည့် သိုလှောင်ထားသော မြန်မာ ကျပ်ငွေ စာရင်းများ ရှင်းလင်း ဖတ်ကြားတင်ပြသည်။

ဦးနေဝင်းသည် သူ၏ ဝေဒနာခံစားမှုကို ဖုံးလွှမ်းစေရန် ဆေးသမား သမီးတော်က ဘိန်းခွံ့ထားသဖြင့် ရီဝေနေသောကြောင့် သမီးတော်၏ ရတနာရွှေငွေ စာရင်းကို နာခံလျက် "သာဓုဋ္ဌတိ ကောင်းလေစွ ကောင်းလေစွ" ဟု အနုမောဒနာ ပြုမိရှာသည်။

ထိုစဉ်တွင် ရုတ်တရက် ဆေးစွမ်းလျော့ပါး ပျက်ပြားသွားသောအခါ ဦးနေဝင်း၏ ၃၂ ကောဋ္ဌာသ အားလုံးတို့တွင် မြူမှုန်မျှပင် လစ်လပ်မှု မရှိ၊ အမြဲအတိ ဖုံး လွှမ်း နေ သော လော ဘ နိ ယ ဓာတ် အား တို့ သည် တော် လှန် ထ ကြွ လာသည်။ သမီးတော် ဖတ်ကြားသော နိုးရာပါ ပစ္စည်းများ၏ ကိန်းဂဏန်းများကို မြင်လာသည်။ တိမ်မြုပ်နေသော ဒေါသမီးတောက်ကလည်း ရုတ်တရက် တောက်လောင်လာသဖြင့် "ငါ့ဟာတွေပေး … ငါ့လက်ထဲကိုပေး…"ဟု အသံနက်ကြီးနှင့် အော်ဟစ်မိသည်။ ထို 'တခဏ'တွင် နတ်ရွာသို့ လားတော်မူခဲ့လေသည်။

ကုဋေကုဋာ အသပြာများ ပေါကြွယ်ဝသော်လည်း ဗိုလ်ချုပ်ကြီးသည် လက်တွင်း၌ တပြားတချပ်မှ မပါဘဲ လက်ချည်းဗလာ စွန့်ခွာတော်မူရသဖြင့် ကြီးမားသော လောဘမီးနှင့် ဒေါသမီး တောက်လောင်ရင်း ဘဝချုပ်ခဲ့ရပေသည်။

လူ့ပြည်မှ စိတ်မချမ်းမသာနှင့် ထွက်ခွာသွားရသူ ဦးနေဝင်း၏ ဘဝမှတ်တမ်း ပုရပိုက်နှစ်ခုသည် နတ်ပြည်နယ်ဆိုင်ရာ မှတ်ပုံတင် အရာရှိ မစ္စတာ စိန်ပီတာ၏ ရုံးသို့ တမုဟုတ်ချင်း ရောက်လာသည်။ အကုသိုလ် မကောင်းမှုမှတ်တမ်း ခွေးရေ ပုရပိုက်ကြီးမှာ လှည်းကိုးစီးတိုက်မျှ ထုထဲများပြားပြီး ကောင်းမှုကုသိုလ် ပုရပိုက်မှာ ရွှေလှောင်စက္ကူတမျှ ပါးလျားနေသည်။ မစ္စတာ စိန်ပီတာက ပုရပိုက်များကို ဖတ်ရှုခြင်းပင် မပြုတော့ဘဲ "ဆောင်ရွက်ရန်မလို" ဟု စာတိုကလေးရေး၍ လက်မှတ်ထိုးလိုက်သည်။

"ဗိုင်တွဲသည် ယမ မင်းကြီးထံသို့ ရောက်လာသည်။ သူကလည်း အချိန်ဖြုန်းကာ ဖတ်ရှုမနေဘဲ ဦးနေဝင်း၏ နားရွက်ဆွဲကာ ငရဲကြီး ရှစ်ထပ် – အောက်ဆုံးထပ်သို့ တိုက်ရိုက်ခေါ်သွားသည်။

ရုံးခန်းသို့ရောက်လျှင် "ကိုယ့်လူက အဖော်အပေါင်းတွေ တယ်များပါလား၊ ကိုယ့်လူရဲ့ အဆောင်မှာ ဘီအိုင်အေခေတ်ကစပြီး





တဖြုတ်ဖြုတ်ရောက်လာတဲ့ စစ်ဗိုလ်ကြီးတွေ အများကြီးရှိတယ်။ အဖော် အပေါင်းတွေနဲ့ ပျော်ပျော်ကြီး ခံပေတော့"ဟု ပြောသည်။

"ကိုယ့်လူတို့… တို့စစ်ဗိုလ်တွေသာ ငရဲပြည်ကို လာကြတာ မဟုတ်ပါဘူး။ ဓားပြတိုက်တဲ့၊ လာဘ်စားတဲ့ ဖဆပလဆိုရှယ်လစ်တွေ၊ မဲရအောင် လူသတ်တဲ့ ဆိုရှယ်လစ်တွေလဲ လာကြတယ်။

နောက်ပြီး လက်ဝဲသမားတွေလဲ အများကြီးပေါ့။ 'လမင်းကို မကျေချမ်း ပြိုင်စမ်းပါလို့ ခွေးလိုဟောင် ဖုတ် ဖုတ် ဖုတ်' လို့ သီချင်းတကျော်ကျော်နဲ့ အချင်းချင်း တဦးပြီးတဦး သတ်ကြတဲ့ ဖြုတ် ထုတ် သတ် လူသတ်ပွဲတော်ကြီး ပြီးလျှင်ပြီးချင်း ရောက်လာတဲ့ သခင်သန်းထွန်း တယောက်တော့ ဆီပူအိုးကြီးမှာ ဂျိုးကပ်နေလေရဲ့။ အဲအဲ သခင်စိုး လဲ သိကြားသားမှ မဟုတ်တာ ငရဲပြည် ရောက်နေတယ်။ စိုးကြီးက လူ့ဘဝတုံးက ကုလားပဲ အစိမ်းစားလို့ လားမသိဘူး၊ ကျက် ကျက် ဆူ နေ တဲ့ ဆီ ပူ ထဲ မှာ ရေကူးကန်မှာလို ကူးနေနိုင်တယ်။ သူက ငရဲရောက်ပြီး ခံနေရတာထက် သူ့ကို ကြည်ညိုပြီး ပြုစုကြတဲ့ အလံနီ တပည့်မကလေးတွေနဲ့ ခွဲရတာကို လွမ်းနေသတဲ့"

ဦးနေဝင်းသည် ယမမင်း၏ စကားကို မကြားတချက် ကြားတချက်နှင့် မိမိ၏လားရာဘဝကို ရိပ်စားမိသည်။ လူ့ဘဝ၌ အရပ်သားများနှင့် ခွဲ ခြား ၍ စစ် ဗိုလ် များ ကို 'တို့လူတွေ' ဟု ခေါ်လေ့ရှိသည်။ စစ်ဗိုလ်များကိုသာ မေတ္တာထားခဲ့ 'ဝံ သာ နု'ခဲ့ သူ ဖြစ်သည်။ သို့စေကာမူ ဒေါသထွက်လာသဖြင့် "ကျန် ရစ် ခဲ့ တဲ့ မအေရီး… နှမရီး… ခွေးကောင် နအဖတွေကတော့ ဘုန်းကြီးတွေ ချဉ်းကပ်၊ ဘုရားတွေပြင်ဆိုတော့ သူတို့လာရင် တာဝတိံသာ ပို့မှာလား" ဟု မေးမိသည်။

"နေ ပါဦး၊ နေ ပါ ဦး … ဒီ အသံမျိုးကို ကျုပ် ကြားဖူးပါတယ်။ မှတ်မိပြီ၊မှတ်မိပြီ။ 'တပ်မတော် ထိလျှင် ဓားကို ဓားချင်း လှံကို လှံချင်း ပြန်တီးမယ်' ဆိုတဲ့ ဒေါသသံနဲ့ ကြိမ်းတဲ့ ငှက်စုန်း

ထိုးတဲ့အသံကြီးကို ကြားဖူးတာ မှတ်မိပါတယ်။ အသံကြီးက ဆိုးလှသကွာ။ အဲဒီတုန်းက ကိုယ်လူရဲ့ ဒေါသက ဘယ်လောက်ပြင်းသလဲဆိုရင် ရေဒီယိုတွေတောင် တုန်သွားသတဲ့။ နား ကွဲ ကြ ရ တဲ့ လူထုကို သနားလိုက်တာ။ အဲဒီတုန်းက တပ်မတော်ကို အဲဒီလောက် ချစ်ခဲ့ပြီး ခုမှ ဘာလို့ ကျန်ရစ်တဲ့ တပ်မတော်ကောင်တွေကို မနာလို ဒေါ သ ဖြစ် ရ တာ လဲ”

ဦးယမက စား ပွဲ ပေါ် မှ ကွန် ပျူတာ ၏ ခ လုတ် တ ခု ကို နှိပ် ကြည့် လိုက် သည်။

“ခင်ဗျား တပည့်တွေ လဲ လိုက် လာ မှာ ပါ၊ မကြာပါဘူး။ ဟော ဒီ မှာ အဝီ စိ သို့ လာတော်မူကြ ဖို့ မှတ် ပုံ တင် ထား တဲ့ စစ် ဗိုလ် ကြီး တွေ ရဲ့ စာ ရင်း ရှိတယ်။ သန်း ရွှေ တဲ့၊ မောင် အေး တဲ့၊ ခင်ညွန့်တဲ့၊ စိုးဝင်း တဲ့၊ သူ ရ ရွှေ မန်း တဲ့။ စကား စပ် မိ လို့ မေး ရ ဦး မယ်။ သူရဆိုတဲ့ စစ်ဗိုလ်တွေ မကြာ ခဏ ရောက် လာ ကြ တယ်။ သူရဆိုတာက သူ ရနိုင်သမျှ အရယူကြတဲ့ အရာ ရှိ ကြီး တွေ လား” ဟု မေး သည်။ ဦး နေ ဝင်း က အဖြေမပေး။ မျက်မှောင်ကြီးကုတ်ကာ မျက် စောင်း ကြီး ထိုး ၍ ယမမင်းကြီးကို ပြန်၍ ကြည့်သည်။

ယမမင်းကြီးက ပြုံး၍ ကွန် ပျူ တာ ခလုတ်ကို နှိပ်ကြည့်ပြန်သောအခါ “တွေ့ ပြီ၊ တွေ့ ပြီ” ကိုယ့် လူ ရဲ့ မျက်စောင်းက မဆလ ဥက္ကဋ္ဌ ရာထူးက ထွက် တဲ့ နေ့ က ‘စစ် တပ် ဆို တာ ပစ်ရင် မှန် အောင်ပစ်တတ်တယ်ဗျ’ လို့ ပြောတုံးက ခင်ဗျားကြီးက လူထု အရပ်သားတွေကို ထိုးတဲ့ မျက် စောင်း ကြီး ပါ လား။ ဘုရား ဘုရား ခင်ဗျား မျက်စောင်းကြီး မတော်တဆ ကျွတ် ထွက် ရင် ကျုပ်တောင် ရှစ်စိတ်ရှစ်မွှာကွဲရမှာပါလား။ အန္တရာယ်ကြီးတဲ့ အန္တရာယ်ကောင် ကြီးပါလား၊ ဝေး ဝေး နေ မှ ဖြစ် မယ်”ဟု ပြောကာ “အင်း အဝီစိ ကလဲ တကယ့်ကို ပူတာပဲ၊ ကျုပ် လိုက်မပို့တော့ဘူး။ လမ်းမှား





နိုင်ပါဘူး။ ကိုယ့်လူ သွားပေတော့၊ တာ့တာ ဂွတ်ဘိုင်”ဟု ပြောပြော ဆိုဆို ကန်ချလိုက်လေသတည်း။

ငရဲပြည်၏ အောက်ဆုံးထပ် အဝီစိငရဲမှာ အမြဲတစေ ပူပြင်းလှသည့် မီးတောက် မီးလျှံများ အရှိန်ပြင်းစွာ တောက်လောင်နေသည်။ ဦးနေဝင်း ရောက်သွားသောအခါ ဧရာမ မီးတောက်ကြီးများ ထလာသဖြင့် မီးသည် ပိုမို ပြင်းထန်နေတော့သည်။

လူ့ပြည်တွင်မူ ဦးနေဝင်း၏ ရုပ်ကလာပ်ကို ရေဝေသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်ရစ်သော ပြာတို့ကို ဇလာရေလယ်ကြောတွင် မျှောလိုက်လေသတည်း။

ဤ တွင် ဘဝ ရှင် ကြီး ဗိုလ် ချုပ် ကြီး ၏ ဇာတ်လမ်း နိဂုံးတံ ပြီဟု ယူဆခဲ့ကြသည်။ ပြီးဆုံးခြင်း မရှိသေးပေ၊ ဆက်ရန်ရှိသေး၏။

ဗိုလ် ချုပ် ကြီး နေ ဝင်း ၏ ပြာ များ ကို ရေဇလာ မျှောစဉ် က ကြဲ ကြဲ ဖန် ဖန် ပြာ တ ဆုပ် ကျန် ရစ် လေ ခဲ့ သဖြင့် ဇာတ် ကွက် ဆက် လာ ပြန် သည်။

တနေ့သ၌ ပဲခူးမြို့နယ် အောင်ပင်လယ် ရွာဦးရှိ အောင်တော်မူ စေတီဇရပ်ငယ်တွင် (ဇရပ်ကလေးသည် ငယ် သာ ငယ် သည်၊ အဲ ယား ကွန် ရှိ သည်။) သတင်းသုံးနေသူ ဒေါက် ချာ ဆောင်း ရသေ့ ကြီး ဘိုးတော် အောင်ထွဋ်ခေါင်သည် ယမန်နေ့ညက တည လုံး အိပ် မ ပျော် သဖြင့် သုန် မှုန် နေသည်။

ဗိုလ်ချုပ်ကြီး ခင်ညွန့် လှူသွားသောခြင်းထဲမှ ဂျော်နီဝေါက် ကား ဘလက်လေဘယ် ဝီစကီကိုသောက်၍ တ ည လုံး မူး နေ ခဲ့ သည်။ မှုန် ရီ မှိုင်း နေ ရာ မှ ထွက် ပြူ လာ သော တနင်္ဂနွေ ဂြိုဟ် ဖြစ်သော နေမင်း၏ ရောင် လျှံ ခတ် သဖြင့် မျက်စိကျိန်းသွားသဖြင့် ချက်ချင်းသာမ-ယဇု-ဣရု ဗေ ဒင် သုံး ပုံ အပြင် အာတာပွနဗေဒင် ကျမ်း (ပထမံဆရာသိန်း၏ မူ) ကိုပါ ထုတ်၍ ကြည့်ပြီး ကျောက် သင် ပုံး ပေါ် တွင် ၁၂ ရာသီခွင် ချကာ တွက် ချက် လေ သည်။

ဘိုး တော် တုန် လှုပ် သွား သည်။ ချက် ချင်း ဆဲလ် ဖုံး ကို ကိုင် ကာ မေ ခ လမ်းရှိ အိမ် တော် သို့ ဆက် လိုက် သည်။

"ဟော့ သမီးဝင်း"

"ဟာ ဘိုး တော် ပါ လား"

"ဘာ အရေး ပေါ် လို့ ပါ လဲ"

"အဖိုး ကြီး ရဲ့ပြာ ကို ရေ မျှော တုံး က အား လုံး မျှော သလား"

"ဘိုး တော် အ မိန့်အရ အား လုံး မျှောလိုက်တာပေါ့"

"တပွင့်တမှုန်မှ မ ကျန် ဘူး လား"

"မကျန်ပါဘူး၊ အကြောင်းထူးရှိလို့လား"

"သိ ချင် ရင် သမီး ဝင်း အမြန် လာ ခဲ့"

"ချက် ချင်း ကား နဲ့ ထွက် ခဲ့ ပါ မယ်၊ တ နာ ရီ အ တွင်း ရောက် လာ ပါ မယ်"

တယ်လီဖုန်း ချသွားပြီးနောက် ဘိုးတော်သည် သူတဦးတည်း ဆက်ရန် နံပါတ်ပေးထားသော ဗိုလ်ချုပ် ကြီး ခင် ညွန့် ၏ အ ထူး တယ် လီ ဖုန်း နံ ပါတ် ကို ဆက်လိုက်ပြန်သည်။

"အမိန့် ရှိ ပါ ဘိုး ဘိုး ... ကျွန် တော် ပါ"

"အဖိုးကြီးရဲ့ ပြာကျန်ရစ်သလား။ စုံထောက်စမ်းကွာ"

"ဘာ လုပ် ဖို့ လဲ ဘိုးဘိုး ရဲ့"

"ဒီ လို ကွ ဒီ လို၊ ငါ အမြင်ပေါက်တယ်။ အဖိုးကြီးရဲ့ ပြာကို စားလျှင် မင်း ဖြစ် နိုင် သည် အထိ အကျိုး ကျေး ဇူး များ မယ် လို့ မြင် ရ တယ် ကွ"

"ဟုတ် ပြီ၊ ဟုတ် ပြီ ကျွန်တော် ကိုယ် တိုင် စုံ ထောက် ပါ မယ်။ ဘိုးတော်ကသာ ဒီဟောကိန်းကို ဘယ်သူ့ကိုမှ မဟောပါနဲ့ အထူးလျှို့ဝှက်ပေါ့။ ကဲ ကျွန်တော် အခု သွားပြီး သတင်းလိုက်မယ်"

"တော့ပ် စီး က ရက် ဟော့" ဟု ဘိုး တော် က ပြောသည်နှင့်





ဗိုလ်ခင်ညွန့်သည် အိမ်တော်မှ ဆင်းပြီး ကား ကို ဒုံးစိုင်းမောင်းသွား သည်။ သူတို့က အထူးလျှို့ဝှက် တယ် လီ ဖုန်း နှင့် ပြောကြစေကာ မူ ဘိုး တော် ၏ တယ် လီ ဖုန်း ကို သူ တို့ ထက် ပို ၍ ထူး သော 'ထ ဆင့် ထူး' စုံထောက် ဌာ န က ချောင်း ၍ နား ထောင် ကာ အ သံ ဖမ်း ထား သည်။ တယ် လီ ဖုန်း ကို ချ လိုက် သည် နှင့် တ ပြိုင် နက် 'မင်း ဖြစ် နိုင် သော ပြာ' ၏ 'တန် ခိုး'ကို ဗီးလ် မာ ရှယ် ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ပါ သိရှိသွားသည်။ ဤတွင် နအဖ ထိပ်သီးရပ်ကွက်၌ ယောက်ယက် ခတ် လှုပ်ရှားသွားတော့သည်။

လော ကေ–လာကော– လော က တွင် မဖြစ် နိုင် သော အရာ ဟူ၍ မ ရှိ သည် မှာ မှန်၏။ ကြံ ကြံဖန်ဖန် ပြာတဆုပ် ကျန် ရစ်ခဲ့သည်။ သွား လေ သူ အဝီ စိ စံ ကြီး ၏ ပြာ တ ဆုပ် သည် ရန် ကုန် မြို့ ၌ ကျန် ရစ် သည် သာ မက အမေ ရိ ကန် ပြည် ဝါရှင်တန် မြို့ တော် သို့ ပင် အမှုန့် အနည်း ငယ် ရောက် ရှိ လာ သည်။

ပြာ ကို ရ ရှိ သူ တို့ သည် ဘိုး တော် ၏ ဟောကိန်းကို ယုံ ကြည် စွာ စားကြသည်။ လျက် ကြ သည်။ အချို့က ခါ ချဉ် လျက် ဆား လျက်သကဲ့သို့ လျှက်ကြသည်။ အချို့က အရသာ မခံ နိုင်သဖြင့် ငှက် ပျော သီး တွင် မြှုပ် ၍ စား ကြ သည်။

ဦး နေ ဝင်း ၏ ပြာ က လည်း ထူး ခြား သော တန် ခိုး ကို ပြ ပေ သည်။

ကျန်ရစ်လေသော ဦးနေဝင်း၏ပြာကို ထိပ်သီး မြန်မာနိုင်ငံ သားတစုနှင့် မြန် မာ ပျက် အ မေ ရိ ကန် နိုင် ငံ သား တ ဦး နှင့် (မြန်မာ့ ဒီမိုကရေစီရေး ခေါင်း ဆောင် ကြီး) တို့က စား မိ၊ လျှက် မိကြရာမှ ထိုတစုတို့က ဆက်လက် ကပြကြသည့် ဇာတ်လမ်းမှာ စိတ် ဝင် စား ဖွယ် ကောင်းလှပေသည်။

စာဖတ်သူတို့ ကံ ကောင်း သည်။ အကြောင်းမှာ ဘိုးတော်

အောင်ထွဋ်ခေါင်သည် တကြိမ်က သတင်းထောက်တဦးဖြစ်ခဲ့သည်။ အောင်ဗလ၏ တပည့် သတင်းထောက်တဦး ဖြစ်ခဲ့သည်။ မဆလ ခေတ်မှ စတင်၍ လွန်စွာ စားသာသဖြင့် ဒေါက်ခြာ ဆောင်းနေသူ ဖြစ်သည်။

အောင်ထွဋ်ခေါင်က တန် ခိုး ကြီး လှ သည်။ နအဖကြီးများ ထံသို့ တိုက်ရိုက် တယ်လီဖုန်းရှိသကဲ့သို့၊ အမေရိကန်ပြည်သို့လည်း တိုက်ရိုက် တယ်လီဖုန်းဆက်နိုင်သည်။ ဖလော်ရီဒါတွင် ရောက်ရှိကာ ဘိုင်ကျနေရှာသော သူ၏ အာစရိ သတင်းထောက် အောင်ဗလထံ သို့လည်း ဆရာသမား လက်ဖက်ဖိုး ကွမ်းဖိုးရစေရန်ဟု ဆိုကာ တယ်လီဖုန်းနှင့် သတင်းတိုထွာများ ပို့နိုင်လေ့ရှိသည်။

ဖဝံ ... ဤသို့ဖြင့် ဦးနေဝင်း ချန် ရစ်ခဲ့ သော ပြာတဆုပ်၏ တန်ခိုးစက် ဇာတ်လမ်းကို စာ ဖတ် သူ တို့ ဖတ် ရှု သိ ရှိ ရ သည့် အခွင့်ထူးကြီးကို ယခု ရရှိကြပေကြောင်း။

အောင်ဗလ

မေ ၃၀ ရက်၊ ၂၀၀၄ ခုနှစ်

* * *

# (၁)

## ကိုလူလည်ကြီးလာပါပြီ

အ မေ ရိ ကန် တွင် မြန် မာ လူ လည် မြောက် များ စွာ ရောက် ရှိ နေ ကြ သည်။ ထို ထို သော မြန် မာ လူ လည် လော က သို့ နောက်ဆုံးပေါ် လူလည်တဦး ရောက်လာပြန်သည်။ ဘသိန်းဝင်း သည် လူလည်ဖြစ်သည်။

တော်တော့ကို လည်သူဖြစ်၏။ 'လည်လွန်းတဲ့ဘီး ချေးသင့်' ဟု မြန်မာ စကားပုံတခုက ခပ်ရိုင်းရိုင်းဆိုသည်။ လည်လွန်းသူ ဘသိန်းဝင်းသည်လည်း ရံဖန်ရံခါတွင် ချေးသင့်သည်။ သို့သော် သာမန် လူလည်တို့ထက်တဆင့် ပို၍ လည်သူ ဘသိန်းဝင်းက ထပ်ဆင့်လည် လွန်းသဖြင့် မိမိ၌ တင်လာသည့် အညစ်အကြေးတို့ကို ခါထုတ်နိုင် သော အရည်အချင်း ရှိ သည်။ သူ့တွင် ပေ ကျံ သော ချေးကို တ ခြားသူထံသို့ တဆင့် ပို့ ၍ ဒက္ခပင် ပေးနိုင်သူ ဖြစ်သည်။ သူ့ကို 'ပန်ကာ့ထိပ်သီး မွှတ်ကြီး' ဟု ခေါ် သင့် ၏။

ဘ သိန်း ဝင်း မည် ရှေ့ မည် မျှ လည် သ နည်း ဟု သက် သေပြရ လျှင် ... သူသည် မဆလခေတ်က ဗိုလ် မှူး ကြီး အဆင့်သို့ ရောက် သည့် ထိပ် တန်း စစ် ဗိုလ် ဖ ခင် မှ မွေး သော သား ဖြစ် သည်။ သူနှင့် သူ၏ ညီ မ လေး ဦး တို့ ၏ အမည်ပါ နောက်ဆုံး တွင် 'ဝင်း'နှင့် ဆုံး ကြ သည် မှာ သူ၏ဖခင် ဗိုလ်မှူးကြီးက အဖေ ကြီးဟု ခေါ် သော ဗိုလ် ချုပ် ကြီး နေဝင်းကို ဂုဏ်ပြုသည့် အထိမ်း အမှတ်ဖြစ်သည်။ ယေ်စဉ်ကလေးဘဝ ဖခင်ကြီးရှိစဉ်က အဖေကြီး အိမ်တော်သို့ မကြာခဏ ရောက်ဖူးသည် အထိ ရင်းနှီးသည်။

ညီမတော် လေးယောက်တို့က စစ် ဗိုလ် များ နှင့် ဖူးစာ ဆုံ ကြ သည့် ဗိုလ်ကတော်များ ဖြစ်ကြသဖြင့် ရန်ကုန်မြို့တွင် စစ်တပ် ဆွေ မျိုးများ အသိုင်းအဝိုင်း၏ အလယ်၌ နေထိုင်သူဖြစ်ပါလျက် အမေ ရိ ကန် ပြည် ဝါ ရှင် တန် မြို့ တော် တွင် အခြေစိုက်၍ နအဖဖက် ဆစ် အစိုး ရ ကို ထိ ခိုက် စွာ တိုက် ခိုက် နေ သော ဒီ မို က ရေ စီ ခေါင်း ဆောင် ကြီး တ ဦး အဖြစ် နေရာယူကာ ရပ်တည်နေနိုင်သည်။ သူကဲ့သို့ပင် မြန်မာ ပြည် တွင် နေ ထိုင် စဉ်က ဒီမိုက ရေ စီ လှုပ် ရှားမှုများ တွင် စိုး စိ မျှ ပါ ဝင် ခြင်း မရှိပါဘဲနှင့် အ မေ ရိ ကန်၊ အင်္ဂလန်တွင် ဒီမိုကရေစီ တိုက်ပွဲဝင် သူရဲကောင်း နေရာ များ ရရှိကာ နေရာကောင်း ကု လား ထိုင် များ တွင် ထိုင် နေ သူ အများ ရှိကြ သည်မှာ မှန် ၏။ သို့သော်လည်း အခြား ခေါင်းဆောင်များထက် ပို၍ ကောင်းသည့် နေရာကောင်းကို သူက ရရှိသည်။ အထူးသဖြင့် ဘသိန်းဝင်းက ငွေရပေါက် ကြီးကြီးမားမားကို 'စီး' ထားနိုင်သည်။ စစ်ပြီးခေတ် ဖဆပလ ကာ လ တွင် မှ လူလား မြောက်လာရာက စတင်၍ ကျောင်းနေစဉ်မှ စကာ အမေရိကန်သို့ ထွက်လာသည့် အချိန်အထိ မည်သည့် ကျောင်းသား လှုပ်ရှားမှုတွင်မှ ပါဝင်ခဲ့သူ မဟုတ်။ နိုင်ငံရေးနှင့် ဝေးကွာလှမ်းစွာ နေထိုင်ခဲ့သူ ဖြစ်သည်။ ကျောင်းသားတို့လှုပ်ရှားမှု ဗကသ၊ တကသတို့နှင့် လည်းကောင်း၊ ဖဆပလ၊ ပမညတ၊ သန့်ရှင်း၊ တည်မြဲတို့မှ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ခေတ်တို့၌ လည်းကောင်း၊ နိုင်ငံရေးသတ္တဝါများနှင့် ကင်း ရှင်းစွာ နေခဲ့သည်။

ယင်းသို့ နိုင်ငံရေး ရပ် ကွက် ၏ ပြင် ပ တွင် နေထိုင်ပါလျက် အမေရိကန်တွင် ဒီမိုကရေစီ ခေါင်းဆောင်ကြီးတဦးဖြစ်လာသည်မှာ သူက သုတေသန ပြုနိုင်သဖြင့် ဖြစ်သည်။ အမေရိကန်သို့ မလာမီ စေ့ စေ့ စုံ စုံ လေ့ လာ ခဲ့ သည်။ မှတ်ဉာဏ်ကလည်း ကောင်းသည်။ ဦးသန့် ဈာပနအရေးအခင်းနှင့် သခင်ကိုယ်တော်မှိုင်းအတွက် နှစ်





ပတ်လည် လှုပ်ရှားမှုများမှ ရှစ်လေးလုံးအရေးတော်ပုံအထိ ကျမ်း ကြေအောင် လေ့ လာ ခဲ့သဖြင့် သိရှိထားသည်။ ကျဆုံးသူ စက်မှု တက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော်နှင့် ငယ် သူငယ်ချင်းဖြစ် ကြောင်း ယုတ္တိယုတ္တာနှင့် ပိုင်နိုင်စွာ ပြောနိုင်သည်။ အမှန်အားဖြင့် စက်မှုတက္ကသိုလ်၌ တင်းပြည့်ကျောင်းသား မဟုတ်။ တနှစ်နှင့် ကျောင်း ထုတ်ခံခဲ့ရသူသာဖြစ်သည်။ နိုင်ငံရေးကိစ္စနှင့် ကျောင်းထုတ် ခံရသည်မဟုတ် စာရိတ္တ ဖောက်ပြန်မှုနှင့် ကျောင်းထုတ်ခံခဲ့ရသည်။

အမေရိကန်သို့လာစဉ်က ထိုင်းနိုင်ငံတွင် (၁၅) ရက်တိုင် နေ ထိုင်၍ လည်ပတ်ခဲ့သဖြင့် ဘုရားသုံးဆူစခန်း၊ မာနာပလော၊ ခွေး အိပ်တောင် စသည့် စခန်းများအကြောင်းကို ကျေ ညက် စွာ သိနေ သည်။

မြန်မာပြည်မှထွက်စဉ်က "အင့်" ဟု စစ်သားစစ်ဗိုလ်တို့က ခေါ်လေ့ရှိသော စစ်စုံထောက်ဌာနတွင် နေ ရာ ရ နေ သူ ခွေ ယောက် ဖ၏ အကူ နှင့် ဖခင် အမည်ပြောင်း ထားသော နိုင် ငံ ကူး လက် မှတ် ကို ရ ယူ ခဲ့ သည်။ မြန်မာနိုင်ငံ တွင် နှမများ၏လင် စစ် ဗိုလ် ယောက်ဖလေးဦးသည် လွန်စွာ ကြီးမားသော အရင်းအနှီးဖြစ်သည်။ တသက် ပန် လုံး အလုပ် လုပ် စရာ မလိုတော့ပြီ။ ဒူးနှံ့၍ စား နေ ရုံ သာ ဖြစ်ပါလျက် ဘသိန်းဝင်း တယောက် အဘယ်ကြောင့် အမေ ရိ ကန် သို့ လာ ရောက် သ နည်း ဟု မေး ခွန်း ထုတ် လို ကြ ပေ မည်။ စစ်အစိုးရအောက်တွင် စစ်ဗိုလ် အသိုင်းအဝိုင်းမှ လူလည် တဦးဖြစ်နေသည့်အတိုင်း မြန်မာနိုင်ငံတွင် ပွပေါက် အမျိုးမျိုးကို မြိန် ယှက် စွာ စားမြိုခဲ့ရသည်။

၁၉၈၈ ခု နဝတ တက်လာစဉ်က ထိုင်းနိုင်ငံ၏ ထောက်ခံမှုရ ရှိ ရန် ဗိုလ်ချုပ် ကြီး များ က သစ် တော များ၊ သတ္တုတွင်းများ၊ ငါး ဖမ်း ခွင့်များ စသည်တို့ကို ထိုင်း မှ ကာ ကွယ် ရေး ဝန် ကြီး ထံသို့ လာဘ် ထိုး ခဲ့ ကြ သည်။ ထိုစဉ်က ထိုင်း နိုင် ငံ ကို စစ်တပ် အာ

ဏာ သိမ်း အစိုး ရ က အုပ် ချုပ် သည်။ ကာ ကွယ် ရေး ဝန် ကြီး ဗိုလ် ချုပ် ကြီး နှင့် ထိုင်း တွင် အာ ဏာ ရနေ သည့် ထိုင်း စစ် ဗိုလ် ချုပ် ဝန် ကြီး များ သည် ဒေါ်လာ ကုဋေပေါင်းများစွာ ကြွယ်ဝ လာကြသည်။ ထိုင်းတွင် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲသောအခါ သူတို့သည် ပင် စစ် ဝတ် စုံ ချွတ် ၍ နိုင် ငံ ရေး သမား များ အဖြစ် ရွေးကောက်ပွဲဝင်ကြသည်။ မြန်မာ နဝတတို့ထံ မှ ရ ရှိ သော လာဘ် ငွေ များ ကို ရေ နှယ် ဖြန်း ၍ မဲ ဝယ် ကြ နိုင် သဖြင့် အာဏာ ဆက် လက် ရ ရှိ လာ ကြ သည်။ ထိုင်းတွင် ယနေ့ အာဏာရနေ ကြသော စစ်ဝတ်စုံ ချွတ်ထားသည့် ဝန်ကြီး ဝန်ကလေးများနှင့် နဝတ – နအဖ တို့ သည် ပုလင်းတူ ဘူးဆို့– အညမည ဖြစ် ကြ သည်။

သစ်တောမှန်သမျှ ကတုံးပြောင်စေသည် အထိ၊ မတရား လာဘ်ပေးစဉ်က မြန်မာ စစ်ဗိုလ်ချုပ်ကြီးများကလည်း ဝင်ရောက် ခေါင်း ပုံ ဖြတ် ခဲ့ ကြ သည်။ လုပ်ငန်းများ၊ လုပ်ပိုင်ခွင့် လိုင်စင်များ ကို ထိုင်းကုမ္ပဏီများသို့ တိုက် ရိုက် မပေး ဘဲ မြန်မာ စစ်ဗိုလ်တို့၏ ယောက် ဖ များ နှင့် ယောက္ခမများ၏ မြန်မာအမည်များနှင့် ထုတ် ပေးခဲ့သည်။ ချက်ခြင်းပင် စစ်ဗိုလ်ယောက်ဖ တရာကျော်ခန့်သည် ဘန်ကောက်သို့ ရောက် လာ ပြီး ခေါင်း ပုံ ဖြတ် ကုမ္ပဏီများ တည် ထောင်ကြသည်။ မဆလ–နဝတ စစ်ဗိုလ်များ၏ အနွယ်များ၊ ရဲဘော် သုံးကျိပ်အနွယ်များမှ ဘီ အိုင် အော အနွယ်များပါ ဒေါ် လာ သူ ဌေးများ ဖြစ်လာကြသည်။ နေ့ချင်း သန်းကြွယ်သူဌေးများလည်း ဖွားမြင်လာကြသည်။

ဘသိန်းဝင်းသည် ထိုခေတ်ကောင်းကို မီလိုက်သဖြင့် စင်္ကာပူ ဘဏ်တခုတွင် ဒေါ်လာ အများ ငွေစာရင်း ဖွင့်ထားနိုင်သည်အထိ ချမ်းသာလာသည်။ "နင့်နှယ်ဟယ် ဒီလောက် ချမ်းသာနေပြီ ဥစ္စာ၊ ရန်ကုန်မှာပဲ ဇိမ် နဲ့ နေပါဟယ်။ ဥမကွဲ သိုက်မပျက်ပေါ့" ဟု နှမငယ်က ပြောသည်။ ဘသိန်းဝင်း၏ နှမလေးဦးစလုံးတို့သည်





နဝတပွဲတော်ကြီးကို မီလိုက်သော စစ်ဗိုလ်ကတော်များ ဖြစ်ကြသဖြင့် သူကြွယ်အဆင့်သို့ ရောက်နေကြပြီ။ ဗိုလ်ခင် ညွန့် ၏ ရွှေတိဂုံ ထီး တင်ပွဲကိုလည်း မီ လိုက် သ ဖြင့် ကုသိုလ်များ တထုပ်တပိုး ရထား ကြပြီ ဖြစ်သောကြောင့် "အမေ ရိ ကန် မှာ ဘုရားမရှိ၊ တရား မရှိ ပါဟယ်"ဟု လည်း ကောက် ချက် ချ သည်။

"ထွတ် တယ် ရီ"ဟု ကုလား ကွမ်း သွေး ထွေး၍ ဆဲ သော နည်းနှင့် ဆဲပြီး "နင်တို့ အာ ရှ မှာ ငါ က ဘာ လို့ နေ ရ မှာ လဲ။ ဆင်း ရဲ သား တွေ ထဲ မှာ မနေ နိုင် ဘူး။ ချမ်းသာ တဲ့ တိုင်း ပြည် ကို သွား မှ ပို ချမ်း သာ နိုင် တယ်" ဟု ခင်မင်သူ နှမထွေးကို နှုတ် ဆက် ကာ အမေ ရိ ကန် သို့ ထွက်လာခဲ့သည်။

မိမိတွင် မည် ရွေ့ မည် မျှ ကြီးပွားစေကာမူ အာ ရှ နှင့် လူ မွဲ နိုင် ငံ များ တွင် နေ ထိုင် ပါ က လူ ဖြစ် ကျိုး နပ် မည် မဟုတ်။ ဇိမ် ခံ နည်း မြင့်မားပြီး ဇိမ်ခံ ပစ္စည်း ပေါများ သော အမေရိကန်တွင် နေထိုင်ရမှသာ လူ ဖြစ်ကျိုးနပ်မည် ဟု ဆုံးဖြတ်ကာ ထွက်လာခဲ့ သည်။ သူ့ တွင် ဆေး အတတ်၊ စက် အတတ်၊ တက္ကသိုလ်ပညာ အတတ် မရှိသဖြင့် ဒီမိုကရေစီ လှုပ်ရှားမှုအတတ်ဖြင့် အသက်မွေး မည်ဟု ထွက်လာခဲ့သဖြင့် သမိုင်းကို ကျေညက်စွာ လေ့လာခဲ့သည်။

ဦးသန့် အရေးအခင်းတွင် တကသဝင်း အတွင်း၌ အာဇာ နည်ဗိမာန် ဆောက်ရန် ပုံစံ ရေး ခဲ့ သည့် ဗိသုကာ ကျောင်းသား တ ဦး ဖြစ် သဖြင့် ထောင်ကျခဲ့ရသည်ဟု သူက ဇာတ် လမ်း တီထွင် သည်။ "အင်း စိန် ထောင် အ ဆောင် ၄ မှာ ဦး သန့် အရေးအခင်း ကျောင်း သား တွေ ကို ထား တာ ခင် ဗျား ကို မတွေ့ ပါ လား"ဟု ထောင်ပြန်ကျောင်းသားတဦးက မေး သည် ကို 'မိမိအား အရေး ကြီးသူဟု သတ်မှတ်ပြီး ရေကြည်အိုင် စစ်တပ်ထောင်တွင် သုံးနှစ် ခံ ခဲ့ ရ သည်'ဟု သူများထက် 'ထောင်သက်' ကြီးသည်၊ နိုင်ငံ ရေး ဝါရင့်သည်' ဟု လိမ်လည် အမှတ်ယူခဲ့သည်။

နိုင်ငံကူးလက်မှတ်နှင့် တရားဝင်လေယာဉ်ပျံလက်မှတ်ကိုဝယ်ယူ၍ ရန်ကုန်လေဆိပ်မှ ထွက်လာခဲ့သည်ကို ထိုင်းနယ်စပ် ဘုရားသုံးဆူ အထိ ခြေလျင် လျှောက်လာသည်ဟု ဇာတ်ကွက်ဆင်သည်။ ရန်ကုန် –ဘန်ကောက်–တိုကျို မှ ဆန်ဖရန်စစ္စကိုမြို့သို့ ဆင်းရန် လက်မှတ်ကို ရန်ကုန်ကပင် ဝယ်လာခဲ့သည်။ ဆင်းရဲသားတို့အဖို့ နိုင်ငံကူးလက်မှတ်ရရှိရန်ပင် ခက်ခဲလှသည်။ သူ့အဖို့ နိုင်ငံကူးလက်မှတ်သာမက လေယာဉ်ပျံလက်မှတ်ပါ လွယ်ကူစွာ ဝယ်နိုင်ခဲ့သည်။ နှမလေးယောက်စလုံး စစ်ဗိုလ်ကတော်များ ဖြစ်သဖြင့် လေးထပ်ကွမ်း စစ်ဗိုလ်ယောက်ဖလေးဦး၏ တန်ခိုးသြဇာ အရှိန်အဝါသည် ကြီးမားလှပေသည်။

* * *



(၂)

## စပိုင်တွေ၊ သူလျှိုတွေ၊ ဒလန်တွေ

တင်ကြိုစီစဉ်ပြီး အကြောင်းကြားထားသောကြောင့် ဒေါ်နွဲ့နွဲ့က ဆန်ဖရန်စစ္စကို လေဆိပ်သို့ လာရောက်ကြိုသဖြင့် လေဆိပ်၌ စစ်ဆေးမှု မရှိ ချောမောစွာ ထွက်လာနိုင်သည်။ ဒေါ်နွဲ့နွဲ့က သူ၏အိမ်တွင် ခေတ္တတည်းခိုရန် စီစဉ်ထားသဖြင့် သူနေထိုင်ရာ မြို့ကလေးသို့ လိုက်သွားရသည်။ ဒေါ်နွဲ့နွဲ့က ကားကို ကိုယ်တိုင်မောင်းသည်။

ကားပေါ်ရောက်သည်နှင့် ရန်ကုန်မှ ဒေါ်နွဲ့နွဲ့၏ အဒေါ်က လူကြုံပါးလိုက်သည့် ကျောက်ထုပ်ကို တောင်းသည်။ ကျောက်ထုပ်ရပြီးသည်နှင့် "မမ အတွက်တော့ အိမ်ရောက်မှ ပေးပါ" ဟု ဆိုသည်။ "မမ ပြောထားတယ် နော် ... ချက် မလိုချင်ဘူး။ ကက်ရှ်ပဲ ပေးရမယ် "ဟု သတိပေးသည်။ 'မမအတွက်' ဆိုသည်မှာ ဘသိန်းဝင်း ဗီဇာရရှိရေး ဆောင်ရွက်ပေးသည့် ဒေါ်နွဲ့နွဲ့၏ အခကြေးငွေ ဖြစ်သည်။ ဒေါ်နွဲ့နွဲ့က သူတို့မြို့မှ တက္ကသိုလ်တွင် အရာရှိတဦး ဖြစ်နေသဖြင့် ထိုတက္ကသိုလ်သို့ ကျောင်းဝင်ခွင့်နှင့် ဗီဇာရအောင် စီစဉ်နိုင်သည်။

မြန်မာ ကျောင်းသားတဦး အမေရိကန်သို့ လာရောက်ပြီး တက္ကသိုလ်တက်လိုလျှင် ကျောင်းဝင်ခွင့်နှင့် ဗီဇာရရှိရန် ဒေါ်လာ (၆,၀၀၀) နှုန်း သတ်မှတ်ထားသည်။ မြန်မာ စစ်ဗိုလ်ချုပ်ကြီးများသည် သူတို့၏ နောင်ရေးနှင့် သားတော် သမီးတော်များ၏ နောင်ရေးအတွက် ကလေးများကို အမေရိကန် တက္ကသိုလ်များသို့ ပို့လေ့ရှိကြသည်။ သားတော် သမီးတော်များကို ဖခင် အမည် ပြောင်းထားသည့် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးကာ

ဒေါ်လာ ငွေထုပ်ကြီးများ နှင့် ပို့ ကြ သည်။ ကျောင်းနေရင်း အိမ်ဝယ် တိုက်ဝယ် ဝယ်ကြပြီး တနေ့တွင် မိသားစုတခုလုံး အမေရိကန်သို့ ပြောင်း ရွှေ့ကာ ဖိမ်ခံရန်အတွက် ရန်ကုန်မြို့၌ ဒေါ်လာကိုသာ အပတ်တကုတ် စုနေကြသည်။ ဒေါ်နွဲ့နွဲ့က အမေရိကန်သို့ သွင်းပေးသော စစ်ဗိုလ်တို့၏ သား သမီး (ယခု ဘသိန်းဝင်းပါ) ၆၀ ဦး ရှိလေပြီ။ သားတော် သမီးတော် ၃၀ ခန့်က အမေရိကန်ရောက် မြန်မာ့ ဒီမိုကရေစီတပ်သားများအဖြစ်၊ ရောယိမ်းလိုက် ဘသားယိမ်းလိုက်ဟု လိမ်ညာ၍ တက်ကြွစွာ လှုပ်ရှားနေကြပြီ။

"တို့ က မှ ရှစ်လေးလုံး အစစ်ကွ" ဟု အော်ဟစ်သူ စစ်ဗိုလ်တို့၏ သားတော် သမီးတော်များလည်း ရှိသည်။ ဘသိန်းဝင်းက အသင့် ထုတ် လာ သော စာ အိတ် ကို အိတ် ထဲ မှ ထုတ် ၍ ပေးသည်။ ဒေါ်နွဲ့နွဲ့က စာအိတ်ကို ဖွင့်၍မကြည့်။ မြင်ရုံနှင့် တထောင်တန် ဒေါ်လာ ၆ ရွက် ပါရှိသည်ဟု သိလိုက်သည်။ "သိုင့်က်စ်"ဟု ကျေးဇူးတင်ကြောင်းကို ချစ်စဖွယ် ပြုံး၍ ပြော၏။

လူလည် ဘသိန်းဝင်းသည် ဒေါ်နွဲ့နွဲ့ အကြောင်းကို ကောင်းစွာ သိသည်။ တက္ကသိုလ်မှ မျက်နှာကြီး ဆရာမတဦး ဖြစ်ပါလျက် အ မေ ရိ ကန် သံရုံး အရာရှိ တဦး၏ အိမ်တွင် တက် နေ ပြီး အရက်ပုလင်းခွံများကိုပင် ရောင်း စားခဲ့သည်က အစသိသည်။ သံအရာရှိကြီးနှင့်ပင် လက်ထပ်ကာ အမေရိကန် မယားအဖြစ် အမေရိကန်သို့ သွားခဲ့သည်။

အမေရိကန်ရောက်ပြီး ရက်မကြာမီအတွင်း အမေရိကန်လင်ကို ကွာရှင်း၍ ထင်ရှားသော ဒီမိုကရေစီ ခေါင်းဆောင်တဦးနှင့် လက်ထပ်လိုက်သည်။ ဒေါ်နွဲ့နွဲ့သည် 'စိတ်ထားဝတီ" ရှိသူ အမျိုးသမီးဖြစ် သည်။ အမေရိကန်တွင် သမ္မတကတော်ဖြစ်လိုသည်။ အနဲဆုံးဝန်ကြီးကတော်၊ လွှတ်တော်အမတ်ကတော် ဖြစ်ရမည်ဟု ဦးတည်ချက်ရှိသည်။ အမေရိကန်၌ မွေးဖွားသူမဟုတ်ပါလျှင် သမ္မတဖြစ်ခွင့်





မရှိဟူသော ကန့်သတ်ချက်ရှိသဖြင့် သမ္မတ မဖြစ်နိုင်သည်ကိုပင် အားမရ။ မြန်မာပြည်တွင် ဒီမိုကရေစီ ပြန်လည်ရရှိသည်နှင့် သမ္မတကတော် ဖြစ်ရန် ရည် ရွယ် ချက် နှင့် ဒီမိုကရေစီ ခေါင်းဆောင်ကြီးကို အရ လက်ထပ်ယူခဲ့သည်။ တဘက်ကလည်း နအဖအစိုးရနှင့် အပေးအယူ ရှိသည်။ ဝင်ငွေကောင်းသဖြင့် အမေရိကန်တွင်သာမက မြန်မာပြည်၌ပါ အိမ်များဆောက်နိုင်ပြီ။

ဒေါ်နွဲ့နွဲ့သည် နအဖ အတွင်းရေး အမှုကိစ္စများကို ဝါရှင်တန်ရှိ မြန်မာသံရုံးမှတဆင့် ဆက်သွယ်မှု မပြု။ ရန်ကုန် စစ်ဝုံထောက် ဗိုလ်ချုပ်– ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် တိုက်ရိုက်ဆက်သွယ်ထားသည်။ အရေးပါသော နအဖကိုယ်စားလှယ်အဖြစ် ရန်ကုန်ပြန်သွားလျှင် အကြီးအကဲ ရာထူး၊ သို့မဟုတ် ဝင်ငွေကြီးသည့် လုပ်ငန်းကို ရယူနိုင်သည်။

အမေ ရိ ကန် တွင် မြန်မာ သံရုံးနှင့် ဆက်သွယ်ကာ သတင်းပေး သူ အ များ ရှိ သည်။ မြန် မာ သံ ရုံး သည် ဖက်ဆစ်ဝါဒ ဆန့်ကျင် သူ အမေရိကန် နိုင်ငံရေး ခေါင်း ဆောင် များ နှင့် ဒီမိုကရေစီရရှိရေးကို အစစ်အမှန် လှုပ် ရှား နေ သူ တို့ ၏ သ တင်း များ ရ ရှိရေးအတွက် ငွေ ကို ပုံ၍ သုံး စွဲ သည်။ သ တင်း တန် ဖိုး အလျောက်သတင်းတပုဒ်ကို သံ ရုံး က အ နည်း ဆုံး ဒေါ် လာတရာပေးသည်။ လစာပေးကာ ခန့်ထားသူများလည်း ရှိ သည်။

အခမဲ့ စေတနာ့ ဝန်ထမ်း သတင်း ပေးသူများလည်း အများရှိသည်။ ရန်ကုန်သို့ မကြာခဏပြန်ပြီး အဖမ်းအဆီးမရှိ ကျောက်ကုန်ကူးနိုင်ကြရန် အခွင့်အရေးအတွက် သတင်းပေးကြသည်။ သံရုံး သ တင်း ပေး တို့ မှာ လူတန်းစား စုံသည်။ သံရုံးနှင့် လျှို့ဝှက်ဆက်သွယ်သော ဒီမိုကရေစီတိုက်ပွဲ ခေါင်းဆောင်ဆိုသူများမှ ဆရာဝန်ကြီးများအထိ စုံသည်။ ဆရာဝန်ကြီး များ က နှစ် စဉ် လူစု ၍ ရန် ကုန် သို့ အဖွဲ့အစည်း နှင့် သွား ကြသည်။ ကျောက် ဝယ် သူ တို့ က ဝယ်ကြသည်။

'နှစ်ဆောင်ပြိုင် အိမ် ကြီး နှင့် သမီး က ခြောက် ကောင်' ပါ လာ သဖြင့် အမေရိ ကန်တွင် ကြီး ပွား နေ သူ ရန် ကုန် မှ နာ မည် ကြီး ပြည့် တန် ဆာ မ ကြီး က လည်း သံ ရုံး သူ လျှို အဖြစ် သတင်းပေး သတင်းဖြန့် တာဝန်ယူကာ လှုပ်ရှားနေသည်။ အမေရိ ကန်ပြည်အနှံ့မှ မြန်မာ များ ၏ အကြောင်း ကို ဝါ ရှင် တန် မြို့ မြန် မာ သံ ရုံး က အမြဲသိ သည်။

ဘ သိန်း ဝင်း ၏ နှ မ တော် တဦးသည် စစ်ဗိုလ်သံအမတ် တဦး၏ မွေးစားသမီးအဖြစ် ဟန် ဆောင် ၍ အမေရိကန်ဝါရှင်တန် မြို့တော်တွင် တနှစ်ခန့် နေခဲ့ဖူးသဖြင့် သူလျှို လုပ်ငန်းအကြောင်း ကောင်းစွာ သိသည်။ သူ့ကိုလည်း အရေးကြီးသည့် သတင်းရပါက သံ ရုံး နှင့် ဆက် ၍ သ တင်း ပေး ရန် ရန်ကုန် စစ်စုံထောက်ရုံးမှ ရွှေယောက်ဖ စစ်ဗိုလ်က ဆက်သွယ်ပေးလိုက်သေးသည်။ ဒေါ်နွဲ့နွဲ့ ၏ အိမ်တွင် ဘော် ဒါ အဖြစ် နေ ထိုင် သော ကျောင်းသူ ညီအစ်မ နှစ်ဦးနှင့် ကျောင်း သား တ ဦး ကို တွေ့ ရ သည်။ ကျောင်းသူများ ကို ရန်ကုန်ရှိစဉ်က သိ ထား သော မျက်နှာသိများ ဖြစ်ကြသည်။ "ကျွန် မ တို့ က မုံရွာ –မုံရွေး က ပါ "ဟု မိတ်ဆက်သည်ကို မသိ ဟန်ဆောင်ကာ နား ထောင် လိုက် ရ သည်။

"ကျွန်တော် က အလုံ မုံ ရွာ က ပါ "ဟု ပြောသည်။ ဘသိန်း ဝင်း ကိုယ်တိုင်က ရန် ကုန် ကြည့် မြင် တိုင် ဇာ တိ ဖြစ်ပါလျက် နှင့် နိုင် ငံ ကူး လက် မှတ် တွင် မုံ ရွေး မြို့ တွင် ဖွား မြင် သူ ဟု ရေး ထား သည်။ စစ် စုံ ထောက် ရုံး နိုင် ငံ ကူး လက် မှတ် ဌာန တွင် မုံရွာသားတယောက် ရှိ နေ ဟန် တူ သည်။ "ကိုယ် က လဲ မုံ ရွေး သား ပါ"ဟု ပြန်ပြော ရင်း "အလုံ တ ခွင် တွင် ဂုဏ်အင်က မသေး ပါ ဘူ၊ မုံရွေး၊ ကြေးမုံ ချောင်း ဦး နယ် တလွှား ဆီက၊ အလုံ ကျေး အ ကုန် မှာ ပြောင်းဖူး သယ် တွေ က များ လိုက် ပါ ဘိ သနဲ့လို့ ဆရာမှိုင်းက စပ် ခဲ့ တယ်၊ ကိုယ့် ရဲ့ ဖား သား ကြီး က





ပြောင်း ဖူး စေ့ ကုန် သည် ကွ။ မင်း တို့ လဲ ပြောင်း ဖူး သယ် ရဲ့ သားသမီးတွေ ထင်ပါရဲ့" ဟု ပြောသောအခါ အားလုံးက ပွဲကျ သွားပြီး ဝိုင်း၍ ရယ်ကြသည်။ ဖခင်နာမည်အတုများနှင့် လာကြ သော စစ်ဗိုလ်သားသမီးများ ကံတူအကျိုးပေး ဆုံမိကြသဖြင့် ရင်းနှီး သွားကြသည်။

* * *

## (၃)

### ဒီမိုကရေစီမြို့တော် ဝါရှင်တန်ဒီစီသို့

ဘ သိန်း ဝင်း သည် ဒေါ် နွဲ့ နွဲ့ ၏ အိမ် တွင် ကြာ ကြာ မနေ ဘဲ အမေရိကန်နိုင်ငံ၏ မင်း နေ ပြည် မြို့ တော်ဖြစ် သည့် ဝါ ရှင် တန် ဒီ စီ သို့ အလျင်အမြန် ကူး သွား သည်။ တက္ကသိုလ်တွင် ကျောင်း ဝင်ခွင့် မှတ် ပုံ တင် ပြီး စာသင်ကြေးပေး၍ ကျောင်းသားအဖြစ် စာရင်းပေါက်မှ တခြား မြို့သို့ သွားသင့်သည်ဟု ဒေါ်နွဲ့နွဲ့က အကြံ ပေး သည် ကိုဘသိန်း ဝင်း က လက် မခံ။ သူ့ အဖို့ အရေး ကြီး သည်မှာ အ မေ ရိ ကန် မြေ ပေါ် တွင် ခြေချနိုင်ရေးဖြစ်သည်။ အမေရိကန် ဗီဇာ ရ ရှိ ပြီး အမေရိ ကန် နိုင် ငံတွင်း သို့ ဝင် လာ နိုင်ရေးကိစ္စမှာ ဒေါ် နွဲ့နွဲ့၏ ဒေါ် လာ ၆,၀၀၀ တန်အကူနှင့် အောင် မြင် ခဲ့ ပြီ။ နောက် ထပ် ဒေါ်နွဲ့နွဲ့၏ အကူမလိုတော့ပြီ။

ခုတလောတွင် ဒေါ်နွဲ့နွဲ့ ခင်ပွန်း၏ နိုင်ငံရေးသြဇာမှာ ကျဆင်း နေသည်။ သူတို့ အနီးအနားတွင် နေသဖြင့် အကျိုး မရှိ၊ အကျိုး ယုတ်ရန်သာရှိ သည်။ သူ၏ ခြေလှမ်းကို သူ့ဘာသာ ပိုင်နိုင်စွာ လှမ်းမည်။ ဆက် လက် လှမ်း ရ မည့် ခြေ လှမ်း ကို သူက စီ စဉ် ပြီး ဖြစ်သည်။

ဝါရှင်တန်မြို့တော်တွင် အခြေစိုက်ရန် နေရေးထိုင်ရေး အတွက် ရန်ကုန်မှ စစ်စုံထောက်ရုံးတွင် အမှုထမ်းနေသူ ယောက်ဖ စစ်ဗိုလ်က စီ စဉ် ပေး လိုက် သည်။ စစ် သံ ရုံး မှ စစ် သံ မှူး ကိုယ် တိုင် ဝါ ရှင် တန် လေ ဆိပ် သို့ လာရောက်ကြိုသည်။ မြန်မာ စစ် သံ ရုံး သည် အ ရပ် သား မြန် မာ သံ ရုံး ထက် တန် ခိုး ကြီး သည်။ အရပ်သား





သံရုံးဟု ဆို စေ ကာ မူ သံအမတ်မှ မင်းစေအထိ အားလုံး စစ် သားများသာ ဖြစ် စေ ကာ မူ စစ်ဝတ်စုံကို ချွတ်၍ အရပ်သားများ အဖြစ် အမှုထမ်းနေကြသည်။ စစ်သံရုံးကမူ စစ်ဗိုလ်များ စစ်သား များအဖြစ် လာကြသဖြင့် အရပ်ဝတ်စုံ ဝတ်သော စစ်မှုထမ်းတို့ထက် သြဇာမြင့်သည်။

လေ ဆိပ် သို့ လာရောက်ကြိုစဉ်က စစ် သံ မှူး သည် ဂျင်း ဘောင်းဘီ၊ သား ရေ ဂျာကင်၊ ဘော့စ် ဘော ကက် ဦး ထုပ် နှင့် ရုပ် ဖျက် ထား သည်။ ဘသိန်းဝင်းအတွက် ငှား ထား သော အိမ် ခန်း သို့ လိုက်မပို့သေး ဘဲ ဟို တယ် တခု တွင် နေ့ လယ် စာ ကျွေးရင်း နအဖအစိုးရအား တိုက် နေ ကြ သည့် အမေရိကန်တွင်း၌ မြန်မာ့ ဒီမိုကရေစီ လှုပ်ရှားသူများ အကြောင်း သ တင်း ပေါင်း စုံ ကို ရှင်း ပြော သည်။ ဘသိန်း ဝင်း သိ ပြီး သည့် က များ သည်။

အိမ်ခန်းသို့ လိုက်ပို့သော်အခါ ဘသိန်းဝင်းက တင်ကြို မှာ ကြား ထား သည့် အတိုင်း မြို့ လယ် ရပ် ကွက် တွင် ဖြစ် သ ဖြင့် ကျေနပ်မိသည်။

“ကိုယ် က မင်း ကို ခဏ ခဏ မတွေ့ဘူး၊ အ ရေး ပေါ် မှ ဆက် မယ်။ တို့ လို ချင် တာ က မင်း ကို အသံ လွှင့် ဌာန ကြီး တွေ မှာ အလုပ် ရစေ ချင် တယ်။ အမေရိကန် အသံ လွှင့် ဌာန တွေ မှာ တို့ လူ တွေ အကြီး အကဲ ဖြစ် ရ မယ် လို့ မဆလခေတ် ကတည်းက အား ထုတ် ခဲ့ တယ်။

ဥပမာ မဆလခေတ်က ပြည်ထဲရေး ဌာနက အရာရှိတဦးကို ပြန် ကြား ရေး ဝန် ကြီး ဌာ န ပြောင်း ပြီး အ မေ ရိ ကန် သံ ရုံး အ သံလွှင့်ဝန်ထမ်း အလုပ်လျှောက်လို့ ရခဲ့တဲ့ နေ့က အခု အရာရှိ ကြီး တဦး ဖြစ် နေ ပြီ။ တော်တော်ကို တော် တဲ့ ကောင် ကွ။ စနေ တနင်္ဂနွေတိုင်း ရက်အားမှန်သမျှ မြန်မာသံရုံးကို လာပြီး ရုံးတက် ပြီး ကူ တယ်၊ သံအမတ်ကြီး ဦးတင်ဝင်း မိန့်ခွန်းတွေ ရေးတာစပြီး

# (၃)

## ဒီမိုကရေစီမြို့တော် ဝါရှင်တန်ဒီစီသို့

ဘ သိန်း ဝင်း သည် ဒေါ် နွဲ့ နွဲ့ ၏ အိမ် တွင် ကြာ ကြာ မနေ ဘဲ အမေရိကန်နိုင်ငံ၏ မင်း နေ ပြည် မြို့ တော်ဖြစ် သည့် ဝါ ရှင် တန် ဒီ စီ သို့ အလျင်အမြန် ကူး သွား သည်။ တက္ကသိုလ်တွင် ကျောင်း ဝင်ခွင့် မှတ် ပုံ တင် ပြီး စာသင်ကြေးပေး၍ ကျောင်းသားအဖြစ် စာရင်းပေါက်မှ တခြား မြို့သို့ သွားသင့်သည်ဟု ဒေါ်နွဲ့နွဲ့က အကြံ ပေး သည် ကိုဘသိန်း ဝင်း က လက် မခံ။ သူ့ အဖို့ အရေး ကြီး သည်မှာ အ မေ ရိ ကန် မြေ ပေါ် တွင် ခြေချနိုင်ရေးဖြစ်သည်။ အမေရိကန် ဗီဇာ ရ ရှိ ပြီး အမေရိ ကန် နိုင် ငံတွင်း သို့ ဝင် လာ နိုင်ရေးကိစ္စမှာ ဒေါ် နွဲ့နွဲ့၏ ဒေါ် လာ ၆,၀၀၀ တန်အကူနှင့် အောင် မြင် ခဲ့ ပြီ။ နောက် ထပ် ဒေါ်နွဲ့နွဲ့၏ အကူမလိုတော့ပြီ။

ခုတလောတွင် ဒေါ်နွဲ့နွဲ့ ခင်ပွန်း၏ နိုင်ငံရေးသြဇာမှာ ကျဆင်း နေသည်။ သူတို့ အနီးအနားတွင် နေသဖြင့် အကျိုး မရှိ၊ အကျိုး ယုတ်ရန်သာရှိ သည်။ သူ၏ ခြေလှမ်းကို သူ့ဘာသာ ပိုင်နိုင်စွာ လှမ်းမည်။ ဆက် လက် လှမ်း ရ မည့် ခြေ လှမ်း ကို သူက စီ စဉ် ပြီး ဖြစ်သည်။

ဝါရှင်တန်မြို့တော်တွင် အခြေစိုက်ရန် နေရေးထိုင်ရေး အတွက် ရန်ကုန်မှ စစ်စုံထောက်ရုံးတွင် အမှုထမ်းနေသူ ယောက်ဖ စစ်ဗိုလ်က စီ စဉ် ပေး လိုက် သည်။ စစ် သံ ရုံး မှ စစ် သံ မှူး ကိုယ် တိုင် ဝါ ရှင် တန် လေ ဆိပ် သို့ လာရောက်ကြိုသည်။ မြန်မာ စစ် သံ ရုံး သည် အ ရပ် သား မြန် မာ သံ ရုံး ထက် တန် ခိုး ကြီး သည်။ အရပ်သား





သံရုံးဟု ဆို စေ ကာ မူ သံအမတ်မှ မင်းစေအထိ အားလုံး စစ် သားများသာ ဖြစ် စေ ကာ မူ စစ်ဝတ်စုံကို ချွတ်၍ အရပ်သားများ အဖြစ် အမှုထမ်းနေကြသည်။ စစ်သံရုံးကမူ စစ်ဗိုလ်များ စစ်သား များအဖြစ် လာကြသဖြင့် အရပ်ဝတ်စုံ ဝတ်သော စစ်မှုထမ်းတို့ထက် သြဇာမြင့်သည်။

လေ ဆိပ် သို့ လာရောက်ကြိုစဉ်က စစ် သံ မှူး သည် ဂျင်း ဘောင်းဘီ၊ သား ရေ ဂျာကင်၊ ဘော့စ် ဘော ကက် ဦး ထုပ် နှင့် ရုပ် ဖျက် ထား သည်။ ဘသိန်းဝင်းအတွက် ငှား ထား သော အိမ် ခန်း သို့ လိုက်မပို့သေး ဘဲ ဟို တယ် တခု တွင် နေ့ လယ် စာ ကျွေးရင်း နအဖအစိုးရအား တိုက် နေ ကြ သည့် အမေရိကန်တွင်းရှိ မြန်မာ့ ဒီမိုကရေစီ လှုပ်ရှားသူများ အကြောင်း သ တင်း ပေါင်း စုံ ကို ရှင်း ပြော သည်။ ဘသိန်း ဝင်း သိ ပြီး သည် က များ သည်။

အိမ်ခန်းသို့ လိုက်ပို့သော်အခါ ဘသိန်းဝင်းက တင်ကြို မှာ ကြား ထား သည့် အတိုင်း မြို့ လယ် ရပ် ကွက် တွင် ဖြစ် သ ဖြင့် ကျေနပ်မိသည်။

"ကိုယ် က မင်း ကို ခဏ ခဏ မတွေ့ဘူး၊ အ ရေး ပေါ် မှ ဆက် မယ်။ တို့ လို ချင် တာ က မင်း ကို အသံ လွှင့် ဌာန ကြီး တွေ မှာ အလုပ် ရစေ ချင် တယ်။ အမေရိကန် အသံ လွှင့် ဌာန တွေ မှာ တို့ လူ တွေ အကြီး အကဲ ဖြစ် ရ မယ် လို့ မဆလခေတ် ကတည်းက အား ထုတ် ခဲ့ တယ်။

ဥပမာ မဆလခေတ်က ပြည်ထဲရေး ဌာနက အရာရှိတဦးကို ပြန် ကြား ရေး ဝန် ကြီး ဌာ န ပြောင်း ပြီး အ မေ ရိ ကန် သံ ရုံး အ သံလွှင့်ဝန်ထမ်း အလုပ်လျှောက်လို့ ရခဲ့တဲ့ နေ့က အခု အရာရှိ ကြီး တဦး ဖြစ် နေ ပြီ။ တော်တော်ကို တော် တဲ့ ကောင် ကွ။ စနေ တနင်္ဂနွေတိုင်း ရက်အားမှန်သမျှ မြန်မာသံရုံးကို လာပြီး ရုံးတက် ပြီး ကူ တယ်၊ သံအမတ်ကြီး ဦးတင်ဝင်း မိန့်ခွန်းတွေ ရေးတာစပြီး

နိုင် ငံ သစ် တွင် ကတုံး ပေါ်၌ ထိပ် ကွက်၍ ကြီး ပွား ရန် သာ ဖြစ် သည်။ သူ့ တွင် အထက် တန်း အသက် မွေး မှု ပညာ မရှိသဖြင့် အလွယ်ဆုံး နှင့် အမြန်ဆုံး ငွေ ရ နိုင် သော မြန် မာ့ ဒီမိုကရေစီ လှုပ်ရှားမှု နယ် ပယ် သို့ ဝင် မည် သာ ဖြစ် သည်။ အထက်လူကို ကပ် ၍ အောက်လူကို နှိမ် ခြင်း ဖြင့် ရာ ထူး တိုး မြင့် လာ လေ့ ရှိ ကြ သည့် အထက်တန်း စစ် ဗိုလ် မိ သား စု မှ ပေါက် ဖွား လာ သူ ဘသိန်းဝင်းတွင် လူသားတို့၏ သိက္ခာကို ထိန်း သိမ်း ရန်မလိုပေ။ ဒီမိုကရေစီလှုပ်ရှားမှုတွင် ငွေဝင် လမ်း ဖြောင့်ကာ ဒေါ်လာသိန်း သန်းချီကာ ကြွယ် ဝ နေ သူ တို့ က ဒီ မို ကရေစီ ရ ပါက မြန် မာ နိုင် ငံ သို့ ပြန် ရမည် ဖြစ် သည်ကို ကြောက် ရွံ့ နေ ကြ သည်။

အချို့သည် မိမိတို့ ဘာ လုပ် နေ မိသည် ကို မိမိ တို့ ဘာ သာ မသိဘဲ မြန် မာ နိုင် ငံ ဒီ မို ကရေစီ စနစ် နှောင့်နှေးရေး လုပ် ရပ် များ ကို လုပ်နေ ကြ သည်။ အချို့ကမူ သိပါလျက် မိမိ ကြွယ် ဝရေး အတွက် တကိုယ် ကောင်း စိတ် နှင့် ဒီမိုကရေစီအတွက် ဟု ဟောပြော အော်ဟစ်ပြီး ဒီမို ကရေစီ ဆန့် ကျင် ရေးမှ နှောင့် နှေး ရေး အထိ လုပ် နေ ကြသည်။

ဘသိန်း ဝင်းက ပြတ်သားသည်။ ငွေ စို့စို့မမ စု မိ လျှင် ပင် မြန်မာ ပြည် သို့ ပြန် မည်မဟုတ်ဟု ဆုံး ဖြတ် ထား သည်။ ငွေ ရှိ သူ တို့ အဖို့အမေရိ ကန် ထက် သုံး ဖြုန်း ၍ ကောင်း သော နိုင် ငံ မရှိ ဟု သူ က ယူ ဆသည်။ သူ ၏ ရပ် တည် ချက် အရ သူ သည် မည် သည့် မု သား ကို ပြော ရစေ ကာ မူ အခြေ အနေ အရ ပြော ခြင်း ဖြစ် သည် ဟု ယူ ဆကာ စိတ် ရှင်း ပြီး လိပ် ပြာ လုံ သည်။ သူလို လူမျိုး ပေါ များသည်။ လိမ်ရ မည် ကို မကြောက်ပေ။

ဘသိန်း ဝင်းသည် စစ် သံ မှူး ပြန် သွား သည့် နောက် မိမိ ပါလာသော ပစ္စည်းပစ္စယ အနည်းငယ်ကို အခန်းငယ်တွင် နေရာချ ထားပြီးသည် နှင့် တပြိုင်နက် ဝါရှင်တန် မြို့တော် စူးစမ်းလေ့လာ





ရေးခရီးစဉ်ကို စတင်သည်။ စစ်သံမှူးက ပေးသွားသော မြေပုံများ နှင့် လမ်းညွှန် စာအုပ်တို့က အသုံးဝင်သည်။

ဆယ်ရက်ခန့်ကြာ သောအခါ ဘသိန်း ဝင်း သည် ဝါ ရှင် တန်မြို့ကို ကိုယ့်အိမ်ကိုယ့်ရာ အဖြစ် မျက် စိ မှိတ် ၍ ခရီးသွား နိုင် သည် အထိ လူ လည် ဖြစ် လာသည်။ "ကမ္ဘာတဝှမ်း အကုန် တို့ အိမ် မှတ် ပါ တို့ ယာ မှတ် ပါ " ဟူသော ဒို့ဗမာသီချင်းသည် ဘသိန်းဝင်းအတွက် အထူးရေးစပ်ခဲ့သည်ဟု သူ က ဆိုချင် သည်။

ဝါ ရှင် တန် မြို့ တော် ၏ နယ် မြေ ကျွမ်း ပြီး နောက် ဆက် လက် ၍ မြန် မာ့ ဒီမို ကရေစီ လှုပ် ရှား သူ များ ၏ နယ် မြေ တွင်း သို့ ဝင် ရောက် ခဲ့ သည်။ တနင်္ဂနွေနေ့ တနေ့ တွင် မြန်မာ သံရုံးရှေ့ ဆန္ဒပြပွဲကို ဝင် ရောက် ဆင် နွှဲသည်။ ဝါရှင်တန်ရောက်မှ ဝယ် ယူ ဝတ် ဆင် သော အကောင်း စား အမေ ရိ ကန် အဝတ် များကို မဝတ်ဘဲ ပန်း ရောင် ကရင် လုံ ချီ ခပ် နွမ်း နွမ်း နှင့် ပင် နီ ဖျင်ကြမ်းတိုက်ပုံအင်္ကျီ အဟောင်း ကို ဝတ် ကာ သွားရောက်ပြီး "ဒီ မို ကရေစီ ရေး–ဒို့အရေး ဒို့ အရေး" ဟု လက်သီးလက်မောင်း တန်း ကာ အော် ဟစ်ခဲ့ သည်။

ဘသိန်းဝင်း တွက် ထား သည့် အတိုင်းပင် ဆန္ဒ ပြ ပွဲ ကို ဓာတ် ပုံ ရိုက် သူ သုံးလေး ဦး ရှိ သည်။ မျက် နှာ တန်း မိ စ ပြု သော ဓာတ် ပုံ ဆရာ ကို "ကျွန်တော် ပါ တဲ့ ဓာတ် ပုံ ကလေး ရ ပါ ရ စေ ခင် ဗျာ" ဟု ပြောသောအခါ "ကိုယ့်လူ ဟိုဖက်ထောင့်မှာ သွားပြီး အော်ပြပါဦး၊ မျက်နှာပေါ်အောင်ရိုက်ပေးမယ်။ နက်ဖြန် လာယူပါ" ဟု ဓာတ်ပုံဆရာက ညွှန် ကြား ပြီး လိပ်စာကပ် ကလေး ပေး သည်။ ကျေး ဇူး ပါ ပဲ လာ ခဲ့ ပါ မည် ဟု ကတိပေးကာ ဓာတ် ပုံဆရာညွှန်သည့် ဆန္ဒပြသူများဖက်သို့ ကူးပြောင်း၍ ကိုယ်ဟန် ပြခဲ့သည်။

ထိုစဉ် တွင် "ရဲ ဘော် ကို မ မြင် ဖူး ပါ လား၊ နာ မည် က

ဘယ်လိုခေါ်သလဲ” ဟု ကျောင်း သား တဦး က မေး သည်။ ဘသိန်း ဝင်း ရန် ကုန် မှ ထွက် လာ စဉ် က ပင် မိမိ၏ ဒီမိုကရေစီ တော်လှန် ရေး အတွက် နာ မည် သစ် ရွေး ချယ် လာ ခဲ့ သည်။

“ကျွန် တော့် နာ မည် က ရဲ ဘော် ဇာ နည် ဘမိုးပါ။ အတို ကောက် ဘ မိုး ပေါ့ဗျာ မောင်ဇာနည်လို့လဲ ခေါ် နိုင်ပါတယ်”

“တွေ့ ရ တာ ဝမ်း သာ ပါ တယ် ဗျာ။ ကျွန်တော့် နာမည်က ထွန်းရွှေမောင်ပါ စစ်တွေကပါ။ တိုက်ပွဲတွေကတော့ ဆက်ရဦးမှာ ပါ။ ဆက်ပြီးတွေ့ကြတာပေါ့။ ဒါထက် ဘယ်တုံးက အမေရိကန်ကို ရောက် တာ လဲ”

“ဘန် ကောက် က လာ တာ ပါ၊ မကြာ သေး ပါ ဘူး” ဟု ဖြေသည်ကို ထွန်းရွှေမောင်က ဆက်မမေးတော့ပေ။ ဆက်၍ မေးရန် လည်း မလို ပေ။ ဝါ ရှင် တန် တွင် သာမက အမေရိကန် အနှံ့အပြားတွင် ဘန် ကောက် မှ ရောက် လာ သူ မြန်မာ လူငယ် အများ ရှိသည်။ အချို့က တောတွင်းမှ လာကြ သည်။ အချို့က နိုင် ငံ ကူး လက်မှတ်အတု ဝယ် ၍ လာ ကြ သည်။ အများစုက တတိယနိုင်ငံ သို့ ပို့ ရန် လျှောင် ထားသော စခန်း များ က လာ ကြ သည်။ ဘသိန်းဝင်းခေါ် ဇာနည်ခေါ် ဘမိုး တယောက် မည်သည့်နည်းနှင့် ရောက် လာ သည် ဖြစ်စေ နအဖ အစိုး ရ ၏ ရန် သူ သာ ဖြစ် မည် ဟု လက် ခံ ကာ ရင်း နှီး စွာ ပေါင်း သည်။

ထွန်း ရွှေ မောင် မှ တဆင့် မိတ် ဆက် ပေး သဖြင့် ကျော်သာ ဖုံ နှင့် ခင်မောင်အမည်ရှိ ကျောင်း သား နှစ် ဦး နှင့် စကားပြောရ သည်။ ဦးသန့်အရေးအခင်းတွင် တက္ကသိုလ်ပုရဝုဏ်တခုလုံးကို ကျောင်းသားတို့က သိမ်း ပိုက် ထား နိုင်ခဲ့သည့် ဖြစ်ရပ်ကို ဘသိန်း ဝင်းက ပုံ ကြီး ချဲ့ ၍ ပြော ပြသည်။ ကျောင်းသားသုံးဦးတွင် တဦး မှာ ထို ရက် များ က ကျောင်း ဝင်း တွင် ရှိ နေ ပြီး ကျောင်း ဝင်း ၌ ပင် ဖမ်း ဆီး ခြင်း ခံ ရ ပါ လျက် ဘသိန်း ဝင်း စိတ်ကူးနှင့်ရေးလာ





ခဲ့ သည့် ဖြစ် ရပ်ကဲ့ သို့ မှတ် မိ ခြင်း မရှိ၊ အစီ အစဉ် နှင့်လည်း မပြောတတ်သဖြင့် စိတ် ဝင် စား စွာ နားထောင်ရရှာသည်။ အတန်ကြာ စကား ပြောမိသောအခါ “ ရဲဘော်က ဆရာဇာဂနာ နဲ့ တူ တယ်” ဟု ပြက်လုံးသုံးသည် အထိ ရင်းနှီး သွားကြသည်။ သုံး ဦး သား စကား ပြော နေ ခိုက် တစုံတယောက်က ဘသိန်းဝင်း၏ ကျောကို ရင်း နှီး စွာ ပုတ်လိုက်သဖြင့် ဦးခေါင်းကို လှည့်၍ ကြည့် လိုက်သောအခါ မျက်မှန်ထူကြီးနှင့် ပင်နီဝတ် လူကြီး တဦး ကို တွေ့ ရ သည်။ ဆန္ဒပြပွဲတွင် အသံ အကျယ်ဆုံး ဟစ်အော်နိုင်သူ ဖြစ်သ ဖြင့် သူ့ကို သတိပြုမိဟန်တူသည်။

“ကိုယ့် လူ က ယူ အက် စ် ကို ရောက်တာ မကြာသေးဘူး ထင် တယ်။ ကိုယ် နဲ့ တခါမှ မတွေ့ ဘူး သေး ပါ လား၊ အရေးကြီးတာ က စစ်အစိုးရကို ညီညီ ညွတ်ညွတ် တိုက် ကြ ဖို့ ကွ” အစချီကာ ထိုလူကြီးက ဒီမို ကရေစီ နိုင် ငံ ရေး တ ရား ကို ဟောကြားသည်။

ဒီမိုကရေစီ ဓမ္မ က ထိ က ကြီး က ဘသိန်းဝင်းအား ဒီမိုကရေစီ လှုပ် ရှား မှုတရား ကို ဟော ဆို ပြီး နောက် သူ၏အဖွဲ့ကို ဝင်ရန် ဖိတ် ခေါ် ပြီး လိပ် စာကပ် ပြား ပေး ပြန် သည်။

ဆန္ဒပြပွဲပြီးသော အခါ ထွန်း ရွှေ မောင် က နံနက် စာ စား ရန် ဖိတ် သည်။ “ကျွန်တော် က ကျွေး နိုင် တာ မဟုတ် ပါ ဘူး၊ ဒေါက် တာ စိန် ပု က ဖိတ် တာ ပါ။ ဆရာပုက ဒီမို ကရေစီ အရေး ကို ကူ တယ်။ ဆန္ဒပြပွဲကို သူ ကိုယ်တိုင် မတက်နိုင်ပေမယ့် ဆန္ဒပြ ပွဲရှိတိုင်း ကျွန်တော်တို့ ရဲ ဘော် တွေကို သူရဲ့အိမ်မှာ ထမင်းစား ဖိတ်တယ်။ ကျောင်းသားရဲဘော်တို့အတွက် ထမင်းအိုးတလုံးပေါ့” ဟု ပြောပြသည်။ ဒေါက်တာ စိန်ပု၏ အကြောင်းကို အနည်းငယ် ကြားဖူးသူ ဘသိန်းဝင်းက ဝမ်းမြောက် ဝမ်း သာ လိုက် သွား သည်။

* * *

(၄)

## ဒီမိုကရေစီ ရွှေအိုး ငွေအိုးကြီးများ

ခြံ ကြီး က လွန် စွာ ကျယ် သဖြင့် ဘသိန်း ဝင်း ပင် မျက်လုံးပြူး သွားသည်။ ဝါ ရှင် တန် မြို့ တော် ပတ် ဝန်း ကျင်တွင် ကျယ် ဝန်း သော ခြံ ကြီး များ အများ ရှိ သည် ကို သိရှိခဲ့သော်လည်း မြန် မာ ဆရာ ဝန် တဦး က ဤရွေ့ ဤမျှ ကြီး မား သော ခြံ ကြီး ကို ပိုင် လေ မည် ဟု သူ မမျှော် လင့် ခဲ့ ပေ။

လမ်း ငယ် တ ခု ကို ဝင် ခဲ့ ကြ ရာ မှ ထို လမ်း သည် ခြံကြီး ၏ ဝင်ပေါက် ဝ သို့ ထိပ် တိုက် ရောက် သွား သည်။ ထို ခြံ ကြီးက လမ်း ငယ် ကို ပါ ပိုင်၏။ ဝင်း ကြီး မှာ အောက် ပိုင်း အခြေ တွင် ကျောက် အုတ် အင်္ဂတေနှင့်ဆောက် ထား ပြီး အထက်ပိုင်းတွင် သံဆူးကြိုးများကို သံပန်းခက်များသဖွယ် စိုက်ထူထားသည်။ အုတ် အင်္ဂတေ ဝင်း ရော သံ ပန်း ပါ လူနှစ်ရပ်ခန့်မြင့်သည်။ ကတ္တရာ ကားလမ်းသည် ခြံဝတွင် ဆုံး သည်။ ခြံတွင်းတွင် ကျောက်လမ်း ခင်းထားသည်။ ဝင်း ဝ ၌ သံ ပန်း သံ ခက်များ အပြင် ကြေးပန်းကြေး နွယ်များနှင့် လှ ပ စွာ ဆောက် လုပ် ထား သည့် သံ တံ ခါး ကြီး ရှိ သည်။ သံတံခါးမှာ ပတ္တာ နှင့် ဖွင့် ပိတ် သော တံခါးမဟုတ်။ တဘက် နံရံတွင်းသို့ လှိမ့်၍ ဝင် သွား သော တံခါးဖြစ်သည်။ ခန်းနားကြီး ကျယ်ပါပေသည်။

တက္ကစီ ကို လမ်း ငယ် ထိပ် တွင် ပြန် လွှတ် လိုက် ပြီး ခြေလျင် လျှောက်ကာလာကြစဉ်တွင် "တို့များ မြင်ဖူးတဲ့ ဗမာပိုင်အိမ်တွေထဲ မှာ ဆရာပုရဲ့ အိမ် လောက် ကောင်းတဲ့ အိမ်ကို မမြင်ဖူးဘူး" ဟု ခင်မောင်က ပြောပြသည်။





"မင်းက ဘယ်နှစ်အိမ်မြင်ဖူးလို့လဲ၊ ဝါရှင်တန်က ဆရာဝန်တွေ အကုန်လုံး အိမ်ကောင်း ကားကောင်းတွေနဲ့ နေကြတာပါကွာ။ သူတို့ချင်းလဲ အိမ်ပြိုင် ကားပြိုင် ဆရာဝန်ကတော်တွေက စိန်ပြိုင်၊ ပတ္တမြားပြိုင်၊ သားသမီးပြိုင်နေကြတာ" ဟု တယောက်က ကောက် ချက်ချသည်။

"အများစုက အသပြာ ဆရာတွေ ပါကွာ" စေတနာ ဆရာ ဝန်က' ရှိတော့ရှိတယ် အလွန်နည်းပါတယ်" ဟု တဦးက ပြောသည်။

"ဘာ ပဲ ဖြစ် ဖြစ် ဆရာပုကတော့ ဒီမိုကရေစီကို အား ပေး ပါ တယ်ကွာ။ ရက် ရက် ရော ရော လှူ ပါ တယ်။ ဆရာပုလို ဓာတ် မြေနဲ့ ဒီ မို ကရေစီ ကိုချစ် တဲ့ ဆရာ ဝန် တွေ လဲ အများရှိကြပါ တယ်" ဟု ထွန်းရွှေမောင်က ပြောသည်။ သူ တို့ က ဆရာစိန်ပု၏ အမည်ကို စိန်ဟူသော ဝေါ ဟာ ရ မပါ ဘဲ ပြောကြသည်ကို ဘသိန်း ဝင်းက သတိပြုမိသည်။ ဝင်းဝကို ရောက်သည်နှင့် လူခေါ်ခေါင်း လောင်းခလုတ်ကို နှိပ်ရန် မလိုဘဲ "ဟေ့လာကြပြီလားကွ" ဆရာ ပု၏ အသံကို ကြားကြရသည်။ တီဗွီငယ်ကလေး တတ်ဆင်ထားကာ ဝင်းဝကို အိမ်တွင်းမှ ကြည့်နေဟန်တူသည်။ လူဝင်ပေါက်ငယ်ကို အတွင်းမှ အလိုအလျောက် ဖွင့်ပေးသည်။

"လူ များ ရဲ့လား၊ အောင် ရဲ့ လား'အနှောင့်အယှက်ရှိသေး လား" ဟု ဆရာပု လှမ်း ၍ မေးသည်ကို ကျောင်းသားများက "များတာပေါ့ ဆရာရဲ့၊ ခွေးမသား နအဖသံရုံးကောင်တွေ အမြီးကုပ် နေ တာ ပဲ" ဟု အား ပါး တရ ဖြေသည်။

"လာ ကြ ဟေ့ လာ ကြ" ဟု ဖိတ် သည်။ ကျောင်းသားများ သည် ကားနှစ်စင်း သွားနိုင် ရှောင် နိုင် သည့် ကားလမ်းအတိုင်း အတော်ကြာလျှောက်၍ သွားကြရသေးသည်။ ဝင်းကြီး မည်မျှ ကျယ် သည် ကို လမ်း လျှောက် ၍ ဝင် မှ ပိုသိသည်။ လမ်းလျှောက်ရင်း ဆရာပု၏ အကြောင်းကို ပြောပြကြသည်။

ဆရာစိန်ပုသည် မန္တလေးသား နှလုံးရောဂါ အထူးကု ဆရာဝန် ဖြစ် သည်။ မော်လမြိုင်သူ ဇနီးကလည်း ကင်ဆာဆရာဝန် ဖြစ်သည်။ ၁၉၅၈ ခု က ဗိုလ် ချုပ် နေဝင်း က စစ်အာဏာသိမ်းသည်ကို မကျေ နပ် သဖြင့် ထွက် လာ ခဲ့ ကြသည်။ ထိုခေတ်က မြန်မာ ဆရာဝန်များသည် ပညာရင့်ကြသည့်အတိုင်း အမေရိကန်ရောက်သည်နှင့် ပညာ စွမ်း ပြ နိုင် သဖြင့် ကြီး ပွား ချမ်း သာ လာခဲ့သည်။ အသက် ၇၀ ကျော် ကြ သည် နှင့် လင် ရော မယားပါ အနားယူကြပြီ။ ဇ နီး ဖြစ် သူက တရား ထိုင် သည့် အလုပ် ဖြင့် အား လပ်မှု မရှိ။ ထို ကြောင့် အဖော် ကင်း နေ သူ ဆရာပုက ဇာ တိ မြေ၏ နိုင် ငံ ရေး အခြေ အနေ ကို မျက် ခြည် မပြတ် လှမ်း ကြည့်ခြင်းဖြင့် အချိန် ဖြုန်း နေရသည်။ "ဗမာပြည် အကြောင်းကတော့ စိတ်ချမ်း သာ စရာ သတင်း တ ခု မှ မရ ပါ ဘူး။ စစ်ဗိုလ်တွေ လောဘကြီး လွန်း တယ်။ မိုက်လုံးကြီးလွန်းတယ်"ဟု ညည်းညူလေ့ရှိပြီး "ဒီက ခွေးမသားတွေကလဲ အတူတူနဲ့ အနူနူ ပါပဲကွာ" ဟု ပြောလေ့ရှိသည်။

တိုက် အိမ် ကြီး ကို လှမ်း ၍ မြင် ရ သော အခါ ကား လေးစီးဆန့်သည့် ကား ရုံ ကြီး ၏ ဘေး ရှိ ခွေး လှော င် အိမ် သုံး ခု မှ အဲ လ် ဇင်း ရှင်း အမျိုး ဂျာ မန် ခွေးကြီး သုံးကောင်တို့က သံ တိုင်ကြား မှ သွား ဖြဲ ကာ ဟိန်းဟောက်၍ နှုတ်ဆက် ကြသည်။

"နိုး" ဟု အိမ် တွင်း မှ ဆရာ ပု က စကား တလုံး အော်လိုက် သည်နှင့် ခွေး တို့ က ခေါင်း လျှိုး သွား ကြ သည်။ သခင်၏ သြ ဇာ ညောင်း သော ခွေးလိမ္မာ များ ဖြစ် ကြ သည်။

"ကို ဇာ နည် ခွေး လှောင် အိမ် ကို ကြည့် စမ်း"ဟု ခင်မောင်က ပြောသည်။ ဘသိန်း ဝင်း တ ဖြစ် လဲ ဇာ နည် က စောစောကပင် မြင် ထား သည်။ ခွေး လှောင် အိမ် များ တွင် မြန် မာ ဘာသာ ဖြင့် သန်း ရွှေ၊ မောင် အေး၊ ခင် ညွန့် ဟု အမည် များ ရေး





ထား သည်။ "ဆရာကြီးက ရန်ကုန်မှာ မဟုတ်မတရားလုပ်တဲ့ သတင်းကြားရ တိုင်း ခွေး တွေ ကို ထုတ်ပြီး ကြာပွတ်နဲ့ ရိုက်လေ့ရှိတယ်။ ခွေး မောင်အေး သတင်းက အလာ နည်း တော့ သက်သာ တယ်၊ ခွေး သန်း ရွှေ နဲ့ ခွေး ခင် ညွန့် တို့က တော့ မသက်သာ ဘူး" ဟု ထွန်း ရွှေ မောင် က ပြော ပြသည်။

ခွေး သန်း ရွှေ၊ ခွေး မောင် အေး နှင့် ခွေး ခင် ညွန့် တို့၏ အိမ် ကလေး များ နှင့် ကား ရုံ ကို ကျော် မိ သော အ ခါ ကြီး မားသော တိုက်အိမ်ကြီး၏ တံ ခါး ပွင့် သွား ပြီး ဆီး ကြို နေ သူ ဆရာပု ကို မြင် ရသည်။ အရပ် အမောင်း မှာ နာ မည် နှင့် ဆန့် ကျင်နေ သည်။ အရပ် ရှည်သည်။ ဆွတ် ဆွတ်ဖြူသော ဆံ ပင် ကလည်း ညို သော နက် သော အသား ရောင် နှင့် ဆန့်ကျင်နေသည်ကို မြင် ရ သည်။ စတစ် ကော် လာ ရှပ် အင်္ကျီ အဖြူ နှင့် ပန်းနုရောင် ပိုး ပုဆိုး ဝတ် ထားပြီး ဖော်ရွေသော အပြုံးက မန္တလေးသားတို့၏ ဇာ တိ ကို ပြနေသည်။ အသက် ၈၀ ခန့် ရှိ သော် လည်း ပိန် ပိန် ပါးပါးနှင့် ကျန်းမာသန်စွမ်းပုံရသည်။ သို့သော် ဒူလာရောဂါကြောင့် ခြေ ထောက် မသန် တော့ သဖြင့် သူ နာ တင် စက်ကုလားထိုင်တွင် ထိုင်ကာ ခလုတ် နှိပ် ၍ သွား လာ ကာ ဧည့် သည် လူ ငယ် များ ကို ကြို ဆို သည်။

"လာကြ ဟေ့ ... လာ ကြ ဟေ့ ... မင်းတို့ဆာ ကြရော့ပေါ့" ဟု ဆို ကာ ထမင်း စား ခန်း သို့ ခေါ် သွား သည်။ စား ပွဲ ပေါ် တွင် စက္ကူ ပန်း ကန် အရွယ် အမျိုး အမျိုး ချ ထားသည်။ ထိုထမင်းစား ခန်းသို့ မကြာခဏ ရောက်ဖူးသူ ခင်မောင်က ရေခဲသေတ္တာကြီး ဘေးတွင်ရှိ အပူခေတ် ပေး ထား သော ဘီ ရို ကို ဖွင့် ပြီး ဆိုင်မှမှာ၍ ဝယ် ထား ဟန် တူ သော ဒန်ပေါက် ထမင်းထုပ် များကို ထုတ်ယူကာ ပန်း ကန် များတွင် ထည့်၍ တည်ခင်းသည်။ သရက် သီး သနပ်၊ ကြက် သွန်၊ သံပုရာ သီး၊ ငြုပ်သီးနှင့် ခရမ်း ချဉ် သီး စိတ် များ ကို

ပါ ထည့် နေ စဉ် တွင် ပင် ကျောင်းသားများက နေရာယူကြကာ ပလုတ်ပလွေး စား ကြ သည်။ ထွန်း ရွှေ မောင် က ရေခဲသေတ္တာကြီး ကို ဖွင့် ၍ လိမ္မော်ရည်ဘူးကို ဖွင့် ကာ ပလတ် စတစ် ဖန်ခွက်များ နှင့် ထည့် ပေး သည်။

ဆာ လောင်နေပြီ ဖြစ် သော လူ ငယ် တစု တို့ စကား မပြော နိုင် ကြ ဘဲ အငမ်း မရ စားသောက်ကြသည်ကို ဆ ရာ ဝန် ကြီး က ကြည့် ကာ စေ တနာပီ တိ ပွားနေသည်။ အိမ် ရှင် က ထိုင် ကြည့် ရုံ သာ ထိုင် ကြည့် နေ ပြီး အတူဝင်၍ စား သောက် ခြင်း မပြုသ ဖြင့် ဘသိန်းဝင်းက မနေတတ်သောကြောင့် "ဆရာကြီးကော စား ပြီး ပြီ လား" ဟု မေး မိ သည်။

"ကိုယ်လဲ စားချင်တာပေါ့ကွာ'' ကိုယ့် ရော ဂါ က ဒန်ပေါက် နဲ့ မတည့်လို့ပေါ့၊ ချောင်တဲ့ အစာ စာရင်းက အရှည်ကြီးကွ။ ကိုယ် မစားနိုင်တော့ တာမို့ စား နိုင်တဲ့သူတွေ ဖိတ် ကျွေး ရ တာ ကွ" ဟု ဖြေသည်။ လူ ငယ် တစု တို့ ၏ ထမင်း ဝိုင်း မှာ အချိန် အတော် ကြာသည်။ စား သောက် ပြီး ကြ သည် နှင့် "ဆရာကြီးရေ ကျွန် တော် တို့ ခွင့် ပြု ပါ တော့ အစည်းဝေးတပွဲ ရှိ သေး လို့ ပါ" ဟု နှုတ် ဆက် ကြ သည်။

ထို အခါ တွင် မှ "ဟောဒီ ကိုဇာနည် ကို ဆရာကြီးနဲ့ မိတ် ဆက် ပေး ချင် လို့ ခေါ်လာပါတယ်။ ရောက်လာတာ မကြာသေးပါ" ဟု မိတ် ဆက် ပေး သည်။

"မင်း လဲ ပြန် လိုက် သွား မှာ လား" ဟု ဆ ရာ ကြီး က မေးသည်ကို ဘသိန်း ဝင်း က "ကျွန် တော် က အား ပါ တယ် ခင် ဗျ " ဟု သွက် လက် စွာ ဖြေသည်။

"ကဲ ကို ဇာ နည် ဆရာကြီး နဲ့ စကား ပြော နေ ရစ် ခဲ့ ပေ တော့" ဟု ဆို ကာ စား ပွဲ ကို ရှင်း ကြသည်။ ပန်း ကန် များ ခွက် များ ကို အမှိုက်အိတ်ကြီး၌ ထည့် ၍ အမှိုက် ပုံး ဆီ သို့ ပို့ သူ က





ပို့ သည်။ ထမင်းစေ့ဟင်းစ အစအန တစ မှ မကျန် အောင် သပ် ယပ် စွာ သန့် ရှင်း ပြီး နောက် သွက် လက်စွာ ထွက် သွား ကြ သည်။

နှုတ် ဆက် စဉ် တွင် ဆရာ ပု က စာ အိပ် တလုံး စီ ပေး လိုက်သည်။ ဘသိန်း ဝင်း အား လည်း စာ အိပ် တ ခု ပေး သည်။ ကေ့တ္တ မုန့်ဖိုး ပဲဖိုးပေး သည် ဖြစ် မည် ဟု တွက်ဆမိ သဖြင့် ဘသိန်း ဝင်း က မင် သေ သေ နှင့် လက်ခံလိုက် သည်။ အခန်းသို့ ပြန် ရောက် မှ ဖွင့် ကြည့်သောအခါ အသစ် စက် စက် ဒေါ် လာ ၂၀ တရွက်။

"မင်း ကော် ဖီ ကြိုက် သလား"

"အလွန် ကြိုက် ပါ တယ် ခင် ဗျား" ဆရာပုက စားပွဲပေါ်၌ အသင့် နှပ် ထား သည့် ကော် ဖီ အိုးမှ မတ် ခွက် နှစ် ခွက် တွင် ထည့် သော အခါ ဘသိန်းဝင်း က နှုတ်သွက် လက်သွက်နှင့် "ကျွန်တော် ငှဲ့ပါ ရစေ" ဟု ပြော ပြော ဆို ဆို ငှဲ့ သည်။

"ကိုယ်က အခါးပဲသောက် တယ်၊ မင်းဖို့တော့ ကြိုက်သလို ဖျော် ပေါ့" ဟု ပြောသည်။ ကော် ဖီ တ ခွက် စီ နှင့် နေ သား ကျ သွားသောအခါ ဆရာပုက "ဆိုစမ်းပါဦး မင့်အကြောင်း "ဟု မေး သည်။ ဘသိန်းဝင်းက မိမိ အသင့်ရေးထားခဲ့သော ဇာတ် ညွှန်း ကို ပြောပြသည်။

ပြည် တွင်း တွင် လွန်မင်းစွာ တင်းကျပ်သဖြင့် လှုပ် ရှား ရန် မလွယ်သောကြောင့် နအဖ အစိုးရ၏ ထောင်မှလွတ်လာချိန်မှ စတင် ကာ ပြည်ပသို့ ထွက် ပြေး လာ ခဲ့ ကြောင်း၊ ထိုင်းတွင် ကြာကြာနေ ခဲ့ပြီးမှ ကူး လာ ကြောင်း၊ ဒီ မို ကရေစီ လှုပ်ရှားမှု တပ်ပေါင်းစု တွင် ဝင်၍ အရိုးကျေကျေ အရေ ခန်းခန်း အားထုတ်မည်ဟု ဆုံး ဖြတ်ထားကြောင်းကို တိုတိုနှင့် ပြည့်စုံစွာ ပြောပြသည်။

ဆရာပုက ခေါင်းတညိတ်ညိတ်နားထောင်သည်။ ယုံကြည်ဟန်

တူသည်။ မှသာဝါဒ မှော်အောင်ထားသူ ဘသိန်းဝင်းကလည်း မိမိ၏ အစွမ်းကို ယုံ ကြည်သည်။

"အေးလုပ်ပေါ့ကွာ အကူအညီလိုတဲ့အခါတိုင်း လာခဲ့ဟေ့" ဟု ဆရာပုက အားပေးရင်း "ဒါထက် အမေရိကန်မှာ အခြေစိုက်ပြီး လုပ်မယ်ဆိုလျှင် မင်းရဲ့ နာမည်ပြောင်းသင့်တယ်။ ဒီမှာ ဇာနည် တကောင် ရှိ နေ ပြီကွ။ သူ့ကိုယ်သူ ကမ္ဘာပေါ်မှာ အကြီး ဆုံး သော မြန်မာ့ဒီမိုကရေစီအဖွဲ့ကြီးရဲ့ခေါင်းဆောင်လို့တောင် တစ် တီတူး ကြေညာနေတယ်။ ဗမာပြည်တုန်းက ဘယ်နိုင်ငံရေးတိုက်ပွဲတွေမှာ ဘယ်လို ပါဝင်ခဲ့တယ် ဆို တာ တော့ မသိ ရ ဘူး။ အမေရိကန်ကို ဘယ်ပုံ ဘယ်နည်း ရောက် လာ တယ် ဆိုတာလဲမသိရဘူး" ဟု ပြောသည်။

ဘသိန်းဝင်းက သူ တမင် ရွေးချယ်လာခဲ့သော နာမည်လှလှ ကလေးကို သူတပါး ဦးသွားပြီဟု သိရသဖြင့် စိတ်ပျက်သော်လည်း ဟန်မပျက်ဘဲ "အမေပေးထားတဲ့ ဇာနည်ဆိုတဲ့ အမည် ကို ကျွန် တော် က ကြိုက်လှချည့်မဟုတ်ပါဘူး။ အဖေပေးတဲ့ နာမည် ရှိ ပါ တယ် ဗမိုး တဲ့" ဟု ပြော သည်။

ဆရာပုက နာမည်ကိစ္စကို စကား မဆက်ဘဲ သူ ပြော လို ရာ များ ကို ဆက် ၍ ပြော သည်။

"ခက် တာ က ဗမာ ဒီ မို က ရေ စီ အဖွဲ့ တွေ အားလုံးက တို့အစုသာ အကြီးဆုံးလို့ ကြေညာ ပြောဟောနေကြတယ်။ အသင်း အဖွဲ့ဆိုတာ အသင်းဝင်ကြေးပေးပြီး မှတ်ပုံတင်ထားသူ အသင်းဝင် ကပ်ပြားကိုင်ဆောင်ထားသူ မည်ရွေ့မည်မျှရှိပါတယ်လို့ စနစ်တကျ ပွင့် ပွင့်လင်လင်း ကြေငြာနိုင်ရတယ်ဆိုတဲ့ ဒီမိုကရေစီ မူတို့ … စည်း ကမ်းတို့ကို ဂ ရုမစိုက်ကြဘူး ။ ဒီမိုကရေစီ ခေါင်း ဆောင် လုပ် ချင် လျှင် ပြုလုပ်သမျှကို ပွင့်လင်းစွာ လူအများ သိစေရမယ်။ ပြုသမျှကို တာ ဝန် ယူ ရ မယ်။





၁၉၈၆ ခုက ဖွဲ့ထားခဲ့ ကြတဲ့ ဗမာပြည် ဒီမိုကရေစီ ပြည်တော် ပြန်ရေး အဖွဲ့ကြီးတခု ရှိသေးတယ်။ အဖွဲ့ရဲ့ အသက် ၁၆ နှစ်ရှိ ပြီ။ ဥက္ကဌတို့၊ အတွင်းရေးမှူးတို့ ဆိုတဲ့ ခေါင်းဆောင်တွေက ဘယ်တော့ မှ မပြောင်းဘဲ ရာ သက်ပန် ရာ ထူး ယူ ထား ကြ တယ်။ ဒီမိုကရေ စီ တိုက်ပွဲ အဖွဲ့ဝင်သူတွေ က နှစ် စဉ် သို့မဟုတ် အခါ အား လျော် စွာ ညီလာခံတွေ ကျင်းပပြီး အသင်းသားတွေ တင်မြှောက်တဲ့ အမှု ဆောင်အဖွဲ့ကို ဖွဲ့ကြရတယ် ဆိုတဲ့ ဒီမိုကရေစီ အစဉ်အလာကို ဗမာ အဖွဲ့အားလုံးက နားမလည်ကြဘူး။

အသင်းတခုမှာ ခေါင်း ဆောင် တယောက်ရဲ့ သက်တမ်းက ၁၆ နှစ် ထိ ရှည်တယ်ဆိုတာ ဒီမိုကရေစီသဘာဝ မဟုတ်ဘူး။ ၁၉၈၈ ခု နှစ် က ကျောင်းသား ခေါင်းဆောင် ဆိုတဲ့ အကောင်တွေကလဲ အသက် ၄၀ ကျော် ကြပြီ၊ ကျောင်းသား ခေါင်းဆောင်အဖြစ် ဆက်ပြီး ရာထူးယူထားကြတုန်းပဲ။ အောင်နိုင်ဆိုတဲ့ကောင်က ပြောတယ်တဲ့။ နိုင်ငံရေးအဖွဲ့မှာ ငယ် သားနဲ့ ခေါင်း ဆောင် အမြဲ တည်နေမှသာ လုပ် ငန်း အောင် မည်တဲ့။

ဆရာပုက သူ ဘဝင်မကျသော မြန်မာဒီမိုကရေစီ အဖွဲ့များ အကြောင်းကို စိတ် ပျက် နေ ဟန် ပြော သည်။ အမေရိကန်ရောက် ခါ စ ဗမိုးအား တိုင် တန်း သကဲ့ သို့ ပြောရှာသည်။

"နေဦး … နေ ဦး၊ မင့်ကို သူ တို့အဖွဲ့ ဝင် ဖို့ ဒီမိုကရေစီ မွေ့ ကထိကကြီးက ဆွယ်တယ်လို့ ထွန်းရွှေမောင်က ပြောသွားတယ်။ မင့် ကို ပြ ရ ဦး မယ်" ဟု ကုလားထိုင်ကို မောင်းနှင်ကာ အခန်း တခုတွင်း ဝင်သွား သည်။ စာ ဖိုင် တ ခု ယူ လာ ပြီး စာ တစောင် ကို ထုတ်၍ ဘမိုး အားပြသည်။

စာပိုဒ် တ ပိုဒ် တွင် "ကျွန် တော် ဗမာပြည်က ထွက် ပြေး လာခဲ့လို့ ထိုင်းကို ရောက် နေ ပြီ။ အမေရိကန်သို့ ကျွန်တော်ကိုယ် တိုင် လာပြီး စည်း ရုံး ပါမယ်။ ကမ္ဘာပေါ်မှာ အင် အား အကြီး ဆုံး

နိုင်ငံကြီး ဖြစ်တဲ့ အမေ ရိကန် နိုင် ငံ သား တွေ က ဗမာ့ ဒီမိုကရေစီအရေးကို နားလည်သိရှိကြဖို့ အရေးကြီး တယ်။ ကျွန် တော် ကိုယ်တိုင် စည်း ရုံး ပါ မယ်။ အမေရိကန် လာ နိုင် အောင် ကူ ညီ ပါ ခင်ဗျား” ဟု ရေး ထား သည်။

“ကိုယ် က စာ ပြန် လိုက် တယ်။ အမေ ရိကန် နိုင် ငံ သား တွေ က ဗမာ့ ဒီ မို ကရေစီ ရေး ကို သိ ပါ တယ်၊ ကူ ညီ နေ ကြ ပါ တယ်။ ခင်ဗျားက လာဖို့ မလို ပါ ဘူး။ နို့ပြီးတော့ စည်း ရုံး မယ် ဆိုရအောင် ခင်ဗျားက အင်္ဂလိပ်စကားတလုံးမှ မတတ်ဘဲနဲ့ ဘယ်လို ဟောပြောမှာလဲလို့။ ဗမာပြည်ကလာတဲ့ ဗိုလ်အောင်ကြီး ရေးတဲ့ အောင် စု တင် ကွဲရပုံ စာ တမ်း မှာ အင်အယ်လ်ဒီဖွဲ့စကာလက သူက ဗဟို ဦး စီး မှာ နေ ရာ ရ တယ်။ အဖွဲ့ပိုင်ငွေတွေ ကျပ် ၉၅,၀၀၀ ကို စာရင်းမပြဘူးလို့ စွပ်စွဲထားတာ ဖတ်ရတယ်။ ဒါပေမယ့် သူက ကြံဖန်ပြီး ပြည်ပအဖွဲ့ဖွဲ့ပြီး ခေါင်းဆောင်ကြီး တဆူအဖြစ် အမေရိကရောက်လာတာပဲ။

၁၉၉၅ ခု က ထင် တယ်။ ရန်ကုန်မှာ နအဖ ဗိုလ်သန်းရွှေက ဒေါ်စု နဲ့ ဆွေး နွေး မယ် လို့ ကြေညာတော့ ‘ဒေါ်စုကို ဖမ်းထားတာ ကြာပြီ။ ကမ္ဘာ အခြေ အနေ ကို မသိတော့ဘူး။ ကျုပ်ကမှ ကမ္ဘာအနှံ့ ရောက်နေတာ ကျုပ်နဲ့ ဆွေးနွေးသင့်တာပေါ့’ လို့ အစည်းဝေးမှာ ဟောတယ်။ ဒါ တွင် မက သေး ဘူး။ ‘ဒေါ်စု ထောင် ကျ တယ် ဆို တာ သူ့ခြံထဲမှာ ကိတ်မုန့် ဖုတ် စား နေတာ။ ကျုပ်ကမှ အနှစ်နာခံ ခဲ့ တာ။ ကျုပ်ထောင်ကျတုံးက စောင်ခြုံရင် ခေါင်းကို ခြုံရင် ခြေမ လုံ ဘူး၊ ခြေကို ခြုံရင်ခေါင်း မလုံ ဘူး’လို့ အစည်းဝေး တ ခု မှာ ပြောတယ်။ တော် တော် ပြော ရဲ တဲ့ ငနဲကွ။ အဲ အဲ တွေ့ ဆုံ ဆွေးနွေး ရေး ဆို လို့ ဆက်ပြောရဦးမယ်။

ဇရာမ ခေါင်းဆောင် ကြီး တယောက် ရှိ သေး တယ်။ အာဏာပိုင်ခေါင်းဆောင်ကြီးပေါ့။ ဒေါ်စုနဲ့ ဆွေးနွေးမယ် ကြေညာတော့ နှစ်ပွင့်





ဆိုင် ဆွေးနွေးမယ်ဆိုတာ လမ်းမမှန်ပါ။ လူ မျိုး စု တို့ ကိုယ်စားလှယ်ရယ်၊ ပြည်ပ ဒီမို ကရေစီအင်အား စု တွေ ကိုယ်စား ကျွန်တော်တို့ရယ် သုံးပွင့်ဆိုင် ဆွေးနွေးသင့်ပါတယ် လို့ ဘီဘီစီကို ပြောတယ်။ အစည်းဝေးတခုမှာ ခင်ဗျားက ပြည်ပရောက် ဗမာတွေကို စည်းရုံးရေး မလုပ်ဘဲ ထိုင် စား နေ တာ မဟုတ်လား။ ခင် ဗျား မှာ နောက်လိုက် တယောက်မှ မရှိပါလားလို့ မေးတော့ ကျွန်တော်ကို မထည့်ချင်နေပါ လူမျိုးစု ကိုယ်စားလှယ်တွေတော့ ထည့်မှ ဖြစ် မယ် လို့ ပြော ပြန် တယ်။ ဘယ်သူကို ကိုယ်စားလှယ်ရွေးမှာလဲလို့ မေးတော့ ဦးခွန်ဆာလဲ လူ မျိုး စု ခေါင်း ဆောင် ပဲ လို့ပြော တယ်။ အဲဒီအချိန်က ခွန်ဆာက ဘိန်း ချ ခွင့်အတွက် စစ်အစိုးရကို တိုက်နေလို့ သူက ကြည် ညို နေ ဟန် တူ ပါ ရဲ့။ ခွန် ဆာ ဆို တာ ဘိန်း ချ နေ တဲ့ သူ ဆိုတာတောင် မသိတဲ့ သူက ဇရာမ ခေါင်း ဆောင် ကြီး ဖြစ်နေတော့ ခက်တာပေါ့။

လေး ငါး ယောက် သာ ရှိ တဲ့ သူ့ အစုက ကုလသမဂ္ဂ တက်ပြီး ခလောက်ဆံလို့ လူမျိုးစု ခေါင်းဆောင်များပါ သုံးပွင့်ဆိုင် ဆွေးနွေး ရေး လမ်း စဉ် ပေါ် လာ တာ ပေါ့။ နဝတက ကြိုက်တာပေါ့။ တသက်လုံး လူမျိုးစုကြီး ငါးစုရှိတယ် သတ်မှတ်ခဲ့တာကို နဝတက ချဲ့ တော့ တာ ပေါ့။ မြန် မာ နိုင် ငံမှာ လူမျိုးစု ၁၃၈ စုရှိပါတယ် လို့ အမျိုး သား ညီလာခံ မှာ တင် တယ် လေ။

ဒေါ်စုတို့မှာ လူမျိုး စု ရေး ရာ ကိစ္စ မူ ချ ပြီး လူ မျိုး စု တွေနဲ့ ညှိနှိုင်းပြီးပါ။ ရွေးကောက်ပွဲဝင်တုန်းကတည်းက လူမျိုး စု အင်အယ်လ်ဒီ အနေနဲ့ ဝင် ခဲ့ ကြတာ ပဲ ဟာ။ တကယ်လို့ နှစ်ပွင့်ဆိုင် ဆွေးနွေးလို့ သဘောတူညီချက်ရရှိရင် လူမျိုးစုတွေ အရေးလဲ အကျုံးဝင်မှာပါ။ ရန်ကုန်က နောက်ကြောင်းကို ခေါင်းဆောင်ကြီးက နားမလည်ဘူး။

ခေါင်းဆောင်ကြီးရဲ့ ဦး တည် ချက် က ငွေ ကွ ငွေ။ ထိုင်းမှာ

ခေါင်းဆောင်နေရာရတဲ့ အချိန်ကစပြီး ပြည်ပရောက် ဗမာတွေက ကျွန်တော်တို့ကို ငွေကူ ပါ၊ ငွေ သာ ရ လျှင် အလုပ်လုပ်ပြချင်ပါတယ် လို့ အကြိမ်ကြိမ် ဟောပြောတော့တာပဲ။ ပြည်ပရောက် ဗမာတွေ က ချက် ချင်း လုပ် နိုင် တဲ့ လုပ်ငန်း တွေ လုပ် ဖို့ အကြံ အမျိုးမျိုး ပေးကြတယ်။ ဘာမှ မယ်မယ်ရရ မလုပ်ဘူး။ ငွေနောက်ပဲ လိုက်နေ တာပဲ။ ဗမာ့ နိုင် ငံ ရေး၊ ဗမာ့ ဒီမိုကရေစီရေး ကို တစက်ကလေးမှ နားမလည်ရတဲ့ အထဲမှာ အပျင်းကလဲထူတော့ ပြည်ပရောက် ဗမာ တွေ ကိစ္စကိုလဲ ကူညီ လုပ်ဆောင်မှုမရှိတော့ လူထုနဲ့ကင်းကွာသွား တာ ပေါ့။

ဘာ မှ မလုပ် ဖူး ဆို ပေ မယ့် သူ့ကို ထောက်ခံမှုမပြုတဲ့ သူ တွေကိုတော့ လိုက်ပြီး ရန် ပြု တယ်။ ဥပမာ ဒီမို ကရေစီ ဝါဒဖြန့်ဖို့ နိုင်ငံခြားထောက်ပံ့ငွေနဲ့ တည်ထောင်ထားတဲ့ အသံလွှင့်ရုံမှာ ရန် ကုန်က ဖက် ဆစ် ခွေး တွေ ကို ဝေဖန် ပြစ်တင် ဟောပြောနေသူ တဦးကို 'ဒီကောင်အသံ ငါ မကြားချင်ဘူး' လို့ တယ်လီဖုန်းနှင့် ဆက်ပြီး တားလို့ စေတနာ့ဝန်ထမ်း ကိုယ့်စားရိတ်နဲ့ကိုယ် ဖက်စ်ဖိုး အကုန်ခံပြီး ဝေဖန်နေသူကို သူပိုင် ရေဒီ ယိုက ရပ်လိုက်တယ်။ 'ဒီ ကောင် မျက် နှာ ငါ မကြည့် ချင်ဘူး' လို့ အမိန့်ပေးထားလို့ သူတို့ အဖွဲ့က ကြီး မှူး တဲ့ အစည်း ဝေးမှန် သမျှ တက်ခွင့်မပြုတဲ့ သူတွေ လဲ ရှိ တယ်။ မာန်မာနက ကြီးတယ်။ သူ့ကို တခွန်းဝေဖန်လျှင် တ သက်လုံး ဗိုင်း ပယ် စေ လို့ အမိန့်ချ တယ်။ ရန်ကုန်က ခွေးကောင် တွေ လို ပဲ ရန်ငြိုးဖွဲ့တယ်။ ဒီကောင်မျိုး အာဏာရခဲ့လျှင် မုချ ဒီမို ကရေစီပျက်မှာပဲ။ သေနတ်မကိုင်တဲ့ ဖက်ဆစ်က ပိုဆိုးတတ်တယ်။

အဲဒီလို ဗမာချင်း ရန်လုပ်နေချိန်မှာ သူတောင်းစား မှော်အောင် ထားတဲ့ ကောင်တကောင်နဲ့ တွဲမိကြတယ်။ လူမျိုးစုစော်ဘွားကြီး တဦးရဲ့ သားတော်မို့ ရွှေမင်းသားလို့ ကိုယ့်ကိုယ်ကို သိဒ္ဓိတင်ထား တယ်။ ပညာလဲ တတ်ပါတယ်။ ထိုင်းမှာတုန်းက အင်ဂျင်နီယာဘွဲ့





ရခဲ့ပြီး ဒီဘက်ရောက်လာတော့ စီးပွား ရေး ဘွဲ့ရပါတယ်။

ဒါပေမယ့် သူ ရဲ့ ဆွေတော် မျိုးတော်တဦးရဲ့ အဆိုအရ ဒီငနဲ က အင်ဂျင်နီယာလဲ မလုပ်၊ စီးပွားရေးလဲမလုပ်၊ လခစားရော၊ ကိုယ် ပိုင် ရော ဘာမှမလုပ်။ တက္ကသိုလ်ဘွဲ့ရပြီး ကျောင်းထွက်ချိန်ကစပြီး တသက်လုံး အသက်မွေးဝမ်းကြောင်းမှုအတွက် ဘာအလုပ်တခုကို မှ မလုပ် ခဲ့ ဘူး တဲ့။ တသက်လုံး လက်ကြော တင်းအောင် အလုပ် တခုမှ မလုပ်ဘဲ သားကျွေးမှု မယားကျွေးမှု အတွက် အလှူခံလို့ရ တဲ့ ငွေ နဲ့ ထိုင် စား နေ ခဲ့ တယ်တဲ့။ သူက အမေရိ ကန် မှာ ရှိ တဲ့ အခွန်လွတ် အလှူအဖွဲ့တွေ အကြောင်း မှတ်တမ်းစာအုပ်တွေကို လှန်ဖတ်ပြီး ရနိုင်တဲ့ အဖွဲ့က ရသမျှ အလှူခံပြီးစားတယ်တဲ့။ သာ သနာရေး အဖွဲ့ကြီး တခုဆီ မြန် မာ ပြည် လူ မျိုး စု အား လုံး ခရစ် ယာန် ဘာသာဝင် ဖြစ်အောင် လုပ် ပေး ပါ မယ် လို့ စီမံကိန်းတင်ပြီး ရနိုင်သမျှ ဘာသာရေး အဖွဲ့ အလှူ ခံ ငွေတွေနဲ့ ဒူး နံ့ပြီး စား နေ တယ် တဲ့။ ၈၈ ခု ဒီမို ကရေစီ တော် လှန်ရေးကြီးပေါ်တော့ ဒီမိုကရေစီ အလှူရှင်တွေ ပေါ်တာကို မြင်ရတော့ ခရစ်ယာန် သာသနာပြု သူ့ရဲ ကောင်း အဖြစ်က ပြောင်းပြီး ဒီမိုကရေစီ သူ့ရဲကောင်းလုပ်တော့ ငွေငတ်နေတဲ့ ခေါင်းဆောင်ကြီးနဲ့ ပေါင်းမိကြတာပဲ။

သူတို့နှစ်ယောက် ပေါင်းပြီး နိုင်ငံခြားအစိုးရတွေ ကုမ္ပဏီတွေက ရနိုင်သမျှ အကူငွေတွေ အလှူငွေတွေ ဝေစားမျှစား အလှူခံကြတာ အတော်ပွနေကြတယ်။ သူတို့က ပရိုဂျက်အမျိုးမျိုးဖန်တီးကြတယ်၊ ဗမာပြည်မှာ ဒီမိုကရေစီရတဲ့အချိန်မှာ ရေ ပေး ရေး၊ မီးကာကွယ်ရေး၊ ကျောင်းသုံး စာအုပ်ထုတ်ဝေရေး၊ မျက်ခမ်းစပ်ရောဂါကာကွယ်ရေး... စသည်ဖြင့် အလှူရှင်တွေ စိတ်ဝင် စားတဲ့ စီ မံကိန်း တွေ နဲ့ အလှူခံ တာ တော်တော်ပွနေကြပြီ။ တချို့က ဒီငနဲနှစ်ကောင် ဒေါ်လာ သန်း ပေါင်း များ စွာ ချမ်း သာနေကြပြီလို့ ခန့်မှန်းကြတယ်။

တခြားသူတွေ၊ တခြားအင်အားစုတွေ ဝင်မလာနိုင်အောင်

ဗမာပြည်ကို လှူလိုသူများကို ဗမာ့အရေးကို အသိဆုံးဖြစ်တဲ့ ကျွန်တော်တို့က စိစစ်ပေးပါမယ်လို့ စိစစ်ရေးအဖွဲ့တောင် ဖွဲ့လိုက်သေးတယ်။ အဲဒီ အဖွဲ့က နိုးဆိုလျှင် ဘယ်ဗမာအဖွဲ့မှ အလှူမရနိုင်ဘူး။ ဥပမာ ၈၈ ခု က ကျောင်းသား တွေ ထိုင်း ဘက် ထွက် လာ ကြတုံး က ရသမျှ လက် နက် စု ပြီး လက် နက် နဲ့ ပြန်တိုက်ဖို့ တပ် ဖွဲ့ ပြီး တိုက် ခဲ့ ကြ တယ်။ အဲ ဒီ ကျောင်း သား အဖွဲ့ကြီး နှစ်ဖွဲ့ ကွဲ ခဲ့ တယ်။ နှစ် ဖွဲ့ လုံး လက်နက်ကိုင် တော်လှန်ခဲ့တာ အတူတူပဲ။ ဒါပေမယ့် ကွဲကြတဲ့ အခါကျတော့ ဖြိုးတို့ အဖွဲ့က ဒီမိုကရေစီ နိုင်ငံရေးနဲ့ တိုက်တာမို့ အကူ ပေး သင့် ပါ တယ်။ ညီတို့အဖွဲ့က လက်နက်ကိုင်တိုက်တာမို့ အကြမ်းဖက် လမ်းစဉ်မို့ အကူ မပေးသင့်ပါလို့ ဇရာမခေါင်းဆောင်ကြီးက ဘက်လိုက်ထောက်ခံတာကြောင့် ကျောင်းသား အဖွဲ့တခုက အကူ မရတော့ဘူး။

အကူရတဲ့ အဖွဲ့က ဒီမို ကရေစီ နိုင် ငံရေး ခေါင်းဆောင် ဆိုတဲ့ ကောင်ကမှ တကယ့်အကြမ်းသမား။ တောထဲမှာ လက်နက်ကိုင်တိုက်ကြတုန်းက ကျောင်း သား အများကို နဝတ စပိုင်လို့ စွပ် စွဲ ပြီး ပစ် သတ် တယ် လို့ နာမည်ကြီးတဲ့ လူသတ်သမားကို ဒီမိုကရေစီ နိုင်ငံရေးသမားလို့ နာမည်ကောင်း လက်မှတ်ပေးပြီး မတရား ငွေ အကူရစေတယ်။

သန်းနဲ့ ချီပြီးရတဲ့ နိုင် ငံ ခြား အကူငွေတွေကို ဘယ်နေရာမှာ ဘယ်လို သုံးပါတယ်လို့ လူထုကို လုံးဝဖွင့်မပြောဘဲ ထိပ်တန်းလျှို့ဝှက်လုပ်ထားတယ်။ ဇရာမ ခေါင်းဆောင်ကြီးကို မေးရဲသူတွေက မေးကြတယ်။ “ခေါင်းဆောင်ကြီး ခင်ဗျား နိုင် ငံ ခြား ငွေ ကူ တွေ ဘယ် လို သုံး စွဲ ပါ သ လဲ ခင်ဗျား” လို့ မေး တော့ “မင်း တို့ အလုပ် မ ဟုတ် ဘူး ကွ။ မင်း တို့ နဲ့ ဘာမှမဆိုင် ဘူး။ လှူ တဲ့သူ တွေ ကို ငါ က စာ ရင်း ပြ နိုင် လို့ အလှူ ရှင် ကျေနပ်ရင် ပြီးတာ ပဲ”လို့ ငေါက် ငန်း ပြီး ဖြေ တယ်။ ဒီအဖြေဟာ အလွန်ယုတ်ညံ့တဲ့





အဖြေကွ။ နိုင် ငံခြားက လှူ တဲ့ အကူငွေတွေက သူ့ကို လှူတာ မဟုတ်ဘူး။ ဒီ မို ကရေစီ တိုက် ပွဲ ကို လှူ တာ ဆို တာ လောက်တော့ ဒီ ကောင် သိမှာပါ။ သိ ရက် နဲ့ ဒီ လို ပြောတာကတော့ ဒီမိုကရေစီ တိုက် ပွဲ ဝင် နေ တဲ့ ဗမာတမျိုးသားလုံးကို မင်းတို့ တိုက်ပွဲဝင် (၅၂) သန်းကို ငါရဲ့ဖိနပ်က ခွာစာ အမှုန့်ကလေး တမှုန့်လောက်တောင် ဂရု မစိုက် ဘူး လို့ ပြော တာ ကွ။ ပက်ပက်စက်စက် စော်ကားတဲ့ စကားပေါ့။ မွန် မြတ်ပြီး တရား မျှ တ တဲ့ ဒီမိုကရေစီ တိုက်ပွဲကြီး တခု လုံး ကို သက်သက်စော်ကားတာ။

ခေါင်းဆောင် ဆို တာ ငယ် သား တွေ ထက် ခေါင်း တလုံး မြင့် ရ တယ်၊ ဇာတ်ခုံ ပေါ်မှာ ထိုင် နေ သ လို လူတွေရှေ့မှာ လူမြင်သူမြင်နေရတယ်။ ဒီကောင်က ရန် ကုန် က မိန်းမကို ခေါ်ယူတယ်။ ဘယ်လိုခေါ်တယ် ဆိုတာ လူထုတွေကို အသိပေးရမည့် တာဝန်ရှိတယ်။ နအဖနဲ့ အပေးအယူ လုပ်ပြီး ခေါ်လာတာလား၊ ပြေးလာတာလား လူ ထု ကို အ သိ ပေး ရ မယ်။ သူက ဘယ်သူ့ကိုမှ အသိမပေးဘဲ လျှို့ဝှက်ထားတယ်။ ဒီမိုကရေစီ လုပ်ငန်းနဲ့ ခေါင်း ဆောင်တို့ဟာ ငွေရေးကြေးရေးက စတင်ပြီး အိမ်ထောင်ရေးအထိ လူသိရှင်ကြား ပွင့်လင်းရမယ်။ လုပ်တဲ့ လုပ်ရပ်ကိုလဲ တာဝန်ခံရတယ်။

ဒီနေ့ ဗမာ့ ဒီမိုကရေစီတိုက်ပွဲက ရန် ကုန် က ခွေးသူခိုး စစ်ဗိုလ်တွေနဲ့ ဒီက ဝက်သူခိုး ခေါင်းဆောင်တွေ တိုက် ပွဲ လုပ်နေကြတာ။ ရန်ကုန်ကကောင်တွေက သူတို့ အာဏာမြဲအောင် အားထုတ်နေကြသလို ဒီက ငနဲတွေကလဲ တိုက်ပွဲကြာလေ ချမ်းသာလေမို့ ဒီမိုက ရေ စီ နှောင့် နှေး အောင် လုပ် နေကြတယ်။ နှစ်ဖက်စလုံးက လုပ်ရပ်တွေကို လူ သိ မခံ ဝံ့ လို့ လျှို့ဝှက်ထားကြတယ်။ ဒီခွေးတွေနဲ့ ဝက်တွေကို နှစ်ဖက်စလုံးမှာ ဖယ်ရှားနိုင်မှသာ ဒီမိုကရေစီရေး အောင်မြင်မှာ။

ရန်ကုန်က ခွေးကောင်တွေက မုချပြုတ်ကြရမှာပါ၊ အလွန်

အကြူး ခိုးဝှက် လာဘ်စားတာကြောင့် သူတို့ တ စု ရဲ့ အိပ်ထဲမှာပဲ ငွေ တွေ ရောက် နေတယ်။ အရပ်သား တွေ ရဲ့ နိုင် ငံ ခြား သုံး ငွေ နဲ့တည် ထောင် ထား တဲ့ စစ်ဗိုလ်တွေ သာ ပိုင်ခွင့်ရှိတဲ့ ဦး ပိုင် လက်ဝါးကြီးအုပ် စီးပွားရေးအဖွဲ့ကြီးက ငွေတွေကို ပိုင် နေ တယ်။ အစိုးရမှာ ငွေမရှိဘူး။ ဖမ်းထားတဲ့သူ တွေကို ချုပ်ထားတာလဲ မလွှတ်ဝံ့ဘူး၊ တိုင်းပြည်ကို ထိုင်းနဲ့တရုတ်ကို ထိုးအပ်ပြီး သယံဇာတတွေ လာဘ် ထိုး နေ ကြတယ်။ ထိုင်း က ရနိုင်သမျှ ဗမာ့ ပစ္စည်းကို ဝါး စား နေ တယ်၊ တရုတ်ကြီးကတော့ ဝါးတောင်မနေဘဲ မြိုချ နေ တယ်။

အာရှငြိမ်းချမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါ ထိခိုက်တော့မှာ မို့ ကမ္ဘာက ဝင်စွက်တာနဲ့ ပြုတ် ရ မှာ ပဲ။ အဲဒီအချိန်မှာ ဒီက ဝက်သူခိုးတွေ ပြန်ပြီး အာဏာရယူရင် နအဖထက်ပိုဆိုးကြမှာ။ ဒါကြောင့် ပြည်ပက ဝက်တွေကိုလဲ ဖယ်ချဖို့ အရေး ကြီး တယ်။ ဆရာမှိုင်းကြီးက ဗမာ့အရေး ဆိုတဲ့ စာ အုပ်မှာ ရေး ခဲ့ တယ်။ အင်္ဂလိပ်အစိုးရကို ပါလီမန်စနစ်နဲ့ တိုက်တဲ့ အချိန်မှာ ၁၀ ဘ –ငါ စား ခေါင်း ဆောင်တွေ သောင်း ကျန်း လွန်း တာ ကြောင့် ကျောင်းသားစုက စကားရည်ပြိုင်ပွဲလုပ်တယ်တဲ့။ စကား စစ် ထိုး မယ့် အကြောင်းအရာက ‘မည်သည့်ခေါင်းဆောင်သည် မိမိ ကိုယ် မိမိသတ်သေ သင့်သနည်း’ တဲ့။ အဖြေက ‘အားလုံးသော ခေါင်းဆောင်များ ရေထဲခုန်ဆင်းပြီး သေ သင့် တာ ပေါ့’ဆိုပဲ။

ခက် တာ က ပြည် ပ မှာ မြန်မာပြည် ဒီမိုကရေစီစာနယ်ဇင်းတွေ အများရှိပေမင့် မဟုတ်တာလုပ်တဲ့ သူတွေကို ဖွင့်ချပြီး ဘယ်သူကမှ မရေးကြဘူး။ သစ္စာတရားကိုသာ ကြည့်တဲ့သူ၊ ရဲတဲ့သူ တယောက်ယောက်က ရေးသင့်ပြီကွ။ ကိုယ်လဲ ဆရာဝန်ဆိုပေမင့် စာရေးတတ်ပါတယ်၊ ကျောင်းတုန်းက အိုးဝေမဂ္ဂဇင်းမှာ ရေးဖူးပါတယ်။ အခြေအနေ အမှန်ကို ပွင့်ပွင့်လင်းလင်း စာအုပ်ရေးချင်တယ်။





ငါရေးလိုက်တာကြောင့် နည်း မှန် လမ်း မှန် တိုက်နေကြတဲ့ ဒီမိုကရေစီ တိုက် ပွဲ ဝင် တွေ ကို ထိ ခိုက် လေ မလား လို့ မရေး ရက်ဘူး။ ဘုရားပေါ်တက်ပြီး သောင်း ကျန်း တဲ့ ခွေး တွေ ကို ခဲ နဲ့ ပစ်ရင် ဘုရားကို ထိ မှာ စိုး ရ သလို ပေါ့ ကွာ။”

ဆရာဝန်ကြီးသည် ကော်ဖီတခွက်ပြီး တခွက်သောက်၍ မမောမပမ်း ရင်ဖွင့်ရှာသည်။ မျက် ရည် များ ပင် ကျ ရှာသည်။ ဘသိန်းဝင်းခေါ် ဇာနည် ခေါ် ဗမိုးတယောက်သည်ပင် သူ၏ ရင်တွင်းမှ မုန်ညှင်းစေ့ခန့်ရှိသော မျိုး ချစ် စိတ် ဓာတ် ကလေး က အညှောင့် ထွက်လာ သည်။ မည်သည့်လမ်းကို မြန်း မည် နည်း ဟု စဉ်း စား မိသေးသည်။

ဓားလွတ်ကို ဆွဲပြီး ဆရာပုကြီး၏ လမ်းစဉ်ကို ထောက်ခံကာ တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ သုသာန်ပြည် တစ္ဆေချင်း စကားပြောတသောသောနေရော့လဟယ် ဟု လူစွမ်းကောင်းလုပ်မည်လော။

* * *

(၅)

## ကျပ်တို့ လူမျိုး သူနိုးရှိသည်

ဇမိုးသည် ဆရာပုနှင့် တွေ့လိုက်မိပြီး ဆရာပု၏ အမြင်ကို သိရသော အခါ စိတ် ရှုပ် သွား သည်။ အမေရိကန်ရှိ ဒီမိုကရေစီ ခေါင်းဆောင်ကြီးများ၏ မျက်နှာဖုံးကို ဆရာပုက ချွတ်ပြသောအခါ သူထင်သည်ထက် ဆိုးနေသည်ဟု သိရသည်။ ထိုကြောင့် မိမိက မှန်မှန်ကန်ကန် လုပ်ဆောင်၍ ဇာတိမြေ၏ အကျိုးပြုရန်ပင် စိတ်ကူးမိသေးသည်။ တဘက်ကလည်း ရန်ကုန်က ဖြစ်ရပ်များကို မြင်ယောင်ပြန်သည်။ ဗိုလ်ချုပ်ကြီးများသာမက သားတော် သမီးတော် ဆွေ တော် မျိုးတော် ယောက္ခမတော် ယောက္ခတော် ခယ်မတော် ဆွေတော် ရှစ်သောင်း မျိုးတော်ကောင်းမှန်သမျှတို့ ကျီကျီတက်ကြွယ်ဝနေကြပါလျက် လာဘ်စားမှုကို မလျှော့နိုင်ဘဲ ရနိုင်သမျှ လာဘ်စားနေကြဆဲရှိသေးသည်။

* * *

"ရ တနာ ပြ ပွဲ ကျင်း ပ တော့ မယ် တဲ့၊ နိုင် ငံ ခြား ငွေတွေ ဝင် လာ တော့ မယ်"

"ဒါပေမင့် ထိပ်ဆုံးက ထိပ်သီးကတော်ကြီးက ဦးဦးဖျားဖျား သွားကြည့်ပြီး ကြိုက်တာတွေကို ... "

"မဆလအစိုးရခေတ်က ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ ဒေါ်ခင်မေသန်း တို့က နိုင်ငံခြား ခိုးထုတ်ဖို့ ကြိုက်တာတွေကို ငွေမပေးဘဲ နှိုက်ယူတာမျိုးကိုမလုပ်ကြပါဘူး။ ငွေပေးပြီးဝယ်တယ်လို့ကြားရပါတယ်။ ကျောက်





တွေ အများကြီး ဝယ် ပြီး စု ကြ တယ် တဲ့။ ဝယ်တာပါ။ ဝယ်နိုင်လို့ ဝယ်တာပေါ့"

"ဟုတ် ပါ တယ်။ ဟုတ်ပါတယ်။ ဒေါ် ဒေါ် ပြုံး၊ ဒေါ်ဒေါ်လှိုင် ဒေါ်ဒေါ်နိုင်တို့က ငွေပေးဝယ်ကြတာပါ။ အလကား မယူကြပါဘူး။ တရားမျှတပါတယ်၊ တို့ကိုယ်တိုင် မြင်လိုက်ရပါတယ်၊ ဒေါ်လာ တသောင်းလို့ ဈေးရေးထားတဲ့ နီလာကြီးတလုံးကို တဒေါ်လာ ငါးကျပ် ပြားခုနှစ်ဆယ်နှုန်းနဲ့ အစိုးရက သတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့ မြန်မာကျပ်ငွေ စက္ကူ ငါးသောင်း ခုနှစ်ထောင် ပုံပေးပြီး ဝယ် သွား တယ်လေ။ အဲဒီတုန်းက မှောင် ခို ဈေး မှာ တဒေါ်လာကို ကျပ်ကိုးရာဆိုတော့ နီလာကြီးက ဗမာကျပ်ငွေ သိန်းကိုးဆယ် တန်တယ်။ သိန်းကိုးဆယ် တန် နီလာကို ကျပ်ငါးသောင်းနဲ့ ဝယ်လို့ရရင် လူတိုင်းဝယ်မှာပေါ့" လူကြီးကတော်များက နိုင်ငံခြားငွေ စက္ကူနှင့် ဝယ်သည့်အခါလည်း ရှိပေသည်။

သုံးဘီးကား အငှားမောင်းသူဘဝမှ ဘိန်းချပြီး ဘိန်းကုန်သည် အဖြစ် လုပ်ငန်းပြောင်းသဖြင့် သန်းကြွယ်သူဌေးဖြစ်နေသူသည် အတွင်းရေးမှူး (တစ်) ၏ အရိပ်ကို ခို၍ အကာအကွယ် ရရှိရန် လိုအပ်သဖြင့် ဇနီးဖြစ်သူအား အဖိုးတန် လက်ဆောင်များနှင့် မကြာခဏ စေလွှတ်ရသည်။ မမဒေါက်တာနှင့်သာ တွေ့ခွင့်ပေးသည်။ လက် ဆောင် များ ကို မမ ဒေါက်တာအား ဆက်သရသော။ လက်ဆောင် ကို မမ ဒေါက် တာ ၏ လက် သို့ အပ် လျှင် လုပ်ငန်းပြီး စီးသည်။ တကြိမ်တွင် အိမ် တော် သို့ သွား စဉ် တွင် အမျိုးသမီးက လက်ဆောင်ထုပ်ကို ကော်ဖီစားပွဲ၏ ထောင့်တနေရာသို့ တင်ကာ ဆက်သသည်။ မမ ဒေါက်တာက လက် ဖျား နှင့် မတို့။ အထုပ် သေးလျှင် ရွှေ၊ စိန်၊ ကျောက် လက် ဝတ် ရတနာဟု သိသည်။ တီဗီ၊ ကင်မရာ၊ ကွန် ပျူ တာ စသော နိုင်ငံခြားပစ္စည်းပေးလျှင် ထိုပစ္စည်းကို မူ လ အထုပ်မပျက် ပေး ရ သည်။ နဝတ ကြီး တို့ ၏

အိမ်တော်များတွင် နိုင်ငံခြား ပစ္စည်းများ အမျိုးစုံ အလျှံပယ် ရှိကြသည်။ သူတို့သုံးစွဲရန် မလိုတော့သဖြင့် မှောင်ခိုဈေးသို့ ပို့ရန် အထုပ်မပျက် နိုင်ငံခြားက လာသည့်အတိုင်း ပေးကြ ရသည်။ လာသမျှကို ကား ဂို ဒေါင် တွင် သို လှောင် ကာ မှောင်ခိုဈေးသို့ ပို့ သည်။

"ညီမရဲ့ ပါ တိတ် အဆင် မျိုး မမ မမြင် ဖူး သေး ဘူး"

"ဗိုလ် ချုပ် ဈေး က ဝယ် တာ ပါ။ ဝယ် တာ ၆ လရှိ ပါ ပြီ မမ။ ဒီ အဆင်က ရိုး နေ ပါ ပြီ။ ဒီအဆင်ပေါ်စက မမက နိုင်ငံခြား သွား နေ ချိန် မို့ သတိ မပြု မိ တာ ပါ "

"ဟုတ်ပါလိမ့်မယ်။ ဟုတ်ပါလိမ့်မယ်။ မမက ပါတိတ်အဆင်ကို မျက်ကျမိတာက ညီမရဲ့ စိန် နား ကပ် အရောင်ကြောင့် ထင်ပါရဲ့။ ပါ တိတ် အရောင်နီနီကြောင့် စိန် နား ကပ် က ပို ဝင်း တာ နဲ့ တူ ပါ တယ်"

"ဟဲဟဲ ... ဟဲဟဲ မမကလဲ မြင်တတ်လိုက်တာ ဟဲဟဲ"

"ကျောက် ကောင်း စိန် ကောင်း ဆို တာ ကျက်သရေရှိတယ်။ ငါ သေ သေ ချာ ချာကြည့် ပါ ရစေ ဟယ်"

အမျိုးသမီးက နားကပ်ကို ချွတ်၍ ပြရသည်။ မမဒေါက်တာသည် ဆေးကုရန်မလိုတော့သဖြင့် နားကြပ်မဆောင်တော့ပြီ။ ပေါ့ပါး၍ လှပသော လက်ကိုင်အိတ်ငယ်တခုကိုသာ ကိုင်သည်။ အိတ်ငယ်ကို ဖွင့်ကာ အိပ်ထဲ၌ အမြဲပါသည့် ကျောက်မျက်ရတနာ ကြည့်သော မှန်ဘီလူးငယ်နှင့် သေသေချာချာကြည့်သည်။

"တကယ်ကို ကောင်းတဲ့စိန်ပါလား။ ညီမနဲ့ တကယ်ကို လိုက်တယ်။ ဘယ်လောက်ပေးရသလဲ"

"ဒေါ်လာ ရှစ် ရာ ထဲ ပေး ရ ပါ တယ်။ ဈေး များ သ လား မသိဘူး" သူ တို့ လူ တန်း စား သည် အကောင်းစား အဖိုးတန် များ ကို သာ သုံး လေ့ ရှိသ ဖြင့် ပစ္စည်း ပစ္စယ ဝယ် သ မျှ ကို ဒေါ် လာ နှင့် ဝယ် ကြ ရလေ့ ရှိ သည်။ အမှန်အားဖြင့် ဤစိန်နား





ကပ် ကို ဒေါ် လာ ၅,၀၀၀ နှင့် ဝယ် ခဲ့ သည်။ ထိုရွေ့ထိုမျှ တန်ဖိုး ကြီးသည့် စိန် ကို ပန်သဖြင့် မမ ဒေါက်တာက မနာလို ဝန်တိုဖြစ် လေ မည် ကို စိုး ရွံ့ သဖြင့် ဒေါ် လာ ၅,၀၀၀ တန် နားကပ်ကို ဒေါ် လာ ၈၀၀ နှင့် ဝယ်ခဲ့သည်ဟု မုသားသုံးကာ လျှော့ပြောသည်။ အမျိုးသမီးသည် လူရည်လည်သည်၊ ဖြတ်ထိုးဉာဏ်ကောင်းသည်၊ သို့သော် မမ ဒေါက် တာ ကို ဤသို့ စမ်း ၍ မရသည်ကို သူမသိ ရှာ။ မမဒေါက်တာက သူ့ထက် အဆပေါင်းများစွာ လူရည်လည် သည် ကို မသိ ရှာ။

"ဟယ် ညီ မ က အဝယ် တော်တယ်ကွယ်။ အသစ် ထပ် ဝယ် ပါ။ မမက ဒေါ် လာ နှစ်ရာ အမြတ် ပေး ပါ မယ်။ မမ လိုချင် လို့ ပါ၊ မမက အပြင် ထွက် ပြီး ဈေးဝယ်ဖို့ မတင့်တယ်လို့ပါ"

မမဒေါက်တာက နား ကပ် ကို ပြန် မပေး တော့ဘဲ အသစ်စက် စက် ဒေါ်လာတရာတန် ဆယ်ရွက်ပေးကာ ၅,၀၀၀ တန် နား ကပ် ကို ဝယ် လိုက်လေ သည်။

အတွင်း ရေး မှူး (တစ် ) ထက်မြင့်သော နံ ပါတ် ဝမ်း ကြီး ကတော် ဒေါ်ဒေါ် ချိုင် ချိုင် က မူ လာဘ်ပေးလာသူများကို ကော်ဖီ မတိုက်သည် သာမက အတူ ယှဉ် တွဲ ထိုင်ခွင့်ပင်မပေး။ ခန်းမကြီး ထဲ၌ သလွန်ပုံ မှန် စီ ရွှေချ ကု လား ထိုင် ကြီး တလုံးသာ ချ ထား သည်။ မိ ဖုရား ခေါင် ကြီး ဟန်နှင့် ထိုင် လေ့ ရှိ သည်။ လာဘ်ပေး လာသည့် ဧည့်သည်မှန်သမျှကို အချိန်အခါမရွေး လက်ခံ၍ တွေ့ဆုံ သည်။ သို့သော် ဧည့်သည်ထိုင်ရန် ကုလားထိုင်မထား။ ခင်ပွန်း ရာထူးတိုးလိုသူ စစ်ဗိုလ်ကြီးကတော်များမှ ကုဋေတန် စီးပွားရေး ကိစ္စ ရေး ရာ များ အထိ အမိန့်ကျရန်အတွက် လက် မှတ် ထိုးသည့် ဖီးမာရှယ်ကြီး၏ ကလောင်ကို ဒေါ် ဒေါ် ချိုင်ချိုင်က ဆုတ်ကိုင်ထား သည်။ ဒေါ်ဒေါ်ချိုင်ချိုင်နှင့် တွေ့ခွင့်ရလျှင် ကိစ္စမှန်သမျှ ပြီးစီးသည်။ ပေးဆက်သော လာဘ်ကို ဒေါ်ဒေါ်ချိုင်ချိုင်က ကိုယ်တိုင် လက်ခံ

ယူသည်၊ ထိုဖြည့်သည်များ တိုတိုပြောပြီး ပြန်စေလိုသဖြင့် ကုလား ထိုင် အပို ချ မထား ဟု ဆိုသည်။ ပါး လျက် နားလျက်ပြုလိုသူတို့ သည် သလွန် ခြေ ရင်း မှ ကော်ဇောပေါ် ဒူးတုပ်၍ ထိုင် ကာ သံ တော် ဦး တင် ကြ သည် လည်း ရှိ သည်။

တပ်မတော် အာဏာပိုင် နံပါတ်တူး ဗိုလ် ချုပ် ကြီး ကတော် ဒေါ်ကျောက်စိမ်းကလည်း တပ်ထဲမှ အရာ ရှိ ကြီး များ ၏ ရာ ထူး အတိုး အပြောင်း အတွက် လာရောက်သူ စစ်ဗိုလ်ကြီးကတော်များ ကို ကြာ ကြာ လက် မ ခံ။ အခန်းတွင် တိုတိုပြောကြပါဟုပင် စာ ချိတ် ဆွဲ ထား သည်။ ကိစ္စကို တိုတိုပြောစေပြီး လက်ဆောင်ကို ယူ ကာ အမြန် ပြန်စေသည်။ စစ်ဗိုလ်များ ရာထူးတိုးရေး၊ ပြောင်းရွှေ့ ရေးကိစ္စကို သူကသာ ဆုံးဖြတ်စီစဉ်သဖြင့် ကတော်များ အားကိုး ကြရသည်။

နံ ပါတ် တူး ဗိုလ် ချုပ် ကြီး သည် ‘သန်းခေါင်ကိုလေ၊ နေ့ မမှတ်ပါတဲ့၊ ဖိုးကျောင့်တကာ’ တေး ကို အမြဲ ဆို နေသူ ဖိုးမင်းကျော် နှင့် အမြဲတစေတွဲ၍ ကနေသူဖြစ်သဖြင့် တပ်၏ အရေးကိစ္စများကို ဂရုစိုက်လေ့မရှိ။ ဗိုလ်ချုပ်ကြီးကတော်အား တာဝန်လွှဲထားသည်။ သို့သော် အပိုင်စား ရယူထားသော ကျောက်တွင်း မှန်သမျှတို့မှ ကျောက်ကောင်းထွက်ရေးကိုမူ ကိုယ်ဖိရင်ဖိ ဂရုစိုက်သည်။

အမေရိကန်တွင် ဖို့ မော် တော် ကား သူဌေးကြီးက မော်တော် ကား ကို တကြိမ် တစီးစီ ထုတ်လုပ်သော စနစ်မှ တကြိမ်တည်း စီးရေ အမြောက်အများ ထုတ်သော စနစ်ကို တီထွင်ပြောင်းလဲခဲ့ သဖြင့် သူဌေးဖြစ်ခဲ့သည်။ သူကမူ ကျောက် တွင်း များ မှ ကျောက် အမြောက်အများကို တ ကြိမ် တည်း ထုတ်ယူသော စနစ်သစ်ကို သုံးသဖြင့် သူ ကြွယ် ကြီး ဖြစ် နေ သည်။ ထို ကြောင့် အမေရိကန်၊ အင်္ဂလန်နှင့် ပြင်သစ်ပြည် ကျောက်ဆိုင်များတွင် မြန်မာ ကျောက် အများဆုံး ခင်း ကျင်း ပြသ ရောင်း ချ နေ ကြ သည်။ နိုင်ငံခြား၌





ကျောက် ကုန် သည် များ အလုပ် ဖြစ် စေရန် ကြော် ငြာ ရ သည်။ ကျောက်အများ တကြိမ်တည်း အစုလိုက် အပုံလိုက် ထုတ်ယူသည့် စနစ်ကို သုံး၍ ထုတ်လုပ်နေသည်။ **Mass Production Jewelery** အမည်နှင့် မှတ်တမ်း တင် ဗွီဒီယိုကို ဥရောပ ကျောက် ဆိုင် များ တွင် ပြသကာ ကြော်ငြာသည်။

သူ ၏ ကျောက် တွင်း များ မှ ကျောက် မျက် များ ပါ သော မြေများ ရွှံ့များကို စက်နှင့် စုပ် တင် သည်။ ထိုရွှံ့မြေများမှ ခဲသလဲ များကို ဖယ်၍ ကျောက် ရှာ ရန် အတွက် အလုပ် သမား ရာနှင့် ချီ၍ ငှား ထား ကာ ရှာ စေ သည်။ ထိုကျောက်ရှာ အလုပ်သမား များသည် တန်း စီ ၍ ကျောက် ရွေး ကြ ရာ တွင် ညာလက်နှင့်သာ ရှာ စေ သည်၊ ဘယ် လက် ကို နောက် ကျော တွင် ကပ် ထား ရ သည်ကို ကြော်ငြာ ဗွီဒီယိုတွင် မြင်ကြရသည်။

ကျောက်ရှာသူ ဆယ်ယောက်တတွဲကို ဖိုမင်တယောက်က ကြည့်စေကာမှ လက်နှစ်ဖက်နှင့် ကျောက် ရှာ လျှင် ခိုး နိုင် သည်။ ထိုကြောင့် လက်တဘက် နှင့်သာ ရှာ စေ သည်။ တရာ နှစ်ရာရှိ သော အလုပ်သမားများကို အမြဲအစဉ် ဘယ်လက်ကို ကျော၌ ကပ် ထားကြရသော်လည်း အလစ် တွင် ဘယ်လက် ရော ညာလက် ပါ အသုံးပြုကာ ခိုး သည် လည်း ရှိ သည်။ ထို မရိုးမဖြောင့်သူများကို ကျောဖက်မှ စောင့်ကြည့်သူ စစ်သားက သေ နတ် ဒင် နှင့် ဆောင့် ကာ ဖမ်းဆီး အပြစ်ပေးသည်ကိုမူ ဗွီဒီယိုတွင် မပြပေ။ ကျောက် မျက်ရတနာကို အလုပ်သမား အများနှင့် အမြောက်အများ တပြိုင် တည်း ထုတ်လုပ်သော စနစ်ကို ဗိုလ်ချုပ်တူးကြီးက ကမ္ဘာပေါ်တွင် အစ ပထမ တီထွင် လုပ်ကိုင်နေသည်ဟု ကြော်ငြာသည်။

ကျောက် ကောင်းများလည်း အောင်သည်။ အများအပြား ရရှိသည်။ အမေရိကန် သန်းကြွယ်သူဌေးကြီး မစ္စတာ ထရန့် ကတော်ဟောင်း အိုင် ဗာနာထရန့်ပိုင် လက်ဝတ်ရတနာစာရင်းတွင်

မြန်မာပြည်ထွက် နီလာကြီးကို စိန်ရံထားသော လက်စွပ်ကြီးသည် အကောင်းဆုံးတခု ဖြစ်သည်ဟု အမေရိကန် သတင်းဂျာနယ်တို့က ရေးကြသည်။ ထိုနီလာကြီးကို အမေရိကန်ဒေါ်လာတသန်းနှင့် ဝယ်ခဲ့သည် ၂၀၀၃ ခုနှစ်တွင် ဒေါ်လာ သုံးသန်းတန်နေပြီဟု ဆို သည်။

နဝတတက်ချိန်က သစ် ထုတ် လုပ် ရောင်း ချ ရေး၊ ပုလဲ ကျောက်သံပတ္တမြားထုတ်လုပ် ရောင်းချရေးကို အစိုးရကသာ လုပ်ပိုင် ခွင့် ရှိ သည် ဟု ၁၉၈၉ ခု မတ်လက ကြေငြာသော်လည်း ဒေါ်လာသန်းများစွာ တန် ဖိုး ရှိ သော ကျောက်ကောင်းများကို ရောင်း ချ ၍ ရ ရှိ ငွေ ကို အစိုးရ ဘဏ္ဍာသို့ ဗိုလ်ချုပ်ကြီး မောင် အေး ပေး သွင်း ကြောင်း စာ ရင်း မတွေ့ ရ ပေ။

၁၉၉၁ ခု ဖေဖော်ဝါရီလ ၁ ရက် နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် သန်း ပေါင်း များ စွာ တန် သော မိုးကုတ်ကျောက်များ လာရောက်ရောင်းချသူ မြန်မာတဦးအား မြန်မာ စစ်စုံထောက်များက ဖမ်းမိကာ ကျောက်များကို ရန်ကုန်သို့ ပြန်ယူခဲ့သည်ဟု ရန်ကုန်သတင်းစာများတွင် ဓာတ်ပုံများနှင့် ဖော် ပြသည်။ ပြန်ယူလာသည့် ကျောက်များတွင် ကမ္ဘာပေါ်တွင် အကြီးဆုံးကျောက်ကြီးတလုံးဟု သတ်မှတ်ရသော ရတီချိန် ၄,၂၃၀ ရတီ ရှိသည့် နီလာကျောက်ရိုင်းကြီးတလုံး ပါသည်။ တန်ဖိုးမဖြတ်နိုင်သည့် ကျောက်ကြီးဖြစ်သည်ဟု ထိုနေ့ မြန်မာ သတင်းစာများက ဖော်ပြသည်။ ဤရွေ့ ဤမျှတန်သော ကျောက်ရိုးလုပ်ငန်းသည် နိုင်ငံခြားသုံးငွေတင်းနှင့် ချင်တွယ်ရသည်အထိ ဝင်ငွေရှိနေသည်။ ထိုကြောင့် ကျောက်အများအောင်ပြီး ငွေထားစရာ မရှိသဖြင့် ဗိုလ်ချုပ်ကြီး မောင် အေး သည် ကိုယ်ပိုင်ဘဏ်တိုက် တည်ဆောက်ထားရသည်။

စစ် ဗိုလ် ချုပ် ကြီး သုံး ဦး တို့ ၏ ကိုယ် ပိုင် သူခိုး လုပ်ငန်းများအပြင် စစ် ဗိုလ် ကြီး အများ တို့ နှင့် စု ပေါင်း ကာ အပိုဝင်ငွေ ရအောင် တီ ထွင်ထား သော လုပ် ငန်း ကြီး က လည်း ဝင် ငွေ





မြောက် များ စွာ ရ ရှိ နေ ကြသည်။ နဝတအဖွဲ့ အခြေကျစ ကာလတွင် ပုဂ္ဂလိက စီး ပွား ရေး စနစ်၊ ဈေး ကွက် စီး ပွား ရေး စနစ် ကို ချမှတ်သောအခါ အ ရပ် သား များ ပိုင် ဆိုင် ခွင့် မရှိဘဲ စစ် ဗိုလ်ကြီး များ သာ အစု ဝယ် ယူ ၍ ပိုင် ဆိုင် ခွင့် ရှိ သော လက် ဝါးကြီး အုပ် ကုမ္ပဏီကြီး တခုကို တည်ထောင်ခဲ့သည်။ စီးပွားရေး လုပ်ငန်းကြီးများ တည်ထောင်လျှင် နိုင် ငံ ခြား သုံး ငွေ ကို အရင်းအနှီးအဖြစ် မြှုပ်နှံနိုင်မှသာ ဖြစ်မြောက်နိုင်သည်။ ပြဿနာမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရစဉ်က မြန် မာ နိုင် ငံ သား တို့ အဖို့ နိုင်ငံခြားသုံး ငွေ ပိုင် ဆိုင် ခွင့် မရှိ သဖြင့် စစ်ဗိုလ်ကြီးများတွင် နိုင် ငံ ခြားသုံးငွေ ဆယ် ဆင့် မျှ ပင် မရှိ ဖြစ် နေ သည်။ ထိုကြောင့် ကျပ်ကုဋေတထောင် ရင်း နှီး မြှုပ် နှံ မည့် ဦး ပိုင် ကော် ပို ရေး ရှင်းကြီးအတွက် လို သမျှ နိုင် ငံ ခြား သုံး ငွေ ၄၀ ရာ ခိုင် နှုန်း ကုဋေ တရာ့ခြောက်ဆယ်ကို အခွန်ထမ်းများပိုင်သော အစိုးရဘဏ္ဍာတော်တိုက်မှ ထုတ်ယူ ထည့်သွင်း မြှုပ် နှံ ရ မည် ဟု ၁၉၉၀ ခု ဖေဖော်ဝါရီလ ၁၉ ရက် နေ့စွဲ ကုန်သွယ်ရေး ဝန်ကြီး ဌာန အမိန့်ကြော်ငြာစာ အမှတ် ၇၁၉ အရ တည် ထောင် သည်။

စစ်ဗိုလ်ကြီးများအဖို့ ကျပ် ငွေ စက္ကူများနှင့် အစုဝယ်ယူခွင့်ရှိစေကာမူ တရား ဝင် စု ဆောင်း ထား သည့် ကျပ်ငွေစက္ကူကလည်း များပြားစွာ မရှိ ဖြစ်ပြန်သောအခါ နိုင် ငံ သား တို့ သည် မိမိတို့လက်ဝယ်ရှိ ကျပ်ငွေ စက္ကူများကို ဘဏ်တိုက်သို့ အပ်နှံလျှင် မည်သို့ဝင်ငွေရရှိခဲ့သည် ဟု စစ်ဆေးခြင်း မပြုဟု အမိန့် ထုတ်ပြန်ရသည်။ တရားမဝင်ရရှိထားသော ငွေကြေးများ၊ လာဘ် စား ၍ ရ ရှိ သော ငွေကြေးများ၊ ဘိန်း ချ ၍ ရရှိ သော ငွေကြေးများ စသည့် မသမာနည်းနှင့် ရရှိခဲ့သည့် စစ်ဗိုလ်ကြီးများပိုင် ငွေမဲ ငွေထုပ်ကြီးများသည် တရားဝင် ပိုင်ဆိုင်သော ငွေ ဖြူ ထုပ်ကြီး များ အဖြစ် ပြောင်းလဲကာ အစုငွေများ အမြောက် အများ ဝယ် ယူ ပိုင် ဆိုင် ခွင့် ရကြသည်။

ငွေမဲများကို လျှော် ဖွတ် ၍ ငွေ ဖြူ ဖြစ်လာသည့် ကျပ်ငွေစက္ကူကို သူ တို့ က အရင်း မြှုပ် လေ သမျှ ၄၀ ရာ ခိုင် နှုန်း သော နိုင် ငံခြား ငွေ များ ကို အရပ်သားပြည်သူပိုင် ဘဏ္ဍာတိုက်မှ ထုတ်ပေးရပြန်သည်။ အစုရှင် စစ်ဗိုလ်ကြီးမှန်သမျှတို့သည် ကျပ်ငွေစက္ကူသာ အရင်းမြှုပ်ပါလျက် နိုင်ငံခြားသုံးငွေများကို အလိုအလျောက် ပိုင်ကြသော အရင်းရှင်များ ဖြစ်လာကြသည်။ စစ် ဗိုလ် တို့ ၏ ကျပ်ငွေစက္ကူများကို အရပ်သား အခွန်ထမ်းတို့ပိုင်သည့် နိုင်ငံခြားသုံးငွေ ဖြည့်စွက်ထားသည့် ဦးပိုင် အဖွဲ့ကြီးသည် ကြီးမားသော ငွေအင်အားကို အသုံးပြုကာ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် နိုင်ငံခြားမှ လာရောက်၍ ငွေရင်းမြှုပ်သော လုပ်ငန်းရှင်ကြီးများနှင့် အစုစပ် လုပ်ကြသည်။ စီးကရက်၊ ဘီယာ၊ အရက် စသော အမြတ်ကြီးများ ရနိုင်သော လုပ်ငန်းမှန်သမျှကို လုပ်ကြသဖြင့် နေ့ချင်းညချင်း သူဌေးကြီးများ ဖြစ်လာကြသည်။ ဦးပိုင် ကော်ပိုရေးရှင်းကြီးသည် လုပ်ငန်းအရပ်ရပ်အတွက် နိုင်ငံ၌ မြှုပ်နှံသော ငွေပင်ငွေရင်းအားလုံး၏ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်လာသည်။ စစ်ဗိုလ်ကြီးများအဖို့ ထိုထိုသော ကုမ္ပဏီကြီးများ၊ ကုမ္ပဏီခွဲများတွင် ဒါရိုက်တာလူကြီးများအဖြစ် ဆောင်ရွက်ရသည်ကလည်း လစာ ရိက္ခာရရှိကြသည်။ လုပ်ငန်းများတွင် သား သမီး၊ ယောက္ဖ၊ ယောက္ခမ၊ ချွေးမစသည့် ဆွေမျိုးများကို အမှုထမ်း ခန့်ထားခြင်းဖြင့်လည်း လစာအဖြစ် ကျပ်ငွေ နှင့်နိုင်ငံခြားသုံးငွေများ ရရှိကြသည်။ ဗဟိုဦးပိုင် ကော်ပိုရေးရှင်းကြီးကလည်း နှစ်စဉ်ရရှိသည့် အမြတ်ငွေများကို အစုရှင်တို့အား ထုတ်ပေးသည်ကလည်း စို့စို့မမ ရရှိသေးသည်။ တိုတောင်းသော ကာလအတွင်း စစ်ဗိုလ်ကြီးမှန်သမျှ သူကြွယ်ကြီးများ ဖြစ်လာကြသည်။ ရွှေတုံးရွှေခဲများ နိုင်ငံခြားသုံးငွေများ ထားစရာ နေရာမရှိတော့သည် အထိ ကြီးပွားကြတော့သည်။

စစ်ဗိုလ်ကြီးများသည် နိုင်ငံသားတို့၏ဘဏ္ဍာနှင့် နိုင်ငံပိုင်





သယံဇာတများမှ ထုတ်ယူကြွယ်ဝကြသည် ဖြစ်လေရာ သူတို့ချမ်းသာလေလေ အရပ်သား ပြည်သူအားလုံးတို့ ဆင်းရဲတွင်း နက် ကြလေလေ ဖြစ်ကြရသည်။ သယံဇာတများ ထုတ်လုပ်ရောင်းချရာ၌လည်း စစ် ဗိုလ် ကြီး များ မလုပ်တတ် မကိုင် တတ် ဘဲ အုပ်ချုပ် လုပ်ကိုင်ကြသဖြင့် လေလွင့်ဆုံးရှုံးမှုက လွန်မင်းစွာ များပြားသောကြောင့် နိုင်ငံသားတို့မှာ ပိုမို ဆင်းရဲရပြန်သည်။ အာဏာရထားသော စစ်ဗိုလ်ကြီးများသည် နိုင်ငံသားများ ခံစားနေရသည့် စီးပွားရေး ကြပ်တည်းမှုများကို လုံးဝ ဂရုစိုက်သူများ မဟုတ်ကြပေ။ ‘တို့စစ်ဗိုလ်ချုပ်တွေ ပြည်တော်သာဖို့ အရေးကြီး တာပဲ’ဟုပင် ပြောကြ သည်ဟု သတင်းသိကြရသည်။

တနေ့သောအခါတွင်မူ ပြည် တော် သာ နေ သော စစ်ဗိုလ်ကြီး များ လောကတွင် ကြီးမားသော ပေါက် ကွဲ မှု ကြီး ဖြစ် ပွားသည်။ ၁၉၉၇ ခု အောက်တိုဘာလက ပင် စင် စား ဗိုလ် ချုပ် ကြီး ဦး နေဝင်း နှင့် သမီးတော် ခင်စန္ဒာဝင်းတို့ စီး ပွား ရေး လုပ် ငန်းများ တိုး ချဲ့ ရန် အတွက် အင်ဒိုနီးရှားနိုင်ငံသို့ ခရီးထွက်ကြသည်။ မိတ်ဟောင်းဆွေ ဟောင်း စီးပွားဖက်ဖြစ်သူ သမ္မတကြီး မစ္စတာ ဆူဟာတိုနှင့် တွေ့ ကြသည်။ “ခင်ဗျားတို့ နိုင်ငံက လာဘ်စားတဲ့ စစ်ဗိုလ်တွေ များ လှချည်လား”ဟု အစချီကာ မြန်မာနိုင်ငံ၌ အင်ဒိုနီးရှားမှ သွားရောက်၍ ငွေရင်းမြှုပ်သူများအပေါ် မြန်မာ စစ်ဗိုလ်ဝန်ကြီးများက အနည်းနည်း အဖုံဖုံ လာဘ်စား ညှဉ်းဆဲသဖြင့် လုပ်ငန်းများတွင် ကျယ် ကြီး ပွား မှု မဖြစ် ဟု ညည်းညူလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ခြ တော ထဲ တွင် ထင်းရှူးသေတ္တာများနှင့် ဆောက်လုပ် ထားသည့် နိုင် ငံ ဖြစ် သည်။ လာဘ် စား မှု တွင် ထိပ်ဆုံးမှပြေးသည့် နိုင်ငံသာ ဖြစ် သည် သာ မက ဗိုလ် ချုပ် ကြီး ဆူဟာတို သည် ကမ္ဘာပေါ်တွင် လာဘ်စားမှု အများ ဆုံး စစ် ဗိုလ် ချုပ် ဖြစ် သည်။ ထို သို့ သော တိုင်းပြည် ထိန်ဘယ်သော ဗိုလ်

ချုပ်ကြီးက "ခင်ဗျားတို့ နိုင်ငံက လာဘ်စားတဲ့ စစ်ဗိုလ်တွေ များလှ ချည် လား" ဟု တိုင်တောသည်ကို နားဆင်ရသောအခါ ဦးနေဝင်းသည်ပင် တုံလှုပ်သွားရှာသည်။

ဦး နေ ဝင်း ခေတ် က လာဘ် စားပိုင် သော အ ခွင့်အရေးကို သူ နှင့် သူ ၏ မိသားစု တစု တည်း သာ လက် ဝါး ကြီး အုပ်ထား ခဲ့ သည်။ သူ ၏ လက် အောက် စစ်ဗိုလ်များအား အရိုးအပဲ့ အနည်းငယ်ကိုသာ စား နိုင် ခွင့် ပေး ခဲ့ သည်။ ယ ခု နဝတ အစိုးရ အဖွဲ့သည် တဖွဲ့လုံး အပြိုင် အဆိုင် လာ ဘ် စား နေ ကြ သည်မှာ လွန်သည်ထက် လွန်မင်းနေပြီဟု သိ ခဲ့ သည်။ ရန်ကုန်သို့ ပြန်ရောက်သောအခါ အာဏာမရှိတော့သော်လည်း သြဇာ အနည်းငယ်ရှိသေး သူ ဦး နေ ဝင်း က နဝတ အကြီးအကဲများနှင့်အတူ စစ်ဆေးသည်။ နဝတဥက္ကဋ္ဌကြီး၊ တပ်မတော်၏ ဒုတိယစစ်ဦးစီး ကြီးနှင့်အတွင်း ရေး မှူး တစ် နှစ် သုံး လေး ငါး ခြောက် ခွန် တို့ပါ အပြိုင်အဆိုင် လာ ဘ် စား သည် ကို တွေ့သိ ရ သည်။ လာဘ်စား သူများ ကို အပြစ် ပေး ရ မည် ဆို ပါ က မိမိ–ဦးနေဝင်းကစပြီး စစ်ဗိုလ်ကြီး အားလုံးတို့ တန်း စီ ကာ ထောင်သို့ သွားကြရပေမည်။ ထိုကြောင့် အာဏာကြီးသူတို့က အာဏာငယ်သူများကို စတေးရန် ပူးတွဲ စိ စစ် ရေး အဖွဲ့ က ဆုံး ဖြတ် ရ သည်။ နဝတ အဖွဲ့ဝင် ၁၉ ဦး ကျန် ရှိ သည့် အနက် စစ် ဗိုလ် ကြီး ၁၄ ဦး တို့ ကို စတေးရသည်။ သူ တို့ အိမ် များ မှ ရတနာ ရွှေ ငွေ ကျောက် သံ ပတ္တမြားများ ဇိမ်ခံကားများကို သိမ်း ၍ ရာ ထူး မှ ဖယ် ရှား ရ သည်။ သို့သော် မည် သူ ကို မှ တရား ဥ ပဒေ အရ အရေး မယူ ဝံ့ ပေ။

ရာဇဝတ်မှုဟူသည်မှာ ညောင် မြစ် တူး လျှင် ပုတ်သင်ဥပေါ်တတ် သည်။ စစ် ဗိုလ် ကြီး ၁၄ ဦး တို့ကို ဆွေ ခွန်နစ်ဆက်၊ မျိုးခွန်နစ်ဆက် စားလောက်အောင်ပေးကာ လူကွယ်ရာ ဒေသတို့၌ စည်းစိမ်ခံစား နေရန် စီ စဉ် ရ သည်။ ဦးပိုင်ကော်ပိုရေးရှင်းက နှစ်





စဉ် မှ ချ မြတ် စွန်းရသော အမြတ် ငွေ များ ကို လည်း နှစ် စဉ်ခွဲပေးရသည်။ ရာ ထူး မှ ဖယ် ရှား ခံ ရ သူ တို့ ့ အဖို့ လူ စင် စစ်က နတ် ဖြစ် သွား ကြ တော့ သည်။

နိုင် ငံ တော် ၏ ရသုံး ခန့် မှန် ခြေ ငွေ စာ ရင်း မှာ လုံးပါးပါးနေသော်လည်း ၁၉၉၇ ခု စာရင်းများအရ ဦးပိုင် အဖွဲ့ ကြီး သည် ကျပ် ငွေ  ၃၅၃,၁၉၅ ကုဋေနှင့် နိုင် ငံ ခြား သုံး ငွေ အ မေ ရိ ကန် ဒေါ် လာ ၅၆,၈၃၃ ကုဋေကို ပိုင် ၍ ငွေ ရင်း မြှုပ် နှံ ကာ ကြီး ပွားစည် ပင် ဆဲ ရှိ နေ သည်။ ဦး ပိုင် အဖွဲ့ ကြီး ၏ စာရင်း များကို သိလို ပါ သည် ဟု နိုင် ငံ ခြား သတင်းထောက်တို့က မေး ကြသည်။ စာရင်းပြလိုလျှင်လည်း စာရင်းမပြနိုင်ပေ။ မိမိတို့ အုပ်ချုပ်သည့်လုပ်ငန်းကို မိမိ တို့ ထင် သလို လုပ် ဆောင် သည်။ ကုမ္ပဏီ လုပ်ငန်းအများကို ဦးသူစားကြေး တဦးကိုတဦး နှောင့်ယှက်မှု မပြုရေးစည်းကမ်းရှိသော ကြောင့် စာရင်း မရှိ အင်း မရှိ လုပ် ဆောင် နေခဲ့ကြသည်။ စစ် ဗိုလ်ချုပ် ကြီး များ သည် ဦး ပိုင် ကော် ပို ရေး ရှင်း၏ စာရင်း၊ နိုင်ငံသားတို့ ပိုင်သည့် အစိုးရ ဘဏ္ဍာတိုက်မှ ထုတ်ယူသည့် စာရင်း တို့ ကို ရှင်းလင်းရန် တွေးတောမှုပင်မပြုကြပေ။ မည်သည့်အခါ တွင် မှ စာရင်း ရှင်း လင်း မဟုတ်သည် မှာ မုချဖြစ်၏။

* * *

ရန် ကုန် တွင် နေ စဉ် က ကြား မြင် သိရှိ ခဲ့ ရသည့် သတင်းများ ကို ဗမိုး ကြား ယောင် မိ သည်။ စစ်အစိုးရလူကြီးများသည် သူခိုး များ သာ ဖြစ် ကြ သည်။ အမေရိကန်မှ မြန်မာ ဒီမို ကရေစီ ခေါင်းဆောင်များကလည်း သူခိုးသာ ဖြစ်သည်ဟု ဆရာပုက ပြောသည်ကို မိတ် ဆွေ ထွန်း ရွှေ မောင်နှင့် ဆွေး နွေး မိ သည်။ ဆရာပုက ဒီလိုပဲ အ မြဲ ပြော တယ်။ သူ က ကွန် ပျူ တာ နဲ့ တိတိ ကျကျ မှတ်တမ်းတင်တယ်တဲ့။ ဒါ ပေ မယ့် သူ တ ဦး တည်း ရဲ့ အမြင်

အပုအဆလို့ သဘောထားရမှာပဲ။ ငွေကို အရယူပြီး ကောင်း တာ လုပ် သူ လဲ ရှိကောင်း ရှိနိုင်ပါတယ်” ဟု ဖြေသည်။

နောက်ဆုံး တွင် ရန် ကုန် ၌ လည်း သူ ခိုး၊ အမေ ရိ ကန် ၌ လည်း သူ ခိုး တို့ သာ ကြီး စိုး နေ သည် ဟု တွေးမိသောအခါ “အား လုံး ခိုး နေ တဲ့ ခေတ် ကြီးမှာ ငါ က ဘာ လို့ မိုး ခါး ရေ ခွက် ကို သွန် ပစ် ကာ သူတော် ကောင်း လုပ်နေရမှာလဲ” ဟု နှုတ် မှ ထွက် မိ သည်။ သူ ၏ မူ လ ရည်ရွယ်ချက်အတိုင်း ရနိုင်သော နည်း နှင့် ငွေ ရှာ မည် ဟု ဆုံး ဖြတ်လိုက်သောအခါ ဇမိုးသည် တကိုယ်တည်း ပြုံးမိ၏။

ငွေရှာသည် ဖြစ် စေ၊ ဒီမိုကရေစီရှာသည် ဖြစ်စေ အမေရိကန် ရောက် ရွှေဗမာ တယောက် အဖို့ အရေးအကြီးဆုံး လိုအပ်သော အရာမှာ အမေ ရိ ကန် နိုင် ငံ သား လက်မှတ် ဖြစ်သည်။

ဇ မိုး သည် မြန် မာ သံ ရုံး ရှေ့တွင် ဆန္ဒပြစဉ်က ဓာတ်ပုံ ရိုက် ယူ သွား သော ဓာတ် ပုံ ဆရာ ထံ သို့ သူ ပေး ထား သည့် လိပ်စာကပ် အတိုင်း တယ် လီ ဖုံး ဆက် ကာ သွားသည်။ ဇမိုး ရောက်သည်နှင့် ဓာတ်ပုံဆရာက ဆန္ဒပြပွဲတွင် ရိုက်ခဲ့သော ဓာတ် ပုံအများကို ထုတ်ပြသည်။ ဇမိုး၏ရုပ်က ပေါ်လွင်ပီသသော ဓာတ် ပုံ ငါး ပုံ ကို အသင့် ကူး ထား သည်။

“ဘယ် လောက် ကျ သလဲ ဆရာ”

“တပုံ နှစ် ဆယ်၊ ငါး ပုံတရာ”

“အွန့် . . . ဈေးကြီး တယ် နော်”

“ဒါ ထုံး စံ ပါ။ ကိုယ့် လူ ကို အိမ်ဖြူတော်ရှေ့မှာ ကိုယ် ဟန်ပြတာကို ရိုက် ရ ရင် တပုံ ငါးဒေါ်လာပဲတောင်းတယ်။ သံ ရုံး ရှေ့မှာဆိုတော့ ကိုယ့် လူ က နိုင် ငံရေး ခို လှုံ ခွင့် လျှောက် ဖို့ မဟုတ်လား” ဇမိုးအဖို့ အွန့်က နဲ မြည် မိ သော် လည်း ဈေး မဆစ်ဝံ့ဘဲ ဓာတ်ပုံဆရာ့ အိမ်တွင် ချိတ် ပြ ထား သော ၁၂ လက်





မရှိ ဒေါ်အောင်ဆန်းစုကြည်၏ ပုံကြီးကိုပါ မိမိအိမ်၌ အဆောင်အ ယောင်အဖြစ် ချိတ် ဆွဲ ရန် ဝယ်ခဲ့ရသေးသဖြင့် ဒေါ်လာ ၂၀၀ ထွက် သွား သည်။

ဓာတ် ပုံ ဆ ရာ က ပြေ စာ မပေး။ ရှေ့ နေ က ဒေါ် လာ ၁,၅၀၀ တောင်း သည်။ လူဝင် လူ ထွက် ရုံး က စစ် ဆေး သော အခါတွင် အင်္ဂလိပ် ဘာ သာ စကား မပြော တတ် ပါ ဟု စာ တင် ထားသဖြင့် မြန်မာစကားပြန်ကို ဒေါ်လာ ၅၀၀ ပေးရ သည်။ မြှုပ် နှံ ရသော ငွေပင် ငွေ ရင်း က လည်း ကြီး သည်။ ရန် ကုန် မှ ထွက် လာစဉ်က စက္ကူ ပူ ဘဏ် ၌ အပ် ထား ခဲ့ သော စု ဆောင်း ငွေ များကို ထုတ်ယူခဲ့သဖြင့် ဇမိုး သုံး နိုင် သည်။ တထောင်ထွက် လျှင် တသိန်းဝင်မည်မှာ မုချဟု သူက တွက် ထား သည်။ ပေးရ မည့် ငွေ များ ကို ပေး ပြီး မှ ကိုယ် ရေး ရာဇဝင် ကို တင် ရာ၌ မြန် မာ နိုင် ငံ ဗက် ဆစ် စစ် အစိုး ရ က ဖမ်း ဆီး နှိပ် စက် ခြင်း ကို ခံရ မည်ဖြစ်ကြောင်း တင်ပြရသည်ကို အမရိကန် လူဝင်လူထွက်ရုံးက ယုံကြည်စေရန် ရေး ရ သည်။ ဇမိုး၏ လျှောက်လွှာတွင် စစ်စုံထောက် တို့က ညှဥ်းဆဲသည်ဟုသာ ဖော်ပြထားသော်လည်း လူကို တွေ့ဆုံ စစ် မေး သော အခါ ညှဥ်းဆဲပုံကို ဇမိုးက ယုတ္တိယုတ္တာနှင့်ပြောင် မြောက် စွာ လိမ် လည် ၍ ပြောနိုင်သည်။ စက်ဘီးစီးရင်း လဲသဖြင့် နဖူးပြ ဒူးကွဲသည့် အမာရွတ်ကိုပင် စစ်စုံထောက်များက ရိုက်သ ဖြင့် ရရှိသည်ဟု အစစ်ခံသောအခါ မျက်ရည်ပေါက်ကြီး သုံးပေါက် ခန့် ထုတ်လုပ်နိုင်သဖြင့် စစ်မေးသူသာမက ရှေ့နေနှင့် စကားပြန် အမျိုးသမီးတို့ပင် စိတ်ထိခိုက်သွားကြရှာသည်။ လူဝင်မှုရုံးမှ စစ် မေး သူ က ဇမိုး ပြောသမျှ ယုံကြည်သည်သာမက သူ့ အား လွန်စွာ သနားကြသည်။ ဇမိုးအား တခေါက်တည်းနှင့် စာမေးပွဲ အောင် မြင်စေခဲ့၏။

* * *

(၆)

## လခလခ အဖွဲ့ချုပ်စီမံကိန်းပရိုဂျက်

ဗမိုးသည် နိုင်ငံရေး ဒုက္ခသည်တဦးအဖြစ် လက်မှတ်ရပြီး လူမှုဖူလုံရေး နံပါတ်ရသည်နှင့် ကားမောင်းလိုင်စင်လျှောက်၍ ကားတစီး ဝယ်လိုက်သည်။ နောက်ဆုံးပေါ်ကား အသစ်စက်စက်ကို စီးနင်းလိုသည်။ ကားသစ်ဝယ်နိုင်သော်လည်း တပတ်နွမ်းကိုသာ ဝယ်သည်။ ကားဝယ်ပြီးနောက် ဗမိုး အဖို့ 'ကြောင်ကို အတောင်တပ်လိုက်သကဲ့သို့' အစွမ်းထက်သွားသည်။ ကားမရှိသေးသူ ဒီမိုကရေစီ ရဲဘော် များ ကို နိဗ္ဗာန် ကူးတို့ပို့နိုင်သဖြင့် မိတ်ဆွေပေါလာသည်။ လူ ချစ် လူ ခင် များ လာ သည်။

ဝါရှင်တန်မြို့တော်မှ မြန် မာ့ ဒီ မိုကရေစီ ရပ် ကွက်သာမက ရှီကာဂို၊ ဖလော် ရီ ဒါ၊ ကာ လီ ဖိုး နီး ယား တို့ သို့ ပါ ခြေ ဆန့် နိုင် ခဲ့ သည်။ သွား ရင်း လာရင်းနှင့် သူ ၏ ဒီမိုကရေစီ သူ ကြွယ် ဖြစ် မြောက်ရေး စီမံ ကိန်း ကြီး အကောင်အထည်ဖော်ရေး အတွက် အုတ်မြစ်ချနိုင်ခဲ့သည်။ အခြေခံလုပ်ငန်းများ အသင့်အတင့် ပြီးစီးခဲ့သည်။ ပြည်နယ် တို့ ၌ ရှိ သော မြန် မာ ဒီမိုကရေစီ လှုပ်ရှားသူ အချို့ သည်လည်း ပရိုဂျက်ကလေးများ ဖန်တီးကာ အကြံအဖန် အောင် နေ သူ များ ရှိ သည်။ ကြံနေသူက အများ၊ အာဏာနှင့် ငွေထောသော ဥက္ကဋ္ဌကြီးတို့ အဖွဲ့ကြီးကို မျက်နှာချိုသွေးပြီး အစည်းဝေးများ ဖိတ် ကြား ခံရအောင် အား ထုတ် ကြ သည်။ လေယာဉ်ပျံ လက် မှတ် ပေး မည်၊ ဟော် တယ် တွင် ထား မည် ဆို ပါ က ကိုယ် စားလှယ်အဖြစ် သွား လို သူ များ နေရာ လု ကြ သည်။





အသင်းအဖွဲ့များ ဖွဲ့ကြသည် လည်း တွေ့ ရ သည်။ စကားများများ ပြောပြီး အလုပ် လုပ် သူ က လွန် စွာ နည်းသည်။ ခက်သည် မှာ အလုပ် လုပ်သည် ဖြစ်စေ၊ မလုပ်သည် ဖြစ်စေ ဥက္ကဋ္ဌ အတွင်း ရေး မှူး ရာ ထူး ရ ရှိ ထား သူ တို့က ရန် ကုန် က ဗိုလ် ချုပ် ကြီး များ ၏ နည်း တူ ရာ ထူး ကို ရာ သက် ပန် လို ချင် ကြ သည် ဟု ညည်း တွား သံ များ ကြား ခဲ့ ရသည်။ နယ်အဖွဲ့များနှင့် မြို့တော်မှ အဖွဲ့ကြီးများတို့သည် တနှစ်တကြိမ် ရွေးကောက်ပွဲဟူ၍ မရှိသလောက် ရှားသည်။ နယ်မှ ဒီမိုကရေစီ လှုပ်ရှားသူ အများစုမှာ ဝါရှင်တန်မြို့တော်မှာကဲ့သို့ အကူ အလှူ ထောက်ပံ့မှုများကို စံစား ခံစားရင်း နိုင်ငံရေး တာဝန်ကို အချိန်ပြည့် လုပ်ကိုင်နိုင်သူများ မဟုတ်ဘဲ အသက်မွေးဝမ်းကြောင်းမှု အလုပ်တဘက်နှင့် အားထုတ်ကြသူများဖြစ်သည်။ ထို့ကြောင့် ရိုးသားကြသည်။ သူတို့သည် မြို့တော်မှ ခေါင်းဆောင်ကြီးများ လာလျှင် လေဆိပ်သို့ ဆင်း၍ ကြိုကြ ရ သည်။ ထမင်း နှင့် အဖျော် ယမကာ ပါရသည့် ဧည့်ခံပွဲများနှင့် ပြု စု ကြ ရ သည်။ ခေါင်းဆောင်ကြီးများ မြို့ တော် သို့ ပြန်သွားလျှင် စာတိုစာစပင် ပြန်လေ့မရှိ။ "အ လုပ် က များ လွန်း လို့ ပါ" ဟူသော စကား လုံး ကို လက် သုံး ပြု ၍ ပြည် နယ် ရှိ မြန် မာ များ ၏ ဆန္ဒ များ တင်ပြချက်များ မှ ကိုယ် ရေး ကိုယ် တာ အကူ အညီ တောင်း ခံ ချက် များ အထိ စာပြန်ခြင်း၊ တယ်လီဖုန်း ပြန်ခြင်း များ ပြုလုပ် ဆောင်ရွက်လေ့မရှိ။ ဝါရှင်တန်မြို့တော်မှ မြန် မာ ဒီ မို ကရေစီ အရာရှိကြီးများက ပြည်နယ်များရှိ အဖွဲ့အစည်းငယ်များကို ဂရုစိုက်လေ့မရှိ။ လောကွတ် ကောင်းပြီး ပြည်နယ်မှ မြန် မာ များ ၏ ဆန္ဒကို လေးနက်စွာ နားထောင်ခြင်းဖြင့် ဗမိုး က လူပေါ် လူဇော် လုပ် နိုင် ခဲ့သည်။ ဝါရှင်တန် မြို့တော်တွင်လည်း ကပ် သင့် သူ၊ ပေါင်းသင့်သူများကို ဆက်သွယ်မှုရရှိအောင်လည်း လုပ်ဆောင်နိုင်ခဲ့သည်။

အရေးအကြီးဆုံးသော အောင် မြင် မှု မှာ ခေါင်းဆောင်ကြီး၏ ခြေ သည်း လက် သည်း ရာ ထူး ကို ရ ရှိ မှု ဖြစ် သည်။ သန်းကြွယ် သူ ဌေး ဒီမိုကရေစီ ခေါင်းဆောင်ကြီးသည် ရန်ကုန်မှ စစ်ဗိုလ်ချုပ်များ ကဲ့သို့ ချမ်းသာသမျှ ငွေများကို လူသိ ရှင် ကြား သုံး စွဲ မှု မပြု ဝံ့ ရှာ ပေ။ နိုင် ငံ ရေး သမား တို့ဟန်နှင့် ဆင်း ရဲ သား အသွင် နှင့် ချို့တဲ့စွာ နေ ထိုင် ရ ရှာ သည်။ ကားစုတ်ကလေး တစီးပင် မဝယ်ဝံ့။ ခေါင်း ဆောင်ကြီး၏ သား ကိစ္စ၊ မယား ကိစ္စ၊ ဆေးတိုက် ဆရာဝန်ထံ သွားရန် ဗာဟီရကိစ္စတို့မှ ဈေးဝယ်ရန် ခရီးအထိ ဗမိုးကို ဖုန်းဆက် ကာ အကူအညီ တောင်းရှာသည် အထိ ရင်း နှီး မှု ကို ရရှိခဲ့သည်။ အစိုးရလူကြီးများ၏ စီးတော် ကားဒရိုင်ဘာ ရာထူးသည် လူကြီးတို့ ၏ ရာထူး အဆင့်အတန်းနှင့် အညီ တန် ခိုး ရှိ ကြ သည်။ ထို သ ဘောတရားကို နားလည် သိ ရှိ သူ ဗိုလ် ချုပ် ကြီး နေဝင်းက သူ ခန့်ထားသော တော်လှန်ရေးကောင် စီ ဝင် များ နှင့် မဆလ အစိုး ရ ဝန်ကြီးများကို စီး တော် ကား ထုတ်ပေးရာတွင် ဒရိုင်ဘာများ ကိုပါ အ ဆစ် ပေး သည်။ စစ်စုံထောက် ကားဆရာများက ဝန် ကြီးများ သွားသမျှကို စစ် ရုံး သို့ တိကျစွာ အစီရင်ခံကြရသည်။ မယားငယ်အိမ် သွား သည် မှ စတင်ကာ ဝန် ကြီး တို့ ပြောသမျှ စကားများကို စစ် ရုံး ၌ မှတ် တမ်း တင် ထားသည်။

ဒရိုင်ဘာတို့ ကြားရ သမျှ စကားလုံးများကို ဗိုလ် ချုပ် ကြီး က ကြား သိလို ချိန် တွင် ကြား သိ နိုင် သည်။ ဒရိုင် ဘာ တို့ က လည်း မိမိ တို့ သား ရေး၊ သမီး ရေး၊ ဆွေရေး၊ မျိုး ရေး၊ စသည် တို့ ကို ဝန် ကြီး များ အား ကပ် နိုင် ကြသေးသည်။ ဗ မိုး သည် ခေါင်းဆောင်ကြီး၏ စီး တော် ကား ဒရိုင်ဘာ ဖြစ်လာသည်နှင့် ခေါင်း ဆောင် ကြီး အား ကပ်မိသော်လည်း အကူ မတောင်း။ ပု လင်း တူ ဘူး ဆို့ ရင်း နှီး မှု ကို သာ ရ ယူ ခဲ့သည်။ လက် တွေ့ အား ဖြင့် ပု လင်း တူ ဘူး ဆို့ ဖြစ် လာ စေ ရန် အတွက် စီမံကိန်း ရေးသား၍





လုပ် ဆောင် ခဲ့ ရ သည်။ ပင် ပန်း စွာ အား ထုတ် ခဲ့ ရ သည်။

ခေါင်း ဆောင် ကြီး သည် စကား များ များ ပြော လေ့ ရှိသူ မဟုတ်သဖြင့် နောက်ပိုင်းမှ ဝါ ရှင် တန် သို့ ရောက် လာ သူ ဗမိုး အဖို့ ခေါင်း ဆောင် ကြီး ၏ ရင်းနှီးမှုကို ရ ရှိ ရန် အရက် ပု လင်း ကို ဘူး ဆို့ ဖွင့် ပေး ရသည် က စတင် အားထုတ်မှသာ အောင် မြင် နိုင် သည်။ လူ ကြီး တယောက် အနေနှင့် လူစိမ်း လူငယ်နှင့် အရက် အ တူ သောက် ကြ သည် အထိ ရင်း နှီး ရန် မှာ မလွယ် ပေ။

ခေါင်း ဆောင် ကြီး သည် အဖော်ကောင်းသဖြင့် ကြုံကြိုက် သည့်အခါ တို့တွင်သာ တခွက် တဖလားမျှသာ သောက်သူမဟုတ်။ ပုလင်းပြောင် မှ ရပ် လေ့ ရှိ သည့် ဖိုးနဲကြီး ဖြစ်သည်။ ထိပ်ဆုံး အဆင့် မှ နေ ရာ ကို အရ ယူ၍ မားမားမတ်မတ် ရပ် တည်နေသော ခေါင်း ဆောင် ကြီး ဖြစ် နေသဖြင့် လူအများတို့ ဝိုင်းကြသည့် ပေါက် ကရ အရက်ဝိုင်းများတွင် ထိုင် ရန် မသင့် ပေ။ သူကဲ့သို့ပင် ဦးမင်း ကျော် အား ကိုး ကွယ် ဆည်း ကပ် ကြ သော ရန်ကုန်မှ စစ်ဗိုလ် ချုပ်ကြီးများက နာမည်ဖျက်မည်ကိုလည်း ကြောက် လန့် ရ သော ကြောင့် သောက်ဖော် သောက်ဖက် သူသိ ကိုယ်သိ မိတ်ဆွေ အ နည်းငယ်မျှနှင့်သာ ကျိတ်ဝိုင်းဖွဲ့၍ သောက် နိုင် ရှာ သည်။

ထို့ ကြောင့် ပထမအဆင့် အဖြစ် ကျိတ်ဝိုင်းတခုတွင် အဖွဲ့ဝင် ဖြစ်ရေး အတွက် ဗမိုးက ကြား ပွဲ စား တ ဦး ကို ကပ် ပြီး ကြား ပွဲ စားမှ တဆင့် အားထုတ်ရသည်။ အကြောင်း တခုခုကို အကြောင်း ပြု ကာ အမြည်းဝယ် ပုလင်းထောင်သော ကျိတ်ဝိုင်း အများ ရှိရာတွင် ခေါင်းဆောင်ကြီး မကြာခဏ ကြွ ရောက် ချီး မြှင့်လေ့ ရှိသော ဝိုင်း ကလေးတခုမှ အိမ်ရှင်ကို ဦးစွာပထမ ရင်းနှီးအောင် အားထုတ်ရ သည်။ ဝီစကီနှင့် ဘရန်ဒီ အကောင်းစား အထူး ဈေးချိုသည့် နှုန်း နှင့် ဝယ် ယူ ရ ရှိ နိုင် သော နည်းတခုကို တွေ့သဖြင့် ဝယ် လာ ခဲ့

ပါ သည်ဟု လက် ဆောင် ထိုး ကာ ထို အိမ် ရှင် ကို ကပ် ၍ ပေါင်း ရသည်။ ပိုက် ဆံ ပေါ သူ တို့ သည် ဈေးချိုသည်ကို မက် မော လေ့ ရှိ သည်။ ထို့ပြင် မိမိတို့တွင် မည် ရွေ့ မည် မျှ ပိုက် ဆံ ပေါ ကြွယ် ဝ စေ ကာ မူ ဒါယကာက တိုက်သည်ကို သောက်ရ သည် က ပို ၍ အရသာရှိသည်ဟု ယုံ ကြည် တတ် ကြသည်။ မိမိတဦးတည်း အိမ် ၌ တကိုယ်တော် ပုလင်းထောင်သူများ တဦး တလေ ရှိကြသည်။ ပျင်းဖွယ် ကောင်းသည်။ အဖော်အပေါင်းနှင့် သောက်မှသာ ရယ် လား မောလား နောက်လား ပြောင် လား နှင့် အရသာ ရှိသည်။

ခေါင်း ဆောင် ကြီး တက်ရောက်လေ့ ရှိသည့် အရက်ဝိုင်းမှာ ဆရာဝန်တဦးက တည် ခင်း သော ကျိတ် ဝိုင်း ဖြစ် သည်။ အရက် သမားတိုင်းကို ကဘောက်သောက် လက် မခံ။ ဗမိုးသည် ပထမ သူ့ကို လက် ခံ အောင် လက် ဆောင် ရသည် ဟု အကြောင်း ပြ ကာ ပု လင်း ကို ဝယ် ယူ ကာ အိမ်ရှင်ဆရာဝန် ကိုကပ် ရသည်။ ဗမိုးကို ဆရာဝန်က ချက် ခြင်း လက် ခံ စေ ကာ မူ ခေါင်း ဆောင် ကြီးလာမည့် ဝိုင်း သို့ ဖိတ် ကြား ခြင်း မပြု ဘဲ ‘ပ’ ထားသေးသည်။ ကာ လ အတန် ကြာ မှ ခေါင်းဆောင်ကြီး လာ သော ဝိုင်း တ ဝိုင်း နှင့် ဆုံ မိ ကြသည်။ လူရိပ်လူကဲကို ကြည့်၍ စကား များ များ မ ပြောဘဲ ကုပ် ကုပ် ကလေး နေ ခဲ့သည်။ လိုအပ်သည့်အခါတွင် ဖန် ခွက် ဆေး စား ပွဲရှင်း အမြည်း ဝယ် လုပ် ငန်း များ ကို ဖင် ပေါ့ စွာ လုပ် ဆောင် သည်။ ကြက် သွန် ခွံ ပါးသည်ထက် လှစ် လှစ် ပါး သူ ဗမိုးအဖို့ တဝိုင်း ဝင် မိ သည် နှင့် နောက် ဝိုင်း များ ပါ “ကိုယ့် လူ လာ ခဲ့ ဦး လေ” ဟု ဖိတ်ကြား ခြင်း ခံ ရ သည်။ မည် သည့် အခါ တွင် မှ မူး အောင် သောက်လေ့ မရှိသူ ဗမိုးအား ဝိုင်းအသိမ်းတွင် လူကြီးများကို ကား နှင့် ပို့သော တာ ဝန် ကို ယုံကြည် စိတ်ချစွာ ပေးအပ်ခြင်း ခံရသည်။ ယင်း သို့ ဖြင့် ခေါင်း ဆောင် ကြီး ၏ အိမ် တော်သို့ ပေါက် ရောက် သွား ပြီး ခေါင်းဆောင်ကြီးအား “အဘ”





ဟု ခေါ်နိုင်သည်အထိ ရင်းနှီး သွား သည်။ လက် သုံး တော် သယ် ယူ ပို့ဆောင်ရေး တာဝန်ခံ ရာထူးကို ရရှိခဲ့သည်။ ကာလအတန် ကြာ အခွင့်အရေး တခု တလေမှ တောင်း ခံ ခြင်း မပြုဘဲ အမှုတော် ထမ်းရွက်သဖြင့် ခေါင်းဆောင်ကြီးက ဗမိုးအား လူ ရိုး လူကောင်း ကလေးတဦးအဖြစ် ယုံကြည်မိရှာသည်။ ရံဖန်ရံခါတွင် ခေါင်းဆောင် ကြီးကပင် အရက် ဖိုးငွေထုတ်ပေးကာ အခြား အရက်ဝိုင်းများသို့ ခေါ်သွားသည် အထိ စိတ် ချ လာ သည်။

တနေ့တွင် ဗမိုးက သူ၏ ကား စုတ် ကလေး ကို ရောင်း လိုက် သည်။ ခေါင်းဆောင်ကြီးနှင့် ဝိုင်း သား များ ထံ သို့ မသွား တော့ဘဲ အိမ် တွင် ကုပ် နေလိုက် သည်။ သူ၏ သေနင် ဗျူ ဟာ သည် ထိ ရောက် သည်။ ခေါင်း ဆောင် ကြီး က တယ် လီ ဖုန်း ဆက်၍ ခေါ်သည်။ အကျိုး အကြောင်း ကို မေး သည်။

“ကျွန်တော် ငွေပြတ်သွားလို့ပါ။ ကျွန်တော် အလုပ်ရှာနေပါ တယ်။ ဆောက်လုပ်ရေးကုမ္ပဏီ တခုမှာ လျှောက်ထားပါတယ် ”

“ မင့် အဖို့ အပြင် မှာ အလုပ် လုပ် ရင် နိုင် ငံ ရေး လုပ် ဖို့ လုပ် အား လျော့ သွား မှာ ပေါ့ ”

“ကျွန် တော် လာ တုန်း က ပြည် တွင်း မှာ ကျွန်တော် လုပ် ခဲ့ တဲ့ အဖွဲ့ကို ဆက် လုပ် မယ် စိတ် ကူး ခဲ့ ပါ တယ်၊ အဲ ဒီ လုပ် ငန်း အတွက် ငွေ ကူ ရဖို့ ဦး သူ တော် ကောင်း ကြီး ကို ကပ် ပြီး တင် ခဲ့ ပါ တယ်။ သူ က မရနိုင်ဘူးလို့ ခု မှ ပြော ပါ တယ်”

“အဲ ဒီ ပုဂ္ဂိုလ်ကြီးက တို့ အဖွဲ့ မှာ မပါ ဘူး၊ နာမည်သာ သူ တော်ကောင်းတာ လူက သူခိုးကြီးကွ။ အကူရရင်လဲ သူက အကုန် ဖြောင်မှာ။ အခုလဲ မင်း ရဲ့ ပရိုဂျက်အတွက် အကူ ရချင်ရနေမှာ။ မင်းမသိဘဲ အပိုင်စီးတာလဲ ဖြစ် နိုင် တယ်” ဗမိုးက စကားမဆက်။ ခေါင်းဆောင်ကြီးအား အကူမတောင်းဘဲ ခေါင်းကို ဗျစ်ဗျစ် ပါအောင် ကုတ် ၍ မှိုင် တွေ ချ ကာ အိုက် တင် ပြ နေလိုက် သည်။

"အေးလေ ငါ ကြည့် ပါ ဦး မယ်။ ပြော စမ်း ပါ ဦး မင့် အဖွဲ့ က ဘာလုပ်တာ လဲ"

"ကျွန်တော်တို့အဖွဲ့ လခလခ အဖွဲ့ပါ။ အဖွဲ့လုပ်ငန်းက ..."

"ဘာ ကွ လခစားများ အဖွဲ့လား" ခေါင်း ဆောင်ကြီးက နားမလည်နိုင်သဖြင့် စကား ဖြတ် ၍ မေး ရ ရှာ သည်။

"နိုင် ငံ ရေး အဖွဲ့ ပါ၊ ရန် ကုန် တွင် သာ မက မန္တလေး မော်လမြိုင် အို ... မြို့ ကြီး ၁၅ မြို့ နဲ့ မြို့ ငယ် တွေ ပါ အဖွဲ့ ခွဲ ၁၆၈ ခု ရှိပါတယ်"

"ဒါတွေ ထားပါဦး" စိတ် မရှည် နိုင် သဖြင့် စကားကို ဖြတ် ၍ မေးရပြန်သည်။ "ငါသိ ချင် တာက လခလခ ဆိုတာ ဘာလဲ"

"လခလခ ဆိုတာ လူ့အခွင့်အရေး အလု ခံ ရ သူ များ စောင့်ရှောက်ရေးအဖွဲ့ပါ။ နအဖ အဖမ်း ခံ ရ သူ တွေ ရဲ့ မိသားစုကို လျှို့ ဝှက် ကူ တာ ကစပြီး ကြံ့ခိုင်ရေးတို့က စီး ပွား ရေး လုပ် ငန်း လု ယူ တာ၊ စစ်ဗိုလ်တွေက အိမ် နဲ့ မြေယာ လု ခံ ရ သူတွေအထိ အကူ ပေး ပါ တယ်။ ကျွန် တော် တို့ မှာ ဗမာငွေ အများကြီး စုပြီး ရှိ ပါ တယ်။ အကူ ပေး သမျှ လျှို့ ဝှက် ကူ တာ ဆိုတော့ နအဖစစ် စုံ ထောက် ကောင် တွေ တောင် မသိ ပါ ဘူး။ ပြည် ပ ကမ္ဘာ က လဲ မသိတော့ အကူရ ဖို့ က မလွယ် ဘူး ပေါ့ ခင် ဗျာ"

"အေး ကွ လူ သိ မခံ တဲ့ လုပ် ငန်း ဆို တော့ ..."

"အာဘရာ မြန် မာ ပြည် တွင်း မှာ လျှို့ ဝှက် အလုပ်သမား သမဂ္ဂတွေ ထောင်ထားတယ် ဆို တဲ့ လက်တွေ့ မဖြစ်နိုင်တဲ့ အဖွဲ့ တောင် ဒေါ်လာသန်းနှင့်ချီပြီး ထောက်ပံ့တယ်လို့ ကြား ရ လို့ ကျွန် တော်တို့လူတွေက ကျွန် တော်ကို လွှတ် တာပါ"

ထိုစကားသည် ခေါင်း ဆောင် ကြီး ၏ နှုတ် ပိတ် သွား စေ သည်။ ပြည်တွင်းတွင် ကိုယ်ပျောက် အလုပ်သမား သမဂ္ဂများ ရှိနေ ပါ သည်။ မည်သူမှ မမြင်နိုင်သော ထို အဖွဲ့ များ လည်ပတ်နိုင်ရေး





စည်းရုံးနိုင်ရေးအတွက် ကူတော် မူ ကြ ပါ ဟု ခေါင်းဆောင်ကြီးက ထောက် ခံ တောင်း ဆို ပေး သဖြင့် ငွေအကူ ရရှိနေသူ ရှိနေသည်။ ထိုအဖွဲ့အကြောင်း ခေါင်းဆောင်ကြီးက မသိဟန်ဆောင်နေရသည်။

အလားတူ လက် တွေ့ အကောင် အထည် မဖော်နိုင်သော လုပ်ငန်းများ၊ မဖြစ်နိုင်သော လုပ်ငန်းများအတွက် ခေါင်းဆောင်ကြီးက ကူ ညီ စီ စဉ် ပေး သဖြင့် နိုင် ငံ ခြား အကူရနေသူ အများရှိသည်။ ငွေရသူတို့သည် စာ ရွက် ပေါ် တွင် သာ စီ မံကိန်း ရေးကြရပြီး လက်တွေ့လုပ်ရန်ပင် မလိုဘဲ ခေါင်းဆောင်ကြီး ကျေ နပ် လျှင် ကိစ္စ ပြီးမြဲ၏။ အတန်ကြာ စကား ပြတ် သွား ပြီး နောက် ခေါင်း ဆောင် ကြီးက ဗမိုးတို့ လခလခ အဖွဲ့ ကြီး အကြောင်း ကို အနည်းငယ် ဝတ် ကျေ ဝတ် ကုန် မေး ပြီး ပြန် လွှတ်လိုက် သည်။ ခေါင်း ဆောင် ကြီး က ဖြူသည် မည်းသည် မပြောလိုက်စေကာမူ မိမိ တဦးတည်း သာ သိ၊ မိမိ တဦး တည်းသာ စိတ် ကူး နှင့် တည် ဆောက် ဖွဲ့စည်း ထားသော အဖွဲ့ဝင် တဦးမှ မရှိသည့် ဧရာမ လခလခ အဖွဲ့ကြီး သည် မှ ချ ဖြစ်မြောက်နိုင်လေပြီ ဟု ဗမိုးက ယုံကြည်လိုက်သည်။

ရန် ကုန် တွင် ရှိ စဉ် က သူ ငယ်ချင်း တ ဦး ၏ သူ ငယ် ချင်း ထိန်းသိမ်းခံရစဉ်က ထောင်၏ ပြင်ပ၌ သနားစဖွယ် ကျန်ရစ်ရှာသော ဇနီး ချော က လေး ကို သူ ငယ် ချင်း တ စု တို့ ဝိုင်းရံ၍ စုပေါင်းကာ 'စောင်မ ကြည့် ရှု' ခဲ့စဉ်က ရရှိခဲ့သော အကြံဖြစ်သည်။ အကြံ ကောင်းလျှင် တချက် ကံ ကောင်း လျှင် တသက် ဟူ ၍ စကားပုံ ရှိ သည်မဟုတ်လော။ သုံးရက်မျှကြာသောအခါ ခေါင်း ဆောင် ကြီး က ဖုန်း ဆက် သည်။ စကားရှည်ရှည် မပြောဘဲ "မင့်ပရိုဂျက်ကို ပြည့် စုံ အောင် ရေး ပြီး တင် လိုက်" ဟုသာ ပြောကာ ဘယ်လရီ ယံ ပြည် မှ တယ် လီ ဖုန်း နံပါတ်နှင့် စာ တိုက် စာ ဘူး တိုက် လိပ် စာ ကို ပေး သည်။ ဗမိုး အောင် လေ ပြီ။ သို့သော် ခေါင်းဆောင် ကြီး၏ အမိန့်အတိုင်း ဆက်လက် အားထုတ်သောအခါ ခေါင်းပုံဖြတ်

နှုန်းက ကြီး မား လှ သည် ကို ရင် ဆိုင် ရသည်။ လူမျိုးစု ခေါင်းဆောင် စော် ဘွား ကြီး ၏ သား တော် မင်း သား တပါး ၏ ရုံး က နိုင်ငံခြား အကူများကို မသမာသူများ မရနိုင်စေဘဲ ရထိုက် ရသင့်သူတို့၏ လက်သို့သာ ရောက်စေရန် တင်း ကျပ် စွာ စိ စစ် လေ့ ရှိကြောင်း သိ ရသည်။ သူတို့ လူ မျိုး စု သည် မြန် မာ ပြည် ထောင်စုတွင် လွန် စွာ ရိုးသားသူများ ဖြစ်ကြသည်ဟု ကျော် ကြား၏။ ထိုကြောင့် ဦး လူ ရိုး ကြီး အဖြစ် သူ့အား တာဝန်ပေး ထား သည်ဟု ယူဆခဲ့သည်။ သို့ သော် ထို ပုဂ္ဂိုလ်ကြီးသည် ပြတ်သားစွာ ရိုးသားသူ ဦးလူရိုးကြီး ဖြစ်သည်။ စကားချိုသာစွာ ဝဲ၍ ဝဲ၍ တလုံးချင်း ပြောသည်။

"ဦးဗမိုး ခင်ဗျား။ လူကြီးမင်းရဲ့ ပရိုဂျက်ကို အတည်ပြု လက်ခံကြောင်း ဆုံး ဖြတ် ချက် ကျ ပါ ပြီ။ ကျွန်တော်တို့ ရုံး ရဲ့ စရိတ်တော့ နှုတ်ရပါမယ်။ နှစ် ဆယ့် ငါး ရာ ခိုင် နှုန်း..." ဝမ်းသာလုံးဆို့ သွား သူ ဗမိုး က စကား ဖြတ် ၍ ပြော မိ သည်။

"ကျွန်တော် နားလည်ပါတယ်။ ပရိုဂျက်က ပထမအဆင့် ဒေါ်လာ၅စ်သောင်းဆိုတော့ လူကြီးမင်းတို့အတွက် နှစ်ဆယ့်ငါးရာခိုင်နှုန်း နုတ်ပြီး ကျွန်တော်တို့အဖွဲ့အဖို့ ဒေါ်လာခြောက်သောင်း ရမှာမဟုတ်လား "

"အဲ့ ဒီ လို မဟုတ် ပါ ဘူး ခင် ဗျား။ ကျွန်တော်တို့က ခုနစ်ဆယ့် ငါး ရာခိုင် နှုန်း ဖြတ် ဖို့ လို ပါ တယ်၊ လူ ကြီး မင်း ဒေါ် လာ နှစ်သောင်းသာ ရ ပါမယ်။ နောက် ဆက် တိုက် ရ ပါ မယ်။ ရသမျှငွေကို လူကြီးမင်း အတွက် နှစ်ဆယ့် ငါးရာခိုင်နှုန်း ထုတ်ပေးပါမယ်"

"ဂိန်"

ဗမိုးသည် အသံ မထွက်ဘဲ ခွေးတကောင်ကဲ့သို့ အော် မိ ရှာသည်။

* * *



(၇)

## ရှင်ဘုရင်ဖြစ်နိုင်သည့်ဆေးတဖုံ

ဗမိုး သည် ထိုင်း နိုင် ငံ ဘန် ကောက် နှင့် မဲ ဆောက် မြို့ တို့ တွင် နိုင်ငံခြား အကူ ပရို ဂျက် များ ရေးနေသူ အများကို တွေ့ခဲ့ရသည်။ အကူရရှိထားကာ ဖိမ် ကျ နေ သူ က လည်း အများပင်။ တဦးကို တဦး ပုတ် ခတ် ကာ ခွက်စောင်း ခုတ် နေ သူ တွေ တို့ က ပို၍ များသေးသည်။ ဒီ မို ကရေစီ တိုက် ပွဲ ဝင် ခေါင်း ဆောင် အချို့ တို့သည် ဒီမို ကရေစီ အောင် မြင် ရေး အတွက်ထက် မိမိတို့ ပရိုဂျက် အကူငွေ ရ ရှိ ရေး က အရေး ကြီး နေကြသည်။ မိမိနှင့် မိမိတို့ မိသားစု အတွက် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းတခု ကို လုပ်ကိုင်ပြီး တဘက်မှ နိုင် ငံ ရေး တာ ဝန် ကို ထမ်းရွက်သူက လွန် စွာ နည်း ပါး၏။ ဗမိုးကမူ ရှင်း သည်။ ရန်ကုန်မှ ထွက်လာစဉ် က ပင် အမေရိကန်သို့ အရောက်သွားရန် ထွက်ခဲ့သည်။ အမေရိကန်ရောက်ပြီး ပရို ဂျက် တခု ရ လျှင် ဖိမ်ကျပြီး တော်ပြီဟု ရည်ရွယ် ချက် နှင့် လာ ခဲ့ သူ ဗမိုးသည် ပရိုဂျက်မှ ရ ရှိ သော နိုင်ငံခြားအကူ ဟူသည်မှာ တမတ် သား သာ ရ ရှိနိုင်သည်။ တကျပ်ရတိုင်း သုံး မတ် ခေါင်း ပုံ ဖြတ် နိုင်ရန် အခွင့်ထူး ရရှိနေသည့် ပရိုဂျက်ကို စိစစ်သူ ကွပ်ကဲသူ ဖြစ်မှသာ စားသာသည်ဟု သိသောအခါ အမေရိကန်မှတဆင့် ဘယ် လ ဂျီ ယန် ရှိ စိစစ်ရေး ရုံးတော်၌ နေရာ ရ ရှိ နိုင် ရေး ကိုသာ အား ထုတ် ခဲ့ သည်။ မှန် သည်။ မြန်မာ့ ဒီမို ကရေစီ လှုပ် ရှား မှု များ အတွက် နိုင်ငံခြား တိုင်းပြည်များ က ပေး အပ် သော အကူ အညီ ကို စိစစ် ရန် လို အပ်သည်။ မြန်မာ့ ဒီမိုကရေစီ လောကတွင် အချောင်သမားများက ပေါများလှ

သည်။ မသူတော်တို့ က ညာ ဝါး ၍ စီ မံကိန်း တင်ကာ အကူ ငွေများ ရ ရှိ သွားလျှင် လှုပ် ရှားမှု ကို နှောင့် နှေး စေသည်။ ထိခိုက်စေသည်။ ရလေသမျှ ငွေ တို့ ၏ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းသာ ဖြတ်ရှာသူ ရိုးသားလှသော လူ မျိုး စုခေါင်း ဆောင် ကြီး က စိစစ်သည်မှာ မှန် ကန် သည်။ သို့သော် ဗမိုး စဉ်း စား ကြည့် သည်။ ထိုခေါင်းဆောင် ကြီး ထက် မိမိက ပိုမို ရိုးသားသည် ဟု ယူဆသည်။ ထိုကြောင့် ထို လုပ် ငန်း ကို မိမိကဲ့သို့သော သူကသာ ဦးစီး ကွပ်ကဲသင့် သည် ဖြစ်သဖြင့် ထိုကုလားထိုင်တွင် တက် ၍ ထိုင်နိုင်ရေးကို ဦး တည် အား ထုတ် တော့ သည်။ ရိုးသားသော ခေါင်းဆောင်ကြီးကလည်း ရိုးသားသည့် ဗမိုးအား ပို၍ ပို၍ ယုံကြည်စပြုလာသည်။ မိမိထက် လူ ရည် လည် သော လူမျိုးစု ရဲဘော်ကြီးကိုလည်း ယုံကြည်ခဲ့သော်လည်း အရာရာတို့ကို ပုံ၍ အပ် နှံ ရန် သင့်၏ မသင့်၏ စဉ်း စား စပြု နေသည် ဟု သိရ သည်။ ဗမိုးအတွက် အနာဂတ်သည် ဖြောင့်ဖြူးနေသည်။ အရေးကြီးသည်မှာ ရွှေဗမာနိုင်ငံ၌ ဒီမိုကရေစီ မြန်မြန်မရစေရေးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ ဖြစ်သွားလျှင် စစ်တပ်ဖက်ဆစ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် လှုပ်ရှားသည်ကို မည် သူ က မှ ကူ မည်မဟုတ်။ ရန်ကုန်မှ စစ်ဗိုလ်ချုပ်များက လည်း တော် ကြပါ ပေသည်။ နိုင်ငံချမ်းသာသမျှ အဖိုးတန်အားလုံးတို့ကို ယူ ငင် လုယက်၍ သူတို့၏ အိတ်များထဲသို့ ထည့်သွင်း ပြီး ပြီ ဖြစ် ပါ လျက် မွဲပြာကျနေသည့် နိုင်ငံ၏ တပဲ ငါးပြားကျန် သမျှ ကို လု လို သေး သဖြင့် အာဏာကို ကျားကုတ်ကျားခဲဆွဲကိုင် ထားကြသည်။ ဒီမိုကရေစီမှာ ကြာလေဦးမည်။ ဗမိုးမှာ အခွင့် အရေး ကောင်း တွေ လာ လေ ဦး မည်။

ထို စဉ် ခိုက် တွင် "ငါ့ မောင် လေး ရှင် ဘု ရင် လုပ်မလား။ မောင်လေးကို ရှင် ဘု ရင် ဖြစ် စေ ချင် လို့ ပို့လိုက်တယ်"ဟု ရေးသားထားသည့် ရန်ကုန်မှ အမတော်က ပေး ပို့ လိုက် သော စာ





တစောင်နှင့် လျက်ဆားတပုလင်းကို ရရှိသဖြင့် တုန်လှုပ်ချောက်ချား သွား သည်။ မမ၏ ခင်ပွန်းမှာ စစ်စုံထောက်ရုံးမှ အဆင့်မြင့်ဗရာမ အရာ ရှိ ကြီး တဦး ဖြစ် သည်။ ရန်ကုန်မြို့တော်မှ မျက်စိကျယ် နား ကျယ် အရာ ရှိ ဖြစ် သဖြင့် အခြေအနေ အရပ်ရပ် သတင်း အမှန်များကို ကောင်းစွာ သိခွင့်ရသည်။ မမက ငယ်ငယ်ကတိုင်းရင်းမေနှင့် ယုဝတီစာစောင်များတွင် စာ ရေး နေ သူ ဖြစ်သည့်အတိုင်း စာရေးကောင်း သည်။ ရှည်လျားစွာ ရေးထားသော မမ၏ စာမှ ရန်ကုန်တွင် ဖြစ်ပွားခဲ့သော ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ် များ ကို သိ ရသည်။

မောင် လေး ရေ...

မင်းလဲ သတင်း တွေ ကြား မှာ ပေါ့။ ဘဘကြီးနေဝင်း ဆုံးသွားရှာတာကို ကြား တယ် မဟုတ် လား။ ဗိုလ်ချုပ်ကြီးတို့က ဘယ်သူ မှ အသုဘ ပို့ခွင့်မပြု ဘဲ ပြာ ချ ပြီး ရေ မျှောစေတယ် ဆိုတာကိုလဲ မင်း ကြား ရ မှာ ပေါ့။ မင်းတို့ နိုင်ငံခြားရောက်တဲ့ ငနဲတွေ မပြောနဲ့၊ ပြည်တွင်းက နိုင်ငံသားတွေ မသိတာတွေ အများရှိတယ်။ အရေးကြီးတာက ဘဘကြီး ဆုံးသွားပြီးနောက် ဖြစ်ပျက်တဲ့ အဖြစ်တွေပဲ။ မမ သေသေချာချာ ပြည့် စုံ အောင် ပြောပြမယ်။ အဲဒီနေ့က ဘဘကြီး ဆုံးသွားတာကို တို့ လို လူ ရင်း တွေ တောင် မသိလိုက်ဘူး။ နေ့ ၁ နာရီလောက် မှာ ကျော် ကြီး ရယ်၊ ဖွဲ့ရယ်၊ အေးရယ် ညီအစ်ကို သုံးယောက်စလုံး တို့အိမ်ကို ပေါက် လာ ကြ မှ သိရတယ်။ မမတို့ သိ ထား တာ က သူ တို့ တတွေကို သူ တို့ အဖေပါ အင်းစိန်ထောင်ထဲမှာ ဖမ်းထားတာ ဆိုတော့ မမမှာ ထိတ်သွားတာပေါ့။ လွတ်လာတာလားလို့ တွေးရအောင်ကလဲ သူတို့ မျက်နှာ တွေ က နီ လို့၊ ငို ယို ထား ကြ ဟန် တူ တာကို မြင်ရတယ်။ မမ လဲ ကြောက် သွား မိ တယ်။ အိမ် မှာ ကို ကို က လဲ မရှိဘူး။ "ဟဲ့ မင်း တို့ ဘာဖြစ်လာကြတာလဲ"လို့ မေး တော့ သူတို့ သုံးဦး

စလုံး မျက်ရည်တွေကျလာကြပြီး "ဖိုး မရှိတော့ဘူး" ပြောကြပြီး
ငိုကြ ရှာ တယ်။ မမလဲ သူတို့ကို ဘယ်လို ချော့မိမှန်းတောင် မသိ
လိုက် ပါ ဘူး။ သူတို့က ဘဘကြီးနေဝင်းရဲ့ ရုပ်ကလာပ်ကို ပြာချ
ခဲ့ပြီး ရေမျှော ခဲ့ရတယ်လို့ ပြောရှာတယ်။ သူတို့အမေနဲ့ သူတို့
သုံးဦးရဲ့ ကိုယ်ပိုင် အာမခံချက်ကတိနဲ့ ထောင်ထဲက လွှတ်ပေးတာ
တဲ့။ ညနေ ၅ နာ ရီ မှာ ထောင် ကို ပြန် ကြ ရမယ် တဲ့။ အစောင့်
တောင် မပါ ဘူး။ ကတိမတည်ရင် ဖမ်းဖို့ နောက်ယောင်ခံလိုက်နေ
မှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် စိတ်မကောင်းလိုက်တာ မောင်လေးရယ်။
မမလဲ သူတို့နဲ့အတူ ခေါင်းချင်းဆိုင်ပြီး ငိုမိတာပေါ့။ မောင်လေးတို့
မမတို့ ငယ် ငယ် က ဘဘကြီးရဲ့ အိမ် တော် မှာ သွားပြီး ကစားကြ
တာတွေ ဘဘကြီးက တို့နဲ့အတူ ကစားတာတွေကိုပါ သတိရတာ
ပေါ့။ အသက်အရွယ်ကြီးမှ အိမ်ထဲမှာ ချုပ်နှောင်ခံရခိုက် ကွယ်လွန်
တယ် ဆိုတော့ အသေဆိုးတယ်လို့ ဆို ရ မှာ ပေါ့။ မောင်လေးလဲ
သိ သား ပဲ။ ဘဘကြီးက စိတ်ကြီးတယ်၊ တပည့်တွေက 'ကာ'ပြန်ပြီး
ဖမ်းထားတော့ ဒေါသမီးအိုးကြီး ပေါက်ကွဲပြီး သေရရှာမှာပေါ့။
သေတော့လဲ တိုင်းပြည်နဲ့ ဆွေတွေမျိုးတွေအတွက် အုတ်ဂူကလေး
မှ မကျန်ရစ်တာမို့ အဖြစ် ဆိုး တာ ပေါ့။ ဘဘလို ပုဂ္ဂိုလ်ကြီးအဖို့
နောင်လာနောက်သားတွေ ဂုဏ် ယူ နိုင် ဖို့ အတွက် အုတ်ဂူ ခန့်
ခန့် ညား ညား ရှိ သင့် တာပေါ့။ ဒါနဲ့... သူတို့ သုံးယောက်နဲ့ ငို
လို့ အားရတော့မှ ဘရန်ဒီသောက်ချင်တယ် ဆိုပြီး ကျော်ကြီးက
ကို ကို ရဲ့ ယမကာ မြေတိုက်ထဲကို သွားပြီး သူတို့ သောက်နေကျ
ကို ရွေးပြီး ပုလင်း သုံးလုံး ထုတ်ယူလာတယ်။ ပုလင်းရလာတော့
ကျော်ကြီးနဲ့ အေးက မမတို့ အိမ်မှာ မသောက်ချင်ဘူး၊ သူငယ်
ချင်းတွေ အိမ်မှာ သွားသောက်မယ် ဆိုပြန်ပြီး ထွက်သွားကြတယ်။
ဖွဲ့က "ငါ ဒီ မှာ အိပ် နေ ရစ် ခဲ့ မယ်။ ညနေ ၃ နာရီမှာ ကားလာ
ကြိုဖို့ ကားတစင်း လွှတ်ဖို့ ကားဂရပ်ကို ဖုန်း ဆက်လိုက်ပါ" လို့





မှာ လိုက်တယ်။ အစ် ကို တွေ ထွက် သွား တော့ ဖွဲ့က "ကျွန်တော်
လဲ မသောက်သေးပါဘူး၊ အိပ် ချင် တယ်"ဆို လို့ သူတို့လာရင်
အိပ်နေကျ ဧည့်သည်ခန်း ကို ပို့ပေး ရ တယ်။ အဲဒီတော့မှ သူ ကို
ကြည့်မိတယ်။ ကြွက်စုတ်လို ညစ်ပေပြီး စုတ်ပြတ်နေတာ သတိပြု
မိတာကြောင့် "ဟယ် နင့် ဆောင်း ဘီ က စို နေ ပါ လား။ တကိုယ်
လုံး ညစ် ပေ နေ တာ ပဲ။ အဝတ် လဲ ဦး"လို့ မမက ပြောပြီး ကိုကို
ရဲ့အဝတ် တစုံ ထုတ်ပေး လိုက်ရတယ်။ သူ က အဝတ်လဲပြီး အ
ဝတ်ဟောင်းတွေ ပေးလို့ အောက်ထပ်က လျှော်စက်ထဲ သွားထည့်
တော့ ဆောင်းဘီအိတ်ထဲမှာ မည်းမည်း အမှုန့်တွေ တွေ့ရလို့ "ဘာ
တွေလဲဟဲ့" လို့ သူ့ကို လှမ်း မေး မိ တယ်။ "ဖိုးရဲ့ ပြာတွေပါ။ မြစ်
ထဲ မှာ မျှော တုန်း က ကိုကိုတို့က ရေထဲ မဆင်းဘူး၊ ကျွန်တော်
တယောက်ထဲ ဆင်းတာ။ ကျွန်တော်က ဖိုး ရဲ့ပြာကို ကိုးကွယ်ချင်
လို့ အိတ်နဲ့ ဆန့်သလောက် ထည့် လာ တာ။ အဲဒါကို ပုလင်းက
လေးနဲ့ သိမ်းထားပေးပါ၊ ကျွန်တော်တို့ ထောင်က လွှတ်မှ ပေးပါ"
လို့ သူက ပြော ရှာ တယ်။ ဒါနဲ့ သူအိပ်သွားတော့ သူ့ရဲ့ဆောင်း
ဘီအိတ်ထဲက ပြာ တွေ ကို တမှုန့်ချင်း ထုတ်ယူပြီး ရေမွှေး ပုလင်း
ခွံ တလုံးထဲမှာ ထည့်ထားလိုက်တယ်။ မမလဲ စိတ်ကူးရတာနဲ့ မမ
တို့လဲ ကိုးကွယ်ဖို့ ကောင်းတယ်လို့ ထင်မိတာကြောင့် ပရုတ်ဆီ
ဘူး ခွံ တလုံး နဲ့ နည်းနည်း ခွဲယူထားလိုက်တယ်။ အဲဒီ ညနေက
သူပြန်သွားတော့ သူ့ဖို့ ထည့်ထားတဲ့ ပြာပုလင်းကို လုံလုံခြုံခြုံသိမ်း
ထားပါလို့ မှာသွားရှာတယ်။ သူ့အစ်ကိုတွေ လာခေါ်လို့ ကပျာ
ကယာ ပြန်သွားရှာတယ်။ ထောင်ထဲမှာ ကောင်းကောင်းနေရတယ်
လို ပြောပေမင့် သနားပါတယ်ဟယ်။ မမလဲ သူတို့ကို သနားတာနဲ့
သူတို့ဘဝကို စဉ်းစားရင်း စိတ်မကောင်းဖြစ်နေတာပေါ့။ ငါးရက်
လောက်ကြာတော့ တညမှာ ညကြီး မင်းကြီး ညဉ့်သန်းခေါင် သန်း
ခေါင်ကျော်မှာ ဒေါ်ခင်စန္ဒာဝင်း က အရေး တကြီး ဖုန်းဆက်တယ်။

ကိုကိုက အိပ် ပျော် နေ လို့ မမပဲ ဖုန်းကို ကောက်ကိုင်လိုက်တယ်။ ဒေါ်ခင်စန္ဒာဝင်းက မမကိုပဲ ပြော ချင် တာ တဲ့။ “ဖွဲ့က ပြော တယ်။ သူ့အဖိုး သင်္ဂြိုဟ်တဲ့နေ့က ဝတ်တဲ့ ဘောင်းဘီကို ရေလျှော်ဖို့ ထား ခဲ့ တယ် ဆို”

“လျှော် ပြီး ပါ ပြီ”လို့ ပြန်ဖြေတော့ ‘ဟင်’ လို့ စိတ်ပျက်သွားတဲ့ အသံ ကို ကြား ရ တယ်။ “အိပ် ထဲ မှာ ပါ တဲ့ ငွေ တွေ ရယ်၊ ဗိုလ် ချုပ် ကြီး အေးရဲ့ သမီးရဲ့ ခေတ် ပုံ ရယ် သိမ်း ထားပါတယ်” လို ဖြေတော့ မမဝင်းက “အဲဒါတွေက အရေးမကြီးပါဘူး။ ‘ပြာတွေ၊ ပြာတွေ’ သားက ပြောတယ်။ ပြာ တွေ ထား ခဲ့ တယ်ဆို” လို့ အမောတကြီး မေးတယ်။ မမကလဲ ပြောလိုက်ပါတယ် “ဖွဲ့က ပြော လို့ ပုလင်းနဲ့ ထည့်ပြီး သိမ်းထားပါတယ်” လို့ စီကာပတ်ကုံး ပြောတာကို ဆက်ပြီးနားမထောင်ဘဲ “နင့်လင်သိသလားလို့ မေးတယ်” မပြောပါ၊ မသိပါလို့ ဖြေတော့ “ငါ့ညီမက တယ်လိမ္မာပါလား၊ အရာရာကို ခင် ပွန်း ကို မပြောတာ မှန်တယ်လို့ ချီးကျူးပြီး “မနက်ကိုး နာ ရီ မှာ ဆရာ ခေါင် လာ ယူ မယ်၊ ပေး လိုက် ပါ။ ညီမကို ကျေးဇူးဆပ်ပါမယ်”လို့သာ ပြောပြီး ဖုန်းချသွားတယ်။ မနက်လင်းတော့ ကိုကို ရုံးဆင်းသွားတာနဲ့ မမ စန္ဒာဝင်း ကိုယ်တိုင် ပေါက်လာတယ်။ အကျယ်ချုပ်က ဘယ်လို ထွက် လာ တယ် မသိ ဘူး၊ ဆရာ စကြော အောင်ပွင့်ခေါင်က နောက်က ပါလာတယ်။ ပြာပုလင်းကို ပေးတော့ သူတို့ နှစ်ယောက်စလုံး မျက်နှာတွေကို ဝင်းသွားတာပဲ။ တို့များ ကို တခါမှ အဖက်မလုပ်တဲ့ မမ စန္ဒာဝင်းက ထိုင်ပြီး ရှိခိုးနီးပါး ကျေးဇူးတင်ကြောင်း ခယယယပြောပြီး ကပျာကယာ ပြန် သွား ကြ တယ်။ အထုပ်တထုပ် ပေးပြီး ကျေးဇူးဆပ်သွားတယ်။ ဘာတွေရလိုက်တယ် ထင်သလဲ။ ရွှေဒင်္ဂါး ပြားငါးဆယ်နဲ့ စိန်နားကပ်တရံ။ ဧကန္တတော့ ကေန္တပဲ ထင်လို့ မမကလဲ မမ ကဲ့ယူထားတဲ့ ပြာပုလင်းကလေးကို လုံ အောင် သိမ်း ထား တာ ပေါ့။ မမစန္ဒဝင်းတို့ ပြန်သွားလို့ ခဏ





ကြာတော့ ကိုကိုက ရုံးကပြန်လာပြီး မမကို စစ်တော့တာပါပဲ။ ဒေါ်စန္ဒာဝင်းရဲ့ ဖုန်းကို သူတို့ ရုံးက ခိုးနားထောင်လို့သိဟန်တူပါရဲ့။ ဘာလို့ လာတယ်၊ ဘာကို ပေးတယ် ဆိုတာ မေးတော့တာပဲ။ ကိုယ်လင်ကို လိမ် လို့ မရ ဘူး ဆို တာ မမက အကြောင်း သိ မို့ အမှန်ကို ပြောရတာပေါ့။ ဒါပေမင့် မမ ကိုးကွယ်ဖို့ ပြာတပုလင်း သိမ်းထားတယ်ဆိုတာတော့ ထိမ်ထားလိုက်တယ်။ ရွှေဒင်္ဂါးတွေနဲ့ စိန်နားကပ်ကိုတော့ ထိမ်ချန် မထားဝံ့ဘူး၊ သူ့ကို ပြရတယ်။ သူက သူရဲ့ စစ်သားရေအိတ်ထဲထည့်တော့ မမက ငိုတာပေါ့။ “စိတ်ချ မင့်ကို ပေးတဲ့ ပစ္စည်းကို မင်းပြန်ရစေမယ်။ လူကြီးတွေထံ အစီရင်ခံပြီး၊ ပြပြီးလို့ ခေတ်ပုံရိုက်ပြီးလျှင် ပြန်ပေးပါစေမယ်။ ဒါပေမင့် သုံးနှစ်လောက်အတွင်း ဒီစိန်နားကပ်ကို မပန်နဲ့”တဲ့။ ငါးရက်ကြာတဲ့ အခါကျတော့ ပြဿနာက ပြန်လာတယ်။ ကိုကို မနက် ၈ နာရီက ရုံးထွက်သွားရာက ဆယ် နာ ရီ ရှိ သေး အလန့်တကြား အိမ်ပြန် လာ တယ်။ “ဟို နေ့ က နင် ပြော တာ အမှန် ပဲ လား ”လို့ စပြီး မေးတယ်။ “တလုံးမှ ထိမ်ချန်ခြင်း မရှိဘဲနဲ့ ငါ့ကိုပြောစမ်း။ ဖြစ်သမျှ အသေးစိတ် သိချင်တယ်။ လူကြီးတွေ အားလုံး ပွက်လောရိုက်နေ ပြီ”လို့ မျက်လုံးပြူးမျက်ဆံပြူးနဲ့ မမကို အရေးတကြီး စစ်တော့တာ ဘဲ။ ကိုကို ကိုယ်တိုင်က ကြောက် လန့် နေ တဲ့ မျက် နှာ ထား ကို မြင်ရတော့ မမလဲကြောက် တာ ပေါ့။ မောင် လေး သိ တဲ့ အတိုင်း ကိုကို့ကို လိမ်လို့ မရဘူးလေ။ နိုင်ငံခြားသွားပြီး တရားခံ စစ်ဆေး မှုပညာတွေကို သင်လာတဲ့ စစ်စုံထောက် အရာရှိကြီး မဟုတ်လား။ သူက မမကို ဇနီးမယားအဖြစ် စစ်တဲ့ပုံ မဟုတ်ဘူး။ အရာရှိကြီး တဦးက တရားခံကို စစ်တဲ့ ဟန်မျိုးနဲ့ မေး တယ်။ အခြေအနေက အရေးကြီးပုံပေါ်တော့ မမကိုလဲ ညာမှာ မဟုတ်ဘူး။ ရိုက်ချင်ရိုက် မှာ။ မင်း လဲ သိ သား ပဲ။ အမှုစစ်တဲ့အခါမှာ အဖြေ အမှန်ထွက်စေ တဲ့ နိုင်ငံခြားကလာတဲ့ ထိုးဆေးတွေ ထိုးချင်ထိုးနေမှာ။ မမကလဲ

လူပါးပဲဟာ အဖြစ်မှန်ကို ထိမ်ချန်လို့ ရပုံမပေါ်တာ ရိပ်မိလို့ တမင် ဟန်ဆောင်ပြီး ခပ်ပေါ့ပေါ့ ဖြေလိုက်တယ်။ "ဘဘကြီး ဦးနေဝင်း ကို ကိုးကွယ်တာ ရာဇဝတ်မှုလား။ ကျွန်မတောင် ဘဘကြီးကို ကိုး ကွယ်ချင်လို့ ပြာမှုန့် နည်းနည်းယူထားလိုက်သေးတယ်" လို့ ဖြေ လိုက်တာနဲ့ သူ့ရဲ့ မျက်နှာ ဝင်း သွား ပြီး "ဘယ်မှာလဲ။ ဘယ်မှာ ထားသလဲ။ ငါ့ကို ပြစမ်း။ ခုချက်ခြင်း ငါ့ကိုပေး"လို့ အရေးတကြီး တောင်းတယ်။"ကိုး ကွယ် ဖို့ ပါ ဆိုနေမှ ဘယ်မှာ ထားရမလဲ၊ ဘုရား စင်ပေါ်မှာပေါ့"လို့ ဖြေလိုက်တော့ သူကိုယ်တိုင် ဘုရားစင်ပေါ် သွား ရှာပြီး ပရုတ်ဆီဘူးကို ယူတယ်။ ပြာပုလင်းကို ရတာနဲ့ မမကိုတောင် နှုတ်မဆက်ဘဲ ချက်ခြင်းကပျာကယာ ရုံးပြန်သွားတယ်။ မမကတော့ စိတ်ထဲက ကျိတ်ပြီး ရယ် လိုက် မိ တယ်။ စစ်စုံထောက် စစ်ဗိုလ် ကတော် ဆိုတာ စစ်စုံထောက်ဗိုလ်ထက် သာ ရ မှာ ပေါ့။ မမစိတ် ထဲမှာ အရေး ကြီး မယ် ထင်လို့ ပြာပုလင်းထဲက ပြာကို နည်းနည်း ခွဲယူထားလိုက်တယ် လေ။ ဒီတခါတော့ လုံလုံခြုံခြုံ သေသေချာချာ ဝှက်ထားတာပေါ့။ ဟောတော့ မကြာပါဘူး။ နေ့ ၂ နာရီထိုးတော့ ကိုကို ပြန်လာပြန်တယ်။ လက်ထဲမှာ စာရွက် တရွက်ပါလာတယ်။ လက် နှိပ် စက် ရိုက် ထား တယ်။ မမရဲ့ နာမည်နဲ့ မမရဲ့ ထွက်ဆို ချက် လို့ ခေါင်း စဉ် တပ် ထား တယ်။ ကျော်ကြီးတို့ ဖွဲ့တို့ လာကြ တဲ့ အချိန်ကစပြီး ဘုရားစင်ပေါ်က ပြာပုလင်းကို ကိုကိုလက်ထဲ အပ် တယ် အထိ လက်နှိပ်စက်နဲ့ အသေးစိတ်ရိုက်ထားတယ်။ "စဉ်းစား စမ်း နောက်ထပ် ဘာ သိ သလဲ၊ ဘာ ကျန် သေး သလဲ" လို့ မေး တယ်။ ဖြစ်ခဲ့သမျှ စုံပါတယ်။ ဒါပါပဲ။ နောက်ထပ်ပြောစရာမရှိပါ ဘူးလို့ ပြောလိုက်တော့ စာရွက်ရဲ့ အောက်ဆုံးမှာ "မှန်ကန်စွာ အစစ် ခံပါကြောင်း"လို့ မမရဲ့ လက်ရေးနဲ့ ရေးပြီး လက်မှတ်ထိုး ပေးလိုက်ရတယ်။ စာရွက်တိုင်းမှာလဲ လက်မှတ်တို တို့ရတယ်။ "ကျွန်မက ဇရာမ သက်သေကြီးပေါ့။ ကြီးကျယ်လှချည့်လား ကိုကို





ရယ်"လို့ ခနဲ့တော့ "ပြောင် တောင် တောင် လုပ် မနေ နဲ့။ အမှုက ကြီးတယ်။ ရုံးရောက်တာနဲ့ ပြာပုလင်းကို စက္ကူအိတ် သုံးထပ်မှာ အရာရှိကြီးသုံးဦးက လက် မှတ် ထိုး၊ ချိတ်ပိတ်ပြီး မီးခံသေတ္တာထဲ မှာ သိမ်းရတယ်။ လူကြီးသုံးဦးဆုံမှ သုံးဦးစလုံး ဆုံပြီး သုံးယောက် စလုံး ရဲ့ လက်ကို အပ်ရမှာ" လို့ ကိုကိုက ပြော သွား ရှာတယ်။ နေပါဦး လူကြီးတွေက ဒီ ပြာကို ဘာလုပ်ဖို့လဲ။ သူတို့လဲ ကိုးကွယ် ချင်လို့လား။ အမယ်လေး ရေးလိုက်ရတာ... စာ က ရှည် လှ ပြီ။ လက်တွေ ညောင်း လှ ပြီ။ တဆက်ထဲရေးလို့ ပြီးသွားလဲ တကယ့် ကို စိတ်ချရတဲ့ လူကြုံရှိမှ ပို့ရမှာ ဆို တော့၊ ဖြေးဖြေးပေါ့။ မမ နား လိုက်ဦးမယ်။ (ဗမိုးသည်လည်း စာဖတ်ရင်း မောသွားသည်။ မမ က စာ ရေး ကောင်း သည်။ အဖြစ်အပျက်က ဆန်း သည်။ စိတ် ဝင်စားဖို့ ကောင်းသည်။ မမက စာရေးစဉ်က နား၍ ရေးစေကာမူ ဗမိုးက မနားနိုင်ဘဲ နောက်တရွက်ကို ဆက်ဖတ်မိသည်။) မောင်လေး ရေ... ဒီ အပတ် **Far East** သတင်းဂျာနယ်မှာ မြန်မာပြည်မှာ မည် သည့် စစ်ဗိုလ်ချုပ်ကြီးသည် အာဏာ အမြင့်ဆုံးနည်းဆိုတဲ့ ခေါင်း စဉ်နဲ့ သတင်းဆောင်းပါးရှည်ကြီး ရေးထားတာကို ဖတ်ရတယ်။ သိပ် ပြီး ရယ်စရာ ကောင်းတာပဲ။ ဘယ်ဗိုလ်ချုပ်ကြီးကတော့ ချိုးဖြူ။ ဘယ်သူက သိမ်းငှက်။ ဘယ်သူကတော့ တပ်မတော်ကို မီးသေ တယ်။ စုံလို့ ရေးလိုက်တာ။ တနေ့မှာ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ အရေးကြီးတဲ့ သတင်းတပုဒ် တင်ပြဖို့ လာတာကို ချုပ်မှူးကြီးက တောင်အမေရိက ဘောလုံးပွဲ တီဗွီကြည့် နေလို့ အတွေ့မခံဘူးတဲ့။ ညကျတော့လဲ မြန်မာတီဗွီမှာ တရုတ်သိုင်း ရုပ်ရှင်ကြည့်လျှင် ဘယ်သူနဲ့မှ စကား မပြောဘူးလို့ အရပ်ထဲက ပြောကြတာ ကြားဘူးတယ်။ ဗိုလ်ချုပ်ကြီး ခင်ညွန့်က စိတ်ဆိုးလွန်း လို့ တုန်နေတာပဲတဲ့။ အို ရေးလိုက်တာ စုံနေတာပါပဲ။ မြန်မာ့နိုင် ငံရေး နားလည်သူဆိုတဲ့ သတင်းထောက်တွေဟာ မြန်မာနိုင်ငံမှာ

ဘယ်သူ တန်ခိုး အကြီးဆုံးလဲ ဆိုတာ မသိရှာကြဘူး၊ နားမလည်ကြဘူး။ "ဗမာပြည်မှာ တန်ခိုးအကြီးဆုံးက ဘိုးတော်တွေဗျ"လို့ မင်းပြောခဲ့တာကို မမ သတိရတယ်။ (ဗမိုးလည်း သတိရသည်။ ဗိုလ်ချုပ်ကြီးများ ဗေဒင် ယတြာကို လွန်စွာ ယုံ ကြည် ကိုး ကွယ် ကြောင်း မမနှင့် စကားစပ်မိ၍ ပြောကြစဉ်က မမက ဗိုလ်ချုပ်ကြီးများသည် ဘိုးတော်များ၏ အမိန့်ကို အမြဲ နာယူကြကြောင်း။ ဘိုးတော်တို့က စားစေဟု အမိန့် ပေး သော သစ် သီး ကို သာ စားရကြောင်း။ အရှေ့အရပ်သို့ မသွား နှင့် ဆိုလျှင်လည်း မသွားဘဲ လိုက်နာကြကြောင်း။ ဗိုလ် ချုပ် ကြီး က တော် တို့ အဖို့ ထ ဘီ အင်္ကျီရောင်စုံအမြဲ ထားရကြောင်း၊ ဘိုး တော် တို့ က ဘယ် ဗိုလ် ချုပ် ကတော်မည်သည့်နေ့တွင် မည်သည့်အရောင်ကို ဝတ် ဆင်ရ မည် ဟု ပင်အမိန့်ပေးကြောင်း မမက လေရှည်ကြီးနှင့် ပြောနေသဖြင့် "မမ ရာကျွန်တော် သိပါတယ်။ ဗိုလ်ချုပ်ကြီးတွေကို ဘိုးတော်က ဖင်လှန်ပြစမ်းလို့ ပြော ရင်၊ ဘိုးတော် ပါးစပ်မပိတ်မီခင်မှာ ဗိုလ်ချုပ်ကြီးတွေကဘောင်းဘီ ကြယ်သီးဖြုတ်ပြီး အသင့်ရှိကြရပါတယ်"ဟု ဗမိုးကကောက် ချက် ချ ခဲ့ သည်။) အေး။ မင်းပြောတဲ့အတိုင်းပါပဲ မောင်လေးရယ်။ ဒီပြာကိစ္စက ဘိုးတော်အားလုံးရဲ့ အမိန့်အရ ခေါင်းဆောင်ကြီး သုံးဦးတို့ တညီတညွတ် စုပေါင်းပြီး ရှာကြတကိုး။ အပူတပြင်း အမိန့်ပေးတာကြောင့် စစ်စုံထောက်ရုံး တရုံးလုံး ရှိသမျှအလုပ်တွေ ရပ်ပြီး ဘဘကြီး ဝင်းရဲ့ ပြာကို ရှာကြ၊ လိုက်ကြ၊ စုံစမ်းကြတယ်တဲ့။ ပြာကို တွေ့ရင် ခေါင်းဆောင်တဦးကိုသာ အပ်နှံခြင်း မပြုရ။ သုံးဦးစလုံးကို တပြိုင်တည်း အပ်ရမယ်တဲ့။ တကယ့်ကို အရေးကြီးတဲ့ ကိစ္စမို့ ထိပ်တန်း လျှို့ဝှက်အဖြစ် စုံစမ်းကြရမယ်တဲ့။ အမိန့်က၊ အမိန့်က မဆန်းလား။ သူတို့ကတော့ ထိပ်တန်းလျှို့ဝှက်လို့ အမိန့်ပေးတာပဲ၊ စစ်စုံထောက်တွေက သိပါတယ်။ ဘိုးတော်တွေ အားလုံးက ဘဘကြီးဝင်းရဲ့ ပြာကို စားလျှင် "မင်း ဖြစ်





အံ့"လို့ ဟောကိန်း ထုတ်လို့ ဆို တာ သိ ကြ ပါ တယ်။ အရပ်ထဲမှာ တောင် သတင်း ပေါက် သွား ပြီ ထင် ပါ တယ်။ မမ စန္ဒာဝင်းတို့ မိသားစုက အဆော ဆုံး သိ ဟန် တူ တယ်။ ခုလောက်ရှိ စားပြီး ကြ ရော့ ပေါ့၊ ကို အေး ဇော် ဝင်း နဲ့ ဇော် ကြီး တို့ ညီ အစ် ကိုတွေ လဲ ဟီဟိ မင်း လောင်း တွေ ပေါ့။ သူတို့ မင်းဖြစ်ရင် မမကဘာမှ မတောင်းဘူး၊ ငါ့ ကိုကိုကို အမေရိကန် သံအမတ်ခန့်ရမယ်လို နားရှက်ဆွဲပြီးခိုင်းမယ်လေ။ ဒါမှ မောင်လေးနဲ့ တွေ့ရမှာပေါ့၊ ပြောမယ့်သာ ပြောရတယ် ကိုကိုကတော့ သစ္စာကြီးတဲ့ အရာရှိကြီးပါ။ ကိုကိုရယ် ကျွန်မပြာထုပ်ကလေးကို ခေါင်းဆောင်ကြီး သုံးဦးကို မျက် နှာ စုံ ညီ ဆုံပြီး ဘယ်နေ့ကအပ်သလဲ မေးတာကို တောင်စိတ်ဆိုးတယ်။ ပြာထုပ်ကို ကျွန်မသိမ်းထားလို့ရတာ ကျွန်မ ဆု မရဘူးလားလို့ မေးတော့ နင် ဝင် မရှုပ် နဲ့ လို့ ငေါက် တယ်။ အန္တရာယ်ကြီးတယ်လို့ သတိပေးတယ်။ ဒါပါပဲ မောင်လေးရယ်။ သူတို့တတွေတော့ ဘဘကြီးဝင်းရဲ့ ပြာကို စားပြီး ကြရောပေါ့။ ဒါကြောင့် သူတို့ ရှင်ဘုရင် ဖြစ်နိုင်ကြသလို ငါ့မောင်လေးလဲ မင်း ဖြစ်စေချင်လို့ ပို့လိုက်တာ။ စား သာ စား ပါ မောင်လေးရယ်။ နင် မင်းဖြစ်မှ ငါလဲ အမေရိကန်မှာ သံအမတ်ကတော် အဖြစ် အမေရိကန် သမ္မတနဲ့ လက်ဆွဲ နှုတ်ဆက် ရမှာ။ ဒါပါပဲ မောင်လေးရယ်။ ပေးလိုက်တဲ့ ပြာကို စားဖြစ်အောင် စားနော်။ အမေရိကန်ဇာတိ မဟုတ်လို့ အမေရိကန်မှာ သမ္မတ မဖြစ်နိုင်ပေမင့် အကြီးအကဲတော့ ဖြစ်နိုင်ပါလိမ့်မယ်။ မောင်လေးငယ်ငယ်က သီဆိုတဲ့ "ငါသာ ရှင်ဘုရင်ဖြစ်လိုက်ချင်တယ်။ ချစ်သူကို တောင် ညာထားလို့ စံစားပါမယ်" ဆိုတဲ့ သီချင်းကလေးကို မမ ကြားယောင်ပါသေးတယ်။

မောင်လေးရဲ့ ချစ်မမ

* * *

## (၈)

### ပြာကိုစားသည့် မင်းလောင်းဆယ်ပါး

ဗမိုးထံသို့ ပြာနှင့် စာ ရောက် လာ ချိန်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့တော်တွင် 'ပြာလျှက် မင်း လောင်း' ရှစ် ဦး ရှိ နေ လေ ပြီ။ ထိုရှစ်ဦးစလုံးတို့သည် မိမိတို့ မထိုင်ရသေးသော ရာဇပလ္လင် ဖင်နှင့်မြဲရေးနှင့် မင်းလောင်း အချင်းချင်း တဦးကို တဦးက ဖယ်ထုတ်ရေးတို့အတွက်ပါ စိတ်ကူးနှင့် ပြင် ဆင် နေကြ လေပြီ။

'ပြာစား မင်း လောင်း ဟောကိန်း'ကို ထုတ်ဟောသူ ဘိုးတော်အောင်ထွဋ်ခေါင်သည် မူလက ဗိုလ်ချုပ်ကြီး နေဝင်းနှင့် သမီးခင်စန္ဒာဝင်းတို့၏ ဘိုးတော်သာ ဖြစ် သည်။ (ခင်စန္ဒာဝင်းက သူ့အား ဘိုးဘိုးအောင်ဟု ခေါ်လေ့ရှိသည်။) ဗိုလ်ချုပ်ကြီး နေဝင်း ရာထူးမှ ထွက်ရလုလု ရှစ်လေးလုံးခေတ်တွင် ထောက်လှမ်းရေး ညွှန်ကြား ရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်ညွန့်နှင့် မျက်နှာတန်းမိသော်လည်း ရင်းနှီးလှချည့် မဟုတ်ပေ။ ဗိုလ်ချုပ်နေဝင်းလွန်ကာလ ဒုတိယဗိုလ်ချုပ်ကြီးအဖြစ် ဗိုလ်ခင်ညွန့် အာဏာစက် တောက်ပချိန်တွင်လည်း ရင်းနှီးလှချည့် မဟုတ်ပေ။ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က အဋ္ဌေဝါသိက ကိုးကွယ် သော ဘိုးတော်မှာ ဘိုးတော် ပန်းလှ ဖြစ်၏။

နဝတတက်စခေတ်က ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အာဏာမြဲရေး ရာထူးတက် ရေးအတွက် ယတြာချေရန် ဘိုးတော်ပန်းလှ၏ အမိန့်အရ ကိုးရက် ကိုးည အိပ်ရာဝင်တိုင်း နံ့သာဖြူသနပ်ခါးလိမ်းကျံ၍ ထဘီဝတ်ကာ စက်တော်ခေါ်ခဲ့ရဖူးသည်။ ယတြာအောင်သည်ဟု သူက ယုံကြည် သဖြင့် ဘိုးတော်ပန်းလှအား အထူးအားကိုးသည်။





ဘိုးတော်အောင်ထွဋ်ခေါင်အား ကိုးကွယ်ခြင်း မပြုခဲ့သော်လည်း အလားအလာရှိ ဟန်တူသဖြင့် အောင်ထွဋ်ခေါင် လိုသမျှ ထောက်ပံ့ပူဇော်ခဲ့သည်။ အောင်ထွဋ်ခေါင်သည် ပဲခူးမြို့ နှင့် ၉ မိုင်ကွာရှိ၊ အောင်ပင်လယ်ရွာ အောင်ပင်လယ်စေတီအနီးမှ ဇရပ်ငယ်တခုတွင် သီတင်းသုံးသည်။ သူ့အတွက် ပဲခူးမြို့မှ လျှပ်စစ်ဓာတ်ကြိုးလိုင်းဆွဲပေးရသည်။ အဲယားကွန် လေအေးပေးစက် တပ်ဆင်ပေးရသည်။ တလတကြိမ် ဂျွန်နီဝေါ်ကား ဘလက်လေဘဲလ် ဝီစကီပို့ပေးရသည်။

ထိုရှေ့ထိုမျှ ပသရသည်မှာ ဗိုလ်ခင်ညွန့်အဖို့ မဖြစ်စလောက်သာ။ နှုတ်မိန့်နှင့် ကိစ္စပြီးသည်။ လက်ထောက် စစ်စုံထောက်ရုံးမှ အရာရှိကြီး တဦးကို "လုပ်ပေးလိုက်ပါကွာ" စကားငါးလုံးဖြင့် အမိန့်ပေးရုံသာ။ ထိုသို့ ပသသဖြင့် အခါအားလျော်စွာ အောင်ထွဋ်ခေါင်က မိန်ကြားသည့် ဟောကိန်းများကိုမူ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က အလေးထားသည်။ ပြောသမျှကို ဘိုးတော်ပန်းလှအား တဆင့်ဆွေးနွေး၍ ပြုသင့်သမျှသာ ပြုလုပ်သည်။

စောစောကာလက လေးလေးနက်နက် ယုံကြည်မှု မရှိသော်လည်း ၂၀၀၁ ခု ဂျန်နဝါရီလက ဘိုးတော်အောင်ထွဋ်ခေါင်က တွေ့လိုသည်၊ အထူးကိစ္စတရပ်ကို မြင်သည်ဟု ဆိုသဖြင့် အလျင်အမြန်သွားခဲ့သည်။ "ဗိုလ်ချုပ်ကြီးရဲ့ လက်ထောက် အတွင်းရေးမှူး (နှစ်)မှာ မရဏကိန်း မြင်တယ်။ ကျုပ်က စုတူပါပတ-ဉာဏနဲ့ ကြည့်တော့ ဥပစ္ဆေဒက ကံသင့်နိုင်တာ ကို မြင်ရတယ်။ ဒီတော့ ဒီ ရက်အတွင်းမှာ ခရီးမထွက်ပါစေနဲ့။ အထူးသဖြင့် လေယာဉ်ပျံ မစီးပါစေနဲ့" ဟုဟောသောအခါ ဗိုလ်ချုပ်ကြီး ခင်ညွန့်မှာ ကြက်သီး မွေးညင်းထမိသည်အထိ တုန်လှုပ်သွားခဲ့သည်။ အခါပေးသကဲ့သို့ ဖြစ်နေသည်။ ဟောကိန်း၏ တလ အတွင်း ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးတယောက် ရဟတ်ယာဉ် ပျက်ကျကာ သေလွန်သည်ကို မြင်ရသ

ဖြင့် ဘိုးတော် အောင်ထွဋ်ခေါင်ကို အထူးယုံကြည်မိရတော့သည်။

အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးအား လုပ်ကြံရန် ကြံစည်မှု နှစ်ကြိမ် နှစ်ခါဖြစ်ခဲ့ပြီးလေပြီ။ ၁၉၉၇ ခုနှစ်ဆန်းက ကမ္ဘာအေးလှိုဏ်ဂူတွင် ဗုံးခွဲကာ လုပ်ကြံစဉ်က လွတ်ခဲ့သည်။ တဖန် ဧပြီလတွင် ပါဆယ်ဗုံးနှင့် လုပ်ကြံပြန်သဖြင့် သမီး သေရှာသည်။ စစ် စုံ ထောက် တို့က အသေးစိတ် စုံစမ်းသည်ဟု ဆိုကာ ထိုလုပ်ကြံမှုတို့ကို ပြည်ပမှ အဖျက်သမားများ၏ ကြံစည်မှုဟု လွယ်ကူစွာ အဖြေ ပေး ခဲ့ သည်။

အတွင်းရေးမှူး (၂) ကို သေ စေ လို သူ မှာ ပြည် ပ ဒီမိုကရေစီအင် အား စု များ မ ဟုတ် နအဖ အစိုးရ အဖွဲ့ဝင် အ ချင်း ချင်း သွေးကွဲသဖြင့် နအဖ ခေါင်းဆောင် အချို့သာဖြစ်နိုင်သည်။ ထို့ကြောင့် မည်သူ၏ လက်ချက်ဟု သိရှိကာ တရားခံကို အရေးယူပါရန် ရဟတ်ယာဉ်ပျက်မှုကို စုံ စမ်း စစ် ဆေး ပေး ပါ ဟု ကျန်ရစ် ရှာသူ မုဆိုးမ ဒေါ်ခင်သန်းနွဲ့က ဗိုလ်ချုပ်မှူးကြီးထံ စာတင်သည်။

ကျပ်ကုဋေချီကာ တန်ဖိုးရှိသည့် စီးပွားရေး အခွင့်အရေးများ ပေး၍သာ ချေးသိပ်ခဲ့သည်။ စုံစမ်းရေးအဖွဲ့ကို ဖွဲ့ပေးရန်ကိုမူ ဗိုလ်ချုပ်မှူး ကြီး က ငြင်း ခဲ့၏။

၁၉၅၀ ခုနှစ် ညတာညက လက်ပံတန်းမြို့ ၏ မှောင် ရိပ် တ ခု တွင် မောင် သောင်းရွှေ (ဗိုလ် တင် ဦး ၏ ငယ်နာမည်) ကို လူ နှစ် ဦး က မေ့ လဲ အောင် ရိုက် နှက် ၍ လက် ဝတ် လက် စား နှင့် ငွေ များ ကို လု ယူ သွား သည် ကို ခံ ခဲ့ ရ ဖူး သည်။ "အဲ ဒီ လူ နှစ် ယောက် ဟာ ဘယ် သူ တွေ လဲ။ ဥပဒေ ဘောင် တွင်း က လူ တွေ လား။ ဥပဒေဘောင် ပြင်ဖက်က လူတွေ လား" ဟု ဗိုလ်တင်ဦးသည် တသက် လုံး စဉ်း စား သော် လည်း အဖြေမရရှာဟု နဝဒေး စာ တည်း အဖွဲ့ က ပြုစု သော 'သူ နှင့် သူချစ်သော ပြည်သူ' ဗိုလ် တင် ဦး ဇာတ် ကြောင်း စာ အုပ် တွင် ရေး သား ထား သည်။





ဗိုလ်တင်ဦးအဖို့ လူငယ်ဘဝက သူ့အား ရိုက်လုသူများသည် ဥပဒေဘောင်တွင်းက လူများ သို့မဟုတ် ဥပဒေဘောင် ပြင်ဖက်မှ လူ များ တွင် မည်သူတို့ ဖြစ်သည်ဟု သိမသွားရှာသကဲ့သို့ သူ့အား လုပ်ကြံသည် ဆိုသူများသည် ဥပဒေဘောင်တွင်းမှ လူ တွေ လော၊ ဥပဒေဘောင်၏ ပြင်ဖက်က လူ တွေ လော၊ သတ် သူ မည် သူ နည်း ဟူသော မေး ခွန်း မသိ နိုင် ဘဲ ဘဝ ဆုံး ရ ရှာပေသည်။ အဖြေကို နအဖ အစိုးရလွန်မှ ဖော်နိုင်ပေမည်။

ယခု ဘိုးတော် အောင်ထွဋ်ခေါင်အဖြစ် တန် ခိုး ထွား နေ သူမှာ ဒီမိုကရေစီခေတ်က အိုးဝေ သတင်းစာ၌ သတင်းထောက်အဖြစ် ပင်ပန်းတကြီး ရှာ ဖွေ စား သောက် နေ ရ သူ လူငယ် တဦးသာ ဖြစ် သည်။ ထို စဉ် က သူ ၏ အမည် အောင် ထွန်း။ ပုဂံ ညောင်ဦး မြို့၏ နောက်ဖေး ငါ့သရောက် ရွာမှ ရန်ကုန်သို့ တက်လာသော တောသား လူလည်တယောက်သာ ဖြစ်သည်။ ဇာတိရွာမှ ဆရာတော် ဦးဒိဋ္ဌထံမှ ဗေဒင်ပညာတတ်လာသည်ဟု ဆိုကာ ဟောကိန်း ထုတ်လေ့ရှိသဖြင့် 'ဗေဒင်ရူး'ဟု သတင်းထောက်လောကတွင် ထင်ရှားခဲ့သည်။

သတင်းထောက် ဒကာဒိုးတယောက် သတင်း ဆောင်းပါးရေး ရာတွင် ၁၉၅၈ ခု စစ်အစိုးရအား ဘောင်းဘီဝတ်အစိုးရဟု သရော်စာနှင့် ကလိစဉ်က အောင်ထွန်းသည် ဒကာဒိုး၏ အိမ်သို့ ချက်ခြင်း ပေါက်လာပြီး "ကိုယ့်လူ စစ်တပ်ကို သွားပြီး မကာလိ နဲ့နော် ကောင်း ကောင်းကြီးခံရမယ်"ဟု ကြိုတင် သတိပေးခဲ့သည်။ ရက်ပိုင်းအတွင်း အဖမ်းခံရပြီး ထောင်ချသည်ကို ခံခဲ့ရသည်။

ထိုစဉ်က ဟောခဲ့သေးသည်။ "ကိုယ့်လူဇာတာမှာ စစ်ဗိုလ်တို့ရဲ့ စောင် မ ကြည့် ရှု မှု နဲ့ ကြီး ပွား ချမ်း သာ ဖို့ ပါ တယ်။ ဒီတော့ ကိုယ့်လူ စစ်ဗိုလ်တို့၊ စစ်တပ်တို့ မကောင်းကြောင်း စာလုံး ကလေး တလုံးမှ မရေးလေနဲ့။ ခင်ဗျားလဲ တတ်ပါတယ်။ စစ်ဗိုလ်

မှန် သ မျှ ကို ဆလန် ပေး ပေ တော့။ ဇောတိက၊ ဇတိလတို့ကိန်း ဆိုက်နိုင်တယ်။ သူဌေးဖြစ်တော့သာ ကျုပ် ကိုမေ့ မထား နဲ့”

အောင်ထွန်း၏ ဟောစာတမ်းကို ကြား လိုက် သော ဒကာဒိုး ကတော် မိခင်ဌေးက လင် ထောင်မှထွက်လာပြီး ကလောင်ကို ပြန် ကိုင်သော အခါ လင်ရေး လေသမျှ ဆောင်းပါးမှန်သမျှကို ဖတ်၍ စစ် တပ် ဆန့်ကျင်သော စာပိုဒ်များကို ဆင်ဆာဖြတ်တော့သည်။ ဒကာဒိုးကလည်း လူရည် လည်သည်။ စစ် ဗိုလ် များ ကို သာမက တပ် ကြပ် ကြီး များ ကို ပါ ဆလန် ပေးသည်။ ဗိုလ်မှူးကြီး အဆင့် ထက် မြင့်သော စစ်ဗိုလ်နှင့် ကြုံလျှင် စစ် ဖိ နပ် ပြောင်လက် သွား အောင် တိုက်ချွတ်ပေးသည်။

အောင် ထွန်း ၏ ဟော ကိန်း မှန် သည်။ ဇာတ် ပေါင်း လိုက် သောအခါ နိုင် ငံ သား ၅၂ သန်း တို့ ထမရေ သောက် နေ ရ ချိန် တွင် ဆရာ ဒကာဒိုးသည် ဗိုလ်ချုပ်ဈေးကြီးတွင် ဇရာမဆိုင်ကြီး၊ ကန္တားကြီး၊ မှန်ကားကြီး၊ တိုက်ကြီးနှင့် ပြည့် တော် သာ နေ လေ ပြီ။

နောက် ပိုင်း တွင် အောင် ထွန်း တယောက် ပျောက် သွား သည်။ အလံနီ တို့ တောခိုရာသို့ လိုက်သွားသည်ဟု သတင်းသဲ့သဲ့ သာ ကြား ကြ ရ သည်။ မဆလခေတ်တွင်မှ အောင်ထွဋ်ခေါင်ဟု နာမည် တမျိုး နှင့် ထွက် ပေါ် လာ သည်။ မဆလ လူသတ် ဗိုလ်ချုပ် သမ္မတ တမွန်းတည့် ဗိုလ်မှူးကြီး စိန်လွင်၏ အခါပေး ‘ပေဒမလိုင် ဆရာဆိုင်’ တန်ခိုးထွားချိန်တွင် ဆရာဆိုင်၏ အပါးတွင် တွေ့ရ သည်။ အလံနီ ငွေ့ မကာင်းသူ ပေဒင် မလိုင်တုံးကြီး ဆရာဆိုင်က ရဲနီအချင်းချင်း ကူညီ၍ စင်တင်လိုက်သဖြင့် ထင်ရှားလာခဲ့သည်။

နအဖခေတ်တွင် တနေ့သည် အမျိုးသား ခေါင်းဆောင် ဒေါ် အောင်ဆန်းစုကြည်၏ ဇာတာကိန်းခန်း မြင့်မားလာသဖြင့် ယတြာ ချေရန် ဗိုလ်ချုပ်ကြီးများက ဆရာဆိုင်အား တာဝန်ပေးသည်။ ရွှေ





တိ ဂုံ စေ တီ အနောက် မုခ် စနေဒေါင့်တွင် စေတီ တ ဆူ တည် ရန် အကြံပေးသဖြင့် အမြန် ဆောင်ရွက်ရန် အမိန့်ပေးသည်။ အခမ်း အနားနေ့တွင် ဗိုလ် ချုပ် ကြီး သုံး ဦး တို့ သည် မြေပြင်မှ တပေခန့် မြင့်သော မဏ္ဍာပ်တွင် ဆရာတော်များကို ပင့် ဖိတ် ၍ သီ လ ယူ ကြ သည်။ ဆရာဆိုင်နှင့်အဖွဲ့ က စေတီတည်ဆောက်မည့် နေရာတွင် ပန္နဆက်ဝတ်များ၊ အုတ် အင်္ဂတေများနှင့် ပြင် ဆင် နေကြ သည်။

အခါတော်ကျသောအခါ ဆရာဆိုင်က “ဗိုလ် ချုပ် ကြီး များ ခင် ဗျား... ပန္နဆက်ရိုက်ရန် အ ခါ တော် ကျ ပါ ပြီ၊ မဏ္ဍာပ်မှ ဆင်း ခဲ့ ကြ ပါ ခင် ဗျား”ဟု အသံချဲ့ စက် မှ ပင့် ခေါ် သည်။ ဗိုလ်ချုပ်ကြီး သုံးပါးစလုံး မျက်နှာမသာ မယာနှင့် ဆင်း လာ ကြ ကာ ဆရာဆိုင်၏ အစီအစဉ်အတိုင်း ပန္နဆက် ရိုက်ကြပြီးနောက် ကပျာကယာ ပြန် သွား ကြ သည်။

ထို နေ့ မှ စ၍ ဆရာဆိုင်တယောက် ပျောက်ခြင်းမလှ ပျောက် သွားသည်။ တော ခို သည် ဟု ယူ ဆရန် မသင့် ပေ။ ဆရာကြီး သခင်စိုးပင် မရှိတော့သဖြင့် မဖြစ်နိုင်။ ဆရာဆိုင်တယောက် ဘယ် ရောက်သွားပါလိမ့်။

“မင်းပရိယာယ်၊ တောင့်တယ်၊ နား ဝယ် မလည် ရှာ”ဟု စကားပုံ ရှိသည်။ ပန္နဆက် ရိုက် ပွဲ မတိုင် မီ တလခန့်က မန္တလေး ရွှေမြို့တော် ဆိုင်း တန်း ရပ် မြန် မာ ညွန့် အငြိမ့်သဘင် မှ လူရွှင် တော် ကိုသာဂိနှင့် မောင်ပေစိတို့ ရုတ်တရက် ပျောက်ကွယ်သွား ခဲ့သည်။ ယခင်လက တညသားတွင် ဂုဏ်တန်ရပ် အလှူပွဲ တခုသို့ ကကြသေးသည်။ ထိုစဉ်က ပွဲကြည့်ပရိသတ်ကို ဂလိထိုးကြရာတွင် ပြက်လုံးတခုမှာ လွန်စွာ ပွဲကျသဖြင့် ဆုအများ ရခဲ့သေး သည်။ ထိုပြက်လုံးမှာ ဇာတ်စင်ပေါ်၌ ဒန်း တ ခု ဆင် ထား ပြီး ပေစိက ဒန်း စီး နေ သည်။ သာဂိက ပန်းကန်တချပ်နှင့် ထမင်း စား နေ သည်။ ပေစိက ဒန်း ကို “လွှဲ ပေးပါ”ဟု အကြိမ်ကြိမ်ပြောသည်။

သာဂိက "မလွှဲ နိုင် သေး ဘူး။ ငါ စား တုန်း ရှိ သေး တယ်"ဟု ငြင်းသည်။

"လွှဲ ပေး ပါ"

"လွှဲ မပေး နိုင် ဘူး။ ငါ စား တုန်း ရှိ သေး တယ်"

"လွှဲ ပေး ပါ"

"လွှဲ မပေး နိုင် ဘူး။ ငါ စား တုန်း ရှိ သေး တယ်"

လူ ပြက် နှစ် ဦး တို့ အကြိမ်ကြိမ် ပြက်လုံးထုတ်တိုင်း ပရိသတ်က ပွဲ ကျ ကာ အုံး ကနဲ အုံး က နဲ ရယ် ကြသည်။

သို့ နှင့် နာမည်ကျော် လူရွှင်တော် နှစ် ဦး တို့ ပျောက်သွားခဲ့ရာမှ သုံးလ ခန့် ကြာ သော အခါ "ငါတို့နှစ်ယောက် ခန္တီးမြို့က ထောင်မှာ ရောက် နေ တယ်၊ စောင်ထူထူနဲ့ ခြင် ထောင် ပို့ပေးပါ"ဟု မိသားစုများ စာရကြမှသာ နအဖ ဗိုလ် ချုပ် ကြီး များ အမျက်သို့ သဖြင့် ဒဏ် ခတ် ခံ ရသည် ဟူ၍ အဖြစ် မှန် ကို သိကြရလေသည်။

"ဆင်းပေးပါ" ဟူသော စကားလုံးနှင့် "လွှဲပေးပါ" ဟူသော စကားလုံးနှစ်ခုကို နအဖ အစိုးရ ထိပ်သီး အာဏာပိုင် ဗိုလ်ချုပ်ကြီး သုံးဦးတို့က နားမှ လေသံ မကြားလိုသည်ကို နားမလည်လျှင် ပန်းပဲ မောင်တင့်တယ်သို့ ခံကြရပေမည်။ ဘိုးတော် အောင်ထွဋ်ခေါင်က လူလည် ကျသည်။ ဆင်းပေးရန်၊ လွှဲပေးရန်မပြော။ နန်းတက်နည်း၊ အသက် ဦး ဆံ ပိုင် ဇကရာဇ် မင်း ဖြစ် နည်း ကို ဟောသည်။

ဗိုလ်ချုပ်ကြီးနေဝင်း လူ့ပြည်ငြီးသဖြင့် နတ် ထီး နို ရင်း အဝီစိရောက်သွားပြီး ရက် အတန်ကြာသော နေ့တနေ့တွင် ဘိုး တော် အောင်ထွဋ်ခေါင် အိပ်ရာမှ ထလျှင်ထခြင်း ပြတင်းပေါက်မှ ဝင်လာသည့် နေရောင်ခြည်က လက်ကနဲ ထိုးလိုက်သည်နှင့် ကြုံကြိုက်လိုက်သည်။ ထွက်ပြူလာသော တနင်္ဂနွေဂြိုဟ်ဖြစ်သော နေမင်း၏ ရောင်လျှံခတ်သဖြင့် မျက်စိကျိန်းသွားသောကြောင့် ချက်ချင်း သာမယ ဇုဇ္ဇရု ဗေဒင် သုံးပုံအပြင် အာတပ္ပနဗေဒင်ကျမ်းကိုပါ ထုတ်၍ ကြည့်





ပြီး ကျောက် သင် ပုံး ပေါ် တွင် ၁၂ ရာသီ ခွင်ချကာ တွက် ချက်လေသည်။ (အာတပ္ပန ဗေဒင်ကျမ်းကို ပထမ ဆရာသိန်း တိဘက်မှ ခိုးလာသည့် ကျေးပုရပိုက်မူမှ ကူးယူထားသည်ဟု သူက ပြောသည်။) နေရောင်ပြောင်၏ ခတ်တွင် နက် နဲ သော အချက်များကို တွေ့ရသဖြင့် တနေကုန် အစာမစား၊ အရက်မသောက်ဘဲ တွက်ချက်ရသည်။ ညည့်သန်းခေါင်ကျော်မှ အဖြေကို ရသည်။ ဘိုးတော် တုန်လှုပ်သွားသည်။ ချက်ချင်း ဆဲလ် ဖုံးကို ကိုင် ကာ မေခလမ်းရှိ အိမ်တော် သို့ ဆက် လိုက် သည်။

"ဟေ့ သမီး ဝင်း"

"ဟာ ဘိုး ဘိုး ပါ လား။ ဘာ အရေးပေါ်လို့ပါလဲရှင့်"

"အဖိုးကြီးရဲ့ ပြာကို ရေမျှောတုံးက အားလုံး မျှောသလား"

"သူတို့က ဇွတ် ပြော လို့ အား လုံး မျှောလိုက်တာပေါ့"

"တပွင့် တ မှုန် ့ မှ မကျန် ဘူး လား"

"မကျန်ပါဘူး။ အကြောင်း ထူး ရှိ လို့ လား ဖျ"

"သိ ချင် ရင် သမီးဝင်း အခု လာ ခဲ့"

"အခု ချက်ချင်း ကား နဲ့ ထွက် ခဲ့ ပါ မယ်။ သူတို့က အပြင်ထွက်ခွင့်ကို ဘယ် တော့ ပိတ် မယ် မသိ ဘူး။ တနာရီ အတွင်း ရောက် လာ ပါ မယ်"

စန္ဒာဝင်းကို ဟော၍ ပြန်သွားပြီးနောက် ဘိုးတော်သည် ခင်စန္ဒာဝင်းတို့မိသားစုကိုသာ ကွက်၍ အသိပေးရန် မသင့်ဟု ဆင်ခြင်မိသဖြင့် သူတဦးတည်းဆက်ရန် နံပါတ်ပေးထားသော ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ အထူး တယ်လီဖုန်းနံပါတ်ကို နံက်စောတွင် ဆက်လိုက် ပြန်သည်။

"အမိန့် ရှိ ပါ ဘိုး ဘိုး...ကျွန် တော်ပါ"

"အဖိုးကြီးရဲ့ ပြာ ကျန် ရစ် သလား။ စုံထောက်စမ်းကွာ"

"ဘာ လုပ် ဖို့ လဲ ဘိုးဘိုး ရဲ့"

“ဒီလိုကွ ဒီလို ငါ အမြင် ပေါက် တယ်။ အဖိုးကြီးရဲ့ တန်ခိုး က သူ့ရဲ့ပြာမှာ ကျန် ရစ် တာ ကြောင့် အကျိုး ကျေးဇူးများမယ် လို့ မြင်ရတယ်ကွ”

“ဟုတ်ပြီ။ ဟုတ်ပြီ။ ကျွန်တော်ကိုယ်တိုင် စုံထောက်ပါမယ်။ ဘိုးတော်ကသာ ဒီဟောကိန်းကို ဘယ်သူ့ကိုမှ မဟောပါနဲ့ အထူး လျှို့ဝှက်ပေါ့။ ကဲ ကျွန်တော် အခု သွားတော့မယ်။ သတင်းလိုက် မယ်”

“တော့ပ် စီး ကရက်ဟေ့” ဟု ဘိုးတော်က ပြောပြီးသည် နှင့် ဗိုလ်ခင်ညွန့်သည် အိမ်မှ ဆင်းကာ ကားကို မောင်း၍ စစ်စုံ ထောက်ရုံးသို့ သွားကာ စုံစမ်းရန် စီစဉ် ညွှန်ကြားသည်။ ဆက် လက် ၍ ပဲခူးသို့ အမြန်မောင်းကာ ဘိုးတော်ကို သွားရောက်တွေ့ ဆုံသည်။ ဘိုးတော်၏တဲနန်းသို့ မဝင်မီအဝေးမှ လှမ်း၍ စနဲ့နာပြီး မှ ဝင် သည်။ ဘိုး တော် က သူ၏ ဟော ကိန်းကို မဆိုင်းမတွ မိန့် ကြား သည်။

“ဗိုလ်ချုပ်ကြီးနေဝင်းက သူ့ဘဝတလျှောက်လုံး ယတြာအမျိုး မျိုးနှင့် အာဏာတက်လာခဲ့တာကွ။ မသေခင် အာဏာစက် ပြင်း တုန်း က... ငါသေတောင် ငါရဲ့ အာဏာစက်ဟာ အသက်ရှင်သန် ကြီးထွားပြီး ကျန်ရစ်ရမယ်...လို့ ယတြာချေခဲ့တယ်။ ဒါကြောင့် သူ သေပေမယ့် သူရဲ့အာဏာစက်က သေမသွားနိုင်ဘူး။ အဲဒါကြောင့် ပဲ သူသေတဲ့နေ့က အမြန်ဆုံး မီးသဂြိုဟ်ကြဟေ့လို့ မင်းတို့ကို ငါ က ညွှန်ခဲ့တယ်။ မင်းတို့က ချက်ချင်း မီးရှို့ခဲ့တော့ ဗိုလ်ချုပ်ကြီး နေ ဝင်း ရဲ့ အာဏာစက်ဟာ သူ ရဲ့ ခန္ဓာကိုယ်ကြီးနဲ့ အတူ ပြာကျ သွားပြီလို့ စိတ်အေးနေခဲ့တယ်။ ဒါပေမယ့် ဒီနေ့မနက် နေရောင် အလက်မှာ သူရဲ့ အာဏာစက်မသေသေးဘဲ နေရောင်ခြည်တမျှင် မှာ ကပ် နေ တာ တွေ့ ရ လို့ မင့် ကို ဖုန်းဆက် တာပဲ”

“အလွန်သေးငယ်တဲ့ ဆံချည်လောက်သာရှိတဲ့ အမျှင်ကလေး





တ မျှင် မှာ နေဝင်းရဲ့ တန် ခိုး က ပ် နေ ပြီး တလက် လက် ဝင်း နေ သေး တယ်။ ဒါ ကြောင့် သူ ရဲ့ ပြာကို စား နိုင် ရင် သူ ရဲ့ တန်ခိုး ကို ရ နိုင် တယ်။ သူ့ လို အာဏာ ထက် တဲ့ မင်းဖြစ် နိုင် တယ်” ယတြာ ခတ်သဘောကို နော ကျေ သူ ဗိုလ် ခင် ညွန့် က ကောင်း စွာနားလည်လိုက်သည်။ နောက်ထပ်မမေးဘဲ တခွန်းသာ မေးသည်။

“ဒေါ်စန္ဒာ ဝင်း တို့ ကို ပြော ပြီး ပြီ လား”

“သူ က ဖခင်ရင်းဆိုတော့ သူ့ ကို ပြော ရ တာ ပေါ့။ သူက မိန်းမသားဆိုတော့ တန်ခိုး မပြိုင်နိုင်ပါဘူး။ ကလေးတွေကိုလဲ မင်း တို့ ဖမ်းထားပြီးပြီမဟုတ်လား”

ဗိုလ် ခင် ညွန့် သည် ရို သေစွာဖြင့် ဘိုး တော်အား အလေး ပြုပြီး ရန်ကုန်သို့ ပြန် ခဲ့သည်။

ဗိုလ်ခင်ညွန့်က သတိကောင်းသည်။ မိမိတို့ ထိပ်သီးကြီး သုံး ဦးတို့ သတင်းထူးရရှိလျှင် တပြိုင်နက်တည်း သိကြစေရန် တယ်လီ ဖုန်း သုံးလုံးကို လိုင်းပူးထားရအောင်ဟု ဗိုလ်ချုပ်မှူးကြီးက အကြံ ပြု ခဲ့သည်။ ဗိုလ် ချုပ် မှူး ကြီး က ကျန်နှစ် ဦး ကို စိတ် မချ သဖြင့် အကြံ ပေး သည်ဟု နားလည်စေကာမူ မလွန် ဆန် နိုင် သေး သော အချိန်ကာလ ဖြစ် သဖြင့် သဘော တူခဲ့ရသည်။ ယခု ဘိုးတော်က ပြာ ကို ရှာ ရ မည် ဟု ဖုန်း ဆက် သည်ကို ရွှေနှင့် အေး တို့ သိ လောက် ပြီ ဟု သတိ ရ မိ သည်။ ဆိုင်း ငံ့ ထား လျှင် ပြာ ကို မိမိ တဦးတည်း အပိုင်ကြံသည်ဟု ယူ ဆကာ ရန် ပြု သည် ကို ခံ ရ နိုင် သည်။ ထို ကြောင့် ကား ပေါ် မှ ပင် ရွှေနှင့်အေးတို့ထံ ဆဲလ် ဖုန်း ဆက် ၍ သတင်း အဝဝကို အစီရင် ခံ လိုက် ရသည်။

အထက်လူကြီး နှစ်ဦးတို့က ဗိုလ်နေဝင်း၏ စံချိန်မီ အာဏာ ထက် မြင့်နိုင်သော တန်ခိုးကို အထူးစိတ်ဝင်စားကြ သဖြင့် ပြာကို ရရှိအောင် အစွမ်းကုန် ကြိုး စား ပါ လေ ဟု တယ်လီဖုန်းမှ အမိန့်

ပေး ရင်း တယ်လီဖုန်းထဲမှ ဗိုလ် ခင် ညွန့်၏ ကျောကို ပွတ်သပ်ကြသည်။ ကံ ကောင်း သည်။ သို့မဟုတ် တယ်လီဖုန်း အသံခိုး၍ ဖမ်းသော အစီအစဉ်သည် ကောင်းလှသည်။ စစ် စုံ ထောက် ရုံး အသံဖမ်း ခန်း တွင် ဒေါ် စန္ဒာဝင်း အိမ်မှ ဆက် လေသမျှ တယ် လီ ဖုန်းသံ များ တို့ ကို ဖွင့်၍ နားထောင်သော အခါ စစ်စုံထောက်ရုံးမှ ဗိုလ်မှူးကြီးကတော်နှင့် ဒေါ်စန္ဒာဝင်းတို့ ပြောသော စကားများကို သိရှိကာ သတင်းစကို ရရှိကြသည်။ စစ် စုံထောက်ရုံးမှ အရာရှိများက အချိန်မဆိုင်းဘဲ သတင်းကို ဆက်၍ လိုက်နိုင်ကြသဖြင့် ရက်အနည်းငယ်အတွင်း ပြာပုလင်းကလေးမှာ စစ်စုံထောက်ရုံးသို့ ရောက်လာလေသည်။

အရာရှိကြီး သုံးဦးတို့က စာအိတ်ကြီး သုံးအိတ်နှင့် အထပ်ထပ်ထည့်ပြီး ချိပ်တံဆိပ် သုံးချက်ခတ်၍ မီးခံသေတ္တာထဲတွင် သိမ်းထားပါသည်ဟု ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ သတင်းပို့သော အခါ ဗိုလ်ခင်ညွန့်သာမက ချုပ် မှူး ကြီး ရော ဗိုလ် ချုပ် ကြီး မောင်အေး ပါ တ ပြိုင် နက် သိ ရှိ ကာ ထ၍ ခုံ မိ ကြ သည်။ ဒေါ်ကြိုင် ကြိုင်နှင့် ဒေါ်မြမြစန်းတို့ သိ သော အခါ တွင် မူ ကွေး နေ အောင် က မိကြသည်။ ဒေါ်ခင်ဝင်းရွှေထံ ခင် ပွန်း ဖြစ် သူ က ဖုန်းဆက်ပြောသောအခါ အိပ် ခန်း တွင်း တွင် ကွန် ပြူ တာ ဂိန်း ကစား နေသော သားကို ဆွဲခေါ်ကာ ဆော်လ်ဒန့်စ် ကမိသည်။ သားက မိခင်ဘာကြောင့် က လိုသည်ကို မသိရှာ။ သူတို့ အာဏာရှင်ကြီး လင်မယား သုံးစုံ မည် ရွေ့ မည် မျှ ကြာမြင့်စွာ ရာထူးနှင့် နေလို ကြသည် ဟူ သော အတိုင်းအဆကို ခန့် မှန်း နိုင် သူ နည်းပါးသည်။ သူ တို့ ပလ္လင်ပေါ် တွင် ဆက် လက် ၍ နန်း စံ နေ လို သည့် အချိန်ကာလမှာ တခဲယ့်ခြောက် သချေ့ နှင့် ကမ္ဘာ နှစ် သိန်း။

ဤကိစ္စမျိုးသည် ဖင့် နွဲ့ ဆိုင်းငံ့ရသော အမှုမျိုး မဟုတ်သဖြင့် နအဖ မင်းသုံးပါးသည် နောက်တနေ့ နံနက် ၉ နာရီ ၉ မိနစ် ၉





စတ္တန့်တွင် တပြိုင်တည်း ပြာစားကြမည်ဟု ချိန်းဆိုကာ ပဲခူး အောင်ပင်လယ်ရွာမှ ဘိုးတော် အောင်ထွဋ်ခေါင်၏ ကျောင်းသင်္ခမ်းတွင် စုဝေးကြသည်။

ထိုနေ့က ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သူက ၁၅ ရက် တကြိမ်အမြဲ အချိန်မှန်မှန် တွေ့ဆုံကာ ရှိခိုးရသည့် တရုတ်သံအမတ်ကြီးနှင့် တွေ့ဆုံရန်၊ ဗိုလ်ချုပ်ကြီး မောင်အေးက ဒေါ်လာသန်းနှင့် ချီ၍ ဝယ်လေ့ရှိသော အမေရိကန် ကျောက်ကုန်သည်တဦးနှင့် တွေ့ဆုံရန်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဘိန်းသူဌေး ဝလူမျိုးစု လက်နက်ကိုင် တပ်ခေါင်းဆောင်နှင့် တွေ့ဆုံရန် ချိန်းဆိုထားသော်လည်း လွန်စွာ အရေးကြီးသည့် ထိုအစီအစဉ်များကို ဖျက်ကာ လာ ခဲ့ကြသည်။

အခါတော်ကျသောအခါ ဘိုးတော်၏ အစီအစဉ်အရ ပြာတင်းပေါက်မှ ဖူးမြင်ရသော အောင်ပင်လယ်စေတီကို ဦးခိုက်ရှိခိုးကာ ကိုးပါးသီလခံယူကြရသည်။ ဘုရား ကန်တော့ပွဲနှင့်အတူ စစ်စုံထောက်များ သိမ်းယူ၍ ရသမျှ ပြာကို အချိန်အဆတူ ခွဲ၍ ထုပ်ထားသည့် ပြာထုပ် သုံးထုပ်ကို ဘိုး တော် က ဝေပေးသည်။ ခေါင်းဆောင်ကြီး သုံး ဦး တို့ သည် အာဏာစက် ဆက်လက်၍ တည် မြဲမည်၊ ဘုန်းတန်ခိုးတွားမည် ဆိုပါလျှင် မစင်ကိုပင် နှာခေါင်းရှုံ့ကာ စား ရန် ဝန်မလေးသူများ ဖြစ် ကြသည်။ ပြာကို စားရာတွင် ကိုယ့်နည်း နှင့် ကိုယ် စား ကြ သည်။ ဗိုလ် ချုပ် မှူး ကြီး သန်းရွှေက “ကျုပ်က အန်တတ်တယ်”ဟု ဆိုကာ ပြာ ကို ငှက် ပျော သီး တွင် မြှုပ် ၍ စား သည်။ ဗိုလ် ချုပ် ကြီး မောင်အေးက “အရက်နဲ့ မျှောလျှင် ဘာမဆို အရေပျော်တာပဲ”ဟု ဆို ကာ အရက်ခွက်တွင် ရောထည့်၍ တမော့တည်းနှင့် သောက်လိုက်၏။

ဗိုလ်ခင်ညွန့်ကမူ တန်ခိုးထက်စေရန် ပြာကို လျက်ဆားလျက်သကဲ့သို့ အရသာခံကာ လျက်သည်။ သူတို့သုံးဦး၏ ဝမ်းသာမှုမှာ အညီအမျှ ကြီး မား သည်။ နောက် ပိုင်း တွင် တဦးကို တဦး အပြီး

အပိုင် ဖယ် ရှား ရန် စီ မံ ကိန်း များ ကို စတင်စဉ်းစား တွက်ချက်နေကြလေပြီ။ ရာသီမဟုတ်ဘဲ မိုးညိုလာကာ ဂျိန်းကနဲ မိုးခြိမ်းလိုက်သည်။ ဘိုးတော်က လက်သီးလက်မောင်းတန်းကာ အော်ဟစ်၏။

“အောင် ပြီ အောင် ပြီ အောင် ပြီ” အောင်ထွဋ်ခေါင်လည်း အောင် ပွဲ ရ ရှိ၏။ ဗိုလ် ချုပ် ကြီး မောင်အေးက အရည်အသွေး ရှမ်းနေသော ပတ္တမြားလုံးချော နှစ်လုံးနှင့် ပူဇော်၏။ ပြင်သစ်ပြည် ပဲရစ်မြို့တော်သို့ တင်ပို့ရောင်းချရန် စီစဉ်နေသည့် အမေရိကန်ဒေါ်လာတသိန်းကျော်စီ တန်သော ကျောက် များ ဖြစ် သည်။ ဘိုးတော်တွင် ကတော် နှစ်ဦး စင် ပြိုင် ရှိ သည် ကို သိရှိ သဖြင့် နားလည် စွာ ပူ ဇော်သည်။ ဒုတိယ ဗိုလ် ချုပ် ကြီး ခင် ညွန့် က လွန်ခဲ့သော သုံးလက ဘိုး တော် က ဆန္ဒပြုသော မှန် ကား ကြီး နှစ်စီး ယခု ရက် အတွင်း ဆိုက်မည့်သင်္ဘောနှင့် ပါ လာ ပါ ပြီ ဟုသတင်း ပေး ကာ ဆေး ရောင် စုံ ပုံ နှိပ် ထား သော ကား ၏ ကြော် ငြာ ကက် တလောက် ကို အပ် သည်။ ဗိုလ် ချုပ် မှူး ကြီး သန်းရွှေသည် ရင်ဘတ်ပြည့် တံ ဆိပ် အမျိုး မျိုး တပ် ဆင် လေ့ ရှိ သော် လည်း မည် သည့် တိုက် ပွဲ တွင် မှ ရှုပ် ရှုပ် ချုံ ချုံ ထမ်း ရွက်နိုင် ခဲ့ ခြင်း မရှိ သဖြင့် ဘွဲ့ တံ ဆိပ် တခု မှ မရ ရှိ ခဲ့ ပေ။ သို့ သော် စစ် ဗိုလ် ကြီး အများက ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေ အား သူ၏ နောက် ကွယ်၌ ‘သူရ‘ ဘွဲ့ ကို ပေး ထား ကြ သည်။ ဘာ မဆို သူ က သာ ရယူ သည်။ သူကမူ မည် သူ့ ကို မှ ပေး ကမ်း စွန့် ကြဲ ခြင်း မရှိသဖြင့် သမျှောအိုး ငနဲကြီး ဟု ခေါ် ကြ သည်။ ယခု လည်း ဘိုး တော် အတွက် မည်သည့်လက်ဆောင်မှ မပါလာသဖြင့် အခြားသူများတို့က လက် ဆောင် များ ပသသည်ကို မြင် ရ သော အခါ မနေတတ် မထိုင် တတ် ဖြစ် သွား သည်။ အရှက် ပြေ ပြောရသည်။

“ဘိုး တော် အတွက် ဘာ များ ဆောင် ရွက် ပေး ရ မလဲ”

“ကျုပ် မှာ ဘာ မှ မလို ပါ ဘူး။ တရတော့ ပြောပါရစေ။





ကျုပ်က ညောင်ဦး နောက်ဖေးက ငါ့ သ ရောက် ရွာ သား ပါ။ ကျုပ်တို့ရွာက ဗမာပြည်မှာ ရေ အ ရှား ဆုံး ဒေသ ဖြစ် ပါ တယ်။ တနှစ် တခါလောက်သာ မိုး ရွာ မှ ရေ ချိုး နိုင် ပါ တယ်။ သောက်ရေ တ အိုး ရ ဖို့ တနေ ကုန် သွား ရ ပါ တယ်။ အလွန် ဆင်းရဲပါ တယ်။ အဲ ဒါ ကို ရေ ရ ဖို့ ကူ ညီ ပါ လား ဗျာ”

ဗိုလ် ချုပ် မှူး ကြီး ဝမ်း သာ သွား သည်။ သူ၏ အိတ် ထဲ မှ ငွေကုန်ရန် မလိုဘဲ အစိုး ရ ငွေ နှင့် ‘ပသ’ ရ မည် ဖြစ်သဖြင့် ကျေနပ်ကာ “စိတ်ချ၊ စိတ် ချ” ဟု အားပါးတရ ကတိပေးခဲ့၏။ (ဗိုလ်ချုပ်မှူးကြီးက ကတိတည်သည်၊ စစ် ရုံး ပြန် ရောက် သည်နှင့် သက် ဆိုင် ရာ ဝန် ကြီး အား ငါ့သရောက် ရေ ရ ရှိရေး စီမံကိန်း လုပ်ဆောင်ရန် ညွှန်ကြားသည်။ ငါ့သရောက် ဟူ သော ဒေသ၏ အမည်ကိုပင် မသိသော ဝန်ကြီး မှာ ခေါင်းဆောင်ကြီးကို ပြန်မမေးရဲသဖြင့် ငါ့သရောက်ရွာ ဒေသကို သိရန်က စတင် ကြိုးစား ရ ရှာ သည်။) ယင်းသို့ဖြင့် မင်း လောင်း ဗိုလ် ချုပ် ကြီး များ အောင် ပွဲ ခံ ပြီး အောင်လံလွှင့်ကာ ရန်ကုန်သို့ ပြန် သွား မှ စစ် တပ် များ စောင့် ၍ ပိတ် ထား သော ရန် ကုန် ပဲ ခူး ကား လမ်း ကို ဖွင့် ပေး လိုက် သည်။

ဘိုးတော်သည် ပီ တိ တဖွား ဖွား နှင့် ကျန်ရစ်ရာမှ ခံတွင်း ချဉ်သဖြင့် ဗိုလ် ချုပ် ကြီး မောင် အေး ဖွင့်ပြီး မှ ကျန် ရစ် သော အရက်ပုလင်းမှ တခွက် ငှဲ့သောက်လိုက်သည်။ လွန်ခဲ့သော အပတ်က သမီးတော် စန္ဒာဝင်းက အချိန်မဆိုင်းဘဲ ထောင်တွင်းသို့ ကြဲဖန် သွားရောက်၍ ခင်ပွန်း အေးဇော်ဝင်း၊ မြေးတော်အေး၊ ဇွဲနှင့် ကျော်နေဝင်းတို့ပါ ပေါင်း ငါးဦးတို့ ပြာစားကြပြီးနောက် စန္ဒာဝင်းက လာရောက် ကန်တော့စဉ်၌ မိန်းမပီပီ အလိုက်သိစွာ ထမင်းအုပ်နှင့် သယ်ယူလာကာ ဆွမ်းကပ်ခဲ့သည်ကိုလည်း သတိရမိကာ မိမိ၏ ဘဝသံသရာနှင့် မြန်မာနိုင်ငံ၏ ကံကြမ္မာကို တွေးတောရင်း မိန်း

မောကာ အိပ်ပျော်သွားရှာလေသည်။ အိပ်မပျော်မီ မယားနှစ်ဦးတို့အား ပတ္တမြားနှင့် မှန်ကားများရကြမည်ဟု ဖုန်းဆက်လိုက်သေး၏။

* * *

အမေရိကန်၌ ဗမိုးထံသို့ ရောက်လာသည့် ပလပ်စတစ်နှင့် ခိုင်လုံစွာ ထုပ်ထားသော ပြာထုပ်မှာလည်း ရွှေးကြီးစေ့လေးစေ့ခန့်ရှိသည်။ ဦးချိန်တီတံဆိပ် လျက်ဆားပုလင်းတွင် အလည့်မှ သပ်ယပ်စွာ ထည့်ထားသဖြင့် တကူးတက သယ်ယူလာသည့် လူကြုံပင်ရိပ်မိခြင်းမရှိဘဲ သယ်လာသည်။ မြန်မာပီပီ လက်ဖက်တထုတ်နှင့် ပုံးရည် တထုတ်ပင် အပို လက်ဆောင် ဆောင်းသွားသေးသည်။ ကောင်းသောနိမိတ်ဟု ဗမိုးက ယူဆသည်။ သို့သော် တက်ရ ပိန့်လော ဆုတ်ပိန့်လော၊ ဟု ဆုံး ဖြတ် မှု မပြု နိုင် ရှာ။

ဗမိုးသည် စား ပွဲပေါ်တွင် ဖလ် ခွက်ငယ် နှင့် ထည့်ထားသော ပြာထုတ်ကို တ စိမ့် စိမ့် ကြည့် ရင်း တွေး တော ငေး မော နေ မိသည်။ ရာဇာစ အရှင်မင်း တို့သည် လောက နတ် ဖြစ် ပေ ၏ ဟု ရှေး က စာ ရှိ သည်။ ရေ မြေ အရှင် လယ် မြေ တို့ အရှင် နိုင် ငံ သား တို့ အရှင် ဖြစ် သော မင်း စည်း စိမ် ကား ကြီး မား လှ သည်။ “ဝါခေါင်လတွင် အင်္ဂလိပ် ဝန်ကြီးဖယ်ယာက ဒူးရင်းသီး လုံးရေ နှစ်ရာ့နှစ်ဆယ့်ငါးကို ငွေလျှင် ငွေမြန်နှင့် တင်ဆောင်၍ အဆက် အသရောက်သည်။ သီတင်းကျွတ်လတွင် သိန္နီစော်ဘွားက သမီးကညာဆက်သည်။” စသော သက္ကရာဇ် ၁၂၁၆ ခု နှစ် က မန္တလေး ရွှေ မြို့စံ မင်းတုန်းမင်းတြားကြီး၏ မှတ်တမ်းကို သတိရသဖြင့် ဗမိုးသည် မင်းဖြစ်လိုသော ဆန္ဒ ကြီးမားမိသည်။

သို့သော် “မင်းကောင်းမင်းမြတ်တို့ ဝန်ခံသော ဘိသိက်သစ္စာပျက်ချေသော် ကမ္ဘာဆူဝေ၊ လေ မုန် တိုင်း ဆင်၊ လျှောင် တော်လဲ





မြေ ကြီး ကွဲ ၍၊ ငရဲမီးလျှံ ဝင်းဝင်းပြောင်ပြောင်၊ တောက် လောင်ကြေညက်၊ သူ ဖျက် သူ လောင်၊ ထောင်ထောင်ထားထား၊ ခိုးသားဒဏ္ဍာ စသည့် ထွေ ထွေ၊ နေ လ တံ ခွန်၊ ငှက် ပျံ ငှက် ရုပ်၊ စုန်းဘုတ် တစ္ဆေ နန်း ထက် နေ ၍၊ မွေ့ မွေ့ လှန့် ခြောက်၊ မြွေ ပောက်ငန်း ကျား တက် ၍ စား သည် ဖြစ်စေ သောဝ်” ဟု မင်းတို့တာဝန်မကျေလျှင် ခံကြရမည့် ကျိန်စာက ပြင်းထန်လှသည်။ ဗမိုးကြောက်သည်။ ဘဘကြီးဝင်း၏ ပြာ ကို မစားတော့ဟု ဆုံးဖြတ်မိသည်။ စွန့်ပစ်ရန်မှာ အဆီနှင့် ရွှဲရွှဲ။ စားမည်ဆိုပါက သလဲ လျှပ်လျှပ်ဖြစ်သဖြင့် ဆုံး ဖြတ် ချက် ချ ရန် ခက်ခဲနေ၏။ “ကဲ ဒီလို ကြုံကြိုက်တဲ့ ရခဲတဲ့တန် ခိုး ပြာ ကို လွှင့်ပစ် မည် လော။ မည်သူ့အားပေး စွန့် မည် နည်း” ဟု မေးခွန်းထုတ်မိစဉ်တွင် ခေါင်းဆောင် ဥက္ကဋ္ဌကြီး၏ မျက် နှာ ကို ကွက် ကနဲ မြင်ယောင် လာ သည်။ ဤတွင်မှ ဗ မိုး သည် သူ ၏ ကျေး ဇူး ရှင် ကြီး ကို သတိ ရမိ သည်။

သူသည် ကလိန်ဉာဏ်နှင့် ကပ် ၍ ပေါင်း သည် ကို ခေါင်းဆောင်ကြီးက ရက်ရောစွာ ကူ ညီ သဖြင့် ကြီးပွားနေသည်။ ယင်းကျေးဇူးကို ပေး ဆပ် ရန် လို သည်။ ခေါင်းဆောင်ကြီးသည် လွန်မင်းစွာ အာဏာကို မက် မော သည် ကို ဗမိုးကောင်းစွာ သိသည်။ အာဏာမက်သော လော ဘ တွင် ရန် ကုန် က ဗိုလ် ချုပ် များနှင့် သူမသာ ကိုယ်မသာ အဆင့် တွင် ရှိ သည်။ တလောက လူ ရင်းများသာ ဝိုင်းကြသော ပွဲ ငယ် တွင် လွန်မင်းစွာ မူးနေသည့် ခေါင်းဆောင် ကြီး က ငြီး ရှာ သည်။ “ကျွန် တော့် ကို ပြည် ပ က အင်အား စု တွေ က မကြိုက်သလို ပြည်တွင်း အင်န်အယ်လ်ဒီ ခေါင်းဆောင် တွေ ကလဲ မကျေ နပ် ဘူး ဆို တာ ကောင်း ကောင်း သိပါတယ်။ အေးလေ အခြေအနေအရ ဒီမိုကရေစီခေတ်မှာ သူတို့ကနိုင်လို့ ကျွန်တော့ကို ခေါင်းဆောင်နေရာ မပေးရင်လဲ နေကြပေါ့၊ ကျွန်တော်လဲ အမေရိ ကန် မှာပဲ ဇာတ် မြှုပ် နေ ပါ မယ်”ဟု ပြော

သဖြင့် ဗမိုးတို့က မဟာကရုဏာသက်မိခဲ့ကြသည်။

"ကျွန်တော် က ကျွန်တော့် အဖေလို တိုင်းပြည်တာဝန်ကို အသက်ပေးပြီး ထမ်း ရွက် ချင် တာ ပါ" ဟု ဆို သဖြင့် အားလုံးက ခေါင်းဆောင်ကြီး၏ အမျိုးဂုဏ်ကို ထောက်၍ နိုင်ငံက နေရာပေးသင့်သည်ဟု တွေး မိ ကြ သည်။ ညီ မင်း ဖြစ် သဖြင့် အစ် ကို က အချောင် ရာထူး ရ ခဲ့ သည့် နောက် ကြောင်း မှာ ပျောက် နေ ပြီ ဖြစ်သဖြင့် အတိတ်ကို မသိသူ ဗမိုး က ဆွေ ဂုဏ် မျိုး ဂုဏ် တန် ဖိုး ကြီးမားသော ခေါင်း ဆောင်ကြီးအား မင်းမြှောက်ရန် ဆုံး ဖြတ်လိုက်သည်။

ဗမိုးသည် ဆုံးဖြတ်ချက်အတိုင်း တန်ခိုးပြာ ကျွေးရန်အတွက် ပုလင်းတလုံးကို ဆွဲ ကာ ခေါင်း ဆောင် ကြီး ၏ အိမ် သို့ သွား ခဲ့ သည်။ နှစ်ဦးသား သောက်ကြရင်း ခေါင်းဆောင်ကြီးအမူးတွင် သူ မသိစေဘဲ ပြာထည့်ရန် ပြင်သော အချိန်တွင်မှ ဗမိုး စိတ်ပြောင်းသွားပြန်သည်။

လူတို့စိတ်သည် ဆန်းသည်။ မြန်ဆန်လှသည်။ "ငါ လဲ ဝေစားမျှ စား လုပ် မှာ ပေါ့"ဟု တမုဟုတ်ချင်း ဗ မိုး ဆုံး ဖြတ် ကာ ပြာကို တဝက်စီခွဲ၍ အရက်ခွက်နှစ်ခုတွင် ထည့်ကာ နှစ်ဦးသား ပြိုင်တူမော့ကြလေတော့သည်။ မိုးခြိမ်းသံ မကြားရစေကာမူ မဖြစ်စဖူး မကြုံစဖူး ဝါရှင်တန်မြို့တော်တွင် လျှပ်စစ်ဓာတ်အား တခဏပြတ်သွားပြီး သူတို့ရှေ့ရှိ ဖွင့်ထားသော တီဗွီသည် ရုတ်တရက် ပြတ် သွားသည်။ သို့သော် အသောက်မပျက်၊ အမူးမပျက်။ အောင်ပြီ၊ အောင်ပြီ၊ မင်းလောင်းဆယ်ပါး ပြည့်လေပြီ။

* * *



(၉)

## ဆယ်ဆဆိုးတာဟာလေ မဟာ ပြဒ့တန်ခိုးပါဗျ

မြန် မာ နိုင် ငံ တော် ၏ မင်း လောင်း မင်းလျာ ဆယ် ပါး တို့ သည် ပြာ ကို စား ခြင်း ဖြင့် ယတြာ ချေ ခဲ့ ကြ လေ ပြီ။

'ယတြာ ဟူ သည် မှာ လို အပ် သော အကျိုး၊ မလို အပ် သော အကျိုး နှစ် ပါး ကို ကောင်း စွာ ဖြစ် စေ အပ် ၏ ' ဟု အဘိဓာန် ကျမ်း တို့ က ဆို သည်။ ယတြာ ချေ ခြင်း၊ ယတြာ ဆင် ခြင်း ဖြင့် ဓာတ် ပြန် ခြင်း လည်း ဖြစ် နိုင် သည်။ 'လက် ပံ မြင်း လား၊ မှတ် သား တခန်း၊ ဖွဲ ကြမ်း ကင် ပွန်း၊ ဓာတ် ပြန် ညွှန်း ၏ ' ဟူသော လင်္ကာ အတိုင်း အသီး ရှိ သော လက် ပံ ပင် ကို မြင်း လား ၏ အစွယ် နှင့် ရိုက် ပေး လျှင် အပင် ရှိ အသီး မှန် သမျှ ကြွေ ကျ ရ သည်။ ကင် ပွန်း ပင် ၏ ပင် ခြေ တွင် ဖွဲ ကြမ်း များ ကို စု ပုံ ၍ မီး ရှို့လျှင် အပင် မှ ကင် ပွန်း သီးများ ကြွေ ကျ ရ သည်။ ယတြာတို့ သည် ဆန်း ကျယ် သော တံခိုး ရှိ ဟန် တူ သည်။

၁၉၆၃ ခု နှစ် က တော် လှန် ရေး ကောင် စီ ဥက္ကဋ္ဌ ဗိုလ် ချုပ်ကြီး နေ ဝင်း အား ဖြုတ် ချ ကာ နန်း တက် နိုင် ရန် အ တွက် ဒုတိယ ပုဂ္ဂိုလ် က ယတြာ ချေ ခဲ့ သည့် သာဓကသည် စိတ်ဝင်စားဖွယ် ကောင်း သည်။

ပုဂံ မြို့၏ အရှေ့ဘက် ဝက်ကြီး အင်း ရွာ နဘေး တွင် သပွါယ်ကြည် ညို ဘွယ် တည် ဆောက် ထား သော စေ တီ တ ဆူ ရှိ သည်။ ဘွဲ့ တော် မှာ 'မင်းမြှော် ရာ ဇာ'ဟူ ၏။ တခါတွင် ပုဂံပြည်တွင် ဘု ရင် မရှိ သဖြင့် ပုဂံသားတို့က မင်း လောင်း ကို မြှော်ကာ အနည်းနည်း အဖုံ ဖုံ ကြံ ဆ ရှာ ဖွေ ကြ သည်။ ဗေဒင်ယတြာ၊

အတိတ် နိ မိတ်၊ တဘောင် စနည်း တို့ အရ ရှာကြံကြရာမှ တခု သော သစ် ပင် တွင် မင်းလောင်း ရောက် လာ လေ လတ္တံ့ ဟု တဘောင် ပေါ် သဖြင့် စု ရုံး ၍ စောင့် မျှော် ကြ ကာ သူ တို့ မျှော် လင့် နေ ကြ သည့် မင်း လောင်း အား ကြို ဆို ကြ သည်။

လူအုပ် ကြီး စု ရုံး နေခိုက် တွင် ထို သစ် ပင် အောက် သို့ ဝင် လာရောက်၍ နားလာသူကို ဝိုင်းကြသည်။ ထို သူ မှာ ပုဂံဈေး သို့ သွား ရန် ကွမ်း ရွက် များ ထမ်း၍လာသူသည် ကွမ်းရွက် သည်တဦးသာ ဖြစ် သည်ဟု သိကြစေကာမူ… နိမိတ် အတိတ် လက္ခဏာတို့အရ သူ သည် မင်း လောင်း ဖြစ်သည်ဟု ဆုံးဖြတ် ကြကာ သူ့ကိုပင် ပန်းကုန်း စွပ်၍ နန်းတင်ခဲ့ကြသည်။ ပုဂံမင်းဆက် ငါးကျိပ်ငါးတွင် 'ကွမ်း ထမ်း မင်းရာဇာ' ဟု မင်းတပါး ပေါ်ခဲ့သည်။

ပုဂံသားတို့က ထိုနေရာတွင် မင်းမျှော်ရာဇာစေတီကို တည် ထားခဲ့ကြသည်။ ယခုခေတ်တွင်လည်း တော်လှန်ရေးအစိုးရ အာ ဏာသိမ်းချိန်မှ စတင်ကာ မြန်မာနိုင်ငံသားတို့က ဗိုလ်နေဝင်းအား နှစ်သက်မှုမရှိကြသဖြင့် မင်းသစ်ကို မျှော်နေခဲ့ကြသည်။ ထို့ကြောင့် ဗေဒင်ကျော်များက ယတြာပေးသဖြင့်တော်လှန်ရေးကောင်စီဝင် နံ ပတ်နှစ်ကြီးက နံပတ်တစ်ကြီးအား ဖြုတ်ချ၍ မိမိမင်းဖြစ်ရန်အတွက် ထိုစေတီကို ထီးတင်ခဲ့လေသည်။

ရ လဒ် မှာ မင်း လောင်း မဖြစ် ဘဲ မျောက်လောင်းက မျောက် လောင်းဘဝနှင့် ကျန်ရစ်ခဲ့ရသည်။ အဘယ်ကြောင့်ဟူမူ ကာလ ရွေ့လျောပြီ ဖြစ်သဖြင့် ပုဂံသားတို့က ထိုစေတီကို 'မမျှော်ရာဇာ' ဟု -သံတို- ဖြင့်ခေါ် ဝေါ်နေ ကြ ပြီ ဖြစ် သော ကြောင့် ပေ။

အ လား တူ ပင် မဆလ ခေါင်း ဆောင် ကြီး ဦး နေ ဝင်း ချန် ရစ်ခဲ့သည့် ပြာကို စား၍ ယတြာပြုကြသူ ယနေ့ ယခုခေတ်မှ မင်း လောင်းဆယ်ဦးတို့ ရလဒ်ကို ကြည့်ရလျှင် -ခေတ်ပြန်ညွှန်းသည်- ကို တွေ့ ရ သည်။





ပထမ ဦး စွာ 'ထိ' သူ တို့ မှာ ဦး နေ ဝင်း ၏ ရင်သွေး သမီး တော် နှင့် မြေး ငယ် များ ဖြစ် ကြ သည်။ သူတို့ မိသားစုမှာ ပြာ ကို မစား ရ မီ က ပင် ထိ နေ ရှာ သူ များ ဖြစ် ၏။

ဦး နေ ဝင်း သည် ရက် စက် ယုတ်မာ သူ ဖြစ် သည်။ သူ သက် တော် ထင် ရှား ရှိ စဉ် က ပင် သား ရင်း ဘိ အို စီ ကိုကျော် သိမ်းနှင့် ပိုင်လော့ ကိုငွေစိုးတို့ကိုပင် အင်းစိန်ထောင်တွင်းသို့ ပို့ ဆောင် ချုပ် နှောင် ခဲ့ သူ ဖြစ် သည်။ သားရင်းတို့ကိုပင် ထောင် တွင်းသို့ ထည့် ခဲ့ သည့် ဦး နေ ဝင်း သည် သူ၏ လက်အောက်တွင် သူ့ ကို သစ္စာ ရှိ စွာ အမှု ထမ်း သူ စစ် ဗိုလ် ချုပ် ကြီး အ များ ကို လည်း ထောင် သွင်း ညှဉ်း ဆဲ သူ ဖြစ် သည်။ သူ က ချီး မြှောက် သဖြင့် နဖူးနှင့် မိုးနှင့် ထိမိအောင် မြင့်တက်ကာ ကြီးကျယ်သွား သူ စစ်ဗိုလ်ကြီး အများကို သူကပင် နှိမ်ချကာ ထောင်သွင်းညှဉ်း ဆဲလိုက်သူ အများရှိသည်။ သူ၏ လက်ချက်ကြောင့် အသက်တိုရ သူ တပည့် စစ်ဗိုလ်ကြီး အများရှိသည်။

မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးသမိုင်းတွင် သူကဲ့သို့ ထပ် တူထပ်မျှ ရဲဘော်ရဲဘက်များကို ရက်စက်သူ ခေါင်းဆောင်ဟူ၍ နှစ် ဦး သာ ရှိ သည်။ အခြား တ ဦး က သခင် သန်း ထွန်း။

"တို့ မှာ ဆွေ ရယ် မျိုး ရယ် မရှိ ဘူး။ အ ဖေ ရယ်၊ အမေရယ်၊ ညီ ရယ်၊ အကိုရယ် ဆို တာ လဲ မရှိ ဘူး၊ ပြီးတော့ တို့ မှာ ချစ်ခြင်း မေတ္တာတို့၊ သံယောဇဉ်တို့ သစ္စာတို့ဆိုတာလဲ မရှိဘူး။ တကယ် တော့ ဒါတွေဟာ လူ့ကရုဏာ ဝါဒသက်သက် အတွေးအခေါ်ပဲ။ ဒါ ကို တို့အနေနဲ့ အသဲ လှိုက် အူ လှိုက် လိုက် ဆန့် ကျင် ရမယ်။

"တို့ မှာ လူ တန်း စား အသိ က လွဲ ပြီး ဘာ မှ မ ရှိ ဘူး။ ဒါ ကြောင့်မို့ လူတိုင်းဟာ လို အပ် လာ လျှင် အဖေရင်းကိုရော၊ အမေ ရင်း ကိုရော အကိုရော ညီပါ သတ် ရဲ ရမယ်။

"ဒါ က… ငါတို့ မင်းတို့ မသေမချင်း တို့အသဲနှလုံးမှာ စွဲ မြဲ

ထားရမယ့် အတွေးအခေါ်ပဲ"ဟု ဗမာပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး သခင် သန်း ထွန်း က အလေးအနက် ပြောကြား၍ ဦးနှောက်ဆေး ကာ သား သမီး တို့ က ဖခင် ကို ပြန် သတ် စေ ခဲ့သည်။

နိုင် ငံ ရေး သက် တန်း တလျှောက် ရဲ ဘော် ရဲ ဘက် များ အဖြစ် အတူတကွ လှုပ် ရှား ရုန်း ကန် ခဲ့ သော ရဲ ဘော် ရဲ ဘက် များ ကို သတ် ဖြတ် လို သဖြင့် သူသေစေလိုသော ခေါင်းဆောင် များ၏ သား သမီး များ ကို သွေး ထိုး ပြောကြားခဲ့သည်။ အသက် ၁၄–၅ နှစ်ခန့် အရွယ်မရောက်သေးသူ သားသမီးတို့သည် သူတို့ ကြည်ညိုသူ ဥက္ကဋ္ဌကြီး၏ သွေးထိုးတရားကို နာယူရသဖြင့် သွေး ပူ လာ ကြ သည်။ သွေး ဆူ လာ ကြ သည်။

"သစ္စာဖောက် သုံး ကောင် ရဲ့ မျက် နှာ ကို ငါတို့ ကြာကြာ မကြည့်ချင်ဘူး။ ဒီအစည်းအဝေးမှာ လူငယ်ထုရဲ့ကိုယ်စားတော် လှန်တဲ့ ဥက္ကဋ္ဌကြီးရှေ့မှာ ငါ တောင်း ဆို ပါ တယ်။ သစ္စာဖောက် ဖြစ်တဲ့ ဌေး ဟာ ငါ့ အဖေ မဟုတ်ဘူး။ ငြိမ်းချမ်းရေးသမား သစ္စာ ဖောက်ပဲ။ ဌေးရဲ့ လည်ပင်းကို ငါကိုယ်တိုင် လက်နဲ့ လှီးပြီး သတ် ခွင့် ပေး ပါ။ မသေမချင်း ငါ သတ် ပါ့ မယ်။ ငါ့ကိုလဲ တော်လှန်တဲ့ အဇာ တသတ် ဘွဲ့ ပေး ကြ ပါ"ဟု ရဲဘော်ဌေး၏ သားက တောင်း ဆိုသောအခါ သမီး များ က ပါ ဖခင်အား မိမိတို့လက်ဖြင့် သတ်ပါ ရစေဟု တောင်းခံခဲ့ကြသည်။

ရဲ ဘော် ဌေး၊ ရဲ ဘော် ဗတင် နှင့် ရဲ ဘော် ရန် အောင် တို့ သည် သခင် သန်း ထွန်း ထက် ကွန် မြူ နစ် ပါ တီ ဝင်သက် ဝါရင့် များ သူ များ ဖြစ် ကြ သည်။ လက် ငင်း ဥက္ကဋ္ဌ အာဏာရ သခင် သန်း ထွန်း ကို မည် သို့ မျှ ပြန် မပြော လို ကြ ပြီ။

မိမိ တို့ အား သတ် လို သည် ဟု အော် ဟစ် တောင်း ဆို နေ ကြ သည့် သား ယေ် သမီး ယေ် များ ကို ကြည့်ရသဖြင့်သာ ရင် နာ နေ ကြ ရ ရှာ သည်။





သခင် သန်း ထွန်း ၏ အကြိမ် ကြိမ် နှိုး ဆွမှု ကို နား ထောင် ရင်း သား သမီး များ က ကိုယ် ထိ လက် ရောက် ထိုး ခုတ် သတ် ဖြတ် ကြ သည်။ သေနတ် မသုံး၊ ကြိုး စင် မတင် ဘဲ တုတ် ဓား နှင့် သတ် ဖြတ် ကြ သဖြင့် အ သေ နှေး ကြ ကာ ကြီးစွာ နာ ကျင် ကြရရှာသည်။ ဓား တုတ် ဒဏ် ရာ တို့ က နာ ကျင် သည့် အကြား မှ သားသမီးတို့ ရက် စက် မှု ကို ကြာ မြင့် စွာ မြင် တွေ့ မိန့် မော ရင်း လူ့ ဘဝ မှ ထွက် ခွာ သွား ကြ ရ ရှာ သည်။

"၁၉၆၈ ခု က ဗ မာ ပြည် ကွန် မြူ နစ် ပါ တီ ဥက္ကဋ္ဌကြီး သ ခင် သန်း ထွန်း က သူ ၏ ရဲ ဘော် ရဲ ဘက်၊ ကိုဌေး၊ ကိုဗတင်၊ ကို ရန် အောင် တို့အား သတ် ရန် လူ ငယ် များ ကို သွေးဆွပြော ပြော ခဲ့ သည်။ ထို ကြောင့် သား ဖြစ် သူ က ဖခင်အား သတ်ဖြတ် ပါရစေဟု အံတကြိတ်ကြိတ် တောင်း ခံ ကာ သတ် ဖြတ် ခြင်း၊ လူ ငယ် များ က သူ တို့ ၏ ချစ် သူ၊ ညီ အစ် ကို မောင် နှမ များ ကို ကိုယ်တိုင် သတ် ခွင့်ရ ရန် အော် ဟစ် တောင်း ဆို သတ် ဖြတ်ခြင်း တို့ ဖြင့် ပဲ ခူး ရိုး မ မြရာ ပင် စခန်း တွင် သွေး ချောင်း စီး ခဲ့ ရ သည်။

"အင် အား ကြီး သော နိုင်သူက အားနည်းသည့် ရှုံးသူကို သတ် ခြင်း သည် ရက် စက် ကြမ်း ကြုတ် သော ရာ ဇ ဝတ် မှု ဖြစ် သည်။ ထို ထက် လွန် ၍ သား သမီး တို့ က ဖခင် ကို သတ် ဖြတ် စေ သော အမှု သည် လူသား တို့ ကျင့် ဝတ္တရား ကို အပြီး တိုင် အဆုံး တိုင် အပြင်းထန် တကာ့ အပြင်းထန်ဆုံး ချိုး ဖောက် လိုက် ကြ ခြင်း ဖြစ် လေ သည်"ဟု ကျမ်း ပြု သူ ကို အောင် ခင် က 'ဗမာ ကွန် မြူ နစ် ပါ တီ လုပ် ရပ် များ စာ အုပ်' တွင် ရေး သား ခဲ့ သည်။

သခင် သန်း ထွန်း နည်း တူ ဦး နေ ဝင်း က သူ့အပေါ် ကြီး မား စွာ သစ္စာ ရှိ ခဲ့ သူ စစ် ဗိုလ် ကြီး များ ကို ချေ မှုန်း ခဲ့ သည်။

မျက် မှန် တင် ဦး၊ ဗိုလ် ဘ နီ ဗိုလ် ဝွန် ရှိန် စသည်တို့ကို ဖယ်ရှား သဖြင့် ခံ ရ သူ များ ဘဝ ပျက် ကြ ရသည်။ ယ ခု တချီ တွင်မူ သူ့ အား ကာ ပြန် သူ နဝတ–နအဖ ခေါင်း ဆောင် များကို ဖယ်ရှားရန် အား ထုတ် ပြန် သည်၊ ဤပွဲတွင် မူ သမီး ခင်စန္ဒာဝင်း၏ ခင်ပွန်း ကိုအေးဇော်ဝင်းနှင့်မြေး အေး–ကျော်–ဇွဲ နေ ဝင်း တို့အား လည် ပင်း ကြိုး ကွင်း စွပ် ခဲ့ ပေသည်။

သမီး ခင် စန္ဒာဝင်း သည် ဦး နေ ဝင်း ၏ အချစ်ဆုံးသမီး ဖြစ် သည်။ သမီး မိန်းကလေး ဖြစ် နေ သည် က ကြောင်း၊ ခေတ်သစ်ကြီး တွင် သား သ မီး က ထီး နန်း ကို ဆက် လက် ခံ ရ ယူ သည့် စနစ် ကုန်ဆုံးနေပြီ ဖြစ် သဖြင့် တကြောင်း တို့ ကြောင့် သမီးကို အမွေ အနှစ် အဖြစ် အာ ဏာ မထားခဲ့နိုင်သောကြောင့် မဟုတ်မတရား စီး ပွား ရေး လုပ် ငန်း များ အများ တည် ထောင် ပေး ခဲ့ သည်။

မဆလ ခေတ် က ဦး နေ ဝင်း နှင့် သမီး တို့ အာ ၅ ခရီး ထွက် စဉ် က မြောက် ကို ရီး ယား တွင် ကွန် မြူ နစ် ခေါင်း ဆောင် ကြီး ကင်အီဆွန် ကွယ်လွန် သော အခါ သား ဖြစ် သူ ကင်ဂျုန်အီ က ကွန် မြူ နစ် ပါ တီ အာဏာရှင်အဖြစ် အရိုက်အရာ ဆက်ခံ သည် ကို မြင် ရ သော ကြောင့် တအားတက်ကာ သမီးကို နန်း လျာ အဖြစ် ထား ခဲ့ ရန် စိတ်ကူးယဉ်၍ စီစဉ်သေးသည်။ သို့ငြား သော်လည်း ဦး နေ ဝင်း ကို ပင်လျှင် လူ ထု က လက်မခံကြတော့ သဖြင့် ရာဇာပလ္လင်ထက်မှ ဆင်း ပေး ရ သည်။

ရာ ထူး မှ ဆင်း ပေး ရ စဉ် က သာ သာ ကြည် ကြည် အညံ့ ခံ သည် မဟုတ်။ သူ့ ထက် သတ် ရဲ ဖြတ် ရဲ ပြီး နိုင် ငံ သား တို့၏ ပစ္စည်း ပစ္စယ များ ကို လု ရဲ၊ ခိုးရဲ၊ တိုက် ရဲ သူ ဘီ လူးတစုတို့၏ လက် သို့ နိုင် ငံ ရေး အာ ဏာ ကို အပ် နှင်း ခဲ့ သည်။ သူ့ အား လက်မခံသော လူ ထု ကို "စစ် တပ် ဆိုတာ ပစ်ရင် မှန်အောင်ပစ် တတ်တယ်။ သတိသာ ထား ကြ ပေ တော့"ဟု နောက်ဆုံးစကား





ကို အသံနက်ကြီးဖြင့် ရွတ်ဆို၍ နှုတ် ဆက် သွားခဲ့သေးသည်။

ရှစ်လေး လုံး အုံ ကြွ မှု ကြီး ၌ သူ ၏ အစီ အစဉ် ဖြင့် သူ ၏ တပည့် နဝတ စစ်ဗိုလ်ကြီးများက မြောက်များစွာသော လူထုကြီး ကို ရက်စက်ယုတ်မာစွာ သတ်ဖြတ်၍ အာဏာကို လုယူသိမ်းပိုက် ကြသည်။ ဦးနေဝင်း၏ ရည်ရွယ်ချက်မှာ သင့်တင့်လျှောက်ပတ် သော ကာလတွင် နဝတ–နအဖတို့ ရရှိနေသော နိုင်ငံရေး အာ ဏာကို တဖန် ပြန် လည် သိမ်း ယူ ပြီး သမီး နှင့် မြေးချစ်များသာ အာဏာကို ဆက်ခံကာ နိုင်ငံတော်ကို အုပ်ချုပ်၍ နေဝင်းမင်းဆက် တည် ထောင် ရန် ဖြစ် သည်။

ထို အစီ အစဉ် အရ အရွယ် လွန် မြောက်၊ သွား မဲ့ ပါး ပိန်၊ သေ ချိန် ရောက် လု နီး သော ဦးနေဝင်းသည် အိပ် ရာပေါ်မှ မထ နိုင် တော့ သော အခြေ အနေ ၌ ပင် သမီး တော် နှင့် မြေးမိုက်တ စု နိုင်ငံရေးအာဏာ ရရှိရေးအတွက် (ရွှေ–အေး–ညွှန့်) တပည့်မိုက် သဘက် သရဲသုံးကောင်ကို မိမိ အိပ်ရာနံဘေးသို့ ဆင့်ခေါ်စေသည်။ သုံး ဦး စပ် စစ်အာဏာရှင် မင်းယုတ်သုံးပါးတို့က အဖေကြီးဦးနေ ဝင်း၏ မျက် နှာ တော် ကို ဖူး မျှော် ရန် စေတနာ ခန်း နေ ကြ ပြီ။ အဖေကြီး၏မျက် နှာ တော် ကို မော် ဖူး ရန် လည်း သတ္တိ မရှိ ကြ တော့ ပြီ။ အားကိုးအားထားပြုရန် မလိုတော့သဖြင့် အဖေကြီး ကို ကာပြန်ကြသည်။ ရှောင်ကြသည်။

ဆင့်ခေါ် ၍ မလာသဖြင့် ချွေးမသား သုံး ကောင်ကို အကြမ်း နည်းနှင့် ရှေ့တော်သို့ ခေါ် ခဲ့ စေ။ လက်နက်ကို သုံး၍၊ လက်နက် ကို ပြ၍ အရ ခေါ်ဆောင်ရမည်ဟု သားမက်တော်နှင့်မြေးများကို ညွှန်ကြားစီစဉ်သည်။ ၎င်း တို့ အား မိမိ၏ မိသားစုသာ ဆိုင်သော အာဏာကို ပြန်ပေးရန် အမိန့်ပေးမည်ဟု ကြံစည်ခဲ့သည်။ အချိန် နှောင်းပြီဖြစ်လေသောကြောင့် ဦးနေဝင်း၏ 'တြင်းကြေ၊ နဝင်းကြေ၊ ကိုးပတ်လည်' ယတြာသည် အာဏာစက် မရှိတော့ပြီ။ သူ့အကြံ

ကို စစ် ရုံ ထောက် တို့ က ကြို တင် ၍ သိ နှင့် ကြ သည်။

ဦး နေ ဝင်း သည် အရှုံး ပေး သူ မဟုတ် ရာထူးက ထွက်ပါတော့မည်ဟု ကြေညာစဉ်ကပင် ရာထူးမှ အနားယူတော့မည်ဟု အရှုံးပေးရသဖြင့် ထိုနိမ့်ကျ စကားရပ်ကို မိမိ၏ နှုတ်မှ ထွက် ဆို မှု မပြု ဘဲ သူတပါးကို ရွတ် ဖတ် စေ သည်။ ရာထူးမှ ထွက်မည်ဟူသော စကားလုံးကို မိမိ၏ နှုတ်မှ ထွက်သည် မဟုတ်သဖြင့် အာဏာသည် မိမိသာ ပိုင် သေး သည် ဟု သူက ယုံကြည်နေသည်။ မအေ နှစ်မ ဆဲလေ့ရှိသော စစ် ဗိုလ် ယုတ် သုံးကောင်သည် မည်သည့်အခါတွင်မှ သူ့ အား အန် တု ရန် သတ္တိ မရှိ ကြ ဟု သူက ယုံကြည်သည်။

ခင်စန္ဒာဝင်းကလည်း ထက် သည်။ သူမ၏ ဘဝတလျှောက်လုံး နိုင် ငံ တော် က ကျွေးမွေးပြုစုမှုကို ခံ စား စံစားလာခဲ့သည်။ သူ မ ၏ လက် ဝတ် ရ တ နာ များ သည် အ စိုး ရ ကျောက်ပြပွဲမှ အကောင်း ဆုံး ရတနာ များ ကို မိခင် ဒေါ် ခင် မေ သန်း က စိတ် ကြိုက် ဆွဲယူ၍ ဆင်ပေးခဲ့သည့် ခိုးရာပါ နိုင်ငံပိုင် ပစ္စည်းများသာ ဖြစ်ခဲ့သည်။ တက္ကသိုလ် ကျောင်း သူ ဖြစ် လာ သော အခါ ဒေါ် ခင် မေ သန်း ၏ အမိန့်အရ ပြည် သူ ပိုင် အင်း ယား လိပ် ဟော် တယ် အရာရှိများက စောင်း တန်း ထိပ် တွင် 'က ဖီး' အထူးဆိုင်တခု ဖွင့် လှစ် ပေး ရ သည်။ ဈေး ကြီး မြင့်သဖြင့် သာမန်အရပ်သားများ သွား ရောက် ဝယ် ယူ စား သောက် ခြင်း မပြုနိုင်သော ထိုဆိုင်မှာ ခင်စန္ဒာဝင်းနှင့် သူငယ်ချင်း တစုတို့ ငွေပေးရန်မလိုဘဲ စတုဒိသာ ပွဲတော်အဖြစ် အမြဲ စား သောက် ရန် ဖွင့်လှစ်ထားသည် ဖြစ် ၏။ ဦး နေဝင်း နှင့် ဒေါ် ခင် မေ သန်း တို့ က သမီးများကို မုံ့ ဘိုး ပေး လေ့ မရှိ။ နိုင် ငံ ပိုင် ဟော် တယ် ကြီး ၌ ငွေ တ ပဲ မျှ ပင် မ ပေး ရ ဘဲ လက် ဆေး ၍ စားသောက်ခွင့်ကို စီစဉ်ထားသည်။





ဦး နေ ဝင်း ကျန်းမာရေး ချွတ် ယွင်း လာ ချိန် တွင် သားတော် သမီး တော် များ ကို အမွေ ခွဲ ပေး ခဲ့ သည်။ ခိုး ဝှက် ထား သော နိုင် ငံ ပိုင် ရတနာ တို့ မှာ နိုင် ငံ ခြား ဘဏ် တို့ တွင် ရှိ သဖြင့် ကျန်းမာရေးမကောင်းဟု အကြောင်းပြ၍ စင်္ကာပူသို့ သွားကာ သားသမီး အားလုံးတို့အား စင်္ကာပူသို့ စုရုံး ခေါ်ဆောင်ပြီး အမွေခွဲ ပေး ခဲ့ သည်။ သူပိုင် ရှိသမျှ ကျောက်သံပတ္တမြားများနှင့် နိုင်ငံခြား ဘဏ် တို့ မှ ငွေ များ ကို သားရင်း သမီးရင်း မှန်သမျှကိုသာ ခွဲ ဝေ ပေး ခဲ့ သည်။ ဆွေမျိုးညာတိများနှင့် တပည့်တပန်းများကို တပြားတချပ်မှ မပေးခဲ့သဖြင့် ဝမ်းနည်း စိတ်နာကြရသည်ဟု သတင်း ဖြစ် ခဲ့ သည်။

စိတ် ကြိုက် ခွဲ ဝေ ပေး ရာ တွင် အတူ နေ သမီး ကြီး စန္ဒာ ဝင်း က အများ ဆုံး ရ ရှိ ခဲ့ သည်။ နိုင် ငံ ခြား ဘဏ် များ ရှိ ငွေ အများအပြင် ရန် ကုန် အ ခြေ စိုက် လုပ်ငန်းအဝဝတို့ကိုလည်း သမီးကြီးကပင် ရ ရှိ ခဲ့သည်။

ဒေါ် ခင် စန္ဒာ ဝင်း တို့ မိသား စု သည် မလိခလမ်း အစိုးရပိုင် အိမ် တော် ၌ ပင် ဆက် လက် နေထိုင်ရာတွင် နိုင် ငံ ခြား သုံး ငွေ များ၊ အက် ဖ် အီး စီ မြန် မာ အစိုး ရ ထုတ် ဒေါ်လာလက်မှတ်များနှင့် ကျပ် ငွေ စက္ကူများတို့ကို သတ္တာကြီးငယ်များနှင့် သိုလှောင်ထားရှိ၍ သုံးစွဲနေနိုင်ကြသော်လည်း ဗိုလ် ချုပ် ကြီး များ နှင့် စီးပွားရေး စား ခွက် လု နေ ရသော ကြောင့် လက်ရှိ နအဖစစ်အစိုးရကို မကျေ မနပ် ဖြစ် နေ ခဲ့ သည် မှာ ကြာ မြင့် လေ ပြီ။

နဝတ အစိုး ရ တက် လာ စဉ် က မဆလဆိုရှယ်လစ် စီးပွားရေး စနစ် ကို ပယ် ၍ ဈေး ကွက် စီး ပွား ရေး လမ်း စဉ် ကို ချမှတ်ခဲ့သည်။ လွတ် လပ် သော စနစ် မဟုတ်။ စစ်ဗိုလ်များသာ ပိုင်ဆိုင်ခွင့် ရှိ သော ဦး ပိုင် စီး ပွား ရေး အဖွဲ့ ကြီး က နိုင် ငံ ရှိ စီးပွားရေး အခွင့်အလမ်း မှန် သမျှ လက် ဝါး ကြီး အုပ် လုပ် ဆောင် ရန်

စီ စဉ် ခဲ့ သည်။ ဤ တွင် စီး ပွား ရေး လုပ် ငန်း ကြီး အများကို ထူ ထောင် ပိုင် ဆိုင် နေ သူ ဒေါ်စန္ဒာဝင်းနှင့် စစ်ဗိုလ်ချုပ်ကြီးများတို့ စီးပွားရေး နယ်ချဲ့ပွဲ သို့မဟုတ် စား ခွက် လု ပွဲ တိုက် ပွဲ များ ဆင် နွှဲ ခဲ့ ကြ တော့ သည်။

နောက် ဆုံး တိုက် ပွဲ မှာ မိုး ပျံ ဆဲလ် တယ် လီ ဖုန်း ကုမ္ပဏီ စား ခွက် လု ပွဲ ဖြစ် သည်။ ဒေါ်စန္ဒာ ဝင်း က **Golden Crown** တယ်လီဖုန်းကုမ္ပဏီကို တည် ထောင် သည်။ သား ကျော်နေဝင်း အား ဦးစီးစေကာ တယ် လီ ဖုန်း များ ရောင်း ချ သဖြင့် နိုင်ငံ သားတို့ထံမှ ကြို တင် စရန်ပေးသွင်းငွေ ကျပ် ၆၂၇ သန်းကို ကောက် ခံ ရ ရှိ ခဲ့ သည်။ ပြဿနာမှာ အာဏာရှင် သုံးဦးစပ်တို့ကလည်း ထိုတယ်လီဖုန်းလုပ်ငန်းကို သူတို့၏ ခါးပိုက်ဆောင်တပ်ဖြစ်သော လူ မျိုး စု လက် နက် ကိုင် တပ် ဖွဲ့ တ ခု ၏ အ မည် ကို အသုံး ပြုကာ သူ တို့ ၏ ခါး ပိုက် ဆောင် စီး ပွား ရေး လုပ်ငန်းတခု အဖြစ် လုပ် ကိုင်စေကာ မိုက် ကြေး ခွဲ လို ကြ သည်။ အမြတ်ငွေလွန်စွာ ကြီး မားသော ထို စား ခွက် ကို အပြိုင် လု ကြ ရာ မှ ဒေါ်စန္ဒာဝင်းနှင့် သုံးဦးစပ် အာ ဏာ ရှင် တို့ ကြီး မား စွာ ရန် သို နေ ခဲ့ ကြ သည်။

မိသားစု လက်တွင်းသို့ သပိတ်ဝင် အိတ်ဝင် ရောက်ရှိပြီးသော ကျပ် ငွေ ၆၂၇ သန်း၊ သို့ မဟုတ် ၆၂ ကုဋေ၊ သို့ မဟုတ် ၆ ကုဋေ ၂ ကုဋေကို ဦး နေ ဝင်း က လည်း မက် မော သည်။ ဝင်းမိသားစု ၏ အိတ် တွင်း သို့ ရောက် နေ သော ငွေ ထုပ် ကြီး ကို နအဖသုံးဦး စပ်တို့က ပြန် တောင်း နေ သည် ကို သိ ရ သော အခါ သမီး သား မက် နှင့် မြေး တို့ အား "မ အေ လိုး တွေ ကို ငါ့ ရှေ့ အရောက် ခေါ် ခဲ့ ကြ"ဟု အမိန့် ပေး ပြန် သည်။ သမီး၊ သမက်နှင့် မြေးများ က အကြိတ် အနယ် စီ စဉ် အား ထုတ် ကြ သည်။

ရွှေ–အေး–ညွန့် တို့ သည် ဦး နေဝင်း ကောက်တော်မူသဖြင့် လူ ဖြစ် လာကြ သည်။ တပ် မတော် တွင် ဦး နေ ဝင်း မျက် မှန်း မ





တန်း မိ ၍ ဖြစ် စေ၊ မျက် မှန်း တန်း မိ စဉ် တွင် မျက် နှာ ကျော မ တည့်သဖြင့် ဖြစ်စေ မြှောက်စားခြင်း မခံကြရသူ စစ်ဗိုလ် အရာ အထောင် ရှိ သည်။ အာဏာရှင် သုံး ဦး စု နည်း တူ မြှောက်စား သဖြင့် ကြီး ပွား နေ သူ လည်း အများ ရှိ သည်။ ထိုသူတို့သည် ယခု ရွှေ–အေး–ညွန့် တို့ က ဆရာကို ကာပြန်ချိန်တွင် ဦးနေဝင်း ဖက်မှ ရပ် တည် မှု မပြု ဝံ့ မပြု ရဲ ဖြစ် နေခဲ့ ကြ သည်။ ဦး နေ ဝင်း မိုက် သွေး တက် စဉ် က ခိုင်း သမျှ တာ ဝန် ကို ကျေပွန်စွာ ဆောင် ရွက် ခဲ့ သည့် ဗိုလ် မှူး ချုပ် စိန် လွင် တယောက်သာ ယ ခု တိုက် ပွဲ တွင် ဦး နေ ဝင်း ဖက် မှ ကူ ညီ သည်။ ကျန်စစ်ဗိုလ်ကြီးများက နီးရာခေးကိုသာ ကြောက် လန့် ကြ သဖြင့် အမြီး ကုတ် ၍ ရှောင် နေ ကြ သည်။

တပ်ကြပ်ကြီးစိန်လွင် အဖို့ ကရင် ခေါင်းဆောင် စောဘဦးကြီး အား အရှင် ဖမ်း မိ စဉ် ၌ "အပျောက်ရှင်းလိုက်" ဟူသော အထက် အမိန့်ကို တိကျစွာ ထမ်းဆောင်သဖြင့် ရာထူးတက်ပေးရာမှ ဆက် တိုက် သူ ကောင်း ပြု ခြင်း ခံ ခဲ့ ရသည်။ ၆၂ ခု ဂျူလိုင် ၇ ရက် သတ် ပွဲ ကြီး နှင့် ၈၇ ခု နှစ် မောင်ဖုန်းမော် အရေးအခင်း သတ်ဖြတ် ပွဲကြီးများကို ရှုပ်ရှုပ်ချွန်ချွန် အထက်က အမိန့်ပေး ပေးသည့်အတိုင်း သတ်ဖြတ်ခဲ့သော စစ်သားကောင်း ဖြစ်သည်။ ယခုအရေးတွင် ဦးနေ ဝင်း၏ တပါးကျွန်အဖြစ် သစ္စာ ရှိ ရှိ ဦးနေဝင်း နှင့် မြေးများကို ကူ ခဲ့ ရာ တွင် အသက် ရင့် ပြီ ဖြစ်သောကြောင့် ကိုယ်ထိလက်ရောက် ကူ ညီ မှု မပြု နိုင် ဘဲ အားပေးသဖြင့် အာ ဏာရှင် သုံး ဦး စု တို့ က ဒဏ် ခတ် သည် ကို ခံရသည်။ ဗမာ့တပ်မတော်၏ အစဉ်အ လာ မှာ ကျေး ဇူး ခံ ကျေး ဇူး စား မရှိရ၊ လက်ငင်း အာဏာရှိသူ ကို သာ ပြား ပြား ဝပ် ရှိ ခိုး ရ မည် ဟူ သော မူ ထွန်း ကား နေ သည်။

ထို ကြောင့် သူ၏ ဘဝတလျှောက်လုံး ရန်သူတို့အပေါ်တွင်

သူ က သာ လက် ဦး လေ့ ရှိ သဖြင့် ဆရာ ဦး တင် မောင် ၏ ရုပ်ရှင်ကား အမည်နှင့် "လက် ဦး ဆရာ"ဟု ခေါ်ဝေါ်ခဲ့ကြသည့် ခေတ် သည် ဆိတ် သုဉ်း နေ လေ ပြီ။ ဤတချိ တွင် သုံး ဦး စပ် အာ ဏာ ရှင်တို့က လက် ဦး သွား ၏။ နေဝင်း နန်း တော် ကြီး ကို စစ်တပ် နှင့် ဗိုင်း ကာ သား မက် နှင့် မြေး သုံး ဦး တို့ အား ဖမ်းလိုက်ကြ သည်။ ငွေ ထုပ် ကြီး ကို လည်း သိမ်း ယူ သည်။

ထို မျှ ငွေ ကို ထပ် မံ ရှာ နိုင် သည်။ အရေး မကြီး။ မိမိ ၏ မြေး များ ကို တပ် မတော် က ဖမ်း သည် က အရေး ကြီး သည်။ မိမိ အထက် ၌ ဗိုလ် ချုပ် အောင် ဆန်း ဆို သူ ရှိ ခဲ့ လေ ၏ ဟု တ ကြိမ်မှပင် စဉ်း စား ခြင်း မပြု ခဲ့ဘဲ မိမိ ကိုယ် မိ မိ တပ်မတော်၏ ဖခင် ကြီး ဟု တွေး တော ယူ ဆ လုပ် ရှား နေ ခဲ့ သည်။ တပ်မ တော် ၏ စစ် ဦး စီး ချုပ် (ဟောင်း) တပ် မ တော် ၏ ဗိုလ် ချုပ် ကြီး (ဟောင်း) သည် ကြီး စွာ တုန်လှုပ်သွားသည်။ မိမိနှင့် သမီးကိုမူ မအေ နှစ်မကောင်တွေက ဖမ်း ရန် သတ္တိမရှိဟု သူက ကောင်းစွာ သိ သည်။ ခါး မှ သေ နတ် ကို ဆွဲ ကာ မိမိ ကိုယ် တိုင် ဒင်း တို့ ထံသို့ သွား မည် ဟု အိပ် ရာ မှ ဆင်း ၍ ကား ကို ခေါ် သည်။ စီး တော်ကား တာဝန်ခံ အဖြစ် အစိုးရက ပေးထားသူ အရာရှိအဆင့်ရှိ ဗိုလ် ကြီး ဒ ရိုင် ဘာကို ဆင့်ခေါ်၍ မ ရ တော့ ပြီ။ သမီး အ ဖ နှစ် ဦး တည်း သာ ကျန် တော့ သည်။ အိမ် တော် ဝင်း ကို လည်း ကား ထွက် ၍ မရအောင် ပိတ် ထား သည်။ သံ ချပ် ကာ ကား နှင့် ဖွင့် မှ ရ နိုင် မည်။

သမီး ဆရာ ဝန် ၏ ညွှန် ကြား ချက် အရ အိပ် ရာ ထက် ၌ အမြဲ လှဲ နေ ရ သူ ဦး နေ ဝင်း သည် အိပ်ရာမှ ခုန် ၍ ထ သည်။ ခါ တိုင်း ဆို လျှင် သမီး က ဆူ ပူ ကာ အိပ် ရာ တွင်း သို့ ပို့ လေ့ ရှိ သည်။ ယခုမူ သမီးကလည်း ဒေါသမီး တဟုန်းဟုန်းတောက် လောင်ကာ ခုန် ပေါက် နေ သည်။ ဖခင်ကို မဆွဲနိုင်တော့ပြီ။





ဦး နေ ဝင်း ၏ ခန္ဓာ ကိုယ် ကြီး မှ အသဲ၊ ကလီစာ၊ အဆုတ်၊ သ ရက် ရွက် တို့ သည် အိုး ထိမ်း စက် ကြီး ချန် သည် ထက် ပြင်း ထန် စွာ လှုပ် ခုန် နေကြ သည်။

သား အဖ နှစ် ဦး သား ဒေါ သမီး ပြိုင် တူ တောက် လောင် ကြ ရာ တွင် ယယ် ရွယ် သူ သမီး မှ ခံ နိုင် ရည် ရှိ စေ ကာ မူ သူ အို ကြီး ဦး နေ ဝင်း မှာ ခံ နိုင် ရည် ကုန် ခန်း ကာ သေ ပွဲ ဝင်ရှာ တော့ သည်။ ခန္ဓာ စက် ကြီး သည် တဒိန်း ဒိန်း တ ဒိုင်း ဒိုင်း တုန် လှုပ် ရာ မှ ဖုတ် က နဲ ရပ် တံ့ သွား သည်။ အသက်မီးကလေး သည် ရပ် တည် ရန် ခန္ဓာစက် မရှိတော့သဖြင့် ငြိမ်းပျောက်သွား ရသည်။

သမီး ဆရာဝန် သို့မဟုတ် အခြား ဆရာဝန်များ ဦးနေဝင်း ချန် ရစ် သော ရုပ်ကလာပ်ကို ခွဲ စိတ် စစ်ဆေးလျှင် ရင်ကွဲနာကျ၍ သေ ရသည် ကို တွေ့ သိ ရ ပေ မည်။

သက် ရှိ သတ္တ ဝါ မှန်သမျှတို့အဖို့ ပဋိသန္ဓေတည်နေရခြင်း၊ အို ရ ခြင်း၊ နာ ရ ခြင်း နှင့် သေရခြင်းတို့သည် ဆင်းရဲခြင်းတရား များ ဖြစ် သည် ဟု ဗုဒ္ဓ က ဟော ခဲ့ သည်။ သာမန်အားဖြင့် ကံ ကုန် သော ကြောင့် ခန္ဓာစက်ကြီး လည် ပတ် မှု ရပ် ဆိုင်း ရလေ သော သေခြင်းတရားသည်ပင် သက် ရှိ သတ္တဝါ မှန် သမျှ တို့ အဖို့ ကြီး မား သော ဆင်း ရဲ ခြင်း ဖြစ် စေ ကြ သည်။ ဦး နေ ဝင်း ခမြာမှာ အခြား သက် ရှိ သတ္တ ဝါ များ ကဲ့ သို့ ကံ ကုန် စဉ် ၌ ခန္ဓာ ပျက် ကာ ' မီး စာ ကုန် ဆီ ခန်း' သေဆုံးသည် မ ဟုတ် မူ ဘဲ ဒေါ သမီး ပြင်း စွာ တောက် လောင် သ ဖြင့် ရင် ကွဲ နာ ကျ ကာ သေ ရ သည် ဖြစ် သော ကြောင့် ပင်ပန်း ဆင်း ရဲ စွာ ဘ ဝ ကူး ရ ရှာ သည်။

သေ သူ မှန် သမျှ တို့ သည် ဆီ မီး ခွက် မီး တောက် ငြိမ်း ရ သကဲ့သို့ သေ ကြ ရ ရာ တွင် အသက် ရှင် မှု နှင့် အသက်ကုန်မှု

အကြားတွင် သေသည် လည်း မဟုတ်၊ ရှင် သည် လည်း မဟုတ် သော အချိန် အပိုင်းအခြား 'ခဏယေ်' တ ခု ရှိ သေး သည် ဟု သင်္ဂြိုဟ် ဆရာ တို့ က ယူ ဆ ကြ သည်။ အရပ်စကားနှင့် သေငယ် ဇော နှင့် မြော နေ ချိန် ဟု ဆိုနိုင် သည်။ ခ ဏ ယေ် ဟု သတ်မှတ် သော ထိုခဏ (ဣက္ခဏ) သည် လက် ဖျစ် ဆယ် တွတ် မျှ သာ ကြာ မြင့် သည် ဟု အဘိ ဓမ္မာ ကျမ်း တို့ က ဆို၏။

သက် ရှိ သတ္တဝါ မှန် သမျှ တို့ သည် လက် ရှိ ဘဝ မှ အ သက်မှ ထွက် ၍ သေအံ့ မူးမူး ကာ လ ယေ် ၌ လည်း ကောင်း၊ ဘဝသစ်သို့ ပဋိသန္ဓေ တည်နေဆဲ ကာလယေ်တွင်လည်းကောင်း၊ အာ ရုံ သုံး ရပ် ကို ပြု မိ ကြ ရ မြဲ ဖြစ် သည်။ ၁) ကံ ဟု ခေါ် ဆို အပ် သော မသေမီ ကာ လ က အား ထုတ် အပ် သော ကောင်းမှု ကု သိုလ် နှင့် မကောင်း မှု အ ကု သိုလ် များ။ ၂) ကမ္မ နိမိတ်ဟု ဆို အပ် သော ဒါန ဝတ္ထု များ ကို စေတနာ ပေါ် ကာ အာ ရုံ ပြု မိ ခြင်းနှင့် ၃) ဂတိ နိမိတ် ဖြစ် သည့် ဖြစ်လတ္တံ့သော လားရာဘဝ (သစ်) တခုခု၏ အဆင်း စသည် တို့ ကို ထင် မြင် ခြင်း တို့ကို တွေ့ မြင် သိ ရှိ ရ စမြဲ ဖြစ်သည်။

လက် ဖျစ် ဆယ် တွတ် မျှ သာ ကြာ မြင့် သော ထိုအချိန် သည် သေး ယေ် တိုတောင်း လှ သော် လည်း ဘဝကူးမည့် ပုဂ္ဂိုလ် တွင် မူ လွန် မင်း စွာ ရှည် ကြာ သည်။ ကု သိုလ် ကောင်း မှု ရှိ သူ တို့ အဖို့ ဆွဲ လဲ သံ၊ ကြေး စည် သံ ၊ ခေါင်း လောင်း သံ တို့ ကို ကြား ရ သဖြင့် ငြိမ်း ချမ်း သာ ယာ ကြည် နူး စွာ သေ လွန် ရ သည်။ လူ အချို့ တို့ မှာ မိမိ တို့ ကောင်း မှု ကို အမျှ ဝေ စဉ် က ကြား ရ သော သာ ဓု ခေါ် သံ ကို ပင် ကြား ကြ ရ သည်။ လက်ရှိ ဘဝ ထက် သာ လွန် သော ဘဝ သစ် သို့ ရွှင်မြူး ကြည်နူးစွာ ကူး ကြ ရ လေ့ ရှိ ကြသည်။

ကောင်း မှု ကုသိုလ် နည်း ပါး လှ သော ဦး နေ ဝင်း ကဲ့ သို့





အကုသိုလ် ကံ ကြီးမား သူ တို့ အဖို့ သေခြင်း ဆင်း ရဲ သည် ကြီး မား လှ၏။ ဘဝ နေ ဝင် ချိန် တွင် မိမိ ၏ အုပ် ချုပ် မှု ကို မလို လား သည့် နိုင် ငံ သား တို့ အား အသံနက် ကြီး ဖြင့် "စစ်တပ် ဆို တာ ပစ် လျှင် မှန် အောင် ပစ် တတ် တယ်။ သတိ သာ ထား ကြ ပေ တော့" ဟု သူက ဒေါသ မျက် စောင်း ကြီး များ နှင့် ကြိမ်း မောင်း ခဲ့ သည်။ အပြောနှင့် အဟော ညီညွတ်စွာ ရှစ် လေး လုံး အရေးတော်ပုံတွင် စစ်တပ်အား "မှန်အောင် ပစ်၊ သေအောင်ပစ်" ဟု အမိန့်ပေးကာ လူ သတ် ပွဲ ကြီး ဆင် နွဲ ၍ နိုင်ငံရေး အာဏာ ကို စစ်တပ်လက်ထဲ၌ပင် တည် ရှိ ရန် သတ် ဖြတ် စေ ခဲ့ သည်။

ယင်း သို့ ရက် စက် စွာ သတ် ဖြတ် ခဲ့ သော် လည်း အာဏာ မှာ မိမိ လက် တွင်း သို့ ပြန် မလာ သဖြင့် အာဏာလက်မဲ့ ဖြစ်ခဲ့ ရ သည်။ တပည့် စစ် ဗိုလ် ချုပ် များ က ပြန် မပေး ဘဲ သူတို့ လက် တွင် ကျစ် ကျစ် ပါ အောင် ဆုပ် ကိုင် ထား သဖြင့် လွန် မင်း စွာ ဆင်း ရဲ ပင် ပန်း ရှာ သည်။ ဘဝ တလျှောက် လုံး ဒေါသ၊ မောဟ၊ လောဘ မီး ပြင်း ကြီး လောင် ခဲ့ သည် ထက် အဆ ရာ ထောင် ပူ လောင် ခြင်း ဖြင့် သေရ ရှာ သည်။ သူ လား ရာ ဘဝ သစ် မှာ လည်း ဘုံ ၃၁ ဘုံ တွင် ယုတ် နိမ့် ဆုံး ဖြစ် သည့် မဟာ အဝီ စိ ငရဲဘုံသာ ဖြစ် နိုင် သဖြင့် ဆင်း ရဲ မှု ကြီး မား လှ ရှာ သည်။ ဝေ ဒနာ ဆိုး ကြီး ကို ခံ စား ရ သော အချိန် ကာ လ မှာ ခဏ ယေ် မျှ သာ ရှိ စေ ကာမူ သူ အဖို့ ရှည် ကြာ လှသဖြင့် ဆင်း ရဲ ခြင်း ကြီး လှ သည်။

ဦး နေ ဝင်း ၏ နောက် ဆုံး ကာလ ကို ဆင် ခြင် လျှင် တရား ကျ ဖွယ် ကောင်း လှပေသည်။ ဆရာကို ကာပြန်၍ အနိုင်ရနေ သော လက် ရှိ စစ် ဗိုလ် ချုပ် ကြီး သုံး ဦး တို့ သည် မူ သံဝေဂ မယူ ကြ။ သူတို့သည်လည်း ဦး နေ ဝင်း နည်း တူ ကြီး မား သော သေ ခြင်း ဆင်း ရဲ ကို ခံ ကြ ရ မည် သာ ဖြစ် သ ဖြင့် ပို မို ၍ တရားရ

သင့် ကြသည်။ သူ တို့ သုံး ဦး က တရား ရ ရန် မဆို ထား ဘိ၊ အာ ဏာ စက် တည် မြဲ ရေး အတွက် နိုင် ငံ သား တို့ အား သတ် ဖြတ် ရန် နှင့် မိမိ တို့ သုံး ဦး တို့ တဦး ကို တဦး သတ် ဖြတ် ၍ ဖယ် ရှား ရန် နောက် ထပ် သတ် ဖြတ် မှု များ ကျူး လွန် ရန် စီ စဉ် နေ ကြ သည်။ သူ တို့ သုံး ဦး မှာ ကယ် တင် နိုင် သူ ဝေး လှ သည်။ ဆင်း ရဲ ပင် ပန်း စွာ သေကြလေ ဦး မည် သာ။

ဦး နေ ဝင်း အဖို့ သေခြင်း ဆင်း ရဲ ကြီး မား သည် သာ မက အသုဘ မသာ အစီအစဉ်မှာလည်း ရုပ် ပျက် ဆင်း ပျက် သဂြိုဟ် သည် ကို ခံ ရ ပြန်သည်။ ဦး နေ ဝင်း ၏ အိမ် တော် ကို အသံ ဖမ်း စက် အများ တပ် ဆင် ထား သဖြင့် သမီး ဖြစ် သူ က 'စီ'က နဲ့ အော် ငို လိုက် သည် နှင့် စစ် စုံ ထောက် ရုံး နှင့် ရွှေ အေး ညွှန့် အာ ဏာ ရှင် မင်း သုံး ပါး တို့ တ ပြိုင် နက် သိ ကြ သည်။

ဈာပန ကို မည် သို့ စီစဉ် မည် ဟု သုံး ဦး သား ဆွေး နွေး ကြ သည်။ တခါ က ကျေး ဇူး ရှင် ကြီး ဖြစ် သည် ကို သူ တို့ သုံး ဦး က စဉ်း စား ခြင်း မပြု။ ဦး နေ ဝင်း ရုပ် ကလာပ်က မကောင်း ကျိုး ပေး နိုင် သေး သည်။ ဂူ သွင်း လျှင် ပြည် သူ တို့ က ထိုဂူကို ရန် ပြု ကြ မည်။ လှုပ် ရှား မှု မှန် သမျှ မိမိ တို့ အာ ဏာ တည် မြဲ ရေးကို ထိခိုက်နိုင်သည်။ ဦးနေဝင်း၏ အတ္တ ဘာဝ–အတ္တဘောကြီး ကို တ မှုန့် တမွှား မှ မကျန်အောင် သံသရာ မချဲ့ဘဲ ပျောက်ဖျက် ရန် ဆုံး ဖြတ် ကြ သည်။ ရုပ် ကလာပ်ကို တပ်မတော် သုသာန် တွင် မြှုပ်နှံရန် မဆိုထားဘိ အရပ်သားတို့ သင်္ချိုင်း၌ပင် ဂူသွင်းခြင်း ပင် မပြု ရ။ ဆွေ မျိုး တစု သာ မသာ ပို့ စေ ပြီး မီး ရှို့ ပြာ ချ ကာ ပြာ ကို ရေမျှောစေဟု ဆုံး ဖြတ် ကြ သည်။

အချိန် အနည်းငယ်အတွင်း စစ် စုံ ထောက် အရာရှိကြီးတဦး ရောက် လာ ပြီး ဒေါ်ခင်စန္ဒာဝင်းအား အထက်အမိန့်ကို တဆင့် ပေးသည်။





"သူ့မြေးတွေကို ထုတ်ပေးပါ" ဒေါ်စန္ဒာဝင်းက တမုဟုတ်ချင်း တောင်း ဆို သည်။

"သူတို့က ထောင်ထဲမှာ ရာဇဝတ်မှုနဲ့ အရေး ယူ ထား တာ။ ဘယ်ဖြစ်မလဲ" ဟု ဖြေသည်နှင့် ဒေါ်စန္ဒာဝင်းက ဖခင်၏ ခါးမှ ဖြုတ် ယူ ထား သော သေ နတ် ကို ထုတ် ပြ သည်။

"ဒီဘဝမှာ မထူး တော့ ဘူး၊ အင်းစိန်ထောင်ရှေ့သွားပြီး ကိုယ့် ကိုယ်ကို ကိုယ် သတ် သေ ပြ မယ်။ ကမ္ဘာက သိကြရော့ပေါ့"ဟု ရာဇသံ ပေး ကာ အိပ် ခန်း တွင် ဝင်သွားပြီး တံခါးပိတ်လိုက်သည်။

ဤကဲ့သို့ ဆန္ဒပြနိုင်သဖြင့် အင်းစိန်ထောင်သို့ သွားကာ အ ဖမ်းဆီးခံလင်နှင့် သားများကို ထောင်ဝင်စာတွေ့ခွင့် နှစ်ကြိမ်ရရှိခဲ့ သည်။ မာစီဒီးကားကြီးနှင့် သွားရာ အထူးထောင်ဖက်၌ ကား ကြီးဝင်ရန် လမ်းမရှိသဖြင့် ဝင်း တိုင် ကို တိုက်ချိုး၍ မောင်းနှင်ခဲ့ ကာ သား များ နှင့် ခင် ပွန်း သည် ကို တွေ့ ခဲ့ သည်။

စစ် စုံ ထောက် အရာရှိကြီးသည် ရွှေအေးညွှန့်တို့အား ဆဲလ် ဖုန်းနှင့် အစီရင်ခံသည်။ အာဏာရှင်သုံးဦးတို့သည် ဒေါ်စန္ဒာဝင်းအား ဖင်တုန်အောင် ကြောက်ရသူများ ဖြစ်ကြသည်။ ထိုကြောင့် မြေးသုံး ဦးတို့အား အင်းစိန်ထောင်ပိတ်ချိန်တွင် အိပ်ဆောင်သို့ ပြန်ဝင်ပါ မည်ဟူသော နှုတ်ကတိဖြင့် အဖိုးကို သဂြိုဟ်ခွင့် ပြုလိုက်သည်။

ချက်ခြင်းပင် တ ချိန် က မျက် နှာ အကြီးဆုံး မိသားစု အဖို့ သွားလေသူအား မျက် နှာ ငယ် ဈာ ပန အဖြစ် ဆွေမျိုးတစုနှင့် ပြီး ပြတ် အောင် သဂြိုဟ် ခဲ့ ကြ ရသည်။

အရပ် သား လူ ထု ကြီး အဖို့ မိမိ တို့ ၏ ခေါင်း ဆောင် အာ ဏာ ရှင် ကြီး နတ် ရွာ စံ သည် ကို နောက်တနေ့ သတင်းစာတို့ တွင် နာ ရေး သတင်း ဖော် ပြ မှ သိ ကြ ရ သည်။ နာရေး သတင်း အရ ဦးနေဝင်းတယောက် မျက် နှာ ငယ် ဈာပနအဖြစ် သဂြိုဟ် သည် ကို ပါ သိ ကြ ရ သည်။ စပိန် ပြည် တွင် လူ ထု က လွန် စွာ

မုန်းတီးသူ အာ ဏာ ရှင် ကြီး ဖရန် ကို သေ ဆုံး စဉ် က လူထုကြီး က ဝမ်း သာ အား ရ 'လွတ် ပြီ ကျွတ် ပြီ ပေး' ဟု တဦးနှင့် တဦး အရက် သေ စာ သောက် ၍ ကောင်း ချီး ပေး ကြ သဖြင့် ရှန်ပိန် အ ရက် ပြတ် သွား သည် ဟု သတင်းစာတို့ ရေး သား သည်။ သဓိရတရား ကို ကောင်း စွာ နား လည် သူ မြန် မာ လူ ထု က 'သဓိ ရ တရား ဟူ သည် မှာ အသက် စည်း စိမ် သာ မက ဂုဏ် သိက္ခာပါ တည် မြဲ မှု မရှိ' ဟု သိ ရှိ ကာ တရား ယူ ကြ သည်။

ဒေါ်ခင်စန္ဒာဝင်းသည် ဦး နေ ဝင်း လွန်ပြီးနောက် စိတ်မချမ်း မသာ ဖြစ် နေ စဉ် ဘိုး တော် အောင် ထွဋ္ဌ ခေါင် က ခေါ် ယူ ပော ကြား မှ ခ မည်း တော် ၏ ပြာ တန်ခိုး ကို သိ ရ သဖြင့် တ အား တက် လာ သည်။ ကံ အား လျော် စွာ ချက်ခြင်းပင် ထို ပြာ ကို စုံ စမ်း ရှာ ဖွေ ရ ရှိ သော အခါ မိမိ တို့ မိ သား စု ဇာတာ တက် လာ ပြီ ဟု တအား တက် မိ သည်။

ဤကိစ္စမျိုးသည် မိနစ်ပင်ဆိုင်းရန် မသင့်သဖြင့် ဒေါ်စန္ဒာဝင်း သည် သူ နှင့် မိသား စု ကိုးကွယ် ဆည်းကပ်သော ဘိုးတော် စကြာ အောင်ပွင့်ခေါင် ထံ သို့ သွားကာ အမိန့်ကို နာခံလိုခဲ့သည်။ တောင် ဉက္ကလာပ မြို့နယ်၊ (၁၃) ရပ်ကွက်၊ ယသသပသီ (၁၂) လမ်း၊ အမှတ် (၉၅၆) နေစကြာ အောင်ပွင့်ခေါင်ခေါ် မျိုးမြင့်အောင်ခေါ် ဆရာလေး အား တင် ပြ လို သော် လည်း ထောင်တွင်း ရောက်နေ ပြီ ဖြစ်သဖြင့် ထောင် ဝင် စာ ရ ရှိ ရန် မလွယ် ပြီ။ ဘိုးတော် အောင်ပွင့်ခေါင်အား တယ်လီဖုန်း ကုမ္ပဏီ၏ အကြီးပေး အရာ ရှိ အဖြစ် လစာ တလ ကျပ် သုံး သိန်း ပေး ကာ ကိုး ကွယ် ထား သည်။ ဘိုးတော် စီးနင်း ရန် အီ စု ဇု ကား အမှတ် (၃၀/၆၃၈၃) နှင့် လ စဉ် အောက်တိန်း ဓာတ် ဆီ တ ပေ ပါ ပေး ထား သည်။ ဆက် သွယ် ရန် ဆဲလ် တယ်လီဖုန်း တခု လည်း ပေး ထား သည် ဟု စစ် စုံ ထောက် ရုံး ချုပ် တွင် မှတ် တမ်း ရှိ သ ဖြင့် ဖမ်း ဆီး ထား သည်။





ထိုကြောင့် မူ လ ပော ကြား သူ ဘိုးတော် အောင်ထွဋ္ဌခေါင် ထံ သို့ သွားရောက်ကာ အခါယူသည်။ အခါကျသော နောက်တနေ့ နံက် ၉ နာ ရီ ၉ မိနစ် ၉ စက္ကန့်တိတိတွင် အင်း စိန် ထောင် သို့ ဖွတ် ဝင် ပြန် ပြီး ဒေါ် ခင် စန္ဒာ ဝင်း၊ ခင် ပွန်း ကို အေး ဇော် ဝင်း၊ သား အေး နေ ဝင်း၊ ကျော် နေ ဝင်း နှင့် ဖွဲ့ နေ ဝင်း တို့ သည် ဦး နေ ဝင်း ၏ ပြာ ကို မြို့ ကြ၊ စား ကြ ပြီးနောက် အောင် ပွဲ ခံ ကြ သည်။ ထီး နန်း အပ် မည့် သူ တို့ ၏ ဖုတ် သွင်း ရ ထား ဆိုက် ရောက် မည့် အချိန် ကို စောင့် စား နေ ခဲ့ ကြ သည်။

မိသား စု ငါး ဦး တို့ ပြာ စား ကြ သည် ကို အာဏာရှင်စု သုံး ဦး က ကောင်း စွာ သိကြ သည်။ သူ တို့ ပိုင် ပုဂ္ဂလိက ဘိုးတော် များက 'ထောင် တွင်း ရောက် ပြီး နေ တဲ့ သတ္တဝါ လေးဦးကို မှုရန် မလို။ ပြာ တန် ခိုး ပြ နိုင် မည် မဟုတ် 'ဟု ပောသဖြင့် အာဏာ ရှင် သုံးဦးတို့က မမှုကြဘဲ ထို လေးဦးကို အပြတ်ရှင်းရန်သာ အမြန် စီစဉ်သည်။

အာ ဏာ စက် ထက် သူ သုံး ဦး တို့ ၏ လမ်း ရှင်း စီ မံကိန်း အရ ထောင် နန်း စံ လေး ဦး အဖို့ ဖုတ်သွင်း ရထားကား မလာ တော့ ပေ။ စစ် တရား ရုံး မှ စီ ရင် ချက် စာလွှာသာ ရောက်လာ သည်။ တရားခံ အေး ဇော် ဝင်း နှင့် မြေး နေ ဝင်း တို့ အား နိုင်ငံ တော် သစ္စာဖောက်မှု နှင့် သေ ဒဏ် ပေး စေ ဟု စီ ရင် ချက် ချ မှတ် သည်။

ဦး နေ ဝင်း ၏ ပြာ သည် ဦး စွာ ပထမ သား မက် နှင့် မြေး သုံး ဦး တို့ အပေါ် တွင် စတင်၍ တန်ခိုး ပြ ပေ၏။ မကောင်းသော အကျိုး ကို ဖြစ် စေ၏။

နအဖ သုံး ဦး စပ် အာ ဏာ ရှင် တို့ သည် ဒေါ်စန္ဒာ ဝင်း ကို မဖမ်း ရဲ ကြ ပေ။ မျက် မွေး ထော် ၍ ပင် မော် မကြည့် ဝံ့ ကြ ပေ။ အမျိုးသမီးအား ကာ ပြန် မှု မပြု နိုင် ကြ ပေ။ ၁၉၈၈ ခု က

ဒီ မို ကရေစီ ဆန္ဒ ပြသူ များ ကို သွေး ချောင်း စီး သတ် ဖြတ် စဉ် က ဒေါ် စန္ဒာ ဝင်း နှင့် အတူ ပူး ပေါင်း ၍ အနည်း နည်း အဖုံဖုံ သတ် ဖြတ်မှု များ ကို အတူ ကျူး လွန် ခဲ့ ကြသည်။ ဒေါ် စန္ဒာ ဝင်း နှင့် အ ရပ် သား ဆ ရာ ဝန် တ ဦး ( ယ ခု သံ အမတ် ကြီး အဖြစ် ရာ ထူး ပေး ကာ လာဘ် ထိုး ထား ရ သည်) တို့ က စိတ် ကြွ ဆေး ဖော် စပ် ပေး ခဲ့သည်။ စစ် ဗိုလ် ထောက် များ ကို ဆေး တိုက် ကာ ဒီမိုကရေစီ ဝါ ဒီ တို့ အား ရန် စ စေ ၍ ခေါင်း ဖြတ် ခံ ပွဲ များ ဖြစ် ပေါ် ရန် တီ ထွင် စီမံ ခဲ့ ကြ သည်။

နဝတ ဥက္ကဋ္ဌ ဗိုလ် ချုပ် ကြီး စောမောင်က ၁၉၉၀ ပြည့် ရွေး ကောက် ပွဲ ကို အသိ အမှတ် ပြု ၍ လူထု က ရွေး ကောက် တင် မြှောက် သူ တို့ ထံ သို့ အာ ဏာ လွှဲ ပြောင်း ပေး ရန် လို လား သ ဖြင့် ဖယ်ရှားရာတွင်လည်း ထို အရပ်သား ဆရာဝန် နှင့် ခင်စန္ဒာ ဝင်းတို့က ကူ ညီ ခဲ့ သည်။ စစ် ဦး စီး ချုပ် ကြီး ကို ရာထူးမှဖြုတ် ရာ မှ သေ ရွာ လား စေ သည် အထိ ရက် စက် ခဲ့ကြ သည်။ ထို အကြောင်းများကြောင့် အဖြစ် မှန် ကို လူသိ ရှင် ကြား ဖွင့်လှစ်၍ အစစ် ခံ နိုင် ကြသည့် ခင် စန္ဒာ ဝင်း နှင့် ဒေါက် တာ သံ အမတ် ကြီး တို့ နှစ် ဦး တို့ ကို နအဖ သုံး ဦး စပ် အာဏာရှင်တို့က ရန် ပြု ရန် မဆို ထား ဘိ လက် ဖျား နှင့် မှ မတို့ ဝံ့ ကြ ပေ။

ဖမ်း ဆီး ထား သော ကို အေး ဇော် ဝင်း နှင့် သားသုံးဦးတို့ ကို မူ အင်း စိန် ထောင် ကြီး အတွင်း၌ အဆော တလျင် အမှုစစ် ဆေး ကာ နိုင် ငံ တော် ကို သစ္စာ ဖောက် ကာ ခေါင်း ဆောင် ကြီး သုံး ဦး တို့ အား သတ် ဖြတ် လုပ် ကြံ ရန် ကြံ စည် မှု အတွက် သေ ဒဏ် စီ ရင် လိုက် လေ သည်။ သေ ဒဏ် ဟု စီ ရင် ချက် ချ သည် ဆို စေ ကာ မူ အာ ဏာ ရှင် သုံးဦးတို့၏ မိခင် ဒေါ် ခင် စန္ဒာ ဝင်းအား ကြောက်ရွံ့ရသေးသဖြင့် ကွက်မျက်ခြင်း မပြုဘဲ နယ်စွန် နယ် ဖျား ထောင် များ သို့ ပို့ ကာ ညှဉ်း ဆဲ လေ သည်။ ဒေါ်စန္ဒာ





ဝင်း ကို မူ မ လိ ခ လမ်း အိမ် တော် တွင် ပင် ဆက် လက် ချုပ် နှောင် ထား လေ သည်။

ကြူ ပင် ခုတ် လျှင် ကြူ ငုတ် ပင် ချန် မထား ရ ဟု ဆို ရိုး အ တိုင်း ကျင့် သုံးကြ သည့် နအဖ တို့က ဒေါ် စန္ဒာ ဝင်း ၏ ဘိုး တော် အောင် ပွင့် ခေါင် အား လည်း ဖမ်း ဆီး ကာ စစ် ဗိုလ် ထောက် ညှဉ်းဆဲခန်းတို့၌ အ ဖုံ ဖုံ စစ် ဆေး သည်။ မည်သည့် ဥပဒေကိုမှ ချိုး ဖောက် မှု မရှိ သည် ကို တွေ့ရသဖြင့် ထိုဘိုးတော်က သူ့အား ကိုး ကွယ် သူ တို့ ကို သူ ၏ ပုံ တော် များ ပုံနှိပ်ရောင်းချသည်မှာ ပုံ နှိပ် တိုက် ဥ ပဒေ ကို ကျူး လွန် သည် ဟု အမှုတင်၍ ကြီးလေး သော ထောင် ဒဏ် ကို စီ ရင် ကာ ညှဉ်း ဆဲ သည်။

ပြာ စား သူ လေး ဦး တို့ အား ဤ ကဲ့ သို့ စာရင်း ရှင်း ပြီး နောက် တြိဂံ ညောင့် ဆူး သုံး ဦး တို့ သည် မိမိ တို့ နန်း တက် ရ မည့် ရက် ကို စောင့် ဆိုင်း ရင်း စိတ် ကူး ယဉ် နေ ကြလေသည်။ မိမိသည် မု ချ မင်း ဖြစ် ရ မည် ဟု ယုံကြည်သူ ဗိုလ်ခင်ညွှန့်သည် အတွင်းရေးမှူး (တစ်) ရာ ထူး ကို ရရှိစ ကာလကပင် မိမိ၏ လက္ခဏာ ကို မိမိ ဘာ သာ မကြာ ခဏ စစ် ဆေး ကြည့်ရှုလေ့ရှိ သည်။ ပြာ စား ပြီး နောက် တွင် ဗိုလ်ခင်ညွှန့်သည် ခြေဏာကို ပါ စစ် ဆေး ကြည့် ရှု ရင်း အလုပ် များ နေလေသည်။ တဖက်က လည်း သူ၏ အထက် လူ ကြီး နှစ် ဦး ဖြစ် သော ဗိုလ် ချုပ် မှူး ကြီး နှင့် ဒုတိယ ဗိုလ် ချုပ် မှူး ကြီး တို့ အား ဖယ် ရှား ရန် အတွက် မည် သို့ မည် နှယ် ဖယ် ရှား မည် ဟု နည်း အမျိုးမျိုးနှင့် စိတ်ကူး ဖဲ ရိုက် ကာ ပင် ပန်း တကြီး တွက် ချက် နေ ပြန် လေသည်။

* * *

၁၉၉၇ ခု အောက် တို ဘာ လက (အာဏာထက်နေသေး သော) ပင်စင်စားကြီး ဦး နေ ဝင်း အင်ဒိုနီးရှားသို့ ခရီးထွက်စဉ်

တွင် နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အဖွဲ့ ဒုတိ ယ ဥက္ကဋ္ဌ ဒုတိယ ကာ ကွယ် ရေး ဦး စီး ချုပ် (ကြည်း) ဗိုလ် ချုပ် ကြီး မောင် အေး နှင့် အတွင်း ရေး မှူး (နှစ်) ဗိုလ် ချုပ် ကြီး တင် ဦး တို့ သည် ရေးကြီး သုတ် ပြာ အိမ် ရွှေ့ ကြ သည်။

ရန် ကုန် မြို့ အင်း ယား ကန် စောင်း ရှိ အေ ဒီ လမ်း တွင် ၁၉၅၇ ခု နှစ် က တပ်မတော် သေနာ ပတိ ချုပ် ဗိုလ် ချုပ် ကြီး နေ ဝင်း နေထိုင်ရန် အိမ်တော်ကြီး တဆောင်ကို ဒေါ်ခင်မေသန်းက ကွပ် ကဲ ကာ ဆောက် လုပ် ခဲ့ သည်။ နောက် ပိုင်း တွင် ဗိုလ် ချုပ် ကြီး နေ ဝင်း ၏ လုံခြုံ ရေး အတွက် ဟု အ ကြောင်း ပြ ၍ ထိုလမ်း ရှိ အိမ် ကြီး အိမ် ကောင်း များ ကို ငှား ထား သော သံ ရုံး များ ကို မေတ္တာ ရပ် ကာ နှင် ထုတ် ပြီး ပိုင် ရှင် များ ထံ မှ တပ် မတော် က အတင်း အကြပ် ဝယ် ယူ ခဲ့ သည်။ စိတ် ချ ရသော စစ် ဗိုလ် ကြီး များ သာ နေ ထိုင် ခွင့် ပြု ခဲ့ သည်၊ မလှမ်း မကမ်း ရှိ အမေရိကန် သံအမတ်၏ အိမ် ကို မူ အမေ ရိ ကန် အစိုး ရ က မရောင်းသဖြင့် ကျန် ရစ် ခဲ့ သည်။ အေဒီလမ်းထိပ်ရှိ သွား လေ သူ ဂဠုန် ဦးစော ၏ အိမ် ကို လည်း ကျန် ရစ် သူ မိ သား စု က မရောင်းဘဲ မာလာ ယုမှ ဘဏ် သူဌေး ကိုယုနွတ်ကို ငှား ခဲ့ သည်။ သူဌေးကြီးအား ပြည့် တံ ဆာ မှု နှင့် ထောင် ထဲ ထည့် ထား စေ ကာ မူ ဦးယုနွတ် ၏ အိမ် ဟု ခေါ် ဆို နိုင် သည်။

ဗေဒင် ယတြာကို အလေး အနက် ယုံ ကြည် သော တပ် မတော် ၏ ဖခင်ကြီး ဦး နေ ဝင်း နှင့် တပ် မတော် ဦး စီး များ က မူ လ အေဒီလမ်းကို 'မလိခ လမ်း' ဟု အမည် ပြောင်း ခဲ့ သည်။ နိုင်ငံသားတို့ သောက် သုံး ကြ သော ရေ သည် ဧရာဝတီမြစ်ကြီး ၏ မြစ်ညှာ မေခ နှင့် မလိ ခ မြစ်ငယ်များ၌ မြစ်ဖျားခံသကဲ့သို့ နိုင် ငံတော်၏ အာဏာသည် မလိခ လမ်းမတော်တွင် မြစ်ဖျားခံရမည် ဟု အတိတ် နိမိတ် မင်္ဂလာယူကာ အလောင်းဘုရားခေတ်က ရွှေ





ဘို အောင် မြေ ကဲ့ သို့ အမြွတ် တနိုး ထား ခဲ့ သည်။

လက် ရှိ ကာ ကွယ် ရေး ဦး စီး ချုပ် အနား ယူ သည် နှင့် သေ နာ ပတိ ရာ ထူး ကို မိမိ သိမ်း ယူ ရ ရှိ မည် မှာ မု ချ ဟု ယုံ ကြည် သူ ဗိုလ် ချုပ် ကြီး မောင် အေး က ဦး နေ ဝင်း ၏ အိမ်တော် ဝင်း အတွင်း ရှိ အိမ် ကြီး တဆောင် သို့ ပြောင်း ရွှေ့ နေ ထိုင် လိုက် သည်။ ဦး နေ ဝင်း ၏ ခြံ တွင်း သို့ သွား ရောက် နေ ထိုင် ရဲ သော စစ် ဗိုလ် မရှိ ခဲ့ ဖူး ပေ။ ခြံ ဝင်း အ တွင်း ရှိ အိမ် များ တွင် ဦး နေ ဝင်း ၏ သား တော် သမီး တော် များ သာ နေ ထိုင် ခဲ့ ကြသည်။

မလိခ ရိပ် သာ နေဝင်း အိမ်တော်ဝင်းအတွင်းသို့ ရာရာစစ ဝင် ရောက် နေ ထိုင် ကြ သူ နှစ် ဦး အနက် အတွင်း ရေး မှူး (နှစ်) ဗိုလ် ချုပ် ကြီး တင် ဦး မှာ လုပ် ကြံ ခံ ရသဖြင့် အသက်ပေးရ သည် အထိ စော စော ကာလ ကပင် ခေတ်ခိုက်သွားရှာခဲ့သည်။

တပ်မတော် စစ် ဦး စီး ချုပ် ဗိုလ်ချုပ်မှူးကြီး မလွဲဧကန်ဖြစ်ရ မည်၊ ထို မှ နိုင် ငံ တော် ၏ အကြီး အကဲ အာ ဏာ ရှင် ဖြစ်ရမည် ဟု သူ ၏ ဘိုး တော် က ဟော ကိန်း ထုတ် ထား သော ဒုတိ ယ ဗိုလ် ချုပ် မှူး ကြီး မောင် အေး သည် မလိခအိမ်တော်ဝင်းအတွင်း ဦး စွာ ရောက် နေ ပြီ ဖြစ် သော ကြောင့် စိတ် ချ နေ သည်။ ဘိုး တော်က ယတြာ ပေး ထား သော ဆေး ဖယောင်း တိုင် ထွန်း ကာ မိမိအထက်မှ "ဗိုး လ် မာ ရှယ် အဆင့် ရှိ မဟာ ဗိုလ် ချုပ် မှူး ကြီး ကျွမ်းပါစေ၊ အသက် ရာကျော် ရှည် ပါ စေ၊ အနာ အမျိုး ၉၆ ပါး ကင်း ဝေး ပါ စေ" ဟု မေတ္တာ ပို့လေ့ ရှိ သည်။ ထိုမေတ္တာမှာ စော စီး စွာ သေ စေလိုသည့် 'ခေတ် ပြန် မေတ္တာ' ဖြစ် သည်။ ယ ခု ပို ၍ သေ ချာ နေ သည်။ ဦး နေ ဝင်း ၏ ပြာ ကို စား ရ သဖြင့် ပို၍ ပို၍ သေ ချာ ကာ ဖုတ် သွင်း ရ ထား ကို မျှော် လင့် ကာ ဒူး နှံ ၍ နေ ခဲ့ သည်။

ဒေါ်ခင် စန္ဒာ ဝင်း တယောက် ဖခင် ၏ ပြာ တန် ခိုး ကြောင့် ခင် ပွန်း နှင့် သား ငယ် များ ထောင် ကျ ခံ ရ ရာမှ လွတ်ရတော့ မည်ဟု မျှော်လင့်သော်လည်း မလွတ်လာ။ ထို့ပြင် မိမိ ကိုယ်တိုင် လည်း လျှောင် အိမ် သွင်း ထားသဖြင့် ငှင်းတမကြီးကဲ့သို့ တရုံး ရုံး ခုန် ပေါက် အော် ဟစ် ဆူ ပွက် နေ သည် ကို ကြားရသော အိမ် နီး ချင်း ဗိုလ် မောင် အေး က ပြုံး မိသေး သည်။ ဗိုလ် မောင် အေး သည် ဦး နေ ဝင်း မိ သား စု ကို မကျေ နပ်။ အထူး သဖြင့် မြေး တော် သုံး ပါး ကို လွန် မင်း စွာ မုန်း တီးသည်။ အကြောင်း ရှိ သည်။

တနေ့ တွင် မူ တ ပြုံး ပြုံး နှင့် ဖုတ် သွင်း ရထားကို စောင့် မျှော် နေ သော ဗိုလ် ချုပ် ကြီး မောင် အေး သည် အိမ် သာ တက် ရင်း "ငါ့ ကို တော့ ထိ ပြီ ဟေ့"ဟု အလန့် တ ကြား အော် ဟစ် မိ သည်။ မိမိ ၏ ဆီး စပ် ကို နှိပ် ၍ ညည်း ညူ ကာ ဇနီး သည် ကို အော် ၍ ခေါ် လိုက် သဖြင့် ဇနီး ဒေါ် မြမြစမ်းက အိမ် သာ တွင်း သို့ ပြေးဝင်ကြည့်ရှုသောအခါ တုန်လှုပ်နေသော ဗိုလ်မောင်အေးက က သူ ၏ ရွှေ ဥ ကို ဇနီး သည် အား ပြသ သည်။

ဗိုလ် မောင် အေး သည် အာ ဖ ရိ က တိုက် ဘယ်လဂျီယံ ကွန် ဂို ပြည် မှ ခေါင်း ဆောင် ကြီး မို ဘူတူ အား အထင် ကြီး သူ ဖြစ် သည်။ မို ဘူတူ က ပါ လီမန် ကို ဖျက် သိမ်း ပြီး နိုင် ငံ တော် ၏ အမည်ကို ဇာရဲ (ဖိုင်ယာ) ဟု အမည်သို့ ပြောင်းကာ အုပ်ချုပ် ခဲ့ သည်။ စစ် အစိုး ရ က ဗမာနိုင်ငံအား မြန် မာ ဟု အမည် ပြောင်း ခဲ့ ကြ သည် မှာ အာ ဏာ ရှင် မို ဘူ တူ ၏ လမ်း စဉ် ကို နမူ နာ ပြု ၍ လုပ် ဆောင် ခဲ့ သည်။

မြန် မာ စစ် ဗိုလ် ချုပ် ကြီး ဗိုလ် မောင် အေး က မူ ဇာ ရဲ နိုင် ငံ ခေါင်း ဆောင် ကြီး မိုဘူတူ ၏ နိုင် ငံ ရေး လမ်း စဉ် ကို နှစ် သက် သဖြင့် မဟုတ် ပေ။ မို ဘူ တူ သည် သူ၏ နိုင် ငံ ၏ တန် ဖိုး





အကြီး ဆုံး ထွက်ကုန်ဖြစ်သော စိန် တွင်း များ ကို အပိုင် စီး ကာ ခိုး ဖှက် ယူ ငင် ပြီး အမေ ရိ ကန် နှင့် ဥ ရော ပ ဈေး ကွက် တွင် ရောင်း ချ ခဲ့ သည်။ ငွေ တန် ခိုး ဖြင့် နယ် ချဲ့ သမား များ နှင့် နိုင် ငံ တွင်း ခေါင်း ဆောင် များ အပေါ် ဗိုလ် ကျ ကာ ကြွယ် ဝ နိုင် ခဲ့ သည် ကို အ ထင် ကြီး သည် သာ ဖြစ် သည်။

ကျား သစ် ရေ ဦး ထုပ် ကို ဆောင်း လေ့ ရှိ သော မို ဘူ တူ ကို လွန်စွာ အား ကျ ခဲ့ သည်။ "မို ဘူ တူ က စိန် သူ ဌေး။ ငါက ပတ္တ မြား သူ ဌေး ကွ" ဟု ဗိုလ် ချုပ် ကြီး မောင် အေး က ဇနီး သည် အား မကြာခဏ ပြော လေ့ ရှိ သည်။ အာဏာရှင် မိုဘူတူ ကို ပြည် သူ တို့ က ဖြုတ် ချ ကာ တိုင်း ပြည် မှ နှင် ထုတ် စေ ကာ မူ မော် ရို ကို ပြည် တွင် ခို လှုံ နေ ထိုင် ရင်း စိန် သူ ကြွယ် ကြီး အဖြစ် မား မား မတ် မတ် ရပ် တည် နေ နိုင်သည် ကို လည်း ဗိုလ် မောင် အေး က အထင် ကြီး ကာ အား ကျ ခဲ့သည်။

ကံအကြောင်းတရားအရ မိုဘူတူ တယောက်သည် အိမ်သာ တက် ရင်း စစ် ကနဲ ဝေ ဒနာ ခံ စား ရ သဖြင့် သူ ၏ ငွေ ဥ ကို ကြည့်သောအခါ ယောင် ကိုင်း နေ သည် ကို တွေ့ ရ သည်။ သေ သေချာချာ ကြည့်လေ နာ လေ ဖြစ် သဖြင့် ဆရာဝန်ထံ သွားသော အခါ 'ငွေ ဥ ကင် ဆာ' ရောဂါ ဖြစ်သည်ကို သိ ရသည်။ ခိုးဖှက် စု ဆောင်း ထား သော စိန်ရတနာရွှေငွေများနှင့် စက်၍ ဆေးကုသ သော် လည်း ထို ရော ဂါ နှင့် ပင် မာလကာ ဈာန် ကြွ သွား ရ ရှာ လေ သည်။ ပတ္တမြား သူ ကြွယ် ကြီး ဗိုလ်မောင်အေးက မိမိသည် လည်း အလားတူ ငွေ ဥ ကင် ဆာ ရော ဂါ နှင့် စုတေ စိတ်ကျရ မည် လော ဟု စိုး ရိမ် သော က ဖြစ် နေ သည်။

လူ တို့ သည် သေ မျိုး သာ ဖြစ် သည်။ သာမန်လူများ သေ ကြ ကျေ ကြ သည် မှာ သဃီရ သဘာဝသာ ဖြစ် သည်။ မိမိကဲ့သို့ ကျောက်သံပတ္တ မြား၊ စိန်၊ ရွှေ၊ ငွေ၊ အက် ဖ် အီး စီ၊ အမေရိကန်

ဒေါ်လာ၊ တရုတ် ယွမ်စက္ကူ၊ ဂျပန် ယန်း နှင့် ယူ ရို စက္ကူ များ ပါ အသက် တထောင် စား ၍ မကုန် အောင် ပေါ ကြွယ် ဝ သူ တ ဦး အ ဖို့ တသက် တဘဝ တို တောင်း စွာ မသေသင့်ဟု သူက အဘိ မွှာ ထုတ် ထား သည်။

နိုင်ငံပိုင် သယံ ဇာ တ များ ကို ခိုး ၍ လု ၍ ကြွယ်ဝလာ သော ဇာ ရဲ နိုင် ငံ မှ စိန် သူဌေးကြီး ၏ ကြွယ် ဝ မှု ကို အား ကျ နေ သည့် မြန် မာ ပတ္တ မြား သူ ကြွယ် ကြီး သည် မိမိ လည်း ထို ရော ဂါ နှင့် သေ ရွာ လား ရ မည် ကို မကြာခဏ စိုးရိမ်သောက ဖြစ်နေခဲ့သည်။ ထိုသောကတရားက အမြဲ တစေ ထမင်းလုံး တဆွေ့ ချောက် ခံ ရ ကာ ထာဝစဉ် ထိတ် လန့် နေ သူ ဖြစ်သဖြင့် ရေအိမ် ဝင် တိုင်း မိမိ ၏ အတွင်း ပစ္စည်းကို အမြဲ စစ် ဆေး လေ့ ရှိ သည်။

ယနေ့ နံက် ကိုယ် လက် သုတ် သင် စဉ် တွင် စစ် ကနဲ နာ ကျင် သော ကြောင့် ရတနာရွှေဥကို ဆွဲ ကြည့် ဖြဲ ကြည့် မိသည်။ သေ ချာ စွာ မမြင် ရ သဖြင့် ဇနီး သည် ကို ခေါ် မိ သည်။

"ကြည့် ပါ ဦး မိမ္မ ရယ်"

သူ ၏ သော က ကို ပြော ပြ ထား သဖြင့် ခင် ပွန်း သည် ၏ ပန်း ငုံ ကို အမြဲ အစဉ် စစ် ဆေး ပေး လေ့ ရှိ သည့် ဇ နီး က သေ ချာစွာ စစ် ဆေး သည်။

"ဘာ မှ မဖြစ် ပါ ဘူး"

"သေသေ ချာ ချာ ကြည့် ပါ ကွ"

"အို ကိုကိုကလဲ အမြဲ သေသေ ချာ ချာ ကြည့်နေကြပါ"

"ညို နေ သလား ယောင် နေ သလား"

"ညို လဲ မညို ဘူး ယောင် လဲ မယောင် ပါ ဘူး"

"နီ နေ သလား"

"ဘယ် လို မှ မနေ ဘူး သူ န ဂို အတိုင်း ပါ"

"တာ ပေ မင့် ဒီ ရော ဂါ မရှိ တာ သေချာချင်တယ်။ သွား





သွား အပါး တော် မြဲ ကို ဖုန်း ဆက် လိုက်။ စက်ာပူ ဆေး ရုံ ကို အခု မနက်သွားမယ်။ တယ် လီ ဖုံး နဲ့ အချိန် ချိန်းယူပေစေ။ ဆရာ ဝန် ပေး တဲ့ အချိန်မှာ အ ထူး လေ ယာဉ် ပျံ နဲ့ သွားဖို့ စီ စဉ် ပေ စေ"

ဇနီး သည် ထွက် သွား သော အခါ တကိုယ်တည်း ညည်းညူ နေ မိ ရှာ သည်။

"ဘိ လပ် သွား ဆေး ကု ရ ရင် သေချာပေါက် ပျောက်မှာ။ မအေပေး အင်္ဂလိပ်တွေက ပြည် ဝင် ခွင့် ဗီဆာ မပေးတာ နာတာ ပဲ။ ဗမာပြည်က ဆရာ ဝန် တွေ က လဲ ဟဲ ရင် တန် ခု နှစ် တန်း ခေတ်က ဆရာ ဝန် တွေ လို ဘယ် သူ မှ ပညာ မတတ် ဖူး"

ယင်း သို့ ညည်းညူရင်း စက်ာ ပူ ဆရာ ဝန် က အချိန်ပေး သည် နှင့် စက္ကန့် မိ နစ် ပင် မဆိုင်း ဘဲ စက်ာ ပူ သို့ ပျံ သန်း ကာ ဆေး စစ် ခံ သွား ခဲ့ သည်။ စက်ာ ပူ ဆရာ ဝန် များ က ဟို ဒင်း ကင် ဆာ မဟုတ် ဟု ဆုံး ဖြတ် ကြ သည် ကို သိရမှ စိတ်သက်သာ သွား ရှာကာ ရက် အတန် ကြာ ဈေး ဝယ် ထွက် ပြီး မှ ပြန် လာ ခဲ့ သည်။

သုံး ဦး စပ် အာ ဏာ ရှင်ကြီး တို့ သည် တဦး ကို တဦး စီး ပွား ရေး စားခွက်များကို နယ်စားပယ်စား လက်ဝါးကြီးအုပ် လုပ် ကိုင်ခွင့်များ ပေး အပ် ထား ရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး အား ကျောက်သံပတ္တမြားများ တူး ဖော် ရောင်း ချ စားသောက်ခွင့် ပေး ထား သဖြင့် မြန် မာ နိုင် ငံ တွင် အကြီး ဆုံး သော သူ ကြွယ် ကြီး ဖြစ် နေ သည်။ နိုင်ငံခြား သုံး ငွေ များနှင့် မြန် မာ ကျပ် ငွေ များ ထား ရန် နေ ရာ မရှိ သဖြင့် ကိုယ်ပိုင်ဘဏ်တိုက်ကြီးတခု ဆောက်လုပ်ကာ သိမ်း ဆည်း ရ သည် အထိ ချမ်း သာ သည်။ ဘဏ် တိုက် ကြီး ရှိ မိမိ ပိုင် ငွေ များ ကို ခိုးယူမှု မပြုနိုင်ရန် အကျွရာ သချာ၊ ဂျော်မက်ထရီ၊ စိန္တိတကဗျာ စသော သချာ ပညာပင် မသင်

ရဖူးသေးသော မူလတန်းပြ ကျောင်းဆရာကို ဘဏ်မန်နေဂျာချုပ် ခန့်ထားသည်။ အဆင့်မြင့် စာရင်းအင်း သင်ကြားခြင်း မရှိခဲ့သူ ကို ဘဏ် မန် နေ ဂျာ ချုပ် ခန့် ခြင်း ဖြင့် အရာရာ စိတ်ချ အောင် စီ စဉ် နိုင် သည်။

မည် သို့ ပင် လုံခြုံ ရေး ကို စိတ် ချ အောင် စီစဉ် စေ ကာ မူ တ ချို့ တွင် လူ လိမ် ခံ ရ ဖူး သည်။ ဗိုလ်ချုပ် ကြီး မောင် အေး ၏ ကျောက် များ သည် အမေ ရိ ကန် ပြည် နယူးယောက် မြို့တော် ရတနာ ဈေး ကွက် တွင် လွန် စွာ နာမည် ကြီး လာ ခဲ့ ၏၊ ပတ္တမြား ကြီးတလုံးကို "ဒုဗိုလ်ချုပ်ကြီး ပတ္တမြား"ဟု လည်းကောင်း၊ နီလာ ကြီး တပွင့် ကို "မောင် အေး နီ လာ"ဟုလည်းကောင်း အမည် ပေး ကာ အရောင်း အဝယ် ဖြစ် သည် အထိ အောင် မြင် ခဲ့ သည်။ အမေရိ ကန် သို့ ကျောက် ခိုး ထုတ် သော လုပ် ငန်း ကို ကျော်စိုးဝင်း ခေါ် ကျောင်း အိမ် ဆို သူ ကို လွှဲထားသည်။ ရောင်း ရ ငွေ များ ကို ကျော် စိုး ဝင်း က တောင်ကြီးမြို့တွင် အခြေစိုက် သော တရုတ်ပွဲစားတဦးထံ ပို့ ရ သည်။ ဗိုလ် ချုပ် မောင် အေး လို ချင် သမျှ ငွေတို့ကို တောင် ကြီး မှ တရုတ်က စိုက် ထုတ် ကာ တင်ကြို၍ပင် ပေး သည်။ ပြည် ပ မှ ရငွေများ ကို စင်္ကာပူဘဏ် များနှင့် နယူးဇီလန်ဘဏ်များတို့သို့ လျှို့ ဝှက် နံပါတ်များနှင့် အပ် နှံ ရန် ကိုလည်း ထို ပွဲ စားက တာဝန် ယူ သည်။ လစဉ် သိန်းသန်း များ စွာ ငွေ အဝင် အထွက် ရှိသည်။

တရုတ် ပွဲ စား သည် ဘန် ကောက် နှင့် စင်္ကာ ပူ တွင် တိုက် တလုံး စီ ကိုယ် ပိုင် ရှိ သည်၊ သ္မီး က စင်္ကာ ပူ တွင် ကျောင်း နေ သည်၊ ဒုတိ ယ ဗိုလ် ချုပ် ကြီး ၏ ဆွေတော် မျိုး တော်များ၊ အသိုင်း အဝိုင်းများ နိုင်ငံခြား သွားလေသမျှ တည်းခိုရေးနှင့် ဖောသီစွာ ဈေး ဝယ် ရေး လို လို သမျှ ငွေ ကို ထုတ်ပေးရန် တာဝန်ယူသည်။ စိတ် ချ ရ သော ပွဲ စား ဖြစ် သည်။





၁၉၉၇ ခု အောက် တို ဘာ လ က မူ ပွဲ စား ကြီး ပျောက် သွား သည်။ တောင် ကြီး မှ ကိုယ် ယောင် ဖျောက် သွား စေ ကာ မူ ဘန် ကောက် နှင့် စင်္ကာပူ တွင် တိုက် ကြီး အိမ် ကြီး နှင့် နေ သူ ဖြစ် သဖြင့် ပြန် လာ လေမည် ဟု မျှော် သေး သည်။ သုံးရက်ကြာ မှ ကျော် စိုး ဝင်း က ဘန် ကောက် လိုက် သွား သော အခါ ဘန် ကောက် နှင့် စင်္ကာပူ မှ တိုက် များကို ရောင်း လိုက် ပြီ ဟု သိရ သည်။ ကျောင်း နေ သော သ္မီး ကို ပါ ကျောင်း မှ နှုတ် ကာ မိသား စု တခု လုံး ကမ္ဘာ ပေါ် မှ ပျောက် သွား သည်။ ရှာ မတွေ့ လေ တော့ ပြီ။

အစုစု ကျပ် သိန်း နှစ် ထောင် သို့မဟုတ် ကျပ် ကုဋေ နှစ် ဆယ်ခန့် တန်သော နိုင် ငံ ခြား ငွေများ မှာ ရေ ထဲမြော သွား လေ တော့သည်။ ပွဲစားကြီးတို့ မိသားစု အမေရိကန်၊ အင်္ဂလန် အနောက် နိုင် ငံ တ ခု ခု တွင် ကိုယ် ဖျောက် နေ ဟန် တူ သည်။

"မအေပေး အနောက် နိုင်ငံတွေက ဗီဆာ ပိတ်ထားလို့ပေါ့ ကွာ။ ငါ ကိုယ် တိုင် လိုက် ရှာ ရ လျှင် ဒီ ကောင် မလွယ် ဘူး" ဟု ဗိုလ် မောင် အေး က အသံ မထွက် ဘဲ ကြိမ်း ဝါး သည်။ မည် သည့် နိုင် ငံ ၏ ပုလိပ် များ ကို မှ တိုင် တော ခြင်း မပြု ဝံ့ရှာ။ သူ့ အဖို့ လူလိမ်ခံရသော ကျပ် ကု ဋေ နှစ် ဆယ် ဟူ သည် မှာ မြေပဲ ဆား လှော် တထုပ် ဖိုး ခန့် သာ ရှိ သည်။ ကု ဋေ နှစ် ဆယ် ထွက် လျှင် ကုဋေနှစ်ရာဝင်အောင် ကျောက် များ ပို ၍ ထုတ်ရုံမျှသာ။

လူ ဘဝမှ လူ သား တို့ သည် အမိ ဝမ်း တွင်း ၌ လူ ဖြစ် သည် နှင့် တပြိုင် နက် ဘဝ ကို တပ် မက် သည့် ဘဝ တဏှာ အတွက် လောဘမှုစိတ် ပေါ် ပေါက် လာ ကာ ရှင် သန် ကြီး ထွား ကြ ရသည်။ လူသားတို့ စိတ်ဓာတ်တွင် လောဘသည် အတောသတ် ၍ ရ လေ့ မရှိ။ ထိန်း သိမ်း ရန် အခက် ဆုံး သော တရား ဖြစ် သည်။ နအဖ အစိုး ရ အဖို့ ရ ၅ ဂျက် လေ ယာဉ်၊ ရ ၅ သံ ချပ်

ကာ ကား မှ ရှာ အနုမြူ ဗုံး လက် နက် အထိ တိုး ချဲ့ ရန် အား ထုတ် နေသည်။ သူ ကြွယ် ကြီး ဗိုလ် မောင် အေး က လည်း ဘဏ် တိုက် ကြီး တလုံး ပိုင် စေ ကာ မူ လူ လိမ် ခံရသည် လည်း ရှိသေးသဖြင့် ငွေ လို နေ သေး ပြန်သည်။ ထို ကြောင့် မြန်မာ့ရတ နာ မြေ မှ ပြည် သူ အလုံး တို့ ပိုင် ဆိုင် သော ကျောက် မျက် များ ကို နှစ် စဉ် ပိုမို တူးဖော်၍ ထုတ်ယူ ရောင်း ချ နေ ကြ သည်။

၁၉၈၇ ခု မဆလ အစိုးရခေတ်က ပတ္တမြား နီ လာ ကျောက် မျက် ရတီ ပေါင်း ၄,၇၀၇ ထုတ် ခဲ့ ၏။ နဝ တ တက် လာ ပြီး ဆယ် နှစ် ကြာ သော ၁၉၉၇ ခုတွင် ပတ္တမြား ကျောက် မျက် ရတီ ၁၃,၆၈၄,၉၆၀ ထုတ် လုပ် သည်။ အဆမျှားစွာ ရ နိုင် သမျှ ပိုမို တူး ဖော် ရောင်း ချ နေခဲ့ ကြ သည်။

မိုး ကုတ် တနို တွင် သာ မက မောင်း ရှူး ဒေ သ ပြင်လုံ နဝရတ် ကျောက် တွင်း နယ် မြေ ကို ၁၉၉၂ ဧပြီလ ၃ ရက် မှ စတင် ရှာ ဖွေ ဖွင့် လှစ် ရာ နယ် မြေ တ ခု မှ ၁၉၉၄ ဒီ ဇင် ဘာ မှ ၉၇ နို ဝင် ဘာ အတွင်း သုံး နှစ် ခန့်ကာ လ တွင် အဖိုး တန် ဆုံး ထိပ် တန်း ကျောက် ၈,၀၁၂.၅၆ ရတီနှင့် အကောင်း စား ကျောက် ၁,၀၆၂,၈၃၃.၁၈ ရတီ ထွက် ခဲ့ သည်။ အလား တူ ဖက် စပ် လုပ် ငန်း တ ခု က ထို ကာ လ အတွင်း ထိပ် တန်း ကျောက် ၈,၀၁၂.၄၈ ရတီနှင့် အကောင်းစား ကျောက် ၁,၇၃၇,၁၉၇.၈ ရတီထွက် ခဲ့ သေး သည်။

ရ တီ ချိန် ၂၁,၀၄၅ ရှိ ကမ္ဘာ၏ အကြီး ဆုံး ပတ္တမြားကြီးနှင့် ရတီ ၆၃,၀၀၀ ရှိ အကြီး ဆုံး နီ လာ ကြီး တို့ ကို လည်း မြန် မာ နိုင် ငံ မှထွက် ခဲ့ သည်။

ထွက် သမျှ ကျောက် များ၊ ရောင်း ချ ရ ရှိ ငွေ များ၊ အခွန် တော် အကောက် တော် ပေး ဆောင် မှု စာ ရင်း များ ကို ပွင့် လင်း စွာ လူ သိ ရှင် ကြား ထုတ် ဖော် မှု လုံးဝမပြုခဲ့ပေ။ ကျောက်





မြက် လုပ် ငန်း ကို တပ် မတော် ၏ အမှတ် နှစ် အာ ဏာ ရှင် ကြီး က လုပ် ကိုင် ရာ တွင် သေး ငယ် သည် ဖြစ် စေ ကြီး မား သည် ဖြစ် စေ မည် သူ မှ မသိစေ ရ သော တဦးတည်းပိုင် လျှို့ဝှက်လုပ် ငန်း ကြီး ဖြစ် ခဲ့ သည်။

၂၀၀၁ ခု မေ လ ၂၂ ရက် နေ့ က စင်္ကာပူမြို့ လေဆိပ်တွင် ရန် ကုန် မှ လာ သူ မြန်မာလူငယ် ခရီးသည်တဦးထံမှ အလေးချိန် ၁၆ ကီ လို ဂ ရန် လေး လံ သော ရွှေ ချောင်း ကြီး တ ချောင်း ကို အကောက် အရာရှိများက မိသဖြင့်သိမ်း ယူ သည်။ အမေရိကန် ဒေါ် လာ နှစ် သိန်း လေး သောင်း တန် သည်၊ မြန် မာ နိုင် ငံ ဈေး အရ ကျပ် တ ကု ဋေ တန် ၏။ ရန် ကုန် လေ ဆိပ် မှ တိတ် တခိုး ထွက် သွား သဖြင့် အကောက် တော် ခွန် အရာ ရှိ များ ကို စစ် ဆေး အရေးယူ၏လော ဟု သတင်း ထောက် တို့ က စောင့်ကြည့် ကြ သည်။ မည်သူ့ကိုမှ အရေး မယူ။ ဗိုလ်ချုပ်ကြီးတိုင်း ဤသို့ သော ကျပ် ကု ဋေ တန် ရွှေ တုံး ကြီး များ အများ အပြား ပိုင် ကြ သဖြင့် တဦး ဦး ၏ရွှေ ဖြစ် ပေမည်။ မြန်မာ စစ်တပ်အစိုးရက ရေ ငုံ နေ သည်။ သူ ကြွယ် စစ် ဗိုလ် ချုပ် ကြီးကလည်း မိမိ ပစ္စည်းဖြစ် ပါ သည် ဟု ပင် ပြောကာ ပြန် မတောင်း ဘဲ နှုတ် ပိတ် နေ သည်။ စစ် ဗိုလ် ချုပ် ကြီး များ အဖို့ ကျပ် တ ကု ဋေ ရွှေ တုံး တ တုံး ဆုံး ရ သည် မှာ ကင်း ခြေ များ ခြေ သဲ တ မှုံ့ ပဲ့ သ မျှ သာ ရှိ ကြ သည်။ မှု ရန် မလိုကြ ပေ။

၂၀၀၃ ခု နှစ် ဖေ ဖော် ဝါ ရီ လ ၂၄ ရက် နေ့ က စင်္ကာ ပူ စထရိတ် တိုင်း သတင်း စာ တွင် ဖော် ပြ သော အမေ ရိ ကန် ဒေါ် လာ ၂၀၇ သန်း တန် သော ပတ္တ မြား ကြီး ကို ပိုင် ရှင် သုံးဦး တို့ သူ ပိုင် ၏ ငါ ပိုင် ၏ အငြင်း ပွား နေ ကြောင်း သတင်းသည် အာရှ တွင် ဟိုး ဟိုး ကျော် သွား သည်။ ထိုင်း ဘဏ် တိုက် တွင် အပ် နှံ ထား သော အလေး ချိန် ၄၈ ပေါင် လေး သည့် ပတ္တ မြား အရိုင်း

တုံး ကြီး ကို ထိုင်း ရဲ အရာ ရှိ ဟောင်း တ ဦး ၊ လော နိုင် ငံ သံ တမန် ဟောင်း တ ဦး နှင့် စက်ဘ ပူ ကုမ္ပဏီ တ ခု တို့က သူ ပိုင် ၏ ငါ ပိုင် ၏ အ ငြင်း ပွား နေ သဖြင့် တ ရား ဖြစ် နေ ကြောင်း သတင်း က ဆို သည်။

ထို ပတ္တမြားကြီးမှာ မြန်မာ့မြေ မှ ထွက်သော ပတ္တမြားကြီး ဖြစ် သည်။ ထို ပတ္တ မြား ကြီး ကို ရောင်း ချ လိုက် သော မြန်မာပြည် မှ မူ လ ပိုင် ရှင် က ဖြေ့ သို့ မဟုတ် ၎ ညီ ကို ရောင်း လိုက် ပါ သည် ဟု ဝင် ရောက် သက် သေ ခံ လျှင် ပိုင် ရှင် ပြဿနာ ရှင်း လင်း မည် ဖြစ် သည်။ မြန် မာ ပိုင် ရှင် က လူ သိ မခံ ဝံ့ဟု ဆို သည်။

အမည် မဖော် လို သူ မြန် မာ ကျောက် ကုန် သည် တ ဦး က အစု လိုက် အပုံလိုက် ရောင်း ချ မည် ဟု ဖိတ် သဖြင့် ပြင် သစ် နှင့် ဆွစ်ဇာ လန် မှ ကုန် သည် နှစ် ဦး ဒေါ် လာ သန်းတရာ ထုပ် ကြီးများကို ပိုက် ကာ ရန် ကုန် သို့ သွား ကြ ကြောင်း ပိုင် ရှင် ကျောက် ကုန် သည် က ဈေး ကိုင် သဖြင့် အလုပ် မဖြစ် ကြောင်း၊ ၄၀ ရတီရှိ ပတ္တမြား အရိုင်း တုံး ကို အမေ ရိ ကန် ပေါက် ဈေး ဒေါ် လာ ၇၅,၀၀၀ ထက် ပို ပေး ရ မည် ဟု ဈေး ကိုင် ကြောင်း နှင့် ဒီဇင် ဘာ လ ထုတ် ကျောက် မျက် မဂ္ဂဇင်း တွင် ဖော်ပြထားသည်။

**Gemstone Forcaster Vol 18 No4**

၁၉၉၁ ခု ဧပြီ လ က ကျင်းပသော ၂၈ ကြိမ်မြောက် ကျောက် ပြ ပွဲ တွင် အလေး ချိန် ၄,၂၃၀ ရတီ ရှိ နီ လာ အရိုင်းကြီးတလုံး ကို ပြ သ ခဲ့သည်။ ခြောက် မြှောင့် ကြယ် ဆူး ပုံ ထို ကျောက် ကြီး မှာ တိမ် နိုး ပြာ ရည် နှင့် တိမ်နိုးရည်များ ရောယှက်ပြီး ဖယောင်း သား ကျောက်ဖြစ်သဖြင့် ခွဲစိတ်ပါလျှင် အဖိုးတန် ဂေါ်ကြိုးကောင်း များ အများ ထွက် နိုင် မည် ဖြစ် သည်။

ထို ကျောက် ကြီး ကို မိုး ကုတ် ကြပ် ပြင် ပြောင်း ပြ ရွာ မှ





တူး ဖော် ရ ရှိ ခဲ့ သည် ကို ထိုင်း နိုင် ငံ သို့ ရောင်း ချ ရန် ခိုး ထုတ် ခဲ့သဖြင့် စစ် ရုံ ထောက် များ က ထိုင်း နိုင် ငံ အထိ လိုက် ကာ ဖေဖော်ဝါရီ ၁ ရက်က ပြန်လည်သိမ်းယူခဲ့သည်ဟု ဆိုသည်။ မသမာသူ တ ဦး က ခိုး ထုတ် သည် ဟု ဆိုကာ ကျောက် ခိုးထုတ်မှု အတွက် အငှား တရားခံ တဦး ကို ထောင် ဒဏ် ပေး ခဲ့သည်။ မူ လ ပိုင် ရှင် စစ် ဗိုလ် ချုပ် ကြီး ကို မူ လက် ဖျား နှင့် မှ မတို့ ပေ။

သူ ကြွယ် ကြီးဗိုလ် ချုပ် ကြီး မောင် အေး (ကြည်း) ၇၈၇၅ သည် အမှတ် (၆၆) ခြေ မြန် တပ် မဟာ ဌာန ချုပ် တွင် အမှု ထမ်း စဉ် က ဗိုလ် မှူး ကြီး အဆင့် သာ ရှိ ခဲ့ သည်။ ၈၈ ခု နှစ် နဝတ အာဏာသိမ်း စဉ် က ဗိုလ် မှူး ချုပ် အဆင့် ကို ရ ရှိ ကာ စစ် ဗိုလ် ၁၉ ဦးပါဝင် သော နိုင် ငံ တော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ နဝတ အဖွဲ့ ၌ အဖွဲ့ဝင် အဆင့် (၁၁) ကို ရ ရှိခဲ့သည်။ နဝတ အဖွဲ့ဝင် အများ ကို ဖြုတ် ထုတ် သတ် ဖယ်ရှားခဲ့သဖြင့် သူ၏ ရာ ထူး သည် အရှိန် မြန်စွာ တက်ခဲ့သည်။ ၂၀၀၃ ခု ဩဂုတ်လတွင် နိုင်ငံတော် အေး ချမ်း သာယာ ရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့တွင် ကောင် စီ ၏ ဒုတိ ယ ဥက္ကဋ္ဌ အဆင့် (၂) ကို ရ ရှိ ခဲ့ လေ ပြီ။

သုံး ဦး စပ် တူ အာ ဏာ ရှင် အဖွဲ့ တွင် နံ ပတ် (၂)၊ တပ်မတော် တွင် ဒုတိယ တပ်မတော် ကာ ကွယ် ရေး ဦး စီး ချုပ်၊ ကာ ကွယ် ရေး ဦး စီး ချုပ် (ကြည်း) ရာ ထူး အထိ ရာ ထူး တက် ခဲ့ သည်။ ရာ ထူး အဆင့်မြင့်ကာ ကျောက်ခိုးလုပ်ငန်းမှ ရွှေ ငွေ များ တသွင်သွင် စီးဝင်နေသော်လည်း ဇာခရဲနိုင်ငံမှ အာဏာရှင် မိုဘူတူကဲ့သို့ ရွှေ ဥ ကြမ်းညပ် ရောဂါနှင့် သေရ မည် ကို ကြောက် လန့်သဖြင့် စိတ် မချမ်း မသာ ဖြစ် ကာ အရက် ကို သာ ဖိသောက် နေ ရှာ သည်။

* * *

ဖီး လ် မာ ရှယ် ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေ သည် လည်း နိုင် ငံ ၏ အာ ဏာ အထွဋ် အထိပ်သို့ ရောက် နေ ပါ လျက် စိတ် ပျော် ရွှင် မှု မရှိ ရှာ ပေ။

ချုပ် မှူး ကြီး ၏ ပြဿနာ မှာ သမီး တော် များ အတွက် ရွှေ ဖူး စာ ဖက် ရှာ မရ သဖြင့် ဖြစ် သည်။ နိုင် ငံ တကာ သို့ ခရီး ထွက် တိုင်း သမီး တော် များ ကို ခေါ် သွား စဉ် မြန် မာ တီ ဗွီ တွင် တန်း စီ ၍ အလှ ပြ သော် လည်း စိတ် ဝင် စား သူ ယောကျ်ား ကောင်း များ ပေါ် ထွက်မလာကြသဖြင့် သမီး ကညာ အခါမလင့် ရာ သော ကြောင့် ဖခင် ကြီး က ရင် မော နေ ရ သည်။ ဖူး စာ ဖက် ရ ပြန် သော အခါ တွင် လည်း မယား လက် ရှိ ပုဂ္ဂိုလ် ဖြစ် သဖြင့် မူလ မယား ကြီး နှင့် ကွာစေကာ သူ တ ပါး ၏ လင် ကို ခိုး ယူရသည်။ က တော် ကြီး ဒေါ် ကြိုင် ကြိုင် က လူ ရည်လည်သဖြင့် အိမ်ရှေ့ မပျက်ဘဲ မူ လ မယား ကို ကွာ စေ ၍ တင့် တယ် စွာ လက် ထပ် နိုင် ခဲ့ သည်။

သမီး ကြီး တယောက် အိမ် ထောင် ကျ ခဲ့ သဖြင့် သူ့ အ တွက် စိတ် အေး ခဲ့ ရ သည်။ သား မက် တော် သည် ဆရာ ဝန် က လေး တယောက် ဖြစ် သောကြောင့် နောင် ရေး ကို စိတ် ချ ရ သည်။ နိုင် ငံ ခြား သို့ သွား ကာ ဘွဲ့ သစ် ယူ ဦး မည် ဆို သော ကြောင့် အားပေးရသည်။ မိမိ ၏ အရှိန် အဝါ နှင့် တက်လမ်းမြင့် နေ ကြ လေ ပြီ။

သမီး နှင့် သား မက် တို့အတွက် မိ ဘ များ က ကြည် နူး နေ ခိုက် ဖြူး ကနဲ လင် မယား ကွဲ သွား ကြ သည်။ မည် သည့် အတွက် ကွဲ ရ သည် ကို လည်း သမီး က ဖွင့် မပြော သဖြင့် "ငါ သေ မှ သာ ကွဲ ကြ ပေါ့။ ငါ မ သေ မ ခြင်း ငါ့သမီး လင်ကွာမ မဖြစ်စေရဘူး။ လင် မယား ကွဲ ကြောင်း ကြေညာချက် မလုပ်နဲ့။ ငါ က မသေ မခြင်း တပ်မတော် ခေါင်း ဆောင် အဖြစ် နေဦး မှာ၊





စစ်ဦးချုပ် ရာ ထူး နဲ့ နေ ဦး မှာ၊ မင်းတို့အတွက် တို့ တပ်မ တော် အရှက်ကွဲ မခံနိုင်ဘူး" ဟု မိသားစုအတွင်း အမိန့်ပြန်ထား ရသည်။

နိုင် ငံ ခြား သို့ လွှတ် ရန် စီ စဉ် ထား သူ ရွှေ သား မက် က ရွံ့ သားမက် ဖြစ် သွား သဖြင့် "ဒီ ကောင် ကို နိုင် ငံ ကူး လက် မှတ် မ ပေး နဲ့" ဟု လည်း အမိန့်ထုတ် ပြန် ၍ ဒဏ် ခတ် ထား ရ သေး သည်။

* * *

နိုင် ငံ တော် အေးချမ်း သာ ယာ ရေး နှင့်ဖွံ့ ဖြိုး ရေး ကောင်စီ အတွင်း ရေး မှူး (တစ်) ဒုတိ ယ ဗိုလ် ချုပ် ကြီး ခင် ညွန့် သည် လည်း စိတ် မချမ်း မသာ ဖြစ် နေ သည်။ သား များ က စီး ပွား ရေး လောက တွင်း သို့ ဝင် ရောက် ကာ အခွင့် ထူး ခံ စီး ပွား ရေး လုပ် ငန်း များ လုပ် ကြ ရာ မှ အဆင် မပြေသည့် အခါ များ ရှိ သည်။ သား ရဲ နိုင် ဝင်း နိုင် ငံ ခြား မှ တင် သွင်း လာ သော ကုန် သေတ္တာ ကြီး ၂၄ လုံး ကို ဆူး လေ ဆိပ် ကမ်း တွင် အစိုးရ အ ကောက် တော် ဌာန ကဖမ်း ဆီး အရေး ယူ သည့် အမှုမျိုးအတွက် စိတ် မချမ်း မသာ ဖြစ် ရ သည် မဟုတ်။ သား တို့ကိစ္စ မှာ လွယ် ကူ စွာ ဖြေ ရှင်း နိုင် သည်။ မိမိ ၏ ကိုယ် ရေး ကိုယ် တာ ပြဿနာ အတွက် စိတ် မချမ်း မသာ ဖြစ် နေ သည်။

အတွင်း ရေး မှူး (တစ်) ကြီး ၏ ပြဿနာ မှာ ထိုင်း နိုင် ငံ မှ ထုတ်ဝေ သော ဘန် ကောက် ပို့စ် သတင်း စာနှင့် နေ ရှင်း သတင်း စာ တို့ ဖြစ် သည်။

ထို သတင်း စာ နှစ် စောင် က ဒုတိယ ဗိုလ် ချုပ် ကြီး ခင် ညွန့် က ဦး စိုက်လုပ် ဆောင် နေ သည့် မြန် မာ နိုင် ငံ တွင် ဘိန်း ပ ပျောက် ရေး စီ မံကိန်း ကြီး ကို လုံး ဝ ယုံကြည် မှု မရှိ ကြ ဘဲ

လိမ် နေ သည်၊ ညာ နေ သည် ဟုသာ ရေး နေ ကြ သည်။ မြန်မာ့ ဘိန်း နှင့် မူး ယစ် ဆေး ဝါး အမျိုး မျိုး တို့ သည် ထိုင်း နိုင် ငံ သို့ အ များ ဆုံး တင် ပို့ ရောင်း ချ သဖြင့် သူ တို့ က အတွင်း သိ ဖြစ် နေ သော ကြောင့် စစ် စစ် ပေါက် ပေါက် ရေး နိုင် ကြ သည်။

တနေ့ က ပင် ထိုင်း ပြည် တွင်း သို့ မူးယစ် ဆေး တင် သွင်း သော မြန် မာ နိုင် ငံ မှ ဘိန်း ဘု ရင် ကြီး များ ကို ဖမ်း ဆီး ပေး ပါ ဟု ထိုင်း စစ် တပ် က တောင်း ဆို ကြောင်း သ တင်း ကို ဘန် ကောက် ပို့ သတင်း စာ တွင် ပုံကြီး ချဲ့ ၍ ဖော် ပြ ထား သည်။

ထိုင်း တပ်မတော်၏ တတိယ ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ် ကြီး က မြန်မာစစ်တပ်မှ ဒုတိယ စစ် ဦး ထောက် ချုပ် ဗိုလ် မှူး ကြီး စံ ပွင့် နှင့် တြိဂံဒေသ တပ် မှူး ဗိုလ် ချုပ် သူရ ခင်ဇော်တို့အား ဝလူမျိုးစု စစ် တပ် ခေါင်း ဆောင် ဝေဆုကင်ကို ဖမ်းပေးပါဟု ဓာတ် ပုံ နှင့် တ ကွ တင် ပြ တောင်း ဆို ကြောင်း၊ ထို့ပြင် ဘိန်းကုန်သည် ဆူရာချိုကိုလည်း ဖမ်း ပေး ပါ ဟု တောင်း ဆို ကြောင်း။

၁၉၉၄ ခု က ဘိန်း ပေါင် ချိန် ၁၃၅၆ ပေါင် ခိုးထုတ်မှု အ တွက် ထိုင်း အစိုး ရ တရား လွှတ် တော် က ထောင် ဒဏ် တသက် အပြစ် ပေး ချိန် တွင် မြန် မာ ပြည် ဖက် သို့ ထွက် ပြေး သူ ထိုင်း နိုင်ငံသား ဝေဆုကင် ကို လည်း ရ လို သဖြင့် အကြိမ်ကြိမ်တောင်း ခဲ့ ကြောင်း၊ ယင်း တရားခံကို အမေရိကန် အစိုးရကလည်း အလို ရှိသဖြင့် ဆု ငွေ ဒေါ် လာ နှစ် သန်း ပေး ရန် ကြေငြာထားကြောင်း။

၁၉၉၀ ခု နှိုဝင်ဘာလက မြန် မာ နအဖ အတွင်း ရေး မှူး (တစ်) စစ် ဦး ထောက် ချုပ် မှူး ကြီး ဒုတိယ ဗိုလ် ချုပ် ကြီး ဗိုလ် ခင် ညွန့် ကိုယ် တိုင် က ဝေ ဆု ကင် နှင့် အတူ ဆောက် လုပ် နေ သော နယ် စပ် မြို့ အဆောက် အဦ များ ကို လာ ရောက် စစ် ဆေး အား ပေး နေ သည် ကို ရိုက် ကူး ထား သော ဗွီ ဒီ ယို တိပ် ခွေ တလိပ် ကို ဘန် ကောက် မြို့ သတင်း စာ များ က ရ ရှိ သည်





ဟု ဆိုကာ ဗိုလ် ခင် ညွန့် နှင့် ဘိန်း လုပ် ငန်း ရှင် ဝ လူ မျိုး စု လက် နက် ကိုင် တပ် များ နှင့် မဟာ မိတ် ဖြစ် ကြောင်း၊ ဘိန်း လုပ် ငန်း ကို နအဖ အစိုး ရ ခေါင်း ဆောင် နှင့် လူ မျိုး စု လက် နက် ကိုင် တပ် ခေါင်း ဆောင် တို့ စပ်တူ လုပ် ကြသည် သာ ဖြစ် သည်ဟု သိ သာ ထင် ရှား စွာ ဖော် ထုတ် နေ ကြ သည်။

ထို သတင်း နှင့် အတူ ဝ လူ မျိုး စု တပ် မတော်သည် မူး ယစ် ဆေး ပြား သန်း ပေါင်း များစွာ ကို ထိုင်း သို့ တင် ပို့ ရန် နအဖ စစ် ဌာနချုပ် စခန်း ချ ရာ တချီလိတ်မြို့ တခို၌ပင် သိုလှောင် ပြင် ဆင် နေ သည် ကို မြန် မာ အစိုး ရ စစ် တပ် က မျက် စိ မှိတ် ထား သည် ဟု ဘန် ကောက် ပို့စ် က ရေး သားသေးသည်။

တ ချီ လိတ် မြို့ လယ် အစိုး ရ အထက် တန်း ကျောင်း အနီးတွင် အနံမီတာ ၈၀၀ အလျားမီတာ ၁,၂၀၀ အမြင့် ၂မီတာ ခွဲ ရှိ ကြီး မား ခိုင် ခန့် သောအဆောက် အဦ ကြီး တွင် ဝ လူ မျိုး စု တပ် က ထိမ်း သိမ်း ချုပ် နှောင် ထား သူ ၁၁၃ ဦး ရှိ သည်။ ဘိန်း ကြွေး ပေး ဆပ် မှု မပြု နိုင် သူ များ လည်း ပါသည်။ အချို့ကို မြန် မာ စစ် တပ် မှ စစ် ဦး ထောက် များ က ဖမ်း ဆီး ပေး ရ သည် ဟု မြေပုံ နှင့် တကွ ဖော်ပြပြန်သည်။

မြန် မာ အစိုး ရ က ထိုင်း ဝန် ကြီး ချုပ် ကိုယ် ပိုင် အာကာသ ဂြိုလ် တု ကုမ္ပဏီ သို့ ဒေါ်လာ သန်း ပေါင်း များ စွာ ပေး ၍ တိ ဗွီ လွှင့် နေ သဖြင့် ထိုင်း ဝန် ကြီး ချုပ် က မိမိ ကို ထောက် ခံ နေ ပါ လျက် မိမိ အား ဘိန်း ကုန် သည် ကြီး အသွင် သရုပ်ဖော်၍ ထိုင်း သတင်း စာ တို့ က ကြိမ် ဖန် များ စွာ ရေး သား မှု တို့ ကို နအဖ အတွင်း ရေး မှူး(တစ်) ဒုတိယ ဗိုလ် ချုပ် ကြီး ခင် ညွန့် က လွန် စွာ စိတ် မချမ်း မသာ ဖြစ် နေ ရှာ သည်။

* * *

သုံး ဦး စပ် အာ ဏာ ရှင် ခေါင်း ဆောင် ကြီး သုံး ဦး တို့ သည် ပူ စပ် သော သီး နှံ များ ဖြစ်သဖြင့် 'တြိ ကငျုတ်သုံးပါး'ဟု သတ် မှတ် ခေါ် ဝေါ် သော ငြုတ် ကောင်း၊ ပိတ်ချင်း နှင့် ဂျင်း တို့ ကဲ့ သို့ အမြဲ ပူ လောင် နေ ကြ ရသည်။ ရွှေ ငွေ ရတနာ အဝဝတို့ တောင် လို ပုံ အောင် ချမ်း သာ နေ ကြ ပြီး လူ ဦး ရေ ၅၂ သန်း သော နိုင် ငံ သား တို့ အား လက် ညှိုး ထိုး ရုံ မျှ နှင့် ပြာ ကျ သွား စေ နိုင် သည့် အ သက် ဦး ဆံ ပိုင် အာ ဏာ ရှင် ကြီး များ ဖြစ် ပါ လျက် စိတ် မချမ်း မသာ ဖြစ် နေကြ ရ စဉ် တွင် မီးထိုးပေး နေ သူ က ရှိ နေ ပြန် သေး သည် ဟု သူ တို့က ယူဆနေ သည်။ ရှို့ မီး စ ကို ကိုင် နေ သူ မှာ အခြားသူ မဟုတ် အမျိုးသား ခေါင်း ဆောင် ဒေါ် အောင် ဆန်း စု ကြည် ဖြစ် သည် ဟု သူတို့က ယုံ ကြည် သည်။

သူ တို့ သည် ဒေါ်အောင် ဆန်း စု ကြည် နှင့် အမျိုး သား ဒီ မိုကရေစီအဖွဲ့ချုပ်ကြီး၏ ဒီမိုကရေစီ လှုပ် ရှား မှု များ ကို ပြင်း ထန် စွာ ဖိ နှိပ် မှု များပြု ခဲ့ ကြသည်။ ဒေါ် စု နှင့် ဒီမိုကရေစီ ဝါဒီ အား လုံး ကို မီး တင် ရှို့ လို သော် လည်း နိုင် ငံ ခြား တိုင်း ပြည် များ မှ ဖိ အား ပေး သဖြင့် လက် လျှော့ ကာ ထောင် သွင်း ထား ရုံသာ ညှည်း ဆဲ နိုင် ခဲ့ သည်။ ဆက် ၍ ဖိနှိပ် လျှင် တကမ္ဘာလုံးက ဝိုင်း ပယ် မည် ဖြစ် သောကြောင့် သူ တို့ ခိုးဝှက်နိုင်သော နိုင်ငံ ခြား အကူအညီ ငွေ ကြေး ရ ရှိ ရေး အတွက် ၂၀၀၂ ခု မေလ ၆ ရက် နေ့ က ဒေါ်စု အား လွှတ် ပေး ခဲ့ ရ သည်။ အမျိုး သမီး က ငြိမ်ငြိမ်မနေ စည်း ရုံး ရေး အတွက် မြို့တကာသို့ ခရီး ထွက်သည်။ သူ မို့ မမောပေ။

အမျိုး သမီး ၏ လှုပ် ရှား မှု များ ကြောင့် စိတ် မချမ်း မသာ ဖြစ် နေ ကြ သည် မှာ ကြာလေပြီ။ မိ မိ တို့ စိတ် တိုင်း ကျ တုံ့ပြန် ရ လျှင် အား လုံး ကို မောင်း တွင်း ထည့် ၍ စေ့စေ့ ညက် ညက်





ကျေ အောင် ထောင်း ပစ် လို ကြ သည်။

အပတ် စဉ် ကျင်း ပသော သုံး ဦး တို့ ၏ ဦး စီး များ ဆွေး နွေး ပွဲ တွင် ယမန်နှစ်က ဒေါ် စု ၏ ခရီး စဉ် မှတ် တမ်းများ ကို အမိ က ဆွေး နွေး နေ ကြ ရသည်။

၂၀၀၂ ခု က ဂျွန်။ ကရင် ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေး တိုင်း ၁၆ မြို့ နယ် သို့၊ ဂျူလိုင်။ မွန် နှင့် ကရင် ပြည် နယ် ၁၂ မြို့ နယ် သို့။ အောက် တို ဘာ။ ပဲ ခူး တိုင်း ၁၄ မြို့နယ် သို့ နိုဝင် ဘာ။ ရှမ်း ပြည် နယ် ၁၇ မြို့ နယ် သို့ ဒီဇင် ဘာ။ ရခိုင် ပြည်၊ ဧရာ ဝတီတိုင်း နှင့် မကွေး တိုင်း ၁၅ မြို့ နယ် သို့ ခရီး ထွက်ခဲ့သည်။

၂၀၀၃ ခု ဧ ပြီ လ တွင် မကွေး တိုင်း နှင့် ချင်း ပြည် နယ် ၂၁ မြို့ နယ် သို့ သွား ခဲ့ပြန် သည်။ ယခု မေ လဆန်း တွင် ခရီး ထွက် ပါ ရစေ ဟု ခွင့် တောင်းပြန် သဖြင့် ခေါင်းဆောင် ကြီး သုံး ဦး တို့ ၏ အစည်းဝေးတွင် စာရင်းကို ကြည့်ရင်း ရင် လေး နေ ကြ သည်။ ဒေါ်စုတို့ အဖွဲ့ ရောက် လေ ရာ ဒေ သ တိုင်းမှ လူထုကြီးများက သောင်းသောင်းဖျဖျ စည် ကား စွာ ကြို ဆို ထောက် ခံ ကြ သဖြင့် ရင် လေး ကြ ရ ပြန် သည်။ စစ် စခန်း များ ဆက် သွယ် ရန် ဦး တည် ချက် ကို လျှို့ ဝှက် ကာ လူ ထု အတွက် လမ်းကြီး လမ်းငယ် အသွယ်သွယ် ကို မိမိ တို့ အစိုး ရ က ဖောက် လုပ် ပေး ပါ လျက် လူ ထု က မိမိ တို့အား ချစ် ခင် ကြည် ညို မှု မရှိ ဘဲ ဒေါ် စု အား သာ ကြည် ညို သည် ကို လည်း မနာ လို ဝန် တို ဖြစ် ကာ စိတ် ဆင်း ရဲ ကြ ရ သည်။

အမျိုး သား ဒီ မို က ရေ စီ အဖွဲ့များ လှုပ် ရှား ကြ သည် ကို မမြင်လိုသဖြင့် အစိုးရအာဏာနှင့် ပိတ်ထားခဲ့သော်လည်း ယခု လှုပ်ရှားနေသည့် အဆင့်ကို မူအားဖြင့် ခွင့် ပြု ပါ မည် ဟု ကု လ သမဂ္ဂ နှင့် အေ ဆီယံ နိုင် ငံ အချို့ တို့ ထံ ကတိ ပေး ထား ပြီ ဖြစ် သော ကြောင့် မြို့ နယ် အများ တွင် ပြန် လည် စည်း ရုံး ရန် ခရီး

ထွက် သည့် ကို ခွင့် ပြု ထား ရပေ မည်။

၂၀၀၃ ခု မေ လ ၁ ရက် နေ့ လူ ကြီး များ ၏ အစည်း ဝေး တွင် စစ် ရုံ ထောက်ချုပ် ကြီး ဗိုလ် မှူး ချုပ် သန်း ထွန်း က "မေလ ၆ ရက်နေ့ မှာ သူ တို့ ရန် ကုန် က ထွက် ကြ ပါ လိမ့် မယ်။ နယ် မြို့တွေ က အဖွဲ့ ရုံး တွေ ဆိုင်း ဘုတ် တင် ပါ ရစေ တောင်းဆိုတာ လူ ကြီး များ က ခွင့် ပြု ပါ တယ် လို အကြောင်း ပြန် ခဲ့ ပါ တယ်။ အခု နောက် ထပ် ပြီး သ ပိတ် ကျဉ်း၊ စဉ့်ကူး၊ ဆိပ် ဖြူ၊ ကော လင်း၊ ဝန်း သို၊ ကန့် ဘလူ၊ မြင်း မူ၊ ဘု တလင်၊ ဒီ ပဲ ရင်း၊ ရေ ဦး၊ တန့် ဆည်၊ ခင် ဦး၊ အရာတော်၊ မိုး မိတ်၊ မဘိန်း၊ မြို့ တွေ က ပါတီ ရုံး တွေ မှာ ဆိုင်း ဘုတ် တင် ပွဲ ကျင်း ပ ပါ ရစေ လို့ နောက် ထပ် စာ ရင်း တင် ပြီး တောင်း ဆို ပြန် ပါ တယ်။ ဟော ဒီ မှာ သူ တို့ တောင်း တဲ့ စာရင်း ပါ၊"

"ပေး လိုက် ကွာ ပေး လိုက်။ မင့် စာ ရင်း ကို ငါ တို့ မ ကြည့် ချင် ဘူး" ဟု ချုပ် မှူး ကြီး က သူ ၏ ပါး စပ် မှ ထွက် ပါ လျက် 'ငါ ' ဟူ သော ဧက ဝုစ် စကား ကို မသုံး ဘဲ 'ငါ တို့' ဟူ သော ဗဟုဝုစ် ဝေါဟာရကို ဌာန် ကရိုင်း ကျ ကျ အသုံး ပြု ကာ ဆူ ပူ ၍ အမိန့် ပေး သည်။

၂၀၀၃ မေလ ၉ ရက် နေ့ အစည်းဝေးတွင် အတွင်း ရေး မှူး (တစ်) ဗိုလ် ချုပ် ကြီး ခင် ညွန့် က စာ ရွက် ကို ဖတ် ၍သတင်း ကို အစီ ရင် ခံ သည်။ " မန္တလေး က ထွက် သွား ကြ ပြီတဲ့။ စစ် ကိုင်း ဖက် ရောက် တာနဲ့ လာ ကြို တဲ့ လူ အင် အား များ လာပါတယ်။ မော် တော် ဆိုင် ကယ် ၁၃ စီး က လာ ကြို ပြီး ခရီးတလျှောက်လုံး စောင့်ကြမယ်တဲ့။ တဖြည်း ဖြည်း အင် အား တိုး လာ နိုင်ပါတယ်။ အရေး ကြီး တဲ့ သတင်း တပုဒ်ကတော့ ကုလားမယားက ဖွဲ့စည်း အုပ် ချုပ် ပုံ အခြေ ခံ ဥပဒေ (မူ ကြမ်း) ရေး ဆွဲ ပြီး ပြီ တဲ့ မန္တလေး မှာ မေး ကြ တယ်၊ ဆွေး နွေး ကြ တယ် လို့ သိ ရ ပါ တယ်"





"ကဲ ... ကျုပ် တို့ ဘာ လုပ် ကြ မလဲ၊ မိ မစစ်၊ ဖ မစစ်၊ ဆွေ မစစ်၊ မျိုး မစစ်၊ ကုလား မယားကတော့ ဆက် ရမ်း တော့ မှာ ပဲ။ နိုင် ငံ တော် မှာ အန္တရာယ် ကြီး လှတယ်" ချုပ် မှူး ကြီး က စိုး ရိမ် တ ကြီး ပြော သည်။ ဗိုလ် သန်း ရွှေ နှင့် ဗိုလ် ခင် ညွန့် တို့ သည် သူ တို့ ၏ သား များ က လူ မျိုး ခြား နှင့် အိမ် ထောင် ပြု ထား သည် ကို ကြည် ဖြူစွာ ခွင့်လွှတ် ကာ မိသား စု အဖွဲ့ဝင် အဖြစ် လက် ခံ ဆက် ဆံ ကြ သော် လည်း ဒေါ် စု က လူ မျိုးခြား ပညာရှင် တ ဦး နှင့် အိမ် ထောင် ပြု ခဲ့ သည် ကို ခွင့် မလွှတ်နိုင် ဖြစ် နေ ကြ သည်။ အမြဲ နှိမ့် ချ ကာ ကုလား မယား ဟု ခေါ် လေ့ ရှိ ကြ သည်။

"သူ တို့ မိုး ကုတ် ဖက် သွား ဦး မှာ လား" ဟု ဗိုလ် ချုပ် ကြီး မောင် အေး က သူ အပိုင် စား ရ ရှိ ထား သော ကျောက် တွင်း နယ် မြေ ကို သာ အရေး ထား ကာ မေး သည်။

ဒုတိယ ဗိုလ် ချုပ် ကြီး စိုး ဝင်း က "ကျွန် တော် တို့ က ပြတ် ပြီးသားပဲ။ ကုလား မယားကို အာ ဏာ ခွဲ ဝေ ပေး ဖို့ မဆိုထားနဲ့ တွေ့ ဆုံ ဆွေး နွေး မှု တောင် ဘယ်ကာလမှ မပြုဘူးလို့ ကြေညာပြီး ပြီပဲ" ဟု ပြော သည် ကို ဗိုလ် ချုပ် ကြီး သူရ ရွှေ မန်း က ထောက် ခံ ၍ "ဒီ မိန်းမ ခရီး ထွက် နိုင် သမျှ ထွက် ပါ စေ၊ မောပေစေပေါ့" ဟု တင် ပြ သည်၊ သူ တို့ နှစ် ဦး သည် ဗိုလ် ချုပ် မှူး ကြီး ၏ စစ် သား ရေ အိပ် တွင်း ၌ သော့ ခတ် ၍ သိမ်း ထား သော ကာ ကွယ် ရေး ဝန် ကြီး ရာ ထူး ကို မြော်လင့် ကာ လူ ကြီး များ ကို ပင့်, နေ ကြ သည်။

"ပြဿနာက လူ ထု က မိုက် တယ် ဗျ၊ လူ ထု က ဒီမိမ္မ သွား ရာ ကို ဗိုင်း ဗိုင်း လယ် ရ ပြီး ထောက် ခံ နေ ကြ တယ် လေ၊ ဆိုင်း ဘုတ် တွေ အလံ တွေ ဝေ နေ တယ်"

"ကျွန် တော် တို့ မှာ လဲ ကြံ့ ခိုင် ရေး အဖွဲ့ ကြီး ရှိ ပါ တယ်။

သူတို့ထက် အဆတရာ တထောင် အင် အားကြီး ပါ တယ်၊ ကြံ့ခိုင် ရေး အဖွဲ့ ကြီး က လူ ထု နည်း နဲ့ ပိုစတာတွေ အလံ တွေ နဲ့ တိုက် ပြ ပါ ရစေ”

* * *

မေလ ၁၃ ရက် နေ့ ညနေ ၄ နာ ရီ တွင် အစည်းအဝေး ကျင်းပပြန်သည်။ အရေးကြီး လာလေပြီ။ ထိရောက်စွာ တိုက်ကြ ရန် လိုအပ်လာလေပြီ။ စစ်ဆင်ရေး အထူးအစည်းအဝေး ဖြစ်သည်။

ထို နေ့ က ဒေါ်စု နှင့် အဖွဲ့ သည် မိုး ကောင်း မှ ဖါး ကန့် သို့ အထွက်တွင် ညနေ ၅ နာရီကျော်မှ တံတားညီနောင်၌ တံတားကို ပြင်မည်ဟု အကြောင်းပြ၍ ဖျက်ထားသည်ကို တွေ့ရသဖြင့် ပြန် လှည့်ရမည် ကဲ့သို့ ဖြစ် ရ သေး သည်။ ကံအားလျော်စွာ အလုပ် သမားများ ရှိနေကြပြီး မိမိတို့၏ ခေါင်းဆောင်များဟု အသိစိတ်ရှိ သူ အလုပ်သမားခေါင်းက ပျဉ်ပြားများထိုး၍ ယာယီပြင်ပေးသဖြင့် ခရီးဆက် နိုင် ကြ ပြီး ဖား ကန့် သို့ မိုး ချုပ် မှ ရောက် ကြ သည်။

မေလ ၆ ရက် ဒေါ် အောင် ဆန်း စုကြည် တို့ အဖွဲ့ ခရီး စ တင် ထွက်စဉ်ကပင် စစ် ရုံး ချုပ် အထူး ခန်း တ ခု ၌ ရှိ သော ကြိုး မဲ့ ကြေး နန်း ခုံ တွင် သတင်း များ နာ ရီ မလပ် ရောက် ရှိ နေ သ ဖြင့် အရေး ပါ သော လူ ကြီး များ အဖို့ တံ တား ပျက် ကို ပြင် ပေး သူ ၏ အမည် က စတင် ၍ ချက် ခြင်း သိ ရှိ ကြ သည်။

ထိုပြင် စစ် စုံ ထောက် ရုံး ချုပ် မှ ကြေး နန်း ခန်း တွင် လည်း နောက် ခံ သတင်း များ ရ ရှိ နေ ကြ သည်။ ထို သတင်း များ တွင် ဒေါ် စု သည် အရေး ပါ သော ကချင် ခေါင်း ဆောင် များ နှင့် ဆွေး နွေး သည် ဟု ပါရှိခဲ့သည်။ ထို သတင်း ကို ခေါင်း ဆောင် ကြီး သုံး ဦး က ထိတ် လန့် နေ ကြ သည်။ ဒေါ် အောင် ဆန်း စု ကြည် သည် မည်သည့်အခါတွင်မှ အာ ဏာ ရှင် သုံး ဦး တို့ အား လက်





နက်နှင့် ရန်ပြုမည်မဟုတ်သည်ကို သူတို့သုံးဦး ကောင်းစွာသိရှိကြ သည်။ သို့သော် ထက်မြက်သော ကချင်ခေါင်းဆောင်တဦးဦးက ဒေါ်စုအား အကြံပ်ကိုင်၍ ပြန်ပေးဆွဲထားကာ ကချင်ဒေသဖက်မှ စတင်ပြီး နအဖအစိုးရအား လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲပါလျှင် သူတို့ ၏ တပ်များ၊ လက်နက်များနှင့် ခုခံနိုင်စွမ်းအား မရှိဟု ယူဆသဖြင့် လွန်စွာ ထိတ်လန့်နေကြသည်။ ဒေါ်အောင်ဆန်းစု ကြည်က လေသံနှင့်ပြောသော စကားလုံးများကိုပင် လွန်မင်းစွာ ကြောက်ရွံ့နေကြသော သူတို့သုံးဦးအဖို့ မူလကပင် သူတို့က ကြောက်လန့်နေသည့် ကချင်တို့နှင့် ပေါင်းမိပါလျှင် သူတို့အဖို့ နှစ်ထပ်ကွမ်း ကြောက်အား ပိုရပေမည်။

ထိုပြင် လွန်ခဲ့သောလက ဦးပိုင် စီးပွားရေး ကော်ပိုရေးရှင်း ကြီးနှင့် အခြားစီးပွားရေးလုပ်ငန်းကြီးများကို နေ့မအား ညမအား ကွပ် ကဲ လုပ် ဆောင် နေ သူ ဝန်ကြီး မစ္စတာ အေဘဲလ်က သူတို့သုံး ဦးထံသို့ လာရောက် အစီရင်ခံခဲ့သည်မှာလည်း ဘေးအန္တရာယ်ကြီး တခု ဖြစ်သဖြင့် လေးနက်စွာ စဉ်းစားရန်လိုသည်။ ထိုနေ့က ဝန်ကြီး အေဘဲလ်က ဂဏန်း အများပါသော စာရွက်ငယ်ကို တင်ပြသည်။

နိုင်ငံတော် အစိုးရက အဖွဲ့ကြီးအား လုပ်ဆောင်ရန် ခွင့်ပြုငွေစာရင်း

(၂၀၀၂ ခု မတ် လ ၃၁ ရက် နေ့) ကျပ် ၂၀၆၄ . ၅၉၀ သန်း

အမေရိကန် ဒေါ်လာ ၃၄၂ . ၄၄၈ သန်း

ဒေါ်လာ မှ ကျပ် သို့ ၁ ဒေါ်လာ ကျပ် ၈၀၀ နှုန်း ၂၇၃၉၅၈ . ၄၀၀ သန်း

ကျပ် ၂၀၆၄ . ၅၉၀ သန်း

အစုစု ကျပ် ၂၇၆၀၂၂ . ၉၉၀ သန်း

(၂၀၀၂ ခု ဘတ် ဂျက် အစိုးရအခွန်တော် ဝင်ငွေ စုစု
ကျပ် ၁၀၆၈၄၅ . ၆ သန်း) ......

ဂဏန်း များ ကို သုံး ဦး စလုံးက ကောင်း စွာ နားမလည် သဖြင့် ဝန် ကြီး မစ္စတာ အေ ဘဲလ် ကို မေး ခွန်း လက္ခဏာ ပြ သော ကြည့် နည်း ဖြင့် ပြန် ကြည့် ကြ သည်။

"၂၀၀၂ ခု မတ် လ ၃၁ ရက် နေ့ ကုန် ဆုံး သော နှစ် က ဦး ပိုင် စီး ပွား ရေး ကော် ပို ရေး ရှင်း ကြီး သို့ ငွေ ပင် ငွေရင်း ကျပ် စတ္တူ ၂၀၆၄ . ၅၉၀ိ သန်း နှင့် နိုင် ငံ ခြား သုံး ငွေ အမေရိကန် ဒေါ် လာ ၃၄၂ . ၄၄၈ သန်း ရင်း နှီး မြှုပ် နှံ လုပ် ကိုင် ရန် အစိုး ရ က ခွင့် ပြု ထားပါတယ်။

ဒေါ်လာ ငွေ ၃၄၂ . ၄၄၈သန်း ကို တ ဒေါ်လာ လျှင် ကျပ် ၈၀၀ နှုန်းနှင့် လဲ ပါ လျှင် ကျပ် စတ္တူ ၂၇၃၉၅၈ . ၄၀၀ိ သန်း တန် ဖိုး ရှိ သဖြင့် ကျပ်စတ္တူ ၂၀၆၄ . ၅၉၀ သန်း နှင့် ပူး ပေါင်း ပါ လျှင် ကျွန် တော် များ ၏ ဦး ပိုင် စီး ပွား ရေး ကော်ပို ရေး ရှင်း ကြီး က ငွေရင်း မြှုပ် နှံ ငွေ အစုစုမှာ ကျပ် ၂၇၆၀၂၂ . ၉၉၀ သန်းရှိပါသည်။ ငွေ ပင် ငွေ ရင်း များ နှင့် ငွေ ရင်း ကို အမှီပြု၍ ရ ရှိ နေ မည့် အ မြတ် အစွမ်း များ မှာ လွန် မင်း စွာ တိုး တက် နေ ပါ သည်။ နှစ် စဉ် အမြတ် ငွေ ၏ ၂၅ ရာ ခိုင် နှုန်း ကို အစု ရှင် များ ကို ထုတ် ပေး နိုင်ခဲ့ ပါ သည်။ ဗိုလ် ချုပ် မှူး ကြီး သုံး တို့ အတွက် အမြတ် ငွေ များ ကို သက် ဆိုင် ရာ ဘဏ် များ တွင် ပေး သွင်း ခဲ့ ပါ တယ်။

ဒီ ငွေ များ သာ မကသေးပါ၊ ဗိုလ် ချုပ် မှူး ကြီး တို့ ယုံ ကြည် စိတ် ချ ရ သော ဆွေမျိုး ညာ တိ တို့သာ ပိုင် ဆိုင်လုပ်ကိုင် နေ သည့် ပုဂ္ဂလိ က ပိုင် လုပ် ငန်း ကြီး များ ရှိ ကြ ပါသေး တယ်။ ကျပ် ငွေ စတ္တူ နှင့် ဒေါ် လာ ပါ ငွေရင်း တန်ဖိုး ကျပ် ၈၀၆ သန်း မြှုပ် နှံ ထား တဲ့ မြို့ တော် ရန် ကုန် ဖွံ့ ဖြိုး ရေး ကော် မီ တီ။ ဒေါ် လာ အပါ အဝင် ငွေ ရင်း အစုစု ကျပ် ၃၆၈၄၉၈ . ၄၆၁ သန်းမြှုပ်နှံ ထား သော ပုဂ္ဂလိ က ပိုင် လုပ် ငန်း ကြီး ၃၆ ခု နှင့် ဒေါ်လာ နှင့်





ကျပ် စတ္တူ တွဲ ကာ ငွေ ရင်း စုစု ၁၂၃၅၅ . ၉၈၀ိ သန်း မြှုပ် နှံ သော မြန် မာ့ စီး ပွား ရေး ကော် ပို ရေး ရှင်း ကြီး များ စသည်တို့ ရှိ ပါ သေး တယ်။

ဗိုလ် ချုပ် ကြီး များ နှင့် စိတ် ချ ရ သူ တို့သာ ပိုင် ဆိုင် နေ သည့် စီး ပွား ရေး လုပ် ငန် ကြီး များ မှ ရင်း နှီး ငွေ နှင့် မြတ် စွန်း မည့် ငွေများတို့၏ ပမာဏ မှာ ငွေစုစု ကျပ် ၁၀၆၈၄၅ . ၆ သန်း သာ ရှိသော ၂၀၀၂ ခု ဘတ်ဂျက် မှ အစိုးရအခွန်တော်ဝင်ငွေပမာဏ ထက် အချိုး အဆ ကြီး မား များ ပြား လှ ပါ တယ်။ ဗိုလ်ချုပ်ကြီး များ ရင်း နှီး မြတ် စွန်း ငွေ ပမာဏမှာ အစိုး ရ အခွန် တော် ဝင် ငွေ ထွက် ငွေ တန် ဖိုး ထက် အဆ ပေါင်း များ စွာ ကြီး မား နေ သည် ကို အထူး စဉ်း စား ဖို့လို ပါ တယ်။

ကျွန် တော် တင် ပြ ရန် ရှိ သည် မှာ အစိုး ရ စက် ယန္တရား ကြီး ရဲ့ အသွင် မူ လမ်း စဉ် ပြောင်း လဲ ပါ လျှင်၊ ပွင့် ပွင့် လင်း လင်း အစီ ရင် ခံ ရ လျှင် ဒီမို ကရေစီ စနစ် သို့ ပြောင်း လဲ လျှင် ဗိုလ် ချုပ် ကြီး များ ပိုင် တဲ့ ကြီး မား သည့် စီး ပွား ရေးလုပ် ငန်း ကြီး များ မှ ချ ပျက် ပါ မည်။ စီး ပွား ရေး လုပ် ငန်း များ ပျက် လျှင် ဗိုလ် ချုပ် ကြီး တို့ နစ် နာ ကြ မည် ဖြစ် ပါ သည်။ စီး ပွား ရေး လုပ် ငန်း များ ပိုင် ရှင် ဗိုလ် ချုပ် ကြီး တို့ နစ် နာ သည် ထက်၊ နိုင် ငံ တ ခု လုံး ၏ စီး ပွား ရေး စက် ကိ ရိ ယာ ကြီးပါ ပျက် ပါ မည်။ နိုင် ငံ တော် ၏ စီး ပွား ရေး ကမောက် ကမ ဖြစ် သွား ပါ မည်။ ထို ကြောင့် ဆင်း ရဲ သား လူ ထု ကြီး လဲ လွန် စွာ နစ် နာ ကြပါမည်" ဟု ဝန် ကြီး က အသေး စိတ် တင် ပြသည်။

ဝန်ကြီး မစ္စတာ အေဘဲလ် က စာရင်း တင် ခြင်း မပြု မီ က ပင် အာ ဏာ ရှင် သုံး ဦး သည် မိမိ တို့ မည် ရွေ့ မည် မျှ ကြွယ် ဝ နေ ပြီ ကို သိ ရှိ ကြသည်။

ချုပ် မှူး ကြီး သန်း ရွှေ သည် သူ ၏ မြေး ငယ် ရွှေလမင်း ကို

လွန် မင်း စွာ ချစ် သည်။ တညပင် ခွဲ ခွာ ခြင်း မပြု နိုင်။ တဖက်က လည်း မြေး ကလေး ပညာတတ် စေ လို သည်။ မြန်မာနိုင်ငံတွင် မိမိတို့၏ အစိုးရက ကျောင်း ကြီး ကျောင်း ငယ် ထောင် သောင်း ဆောက် ခဲ့ သော် လည်း ကလေး များ ကို စနစ်တကျ ပညာ သင် ပေး သည့် ကျောင်း ဟူ ၍ တကျောင်း မှ မရှိ သည် ကို လည်း ချုပ် မှူး ကြီး က ကောင်း စွာ သိရှိ သည်။ ထို ကြောင့် ချစ်မြေးကလေး အား စင်္ကာပူတွင် ကျောင်းအပ်ရန် စီစဉ်သည်။ နေ့စဉ် နံနက် လေ ယာဉ်ပျံနှင့် ကျောင်းသွား ကာ ညနေ လေ ယာဉ် ပျံ နှင့် အိမ်ပြန် လာစေသည်။ ကမ္ဘာ ပေါ် တွင် နေ့ စဉ် လေယာဉ် ပျံ နှင့် ကျောင်း တက် နိုင် သူ ကျောင်း သား ငယ် ဟူ၍ ရွှေ လ မင်း တ ဦး သာ ရှိ ပေမည်။ ရန် ကုန် စင်္ကာ ပူ လေ ကြောင်း ခရီး ကို နေ့ စဉ် ကျောင်း ချိန် မှန် ပျံ သန်း နိုင် စေ ရန် အစိုး ရ စားရိတ်စက အခွန်းခံကာ စီ စဉ် စေသည်။ နေ့ စဉ် လေယာဉ် ပျံ လက် မှတ် ဖိုး ကို နိုင် ငံ ခြား သုံး ငွေ နှင့် ဝယ်ရပေမည်။ မြန်မာကလေးငယ်များ မရနိုင်သော ပညာကို မိမိ မြေးငယ် ရ ရှိ မည် ဖြစ် သဖြင့် လေယာဉ်လက်မှတ် ကို မိမိ၏ အိပ်ထဲမှထုတ်၍ နိုင်ငံခြားသုံးငွေကို သုံး ရန် ဝန် မလေး။

ဗိုလ် မောင် အေး ဗိုလ် ခင် ညွန့် တို့ သား သမီး များ တူသား မောင် မယ် ဆွေမျိုး များ တို့ သည် လည်း နှာစေးလျှင်၊ ချောင်း ဆိုး လျှင်၊ ကိုယ် ပူလျှင် စင်္ကာ ပူ ဆရာ ဝန် ထံ ရက် ချိန်း ယူ ကာ ဆရာဝန်က အချိန် ပေး သည် နှင့် အထူး လေ ယာဉ် ပျံ များ ဖြင့် သွား ကာ ဆရာဝန်ပြကြလေ့ရှိသည်။ စင်္ကာပူတွင် အမေရိကန် ရုပ် ရှင် ကား သစ် ပြ လျှင် လည်း လေယာဉ် ပျံ နှင့် သွား ရောက် ကြည့် ကြ သည်။ သူ တို့ သုံး ဦး သည် ဝန် ကြီး ဦးအောဘဲလ် တင် ပြသည့် အတိုင်း အစိုး ရ အ ဖွဲ့ ကြီး ရငွေ သုံး ငွေ ဘတ် ဂျက် စာရင်းထက် အဆ အရာ အထောင် ကြွယ်ဝကြသဖြင့်သာ နိုင်ငံ ခြား သုံး ငွေ များ ကို အလျှံ ပယ် သုံး နေ ကြ ၏။





သို့ ကြွယ် ဝ ကြ သော် လည်း အာ ဏာ ရှင် ကြီး များ က မိ မိ တို့ အကျိုး စီး ပွား ကို ဦး စား ပေး လေ့ မရှိ ပါ ပေ။ ဒီမိုကရေစီ လာ လျှင် သူ တို့ ၏စီး ပွား ရေး လုပ် ငန်း များ ပျက် လေ မည် ဆို သည်ကို သူတို့ က သူ တို့ ၏ ပုဂ္ဂလိက ကိုယ် ရေး အတွက် မမှု ပါပေ။ ဆွေ ခု နစ် ဆက်၊ မျိုး ခုနစ် ဆက် အသက် တရာ စား သုံး ၍ မကုန် နိုင် အောင် နိုင်ငံခြားဘဏ် များ တွင် ငွေ အပ် ထား ပြီး ရှိ သည်။ အ မေ ရိ ကန် ဩပင် သူ တို့ ငွေ စာ ရင်း များ ရှိ သည်။ မိမိတို့ စီး ပွား ရေး ထိ ခိုက် သည် ထက် နိုင် ငံ သား တို့ ၏ စီး ပွား ရေး ကသောင်း ကနင်း ဖြစ် မည် ကို သူတို့က မရှုရက်။ မကြည့် နိုင်။ သူ တို့ ချစ် မြတ် နိုး သည့် နိုင် ငံ သား ၅၂ သန်း ၏ အကျိုး စီးပွားကိုသာ ကြည့်ကြသည့် မျိုးချစ်ကြီးများ ဖြစ်ကြကုန်သည်။

"ဆင်း ရဲ သား တွေ နစ်နာမည့်ကိစ္စကို ကျုပ်တို့က လက်ပိုက် ကြည့်မနေနိုင်ဘူး" ဟု ချုပ် မှူး ကြီး က တမုဟုတ်ခြင်း ပြော သည်။ ကျန် နှစ် ဦး က လည်း "ဆင်း ရဲ သား များ နစ် နာ မည့် အမှု ကို မပြု" ဟု ဆို ကြ သည်။ သုံးဦး စလုံး တို့ က မိမိတို့ နစ်နာမည်ကို မမှုကြောင်း၊ ဂရု မစိုက် ကြောင်း၊ သို့ပါသော်လည်း လူထုကြီး နစ် နာ မှု မရှိ စေ ရန် ဒီမိုကရေစီ ဖုတ် ကောင် ကြီး အသက် ပြန်မဝင် ရေး ကို မိမိ တို့ ၏ အသက် ပေး ၍ အား ထုတ် ကြ မည် ဟု ပြော ကြ သည်။ အာ ဏာ ရှင် ကြီး သုံး ဦး တို့ သည် ဒီ မို ကရေစီ လေ လွှိုင်း မလာနိုင်အောင် အသက် ပေး ၍ အား ထုတ် ကြ မည် ဟု တစိတ် တဝမ်းတည်း သဘော တူ ဆုံး ဖြတ် ထား ခဲ့ ကြ သည်။

သူတို့က အသက်ပေး၍ အား ထုတ် ကြ မည် ဟု ပြော သည် မှာ သူ တ ထူး ၏ အသက်ကို ထုတ် ယူ ရန် ဖြစ် ၏။ သူသေမှသာ ကိုယ် ရှင် မည်။ ကိုယ်မသေမှသာ လူထုကြီး အကျိုးကို ဆက်လက် ထမ်း ရွက် နိုင် ကြ မည်။ မည် သည့် ကာ လ တွင် မှ ဒီ မို ကရေစီ စီး ပွား ရေး စနစ် မလာ နိုင် ရေး ကို သူတို့က ကြိုးစားရပေမည်။

ဒီမိုကရေစီ လေလှိုင်း ကို တား ဆီး ရန် မှာ ခေါင်း ဆောင် ကို အပြတ်ရှင်းမှ ဖြစ်မည်ဟု သူ တို့ ဆုံး ဖြတ် ကြ သည်။ တိတိကျကျ အစည်းဝေး ကျင်း ပ မှု မပြု။ မှတ် တမ်း မရေး ဘဲ မိမိ တို့ စိတ်တွင်း မှ ယတိပြတ် ဆုံး ဖြတ် ကြ သည် ကို ဖွင့်ဟ မဆိုဘဲ တသွေးတသံတည်း နား လည် လုပ် ဆောင် နေ ခဲ့ ကြ သည်။

အစည်းအဝေး ကျင်း ပ ၍ အပြတ် ရှင်း ရန် ဆွေးနွေးကြပြီး သဘောတူ၏ မတူ၏ မေး နေ ရန် ပင် မလို သဖြင့် ပထမ အဆင့် အဖြစ် သူ တို့ သုံး ဦး ၏ အတွင်းရေး အစည်းဝေးပင် ကျင်းပခြင်း မပြုဘဲ ဗိုလ်သန်းရွှေ၊ ဗိုလ် မောင် အေး နှင့် ဗိုလ်ခင်ညွန့်တို့ သုံးဦး စလုံးတို့က အပြတ် ရှင်း ရန် သန္နိဋ္ဌာန် ချ ကာ စီစဉ်နေကြသည်။ ဤသို့ ဖြင့် ကုလားမယား ကို အပြီး အပြတ် ရှင်း မှ ဖြစ် မည် ဟု သုံး ဦး စလုံးတို့ က ယတိ ပြတ် ဆုံး ဖြတ် စီစဉ် နေ ခဲ့ ကြ သည်။

သူ တို့ သုံး ဦး သည် လည်း ညီ ညွတ် သော အင် အား မဟုတ်၊ တနေ့တွင် တဦး က တဦး ကို ဖယ်ရှားသည့် စာရင်းရှင်းပွဲ ကျင်းပရမည့် ရန် သူ များ ဖြစ် ကြ သည်။ ပထမအဆင့်အဖြစ် သူ တို့ သုံး ဦး အဖို့ ယနေ့ လက် ရှိ ရာ ထူး မှ ပြုတ် ကျ စေနိုင် သူ ဒေါ် အောင် ဆန်း စု ကြည် တယောက် လူ့ ပြည် တွင် မရှိ မှ ငြိမ်း အေး ပေ မည်။ ဘုံ ရန် သူ ကို ပထမ ရှင်း ရ ပေ မည်။

ဒေါ် စု အား လုပ် ကြံ ရန် ဆုံး ဖြတ် ချက် ကို တ ပြိုင် နက် တည်း တူတူ ညီ ညီ ဆုံး ဖြတ် ကြ စေ ကာ မှု လူ လည် ဗိုလ် ခင် ညွန့်က သူပေါင်း သင်း ထား သည့် သတင်းထောက်နှင့် စာရေး ဆရာများကို စည်း ရုံး ကာ ထို ယုတ် ညံ့ သော လူသတ်လမ်းစဉ် တွင် သူ မ ပါ ဟု ရေး သား ဝါ ဒဖြန့် စေသည်။ စာ နယ် ဇင်း အ များ က သူ့ အား ဒီမို ကရေစီ လို လား သည် ဟု ရေး စေ ကာ အပြစ်ကင်းသော ချိုး ငှက် ငယ် အဖြစ် နာမည်ကောင်းယူသည်။ တနေ့တွင် မိမိ နှင့် အပေါင်း ပါ ယုတ် မာ ဘက် သား နှစ် ဦး နှင့်





ခွဲ နိုင် ရန် တင်ကြို၍ ဝါဒဖြန့်သည်ကို ကျန်နှစ်ဦးတို့က မသိရှာ။

မိမိတို့၏ ခေါင်းတွင်း၌ တအုံ နွေး နွေး ဖြစ်နေသည့်ကိစ္စ အတွက် သူတို့သုံးဦးသည် ဗိုလ် ချုပ် အောင် ဆန်း အား လုပ် ကြံ သူ ဂဠုံ ဦး စော ၏ ကံ ကြမ္မာ ကို မကြာ မီ က ပင် ဆွေး နွေး မိ ခဲ့ ကြသည်။ ဦး စော သည် အာ ဏာ လက် မဲ့ ဘဝ နှင့် ကြံစည်ခဲ့ သဖြင့် လုပ်ကြံမှု အောင် မြင် ပါ လျက် ရှုံး နိမ့် ကာ ကြိုးစင်တက် ရ သည်။ မိမိ တို့ မှာ အာ ဏာ လက် ရှိ ဖြစ် သည်။ ထို ပြင် နိုင် ငံ ရေး အခြေ အနေ မှာ ပြောင်း လဲ နေ ပြီ။ ဦး စော လုပ် ကြံ စဉ် က တရား ဥပဒေ စိုး မိုး သည့် အင်္ဂလိပ် အစိုး ရ ခေတ် ဖြစ် သည်။ ယနေ့ ခေတ် မှာ အစိုး ရ အချို့ က ရော အကြမ်းသမားတို့က ပါ ထင် သလို သတ် ဖြတ် နေ ကြ သည့် ခေတ် ဖြစ် သည်။ မိမိ တို့ ကိုယ်တိုင် ၁၉၈၈ ခု နှစ် က ဒီ မို ကရေစီ အော် ဟစ် သူ များ ကို သတ် ဖြတ် စဉ် က ထောင် နှင့် ချီ သော နိုင် ငံ သား များ ကို သတ် ဖြတ် ခဲ့ ကြ သည်။ ကမ္ဘာ က ဝင် မစွက် နိုင်။

ယနေ့ အဖို့ မြန် မာ့ သယံဇာတ စီး ပွား ရေး စား ကျက် များ လာဘ် ထိုး ထား သော တရုတ် ပြည်၊ ထိုင်း ပြည် နှင့် မလေး ရှား ပြည် တို့ က မိမိ တို့ မည် သို့ သော ရာ ဇဝတ် မှု ကို ကျူး လွန် စေ ကာ မှု မိမိ တို့ သုံး ဦး ၏ နောက် မှ ရပ် တည် အား ပေး ကြ မည် သာ။ အကယ်၍ လုပ်ကြံမှုကြီး အောင်မြင်ခဲ့လျှင် မြန် မာ နိုင် ငံ အဖို့ အရွယ် ကောင်း ပြီး အရည် အချင်း ရှိ သူ လူ ရို သေ ရှင် ရို သေ အရပ် သား တဦး တယောက် မှ မရှိ တော့ ပြီ။ အ ရပ် သား အား လုံး တို့ သည် မိမိ တို့ သုံး ဦး ပိုင် သော စစ် တပ် ကို ဦး ညွှတ် ကြ ရ မည်။ တပ် မတော် ကို ပြန်လည်၍ အံတု ရန် ပြု နိုင် ရန် ဝေး လေ ပြီ။

ကိစ္စအတွက် အထူး အရေး ပေါ် အစည်း ဝေး သို့ ရန် ကုန် ၌ ရှိ နေသော ထိပ် သီး စစ် ဗိုလ် ကြီး များ အား လုံး တက် စေ

သည်။ ရွှေ အေး ညွန့် တို့ အပြင် ဗိုလ် မှူး ချုပ် သူ ရ ရွှေ မန်း၊ ဗိုလ် မှူး ချုပ် စိုး ဝင်း၊ ဗိုလ် မှူး ချုပ်သိန်း စိန်၊ ဗိုလ် မှူး ချုပ် သီဟ သူ ရ တင် အောင် မြင့် ဦး၊ ဗိုလ် မှူး ချုပ် ကျော် ဝင်း၊ ဗိုလ် မှူး ချုပ် တင် အေး၊ ဗိုလ် မှူး ချုပ် ရဲ မြင့်၊ ဗိုလ် မှူး ချုပ် အောင် ထွေး၊ ဗိုလ်မှူးချုပ် ခင် မောင် သန်း စသည်တို့ တက်ရောက်ကြရသည်။

သူ တို့ အား ဆင့်ခေါ်စဉ် က စစ် ဆင် ရေး အတွက် တာဝန် ပေးရန်ဟုသာ အကြောင်းကြားခဲ့သည်။ ပေးသမျှ တာဝန်ကို ယူ ကြ ရ မည်။ ပြုသမျှ အမှုကို သဘောတူ လုပ် ဆောင် ထမ်း ရွက် ကြ ရ မည် ဖြစ် သည်။ အကြောင်း ရင်း ကို လည်း ရှင်း ပြ နေ ရန် မ လို။ ဒေါ် အောင် ဆန်း စု ကြည် အား သူ ၏ ဖခင် အာ ဇာ နည် ကြီး ၏ ဗိမာန် သို့ ပို့ ရန် တာ ဝန် ယူ ကြ ရ မည် ဟု အားလုံးတို့ က ကောင်း စွာ သိ ကြ သည်။ စစ် ဆင် ရေး အောင် မြင် ရန် အ စွမ်း ကုန် ကြိုးစားကြပေအံ့။ စစ် ဆင် ရေး အမည် မှာ 'ဒေဝ'

ထင်း ချောင်း မှ စိန် ပြောင်း ဒုံး ပျံ အထိ လက် နက် မျိုး စုံ ကိုင် ဆောင် ကြ မည့် လူအင် အား ၅,ဝဝဝ ကို အသုံး ပြု ရန်။ စစ် စုံ ထောက် တပ် များ၊ အထူး စစ် တပ် သား များ၊ ကြံ့ ခိုင် ရေး အမာခံများ၊ လျှော့ ရက် ပေး မည် ဟု ခေါ် ဆောင် လာ သော မန္တလေး ထောင်မှ နစ် ကြီး ရာဇဝတ် အကျဉ်း သား များ စသည် တို့ကို စု ဆောင်း ခဲ့ သည်။ လူသတ်တပ်ဖွဲ့ကြီးကို ငါးရက် တင် ကြို ပြီး မုံ ရွာ မြို့ အထက်တန်းကျောင်း တခုတွင်းသို့ သယ်ဆောင် ကာ စခန်း ချ ထား သည်။ အဖွဲ့များကို 'စွမ်းအားရှင် အဖွဲ့' ဟု အမည်ပေးသည်။ အားလုံးကို အစုခွဲ၍ ရိုက်နှက် သတ်ဖြတ်နည်း များ လေ့ကျင့်ပေးသည်။ လူတရာခန့်ကို ခေါင်းတုံးရိတ်ကာ သင်္ကန်း ဝတ် စေ သည်။ ဘုန်းကြီးတုအဖြစ် လိုသလို အသုံးပြုမည်။





မေလ ၂၉ ရက် ကြာသပတေးနေ့

တာဝန်ယူကြမည့် ဗိုလ် ချုပ် ကြီး များ သည် စစ်မြေပြင်တပ် ဦး သို့ ရောက် ရှိ ကာ ပြင် ဆင် နေကြ လေ ပြီ၊ ရန်ကုန် စစ်ရုံးချုပ် ၌ အာ ဏာ ရှင် ကြီး သုံး ဦး တို့ သည် ဆက် သွယ် ရေး ခန်း တွင် ရုံး ထိုင် ကြ သည်။ စက်ကိရိယာများနှင့် အတူ ကြိုးမဲ့ဆက်သွယ် ရေး တပ် မှ အရာ ရှိ ငယ် အချို့ တို့ သာ ရှိ ကြ သည်။ သုံး ဦး စလုံး လက် ထဲ တွင် စကားပြော မိုက်ခွက်ကိုယ်စီကိုင် ထား ကြသည်။

ဗိုလ် ချုပ် မှူး ကြီး ကတော် ဒေါ် ကြိုင် ကြိုင် က ပေးပို့သော စမူဆာကြော်၊ ဘယာကြော်နှင့် လက် ဖက် ရည် အချိုများကို လူ ကြီး များ ရော လူ ငယ် များ ပါ အတူ စား သောက် ကြ ကာ သတင်းကို စောင့် ကြ သည်။

"ဒေဝတို့ ရှေ့ ပြေး ကား 'ရေ ပိုး စား ရွာ' သို့ ရောက် လာ ပါ တယ်။ ဖမ်း ဆီး စစ် ဆေး ပါ တယ်။ မြင်း မူ မှ ချောင်း ဦး သို့ သွား မည် ဟု ထွက် ဆို ပါ တယ်။ ယင်း ကား ကို ရှေ့ မသွား ရ နောက် ပြန် လဲ မသွား ရ လို့တား ထား ပါ တယ်။ ဒေဝတို့ကား အဖွဲ့ ရေ ပိုး စား ရွာ သို့ ရောက် သည် နှင့် စစ် ဆင် ရေး စတင် ရန် အသင့် စီ စဉ် ထား ပါ တယ် "ဟု တာဝန် ခံ ဗိုလ် မှူး ကြီး က အစီရင်ခံသည်။

ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေ ။ ။ မင်း တို့ မှာ အင် အား ဘယ် လောက် ရှိ သလဲ။

တာဝန်ကျဗိုလ်မှူးကြီး။ ။ ဒီစခန်း မှာ ၂၅ဝဝ ရှိ ပါ တယ်။ နိုင် ပါ တယ်။

ဗိုလ် မောင် အေး။ ။ တိုက်တဲ့အခါမှာ လူမြင်နဲလေ ကောင်း လေ။ သူတို့ရဲ့ ရှေ့ပြေးကားကို လွှတ်လိုက်။ ရှေ့ဆက်သွားပေစေ။

ဗိုလ် ခင် ညွန့် ။ ။ ဒေဝတို့ ကား လာ လျှင် ဘုန်း ကြီး ဝတ်

တွေ က ဆီး ပြီး တား ပြီး ကားရပ် မှ တိုက် ပါ။ ကား ရပ် နိုင်း ပြီး မှ စီရင် ပါ။

လူကြီး သုံး ဦး တို့ သည် မု ချ အောင် ရ မည် ဟု ယူ ဆကာ သတင်း ဆက် ကို စောင့် မျှော် ၍ နား ထောင် ကြ သည်။

အခြေ အနေ မှာ ရုတ် တရက် ပြောင်း လဲ သွား သည်။ ခရီး ဆက် ခွင့် ရ သော ရှေ့ ပြေး ကား ချောင်းဦးမြို့သို့ ရောက်သော အခါ ကြီးမားသော လူ ငယ် ထု ကြီး နှင့် တွေ့ ရ သည်။ ကျောင်း သား အများ ပါ သည်။ အင် အား ၆,၀၀၀ ခန့် ရှိ သည်။ ဒေါ်စုတို့ အား လုပ် ကြံ လေ မည် ဟု ကောလာဟလ သတင်းများ ဖြစ်ပေါ် နေသောကြောင့် မုံ ရွာ ဈေး ကြီး မှ ဈေး သည် များ က ဆိုင် ပိတ် ကြ သဖြင့် ဈေး ပါ ပိတ် ရ သည်။ မော် တော် ဆိုင် ကယ် ၃,၀၀၀ ကို စီး နင်း လာ ကြ သော လူ ငယ် ထု သည် ဒေါ်စုနှင့်အဖွဲ့ လုံခြုံ ရေး အတွက် မုံ ရွာ မြို့ အဝင် တွင် တန်း စီ ကြို ဆို ရန် ပြင် ဆင် ရင်း ချောင်း ဦး မြို့ အထိ ရောက် ရှိ နေ ကြ သည်။

ဒေါ် စု တို့ ကား တန်း မြင်းမူ မြို့ မှ ထွက် ခွာ ရန် ပြင် ဆင် နေ ကြ ပြီ ဟု ရှေ့ ပြေး ကား က သတင်း ပေး သော အခါ ထို လူ ငယ် ထု ကြီး က အစီအစဉ် ကို ပြင် သည်။ မြင်းမူမြို့သို့ အရောက် သွား ရောက် ကြို ဆို ကြ မည် ဟု ချီ တက် သွား ကြ သည်။

“အခြေ အနေ ပြောင်း ပါ တယ်၊ အခြေအနေ ပြောင်းပါ တယ်။ မုံ ရွာ က ကျောင်း သား လူ ငယ် ထု ကြီး ရေ ပိုး စား ရွာ စခန်း ကို ဖြတ် ပြီး မြင်း မူ မြို့ ဘက် သို့ ချီ တက် သွား ပါ တယ်။ ဒေဝ အဖွဲ့ ကို ကြို ဆို ပြီး စောင့် ကြပ် ကြမယ် လို့ သိ ရ ပါ တယ်။ သူ တို့ မှာ လက် နက် မပါ ကြ ပါ။ ရေပိုး စား ရွာ စခန်း က အစီ အစဉ် ကို ဆက် လက် လုပ် ရ လျှင် ပြီး မြောက် နိုင် ပါ တယ်။ အ နိုင် ရမည် ဟု ယူ ဆ ပါ တယ်။ ဒါ ပေ မင့် ဒေ ဝ အင် အား စု အ ကျ အဆုံး များ နိုင် ပါ တယ်။ မိမိ တို့က အကာအကွယ် ကောင်း





ယူ ထား ပါ တယ်။ အခြ အနေ အသစ် အရ ဆက် လက် ဆောင် ရွက် ရန် အမိန့် တောင်း ခံ ပါတယ်”

စစ် ဦး စီး ချုပ် ဗိုလ် ချုပ် ကြီး သုံး ဦး တို့ သည် ခေါင်း ချင်း ဆိုင် ရ တော့ သည်။ အရပ် သား ၆,၀၀၀ ခန့် ကို သတ် ရ မည့် အခြေ အနေ အသစ်နှင့် ဂယက် ကို တိုင် ပင် ကြ သည်။ အရပ် သား များ ချည့် သာ ဆို လျှင် ဆုံး ဖြတ် ရန် လွယ် သည်။ “မူ လ အစီ အစဉ် အတိုင်း ဆက် လုပ် လိုက် ”ဟု အမိန့် ပေး ရုံ သာ။ ကျောင်း သား များ ပါ ဝင် သည် ဆို ခြင်း ကို သူ တို့ က မကြိုက်။ ကျောင်း သား အင် အားစု ကို သတ် ဖြတ် မိ လျှင် နောက် ဆက် တွဲ ပြဿနာ များ မ နိုင် မနင်း ဆက် တိုက် လာ တတ် သည်။

တက်ရပိန့်လော ဆုတ် ပိန့် လော အလေး အနက် စဉ်း စား ကြ သည်။ မှူး ချုပ် ကြီး က ကျောင်း သား များ ကို သတ် ဖြတ် ရန် ကြောက်သည်။ ကြောက် သည် ဟု ဝန် ခံ ခြင်း မပြု ဘဲ ယနေ့ လူ သတ် ပွဲ ကို ရွှေ့ လိုသည်။ “နက် ဖန် က ဆုန် လ ကွယ် နေ့ ဆို တော့ ပို မှောင် တာ ပေါ့”ဟု ပြောသည်။

ဒု စစ် ဦး စီး ချုပ် က မည် သို့ မှ မပြော ဘဲ သူ ၏အပါး တော် မြဲ ကို ခေါ် လိုက် သည်။ အလိုက် သိ စွာ အရက် ပုလင်း နှင့် ဖန် ခွက် ပါ လာ သည် ကို ဆွဲယူကာ ကြောက် ကြောက်နှင့် အရက် ကို သာ ဖိ သောက် နေ ရာ မှ “ကောင်း တယ် ကောင်း တယ်၊ ဒီ နှစ် မိုးဦး စော တော့ မိုး ဖွဲ့ ကျ လျှင် ပို ကောင်း မယ်” ဟု မှတ် ချက် ပေး သည်။

မတောက် တခေါက် ပေ ဒင် သင်နေ သူ ဗိုလ် ခင် ညွန့် က “ဒီ နေ့ ကြာသပတေးမို့ အနှောင့်အယှက် ပေါ် တာ ပါ၊ နက် ဖြန် သော ကြာ နေ့ မှ ရှင်း ကြ တာ ပေါ့” ဟု ပြော သည်။

ကဆုန်လကွယ်နေ့ ‘သန်း ခေါင် လ ကွယ် တော အုပ် လယ် တွင်’ လူသတ် ပွဲ ကြီး ကျင်း ပ မည် ဟု ဆုံး ဖြတ် ကြ သည်။ တပ်

ဦး တော အုပ် ရှိ ပါး ကွက် စစ် ဗိုလ် ချုပ် များ က လည်း “ဘယ် လောက် မှောင် မှောင် ကုဏ္ဍိုလ် ပင် ကြီး တွေ မှာ ဆာချ်လိုက် ၂၄ လုံး ဆင် ထား တော့ မီး မောင်း ထိုး ပြီး တိုက် မှာ မို့ ပြေး မ လွတ် စေ ပါ” ဟု အစီရင် ခံ ကြ သည်။

အာဏာရှင်ကြီးများ၏ အမိန့်အရ ရေပိုးစားရွာ စခန်းမှ လူ သတ် စစ်တပ်ကြီး တပ်ဆုတ်ကာ ကိုယ်ရောင်ဖျောက်လိုက်ကြသည်။

မြင်း မူ မြို့ မှ မောင်း နှင် လာသော ဒီမိုကရေစီ အဖွဲ့ ကား များ သည် ကျောင်း သား လူ ငယ် ဆိုင် ကယ် များ နှင့် စည် ကား စွာ မောင်း နှင် လာ ကြ ရာ ရေပိုး စား ရွာ မှာ ငြိမ် သက် နေ သည်။ လူ သတ် စစ် စခန်း ရွှေ့ သွား သည် ကို ပင် သတိ မထား မိကြပေ။

မုံ ရွာ လူ ထု ကြီး မှာ ဒေါ် စု တို့ ကို လုပ် ကြံ လေ မည် ဟူ သော ကောလာဟလကြောင့် မြို့ ထိ ကား လမ်း သို့ ချီ တက် ကြ ပြီး ကြို ဆို ကြ သည်။ အမှောင် ထု က ကြီး မား သဖြင့် ဗယောင်း တိုင်မီးများ ကိုယ် စီ နှင့် ကြို ဆိုကြ သည်။

သူ တို့ ချစ် သော ခေါင်း ဆောင် အား ဘယာ မှ ဝေး ကွာ ကြောင်း မျက် မြင် သိ ကြ သော လူ ထု ကြီး က ဝမ်း သာ အယ် လဲ နှုတ် ဆက် ကြ သည်။

ထို သို့ ဒေါ် စု ဆိုက် ရောက် ကြောင်း သတင်း ကို မုံရွာ စစ် ရုံး မှ အကြောင်း ကြား သော အခါ ရန် ကုန် စစ် ရုံး ချုပ် မှ စစ် ဦး စီး အာ ဏာ ရှင် မင်းများ ထံ မှ ညစ် ညမ်း စွာ ဆဲ ဆို ကြိမ်း မောင်း သံ များ ထွက် လာ ခဲ့သည်။

<u>မေလ ၃၀ ရက် သောကြာနေ့</u>

မုံရွာ လူ ထု က ဒေါ် စု တို့ အဖွဲ့ ခရီး ထွက် ကြ ရန် စီ စဉ် သည်ကို စိတ် လေး ကြ သည်။ ဒေါ် စု ၏ နား သို့ ပေါက် အောင်





ပြော နိုင် သူ တို့ က မုံ ရွာ တွင် ပင် ရပ် နားသင့်သည်ဟု အကြံ ပြု ကြ သည်။ မှန် ကန် သော အမြင်၊ မှန် ကန် သော အား ထုတ် မှု ကို ပြု ရန် မှာ မိမိ ၏ တာ ဝန် ဖြစ် သည် ဟု ကောင်း စွာ သိ သော ဒေါ် အောင် ဆန်း စု ကြည် က မိမိ အညွှန့်ခံသည်နှင့် ဖက် ဆစ်တို့က လူထုကြီးအား ပို ၍ နင်း လေ မည့် နိုင် ငံ ရေး သဘော တရားကို ဆင် ခြင် မိ သည်။ ခရီး စဉ် ရပ် သည် နှင့် ဇာတ် လမ်း မပြီး။ ဖက် ဆစ် တို့ ၏ ရန် စွယ် သည် ရပ် တန့် မည် မဟုတ်။ ထို ကြောင့် ခရီး ဆက် ရန် ဆုံး ဖြတ် သည်။ သူမသည် သေ ရဲ သည်။ လူ သား မှန် သမျှတို့ တသက် တကြိမ် သေ စမြဲ ဖြစ် ရာ တွင် မှန် ကန်သော ယုံကြည်ချက်နှင့် မိမိ မြတ် နိုး သည့် အများပြည်သူတို့ ၏ အကျိုးအတွက် သေရခြင်းသည် အမွန်မြတ်ဆုံးသော သေခြင်းပင် မဟုတ်ပါလော။

ဒီမိုကရေစီ ခရီးသွား ကားလေးစီးနှင့်အဖွဲ့သည် နေ့ ၁၂ နာ ရီတွင် မှ မုံ ရွာ မြို့ မှ ထွက် ခဲ့ ကြ သည်။ ကျောင်း သား လူ ငယ် မော် တော် ဆိုင် ကယ် တပ် ကြီး က ရှေ့ နောက် ဝဲ ယာ မှ ဘု တလင် မြို့ အထိ လိုက် ပို့ ကြ သည်။

ဒီ မို ကရေစီ ခေါင်း ဆောင် များ ဘု တလင်မြို့သို့ ချော မော စွာ ရောက် ရှိ မှ လူ ငယ် ထု ၏ မော် တော် ဆိုင် ကယ် တပ် ကြီး သည် မုံ ရွာ သို့ စု ရုံး ကာ ပြန် ခဲ့ ကြ သည်။

လူ ငယ် တို့ ဘာ ဝ တေး တကြော်ကြော်နှင့် ပြန် လာ ကြ သော အပြန် ခရီး တွင် ...

အနောက် မြောက် တိုင်း စစ် ဌာန ချုပ် နှင့် မလှမ်း မကမ်း– ဖီး တော ရွာ အရောက် ၌ တုတ် ရှည် ကြီး များ ကိုင် ဆောင် ထား သော ပု လိပ် တပ် ကြီး က ကား လမ်း ကို ပိတ် ကာ ရိုက် နှက် ကြ သည် ကို ခံ ကြ ရသည်။ အချို့ က နောက် ပြန် ပြေး သည်။ အချို့ တော တွင်း သို့ ပြေး ကြ သည်။ စွမ်း အား ကောင်း

သော ဆိုင် ကယ် တို့ က မုံ ရွာ အရောက် ပြေး နိုင် သည်။ လမ်း ကို ပိတ် ကာ ရိုက် နှက် သဖြင့် ဒဏ် ရာ ရ သူ များ သည်။ မော် တော် ဆိုင် ကယ် များ အလု ခံ ရ သည် လည်း များ သည်။

ထို နေ ရာ ၌ စော စော က ပင် ကျောင်း သား လူ ငယ် တို့ သွေး မြေ ကျခဲ့ရ ပြီး လေ ပြီ။ နေ့ ၂ နာ ရီ မှ စတင် ၍ မုံ ရွာ ဘု တလင် ကား လမ်း ပိတ် လိုက် ပြီ ဟု ဆိုင်း ဘုတ် စိုက် ထူ ကာ လာ သ မျှ မော် တော် ဆိုင် ကယ် များ ကို ရိုက် နှက် ကြ သည်။ စစ်တပ်က သာမက ပု လိပ် တို့ ပါ ဝင် ရောက် ရိုက် နှက် သည်။ သေ နတ် နှင့် လည်း ပစ် သော ကြောင့် စက် မှု ကော လိပ် ကျောင်း သား မင်း ဇော် ဦး ပွဲ ချင်း ပြီး သေ ဆုံး ရ ရှာ သည်။ ပွဲ ကြည့် ပရိသတ် ကို ရင် ငယ် တပါး လည်း ပျံ တော်မူ ရှာသည်။

ကျောင်း သား များ က မင်း ဇော် ဦး ၏ ရုပ် အလောင်း ကို မုံရွာ မြို့ တွင်း သို့ သယ် ယူ ကာ ဗိုလ် ချုပ် အောင် ဆန်း ကြေး ရုပ် ရင် ပြင် တွင် ချ ကာ အာ ဇာ နည် မကျှာပ် ထိုး ရန် ပြင် ဆင် နေ ကြ စဉ် စစ် တပ် နှင့် ပုလိပ် တို့ က လု ယူ သွား ကြ သည်။ ကျောင်း သား များ က ရက် စက် မှု များ ကို မျက် စေ့ အောက် တွင် မြင် တွေ့ ရ သော ကြောင့် စိတ် မထိမ်း နိုင် ကြ ဘဲ တို့ တာ ဝန် သုံး ပါး နအဖ ဝါ ဒဖြန့် ဆိုင်း ဘုတ် ကြီး များ ကို ဖျက် ချ ကြ သည်။

ငြိမ်ဝပ်ပိပြားရေး အတွက် ပုဒ် မ ၁၄၄ ထုတ် ပြန် ကြောင်း စစ် တပ် က ကြေညာကာ တွေ့ ရာ လူ များ ကို ဖမ်း ဆီး ပြီး ရှင်း လင်း သဖြင့် ပြေး ကြရ သည်။

ဘုတလင် မြို့ ၌ ဒေါ် စု နှင့် အဖွဲ့ သည် ခရီး စဉ် ၏ အဓိ က တာ ဝန် လုပ် ငန်းများ ကို ပြီး စီး အောင် လုပ် ဆောင် နိုင် သည်။ စစ် တပ် က ဖြုတ် ထား သည့် အမျိုး သား ဒီ မို ကရေစီ အဖွဲ့ ချုပ် ရုံး ဆိုင်း ဘုတ် ကို ပြန် လည် ၍ တင် သည်။ ဆက် လက် ၍ လူ





ငယ် ထု စည်း ရုံး ရေး ကို လုပ် ဆောင် နိုင် ခဲ့ သည်။ လုပ် ငန်း များ ပြီး စီး သော အခါ အစီ အစဉ် အတိုင်း ရေ ဦး မြို့ သို့သွား ရန် ဘု တလင် မြို့ မှ ညနေ ၅ နာ ရီ တွင် ထွက် ခဲ့ သည်။

ဘု တလင် မြို့ ၌လုပ် ငန်း ပြီး စီး ကြောင်း သတင်း ကို ရန် ကုန် သို့ ပို့ ရန် အတွက် ကား နှစ် စီး ကို မုံ ရွာ သို့ ပြန် လွှတ် ခဲ့သည်။ ထို ကား များ မုံ ရွာ သို့ မရောက်။ လမ်း မှ စောင့် နေ သည့် စစ် တပ် က သံ ဆူး ကြိုး များ နှင့် လမ်း ပိတ် ၍ ကား များ ကို တား ဆီး ကာ ကား ပေါ် ပါ ခေါင်း ဆောင် များ ကို ဖမ်း ဆီး သည်။

ထို ကား များ ပြန် လာ ပါက မိမိ တို့ လာ ခဲ့ သော ခရီးလမ်း အခြေ အနေ သတင်းကို သိ ရ မည် ဖြစ် သည်။ မုံ ရွာ နှင့် အဆက် ပြတ် သွား သဖြင့် အခြေ အနေ ကို မသိ ရ သော် လည်း သွား ရ မည့် ခရီး စဉ် အတိုင်း ထွက် လာ သော အခါ ရှေ့ ပြေး ကား နှစ် စီး ကို ကင်း ထောက် ရန် စေ လွှတ် သည်။ ထို ကား များ ကို လည်း လမ်း မှ စောင့် နေ သော စစ် တပ် က သံဆူးကြိုးများနှင့် လမ်းပိတ်၍ တား ဆီး ပြီး ဖမ်း ဆီး လိုက် သည်။

ဒီမိုကရေစီ ခရီး သွား ကား စု မှာ နောက် ကြောင်း မှ ဖြစ် ရပ် များ ကို လည်း ကောင်း၊ ရှေ့ ၌ တွေ့ရမည့် အခြေ အနေ ကို လည်း ကောင်း၊ မသိ နိုင် ဘဲ ခရီး ဆက် ခဲ့ ကြ သည်။

ဘု တလင် နှင့် မဝေး လှ သော စိုင်း ပြင် ကြီး ရွာ အထိ အနှောင့်အယှက် မရှိသဖြင့် ဆက် လက် မောင်း ခဲ့ ကြ သည်။ ဒီ ပဲ ယင်း နှင့် ၄ မိုင် ကွာ ရှိ ကျည် ရွာ သို့ ရောက် သော အခါ သံ ဃာ တော် များ နှင့် ရွာ သား များ က လမ်း ပေါ် ထွက် ကာ ကြို ဆို ကြ သည် ကို တွေ့ ရ သည်။

ဆရာ တော် များ အား ကန် တော့ ပြီး ရွာ လူ ကြီး များ အား နှုတ် ဆက် ကြ သည်။ ထိုနေရာ၌ ဆရာတော်များတို့ ဆန္ဒ

အရ ဒေါ်အောင် ဆန်း စု ကြည် က ၁၀ မိနစ် ခန့် နှုတ် ခွန်း ဆက် စကား ပြော ရသေး သည်။ မိုး ချုပ် ပြီ ဖြစ် သဖြင့် တို တို သာ ပြော ကာ တောင်း ပန် ၍ ခရီး ဆက် ခဲ့ ကြသည်။

ခဏ မျှ မောင်း မိ လျှင် ကျည် ရွာ ကို လွန် ၍ အကွေ့ တကွေ့ အရောက် ၌ အစိုး ရ ဆည် မြောင်း ဌာ န ဝင်း ကြီး ၏ ရှေ့ လမ်း ပေါ် တွင် သံဃာ နှစ် ပါး နှင့် ရွာသား သုံး ဦး တို့ က တား ပြန် သည်။ တ ရား ဟော ပါ ဟု တောင်းဆိုကြသည်။ "အချိန် နှောင်း သဖြင့် သီး ခံ ပါ ရန်" ဟု တောင်း ပန် သော် လည်း ဇွတ် တောင်း ဆို သဖြင့် အဖွဲ့ ကား မှာ ခရီး ဆက် မရ ဘဲ စက် များ ရပ် လိုက် ကြ ရ သည်။

"တရား ဟော ရ မည်" "အချိန် နှောင်း သဖြင့် မဟောပါ ရစေနှင့်" ကြိမ် ဖန် များ စွာ တုံ့ ပြန် ပြော နေ ကြ စဉ် တွင် ဘု တ လင် ဖက် မှ အပြင်း မောင်း လာ သော ကား အစီး ၂၀ ရောက် လာ သည်။ တပ် ဦး တွင် သံ ဃာ တော် များ ပါ သည်။ သူ တို့ တွင် လက် ပတ် ဖြူ များ ပတ် ထား သည်။ သက်ိန်း ဝတ် စစ် သား များ ဖြစ် သည်။

ကျည် ရွာ ထိပ် တွင် ရပ် တန့် ကာ ကျည်ရွာသားတို့အား ဒလကြမ်း ရိုက် နှက် ကြ သည်။ ဒီမို ကရေစီ အဖွဲ့ လာ ချိန် ၌ ရွာ သား တို့ အား ကား လမ်း သို့ မလာ ရ။ အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ရဟု စစ် တပ် က အမိန့် ထုတ် ထား ပါ လျက် ရွာမှ ထွက် ကာ ကြို ဆို ကြ သဖြင့် ပြစ် ဒဏ် ပေး ရ မည် ဟု ဆဲ ဆို ကာ ရိုက် နှက် ကြ သည်။ အင် အား ကြီး မား သော ထို အဖွဲ့ က ကျည် ရွာ တွင်း သို့ ဝင် ရောက် ကာ ရွာ သား များ ကို ရှာ ဖွေ ရိုက် ကြ ရင်း ရှေ့ ကွေ့ တွင် စက် ရပ် ထား သော ဒီ မို ကရေစီ အဖွဲ့ ကား များ ကို ဝိုင်း၍ စတင် ရိုက် နှက် ကြ သည်။

ဗိုလ် ချုပ် မှူး ကြီး တို့ ထွက် သည့် အတိုင်း မှောင် ကြီး ကျ





လာ သည့် အခါ ၌ လမ်း ဘေး ကုက္ကို ပင် ကြီး များ မှ ဆလိုက် မီး ကြီး များ လင်း လာ သည်။ ကား၊ လမ်း ၏ဝဲ ယာ သစ် ပင် ခြေ များ ခြုံ များ တွင် ပုန်း နေ ကြ သော လူ သတ် သမား ထုကြီး သည် ဘွား ကနဲ ကိုယ် ထင် ပြ ကာ ချီ တက် လာ ကြ သည်။

ဒီ မို ကရေစီ ကား အဖွဲ့ တွင် ဝိုင်း ရံ လိုက် ပါ လာ သော မော် တော် ဆိုင် ကယ် ၁၅၀ ခန့် မှ ကျောင်း သား လူ ငယ် များ က ကား များ ကို ဝိုင်း ၍ ကာ ကွယ် ကြ သည်။

"ဘယ် သူ မှ ပြန် မလုပ် နဲ့။ အကြမ်း မဖက် ကြ နဲ့" ဟု ဒေါ် စု ၏ အသံ ထွက် လာ သည်။ ကျောင်း သား များ က မိမိ တို့ အသက်ကို သတိမရ။ ဒေါ် စုလုံ ခြုံ ရေး ကိုသာ သတိ ချပ် ကြ သည်။ ကျောင်း သား လူ ငယ် တို့ က ဒေါ် စု၏ ကား ကို ဝိုင်း ၍ ကာ ကွယ် ကြ သည်။

"အမေ့ ကို မထိ စေ နဲ့"

"အမေ့ ကို ကာ ကွယ် ကြ"

အသံ များ ကျယ် လောင် စွာ အော် ဟစ် ကြ သော ကျောင်း သား လူ ငယ် များ ကို သက်ိန်းဝတ် စစ်သား များ က စတင် ရိုက် နှက် သည်။ ရန် ကုန် မှ ပါ လာ သော သက် စောင့် လူ ငယ် အဖွဲ့ က ဒေါ် စု အား လက်ချင်း ချိတ် ဆက် ကာ ဝိုင်း ထားပြီး ကာ ကွယ် ကြ သည်။

အင် အား ကြီး မား သော လူ သတ် တပ် ဖွဲ့ ကြီး က လက် နက် မျိုး စုံ ကို အသုံး ပြုကာ သတ် ဖြတ် ကြ သည်။ ဝိုင်း ကြီး ပတ် ပတ် ဒူ ဝေ ဝေ ကစား နည်း ကဲ့ သို့ သူ တို့ ၏ မိ ခင် ကြီး ကို လက်ချင်း ချိတ် ဆက် ကာ ဝိုင်း ရန် ထား သည် ကို ရိုက် နှက် သော အခါ လူ ငယ် တို့ သည် လူ သာ လဲ သွား သည်၊ လက် တွဲ ကို မဖြုတ်ကြဘဲ ခိုင် မြဲ စွာ ဆုပ် ထား သည်။ ဖွဲ့နပဲကြီးလှသော ထို လူ ငယ် တို့ ၏ သတ္တိ၊ ထိုလူ ငယ် တို့ ၏ စွမ်း အား ကို လူ

သတ် သမား များ ပင် အံ့ သြ မိ ကြ သည်။ တိုက် သူ အင် အား ကြီး ပြီး လက် နက် စုံ ကို သုံး ပါ လျက် ပစ် မှတ် ဖြစ် သော အမေစုအား သေစေလောက်သော ဒဏ် ရာ ရစေ သည် အထိ ရိုက် နှက် ခြင်း မပြု နိုင်။ လူ ငယ် သက် စောင့် တို့ က မိမိ တို့ အသက်ကို ပေး အပ် ကာ၊ လဲလှယ် ကာ အမေ့အသက်ကို ကယ် တင် နိုင် ခဲ့ သည်။ လူ ငယ် တို့ ၏ သတ္တိ ပြ ပွဲ ကြီး အဖြစ် ရာဇ ဝင် တွင် မှတ် တမ်း တင် ကျန် ရစ် လေ တော့ မည်။

ဦး ခေါင်း ကို ချိန် ၍ ရိုက် သဖြင့် တ ဦး ချင်း လဲကျသွား သည် ကို မြင် ရ သော အခါ ဒေါ်စုသည် သူတို့ခံကြရမည့် အသက် အန္တရာယ်ကို မတွေးနိုင်ဘဲ မိမိ အား ကာ ကွယ် ရင်း လဲကျ သွား သည့် သားများအတွက် ရင် နင့် ကာ မျက် ရည် များ ယိုဆင်းလာ ရှာ သည်။ သားလူငယ်တို့အတွက် ကြေ ကွဲ မိ သည်။ သားတို့၏ သတ္တိ ဖွဲ့ အတိုင်း အတာ ကို အံ့သြ ချီး ကျူး မိ သည်။ မိမိ ဖခင် ကြီး ကို ကွက် ကနဲ မြင် ယောင် မိ သည်။ ကြီးမားသော လူ သတ် တပ် ဖွဲ့ ကြီး ၏ ဦး တည် ချက် မှာ မိမိ သာ ဖြစ် သည် ဟု အသိ ဖြစ် လာ ပါ လျက် မိမိ မှာ ကြီး မား စွာ တုံ လှုပ် မှု မရှိ သည် ကို သတိ ပြု မိ သည်။ မိမိ ၏ သတ္တိ ဉာဏ်ရွေ့ ဉာဏ်မျှ ကောင်း လေ မည် ဟူ လည်း ရှေး က မတွေး မိ ဖူး ရှာ ပေ။

ထို စဉ် ကြိုက် ၌ ကား မောင်း သူ တို့ က သတိ ပြန် လည် လာ သည်။ တရား ဟော ပါ ဟု မေတ္တာ ရပ် ခံ ၍ တောင်း ဆို ကြ သဖြင့် ကား များ က စက် ရပ် ပေး ရသဖြင့် သာ ဝိုင်း ဝန်း ရိုက် နှက် ကြသည် ကို ခံ ကြ ရသည်။ သင်္ကန်း ဝတ် များ ပါ ဝင် သော မေတ္တာရပ် ခံ သူ များ သည် လူသတ် တပ် သား များ နှင့် တကြိတ် တည်း ဖြစ် ပေ မည် ဟု သိ ရှိ လာ ကြ သည်။ အမေ က ပြန် လည် အကြမ်း မဖက် ရန် ပြော သည်။ သူ တို့ အား ရန် တုံ့ ပြန် မှု မပြု ဘဲ ပြေး မှ ဖြစ် မည် ဟု ဆုံး ဖြတ် မိ ကြ သည်။





ရိုက် နှက် နေ ကြ သည့် အကြား မှ ထွက် ပြေး ရန် ကား များ ကို စက် နှိုး ကြ သည်။ ရိုက် သူ တို့ က ဦး တည်ချက် ပြောင်း ၍ ကား မောင်း သူ များ ကို ချိန် ရွယ် ရိုက် ရာ ကား အမှတ် ၃ ကို မောင်း သူ ကို စန်း မြင့် မှ ပွဲ ချင်း ပြီး သေ ရ ရှာ သည်။

အမှတ် ၂ ကား၊ ဥက္ကဋ္ဌ ကြီး ဦး တင် ဦး နှင့် အဖွဲ့ သည် ရန် သူ များ ကို ဖေါက် ထွက် ကာ လွတ် မြောက် သွား လေ သည်။ ဆက် လက် ၍ ဒေါ် စု ၏ ကား သည် လည်း လွတ် မြောက် ခဲ့ သည်။ လွတ် ထွက် သွား ကြ သော ကား များ ကို သေနတ် များ နှင့် ပစ် ခတ် ကြ သည်။ သစ် ပင် တို့ မှ ဆော့ချ လိုက် မီး မောင်း များ အပြင် လူ သတ် တပ် ဖွဲ့ သုံး ဒိုင် ယာ နာ ကား များ က မီး ဖွင့် ပေး သဖြင့် လ ကွယ် နေ့ ၏ သန်း ခေါင် ချိန် မှာ လင်းလင်း ထိန် ကာ ထိန် ထိန် လင်း နေ သည်။ ပစ် မှတ် ကို ထင် ရှား စွာ မြင် တွေ့ ချိန် ရွယ် ကာ ပစ် ကြ သော်လည်း ကျည် ဆံ တို့ သည် ကား နှစ် စီး ကို ထိ မှန် ခြင်း မရှိ။ တော စောင့် နတ်၊ တောင် စောင့် နတ် တို့ က စောင့် ရှောက် ကာ ကွယ် သမှု ပြု ကြ ပါ ပေ သည်။

ပစ် မိန့် အရ သေနတ် ပစ် ရ သူ များ သည် တပ် မတော် သား များ ဖြစ် ကြ သည်။ မတော် မတရား လုပ် ကြံ သတ် ဖြတ် မှု ကြီး ကို သဘောမတူ လက် မခံ နိုင် သဖြင့် ကျော်ပစ်ကြသည်၊ ချော် ပစ် ကြ သည် ဟု လည်း ယူ ဆ နိုင် သည်။

နောက် မှ ပါ လာ သော ကား တစင်း မှာ မူ ကား ဘီး ကို ကျည် ဆံ ထိ သဖြင့် ကား မောင်း သူ မှာ ကား ကို မထိမ်း နိုင် ဘဲ လမ်း ဘေး သစ် ပင် ကြီး ကို တိုက် မိ သဖြင့် ကား ပေါ် ပါ သူ များ ဒဏ် ရာ ရ ကြ သည်။ မန္တ လေး အဖွဲ့ ချုပ် ခေါင်း ဆောင် ဒေါ်ဝင်း ဝင်း မြ မှာ လက် ဖျံ ရိုး နှစ် ဖက် စလုံး ကျိုး သွား ရှာ ၏။

ဦး တင် ဦး ၏ ကား ကို အချိန် အနည်း ငယ် အတွင်း ရဲ တို့

က ပြန် ပိုင်း မိ သည်။ စစ် ဝတ် စုံ ချွတ် ထား သ ဒုတိယ ဗိုလ် မှူး ကြီး၏ အမိန့်အရ ဒီပဲယင်းမြို့ရဲ စခန်း မှူး ဦး စိန် ဝင်း က ဖမ်း ဆီး လိုက် သည်။ ဦး တင် ဦး က ရဲ ဝံ့ စွာ ထွက် ချက် ပေး သည်။

"ငါ့ ကို သေအောင်သတ်၊ ငါ မသေ ရင် မင်း တို့ ကို နိုင်ငံ တကာ ခုံ ရုံး တင် မယ်"

ရဲ ရင့် ပြီး ကား မောင်း ကောင်း သူ မောင်း နှင် သည့် ဒေါ်စု ၏ ကား ကို မူ စစ် တပ် ကား များ လိုက်မ မီ တော့ ပေ။ ရေဦးမြို့ အဝင်တွင်မှ တပ် ကင်း များ က ပိုင်း ၍ တား ဆီး ကာ ဖမ်း လိုက် ကြလေသည်။

ကား သုံး စီး လွတ် သွား သော် လည်း ကျည် ရွာ တ ခို မှ လူ သတ် ပွဲ ကို မူ စစ် ဗိုလ် ကြီး များ ၏ အမိန့် အရ ဆက် လက် ကျင်း ပ သည်။

ယုတ် မာ သော လူ သတ် တပ် ဖွဲ့ ဝင် တို့ က အမျိုး သမီး များ ကို ရှာ ဖွေ ရိုက် နှက် ကြ သည်၊ မရိုက် မီ အဝတ်အစားများ ကို ဆုတ် ဖြဲ ၍ လက် ဝတ် လက် စား များ ရွှေ ငွေ များ ကို လု ယက် ကြသည်။ ဘလက်ကာယပြုသည်လည်း ရှိ သည်။ ရိုင်းစိုင်း စွာ တော စပ် တွင်း သို့ ဆွဲ ခေါ် ကာ ရက် စက် စွာ ကျင့် ကြံ ပြီး မှ သတ် ဖြတ် သည် လည်း ရှိ သည်။ လောဘကြီး သူ တို့ က မူ မော် တော် ဆိုင် ကယ် မောင်း သူ လူ ငယ် များ ကို ရွေး ချယ်၍ အသေ သတ် ကြ သည်။ သူတို့ကို လေ့ ကျင့် စဉ် က သေ အောင် သတ် နိုင် လျှင် သေ သူ ၏ ဆိုင် ကယ် ကို လိုင် စင် သစ် နှင့် ဆု ပေး မည် ဟု ဗိုလ် မှူး ကြီး က ကတိ ပေး ခဲ့ သည်။

ကင် မရာ များ နှင့် ငွေ အိပ် များ နာ ရီ လက် စွပ် များ စသည့် အဖိုး တန် များ ကို မူ သတ် သူ ကို ယူ ခွင့် ပေး ထား သော ကြောင့် နိုင် ငံ ရေး လူ သတ် ပွဲ သာ မဟုတ်၊ လု ယက် သတ် ဖြတ် သော ဓား ပြ တိုက် ပွဲ ကြီး လည်း ဖြစ် ခဲ့ရသည်။





အမိန့် အရ သတ်ဖြတ်ရသော်လည်း သဘောကောင်းသူတို့ က တုတ် ဓား များ တို့ ကို လက် ဖေါ့ ၍ သုံး ကြ သည်။ "ကိုယ် လူ သေ ချင် ယောင် ဆောင် နေ ပါ၊ သေမှသာ အရိုက် ရပ်ရမယ် လို့ ဗိုလ် ချုပ် ကြီး တွေ က အမိန့် ပေး ထား တယ်"ဟု ပြောသဖြင့် ဟန် ဆောင် ကာ လဲ လိုက် နိုင် သော ကြောင့် အသက်မသေသူ များ အများရှိသည်။

အချိန် ကြာ မြင့် ပြီး နောက် မိုး တိုး မတ် တတ် ရပ် နိုင် သော ဒီ မို ကရေစီ တပ် သား ဟူ ၍ မမြင် ရတော့ မှ ပွဲ သိမ်း ရန် စစ် ဗိုလ် ကြီး များက အမိန့် ပေး သည်။

ဒဏ် ရာ ရ သူ မှန် သမျှ ကို ဖမ်း ဆီး ရ မည်။ ဒဏ် ရာ ရရှိ သည် ဖြစ် စေ မရ သည် ဖြစ် စေ၊ ဒီမို ကရေစီ အဖွဲ့ဝင် မှန် သည် ဖြစ် စေ၊ သာ မန် အရပ် သား ပင် ဖြစ် စေ ယခု ရှင်း လင်း ပွဲ ကို မြင် တွေ့ ကာ သက် သေ ခံ နိုင် သူ မှန် သမျှ အား လုံး ကို ဖမ်း စေ ဟု အမိန့် ထုတ် ကာ လူနာ များ၊ သက် သေ များ အားလုံး တို့ အား စစ် ကား များ နှင့် သယ် သွား ကြ သည်။ အား လုံး ကို ထောင် များ သို့ သယ် သော် လည်း ဒဏ် ရာ ပြင်း သူ များ ကို ထောင် များ သို့ မပို့ ဘဲ စစ် တပ် စခန်း များ သို့ ပို့ သည်။

စစ် မြေ ပြင် တွင် ကျန် ရစ် သော လူ သတ် တပ်ဖွဲ့ဝင်များကို သဲ လွန် စ မကျန် စေ ရ ဟု အမိန့် ပေးသဖြင့် ကားအများကို မီးရှို့ ကြရသည်။ မော်တော် ဆိုင်ကယ်များကို ဘေးသို့ ဖယ်ကာ ဝေစုခွဲ ကြရသည်။ အပင် ပန်း ဆုံး လုပ် ငန်း မှာ လူ ဦး ရေ ရာနှင့်ချီကာ သတ်ဖြတ်ရသောပွဲ ဖြစ်သဖြင့် ကျန်ရစ်သည့် သွေးကွက်ကြီးများ ပျောက်သည်အထိ သန့် ရှင်း ရသော လုပ် ငန်း ဖြစ် ကြသည်။

အကြောင်းဆုံသဖြင့် ဒီမိုကရေစီ အဖွဲ့ နှင့် လိုက်ပါသွားရာ မှ လက် ဖော့ သူ လူ ကောင်း နှင့် ကြုံ ကြိုက် သဖြင့် ဒဏ် ရာ မ ပြင်းဘဲ အသက် နှင့် အတူ ထောင်တွင်းသို့ ရောက်ရှာသူ မန္တလေး

မြို့ မှ သူ အို ကြီး တ ဦး က လူ ငယ် တို့ အား သူ ငယ် စဉ် က ကြား သိ ခဲ့ ရသော သီပေါမင်း၏ ညီသားနောင်မယ် ဆွေမျိုးများ သတ် ဖြတ် ပွဲကြီး အကြောင်း ကို အသေး စိတ် ပြော ပြ သည်။ “ရှေး က ဘုရင် က အာဏာ ထိမ်း ထား ဖို့ သတ် တဲ့ သတ် ပွဲ က အခု ပွဲ နဲ့ တသွေ မသိမ်း တူ လိုက် လေ ကွာ။ လက်မရွံ့တွေ က လု တာ ကျင့် တာ က လဲ ဒီလို ပါ ပဲ။ တိုင်းပြည်အတွက်တော့ မကောင်းဘူး။ အဲ ဒီ သတ် ဖြတ် ပွဲ ကြီး ကြောင့် ကုန်း ဘောင် မင်း ဆက် ပြတ် သွား ပြီး နိုင် ငံ ကြီး ကျွန် ဖြစ် ရ တယ် ကွ”

* * *

လူ သတ် ပွဲ နေ့ည က ခေါင်း ဆောင် ကြီး သုံး ဦး စလုံး စောစီး စွာ စစ် ရုံး ဆက် သွယ် ရေး ခန်း သို့ ရောက် ကြ သဖြင့် ဗိုလ် ခင် ညွှန့် က လေ ပြေ ထိုး သည်။ “တိုက်ပွဲကို ဗြိုလ်တုကတဆင့် မျက်မြင်ကြည့်နိုင်တဲ့ ကင် မရာ တွေ ကျွန် တော် တို့ မှာ ရှိ နေပြီ။ ထိုင်း ဝန် ကြီး ချုပ် ရဲ့ ဗြိုလ်တုလိုင်း ငှား ရတာ က ဈေး ကြီး ပေ မင့်က အသုံး ဝင် တယ်။ ရာဇဝီ တီထွင် တဲ့ ထောက် လှမ်း ရေး ကွန် ပြု တာ ကင် မရာ တွေ က လဲ အလွန် ကောင်း ပေါ့။ ဒီပွဲမှာ မသုံးသင့်လို့ မသုံး ရ တာ နာ တာ ပဲ”ဟု အတွင်းရေးမှူး (တစ်) ဗိုလ် ခင် ညွှန့် က ပြော ပြ သည် ကို ကျန် နှစ် ဦး က စိတ် ဝင် စား မှု မပြကြပေ။ ဗိုလ် ခင် ညွှန့် ကိုယ် တိုင် က စိတ် ဝင် စား သည် မဟုတ်။ ဖြစ် လ တန့် သော တိုက် ပွဲ သတင်း မလာ သေး သဖြင့် စကား မ ရှိ စကား ရှာ သည် သာ။

တိုက် ပွဲ စသည် နှင့် ဆက် သွယ် ရေး အ ရာ ရှိ က တိကျ မှန် ကန် သော ဖြစ်ရပ် များ ကို အဆင့် ဆင့် သတင်း ပေး သည်။ ခေါင်း ဆောင် ကြီး သုံးဦး စလုံ း တို့ သည် သဲဖို တုန် လှုပ် စွာ နှင့် နား ထောင် ကြသည်။





နောက်ဆုံး “ဒေဝစံရှား နဲ့ ဒေဝ တင် လှ ကို ဖမ်းမိထားပြီ” ဟု သတင်းပေးပို့သည်မှာ အရှင် ဖမ်း မိ ခြင်း ဖြစ် သည်၊ အသေမိ သည် မဟုတ် ဟု နား လည် သဖြင့် သူ တို့ ၏ လုပ် ကြံ မှု ကြီး အ ရေး နိမ့် ပြီ ဟု သိ ရှိ ကာ ခေါင်း ငိုက် စိုက် ကျ သွား ကြ သည်။

တာဝန် ခံ ဗိုလ် စိုး ဝင်း ကိုယ် တိုင် အစီ ရင် ခံ သော အခါ “စံ ရှား နဲ့ ဒေ ဝ ကို လက် ထဲ မှာ ရနေ သည် ကို အပြီး စာ ရင်း ရှင်း ရန် မသင့် သေး သဖြင့် ဆိုင်း ထား ပါ တယ်။ ရဲ အဖွဲ့ အရာ ရှိ များ သာ မက ဒဏ် ရာ များ စစ် ဆေး ဖို့ ဆရာ ဝန် များ ပါ ပြ ရ တာ ကြောင့် အရှင် ဖမ်း ထား ကြောင်း အရပ် က သိ နေ ကြ ပါ ပြီ။ သူ တို့ ကို ရန် ကုန် ဖြစ် စေ၊ အခြား စစ် စခန်း များ ဖြစ် စေ ခေတ္တခဏ ချုပ် နှောင် ထား ပြီး အလျှဉ်း သင့် ချိန် တွင် မှ ကွက် မျက် သင့် ပါသည်။”

သူ ပုန် သူ ကန် များ နှင့် တိုက် ပွဲ တွင် မိမိ တို့ ဖက် မှ အ ရေး နိမ့် ကြောင်း အစီ ရင် ခံ လျှင် အထက် လူ ကြီး များ က ပြောင်း ဆန် အောင် ဆူ ပူ ဆဲ ရေး လေ့ ရှိ သည်။ ယခုမူ အစိုးရ ကိုယ် တိုင် က နိုင် ငံ သား ကို သတ် ဖြတ် ကြံ စည် မှု ဖြစ် သဖြင့် လူ ကြီး များ သည် ဗိုလ် စံ ဝင်း ကို ပင် လေသံမာမာ မပြောဝံ့ ကြ ရှာ ပေ။

ရက်အတန်ကြာသောအခါတွင် ဖမ်းမိထားသူ နိုင်ငံတော်၏ ရန်သူကြီး နှစ် ဦး တို့ အား သတ် ဖြတ် ရန် အခြေအနေ မပေး တော့ ပြီ။ လူထုကြီးက ကန့် ကွက် သည်။ သူတို့က လူထုကို ဂရု မစိုက် ကမ္ဘာကိုသာ ဂရု စိုက် ကြ သည်။ ဒေါ် စု ကို လွှတ် ပေး ရ မည် ဟု ကမ္ဘာ က တခဲ နက် တောင်း ဆို နေ ကြ လေ ပြီ။

ဆက် သွယ် ရေး ကိ ရိ ယာ များ ကကောင်း သည်။ စာနယ် ဇင်း တို့ က လက် သွက် သည်။ ဗိုလ် ချုပ် ကြီး မောင် အေး ရေ အိမ် တွင်း ၌ ရွှေ ဥ တော် ကင် ဆာ မသက်ာ ဖြစ် ရ သည် ပင်

ချက် ခြင်း ကမ္ဘာ တခုလုံး သတင်း ပျံ့သွားသည်။ ဒေါ်စုကို လက်ဖြား နှင့် ပင် မတို့ ဝံ့ တော့ ပြီ။ ဦး တင် ဦး ကို စော စော က ညှဉ်း ဆဲ သေး သည်။ ဦး တင် ဦး က အစာ တော် ခံ တိုက် ပွဲ ဆင် သဖြင့် အ လျှော့ ပေး ကြ ရသည်။

* * *

သူတို့သတ်မိသူက ၂၈၂ ယောက် ရှိသဖြင့် လူမှုရာဇဝတ်မှုကြီး ဖြစ်သည်။ ကမ္ဘာ စစ်ရာဇဝတ် ခုံရုံးမှ ကြိုးစင်သို့ တိုက်ရိုက်သွားကြရမည်။ ဦးနေဝင်း၏ ပြာကို စားမိသဖြင့် ဤသို့သော ရာဇဝတ်မှုကြီးကို ကျူးလွန်မိကြရသည်ဟု သတိမရ။ ဒေါ်စုနှင့် ဦးတင်ဦးကို လွှတ်က အမှုပေါ်မည်မို့ မည်သည့်အခါမှလွှတ်မပေးဟု ဆုံးဖြတ်ထားရသည်။ ကမ္ဘာ့နိုင်ငံများက ဆူပွက်ကန့်ကွက်နေကြပြီ။ မည်မျှကြာအောင် ဖမ်းထားနိုင်မည်နည်း။

မဟာမိတ် တရုတ် အစိုး ရ၊ ထိုင်း အစိုး ရ နှင့် မလေး ရှား အစိုး ရ တို့ က စီး ပွား ရေး အခွင့်ထူး များ ကို တောင်း ဆို နေ ကြ သဖြင့် သယံဇာတ များ ပြောင် စ ပြု နေ လေ ပြီ။

ဗိုလ်သန်းရွှေက ကြောက်လန့်သည်။ ဗိုလ်မောင်အေးက အရက်နှင့် အကြောက်ဖြေနိုင်သဖြင့် တော်သေးသည်။ အခွင့်ထူးကို ရှာနေသူ ဗိုလ်ခင်ညွန့်က ‘ရသာခိုက်တွင် ဘနဖူးပေါ် ၌ သိုက်တူးရန်’ စိတ်ဓာတ်စစ်ဆင်ရေး တိုက်ပွဲ ဆင်နွှဲသည်။ လူသားတို့အပေါ် သတ်ဖြတ်ကျူးလွန်သော လူမှုရေးရာဇဝတ်မှုကြီးများကို ကုလသမဂ္ဂက အရေးယူခဲ့ပုံ သတင်းများမှ နျူရင်းဘာ့ ကမ္ဘာ့စစ်ခုံရုံးများအကြောင်း အထိ ကြောက်ရွံ့ဖွယ်သတင်းများကို ဗိုလ်သန်းရွှေ၏ နားသို့ရောက်နိုင်သူ စစ်ဗိုလ်များကို နားသွင်းစေသည်။

“ခက် တာ ပဲ၊ ဒီဇင်ဘာမှာ ဂျပန်မှာ ကျင်းပမယ့် အေဆီယံ ထိပ် သီး များ ညီ လာ ခံ က လဲ ကပ် နေ ပြီ။ တက် မှ ဖြစ် မှာ





ပေါ့။ မပူ ပါ နဲ့ ကျွန် တော် က ဗိုလ် ချုပ် မှူး ကြီး အနား မှာ အမြဲ ရှိ ပါ မယ်” ဟု အမျိုး မျိုး ပြော ပြသည်။

နောက် ဆုံး တွင် ဗိုလ် သန်း ရွှေ သည် ကတော် ကြီး ဒေါ်ကြိုင်ကြိုင် နှင့် နှစ် ကိုယ် ကြား တိုင် ပင် ရ တော့ သည်။

“ဂျပန် မှာ ကျင်း ပမယ့် အေ ဆီ ယံ ထိပ် သီး ညီ လာ ခံ ကို တော့ မတက်လျှင် မဖြစ်ဖူး”

“ကျွန် မ တော့ မလိုက် ဖူး။ ရှင့် ဘာ သာ သွား”

“ငါ တက် မယ် ပြော တာ မဟုတ် ပါ ဘူး၊ ဗိုလ် ခင် ညွန့် ကို လွှတ် မှာ ပါ”

“ကောင်း သား ပဲ၊ သူ တက် ပေ စေ ပေါ့၊ သူ့ မယား က လဲ နိုင် ငံ ခြား သွား ပြီး ဈေး ဝယ် ဖို့ ပဲ ပြင် နေ တာ”

“သူ့ ကို ဒီ အတိုင်း လွှတ် လို့ မရ ဘူး။ ဝန် ကြီး ချုပ် ရာထူး ပေး မှ ဖြစ် မှာ။ ဝန် ကြီး ချုပ် မှ သာ ထိပ် သီး ညီ လာ ခံ ကို တက် ခွင့် ရှိ တယ်”

“ရာ ရာ သသ ... တော် ”

“အခြေ အနေ အရ ပေါ့ ကွာ၊ ဗိုလ် စိုး ဝင်း တယောက် ကို လဲ ရာ ထူး ပေး မှ တော် မယ်။ အတွင်း ရေး မှူး တစ် ရာ ထူး ပေး မှ တော် မယ်။ နောက် ပြီး သူ ရ ရွှေ မန်း ကို လဲ ကာ ကွယ် ရေး ဝန် ကြီး ပေး မယ် စိတ် ကူး တယ်”

“ဒီ လို ဆို ရှင့် မှာ ဘာ ရာ ထူး မှ မရှိ တော့ ဘူး ပေါ့။ ရွှေ မန်းကို ကာ ကွယ် ရေး ရာ ထူး ပေး ရင် မောင် အေး က စိတ် နာ မှာ လဲ ကြည့် ပါ ဦး။ ခြေ စောင့် လက် စောင့် ကာ ကွယ် ရေး ဝန် ကြီး ရာ ထူး ကို တော့ လက် ထဲ မှာ သိမ်း ထား ပါ လား ”

ဤသို့ဖြင့် ဒီ ပဲ ရင်း သတ် ဖြတ် ပွဲ ကြီး နောက် သုံး လ အ ကြာ ဩဂုတ် ၂၅ ရက် နေ့ တွင် ဗိုလ် ခင် ညွန့် အား နိုင် ငံ တော် ဝန် ကြီး ချုပ် ခန့် ထား လိုက် ရသည်။ ဗိုလ် စိုး ဝင်း က နအဖ

အဖွဲ့ ၏ အတွင်း ရေး မှူး (တစ်) ရာ ထူး ကို ဆက် ခံ သည်။

ဝန် ကြီး ချုပ် ဗိုလ်ခင် ညွန့် က လူ လည် လုပ် သည်။ ဗိုလ် စိုး ဝင်း အား အတွင်း ရေး မှူး(တစ်) ရာ ထူး အမည် ကို သာ ပေး သည်။ ကွန် ပြူ တာ ပညာ ရှင် များ အဖွဲ့ မှ တိုင်း ရင်း သား ဆေး ပညာ ရှင် များ၊ အဖွဲ့ ဥက္ကဋ္ဌ စသော လုပ် ငန်း အဝဝ လုပ် ဆောင် ရသည့် ဥက္ကဋ္ဌ ရာ ထူး များ ကို မပေးသောကြောင့် ဗိုလ် စိုး ဝင်း မှာ လုပ် ရန် တာ ဝန် မရှိ ဖြစ် ကာ အံ ကျိတ် နေ ရ ရှာ သည်။

ရာ ထူး ပြောင်း လဲ ပွဲ တွင် စာ ရင်း မပါ သော ဗိုလ် မောင် အေး က လည်း ကျေ နပ် မှု မရှိ။

မည် သို့ ပင် ခံစား ကြ ရစေ ကာ မူ နိုင် ငံ တော် ဝန် ကြီး ချုပ် ဗိုလ် ချုပ် ကြီး ခင် ညွန့် က ဒီ ပဲ ရင်း လုပ် ကြံ မှု ကြီး ချေ ဖျက် ရေး အတွက် နိုင် ငံ တော် လမ်းစဉ်သစ်ကို အမျိုး သား ညီ လာ ခံ မှ တဆင့် ပြောင်းလဲ မည် ဟု စီ စဉ် သည် ကို မူ စစ် ဗိုလ် ချုပ် ကြီး အား လုံး တို့ လက် ခံ ကြ ရသည်။ မိမိ တို့ လည် ပင်း ကြိုး ကွင်း ကြီး ဝဲ နေ သော ဘဝ ဆိုး က လွတ် မြောက် ရေး အတွက် ဗိုလ် ခင် ညွန့် ကို သာ အား ကိုး နေ ကြ ရ ရှာ သည်။

မိမိ တို့ တစု ရာဇဝတ် ဘေး ကြီး မှ လွတ် မြောက် ရေး အတွက် တနင်္သာရီတိုင်း ကို ထိုင်း ခေါင်း ဆောင် များ လက် တွင်း သို့ အပ် လိုက် ရ ပြီ။ တရုတ် နိုင် ငံ က မူ စစ် စခန်း များ ကို သာ တောင်း သည်။ ထို နိုင် ငံ နှစ် ခု ၏ အကူ အညီ နှင့် ကမ္ဘာ အရပ် ရပ် မှ ယဉ် ကျေး သော နိုင် ငံ များ ကို လည်း ကောင်း၊ မြန်မာနိုင် ငံ သား တို့ ကို လည်း ကောင်း၊ ထိပ်တိုက် ရင် ဆိုင် ကြ ပေ မည်။

အာဏာရှင် ၃ ဦးတို့ ပြေးမလွတ်နိုင်သော ရာဇဝတ်ဘေးမှ ပြေးနေကြသည်ကို စောင့်ကြည့်ကြပါစို့...

* * *





သွား လေ သူ ဦး နေ ဝင်း ၏ ပြာ ကို စား မိ သူ ၅စ် ဦး တို့ သည် ပျက် စီး ခြင်း ကို ရင် ဆိုင် နေ ကြ ရသဖြင့် ထို ဘေး ဆိုး မှ လွတ် မြောက် ရန် အား ထုတ် နေ ချိန် တွင် အမေရိကန်မြေပေါ် ရောက် ရှိ နေ ပါ လျက် ကံ ဆုံ သဖြင့် တန် ခိုး ပြာ ကို စား မြို မိ သူ နှစ် ဦး ရှိ နေ သေး သည်။

တနေ့ တွင် ဝါ ရှင် တန် မြို့ စစ် သံ ရုံး မှ စစ် သံ မှူး သည် ဇနိုး ထံ ပေါက် လာ သည်။

“ သံ ရုံး ရှေ့ မှာ ဒီ ပဲ ရင်း သတ် ဖြတ် မှု ဆန္ဒ ပြ ပွဲ ဗွီ ဒီ ယို ကို ကြည့် ရ တယ်။ မောင် ရင်ဟော ပြော တာ အကောင်း ဆုံး ပဲ၊ သ ရုပ် ဆောင် ကောင်း တယ် ဟေ့”ဟု ချီးကျူးပြီး ဇနိုး၏ နိုင်ငံ ရေး တက်လမ်းအတွက် အခွင့် အလမ်း တ ခု ကို ပေး အပ် သည်။

“ဒီ ပဲ ရင်း မှာ အစိုး ရ ကိုယ် တိုင် က သတ် ဖြတ် မှု ကြီး ကျူးလွန်ခဲ့တာ မှန် တယ်။ ကိုယ် လဲ မခံ ချင် ဘူး၊ ကိုယ်ရဲ့ နှမ တဦး သေရ တယ်။ ဦး လေး ကို လဲ ဖမ်း ထား တယ်။ ကိုယ် လဲ အမေရိကန်မှာ ခို လှုံ ခွင့် တောင်း တော့ မယ်။ တပတ်အတွင်း ခို လှုံ မယ်။ ဒီရက်အတွင်းမှာ ဒေါ်စုရဲ့ ကား ပေါ် မှာ ပါသွားပြီး ရိုက် ပွဲ က လွတ် လာ တဲ့ ငါ့ ညီ တယောက် ရောက် လာ တယ်။ သူက ဖြစ်သမျှကို အမေ ရိကန် အစိုး ရ နဲ့ ကု လသမဂ္ဂ ကို မျက် မြင် သက် သေ အဖြစ် ထွက် လိမ့် မယ်။ သူ ထွက် ဆို ပြီး ရင် ငါကလဲ ငါ့ ဆွေ မျိုး များ သေ ရ ကြောင်း၊ အဖမ်း ခံ ရ ကြောင်း တင် ပြ ပြီး ခို လှုံ ခွင့် တောင်းမယ်။ ငါ့ ကို ကူ ရင် မင်း ရဲ့ နိုင်ငံရေးဂုဏ်တက် ပါ မယ်” ဟု အသေး စိတ် ရှင်း ပြော သည်။

ခု လုပ် မှ ဖြစ် မယ်၊ နောက် ပိုင်း မျက် မြင် သက် သေ တွေ ထွက် လာ နိုင် လျှင် တန် ဖိုး ကျ မယ် ဟု လည်း ပြော သေး သည်။

ဘမိုးက လာဘ် မြင် သည်၊ ဒီ ပဲ ရင်း လူ သတ် ပွဲ အကြောင်း

ခွေး နွေး တိုင်း အမေ ရိ ကန် အမတ် မင်း များ နှင့် ကု လသမဂ္ဂ အရာ ရှိ များ က မျက် မြင် သက် သေ လို ချင် သည် ဟု ပြော ကြ သည်။ ထို ကြောင့် စစ် သံ မှူး ပြော သည် ကို ယုံ ကြည် ကာ ကူ ညီ မည် ဟု ကတိ ပေး သော အခါ သံ မှူး က အောက် ထပ် ပြန် ဆင်း သွား ပြီး ကား ပေါ် တွင် ထိုင် စောင့် နေ သော ညီ ငယ် ကို ခေါ်ခဲ့၍ ဇမိုး ထံ အပ် နှံ သည်။

"ကျွန် တော် နာမည် က မောင် ရင် မှိုင်း ပါ။ ဒေါ် စု ကာ ကွယ် ရေး ကျောင်း သား အဖွဲ့ ကို အမှု ထမ်း တာ ငါး နှစ် ရှိ ပါ ပြီ။ ဒီ တခေါက် လဲ ပါ သွား ပါသည်" ဟု စစ် တပ် က စီစဉ် သတ် ဖြတ် ပုံ များ ကို ကြောက် ရွံ့ စွာ ပြော ရှာ သည်။ လွယ် အိပ် တ လုံး သာ ပါ သော လူ ငယ် ကို ပထမ ထမင်း ကျွေး ထား ပြီး ညွန့် ပေါင်း အစိုး ရ အဖွဲ့ မှ မိတ် ဆွေ ဝန် ကြီး ကို ဖုန်း ဆက် ပြော ပြ သည်။

မျက် မြင် သက် သေပြ နိုင် မည် ဆို သဖြင့် ဝန် ကြီး က ချက် ခြင်း ရောက်လာသည်။

မောင် ရင် မှိုင် း ကို မေး မြန်း သော အခါ မောင် ရင် မှိုင်း သည် အမှန် ပင် ဒေါ် စု ၏ ကား ပေါ် ပါ သွား သည် ကို သိရသော ကြောင့် ဝမ်း သာ အား ရ နှင့် ခေါ် ဆောင် သွား သည်။ အမေ ရိ ကန် အမတ် များ လက် သို့ အပ် လေမည်။

ဖြစ် ရပ် က မြန် ဆန် လှ သည်။ မောင် ရင် မှိုင်း ကို ပွဲ ထုတ် ပြီး လျှင် စစ် သံ မှူး က ပါ နိုင်ငံ ရေး ခို လှုံ မည်။ ဇမိုး အဖို့ နိုင် ငံ ရေး ဂုဏ် သိက္ခာ တက် သည် နှင့် အမျှ ငွေအိုးများကို တူးဖော် သုံး စွဲ ရုံ သာ။ တ ည လုံး မ အိပ် နိုင်။

နောက်တနေ့ နံနက်စောစောတွင် ဝန် ကြီး က ဖုန်း ဆက် သည်။

"ကို ဇမိုး ရေ ချောက် ပဲ ဗျို့။ ခင် ဗျားရဲ့ မောင် ရင် မှိုင်း က





ဒေါ် စု တို့ ကား ပေါ် ပါ သွား တာ မှန် တယ်။ ဒါ ပေ မင့် နအဖ အစိုးရက မမှန်တာ ဘာ မှ မလုပ်။ ဒေါ် စု တို့ ခလောက် ဆန် လို့ လူ ထု က ဝိုင်း ရိုက် တာ လို့ ပြော နေ တယ်။ သေသေချာချာ စစ် တော့ စစ် စုံထောက် ရုံး က ထဲ့ တဲ့ သူလျှိုဆိုတာ ပေါ် သွားတယ် တဲ့"

ဝန် ကြီး နှင့် စကား မပြတ် သေး မီ အခန်း တံ ခါး ကို ခေါက် သံ ကြား ရ သဖြင့် ဖြတ် လိုက် ရ သည်။

အမေ ရိ ကန် များ ဝင် လာ သည်။ မိမိ တို့ သုံး ဦး သည် လူ ဝင် မှု အရာ ရှိ များ ဖြစ် ပါသည် ဟု မိတ် ဆက် ကပ် ကို ပြ သည်။ "မောင် ရင် မှိုင်း ကို ဗီဇာ မ ရ ပါ ဘဲ ခိုး သွင်း မှု ကို စစ် ဆေး ရာ မှ လူ ကြီး မင်း ရဲ့ နောက်ကြောင်းကို စစ် ဆေး ရာ တွင် လည်း ပြည်ဝင် ခွင့် ဗီဇာမမှန်သည်ကို တွေ့ ရသော ကြောင့် တရား ရုံး တွင် တင် ၍ စစ် ဆေး ပါ မည်။ အမှု ပြီး လျှင် ပြည် မှ နှင် ရန် အမိန့် ကျ ထား ပါ သည်" ဟု ပြော ရှင်း ကာ ယဉ် ကျေး စွာ ဇမ်း ဆီး ခေါ် ဆောင် သွား လေ သည်။

* * *

ဦး နေ ဝင်း ၏ ပြာ ကို စား မိ သူ ဆယ်ဦးမှ နောက်ဆုံးလူ ဥက္ကဌကြီးမှာ ပြာ ကို မိမိ စား မိ သည် ဟု ပင် မသိရှာပေ။ ဇမိုး က စေ တနာ နှင့် ဆေး ခတ် သည် သာ ဖြစ် သဖြင့် ပြာ ၏ စွမ်း အင် နှင့် တန် ခိုး ဆို သည် ကို သိရှိ တွေး တော ခြင်း မပြု ခဲ့ ပေ။ သူ သိ သည် ဖြစ် စေ၊ မသိ သည် ဖြစ် စေ ဦး နေ ဝင်း ၏ ပြာ က တန် ခိုး ပြ သည်။

ထို နေ့ က ဝါ ရှင် တန် မြို့ တော် ရှိ မြန် မာ့ ရုံး တော် တွင် ပွဲငယ်ကလေး တခု ကျင်း ပ သည်။ အင် ဒို ယား နား ပြည် ဖို့ဝန်

မြို့ ညီ လာ ခံ တွင် မြန် မာ ဒီ မို ကရေစီ အင် အား စု ကြီး က ဥက္ကဋ္ဌကြီး၏ ဦးဆောင်မှုကို ထောက် ခံ ကြ သည့် အောင်ပွဲ အထိမ်း အမှတ် ကျင်းပသည်။ ရုံးအဖွဲ့မှူး အမျိုးသမီးက ခရခေါက်ဆွဲကျော် ကို ကြော် လာ ခဲ့ သည် ကို ပျော် ရွှင် စွာ စား သောက် သော ပွဲ ငယ် သာ။

စား ကောင်း နေ ကြစဉ် တယ် လီ ဖုန်း ခေါင်း လောင်း သံ မြည်သဖြင့် တဦး က ကောက် ကိုင် ၍ နား ထောင် သည်။ ထို သူ က ဖုန်း ခွက် ကို ဥက္ကဋ္ဌကြီး ထံ သို့ လက် ကမ်း လိုက် သည်။

"ဆရာရေ"

ဥက္ကဋ္ဌကြီးက စကား အပြောမခံဘဲ "ရုံး ကို တယ် လီ ဖုန်း မဆက်ရဘူးလို့ ပြော ထား တယ် လေ" ဟု ဇနီး သည် အား မာန် လိုက် သည်။

ဇနီးငယ်က စကား မဆက်နိုင် ဘဲ ငိုင် သွား စဉ် တွင် တရုံ တဦး က ဝင် ပြော သည်။

"ကျွန်ုပ် တို့ က အစ် ဘီ အိုင် မှ ဖြစ် ပါ တယ်။ ဆွစ် ဘဏ် မှ လျှို့ ဝှက် စာရင်းနံပါတ် ၉၃၃၉၈၅ မှ ငွေ များ ကို စစ် ဆေး သော အခါ တရား မဝင် ရ ရှိ ငွေ၊ တရား မဝင် အပ် နှံ ငွေ များ ဖြစ် သည် ဟု တွေ့ ရ သဖြင့် အရေး ယူ ရ ပါ တယ်။ လူ ကြီး မင်း အိမ် မှ စာ ရင်း စာ အုပ် များ ကို သိမ်းယူ ပြီး ပါ ပြီ။ သို့ပါ၍ ကျွန်ုပ်တို့ ရုံး သို့ အမြန် လာ စေ လို ပါ တယ်။ လူကြီးမင်းရဲ့ ရုံးအောက်မှာ အနက်ရောင် ကားတစီး အသင့် စောင့် နေ ပါ တယ်။ အ ရာ ရှိ တဦးက ရုံး ပေါက် ဝ မှာ စောင့် နေ ပါ တယ်"

ဥက္ကဋ္ဌကြီးသည် ပြန် လှန် ဖြေ ကြား ခြင်း မပြု နိုင် ရှာ။ မျက် စိ များ ပြာ သွား သည်။

ခန္ဓာကိုယ်က မိုက် ကနဲ ဖြစ် သွား စေ ကာ မှု စိတ် တို့ သည် လျင်မြန်စွာ လှုပ် ရှား ကြ သည်။ ဖို့ ဝိန် ညီ လာ ခံ တွင်





ကိုယ် စား လှယ် တော် တ ဦး က "အဖွဲ့ကြီး၏ ဝင်ငွေ သုံးငွေများ ကို ပွင့် လင်း စွာ အဖွဲ့ ဝင် များ သိရှိခွင့်နှင့် ခေါင်း ဆောင် ၏ တာ ဝန် ယူ မှု ကို တောင်း ဆို ပါ သည်" ဟူ သော စကား လုံး များ ကို သာ ကျယ် လောင် စွာ ကြား နေ မိ ရှာ သ တည်း။

ဤတွင် ဇာတ်လမ်းနိဂုံးတံ

ကြေးမုံ ဦးသောင်း

* * *

## နိဂုံး

“ဆို ရေး ရှိ က ဆို အပ် လှ၏။
ဆို စ များ လျား ထား ပချေမိ ငါ့ဝန် ရှိ ခဲ့ ...”

ဆရာတော် ရှင်မဟာ ရဋ္ဌသာရက တို တောင်း သော ကဗျာ ရှု နှင့် ကျယ် ပြန့် ကြီး လေး သော တာဝန် ဝတ္တရားကို စာရေး ဆရာ သတင်းစာဆရာတို့ မှချထမ်းဆောင်ကြရမည်ဟု ညွှန်ကြား ပေး အပ် တော် မူ ခဲ့ ၏။

* * *

အင် လိပ် အစိုး ရ ကို ဒီ မို ကရေစီ နည်း နှင့် တိုက် စဉ် က ဖောက်ပြန်သော မြန် မာ နိုင် ငံ ရေး ခေါင်း ဆောင် များ ကို ပြင်းထန်စွာ ဝေဖန်ရန် ခွေးဂဏ္ဍိကို ရေးသီစဉ်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရဲ ဘော် ရဲ ဘက် များ ကို ဝေဖန် ရ သဖြင့် ရင်ထုမနာ ရေး ရ ရှာ သည် ဟု မှတ်သားရဖူးသည်။

“အစာမြင်လျှင် ဗမာ မခင်မှု၍
သာသနာ ပလ္လင်နဲ့ ဝေး တဲ့ အောင်
အမယ် မင်း ကျွေး မဟဲ့ အနှုးတွင်ဖြင့်
ခွေး အဖွဲ့ အထူး ရယ် လို့ နဘေး လှဲ့ လှဲ့ ပြီး ပြေး သနဲ့
လွှေး မကွဲ့ မြူး တတ် တဲ့ ဝန် မင်း ရယ် ခွေး ၂၁ ဦး။ ။”

“ဂျီ စီ ဘီ အေ အသင်း တွေ ပေါ် လာ တော့ တအားတက်မိ တယ်။ ဒါ ပေ မင့် ခေါင်း ဆောင် တွေ ကြည့် ရတာ အား တက်





စရာ မကောင်းဘူး။ မျက် နှာ မှာ သနပ်ခါးတွေနဲ့ ဘိုကတော်စိတ်ပေါက် နေ တဲ့၊ ယောက်ျားမပီသတဲ့ အကောင်တွေ သိပ်များတယ်၊ ဒါနဲ့ ခွေးဂဏ္ဍိကျမ်းကို ရေး တာ ဘုန်း ကြီး ကျောင်း က ခွေး တွေ နဲ့ တူတဲ့အကြောင်းပဲ” ဟု ဆရာကြီးက မိမိ စိတ်မကောင်းကြောင်း နှင့် ပုသိမ်မြို့ သခင်ညီလာခံတွင် ဖွင့်ပြောခဲ့သည်။

* * *

"Without Or With Offence To Friends Or Foe
I Sketch Your World Exactly As It Goes"

“ဘယ် သူ့ ထိပ်ကိုမှ ပိတ် ရော့ လို့ မောင် မခေါ်။
ဟုတ်တိုင်းဗျာ မှန် ရာ တွေး လို့ ရယ် ရေး ရ ပါ သော်။
နာ လုံး တွေ ဖော် အော် ကာ ဗျ မည် သူ ဆဲ။ ။
ရွှေ တလေး မှာ ဖြင့် ကြေ အေး တယ် ခါ မဟူပ၊
ကမ္ဘာသူ ခေတ် မှန် ပြ သည် သို့။
အမှားကို အမှန်ကျအောင်ဗျာ ရေးရတာပဲ။ ။”

(စာနယ်ဇင်းခေတ်ဦးက ရုပ် ပြောင် နှင့် က ဗျာ တွဲကာ နိုင်ငံ ရေး ဝေဖန် သူ ဆရာကြီး ရွှေ တလေး ၁၉၃၆ ခု နှစ် က ရေး ခဲ့ သော ကဗျာ)

❖ ❖ ❖

ကောလာဟလ သတင်းများကို ရန်ကုန် စစ် အစိုးရ ဗိုလ်ချုပ်ကြီးများက မလိုလားဘူး၊ မ ကြား ချင် ဘူး လို့ ဆို ၏။ ကောလာဟလ ဟူ သော ဝေါ ဟာ ရ ကို ဂျပ် ဆင် အဘိဓာန်၌ 'အုတ်အုတ် ကျက် ကျက် အသံ' ဟု ဖော် ပြ ထား သည်။ 'ယင်းစကား ပျံ့ပွား ရာ တွင် အမှန် မဟုတ်'ဟု လည်း ဆို ပေ သေး သည်။ စစ်အစိုးရက မကြိုက်ဖူး ဆိုစေကာ မူ သတင်း မှန် များ ကို ပိတ် ပင် ထား တာ ကြောင့် ကောလာဟလ သတင်း များ ကို လူ ထု ကြီး တရပ် လုံး က အုတ် အုတ် ကျက် ကျက် ဆူဆူ ညံညံ ကြား နေ ကြရ ပေသည်။

ထူး ဆန်း သည် မှာ ယင်း စကား များ အမှန် မဟုတ် ဟု အဘိဓာန်က ဆို ပါ လျက် အမှန် ဖြစ် လာ လေ့ ရှိ သဖြင့် ပြည် သူ တို့ မှာ ကော လာ ဟလ သတင်းများနှင့်ပင် လှုပ် ရှား နေ ကြ ရ ရှာ သည်။ ရန် ကုန် လူ ထု က အရပ် သား အချင်း ချင်း သတင်း ဖလှယ် ကြ ရာ တွင် "မြန်မာ့ အလင်း မှာ တော့ မပါ ဘူး၊ ကလာ ဟလော သတင်း ပဲ" ဟု ပြော ကြ လေ့ ရှိ ကြသည်။

တလောက ပိတ် ထား သည့် အင်း စိန် AGTI ကျောင်းကို အင်း စိန် တွင် ဖွင့် တော့ မည် မဟုတ်၊ သံ လျင် တွင် ဖွင့် မည်၊ ကျောင်း သား များ မိမိ တို့ စား ရိတ် နှင့် ကျောင်း တက် နိုင် ပါ ၏ လော ဟု မိဘများ ထံ သို့ သက် ဆိုင် ရာ က စာ ပို့ ခဲ့သည် မှာ မျက်မြင်ကိုယ်တွေ့ ဖြစ် ကြ သဖြင့် သတင်း မှန် ဖြစ် ၏။ ကျောင်း တက် ခွင့် ရ လျှင် ကျေ နပ် ရသော မိဘများက သား သ မီး များ ကို ကျောင်းပို့ပါမည်ဟု အား တက် သရော စာ ပြန်ခဲ့ကြသည်။

ကျောင်း ဖွင့် မည့် ရက် ကို မူ ကလာ ဟလော သတင်းသာ ထွက်လာသည်။ သက်ဆိုင်ရာက ကြေညာမှု မပြုသဖြင့် ကောလာဟာလ သတင်းအရသာ ကျောင်းတက်ကြရန် ပြင်ဆင်ကြရသည်။ ထိုစဉ်တွင် ရက် ရွှေ့ ပြန် သည် ဟု ကောလာဟာလ သတင်း ထွက်ခဲ့ပြန်သည်။ ‘သံလျင်တွင် ကျောင်း သား တယောက် ကား တိုက်ခံရလို့ ရက် ရွှေ့ သည်’ ဟု ကလာဟလော သတင်းဆက်ထွက်ခဲ့သည်။

ကျောင်းသားတယောက် ကားတိုက်ခံရလျှင် ကားမောင်းသူကို အရေးယူရန်သာ ရှိ ပြီး ကျောင်း ဖွင့် ရက် ရွှေ့ရန် မလိုပါပေ။ ‘ဧကန္တ တိုက်တဲ့ ကားမောင်းသူမှာ အရက်မူးနေတဲ့ အထူး အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးလား၊ ဘိန်းလုပ်ငန်းမှ ဘော်ထော်ပြီး ကားတစီစီ သရမ်းနေတဲ့ လူမျိုးစု ခေါင်းဆောင် လား၊ တယောက်ယောက် ဖြစ်ရ မည်’ ဟု ကောလာ ဟာလ သတင်းများကို တွေးတော ပြောဆိုနေ ကြ ပြန်သည်။

ဇာတ်ပေါင်းလိုက်သောအခါ အမှန် လက်တွေ့အားဖြင့် သံလျင်တွင် ဖွင့် မည် ဆို သော ကျောင်း မဖွင့် ဖြစ် ပေ။ သတင်း မဆုံးသေး။ မန္တလေးနှင့် တပြည်လုံး တွင် ရှိ သော ဖွင့်နေသော AGTI ကျောင်း အားလုံးကို လူသိ ရှင် ကြား ကြေညာမှု မပြုဘဲ ပိတ်လိုက်သည်။ ကျောင်းသားများကို ခရီး စား ရိတ် ပေး ပြီး ပြန်လွှတ်လိုက်သည်။ ဤ သတင်း သည် မြန် မာ နိုင် ငံ မှ ဗိုလ် ချုပ် ကြီး များ မလို လား သော ကောလာဟာလ သတင်း မှန် များ နှင့် သတင်း မှားများ ဖြစ်ကြ ပေသည်။

ဤနည်းဖြင့် ရန် ကုန် တွင် အုတ်အုတ်ကျက်ကျက် ပြောနေကြ သော ကောလာဟာလများ အများရှိသည်။ ကုန်သွယ်ရေး ဝန်ကြီးကို ဖမ်း ဆီး ထားသည်။ လာဘ်စားမှုနှင့် စစ်ဆေးနေသည်ဟု ပြည်ပ ရေဒီယို စာနယ်ဇင်းများက ရေးကြ ပြောကြစေကာမူ ရန်





ကုန်မြို့မှ ‘ပျောက်ကွယ်သွားသော ခေါင်းဆောင်ကြီးမှာ အဖမ်းခံရသည် မဟုတ်၊ စစ်ကိုင်းတောင်ရိုးပေါ်တွင် ကမ္မဋ္ဌာန်းထိုင်နေသည်’ ဟု ကောလာဟာလ သတင်း များထွက်လာပြန်သည်။ “သူ့ ကို ဘယ်လိုလုပ်ပြီး ဖမ်း ရဲ မှာ လဲ။ တလော က ပဲ နံပါတ်တစ်ကတော်ကြီး က စိန် တွေ ဝယ် တာ သိန်း ၂၀၀ ဖိုး တောင် တန်သတဲ့။ ကုန် သွယ် ရေး ဝန် ကြီး က ဝယ်ပေးတာပေါ့။ ငွေချေတော့ သိန်း ငါး ဆယ်စျေး ပိုယူတယ် လို့ အငြင်းအခုံ ဖြစ် ကြ သေး သတဲ့။ ကြား က ပွဲ စား လုပ် ရတဲ့ ဗိုလ် မှူး ခမြာ မှာ အိပ် ထဲ ပါသွား တဲ့ ငွေ သိန်းငါး ဆယ် ကို စိုက် ပေး လိုက် မှ ပြေ လည် ကြ တာ တဲ့။ ဒီလို ဝယ် တာ ကို ကုန် သွယ် ရေး ဝန် ကြီး က သိ ထား တော့ သူ့ ကို ဖမ်း ရင် ရုံး မှာ ဖွင့် ပြော မှာ ပေါ့၊ ဒါ ထက် ပို သိ တယ် တဲ့။ အဲ ဒီ စိန် တွေ က ဝတ် ဖို့ စု တာ တဲ့- မင်္ဂလာ ဒုံ လေ ဆိပ် မှာ ရှိ တဲ့ ကတော် ကြီး ပိုင် တဲ့ ကျောက် မျက် ရတနာ ဆိုင် အတွက် မဟုတ်ဖူး တဲ့၊ ဆောက် လုပ် ရေး ကုမ္ပဏီက ပိုင်သလိုလို လုပ် ထား တဲ့ အဲ ဒီ ဆိုင် မှာ- မိုး ကုတ် ကျောက် တွေ သာ တင် တာ ပဲ ဟာ”ဟု ပြောနေကြသည်။

“ဟုတ် တယ် ဟုတ် တယ်၊ ဝန်ကြီးကို ရုံးတင်မှာလဲ မဟုတ်ဖူး၊ ဖမ်းမှာလဲ မဟုတ်ဖူး၊ ဟို ဟို နံပါတ်နှစ်ကြီးရော သမီးတော်တွေရော–နယ်စပ်က သစ်လုပ်ငန်းနဲ့အတူ ဘိန်းလုပ်ငန်းပါ လုပ်ကိုင်ကြတာကို ဝန်ကြီးသိတယ်လေ”ဟု ပြောသူက ပြောနေကြ၏။

ရန် ကုန် သား များ အထူးသဖြင့် ရန်ကုန်သူများ ပြောကြသော ကာလာ ဟလော သတင်း များ သည် မြန်မာ့အလင်းတွင် ဖော် ပြ သော သတင်း များ ၏ ဂယက်များလည်း ဖြစ်တတ်သည်ကို အောက် ပါ အတိုင်း ကြား ရ သည်။

“၃၅ ကြိမ် မြောက် ရ တနာ ပြ ပွဲ ကျင်း ပ တော့ မယ် တဲ့၊ နိုင် ငံ ခြား ငွေ တွေ ဝင် လာ တော့ မယ်”

"ဒါ ပေ မင့် ထိပ် ဆုံး က ထိပ် သီး ကတော် ကြီး က ဦး ဦး ဖျား ဖျား သွား ကြည့် ပြီး ကြိုက် တာ တွေ ကို ..."

"မဆလ အစိုးရခေတ်က ခေါင်းဆောင်ကြီးနဲ့ ကတော်ကြီး ဒေါ် ခင် မေ သန်း တို့လို ကြိုက် တာ တွေ ကို နှိုက် ယူ တာ မဟုတ် ပါ ဘူး။ ငွေ ပေး ဝယ် တယ် လို့ ကြား ရ ပါ တယ်။ ကျောက် တွေ အ များ ကြီး ဝယ် ပြီး စု ကြ တယ် တဲ့။ ဝယ်နိုင်လို့ ဝယ်တာ ပေါ့"

"ဟုတ် ပါ တယ်၊ ဟုတ် ပါတယ်၊ ဒေါ် ဒေါ် ပြိုင် ဒေါ် ဒေါ် လှိုင် ဒေါ်ဒေါ်နိုင်တို့က ငွေ ပေး ဝယ် ကြ တာ ပါ။ အလကား မယူကြပါ ဘူး၊ တရား မျှ တ ပါ တယ်။ တို့ကိုယ်တိုင် မြင်လိုက်ရပါတယ်။ ဒေါ် လာ တ သောင်း လို့ ဈေး ရေး ထား တဲ့ နီ လာ ကြီး တ လုံး ကို တ ဒေါ် လာ ငါး ကျပ် ပြား ခု နှစ် ဆယ် အစိုး ရ ငွေ လဲ လှယ် နှုန်း နဲ့ မြန်မာ ကျပ်ငွေစက္ကူ ငါး သောင်း ခုနစ်ထောင်ပုံ ပေးပြီး ဝယ် သွားတယ်လေ"

ယင်းသို့ စိတ် ဝင် စား ဖွယ် ကောလာဟာလ သတင်းများကို ပြောကြရာတွင် မှောင် ခို ဈေး တွင် အမေရိကန် တဒေါ်လာကို ကျပ် စက္ကူ ကျပ် သုံး ရာ မှ လေး ရာ အတွင်း နေ့စဉ် ဈေးနှုန်း ပြောင်း လဲ နေ သည် ကို မူ ပြော လေ့ မရှိ ဟု သိ ရ ပါ ကြောင်း။

ဖေဖော်ဝါရီ ၁၁ – ၁၉၉၈ သတင်းဆောင်းပါး

❖ ❖ ❖



## တု ရှိုင်း မ မီ နောက်ဆုံးသတင်း

'တုရှိုင်း မမီ' တဲ့ အမည်ကလေးက သင်း လှ ပေ သည်။ ထိုရုပ်ရှင် ကို လွန် ခဲ့ သော ၁၉၉၅ ခုက ရန် ကုန် မြို့ တွင် ရိုက် ကူးခဲ့သည်။ ယင်း ဇာတ် ကား ကို ထုတ် လုပ် သူ မှာ ကုန် သွယ် ရေး ဌာ န ဝန် ကြီး 'ဘောင်း ဘီ ကျွတ်'ဗိုလ် ချုပ် ကြီး ထွန်း ကြည် ဖြစ် သည်။ (မှတ်ချက်။ 'ဘောင်း ဘီ ကျွတ်' ဟူ သည် မှာ–ရန် ကုန် သား တို့ က စစ်ဗိုလ် ကြီး များ ကို 'ဘောင်း ဘီ ဝတ်'ဟု ခေါ် ကြ ရာ မှ ပြုတ် သွား သော ဗိုလ် ချုပ် ကြီး များ ကို ခေါ် ကြ သော ဝေါဟာ ရသစ် ဖြစ်သည်။) တုရှိုင်းမမီ ရုပ်ရှင် ဇာတ် ကား ကြီး ရိုက် ကူး ချိန် မှ စတင်ကာ ထူး ထူး ကဲ ကဲ ဆန်း ပြား သော ဇာတ် လမ်း အ များ ဖြစ် ပျက် ခဲ့ သည်။ ဟိုးလီးဝုဒ်ရုပ်ရှင်မြို့တော်နှင့် ကမ္ဘာ အရပ် ရပ် တွင် မ ဖြစ် နိုင် သော ဇာတ်ကွက်များ အမှန်တကယ် ဖြစ် ပျက် ခဲ့ သည်။

ထို စဉ် က ကုန် သွယ် ရေး ဝန် ကြီး ဌာနသည် စာအုပ် ထုတ် ဝေ သော လုပ်ငန်းကိုလည်း လုပ်ကိုင်သေးသည်။ ဆရာကြီး တက် တိုး ဘာသာ ပြန် သော မင်္ဂလာတရား (၃၈) ပါး စာအုပ်ကို ထုတ် ဝေ ခဲ့ လေရာ ဆရာ တက်တိုးအား ငွေထုပ်ကြီးနှင့် တခမ်း တနား ပူ ဇော် ခဲ့ ၏။ ဆ ရာ ကြီး အဖို့ များ ပြားသော မြန် မာ ကျပ် ငွေ များ ကို ရ ရှိ သော် လည်း သုံးစွဲသောအခါတွင် မြေ ပဲ လှော် သာ ဝယ် စား နိုင် ရှာ သည်။ ပူဇာစ ပူဇနေယျာနံ–ပူဇော် ထိုက် သော သူ ကို ပူ ဇော် ရာ တွင် စာရေးဆရာများသို့ ကုန် သွယ် ရေး ဝန် ကြီး က မြေပဲ လှော် ဝယ် စား နိုင် သော မြန်မာ ကျပ် ငွေ စက္ကူ များ ကို သာ ပူ ဇော် သည်။

ရုပ် ရှင် မင်းသမီးများကိုမူ ... ရုပ် ရှင် ရိုက် ကူး သော အခါတွင်မူ ဒါရိုက်တာကြီးနှင့် သရုပ်ဆောင် မင်းသား မင်းသမီးများ က မိမိတို့ စေတနာနှင့် လုပ် အား ပေး ပါ ရ စေ ဟု တောင်းပန်ကြ လေသောကြောင့် ဉာဏ်ပူ ဇော် ခ ပေး မရ လေသဖြင့် 'မော်တော် ကား တင် သွင်း ခွင့်ပါမစ် များ နှင့် လက် ဆောင် တုံ့ ခဲ့ ရ သည်' ဟု သတင်းက ဆို ၏။

မြန် မာ နိုင် ငံ တွင် ဒေါ် လာ စတ္တူ ရွှေ ဒင်္ဂါး တို့ ထက် တန် ဖိုး အမြင့် ဆုံး စတ္တူ မှာ သိန်း ပေါင်း များ စွာ တန် ရှိ သော မော်တော်ကား တင် သွင်း ခွင့် ပါ မစ် စတ္တူ ဖြစ်သည်။ ရုပ်ရှင် ဒါရိုက်တာကြီးတဦးကို ပါမစ် ၂၀၀ ထုတ် ပေး သဖြင့် ချက်ခြင်း လက်ငင်း ကုဋေကြွယ် သူ ကြွယ် ကြီး ဖြစ်သွားသည်။ သူ၏ ဇနီး နာမည်ကျော် ရုပ် ရှင် မင်းသမီးက အကောင်းစား ကားတစီးနှင့် ကားပစ္စည်းအများကို သံမဏိ ကုန် သယ် တွဲ ကြီး နှင့် တင် သွင်း လာ ခဲ့သည် ဟု သိရ သည်။

ကားပါမစ်အပြင် သစ် များ ခုတ် လုပ် ရောင်းချခွင့် ပါမစ် များကိုလည်း ထုတ်ပေးလေသောကြောင့် ရှေးဟောင်းမင်းသမီးချော ကြီးတဦးသည် ရုပ်ရှင်လောကကို ကျော နိုင်း ကာ စီးပွားရေး လုပ် ငန်း ရှင် ကြီး အဖြစ် လုပ်ငန်းသစ် ထူထောင်ခဲ့တော့သည်။ ဤသို့ ဖြင့် ရုပ် ရှင် လော က ရ တနာ ပုံ ဆိုက် နေ ကြ ရာ တွင် ရွှေ ငွေ ကား ပါ မစ် အပြင် အမျိုး မျိုး သော စုတ် လာဘ် များ ဝင်ခဲ့သည် ဆို ၏။ ဝန်ကြီး၏ သမီးတော် ဗိုလ် မှူး ကတော် တဦးက အဆို တော် မင်း သား တဦး ကို ငိုက် ငိုက်ပါ အောင် ကြိုက် လှ ချီ ရဲ့ ဟု ဆို ကာ စစ် ဗိုလ် မှူး ကို ကွာ ရှင်း ပြီး အိမ်ထောင်သစ် ထူ ကာ ဂီတ ကလပ် အများ ဖွင့် ခဲ့ သည် ဆို သေး ၏။

ယင်း ကဲ့ သို့ အနုပညာလောကကြီးတခုလုံး ပြည်တော်သာ နေ ကြ စဉ် ၁၉၉၇ ခု နို ဝင် ဘာ လ အတွင်း က ကုန် သွယ် ရေး





ဝန် ကြီး ဘောင်း ဘီ ကျွတ် ဗိုလ်ချုပ် ကြီး ရုတ် တရက် ပျောက် ကွယ် သွား ခဲ့ လေ သည်။ မြေမြှုပ် သွား လေ သလော–မိုး ပျံ သွား လေ သလော မည် သူ မှ မသိ ကြ ရ ပေ။ လက် ရှိ အစိုး ရ သစ် ဝန်ကြီးများနှင့် ပြော ရေး ဆို ခွင့် ရှိ သော အရာ ရှိ ကြီး များ ပင် သိ ကြ ဟန် မတူပေ။

ပျောက် သွား သူ ဝန် ကြီး ၏ အကြောင်း ကို အစိုး ရ ထိပ် သီး အာ ဏာ ရှင် သုံးဦးတို့ကလည်း တရား ဝင် ထုတ် ဖော် ပြော ကြား ခြင်း မပြု ဘဲ ရေငုံနေသဖြင့် ဇာတ် လမ်း ပြတ်သွားသည်။ ကုန် သွယ် ရေး ဝန် ကြီး သာ မက ၁၉၈၈ ခုက ဖွဲ့ ခဲ့ သော နဝတ အဖွဲ့ ဝင် ၂၀ အနက် ဝန်ကြီး တာဝန် ထမ်းဆောင် သော စစ် ဗိုလ် ချုပ် ကြီး (၁၃) ဦးတို့ ပါ ပျောက်ကွယ်သွားကြသည်။

နဝတသည် အမည်ပါ ပျောက် သွား သည်။ နဝတ စုတေ စိတ်ကျပြီးနောက် နအဖ ဟု အ မည် သစ် ဖွား မြင် လာ သည်။ မူ လ က အဖွဲ့ဝင် (၂၀) အနက် ခေါင်း ဆောင် ဗိုလ် ချုပ် မှူး ကြီး မှာ ပယောဂရောဂါနှင့် ကွယ် လွန် ရ ရှာ သည်။ ထိပ် သီး တ ဦး မှာ လုပ် ကြံ ခံ ရ ပြီး၊ နောက် တ ဦး လည်း ပျောက်သွားပြန်သည်။ နဝတ (၂၀) မှာ နအဖ (၃) ဦးသာ ကျန် ရစ် ခဲ့သည်။

တကြိမ်ထဲ ရုတ်တရက် ပျောက် သွား ခဲ့ သူ ဗိုလ် ချုပ် ကြီး များ သည် မန္တလေး မြို့တော်၌ ဖိမ် ခံ ရပ် ကွက် ကြီး ဆောက် ကာ အနားယူနေကြ သည် ဟု လည်း လူ ထု က ကြားရသည်။ ကုန်သွယ် ရေးဝန်ကြီးပြုတ် အပါအဝင် ဗိုလ် ချုပ် ကြီး (၁၄) ဦးတို့ လာဘ်စား ငွေ များ၊ ခိုး ဝှက် ငွေ များ ကို စင်္ကာပူ စသော နိုင် ငံ ခြား ဘဏ် များတွင် အပ် နှံ ထား သည် ကို သားတော် သမီးတော်အား နိုင် ငံ ခြား သို့ စေလွှတ် ခွင့် ပြု ကာ ထုတ် ယူ သုံး စွဲ ခွင့် ပြုသည် ဟု လည်း သိ ရ သည်။

ထို့ပြင် မြန် မာ နိုင် ငံ တွင် စစ် ဗိုလ် ကြီး များ သာ ပိုင် ဆိုင်

ခွင့် ရှိသော 'ဦး ပိုင်' အမည် နှင့် အကြီးဆုံး လက် ဝါး ကြီး အုပ် စီးပွားရေးကုမ္ပဏီကြီးတခုကို ၁၉၉၀ ခု နှစ် က ဖွဲ့ စည်း ခဲ့ သည်။ နိုင် ငံ ခြား လုပ်ငန်း ကြီး များ နှင့် ပူး ပေါင်း လုပ် ဆောင် ရန် နိုင်ငံ ခြား သုံး ငွေ လို လာ သည်။ ထိုအချိန်က အစဉ်အဆက် တည်ဆဲ ဥပဒေများအရ မြန်မာနိုင်ငံသားမှန်သမျှတွင် နိုင် ငံ ခြား သုံး ငွေ ပိုင် ဆိုင် ခွင့် မရှိ သဖြင့် စစ်ဗိုလ်ကြီးများ အဖို့ ချွေ တာ စု ဆောင်း ထား သော မြန် မာ ကျပ်ငွေများနှင့်သာ အစု ဝယ် နိုင် ကြ ရှာ သည်။ ကုမ္ပဏီ လုပ် ငန်း များ အတွက် သန်းပေါင်း များစွာ လို အပ်သော နိုင် ငံ ခြား သုံး ငွေ များ ကို အစိုးရအဖွဲ့ ကာကွယ်ရေး ဌာန လက် အောက် ရှိ စစ် ပစ္စည်း ဝယ် ယူ ရေး ညွှန် ကြား ရေး မှူး ရုံး မှ စိုက်ပေးစေဟု ဦးပိုင်ကုမ္ပဏီ ၏ ဥပဒေက ပိုင် နိုင် စွာ ရေး ထား သည်။

စစ်ပစ္စည်း ညွှန်ကြားရေးမှူးသည် သိကြားသားမဟုတ်သဖြင့် သူ၏ ရုံးတွင်လည်း နိုင်ငံခြား သုံးငွေ ပိုင်ဆိုင်ခြင်း မရှိသဖြင့် အစိုး ရပိုင် ရွှေတိုက်တော်မှ အရပ်သား အခွန်ထမ်းတို့ ပိုင်ဆိုင်သော နိုင် ငံ ခြား သုံး ငွေများ ကို ဦးပိုင်အား လို သမျှ ထုတ် ပေး ရ သည်။

ထို စနစ်အရ ကုမ္ပဏီ တည်ထောင်သည်နှင့် ဦး ပိုင် ဒါ ရိုက် တာ လူကြီး စစ်ဗိုလ်ကြီးများ သည် ရက်အနည်းငယ်အတွင်း နိုင်ငံ ခြား သုံးငွေ ကုဋေချီကာ ကြွယ် ဝ သွား ကြ သည်။ ထို့ပြင်မကသေး ယောကျ်ားမ၊ ယောက္ခ၊ ခယ်မတော်မှ သား တော် သမီး တော် ဆွေ တော် ၅စ်သောင်း မျိုးတော်ပေါင်းတို့အား ဦး ပိုင် တွင် အလုပ်ခန့် ထား ခြင်း ဖြင့် နဝတစစ်ဗိုလ် ကြီး ၂၀ တို့ ၏ မိသား စု ပါ ဇောတိက ဇဝတိလဆွေမျိုးဆက်ကို ပြန် လည် တည်ထောင် နိုင် ခဲ့ ကြ သည်။ ဗိုလ် ချုပ် ကြီး ဇောတိက၊ ဗိုလ် ချုပ် ကြီး ဇတိ လ (၂၀) အနက် ပျောက် သွား သော ဗိုလ်ချုပ် ကြီး (၁၄) ဦး နှင့် နောက် ဖြုတ် ဗိုလ်ချုပ်ကြီးတို့သည် ဦးပိုင်အဖွဲ့ ကြီး များ ၏ အစု ရှင် များ ဖြစ်





ပြီး ယ ခု တိုင် ပိုင် ဆိုင်နေကြ သည် ဟု ယူ ဆရ သည်။

၁၉၉၉ ခု စာ ရင်း အရ ဦး ပိုင် လုပ် ငန်း ကြီး ၏ ဝင် ထွက် ငွေသည် နိုင်ငံတော်အစိုးရ၏ ရသုံး ခန့်မှန်းချေ ဘတ် ဂျက် ငွေ စာ ရင်း ထက် အဆ (၃၀) များပြားသည်။ အစိုးရ က ပုံနှိပ် ထုတ် ပြန် သော စာ ရင်း ဇယား အရ ဦး ပိုင် လုပ် ငန်း ကြီးသည် မြန် မာ ကျပ် ငွေ ၃၅၁,၃၀၀ ကုဋေနှင့် နိုင် ငံ ခြား သုံး ငွေ အမေရိကန်ဒေါ်လာ ၅၆,၈၀၀ ကုဋေကို ပိုင် ဆိုင် ကာ စီး ပွား ရေး လုပ် နေ ကြ ဆဲ ရှိသည်။ နောက် ပိုင်း တွင် စာ ရင်း ထုတ် ပြန် မှု မ ပြုတော့သော် လည်း လွန်စွာကြီးမားသော ငွေပင်ငွေရင်းသည် အဆများစွာ တိုး တက် နေ ဦး မည် မှာ သေ ချာ သည်။

ထိုရွှေ့ ထို မျှ များ ပြား ကြီး မား သော ငွေ များ ကို ဗိုလ်ချုပ် ကြီးပြုတ်များက ဆက်လက် ကွပ်ကဲကာ အမြတ်အစွန်း ထုတ်ပေး နေရသည်ဟု ခန့် မှန်း ရ သည်။ ငွေများ ရွှေများက များပြားလွန်း သဖြင့် မည်သည့် ဗိုလ် ချုပ် က ကုဋေ မည်မျှ ထုတ်သုံးသည်၊ ကုဋေ မည် မျှ ကို မည် သည့် ဗိုလ်ချုပ်ကတော်က ခေတ္တခွဲသုံး ထားသည် စသော အချက်ကို လည်းကောင်း၊ ဦး ပိုင် ကြီး တခုလုံး၏ စာရင်း များ ကို လည်း ကောင်း အရပ် သား များ မည်သည့်ကာလတွင်မှ သိ ရှိ ခွင့်ရ မည် မဟုတ် ပေ။ ထို ငွေ များ ကို ပိုင် ဆိုင် ခြယ် လှယ် သုံး စွဲ နေ သော ဗိုလ် ချုပ် ပြုတ် (၁၄) အပေါင်းတစုတို့ မည်သည့် မြို့ မည်သည့်ရွာတွင် အိမ် နိမ့် နန်း စံ နေ ကြသည် ကို ယခုသတင်း ရေးသော သက္ကရာဇ် ၂၀၀၃ ခု နှစ် အထိ အ ရပ် သား များ မသိ ကြရသေးပေ။ ဘောင်း ဘီကျွတ် ဗိုလ် ချုပ် ကြီး ၏ ခြေရာကို ဖျောက် ထား သော် လည်း သူတို့၏ ပူဇော်ခကို လက်ခံခဲ့ကြသော အနု ပညာ သည် များ ကို မူ အာ ဏာ လက် ရှိ စစ် ဗိုလ် ချုပ် ကြီး များ က ခြေရာ ကောက်ကြသည်။

ကုန် သွယ် ရေး ဝန် ကြီး အတွက် စေ တနာ တ ခွဲ သားနှင့်

ရုပ် ရှင် ရိုက် ပေး သူ ရုပ် ရှင် ဒါ ရိုက် တာ ကြီး နှင့် မင်းသမီး မင်း သား များ ကို စစ်စုံထောက်များက ခေတ္တခဏကြွလှဲ့ပါဟု ဖိတ်ခေါ် ဆွေးနွေးနေသည်ဟု ကြားသိရသည်။

မျက်ရည်တောက်တောက် ကျအောင် အလွမ်းသရုပ်ဆောင် ကောင်းသူ မင်းသမီးကြီးများအဖို့ လက်တွေ့ အလွမ်း ဇာတ် လမ်း များ ကို က ပြ ကြ ရ သည်။ ရုပ်ရှင် သရုပ်ဆောင် မင်း သမီး များ သာမက ကချေသည် အငြိမ့်မင်းသမီးများထံသို့လည်း ဖိတ်စာပေး ပို့၍ ခေါ်ယူ ကာဆွေး နွေး နေ သည် ဟု ဆို သေး၏။

သူ တို့ ကို သာ မ က ကိုယ် ဟန် ပြ အ လှ မယ်များကိုလည်း စစ် စုံ ထောက် များ က စိတ် ဝင် စား စွာ ဆွေးနွေးခဲ့ပေသည်။ အ စိုး ရ အရာ ရှိတဦး ၏ လစာ မှာ တလလျှင် ငါးဒေါ်လာသာ ရှိ ပြီး စစ်ဗိုလ်ချုပ်ကြီးများ ပိုင် သော ဖက်စပ် လုပ် ငန်း ကြီး များတွင် ခြံစောင့်များကပင် တလ ဒေါ်လာ တ ရာ နှုန်း ပေး နေသည့်တိုင် ဝင်ငွေနှုန်းများ ကွာဟခြားနားနေသဖြင့် ရန် ကုန် မြို့ တော် ၏ လူ နေ မှု စနစ်တွင် ဈေး အကျဆုံး ကုန်စည် ဈေး အပေါ ဆုံး ပစ္စည်း မှာ အမျိုးသမီးကလေးများ၏ အိန္ဒြေ ဖြစ်နေခဲ့သည်ကိုလည်း ထို သတင်းဆက်က ထုတ်ဖော်သေးသည်။

နဝတ– နအဖ အစိုးရ၏ အားထုတ်မှုသည် အောင် မြင် ခဲ့ပေ သည်။ နေ့စဉ် နေ့တိုင်း မြို့ သစ် များ မှ ဆင်း ရဲ သော အမျိုးသမီး ကလေးများသည် တတ်အားသမျှ လှပစွာ ဝတ် ဆင် ဖီးလိမ်းကြပြီး ရန်ကုန်မြို့တွင်းသို့ ဝင်လာ ကြ ကာ တနေ့စာ စား သောက် ရန်၊ (ကံကောင်းပါက) မိမိ မိသားစုအတွက် ပါ စားစရာ ပြန်သယ်နိုင် ရန်အတွက် ဖြစ်သည့်နည်းနှင့် ရရှိနိုင်သည့် အလုပ်ကို လုပ်ကိုင်စား သောက်နေကြရပေသည်။ ပိုမို လှပြီး ပို မို လူရည်လည်ကြသော အမျိုးသမီးများက ညစဉ်ကျင်းပသည့် မယ်ရွေးပွဲဝင်ကာ ယှဉ်ပြိုင် ကြ ခြင်း ဖြင့် စီး ပွား ရှာ နေ ကြ ရသည်။





အလှမယ် အရွေး ခံ ရသည် နှင့် အိမ် တဆောင် မီး တပြောင် တိုက်ခန်းတခုကို မြို့တော် ဦး စီး ကြီး က ချီး မြှောက် လေ့ ရှိသည်။ ပြိုင်ပွဲဝင်များ အထူး များပြားလာစေကာမူ ယောက်ျားကောင်း ပီ သ သော မြို့တော်အကြီးအကဲမင်းက လှလေသူတိုင်းကို ဆုချီးမြှင့် နိုင်ကြသည်ဆို၏။ အထက်မှ ဘောင်းဘီကျွတ် ဗိုလ် ချုပ် ကြီး ပျောက် သွားသောအခါ မြို့တော်၏ ပထမနှင့် ဒုတိယ အကြီးအကဲတို့လည်း ဘောင်းဘီချွတ်ခံရပြီး ပျောက်သွားရှာပြန်သည်ဟု သတင်းရရှိသည်။

ပထမ အကြီး အကဲ က မူ– ထိပ် သီးတို့ ၏ ထိပ် မှ ဘောင်း ဘီ ဝတ် ကြီး များထံသို့ သွား ရောက် ဒူး ထောက် ကာ– “ကျွန် တော် စုဆောင်း ထား မိ ခဲ့ တဲ့ ကျပ် ငွေစက္ကူ ထုပ် ကို ဒေါင် သုံး လုံး ရယ်၊ နိုင် ငံ ခြား မှာ အပ် ထား တဲ့ ဒေါ် လာဘဏ်စာရင်းရယ်၊ အားလုံးကို တပ်မတော်သို့ လှူ ပါ တယ်၊ နောက် ပြီး မယားငယ် ကလေးတွေကိုပါ တပ်မတော်သို့ လှူဒန်းလိုပါတယ်၊ ကျွန်တော်တို့ အချင်းချင်း ခမီး ခမက် တွေ ဖြစ်ကြတာကို ထောက်ထားစေလို ပါတယ်” ဟု မျက်ရည်ခံထိုး၍ တောင်းပန်သဖြင့် အမှားကို ဝန်ခံ သော သူတော်ကောင်းတဦးအဖြစ် အမေရိကန်သို့ သံအမတ်ရာထူး နှင့် သူကောင်းပြုရန် စီစဉ်ခဲ့သည်ဟု သတင်းရခဲ့သည်။

တပ်မတော်သို့ လှူဒန်းလိုသည် ဆိုသော အလှမယ်ကလေး များကိုမူ တပ်မတော်၏ သမိုင်းပေး ... မူ အရ လက်မခံဘဲ ကလေး မများအား ဆုချထားသော အစိုးရပိုင် တိုက်ခန်းများကိုသာ ပြန် သိမ်းပြီး အလှတုံးကလေးများကို နှင်ထုတ်ခဲ့သည်။ ထို့ကြောင့် ရန် ကုန်မြို့၏ ကုန်ဈေးနှုန်းမှန်သမျှ တက် မြင့်နေစေကာမူ ပော်တယ် ကြီး များ တွင် အလှမယ်ဈေး အဆမတန် ကျဆင်းသွားခဲ့ပြန်သည်။

ထိုသတင်းသည် ထို မျှ နှင့် ရပ်မနေ ပေ။ ဒီ ပဲ ရင်း လူ သတ် ပွဲ ကြီး အပြီး တွင် ဗိုလ် ချုပ် မှူး ကြီး သန်း ရွှေမှာ စား မဝင် အိပ် မပျော် ရော ဂါ စွဲ ကပ် ခဲ့ နေ ခဲ့ သည်။

ဖိုး မာ ရှယ် ကြီး သည် နဂို ကပင် လူ စု လူ ဝေး ကို ကြောက် တတ် သည်။ ဖိလစ်ပိုင်သို့ ခရီး ထွက်စဉ်က ဖိလစ်ပိုင်ရှိ ဒီမိုကရေစီ ဆန္ဒပြသူတို့က ဝိုင်းသဖြင့် ပြေး ခဲ့ ရသောကြောင့် သွေး ပျက် ခဲ့ ရသည်။ "ကျုပ် အသက် ကြီး ပါ ပြီ၊ မိဖုရားခေါင်ကြီး ကြိုင်ဒေဝီက လဲ နှလုံး သွေးမကောင်းရှာဘူး၊ ဒီမို ကရေစီ နိုင် ငံ ကို မသွားပါရစေနဲ့" ဟု ဝန်ကြီးအဖွဲ့ကို ဝန် ချ သဖြင့် ဗီယက်နမ် ကွန် မြူ နစ် ဖက် ဆစ် နိုင် ငံ သို့ သာ မကြာ ခဏ ချစ် ကြည် ရေး ခရီး ထွက် ခဲ့ လေ့ ရှိ ခဲ့သည်။

မကြာမီက ဝန် ကြီး အစည်း ဝေး တ ခု တွင် အတွင်း ရေး မှူး (တစ်) ဗိုလ် ချုပ် ကြီးခင် ညွန့် က 'ဒီပဲရင်းတရွှေသည် ကြောက်စရာ ကောင်း စေ ကာ မူ အေဆီယံအစည်းဝေးများတွင် နိုင်ငံတို့၏ ဝန် ကြီး ချုပ် များ သာ တက် ပိုင်ခွင့်ရှိပါသည်။ စကား တလုံး 'ပစ်'လိုက် သည်။ ထိုနေ့ကစပြီး ဖိုး မာ ရှယ် ကြီး သည် သူ ပိုင် ရာ ထူး ကြီး များ ဖြစ် သော ၁) တပ် မတော် သေ နာ ပတိ ချုပ် ရာ ထူး၊ ၂) နအဖ အဖွဲ့ ဥက္ကဋ္ဌ ရာ ထူး၊ ၃) ဝန်ကြီးချုပ် ရာ ထူး နှင့် ၄) ကာ ကွယ် ရေး ဝန် ကြီး တည်း ဟူ သော ရာ ထူးကြီး များ ကို ပင် ကြောက် လန့်နေသည် ဟု စစ် ဦး စီး ရပ် ကွက် တွင် သတင်း ဖြစ် လာ သည်။

"လွှယ် ပါ တယ် လူကြီးသုံး ဦး တို့ ရာ ထူး ကြီး တ ခု စီ ခွဲ ယူ ကြ ရုံ ပေါ့" ဟု ဒုတိယစစ် ဦး စီး ချုပ် ဗိုလ် ချုပ် ကြီး မောင် အေး က အရက်သောက်ရင်း ပြော သည် ကို လျှို့ ဝှက် အသံ ဖမ်း စက် မှ မိ ဖု ရား ခေါင် ကြီး ကြိုင်ဒေဝီက ကြား သိ လိုက် ရာ မှ ဖိုး မာ ရှယ် ကြီး နှင့် တိုင် ပင် ကြ ပေသည်။

"ဟ ... ဘယ်လိုလုပ်ပြီး ရာထူးတွေကို တ ခု စီ မုန့်ကို ဖဲ့ဝေ သလို ဝေပေးရမှာလဲ၊ မဖြစ်နိုင်ပါဘူး" ဟု ဖိုး မာ ရှယ် ကြီး က ပြော သည်။





"ကျွန် မ ကတော့ နိုင် ငံ ခြား မလိုက်ချင်တော့ဘူး။ ကျောက် ဆည်က ဆွေ မျိုး တွေ ဆီ တောင် မသွား ဝံ့ တော့ ဘူး" ကြိုင်ဒေဝီ မှာ မျက် ရည် စ ကလေး ဝဲ လာ သည်။

"ဒါ ဖြင့်လဲ ဝန် ကြီး ချုပ် ရာ ထူး ကို ဗိုလ်ခင်ညွန့်ပေးလိုက် မယ်။ နိုင်ငံခြား သွား စရာ ရှိ တိုင်း သူ့ကို လွှတ် မယ်။ သူက မျက် နှာပြောင် တယ်၊ မှ သား စကား ရဲရဲ ပြောဝံ့တဲ့ အကောင်။ ကိုယ် အဖို့ သက်စောင့် ခြေစောင့် ရာထူး သုံး ခု ချန် ထား တာ ပေါ့" ဟု ဖိုးလ်မာရှယ်ကြီးက အားမတန်သဖြင့် မာန် ကို လျှော့ လိုက် သည်။

ကာ ကွယ် ရေး ဝန် ကြီး ရာ ထူး ကို ဆင့် ဟို ဒင်း ကိုမျှော် သကဲ့ သို့ မျှော် နေ သူ ဒု ဦး စီး ချုပ် ဗိုလ် ချုပ် ကြီး မောင် အေး က လည်း သူ အဖို့ ရာထူး တိုးမရဘဲ ဒုံ ရင်း သာ နေ ရမည် ကို အိမ်တော်၌ လျှို့ ဝှက် တပ် ဆင် ထား သည့် အသံ ဖမ်း ခွက် မှ ကြားရသည်။ ဘလက် လေ ဘယ် ဝီ စကီ ကို အ လျှံ ပယ် သောက် ထားသဖြင့် အသံ မကြား အောင် ဆဲသော်လည်း 'မအေဃိုးကြီး၊ မယေအိုးကြီး' စသည်ဖြင့် ပီ သ စွာ ပင် ဆဲ ဆို ခြင်း မပြု နိုင် ရှာ ပေ။

ဗိုလ် ချုပ် ကြီး ခင်ညွန့်က လည်း သူ့ အဖို့ မင်္ဂလာ သတင်း ကောင်းကို ထိုနည်းလည်းကောင်း လျှို့ ဝှက် အသံဖမ်းစက်မှ ပီသ ကြည်မြစွာ ကြားလိုက်ရသည်။ သတင်း သိရသည်နှင့် တပြိုင်နက် ဘောင်းဘီကျွတ်ရာထူး ပြုတ် မြို့တော်မှူးကြီးထံ တမုဟုတ်ချင်း ဖုန်း ဆက် သည်။ တခေတ်က ရန် ကုန် မြို့တော်တွင် ဇာ ဦး ရေ ပေါများ ရန် အား ထုတ် မှု နှင့် သူ ကိုယ် တိုင် လက် မှတ် ထိုး ၍ ရာထူးမှ ဖယ် ရှား ခဲ့ သော ရန် ကုန် မြို့ တော် မှူး ကြီး အား "ကိုယ့် လူ ကျုပ် ရဲ့ ဝန် ကြီး ချုပ် ရုံးမှာ အထူး ဝန် ကြီး လုပ် ဖို့ ပြင် ထား ပေ တော့" ဟု ပြော လိုက်သည်။

ဤသို့ဖြင့် နဝတ တက် ချိန် မှ စတင် ကာ ရန် ကုန် မြို့တွင် ပြည့်တန်ဆာ ဦး ရေ တိုး မြင့် ရာ မှ ခေတ္တ ခဏ ကျ ဆင်းခဲ့သည် ကို မြို့တော်မှူး ဝန်ကြီးသစ် စွမ်းအားဖြင့် ပြည့်တန်ဆာများ ပြန်လည် ပေါ် များ ပေ ဦး မည်။ တလောက အမေရိကန် အစိုးရက စီး ပွား ရေး ဖိ အား ပေး သဖြင့် ရန် ကုန် မြို့ တော် ၌ ပြည် တန် ဆာ များ ပေါ် နေ ပြီ ဟု နဂိုက ပေါ်သည့် သတင်းကို အမေရိကန်တို့ကြောင့် ပေါ်သယောင် စစ် စုံ ထောက် သတင်းစာက ဝါဒဖြန့်ခဲ့သည်။

ထို ဝါ ဒ ဖြန့် သတင်းကို ယုံကြည်သဖြင့် ထိုင်း နိုင် ငံ မှ စစ် ဗိုလ်ကြီး (၆၀) တို့ သည် အစု အဝေး နှင့် မြန် မာ နိုင် ငံ သို့ ချစ် ရေး ကြည် ရေး ခရီး ထွက်ခဲ့သည်။ ထို အချိန် က ခေတ္တ ခဏ ဈေး တက် ဖွယ် ရှိ သည်။ ဆက် လက် ၍ ... ဝန် ကြီး ချုပ် ဗိုလ်ချုပ်ကြီး ခင် ညွန့် နှင့် သူ၏ ရုံးတော်တွင် အမှုထမ်းမည့် မြို့တော်မှူးဟောင်း သူ၏ အထူးဝန်ကြီး တန်ခိုးကြောင့် ထိုင်းမှ စစ်ဗိုလ်ကြီးများ ချစ် ရေး ကြည် ရေး အဖွဲ့ အများ လာရောက်ဖွယ်ရှိသည်ဟု မျှော်လင့် ရပေကြောင်း။

ဤသတင်းတို့မှာ စိတ် ကူး နှင့် တီထွင် ရေးသားရန် ခက်ခဲ ပြီး– မည်သည့် ကမ္ဘာတွင်မှ မဖြစ်နိုင်သော တကယ့်အမှန် “တုန့်ငိုးမဓိ” ဇာတ် လမ်း ဖြစ် ပေ ကြောင်း။

❖ ❖ ❖



## ဆန်တပြည်ကျပ်တသန်း ဝတ္ထုတို

“မိ ချို ရေ ... မိ ချို ... အမေ့ ဆီ လာ ခဲ့ စမ်း ”

တဲ ငယ် ၏ လှေ ကား တက် တွင် ရုပ် ပြ စာ စောင် တ ခု ကို ကြည့် နေ သော မိ ချို သည် ဇာတ် လမ်း တွင် စွဲ နေ သဖြင့် ချက် ချင်း မသွား ဘဲ မ ကြား ဟန် ပြု နေ သည်။

မေမေက သမီး ၏ သဘော ကို သိ သည်။ အသက် ၁၃ နှစ် အရွယ် လူ လား မမြောက် တ မြောက် မလိမ်မိုး မလိမ္မာ သမီး ကို ကြည့် ကာ ပြုံး မိ ရှာ သည်။ သမီး မလာသဖြင့် အမေက သမီးထံ သွား ရ သည်။

“သမီး မှာ ပိုက် ဆံ ရှိ သေး သလား... အမေ ကို ခ ဏ ပေး ပါ လား”

မိချို က မျက် မှောင် ကလေး ကုပ် သွား သည်။ သူ့ တွင် ပိုက် ဆံ အနည်း ငယ် ရှိ သည်။ သို့ သော် မေမေ့ ကို မပေး လို။ လိမ် ညာ ကာ မပြော တတ် သဖြင့်...“ သမီး မှာ–ကျပ် တသောင်း တန် သုံး ရွက် ရှိ တယ် အမေ။ နက် ဖန် ကာ ကျောင်း မှာ ပြောင်း ဖူး ပြုတ် တ ဖူး ဝယ် စား ဖို့ သိမ်း ထား တာ ပါ ” ဟု ဖြေ ရှာ ၏။

“မေမေ သိ ပါ တယ် သမီး ရယ် ပြောင်း ဖူး ပြုတ် ကို နက် ဖန် မစား ပါ နဲ့ ဦး၊ အမေ ထန်း လျက် တခြမ်း ပေး လိုက် ပါ မယ်။ သောကြာ နေ့ မှာ ဖေဖေ လုပ် ခ ရ တော့ မှ သွီး ကို ကျပ် ငါး သောင်း ပေး ပါ မယ်။ အဲ ဒီ တော့ မှ သမီး စား ချင် တာ ဝယ် စား ပါ ကွယ်”

အမေ့ စ ကား ကို ပယ် ရှား လေ့ မရှိ သော မိချိုက စာအုပ်ကြားတွင် သိမ်း ထား သော ကျပ် တသောင်း တန် သုံး ရွက် ကို ထုတ် ပေး ရှာ ၏။

"အင်း ... သမီးရဲ့ ပိုက်ဆံရပေမင့် မလောက်သေးပါကလား။ မင့် အဖေ အလုပ် က ပြန် လာ ချိန် မှာ ထမင်း ပူပူ ကလေး စား ရ အောင် ဆန် ဝယ် ဖို့ လို တယ် သမီး ရဲ့..."ဟု အမေက ညည်းရှာ၏။ အမေ သည် တညနေလုံး စာ ရင်း တွက် နေ သည်။ နံနက်က ကျန် သော ပဲ ပြုတ် အနည်းငယ်နှင့် ဘယာကြော်တဖဲ့ရှိသည်။ ကြက် သွန် တဥ ရှိ သည်။ နောက် ဖေး တွင် စိုက် ထား သော စိုက် ခင်း မှ ခရမ်း ချဉ် သီး နှင့်ဆီ မပါ ဘဲ သုတ် ပေး မည် ဟု ညစာအတွက် ဖွယ် ဖွယ် ရာ ရာ ဟင်း လျာ စီ စဉ် ခဲ့ သည်။ အရေးကြီးသည်မှာ ဆန်ဖြစ်သည်။

"ရှိသလောက် ပဲ ဝယ် တာ ပေါ့ မေမေ ရယ်"

"ပိုက် ဆံ နည်းနည်း နဲ့ ဝယ် လေ... ဆန် အရ နည်းလေကွဲ့ သမီးရဲ့။ အမေ့ မှာ ကျပ် တသိန်း တန် နှစ် ရွက် ရယ်၊ ကျပ် တသောင်း တန် သုံး ရွက် ရယ် အစုစု နှစ် သိန်း သုံး သောင်း ရှိ တယ်။ သွီး ပေးတဲ့ငွေနဲ့ ပေါင်း ရင် အစုစု ကျပ် နှစ် သိန်း ခြောက် သောင်း ရှိ နေ ပြီ"

"အဲ ဒါ နဲ့ ပဲ ဝယ် တာ ပေါ့ မေမေ ရဲ့"

"ပြော ပြီ ကော သမီး ရယ်၊ ဆန် ဈေး က ဆန် တပြည် ကို ကျပ် တသန်း ရှိ တယ် ကွဲ့။ တို့ ဝယ် နိုင် တာ က တစလယ် ရယ်။ တစလယ်သာ ဝယ် ပြန် တော့ လက် လီဈေး မို့-တစလယ် ကို ကျပ် သုံး သိန်း တဲ့။ ဒါ ဟာ ထုံး စံ ပဲ ၊ မေမေ တို့ က ဆန် တပြည် ဖိုး မှ မရှိ တော့ အနည်းဆုံး တစလယ် ဝယ် နိုင် မှသာ တွက် သား ကိုက် တယ်"

မိချိုသည် မေမေ၏ စာရင်းဇယားများကိုနားရှုပ်သွားသည်။





"ကဲ ပါ သမီး ရယ်၊ သမီး ရဲ့ မမ အိမ် ကို အရင် သွား ပြီး အမေ က ငွေ လေး သောင်း လောက် ချေးပါ။ သောကြာနေ့ ဖေဖေ လုပ် ခ ရ တော့ ဆပ် ပါ မယ် လို့ ပြော"

"သမီး မ သွား ချင် ဘူး မေမေ။ မမယောက်ျား ဗိုလ် ကြီး မိုးဟိန်း ကို မတွေ့ ချင် ဘူး"

မမ ဆို သည် မှာ မေမေ ၏ သမီး ရင်း မဟုတ်။ တူ မ သာ ဖြစ် သည်။ ဗိုလ် ကြီး မိုး ဟိန်း သည် တပ် ကြပ် ကြီး တဦး သာ ဖြစ် သော် လည်း အရပ် နှင့် ဆွေ မျိုး များ က ရာ ထူး မြှင့် ၍ ဗိုလ် ကြီး ဟုခေါ် ကြ ရ သည်။ အမျိုး သွီး များ ကို တို့ကနန်း ဆိတ်ကနန်း လက် ဆော့ တတ် သည် ကို အမေ သိ သည်။ သို့ သော် ဆွေ မျိုး များ အလယ် သာ မက အရပ် ထဲ တွင် ရွှေ တွဲ လဲ ငွေ တွဲ လဲ နေ နိုင် သူ မှာ သူ တို့ သာ ရှိ သည်။ မည် သူ က မှ ငွေ ချေး နိုင် မည် မဟုတ် သဖြင့် ရင် လေး စွာ စိတ် မကောင်း စွာ နှင့် သမီး ငယ် ကို စေ လွှတ် ရ သည်။

* * * * * *

မိ ချို သည် မိ ခင် ကို ငဲ့ ညှာ ကာ တဘက် လမ်း တွင် နေ သော ဗိုလ် ကြီး မိုး ဟိန်း တို့ အိမ် သို့ သွား ရှာ သည်။ ကံ ဆိုး ချင် တော့ အစ် မဖြစ် သူ မရှိ ဘဲ ဗိုလ် ကြီး ကို သာ တွေ့ ရသည်။ ကပျာ ကယာ လှည့် ပြန် သည် ကို ဗိုလ် ကြီး က မြင် သဖြင့် တား သည်။

"ဟဲ့ မိ ချို ... ဘာ လို ချင် လို့ လဲ၊ လာလာ ... ငါ့ ကို ပြော လေ"

ဇွတ် မေး သဖြင့် အမေ က ငွေ ကျပ် လေး သောင်း လောက် ချေး ပါ ဟု စေ လွှတ် ကြောင်း တုန် တုန် ရီ ရီ ပြော ရ သည်။

"ရ မှာ ပေါ့ ချို လေး ရယ်" ဗိုလ် ကြီး က ပြုံး ရယ် ကာ

ပြော ရင်း မိ ချို ၏ ပါး ကလေး ကို လိမ် ဆွဲ လိုက် သည်။ " ဒါ ပေ မယ့် တို့ အိမ် မှာ ကျပ် တသောင်း တန် အနုတ် စက္ကူ မရှိ ဘူး။ မ သုံး ဘူး။ ကျပ် တသိန်း တန် ပဲ ရှိ တယ်။ တသိန်း ပဲ ယူ သွား ရော့ ရော့" ... ဟု ငွေ စက္ကူ တရွက် ကို ထုတ် ပေး ရင်း မိ ချို ၏ ကျော ကလေး ကို ပွတ် တော့ သည်။

အိမ် စောင့် နတ်၊ တော စောင့် နတ် တောင် စောင့် နတ် သမ္ဗာဒေဝ နတ် ကောင်း နတ် မြတ် များ က မိ ချို ကို စောင့် ရှောက် ကြ ပါ ပေ သည်။ ထို အခိုက် မှာ ပင် အိမ် ရှေ့ တွင် ကား တ စင်း ဝင် ဆိုက် သည်။ မိ ချို ၏ အစ် မတော် ကား ပေါ် မှ ဆင်း လာ သည်။ မိ ချို သည် ပျော် ရွှင် စွာ ဖြင့် အစ် မတော် ကို အမြန် နှုတ် ဆက် ကာ အမေ ထံ သို့ ပြန် လာခဲ့ နိုင် သည်။

* * * * * *

"ဝမ်း သာ လို က် တာ သမီး ရယ်။ သမီး ဆီ က အမေ ယူ ထား တဲ့ ငွေ သုံး သောင်း ကို ပြန် ပေး မယ်။ နက် ဖန် ကျ တော့ ပြောင်း ဖူး ဝယ် စား ပေ တော့။ အခု ကျပ် သုံး သိန်း ယူ သွား ပြီး လမ်း ထိပ် က ဆန် ဆိုင် မှာ ဆန် တစလယ် ဝယ် ခဲ့၊ အိမ် က စလယ် ဝင် ခြင်း ကို ယူ သွား။ ကျပ် သုံး သိန်း ကြီး များ တောင် ပေး ရ တာ ၊ ပြည့် ပြည့် မ မ ချင် ပေး ပေ စေ "

* * * * * *

မိ ချို တယောက် ရုပ် ပြ စာ စောင် မကြည့် ရသေး ဘဲ ဆန် ဆိုင် သို့ ပြေး ရ ပြန် လေ ပြီ။ ဆန် ဆိုင် သို့ ရောက် သော အခါ– ဆိုင် ထိပ် တွင် တင် ထား သော ရုပ် မြင် သံ ကြား ကို ဈေး ဝယ် သူ များ ဝိုင်း ကြည့် နေ သဖြင့် ဆန်မဝယ်သေးဘဲ ဝင်ငေးမိသည်။

"ယနေ့ ၁၉၉၉ ခု ဒီ ဇင် ဘာ ၂၀ ရက် နေ့ မြန် မာ့ ရုပ် မြင်





သံ ကြား အစီအစဉ် မှာ အတွင်း ရေး မှူး ချုပ် မ ဟာ ဗိုလ် ချုပ် မှူး ကြီး ခင် ညွန့် က တိုး တက် နေ တဲ့ မြန် မာ့ စီး ပွား ရေး အခြေ အနေ ကို ရှင်း ပြ ပါမည် ရှင် " ဟု အစီအစဉ် ကို ကြေညာ ပြီးနောက် စစ် ဗိုလ် ချုပ် ကြီး ၏ အသံ ထွက် လာ သည်။

"ကျွန် တော် တို့ မြန် မာ နိုင် ငံ တော် လူ ထု အ တွက် တပ် မတော် ရဲ့ ချွေး နဲ့ သွေး နဲ့ အား ထုတ် ဆောင် ရွက် တာ ကြောင့် စီး ပွား ရေး ရာ ခိုင် နှုန်း အဆ ၁၈၃ ဒသမ ၉၄ တိုး တက် နေ ပါ တယ်၊ နိုင် ငံ ခြား မှ ငွေ ပင် ငွေ ရင်း ဒေါ် လာ ဘီလျံ ကု ဋေ တသောင်း ဝင် လာ တာ ကြောင့် နိုင် ငံ တ ခု လုံး ချမ်း သာ နေ ပါ ပြီ။ အမေ ရိ ကန် ပြည် ဖိုဘီ စီး ပွား ရေး မဂ္ဂဇင်းက နှစ် စဉ် နှစ် တိုင်း ကမ္ဘာ ပေါ် မှာ အချမ်း သာ ဆုံး ပုဂ္ဂိုလ် နှစ် ရာ ရဲ့ စာရင်း ကို ဖော် ပြ လေ့ ရှိ ပါ တယ်။ ဒီ နှစ် အဖို့ သူ ကြွယ် ကြီး နှစ် ရာ စာ ရင်း မှာ ... မြန် မာ သုံး ဦး ပါ ဝင် ပါ တယ်၊ (တစ်) ဒေါ်စန္ဒာဝင်း (နှစ်) ဦး လော် စစ် ဟန် နှင့် (၃) ဗိုလ် ချုပ် ကြီး တင် ဦး တို့ ဖြစ် ပါ တယ်။ ယ ခု လို မြန် မာ သုံး ဦး ကမ္ဘာ ထိပ် တန်း သူဌေးကြီးများ စာ ရင်း ဝင် ဖြစ် လာ ကြ တာ ကို မြန်မာအမျိုးသား အားလုံး ဂုဏ် ယူ သင့် ပါ တယ်၊ တပ်မတော်က ဆက်လက်ပြီး ပြည် သူ တို့ အတွက် ...... "

လျှပ်စစ်မီးပျက်သွားသဖြင့် အသံရောရုပ်ပါပျောက်သွားသည်။

မသိ နားမလည်ရှာသော မိချို စဉ်းစားရှာသည်၊ သူ့ဥာဏ် မီသလောက် တွေးတောရှာသည်။ အဲဒီ သူကြွယ်ကြီးတွေဆီ သွား ပြီး ငွေ ချေး လျှင် လဲ ငါ့ ပါး ကို လိမ် ဆွဲ ကြ မှာ ပဲ လေ ... တဲ့။

၁၉၉၉ခု ဒီဇင်ဘာလ

လွတ်လပ်တဲ့ အာရှအသံအတွက် အသံလွှင့်ပြဇာတ်

❖ ❖ ❖

## ကိုမိုးနက်သို့...

အောင် ဗ လ သည် မဆလ အစိုး ရ အရာ ရှိ အဖြစ် ဆယ် နှစ် တိ တိ အမှု ထမ်း ရွက် ခဲ့ စဉ် က ပြည် သူ ပိုင် သတင်း စာ လေး စောင် တွင် ပင် တိုင် ဆောင်း ပါး ရှင် အဖြစ် ဆောင်း ပါး ရေး ခွင့် ရ ရှိ ခဲ့ သည်။

ရေး သင့်သည် များ ကို လွတ် လွတ် လပ် လပ် ရေး ပါ ဟု ပြန် ကြား ရေး ဝန် ကြီး က တာဝန် အပ် နှင်း သော် လည်း ၁၉၅၈ ခု နှစ် အိမ် စောင့် စစ် အစိုး ရခေတ် က သတင်း စာ ကို ပိတ် ၍ သိမ်း ခဲ့ ခြင်း၊ တော် လှန် ရေး အစိုး ရ ခေတ် တွင် မိမိ အား ထောင်သွင်း၍ သတင်း စာ တိုက် ကို ပြည် သူပိုင် ပြု ခဲ့ ခြင်း အတွေ့ အကြုံ များ က ဆို့ ဆို့ နင့် နင့် ရှိ နေသဖြင့် ဆောင်း ပါး တို့ တွင် စာ လုံး တိုင်း ကို နှစ် ကြိမ် စဉ်း စား ပြီး မှ ရေး ရ လေ့ ရှိသည်။

စစ် အစိုး ရ ပြု လေ သမျှ အမှု တို့ သည် ရေး သင့် ရေး ထိုက် သော ပြ ဿ နာ များ သာ ဖြစ် နေ သည်။ ဤ လမ်း စဉ် ဤ လုပ် ရပ် မမှန် ကန် ကြောင်း တိုက် ရိုက် ရေး ပါ က အင်း စိန် ထောင် သို့ ဒု တိ ယ အကြိမ် ပြန် သွား ရ ချေမည်။ မပြော မပြီး သည့် အ မှု ကိစ္စ များ က လည်း လွန် စွာ များ သဖြင့် ပင် တိုင် ဆောင်း ပါး ရှင် ပီသ စွာ စာ ဖတ် ပရိသတ် တို့ အတွက် ဝေဖန် စာ ရေး ပေး ရန် တာ ဝန် ကလည်း ရှိ သဖြင့် ရေး သင့် သည် များ ကို ရေး ရသည်။ စစ် အစိုး ရ ၏ အမှား ကို ဝေဖန် ပြစ် တင် ရေး သား ရ သည် မှာ လည်း အရသာ ကြီး သည်။ တဖက် မှ

သော က စိတ် ကို လည်း ထိန်း မရ။ မထင် လျှင် မထင် သလို ထောင် သို့ ပို့ သည် ကို လွန် စွာ ကြောက်ရသည်။ သင် ရုန်း ဓား ပေါ်မှ ပျား ရည် ကို လျက် နေ ရသည့် အရသာပင်။

ရေး သား နည်း သစ် ကို တီ ထွင် ရ သည်။ စစ် အစိုး ရ က တ စုံ တ ခု ပြု သည် ကို ဝေ ဖန် ပါ က ဆောင်း ပါး အစတွင် မှန် ပါ သည် ထောက် ခံ ပါ သည် ဟု နိ ဒါန်း ပျိုး ရ သည်။ အလယ် တွင် မှ လမ်း စဉ် လုပ် ရပ် မှန် ကန် စေ ကာ မူ ဤအချက် ကလေး ကို လုပ် ဆောင် ရန် မသင့် ကြောင်း... ဟု ဝေ ဖန် ပြီး မှ ဤ လုပ် ရပ် ကို ထောက် ခံ ရပေ ကြောင်း ဟု နိ ဂုံး ချုပ် ရသည်။ ဤ စာ ရေး နည်း လက် သေ သွား စေ ကာ မူ စစ် ဗိုလ် များ က ရိပ် စား မိ ခြင်း မရှိ တတ် ပေ။ ဤ စာ ရေး နည်း ကို စာနယ် ဇင်း လော က, က 'ထောက် ကွက် ရေး နည်း ' ဟု အ မည် ပေး ကြ ၏။

ဥပမာ အစိုး ရ က ထိန်း သိမ်း ထား သူ လွန် စွာ များ နေ ပါ လျက် လွှတ် ပေး သူ က နည်း နေ သည် ကို သတိ ပေး ရန် လို အပ် နေ စဉ် က အင်း စိန် ထောင် ပြန် တ ဦး အဖြစ် ရေး ရ သည်။ ပထမ စာ ပိုဒ် တွင် "ကျွန် တော် အောင် ဗလ ကို အစိုး ရ က ထိန်း သိမ်း ခဲ့ သည် မှာ မှန် ကန် ပါ သည်။ တော် လှန် ရေး အစိုး ရ က ဆို ရှယ် လစ် စီး ပွား ရေး စံနစ် ချ မှတ် လုပ် ဆောင် နေ သည် ကို နယ် ချဲ့ လက် သစ် နိုင် ငံ များ နှင့် ပြည် တွင်း အဖျက် သမား တို့ က နှောက် ယှက် နေ သဖြင့် ဖမ်း ဆီး ၍ အဖျက် သ မား ဟုတ် ၏ မဟုတ် ၏ စိ စစ် ရန် ဖမ်း သည် ဖြစ် သဖြင့် ဖမ်း သင့် ပါ သည်" ဟု အစိုး ရ မှန် ကန် ကြောင်းနှင့် 'ထောမနာ' ရ သည်။ အာ ဏာ ရှင် ကြီး မှန် ကန် ကြောင်း ကို ရေး သား ချီး ပင့် ပြီး မှ "ဖမ်း ထား သူ များ ကို စိ စစ် ၍ လွှတ် သင့် သူ များ ကို လည်း လွှတ်ပေး လေ့ ရှိ ပါ သည်။ အ ဖမ်း ခံ ရ သူ တို့ မှာ





သား ကွဲ မယား ကွဲ နေ ရသဖြင့် ဆင်း ရဲ ပင် ပန်း ပါ သည်။ သူ တို့ ၏ စီး ပွား ရေး ပျက် ပြား ရ ပါ သည်။ ထို့ အ တူ နိုင် ငံ တော် က ချီ တက် နေ သော ဆို ရှယ် လစ် စီး ပွား ရေး စ နစ် အတွက် အလုပ်သမား အင် အား လည်း လို ပါသည်။ ထို့ ကြောင့် လွှတ် သင့် သော အ ချိန် တွင် ထောင် မှ လွှတ် ပေး သင့် ပါ သည် " ဟု ရေး သား သည် ကို အာ ဏာ ရှင် ကြီး က ရွှေ သော တော် ကျ ဟန် တူ သည်။ ဆောင်းပါး ပုံ နှိပ် ပြီး နှစ် ရက် အကြာ တွင် မြောက် မြား စွာ သော ပုဒ် မ ငါး အကျဉ်း သား များ အား ထောင် မှ လွှတ် ပေး ခဲ့ သည်။

ထို့ ပြင် "ထောင် တန် သည့် စကား ရယ် လျှင် ပေါ့" ဟု စ ကား ပုံ ကို သုံးရသည်လည်း ရှိသည်။ ရယ် ဖွယ် ပြက် လုံး အဖြစ် သရော်စာ ရေး လျှင် စစ် ဗိုလ် ကြီး များ က ရယ်သွမ်းသွေးကာ ခွင့် လွှတ် လေ့ ရှိ သည်။

မဆလ ခေတ် တွင် စစ် ဗိုလ် များ နှင့် ပါတီ ကို ပူး သတ် နေ ကြ သည့် ဗကပပျက် များ က ပါတီ စာရေးဆရာများ အဖြစ် စာနယ် ဇင်း တို့ ရေး သမျှ ကို ပြန် လည် ချေ ပ ရေး သား လေ့ ရှိ ကြ သည်။ စစ် အုပ် ချုပ် ရေး တို့ ၏ သဘာဝအတိုင်း နိုင်ငံတော် ၏ စီးပွား ရေး မှာ ကမောက် က မ ဖြစ် ပြီး ပျက် စီး စ ပြု လာ သည်။ ရ လဒ် အဖြစ် လူ သုံး ကုန် များ တစ တစ ရှား ပါး လာ သည်။ စား သုံး ဆီ၊ ခေတ် ဆီ၊ သွား တိုက် ဆေး၊ ဆပ် ပြာ၊ မုတ် ဆိတ်ရိတ် ဓား... စသည် ဖြင့် ရှား ပါး ကြောင်း ရေး လျှင် ပါ တီ ဆရာတို့က ထို ကုန် စည် သည် ပြင်ပကမ္ဘာကြီးတွင်လည်း ရှား ပါး ပြတ် လပ် နေ သည် ဟု ဆောင်း ပါး ရှည် ဆောင်း ပါး တို များ ရေး သား ကာ တုံ့ ပြန် လေ့ ရှိ သည်။ ရှား ပါး မှု သည် မဆလ အစိုး ရ အပြစ် မဟုတ် ဟု တန် ပြန် ဝါ ဒဖြန့် လေ့ ရှိ သည်။

တ ချိ တွင် ကာတွန်းဆရာတဦးက (ဆရာမြေဇာဟု ထင်

သည်) မိသားစုတခု ခနော်ခနဲ့ ထမင်းစားပွဲတွင် ထိုင်ကာ ထမင်း စား နေ ကြ ဟန် အ ရုပ် ဆွဲ ပြီး ခင် ပွန်း သည် က မယားကို ပြော စေ သည်။

"မိန်း မ ရေ ပြင် ပ ကမ္ဘာ ကြီး မှာ ကြက် သွန် တွေ ရှား နေ ဟန် တူ ပြန် ပြီ ဟေ့"

ထို စကား တ ခွန်း နှင့် ပါတီ စာရေး ဆရာ များ ကို လှောင် ပြောင်သည်ကို ပတ်တုတ်၍ မရအောင် တ ပြည် လုံး က ရယ် မော ကျသည့်တိုင် ပွဲကျ သွား ၏။ ကာ တွန်း ဆရာ ကို လူ ကြိုက် များ သွား စေ ကာ မူ ဆိုရှယ်လစ် အစိုးရက ကြက် သွန် ပို မို ထွက်စေ ရန် အစွမ်း မရှိ သဖြင့် ကြက် သွန် က ရှား မြဲ ရှား သည်။ လူ ထု အဖို့ ကြက် သွန် ဝေ သည် ကို ရယ် မော ခြင်း ဖြင့် ဖြေ ကြ ရ ရှာ သည်။

တချို့ တွင် အောင် ဗလ ၏ အိမ် ၌ သူ ခိုး ခိုး ခံ ရ သည်။ ချက် ချင်း ပင် ပါ သွား သမျှ ပစ္စည်း စာ ရင်း ကောက် ပြီး ရဲ ဌာ န သို့ တိုင် သည်။ ဆက် ၍ ခိုး မှု အကြောင်း ကို ကြေး မုံ တွင် ဆောင်း ပါး တ ပုဒ် ရေး လိုက် သည်။ ဆရာ သိန်း ဖေ မြင့် က "ကောင်း လိုက် လေ ကွာ ပုံ သဏ္ဍာန် ရော စာကိုယ် က ပါ နိုပ် တယ် ဟေ့" ဟု ချီး ကျူးသည်။

* * * * * *

ကို မိုး နက် ရေ ...

ဖိ နပ် ဝယ် မရ လို့ ဖိ နပ် မပါ ဘဲ ဝင်လို့ လား မသိ ဘူး ဗျို့။ ခင် ဗျား ခြေသံ က အတော် လုံ တာ ပဲ။ အောင် ဗ လ မှာ ကြွေး ပူ ရှိ နေ လို့ မ အိပ် နိုင် တာ ကြာ ပါ ပြီ။ ည က လည်း တ ည လုံး အိပ် မပျော် ဘူး၊ အဲ ဒါ တောင် ခင် ဗျား က နောက်





ဖေး ပေါက် တံ ခါး ကို ဖျက် ပြီး ဝင် ခိုး သွား တာ မသိ လိုက် ဘူး၊ ဘယ် အချိန် က များ ဝင် ပြီး ဖြောင် သွား တာ လဲ။

ဆရာကြီး သခင် ကိုယ်တော်မှိုင်း သူ ခိုး ခိုး ခံရတုန်းက ...

"ပဲခိုး (ပဲခူး) ဘူ တာ မှာ လေ၊

ငနဲ သူ ခိုး လူ ညာ တွေ က ဘုံး လိုက် ပါ တဲ့။

ပျောက် သဟာ၊ ဒ ဂေါက် (ထန်းခေါက်) ဖါကလဲ တလုံးပါပဲ၊

ရ ရှုံး လိုက် ရင် တအိမ် ထောင် ပါ ပ။

လူ့ ထုံး စရိုက် တွင် တ သိမ် ပြောင် လောက် ကဲ့ "

... လို့ က ဗျာ ဖွဲ့ ရှာ တယ်။ ကျွန်တော့် မှာ လဲ ကို မိုး နက် ဘုံး သွား တာက တ သိမ် ပြောင် လောက် အောင် 'ခံ' လိုက် ရ တယ်။ စုံ စီ န ဖာ အတော် တွယ် သွား တာ ကိုး။

ကို မိုး နက်က တော် တော် ဆိုး တာ ပဲ၊ ဆန် က မနက်က ပဲ ပြည် သူ့ ဆိုင် က ထုတ် လာ တာ။ ပြည် သူ့ ဆိုင် မှာ တနာ ရီ ခွဲ တန်း စီ ခဲ့ ရ တယ်။ ပြည် သူ့ ဆိုင် သွား တုန်း က ဆန် လွယ် အိတ် က လျှော် ထား တာ မခြောက် သေး လို့ အိပ် ရာ ခင်း တ ခု ယူ သွား ပြီး ဆန် ကို ထုတ် ယူ ခဲ့ တယ်။ ခွဲ တမ်း က မရ စ ဖူး ငါး ပြည် ရ တာ မို့ ဝမ်း သာ အား ရ ထမ်း ယူ ခဲ့ ရ တယ်။ လေး လိုက် တာ ဗျာ။ ခင် ဗျား က လဲ ဆန်က လေးတာကြောင့် မယူဘဲ ထား ခဲ့ တာ ကျေးဇူးတင် ပါ တယ်။ ဒါပေမင့် ခင်ဗျား က ဆန် ကို သမံ သလင်း ပေါ် သွန် ခဲ့ ပြီး အိပ် ရာ ခင်း ကို ယူ သွား တာ ကတော့ နှ မြော သဗျို့။ ဘာ လဲ ကျွန် တော် အိပ်ရာ ခင်း နဲ့ အိပ် လို့ အိပ် ရာ ခင်း မက် တာ ကို ပဲ အရင်း ရှင် ပေါက် စန ညည်လို့ ခင် ဗျား က ဆို ချင် သလား။ ကျွန်တော် အင်းစိန်မှာ မိုး ခို နေ ရ စဉ် က ထောင် ထဲ မှာ လဲ ထောင် ပုံ စံ အရ အိပ် ရာ ခင်း ပေး ပါ တယ်။ ကို မိုး နက် လဲ အခု လို သရမ်း နေရင် တနေ့ ထောင်ကို ရောက်မှာပါ၊ အဲသည်တော့ တွေ့ပါလိမ့်မယ်။

ကို မိုး နက် လုပ် တာ ကောင်းသလား။ ပြည် သူ့ ဆိုင် က ဆန် က န ဂို က မှ ခဲ တွေ သလဲ တွေ ပါ နေ တဲ့ အထဲ မှာ သမံ သလင်းပေါ်မှာ သွန်ချခဲ့တော့ ပို ပြီး ဆိုးသွားတယ်။ အောင်ဗလ ကလဲ ဆန် မ ပြာ တတ် ဘူး လေ။

နောက် ပြီး စား ပွဲ ပေါ် မှာ အလှတင် ထား တဲ့ ရေဒီ ယို က လေးကိုလဲ ကို မိုး နက် က ဖြောင် သွား သေး တယ်။ လှက လှသ နဲ့။ ဝန်ကြီးချုပ် ဦးနု အီဂျစ်သမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီးထွက် စဉ် က ကပ် လိုက် သွား လို့ အီဂျစ် သမ္မတ နက် ဆာ က လက် ဆောင်ပေးတဲ့ ရေဒီယိုမို့ ဂုဏ်ထူးဆောင် အလှပြတာမို့ နှမြောမိ တယ်။

ရေ ဒီ ယို ဒိုင် ခွက်က မီတာလှိုင်းတွေကို အင်္ဂလိပ်ဘာသာနဲ့ မ ပြ ဘဲ အာ ရေ ဗျ ဘာ သာ နဲ့ ပြ ထား တာ ကို ခင် ဗျား တွေ့ ပါ လိမ့် မယ်။ ဗမာပြည်မှာ အောင် ဗလ တယောက် တည်း မှာ သာ ရှိလေ တော့ ... ကို မိုး နက် ကို ဖမ်း ချင် ရင် ရေဒီ ယို ကို သဲ လွန် စ ခံ ပြီး လိုက် ရင် ကိုမိုးနက် မသက်သာပါဘူး။ ကွ်ိ – ကနဲ ဖမ်းမိမှာ။ ဒါပေမယ့် မလိုက်ပါဘူး။ နောက်ပြီး ရေဒီယိုကို အောင်ဗလ မဖွင့်နိုင်တာ ကြာ ပါ ပြီ။ ကိုမိုးနက်ပဲ ယူ တော် မူ ပါ တော့။ သဒ္ဓါ ပါ တယ်။ ကြည် ဖြူ ပါတယ်။ ရေဒီယိုက ခေတ်ခဲ ၁၆ လုံး ထည့်မှ အသံမြည်တယ်။ ခေတ်ခဲက ရေဒီယိုထက် ရှားနေတယ်လေ”

ဒါ ပါ ပဲ။ ကို မိုး နက် ဆော် တာ အောင် ဗ လ တယောက် မှာ အတော် ထိ သွား တယ်။

ဒါ ကြောင့် ခင် ဗျား ရဲ့ စော ရ လုပ် ငန်း ကို ရပ် တန်း က ရပ် ပါ တော့ လို့ တောင်း ပန် ပါ တယ်။

❖ ❖ ❖



# မြက်ထုံးကြီး

## ပုံပြင်

၁၉၆၄ ခု ဂျန် ဝါ ရီ လ ၁၂ ရက် နေ့ တွင် တော် လှန် ရေး အ စိုး ရ က အင်္ဂ လိပ် ဘာ သာ နှင့် **Working People's Daily** သတင်း စာ ကို စတင် ထုတ် ဝေ သည်။ မြန် မာ ဘာ သာ ဖြင့် ထုတ် ဝေ သော လုပ် သား ပြည် သူ့ နေ့ စဉ် သတင်း စာ နှင့် ပြိုင် ၍ ထုတ် ကာ အစိုးရပိုင် သတင်း စာ နှစ် စောင် နှင့် နဂို က ရှိ နေ သော ပုဂ္ဂလိ က ပိုင် သတင်း စာ များ ကို တိုက် သည်။

သတင်း စာ အယ် ဒီ တာ ချုပ် အဖြစ် ရန် ကုန် တက္ကသိုလ် မှ အင်္ဂလိပ် ဘာ သာ ဆရာ ကြီး ဦး ခင် မောင် လတ် အား ဗိုလ် ချုပ် ကြီး နေ ဝင်း ကိုယ် တိုင် ရွေး ချယ် ခန့် ထား သည်။

ဗိုလ် ချုပ် ကြီး က ဦး ခင် မောင် လတ် အား ဖိတ် ခေါ် တွေ့ ဆုံ ကာ “လွတ် လပ် စွာ ရေး ပါ” ဟု ရက် ရော စွာ ပြော ဆို ၍ တာ ဝန် ပေး သည်။

တရုတ် ပြည် တွင် မော် စီ တုန်း က ‘ပန်း တိုင်း ပွင့်ပါစေ’ လမ်း စဉ် ကို ချ မှတ် ကာ နိုင် ငံ သား တိုင်း လွတ်လပ် စွာ ရေး သား စေ ဟု စေ တလုံး နှင့် အမိန့် ပေး ခဲ့ သည့် နည်း တူ မြန် မာ ပြည် တွင် လည်း “လုပ် သား ပြည် သူ တို့ အမြု သဘောနှင့် ဝေ ဖန် ရေး သား ချက် များ ကို ပေး ပို့ ပါ က ပြည် သူ ပိုင် သ တင်း စာ များ က ပုံနှိပ် ဖော် ပြ မည်” ဟု ပြန် ကြား ရေးဝန် ကြီး ဌာန က ၁၉၆၅ ခု ဩ ဂုတ် လ ၂၄ ရက် နေ့တွင် ကြေညာသည်။

၁၉၆၂ ခု မတ် လ က တက် လာ ပြီး နောက် ဂျူလိုင် ၇ ရက် ကျောင်း သား များ ကို သတ် ဖြတ် ၍ သမဂ္ဂတိုက် ကို ဖျက် ခွဲ

ကာ "တပ် မတော် မထိ နဲ့၊ ခေါး ကို ခေါး ချင်း၊ လှံ ကို လှံ ချင်း တုံ့ပြန် မည်" ဟု ဗိုလ် ချုပ် ကြီး နေ ဝင်း ကိုယ် တိုင် က လူ ထု ကို စစ် ကြေညာထား သဖြင့် တုတ် တုတ် မလှုပ် ဝံ့ သော လူ ထု က လွတ် လပ် စွာ ရေး သား ခွင့် ဖိတ် စာ ကို ကြား လိုက် သော်လည်း စိတ် မချ နိုင် ဖြစ် နေ ကြ သည်။ ထောင် များ တွင်း တွင် သတင်းစာ ဆရာ၊ စာရေး ဆရာ အများ ကို သို လှောင် ထား ဆဲ ရှိ သေး သည်။ အောင်ဗလ တယောက် လည်း သိကြားသား မဟုတ်လေသဖြင့် အင်း စိန် ထောင် တောရ ကျောင်း၌ ဝါ ဆို နေ ရ ဆဲ ဖြစ် သည်။

ထို ကြောင့် မြန် မာ လုပ် သား ပြည် သူ သတင်း စာ မှာ အယ် ဒီ တာ မင်း တို့ အ ထံ သို့ မရဲ တရဲ ပေး ပို့ သော စာ တို့ မှ မထိ တထိ စာ မူ အနည်း ငယ် ကို ဖော် ပြ နိုင် ခဲ့ သည်။

အင်္ဂလိပ် ဘာ သာ လုပ် သား ပြည် သူ အယ် ဒီ တာ ချုပ် ဦး ခင် မောင် လတ် က ရဲ သည်။ လာသမျှစာတို့မှ အစိုး ရ ပြု မူ ချက် မှန် ကန် မှု မရှိ ဟု ရေး သား စေ ကာ မူ အခြေ အမြစ် ခိုင် လုံ သော စာ များ ကို ပုံ နှိပ် ဖော် ပြသည်။ ဒီ မိုကရေစီခေတ်က လွတ်လပ်စွာ ရောင်း ဝယ် ဖောက် ကား ခွင့် ရှိ သ ဖြင့် နိုင်ငံသား တို့ ကြီး ပွား လမ်း ရှိစေ ကာ မူ မြန် မာ့ ဆို ရှယ် လစ် ခေတ် တွင် နိုင်ငံ သား တို့ ကြီး ပွား လမ်း မရှိ။ ထို့ အတူ နိုင် ငံ တော် အစိုး ရ လည်း ကြီး ပွား မည် မ ဟုတ် ဟု ရေး သည့် စာ အ များ ရောက် လာသည်။ ရေး သူ တို့ က စာတတ် ပေတတ် ပညာတတ်များဖြစ် သဖြင့် သူတို့၏ ယူဆချက်များကို စာရင်း ဇယားများနှင့် ပိုင်နိုင် စွာ ရေး တတ် ကြသည်။ ဆရာ ဦးခင်မောင်လတ်ကလည်း သတ္တိ ကောင်းသည်။ စာအများကို သတင်းစာက ဖော်ပြပေးသည်။ ဆရာ ကြီးနှင့် ဆရာကတော် ဒေါ်ခင်မျိုးချစ် တို့ကလည်း ရဲရဲ တွေးပြီး ရဲရဲ ရေးကြသေးသည်။





အင်္ဂလိပ် သတင်း စာ က ရဲရင့် စွာ ဖော် ပြ သည် ကို မြင် ရ သ ဖြင့် ထောင် တွင်း ရှိ အောင် ဗလ တို့ လူ စု သည် ပင် "ဆရာ ကြီး ဘယ်တော့ ရောက် လာ မည် လဲ" ဟု တွေးတောကာ လှံဖျား တွင် နားနေသည့် ပုစဉ်း အတွက် ကြောက်ချေးပါနေမိကြသည်။

ဦး ခင် မောင် လတ် အား သတင်း စာ တပ် ဦး၌ စစ် ကဲ တင် မိ သော ဗိုလ် ချုပ် ကြီး နေ ဝင်း သည် လည်း အသဲယားနေ မည် မှာ မု ချ ဖြစ် သည်။ ကိုယ် တင် တဲ့ စစ် ကဲ ကိုယ် ပြန် ချ ရန် မှာ လည်း မလွယ် သဖြင့် လက် ပိုက် ၍ ကြည့် နေ ရ သည်။

နှစ် အနည်း ငယ် ကြာ သော အခါ ဗိုလ် ချုပ် ကြီး နေ ဝင်း က ဆက် လက် ၍ သည်း မခံ နိုင် တော့ ပြီ။ တနေ့ တွင် ဗိုလ် ချုပ် ကြီး နေ ဝင်း က ဆရာ ကြီး ဦး ခင် မောင် လတ် အား လက် ဖက် ရည် သောက် ရန် ဖိတ် ခေါ် သည်။ လက်ဖက်ရည်ပွဲတွင် အလာပ သလ္လာပ စကားများ အာ ဖောင် စွာ ပြော ကာ ဗိုလ် နေဝင်း လေ ချို သွေး သည်။ ဦး ခင် မောင် လတ် က လည်း ရိပ် စားမိ သည်။ စစ် ဗိုလ် ကြီးများ နှင့် မဆလ ပါ တီ တွင် နေ ရာ ရ ရှိ ထား သူ 'ကွန် မြူ နစ် ပျက်' များ က အင်္ဂ လိပ် လုပ် သား မှ စာ များ ဆောင်း ပါး များ ကြောင့် စည်း ရုံး ရေး ပျက် နေ ရ သည် ဟု ရေး သည် သာ မက အင်္ဂလိပ် လုပ်သား ကို အရေး ယူ သင့် ပြီ ဟု ဖြောင် ပြော နေ ကြ သည် ကို လည်း နား မ ဆန့် အောင် ကြား ရ ပြီး ဖြစ် သည်။

"ဆရာ အဖို့ နိုင် ငံ တော် အတွက် လုပ် ရ တာ ပင်ပန်း လှ ပါ ပြီ" ဟု စကား စပျိုးကာ "နိုင် ငံ ခြား အေးအေးဆေးဆေး သွား ပြီး နား နာ နေနေ နေ ပါ လား၊ သံ အမတ် အဖြစ် ကြိုက် တဲ့ တိုင်း ပြည် ပို့ ပေး ပါ မယ် "

"ဘာ ဗျ " ဟု ဦး ခင် မောင် လတ် က ပြန် မေး သည်။ သံ အမတ် ရာ ထူး ဟူ သော စကား လုံး ကို ပြော သည် နှင့် စကား

မ ဆုံး မီ ရှိ နိုး ဒူး ထောက် ကြ သော စစ် ဗိုလ် များ ကို သာ တွေ့ ဖူး သူ ဗိုလ် နေ ဝင်း က "သံ အမတ် ရာ ထူး ခန့် ဖို့ စီ စဉ် နေ ပါ တယ်" ဟု ရှင်း ပြ သည်။

"နိုး နိုး နိုး နိုး ကျွ န်တော် သံအမတ် မလုပ် ချင်ဘူး၊ စာ ပေ ဝါသနာသာ ပါ တယ်။ ဟဲ ဟဲ ဗိုလ်ချုပ်တို့ အစိုးရက ကျွန်တော့် ကို မကြိုက် ဖူး ဆို တာ ရိပ် မိ ပါ တယ်၊ ကျွန် တော် ရာ ထူး က ထွက် ပေး ပါ မယ်" ဟု ချို သာ ချေ ငံ စွာ ပြော ကာ စား ပွဲ မှ ထ သော အခါ ဗိုလ် ချုပ် ကြီး က လော ကွတ် ပင် မပြု ဘဲ ထိုင် နေ ရစ် ခဲ့ ရှာ သည်။

ထို အချိန် တွင် အင်း စိန် ထောင် ထွက် အောင် ဗလ မှာ ပြည် သူ ပိုင် သတင်း စာ လေး စောင် ၏ ပင် တိုင် ဆောင်း ပါး ရှင် အဖြစ် လိုင် စင်ရ သတင်း စာ ဆရာ ဖြစ် နေ လေ ပြီ။

"လာ ဟေ့ လက် ဖက် ရည် သောက် ရအောင်"ဟု အိမ် တော် မှ ပြန် လာ သူ ဆရာ ဦး ခင် မောင် လတ်က ဖုံး ဆက် ၍ ခေါ်သဖြင့် သောက် နေ ကျ ရုံးသမဝါယမ လက်ဖက်ရည်ဆိုင်သို့ လိုက် သွား သည်။ ဆိုင် တွင်း သို့ ကြေး မုံ ဒု တိ ယ အယ် ဒီ တာ ကို ဝင်း တင် လည်း ရောက် လာ သည်။

"အား လုံး ချို ခါး ဟေ့" ဟု ဆိုင် ရှင် အား မှာ ရင်း "မင်း တို့ ဗိုလ် ချုပ် ကြီး ရဲ့ အိမ် တော် က လက် ဖက် ရည် က ပေါ့ရွှတ် ရွှတ် ပါ ကွာ"ဟု စကား စ, ရင်း ဖြစ် ခဲ့ သမျှ ကို နောက် ကြောင်း ပြန် ၍ ပြော ရှာ သည်။

ဆ ရာ ကြီး တွင် ရာ ထူး အတွက် တပ် မက် ဝမ်း နည်း မှု မရှိ သည် ကို သိ သာ စွာ မြင် ရ သည်။ ထို ရာ ထူး ကို ဆရာ ကြီး အ တွက် တပ် မက် နေ သူ တို့ မှာ ကို ဝင်း တင် နှင့် အောင် ဗလ တို့ သာ ဖြစ် သည်။ ထို ရာ ထူး သည် ဆရာ ကြီး တဦး တည်း သာ ထိုက် တန် သည် ဖြစ် သဖြင့် ဆရာ ကြီး အတွက် လွန် မင်း





စွာ မခံချို ဖြစ်မိကြသည်။

"စိတ် ထိ ခိုက် စရာ မ ရှိ ပါ ဘူး" တို့ က သူ တို့ ကောင်း ကျိုး အတွက် ပြော တာ ကို သူ တို့ က လက် မခံ ချင် တော့ သူ တို့ နာ တယ် နောက် ပြီး တိုင်း ပြည် နာ တာ ပေါ့ ကွာ" ဟု ကောက် ချက် ချရင်း အိမ် တော် မှ လက် ဖက် ရည် ထက် ပို ၍ ချို၊ ပို ၍ ခါး သော လက် ဖက် ရည် ကို အရသာ ခံ ကာ သောက် ရင်း ဇိမ် ယူ နေ တော့ သည်။

အောင် ဗလ တွင် ကလောင် ရှိ သည်။ ရေး ပိုင် ခွင့် လိုင် စင် လည်း ရှိ သည်။ အောင်ဗလအား ဗိုလ် ချုပ် ကြီး အမိန့် အရ ရာ ထူး ခန့် စဉ် က ပြန် ကြား ရေး ဝန် ကြီး က "လွတ် လပ် စွာ ရေး ပါ" ဟု စေ တလုံး ပေး ခဲ့ သည်။ ဆရာ ဦး ခင် မောင် လတ် ကိစ္စ ကို ဆောင်း ပါး ရေး မှ ဖြစ် မည် ဟု အောက် ပါ ဆောင်း ပါး ကို ကောက် ရေး ပြီး လုပ် သား ပြည် သူ့ သတင်း စာ မှ ပုံ နှိပ် လိုက် သည်။ မိမိအထက်မှ အတွင်း ဝန် စစ် ဗိုလ် က မရဲ တရဲ "ဆရာရေး တာ လွန်သနော" ဟု ကောက် ချက် ချ ရှာသည်။ ဗိုလ် ချုပ် ကြီး နေ ဝင်း နှင့် ကြုံ ကြိုက် သဖြင့် တွေ့ သော အခါ မပြုံး စ ဖူး ပြုံး သည် ကို မြင် ရ ၏။

* * * * * *

တရံ ရော အခါ ... တော စပ် တ ခု ရှိ ဇရပ် တဆောင် တွင် ဖုန်း တောင်း စား တ ဦး သည် ထိုင်နေစဉ် အဝတ်အစား တောက် ပ စွာ ဝတ် ဆင် ထား သည့် လူ တယောက် သည် မြက် ထုံး ကြီး ကို ထမ်း ၍ ဝင် လာ သည် ကို မြင် ရ သတဲ့။

ထို သူ သည် မြက် ထုံး ကို ထမ်း ပိုး နှင့် ထမ်း သော် လည်း အခြား သူ ငါ တို့ ထမ်း ရိုး ထမ်း စဉ် အတိုင်း မြက် ထုံး ကို နှစ် ထုံး နှစ် ခု ခွဲ ၍ တဘက် တ ထုံး ထမ်း ခြင်း မပြု ဘဲ မြက် ထုံး တ

ခု တည်း ကို ထမ်း ပိုး တဘက် စွန်း တွင် ချိတ် ၍ ထမ်းသဖြင့် လွှန် စွာ ပင် ပန်း ကြီး လှသည် ကို တွေ့ ရ သတဲ့။ လွန်မင်းစွာ ပင် ပန်း နေ သော ထို သူ ကို ဖုန်း တောင်း စား က စိတ် ဝင် စား စွာ ကြည့် နေ မိ သတဲ့။

မော ပန်း နေ သော ထို သူ သည် အတန် ကြာ နား ၍ အ ပန်း ဖြေ ပြီး ပြန် လည် ခရီး ဆက် ရန် ပြင် ဆင် သတဲ့။ ထို သူ သည် မြက် ထုံး ကြီး ကို နှစ် ခု ခွဲ ၍ ထမ်း ပိုး တင် ခြင်း မပြု ဘဲ လာ စဉ် က နည်း အ တိုင်း ကြီး မား သော မြက် ထုံး ကြီး ကို ထမ်း ပိုး တ ဘက် တွင် တင် သတဲ့။

ထို သူ အဖို့ လွန် စွာ ပင် ပန်း ရှာ လေ ဦး မည် ဖြစ် သော ကြောင့် ဖုန်း တောင်း စား က နှုတ် ဆိတ် ၍ မနေ နိုင် သဖြင့် အကြံ ပေး မိ သတဲ့။

"အမောင် . . . မြက် ထုံး ကို တ ထုံး တည်း ထုံး ၍ ထမ်း ပိုး တ ဘက် ၌ ချိတ် ၍ ထမ်း သည် ထက် . . . မြက် ထုံး ကို နှစ် ထုံး နှစ် ခု အညီ အမျှ ခွဲ ကာ ထမ်း ပိုး ၏ တဘက် တချက် တွင် ချိတ် ဆွဲ ကာ ထမ်း ပါ လျှင် များ စွာ သက် သာ ပေ မည်" ဟု အကြံ ပေးသတဲ့။

ထို သူ က အတန်ကြာ စဉ်းစားရှာသတဲ့။ သေသေချာချာ စဉ်း စား ပြီး မှ အဖြေပေးသတဲ့။

"အချင်း ဖုန်း တောင်း စား၊ သင် ပေး သော အကြံ သည် ကောင်း သော အကြံ ဖြစ် ပေ၏။ မြက် ထုံး ကို နှစ် ခု ခွဲ ကာ နှစ် ထုံး ထုံး ၍ ထမ်း ပိုး တ ဘက် တ ချက် တွင် ချိတ် ပါ လျှင် များ စွာ သက် သာ ပေ မည် မှာ မှန် ပေ သည်" ဟု ဝန် ခံ သတဲ့။

ယင်းသို့ အမှန် ကို ဝန် ခံ စေ ကာ မူ ထိုသူက မြက်ထုံးကြီး ကို နှစ် ခု ခွဲ ခြင်း မပြုဘဲ သူလာစဉ်က အတိုင်း တထုံးကို တဘက် စောင်း နင်း ထမ်း ၍ ပင် ပန်း စွာ ဇရပ် ပေါ် မှ ဆင်း သတဲ့။





သူ ၏ ခရီး ကို မဆက် မီ ထို သူ က ဖုန်း တောင်း စား အား ပြော သေး သတဲ့။

"အဘယ် ဖုန်း တောင်း စား... သင် ပေး အပ် သော အကြံ သည် ကောင်း ၏၊ မှန်၏၊ သို့သော် သင် သည် သူ တောင်း စား သာ တည်း။ ငါ သည် မူ ကား သူ ဌေး သား ဖြစ် ချေ ဘိ သည်။ သူ ဌေး သား တ ဦး က သူ တောင်း စား ပေး သည့် အကြံ ကို လက် ခံ လျှင် ရာ ဇဝင် ရိုင်း ပေမည်။ ထို ကြောင့် မည်ရွေ့မည်မျှ ပင် ပန်း စေ ကာ မူ ငါ သည် မူ လ ထမ်း စဉ် က နည်း အတိုင်း ဆက် လက် ထမ်း ပေ ဦး အံ့" တဲ့။

(စာ ဖြည့်။ ။ ဆရာ တက် တိုး အား လည်း ဗိုလ် ချုပ် နေ ဝင်း က သံ အမတ် ရာ ထူး နှင့် သူ ကောင်း ပြု ရန် စီစဉ် ခဲ့သည်။ စာရေး ဆရာ ဘဝ ကို သာ ခင် သော ဆရာ တက် တိုး က လည်း ငြင်း ခဲ့ ၏။ ဆရာ မန်း တင် ကို သာ သံ အမတ် ခန့် နိုင် ခဲ့ သည်။ ဆရာ မန်း တင် သည် လူ ထု က လက် ခံ သော နာ မည် ကြီး စာရေး ဆရာ ပင် ဖြစ် သော် လည်း အရာ ရှိ တ ဦး အဖြစ် စာရေး ခဲ့ သည့် ဝန် ထမ်း စာ ရေး ဆရာ ဖြစ် သဖြင့် ငြင်း ဆန် မှု မပြု ဘဲ အထက် လူ ကြီး စေ ရာ သို့ သွား ရှာ သည် သာ။)

❖ ❖ ❖

# ဒေါ်နီနီမြင့်၏ ပုလဲသွယ် (ပြဇာတ်)

ပါဝင်သူများ–

| | |
|---|---|
| တင် မောင်၊ | ။ သတင်း စာ ဆရာ |
| ကြင်ဆွေ၊ | ။ ပေါင်း တည် သား စာရေး ဆရာ |
| ဦး ထိန် လင်း၊ | ။ ပါတီ ဗဟို ကောမီတီ ဝင် |
| ဦးချစ် လှိုင်၊ | ။ ပါတီ ကျောင်း အုပ် ကြီး |
| ဝါးလက်ခုတ်ဗတုပ်၊ | ။ အဆိုတော် |
| ဗိုလ်မှူးချုပ်တင်ဦး၊ | ။ စစ် ရုံး ထောက် ဗိုလ် ချုပ်၊ |
| စစ်သားနှစ်ဦး၊ | ။ ထောင် စောင့် |

(ဇာတ် စင် ကို အင်း စိန် ထောင်– အဆောင် အမှတ် ၄၊ အခန်း ၇ ကဲ့ သို့ ဆင် ပြင် ထား စေ။ သုံး ဖက် တွင် ထူ ထဲ သော သစ် တုံး ကြီး များ သံတိုင် ကြီး များ–ကာ ထား စေ။ ဘယ်ဘက်ထောင့်တွင် ကြီး မား သော တံ ခါး ကြီး ရှိစေ။ ညာဘက်ထောင့်တွင် သေး အိုး ကြီး တလုံး နှင့် အိမ် သာ ခုံ တခု ရှိ စေ။ အကာမရှိစေရ။ ဇာတ်စင်၏ အလယ်တွင် သံကုတင် ဆယ်လုံး စီ ထား စေ။)

ကန့် လန့် ကာ တင် စေ

(ဇာတ် စင် ပေါ် တွင် တင် မောင် တဦး သာ ကုတင် တလုံး၌ လှဲ အိပ် နေ ရင်း တကိုယ် တည်း ပြော စေ)

တင်မောင်။ ။ ဘုရား ဘုရား။ အနိစ္စ ဒုက္ခ ပါ လား။ အင်း ... ထောင် ထဲ ရောက် နေ တော့ တခု တော့ ကောင်း သား ပဲ– အရက် ဖိုး လဲ မကုန် တော့ ဘူး လေ—ဒါ ပေ မယ့် လွတ် ချင် တာ ပေါ့– မဆလအစိုးရ တို့အစိုးရလို့ အော် ရ တာ လဲ အာ ပေါက် တော့ မယ်၊ – အင်း ဒီ နေ့ တော့ ည က အိမ် မက် လဲ ကောင်း တယ်၊ ကျီး တွေ လဲ သာ တယ်၊ ငါ့ များ လွတ် မိန့် လာ မလား၊ တ ခု ခု တော့ တခု ခု ပဲ၊ ဟော ပြောရင်း ဆိုရင်း ခြေ သံ တွေ ကြား တယ်။

(တံခါး ကြီး ပွင့် လာစေ၊ စစ် သား နှစ် ဦး က ကြင် ဆွေ ကို ဆွဲ သွင်းလာပြီး ကန် ကျောက် ထိုး ကြိတ် ၍ ထား ပစ် ခဲ့ စေ)

ကြင် ဆွေ။ ။ အမယ် လေး ဗျ အလို လေး ဗျ၊ နာ လှ ချီ ရဲ့ ဗျာတို့ . . . (သံ တိုင် ကြား မှ ချောင်း ကြည့် စေ၊ အစောင့် များ ဝေး သွား သည် ကို မြင် စေ) မအေပေး တွေ နှ မပေး တွေ၊ ငါ ပေါင်း တည် သား ကွ ၊ မင်း တို့ ကို ကမ္ဘာ မကြေ ကွ။

တင် မောင်။ ။ ကိုယ်လူက တကယ် သတ္တိကောင်းပါလား၊

ကြင် ဆွေ။ ။ ခင်ဗျား ဇိနတ္တ ပကာသဏီကို ဖတ်ဖူးသလား၊ အလောင်းတော် ကဿပ မထေရ်ကြီးကို ပေါင်ကျိုးအောင် ရိုက်ကြတဲ့ ခိုး သား ငါး ရာ မှာ ပေါင်း တည် သားက တဝက်ပါတယ်တဲ့။ ကျွန် တော် ကြောက် သွေး မရှိပါဘူး၊ ဒါပေမယ့် ချုပ်ထားပြီး ရိုက် လဲ ရိုက် တယ်၊ ရေ လဲ လောင်း တယ်၊ နောက် ပြီး ရွှေ ဥ ကို ...

တင်မောင်။ ။ တော် တော် တော်။ တော်တော့ ကိုယ့်လူ။ ကိုယ် အကုန် သိ တယ်။ ဟော ဒီ အခန်း မှာ နေ တာ သုံး နှစ် ရှိ ပြီ။ စစ် စုံ ထောက် တွေ က ရွှေ ဥ ခေတ် အား ရိုက် တာ တို့။ ရွှေ မွေး မီး မြိုက် တာ တို့ ကိုယ် အကုန် သိ တယ်၊ ကိုယ်က





မကြာမီ လွတ် လေ မလား လို့ မင်္ဂလာ ယူ နေ တာ။ နား မချမ်း သာ စရာ တွေ မပြော စမ်း ပါ နဲ့။

ကြင် ဆွေ။ ။ ခံ ရ ခက် လွန်း လို့ ပါ နောင် ကြီး ရာ။

တင် မောင်။ ။ ငါ လဲ မင်း လို ဘဝ တူ ပါ ပဲ ကွာ။ ဒီ အခန်း ထဲ ဝင် လာ တုန်း က၊ ရွှေ မန်း တင် မောင် လို က, ခုန် ပြီး ဝင် လာ တာ မဟုတ် ပါ ဘူး။ ဒါ ထက် ကိုယ် လူ က ဘာ မှု လဲ။

ကြင် ဆွေ။ ။ကုက္ကိုင်း ရေကူး ကန် မှာ ဒေါ် နီနီ မြင့်...

တင် မောင်။ ။ ဟော . . .မင်း က တယ် လာ တဲ့ ကောင် ပါ လား၊ ဗိုလ် ချုပ် ကြီး ကတော် ကို သွား ပြီး လက် ကမြင်း သလား၊ ရာဇဝတ် အိုး ကို တုတ် နဲ့ ထိုး တဲ့ အမှု ပါ လား။

ကြင် ဆွေ။ ။ ခင် ဗျား ကြီး က လဲ ချာ လိုက် တာ၊ ဘာ လို့ ဒီ ငါး ဖေါင် ရိုး ချောက် ကြီး ကို လက် ကမြင်း ရ မှာ လဲ၊ အဖွား ကြီး နဲ့ စာရင်– သူ နဲ့ ပါ လာ တဲ့–လင် ပါ သမီး ကလေး တွေ ကို ကလိ မှာ ပေါ့– လုံး လုံး ဖြိုးဖြိုး ကလေး တွေ– တောင့် က တောင့် သ နဲ့–

တင် မောင်။ ။ ဟော့ ကောင် တော် ကွာ၊ မင်း လူ မိုက် ပဲ၊ ဟော့ ကောင် အ မိုး ပေါ် ကြည့် စမ်း၊ နို့ဆီဘူး ခွံ လို ဖြိုးဖြိုးကလေး တွေ ကို မြင် ရဲ့ လား– အဲဒါ ကလေး က အသံ ဖမ်း စက် ကွ၊ ဒီ အ ခန်း ကို စစ် စုံ ထောက် တွေ က အသံ ဖမ်း ထား တတ် တယ်၊ ငါ ပါ အမှု ကြီး နေ ပါ ဦး မယ်။ မင့်အပြောအရ မင့်အမှုက အဆီ တထစ်၊ အသား တထပ် ပါလား၊ ဒီ တော့ တိုး တိုး ပြော စမ်း ပါ မင့် အမှု က ဘာ လဲ။ တိုးတိုး နော် တိုး တိုး။

ကြင်ဆွေ။ ။ ကျွန် တော် ရန် ကုန် ရောက် လာ တာ မကြာ သေး ပါ ဘူး၊ ဗိုလ် ကြီး တဦး က အလုပ် သွင်း ပေး လို့ ကုက္ကိုင်း ရေ ကူး ကန် မှာ အမှိုက် လှဲ အလုပ် ရ ပါ တယ်။ မနေ့ တုံး က ဒေါ် နီ နီ မြင့် နဲ့ သမီး တွေ ရေကူး လာ တော့ –ကျွန် တော် က

ချောင်း ကြည့်မိ တယ် ဗျ။

တင်မောင်။ ။ ဇာတ် လမ်း က ကောင်း လာပြီဟေ့။ အခဲ အသားတွေ ချည်း ပါ လား၊ ဘာတွေ မြင် ရ လဲ အသေး စိတ် ပြော စမ်း – ပြော စမ်း။

ကြင်ဆွေ။ ။ ခင် ဗျား ကြီး ကလဲ ဝါ သနာ ကြီး လှ ချည်း လား၊ ဘာ မှ မမြင် ရ ဘူး၊ စစ် ဗိုလ် တယောက် က ကန် ထုတ် လို့ ခါး နာ သွား တယ်။

တင် မောင်။ ။ ဒါ ဖြင့် မင့် ကို ဘာ လို့ ထောင် ပို့ တာ လဲ– ဘာ မှ မြင် လဲ မမြင် ရဘဲ နဲ့–

ကြင်ဆွေ။ ။ အဝတ် လဲ ခန်း မှာ ဒေါ် နီ နီ မြင့် ဝတ် လာ တဲ့ ပုလဲ ပုတီး ပျောက် လို့ တဲ့– ကုန်းကွကွ မိနေတဲ့ ကျွန်တော် ကို ဖမ်း ပြီး ရိုက် စစ် ကြ တာ ပါ ပဲ၊ ရိုက် ကြ တော့တာပါပဲ။

တင်မောင်။ ။ မင်း ခိုး သ လား။

ကြင် ဆွေ ။ ။ မခိုး ပါ ဘူး၊ ပြော ပြီး ပြီ ကော– သူ တို့ အ ဝတ် ကို စိတ် ဝင် စား တာ မဟုတ် ပါ ဘူး၊ အ ဝတ် မပါ လျှင် ဘယ် လို နေ မလဲ လို့ စိတ် ဝင် စား မိ တာ ကြောင့် ပေါင်း တည် သား ခံ ရ တာ ပါ၊ ရွှေ ဥ . . .

တင်မောင်။ ။ ရွှေ ဥ ကိစ္စ မပြောစမ်းပါနဲ့ကွာ။ မင်း မခိုး တာ သေ ချာ လျှင် လွတ် ပါ လိမ့် မယ် ကွာ နောက် ငါး နှစ် လောက် ရှိ ရင်–

ကြင်ဆွေ။ ။ ဘာ ဗျ။

(စကား မဆုံး မီ တံခါး ပွင့် လာ ပြီး စစ်သား နှစ် ဦး က မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါ တီ–ဗဟို ကော် မီ တီ ဝင် ဦး ထိန် လင်း ကို ဆွဲ သွင်း လာ ပြီး ထွက် သွား ကြစေ)

တင်မောင်။ ။ ကျား သား မိုး ကြိုး ဇရာမခေါင်းဆောင်ကြီး ပါကလား။ ဟော့ ကောင် ကြင် ဆွေ သူ့ မျက်နှာတော်ကို ဖူးထိုက်





မှ ဖူး ရ တာ။ လက် နက် ချ အလံ နီ ကြီး က စစ် ဗိုလ် တွေ ကို ဒူး ပွန်း ဒူး ထောက် ရှိ ခိုး တာ ကြောင့်– မဆလ ပါ တီ မှာ ဗဟို ကော် မီ တီ ဝင် ကြီး ဖြစ် လာ တဲ့ ကိုယ် တော် ကြီး ကွ၊ မ ဆ လ မ ထိ နဲ့ မီး ပွင့် သွား မယ် လို့ ဖော် လံ ဖား တာ ဒီ ငနဲ ကြီး ပေါ့–ကြင် ဆွေ ရေ့–

ဦးထိန်လင်း။ ။ ဒီ လောက် မနှိမ် ပါ နဲ့ ရဲ နီ ရယ်။ ခင် ဗျား နဲ့ နောက် မှ စကား ပြော မယ်။ ကြင် ဆွေ ဆို တာ ဒီ ကောင် လား။

တင်မောင်။ ။ ဟုတ် ပါ့ ဗျာ။ ဟုတ် ပါ့။

ဦးထိန်လင်း။ ။ ဟေ့ ကောင် ကြင် ဆွေ ၊ မအေ ပေး မျိုး ခွေး သူ ခိုး။ မင်းက မင်း ခိုး ထား တဲ့ ပုလဲ ကုံး ကို ငါ့ ဆီ မှာ ငွေ တရာနဲ့ ရောင်း တယ် ဆို။ မင်း နဲ့ ငါ နဲ့ ဘယ် တုန်း က သိ လို့ လဲ။

ကြင်ဆွေ။ ။ ဆရာ့ ကို ကျွန် တော် သိ တယ် လေ။ သတင်း စာ ထဲ မှာ ဆရာ သမား–မိန့် ခွန်း တွေ ချွေ တဲ့ ပုံ တွေ ကို မြင် ရ လို့ သိ တယ် လေ။

ဦးထိန်လင်း။ ။ မင့်ပုလဲ ကုံး ကို ငါ က ဘယ်တုံးက ဝယ် သလဲ။

ကြင်ဆွေ။ ။ ဆရာ ကလဲ တုံး လိုက် တာ။ ဒီ လောက် ဆို ရင် ရိပ် မိ လောက် ပါ ပြီ။ ပုလဲ ကုံး ကြီး ကို ကျွန် တော် မခိုး ဘူး။ စစ် ဗိုလ်တောက် တွေ က ရိုက် ပြီး စစ် တာ မ ခံ နိုင် ရတဲ့ အထဲ– ရွှေ ဥ ကို . . .

တင်မောင်။ ။ ဟော့ ကောင် ရွှေ ဥ ကိစ္စ မပါဘဲ အမှုသွား ကို ပြော စမ်း။

ကြင်ဆွေ။ ။ စစ် သား တွေ က ရိုက် လွန်း တာ နဲ့ ခိုး မိ ပါ တယ် လို့ ဖြောင့် ချက် ပေး တုံး က ထမင်း ထည့် ကျွေး တဲ့ သ

တင်း စာ စတ္တု စုတ် မှာ ဆရာ ခတ် ပုံ တွေ့ တာ နဲ့ ဆရာ ထံ တ ရာ နဲ့ ရောင်း တယ် လို့ ထွက် ရ တာ ပေါ့။

ဦးထိန်လင်း။ ။ ဘုရား ဘုရား . . .ဒါ ကြောင့် ကိုး၊

တင်မောင်။ ။ ဘု ရား မ တ ပါ နဲ့ လေ၊ ခင်ဗျားက ဘုရား မ ရှိ တရား မယုံ။ မဆလ လမ်း စဉ် ကိုသာ ယုံ တဲ့ အလံ နီ ပျက် ပဲ ဟာ။ ကောင်း ပေ့ ကွာ– ကောင်း ပေ့–

(တံခါး ပွင့် လာ ပြီး စစ်သားနှစ်ဦးက မဆလပါတီ သဘော တရား သင် တန်း ကျောင်း အုပ် ကြီး ဦး ချစ် လှိုင် ကို သွင်း လာ ပြီး ပြန် ထွက် သွားစေ)

ဦးချစ်လှိုင်။ ။ ရက် စက် လှ ချီ လား အဘ ဦး ထိန် လင်း ကြီး ရယ်။ ခင် ဗျား ဘာ သာ ခင် ဗျား နိုး ရာ ပါ ပု လဲ ကုံး ဝယ် တာ ကို – ဘာ ကြောင့် ကျွန် တော့် ဆီ ကို ပို့ လိုက် တယ် လို့ ထွက် ရ တာ လဲ၊

ဦးထိန်လင်း။ ။ ဆော ရီး ကိုယ် လူ ရေ့။ ငါ့အမှုကတော့ ဇ ရာ မ အမှု ကြီး ဖြစ် နေ ပြီ။ လွယ် လွယ် နဲ့ လွတ် မှာ မဟုတ် ဘူး လို့ တွေး မိ တာ ကြောင့် ခင် ဗျား ကို ဆွဲ ထဲ့ တာ ပါ ပဲ။ ခင် ဗျား က မဆလ နိုင် ငံ ရေး ကျောင်း အုပ် ကြီး ဆို တော့ ကြံ ဖန် နိုင် မယ် ထင် လို့ ခေါ် ခဲ့ တာ ပဲ။

ဦးချစ်လှိုင်။ ။ ခင် ဗျား လဲ သိ သား ပဲ။ ကျောင်း အုပ် ဆို ပေ မင့် ဗိုလ် မှူး ကြီး တွေ က ကြည် တာ မဟုတ် ဖူး။

ဦးထိန်လင်း။ ။ အညမည သဘောတရား ရေးတဲ့ ဆရာကြီး ကို ဗိုလ် ချုပ် ကြီး က ချစ် တယ် မဟုတ် လား။ အ ချစ် တော် ဆို။ ကယ် ပါ ဦး ဗျာ . . .

ဦးချစ်လှိုင်။ ။ ဗိုလ် နေ ဝင်း က ဘယ် သူ ကို မှ ချစ် တာ





မ ဟုတ် ဖူး။ ဒေါ်နီနီမြင့်ကိုတောင် ချစ် လို့ ယူ တာ မဟုတ် ဖူး။ ချ ဖို့ ယူ ထား တာ။

တင်မောင်။ ။ (အော်ပြောစေ) အသံ ဖမ်း နေ တဲ့ စစ် စုံ ထောက် ကြီး ခင် ဗျား . . . သူ တို့ ပြော ကြ တာ ပါ။ ကျွန် တော် မပါ, ပါဘူး ခင် ဗျား။

(တံ ခါး ကြီး ပွင့် လာ ပြီး စစ် သား နှစ် ဦး က အဆိုတော် လက် ခုတ် ဗတုပ် ကို သွင်း စေ)

ဗတုပ်။ ။ ကျောင်း အုပ် ကြီး ဆရာ ဦး ချစ် လှိုင် ခင် ဗျား။ ဘယ် က ပုလဲ သွယ် ကို ကျွန် တော် ကို ပေးပါသလဲ။ ပြောပါဦး။

ဦးချစ်လှိုင်။ ။ ပု လဲ ပုတီး ကို မခိုး ရ ဘဲနဲ့ စစ် စုံ ထောက် တွေ က အရိုက် အနှက် ခံ ရ တာ ကြောင့် အဆင့် ဆင့် ဖော် ကောင် လုပ် ရတာ ကြောင့် ထောင် ထဲ မှာ ကြာ ကြာ သွား ရ တော့ မှာ ဆို တော့။ အပြင်း ပြေ ခင် ဗျာ့ တေး ကလေး တွေ နဲ့ ဖြေ ရအောင် လို့ ခေါ် ခဲ့ တာ ဗျို့...

ဗတုပ်။ ။ ဒါ ဖြင့် လဲ ကျွန် တော် ထက် အဆို ကောင်း အ သံ ကောင်း တဲ့ စန္ဒရား လှ ထွဋ်တို့ . စန္ဒရား ချစ် ဆွေ တို့ ကို ခေါ် ပါ လား ဗျာ။ ဂီ တလုင် မောင် ကို ကို လဲ ရှိ သား ပဲ။

ဦးချစ်လှိုင်။ ။ ထောင် ထဲ ကို စန္ဒရား သွင်းခွင့်မရနိုင်ဘူး လေ။ ခင် ဗျား က လက် ခုပ် ရှိ လျှင် သီ ချင်း ဖြစ် တာ ပဲ ဟာ။

ကန့် လန် ကာ ချ စေ။

**လေးရက်မျှ ကြာသောအခါ**

ကန့် လန့် ကာ တင် စေ။

ဗတုပ်။ ။ (သီ ချင်း ဆို နေ စေ) ကြုံ သေး တယ် ကံ ဆွေး

ဗျာ ထု ကြွယ်၊ အို လေ–စုံ ဆယ် ဖြာ ပန် ထွာဦး တင်– ဖူး မြင် သက် လွတ် ကြောင်း။—အိုလေ့လေးလေ––

ဦးထိန်ဝင်း။ ။ ဟေ့ ကောင် တိတ် စမ်း၊ မင်း က မင်္ဂလာ မရှိ တဲ့ သီ ချင်း တွေ ပဲ ဆို နေ တာ။

တင်မောင်။ ။ ဝင်း ဦး ဆို တဲ့ ကိုယ် ပြန် လာ ပြီ၊ ငှက် က လေး တွေ ကြို ကြ သည် ဆို လား အဲ ဒီ သီချင်း က မင်္ဂလာ ရှိ တယ် နိ မိတ် ကောင်း တယ် ဆို ပြ ပါ လား ကွာ။

ဗတုပ်။ ။ အဲ ဒီ သီ ချင်း မရ ဘူး။ ဒီ ထောင် ထဲ မှာ ဘယ် နှယ် လုပ် ပြီး– သုတိ ဩဘာ ရှိ တဲ့ တေး ကို ဆို နိုင် ပါ မ လဲ ဗျာ တို့ ရယ်–

ဦးချစ်လှိုင်။ ။ မင်းကတော့ ထောင် နဲ့ မင်းနဲ့ အညမည မဟုတ် ပဋိပက္ခပေါ့ကွာ။

(တံ ခါး ပွင့် စေ၊ စစ် သား များ က အရပ်မြင့်မြင့် မျက် မှန် ထူထူ စစ် စုံ ထောက် ချုပ် ဗိုလ် မှူး ချုပ် တင် ဦး ကို သွင်း လာ စေ။)

တင်မောင်။ ။ ဒီ တ ခါ မှ ဘု ရား ဘုရား ပါလား၊ ကိုယ် လူ ကြီး က ကျုပ် တို့ ကို လွှတ် ဖို့ လာ တာ လား၊

ဦးချစ်လှိုင်။ ။ ကယ် ပါ ဦး စစ် စုံ ထောက် ချုပ် ကြီး ရယ်။

တင်ဦး။ ။ ကံကြမ္မာ ရဲ့ ဆန်းကြယ်ပုံဟာ အတိုင်းအဆ မရှိ ပါ ကလား ဟရို့။ ကိုယ် လူ တို့ ရေ၊ ကျွန် တော် ငို ချင် လွန်း လို့ ပါ။ ရီ လဲ ရီ ချင် လွန်း လို့ ပါ။ ငို ပါ ရစေ၊ ရီ ပါ ရစေ—ဟားဟား– –ဟားဟား– ဟီး ဟီး– ဟီး ဟီး–။ ဟီးဟီး–ဟီးဟီး– ဟားဟားဟားဟား––

ဦးထိန်ဝင်း။ ။ ကဲ ကဲ… ငိုလို့ ရီ လို့ အား ရ လျှင် အကြောင်း





ကို ပြော ပြ စမ်း ပါဦး၊

တင်ဦး။ ။ဒေါ် နီ နီ မြင့် ရဲ့ ပုလဲ ကုံး ပျောက် မှု အတွက် ခင် ဗျား တို့ တတွေ ကို ဒီ ထောင် ခန်း မှာ ထည့် ထား တော့၊ အသံ ဖမ်း စက် နဲ့ ဖမ်း ထား တော့၊ ပြော သမျှ နား ထောင် ရ လို့– ခင် ဗျား တို့ မခိုး ဘူး ဆို တာ ကို သိ ရတယ် ဗျ။

တင်မောင်။ ။ ဒါ ဖြင့် သူ တို့ ကို လွှတ် တော့ မယ် ပေါ့။

တင်ဦး။ ။ ဒါက နိ ပါတ် တော် ထဲ မှာ ပါ။ ငါး ရာ့ ငါး ဆယ် နှ မာ ငါး ရာ ဖြစ် စဉ် မှာ– ဘုရင် ကတော် တပါး ပု လဲ သွယ် ကို မျောက် တွေ က ခိုး တာ ကို လူတွေ ယူ တယ် ထင် လို့ ဖမ်း ဆီး ပြီး ထောင် ထဲ ထည့် ခဲ့ တယ်။ လူ တွေ ခိုး တာ ဟုတ်၏ မဟုတ် ၏ ကို သိလို တာ ကြောင့် အလောင်း တော် ပညာ ရှိ က တရား ခံ တွေ ပြော တာ ကို ချောင်း ပြီး နား ထောင် တယ်။ လူ တွေ ခိုး တာ မဟုတ် မှန်း သိ လို့ မျောက် တွေ တက် တဲ့ သစ် ပင် မှာ ရှာ တော့ ပုတီးကို တွေ့ ရတယ်၊ ပုလဲ ကုံး ကို တွေ့ တော့ အားလုံးကို လွှတ် ပေး တယ် လေ။ ဇာတ်တော် ထဲ မှာ– ဇာတ် တော် ထဲ မှာ–

ဦးထိန်ဝင်း။ ။ ဒါ ဖြင့် တို့ တတွေ လွှတ် ပြီ ပေါ့။

တင်ဦး။ ။ အဲ ဒါ က ဘုရား ခေတ် ကဖြစ် တာ၊ ဒီနေ့ ခေတ် က – ဦး သူ စား တဲ့ မဆလ ခေတ် ဗျ။ ဒီ ခေတ် ကြီး မှာ အဲ ဒီ လို ဇတ် သိမ်း လို့ မရတာကြောင့် ငို ချင် တာ ဗျ၊ အဟီး အဟီး။

ဦးချစ်လှိုင်။ ။ ပြော ပါ ဦး စုံ ထောက် ချုပ် ကြီး ရယ်။

တင်ဦး။ ။ ခင် ဗျား တို့ပြော တဲ့ အသံ တွေ အရ ခင် ဗျား တို့ ခိုး တာ မဟုတ် ဖူး လို သိရတော့– ကျွန် တော် က–ရေကူး ကန် မှာ မျောက် တော့ မ ရှိ ဘူး၊ ကြွက် တွေ သာ ရှိ တာ ကို တွေး မိ လို့ ကြွက် တွင်း တွေ မှာ ရှာ တော့ ပုလဲ ကုံး ကြီး ကို ပြန် တွေ့ သ ဗျ။

ကြင်ဆွေ။ ။ ကဲ ယုံ ပြီ လား၊ ကျွန် တော် မခိုးပါဘူး ဆိုတာ

သိပြီပေါ့၊ ခင် ဗျား ပဲ ကျူပ် ကို ဆက် တိုက် – – ရိုက်ပြီး ရှေ့ဥက္ကိ...

တင်မောင်။ ။ တိတ် စမ်း တိတ်။ ဗိုလ် တင် ဦး ပြော တာ ကို နား ထောင်။

တင်ဦး။ ။ အဖြစ် က ဒီလိုဗျ ဒီလို။ ပုလဲကုံးကြီးက ဗိုလ်နေဝင်း က ကျောက် မျက် ဌာန က ခိုး ထား တာ။ ဒေါ် လာ ငါး သန်း တန် တယ် တဲ့။ သူ့ မယား ကလေး နီနီမြင့် ကို ဝတ်ဆင်ခိုင်းပြီး။ ဒေါ် ခင် မေသန်း ခေတ် က လို ပဲ ရစ် ကို သွား ပြီး ရောင်း ဖို့ စီ စဉ် နေ တာ ကျွန် တော်က သိတာ ကြောင့်– စိတ် ထဲ မှာ မခံ ချိ မခံ သာ ဖြစ် တာ ပေါ့။ ဘယ် နှယ် ဗျာ နိုင် ငံ က ပိုင် တဲ့ သ ယံ ဇာ တ ရ တ နာ တွေ ကို သူ တ ဦး ထဲ လက် ဝါး ကြီး အုပ် ခိုး နေ လို့ ဘယ် မှာ တရား မလဲ။

ဦးချစ်လှိုင်။ ။ ဒါ မှ တကယ့် မျိုး ချစ် စိတ် ဗျ။

တင်ဦး။ ။ တ ကယ် ပါ။ ကျွန် တော် မျိုး ချစ် ပါ။ အဲ အဲ ကျွန် တော့် မိန်းမ ကိုတော့ နဲနဲ ပို ချစ် တာပေါ့။ ဒီ လို ဗျ ဒီ လို။ ပု လဲ ကုံး ကြီး တွေ့ တော့။ ဗိုလ် နေ ဝင်း ခိုး တာ က နိုင် ငံ တော် ပိုင် ပစ္စည်း ကို ခိုး တာ။ ငါ က သူခိုး လက် က သူ ခိုက် လု ပြီး တဆင့် ခိုး လျှင် ဗိုလ် နေ ဝင်း သာ အပြစ် ရှိ တာ မို့ တရား တယ် လို့ တွေး မိ တာ ကြောင့် ထောင် ထဲ ရောက် ပြီး ပြော ချင် ရာ ပြော နေ ကြ တဲ့ ခင် ဗျား တို့ တတွေ သေ သေ ကျေ ကျေ ငါ အပ္ပ ကျန် မယ် လို့ ဆုံး ဖြတ် ပြီး ကြွက် တွင်း ထဲ က တွေ့ တဲ့ ပု လဲ သွယ် ကို အမှတ် တမဲ့ ဘောင်း ဘီ ထဲ ထည့် ပြီး ခိုး လိုက် တာ ပေါ့။ ဟီ ဟီ၊ မိန်းမ နေ မကောင်း လို့ ဆေး ကု မယ် ဆို ပြီး ဗိုလ်ပ်မှာ တ လ လောက် သွား လည် တာ ပေါ့။ ပုလဲသွယ်ရောင်း လို့ ရ တဲ့ ငွေတွေကလဲ လန် ဒန်မှာ ဖြုန်း လို့ ကုန် လု လု မို့ ကျန် သမျှ စိန် ဝယ် ပြီး ပြန် ခဲ့ တယ် လေ။

ဦးထိန်လင်း။ ။ ဒါ ဖြင့် ပုလဲကုံးကြီးက ပြန်လာလမ်း မရှိ





တော့ ဘူး ပေါ့။ ကျူပ် တို့ တတွေ ထောင် ဒဏ် တ သက် လွတ် ရက် မရှိ ပေါ့။

ဦးချစ်လှိုင်။ ။ နေ ပါ ဦး၊ နေ ပါ ဦး ဗိုလ်ချုပ်တင်ဦး ဗိုလပ် တောင် လွတ်သေးတော့ သူ ခိုး မမိ ဘူး ပေါ့၊ အခု မှ ခိုး တာ မိ လို့ ထောင် ကို ပို့ တာ လား။

တင်ဦး။ ။ ပြဿနာက မအေပေးမျိုး ခွေးသူခိုး၊ ခွေးသား၊ ဝက် မြေး၊ ကြွက် လ စိ ခင် ညွှန့် ပေါ့။ ဒီ ကောင် လေး ကို ပညာ သင် ပေး ပါ လို့ ဗိုလ်နေဝင်းက အပ် ထား တော့ ကိုယ် သွား ရာ ခေါ် ပြီး ပ ညာ ပေး ရ တာ ပေါ့။ ရေ ကူး ကန် က ကြွက် တွင်း တွေ မှာ ရှာ တုံး က မအေ ပေး မျိုး ခွေး သူ ခိုး၊ ခွေး သား၊ ဝက် မြေး၊ ကြွက် လ စိ ခင် ညွှန့် က ပါ လာ တယ် လေ။ ကိုယ် က ကုန်းရှာရာက ပုလဲကုံး တွေ့ တော့ ချက် ချင်း မ ယူ ဘူး။ သတိ ထား တယ်၊ သူ့ ကို ပြန် ကြည့် တော့ မအေ ပေး မျိုး ခွေး သူ ခိုး၊ ခွေး သား၊ ဝက် မြေး၊ ကြွက် လစိ ခင် ညွှန့် ထန်း ပင် ကို မော့ ကြည့် နေ တာ မို့ ဒီ မအေ ပေး မျိုး ခွေး သူ ခိုး၊ ခွေး သား၊ ဝက် မြေး၊ ကြွက် လစိ ခင် ညွှန့် မမြင် ဘူး ထင် ပြီး ဘောင်း ဘီ အိတ် ထဲ ကဗျာ ကယာ ထဲ့ တာ ပေါ့။ အဲ ဒါ ကို မအေ ပေး မျိုး ခွေး သူ ခိုး၊ ခွေး သား၊ ဝက် မြေး၊ ကြွက် လစိ ခင် ညွှန့် လူ လည် လုပ် ပြီး မြင်လိုက် တယ် လေ။ အ ခု ကျွန်တော် ဗိ လပ် က အပြန် လေ ဆိပ် မှာ ပဲ အဖမ်း ခံ ရ တယ်။ မအေ ပေး မျိုး ခွေး သူ ခိုး၊ ခွေး သား၊ ဝက် မြေး၊ ကြွက် လစိ ခင် ညွှန့် . . .

ကြင်ဆွေ။ ။ နေပါဦး၊ နေပါဦး ဗိုလ် ချုပ်တင် ဦး ကို စစ် စုံ ထောက် တွေ က စစ် တုံး က ရှေ့ ဥ –

တင်ဦး။ ။ စစ်စုံထောက်တွေက ဇာတ်တူသားမှ ပိုညှဉ်းတယ် လေ။ ကိုယ် လူ တို့ မှာ ပ ရုပ် ဆီ ရှိ လျှင် ပေး ကြ ပါ ဦး။ ကဲ ဇတ် ကွက် လယ် ပြီ မဟုတ် လား။ ဟော ဟို ထောင့် က နို့ ဆီ ဘူး ခွံ

က လေး က စစ် စုံ ထောက် တွေ ရဲ့ အသံ ဖမ်း စက် ဗျ။ ဒီ တော့ မ အေ ပေး မျိုး ခွေး သူ ခိုး၊ ခွေး သား၊ ဝက် မြေး၊ ကြွက် လ စိ ခင် ညွှန့် ကို အား ရ အောင် ဆဲ စမ်း ပါ ရစေ... မအေပေးမျိုး ခွေး သူ ခိုး၊ ခွေး သား၊ ဝက် မြေး၊ ကြွက် လစိ ခင် ညွှန့် ...

ကန့် လန့် ကာ အမြန် ချ စေ။

❖ ❖ ❖



## မန္တလေးလမ်းခွဲ

ဝတ္ထုတို

မိတ္ထီလာတွင် ကျွန် တော် အကြိုက်ဆုံး လက် ဖက် ရည် ဆိုင် မှာ ကန် လမ်း ထောင့် မှ ကို အီ စွတ် ၏ ဖွဲ့ ကဖီး ဖြစ် ပါ သည်။ လက်ဖက်ရည်၊ ကော် ဖီ ကောင်း သည်။ နို့ မလိုင် နှင့် ပဲနံပြားက လည်း အလွန် ကောင်း သ ဖြင့် တခါ တရံ စား ပွဲ ကု လား ထိုင် များ အား လုံး လူ ပြည့် နေ သော ကြောင့် မတ် တပ် ရပ် ပြီး စောင့် ရ သည့် အ ခါ ရှိ တတ် သည်။

ကော် ဖီ လက် ဖက် ရည် နှင့် မုန့် များ က သာ ကောင်း သည် မဟုတ်၊ သ တင်း စာနှင့် မဂ္ဂ ဇင်း များ ပါ စုံ လင် စွာ ထား လေ သဖြင့် ဖောက် သည် များ ချက် ချင်း မပြန်ဘဲ ဇိမ်ခံပြီး စာ ဖတ် နေ လေ့ ရှိ သော ကြောင့် ပို ပြီး လူ စည် သည်။

ကို အီ စွတ် က လည်း လွန် စွာ သ ဘော ကောင်း သည်။ ကော် ဖီ တ ခွက် သာ သောက် သော သူ ဖြစ် စေ ကာ မူ သတင်း စာ ကို ဇိမ် ခံ ဖတ် နေ လျှင် မညည်း မညူ လက် ဖက် ရည် အ ကြမ်း အိုး များ တ အိုးပြီး တ အိုး ချ ပေး လေ့ ရှိ သည်။ ထိုင် ချင် သ လောက် ထိုင်၊ နေ ချင် သ လောက် နေ . . . ကြည် ဖြူ ၏။

လွန် ခဲ့ သော တနင်္ဂနွေ နေ့ က မူ ကျွန် တော် က နည်းနည်း နောက် ကျ သွား သ ဖြင့် လော မသိ၊ လူ အ နည်း ငယ် ရှင်း နေ ၏။ ကျွန် တော် က ဆိုင် တွင် တင် ထား သော သ တင်း စာ များ ကို တစောင်ပြီး တစောင် အလဲ အလှယ် ဖတ် လို သော ကြောင့် တ မင် နောက် ကျ ပြီး သွား ခဲ့ သည် ဖြစ် ၏။ သို့ သော် လည်း

စော စော လာ ပြီး စောစော ပြန် လေ့ ရှိ သော ဆရာ ဦး အုန်း ဖေ နှင့် ဆရာ ဦး ထင် ကြီး တို့ စား ပွဲ တလုံး တွင် ရှိ နေ ကြ သေး သည်။ မည် သည့် ပြဿနာ ကို ငြင်း ခုံ နေ ကြ သည် မသိ၊ ဆူညံ ဆူ ညံ ပြော နေ ကြ ရာ က ကျွန် တော့် ကို မြင် သော အခါ တွင် နှစ် ယောက် စလုံး က–" ဒီ စား ပွဲ ကို လာ ခဲ့ ဟေ့"ဟု ခေါ်သော ကြောင့် ခါတိုင်း ထိုင် နေ ကျ ပြတင်းပေါက် ဘေးတွင် မထိုင်တော့ဘဲ ပြတင်းနှင့် ဝေးသော သူတို့ စားပွဲတွင် ဝင်၍ ထိုင်မိသည်။

မှတ် ဉာဏ် ကောင်း သူ ကိုအိစွတ်က ကျွန်တော် သောက် နေ ကျ 'ချို ခါး 'လက် ဖက် ရည် တခွက် ဖျော် ပြီး လာ ချပေး သည်။ "ဒီနေ့ – ပဲထပ်တာရာ ရတယ် ကွ။ တော် တော် ကောင်း တယ်" ဟု ဆရာ ဦးအုန်းဖေက သတင်းပေးသည်ကို "ကျွန်တော် မုံ့ဟင်းခါး စားလာခဲ့ပြီဆရာ"ဟု ဖြေလိုက်ပြီး တဘက်စားပွဲတွင် အား နေ သော မြန် မာ့ အလင်း သတင်းစာကို ဆွဲဖတ်နေမိပါ၏။

ဆရာ နှစ် ဆူ က ကျွန် တော် ကို ဘာ မှ ဆက် မပြော တော့ ဘဲ သူ တို့ နှစ်ဦး ငြင်း လက် စ ပြဿနာ ကို ဆက် ပြီး ငြင်း နေ ကြ လေ သည်။

ကျွန် တော် က မြန် မာ့ အလင်း ကို ဖတ် ပြီး နောက် ကြေး မုံ နှင့် လဲ ပြီး ဖတ် လို သော ကြောင့် တဆိုင် လုံး မျက် စိ က စား ပြီး ရှာ မိသည်။ လူ တယောက် က ဆိုင် ပေါက် ဝ စား ပွဲ တွင် ထိုင် ပြီး ကြေး မုံ ကို ရူး ရူး စိုက်စိုက် ဖတ် နေ သည် ကို တွေ့ ရ သည်။ ဆိုင် ထဲ ၌ အား လုံး လူ နှစ် ဆယ် ခန့်ရှိ သည်။ အား လုံး တို့ သည် မျက် နှာ သိများ ဖြစ်ကြသော်လည်း ထို သူ မှာ ရှာ ခံ မဟုတ် ဘဲ သူ စိမ်း တယောက် ဖြစ် နေ သော ကြောင့် သူ ဖတ် ပြီး ချိန် ကို စောင့် ကြည့် နေ မိ သည်။

ထို သူ သည် အဝတ် အစား ကို သပ် သပ် ရပ် ရပ် ဝတ် ထား စေ ကာ မူ ဘဲ မြီး ဆံ တောက် ကို ခပ် တို တို ညှပ် ထား





သဖြင့် ဥပမိ ရုပ် မှာ ခပ် ကြောင် ကြောင် နိုင် သည်။ "အေး လေ လူ အမျိုး မျိုး နတ် အထွေထွေပေါ့ " ဟု စိတ် ထဲ မှ မှတ် ချက် ချ မိ ပြီး သတင်း စာ စောင့် ရင်း သူ ကို ကြည့် နေ မိသည်။ ကိုဘဲမြီး က သိ ရှာ ဟန် မတူ။

ထို သို့ ငေး ကြည့် နေ ခိုက် တွင် ဂူး ကနဲ စစ် ကား ကြီး တ စင်း ဆိုင် ရှေ့ ၌ ထိုး ရပ်လာသည်။ စစ် ဆင် ရေး ထွက် လာ ဟန် တူ ၏။ သေ နတ်များ ထောင် ကိုင် ထား သောစစ် သား အပြည့် ပါလာသည်။

ကား ရှေ့ ခန်း မှ စီး လာ သူ အရစ် သုံးရစ် တပ်ဆင်ထား သော တပ် ကြပ် ကြီး တဦး အပြေး သား ဆင်းလာ သည်။ သူ ၏ ခါး တွင် ခြောက် လုံးပြူး ကြီး အပြင် လက် ပစ် ဗုံး များ တသီကြီး ချိတ် ထား သေး သည်။ အရပ် ပု ပု ဂင် တို ဖြစ် စေ ကာ မူ ကော် ပြန့် နေ အောင် မီး ပူ ထိုး ထား သော စစ် ဝတ် စုံ ဝတ် ထား သည်။ သူ ပိုင် ရှိ သမျှ အရပ် အမောင်း နှင့် ဦး ခေါင်း ကို မော့ ထား သော ကြောင့် ကြွား ကြွား ရား ရား ရှိ သည်။

ဆိုင် ရှေ့ ရှိ အစွန် ဆုံး စား ပွဲ မှာ ထိုင် နေ သော ကိုဘဲ မြီး ထံ သွား ပြီး တပ်ကြပ် ကြီး က မေး သည်။

"မ ... မ ... မန်း တလေး။ လ ... လ... လမ်းခွဲ။ ဘ –ဘ– ဘ ဘယ် မှာ လဲ"ဟု မေး သည်။ ဆရာ တပ် ကြပ် ကြီး သည် စကား ထစ် ရှာ ရသည့် အထဲ ၌ အလျင် စလို မေး သဖြင့် စ ကား လုံး များ ကို ပီပီ သသ နား လည် လိုက် ဟန် မ တူ။ ကို ဘဲ မြီး က စာ ဖတ် နေရာ က ခေါင်း မော့ ကြည့် ပြီး မည် သို့ မှ မ ဖြေ ဘဲ ခေါင်း ကို ပြန် ငုံ့ ပြီး စာ ကို ဆက် ဖတ် နေ သည်။

"က ...က ...က... ကိုယ့် လူ ... မ မ မ မန်း တလေး... လ... လ လ လမ်း ခွဲ ... ဘ... ဘ ဘယ် မှာ လဲ"ဟု တပ်ကြပ် ကြီး က စ ကား လုံး ပီသအောင် ပြော ပြီး မေး ပြန် သည်။ သို့ သော် လည်း

ကို ဘဲ မြီး က လမ်း ကို မပြ ဘဲ၊ အဖြေ မပေး ဘဲ ခေါင်း ငုံ့ ကာ စာ ကို သာ မဲ ၍ ဖတ်နေ သည်။

"မ– မ– မ– မေး နေ တယ် ဗျ။ မ– မ– မ– မန်း တလေး လမ်း ခွဲ၊ ဘ– ဘ– ဘ–ဘယ် မှာ လဲ" တပ်ကြပ်ကြီး၏ မျက်နှာ မှာ နီ လာ သည်။ စိတ်တိုလာ ဟန် တူ သည်။ နံဘေးမှ ပရိသတ် ကျွန် တော် တို့ ပင် စိတ် မ ရှည် ကြ တော့ ပြီ။

ကိုဘဲမြီးကမူ မထုံ တက် တေး နှင့် အဖြေ မပေး ဘဲ ခေါင်း ကြီး ကို ငုံ့ ထား ပြီး၊ စာ ဖတ်မြဲ ဖတ် နေ သည်။ ပြ သ နာ တော့ လာတော့မည်။ တဆိုင် လုံး ငြိမ် သွား ပြီး လှမ်း ကြည့် ရင်း စိုး ရိမ် သော က များ တက် လာ ကြ သည်။

ဝုန်းကနဲ စား ပွဲ ကို တပ်ကြပ် ကြီး က ထုပြီး မေး ပြန် သည်။ ပရိသတ်သည် အခြေ မလှ သဖြင့် ပြေး ပေါက် ကို ရှာ ကြ ခိုက် ကော် ဖီ ဖျော် နေ သူ ကို အီ စွတ် ပြေး ထွက် လာ သည်။ အ မြဲ ပြုံး နေ သူ ကို အီ စွတ် က ပို၍ ပို၍ ပြုံး ပြကာ "ဗိုလ်ကြီး၊ ဗိုလ် ကြီး စိတ် မရှိ ပါ နဲ့ ဗိုလ် ကြီး" ဟု တောင်း ပန် သည်။ ကို အီ စွတ် မှန် သည်။ ရာ ထူး တဆင့် တက် ပြီး ခေါ် ဝေါ် သည် ကို လွန် မင်း စွာ သာ ယာ တတ် သည့် စစ် မှု ထမ်း တို့ သဘာဝကို သူ ကောင်း စွာသိသည်။ တပ် ကြပ် ကြီး ၏ ဒေါ သ အရည်ပျော်စ အပြုတွင်မှ ကို အီ စွတ် က တပ် ကြပ် ကြီး ကို လမ်း မ ဘက် သို့ ဆွဲ ခေါ် ပြီး မန္တလေး လမ်း ခွဲ ကို ပြ လိုက် သည်။ တပ်ကြပ်ကြီးက ကိုဘဲမြီးကို စောင်း ငန်း စောင်း ငန်း ကြည့် ပြီး ကားပေါ် ပြန်တက်သွားသည်။

စစ် ကား ကြီး မောင်း သူ က ဝူး က နဲ အရှိန် ပြင်း စွာ မောင်း ထွက် သွား သည်။ ဤ တွင် မှ ကျွန် တော် ရော၊ ဆရာ နှစ် ဆူ တို့ နှင့် ပရိသတ် ကြီး ပါ သက် ပြင်း ချ နိုင် ကြ သည်။

စစ် ကား ကြီး ပျောက် သွား သည် နှင့် တပြိုင် နက်– ဆိုင် တွင်း ရှိ လူ အား လုံး တို့ က ကို ဘဲ မြီး ကို ဝိုင်း ကြ တော့ သည်။





"ဟော့ လူ ဘာ လုပ် တာလဲ ဗျ။ သူ တို့ လက် လွတ် စပယ် ပစ် မှာ ခင် ဗျား တ ယောက် ထဲ သေ မှာ မဟုတ် ဖူး၊ ကျုပ်တို့ပါ သေ မှာ" ဆရာ ဦး အုန်း ဖေ က စတင် ဆူသည်။

"ဟုတ် တယ် ဆရာ၊ အရင် လ ထဲက မျိုး ညွန့် ရုပ် ရှင် ရုံ မှာ စစ်သားတယောက် က ဂျင်း သုတ် သည့် မ, ကလေးကို ရိသဲ သဲ့ ပြောတာကြောင့် အစ်ကိုဖြစ်သူနဲ့ ရန်ဖြစ်တာ စစ်သားတွေက ရိုက်လို့ အရပ်သား (၁၃) ယောက်ခေါင်းကွဲတယ်။ တယောက်က သေ လု နည်း ပါး ရှိ နေ သေး တယ်" ဟု တယောက်က ထောက် ခံသည်။

ဆရာ ဦး ထင် ကြီး ကမူ "စစ် တပ် က ဖမ်း မှာ မကြောက် ဖူး လား။ အနဲဆုံး သုံး နှစ် တော့ ခံ ရ မှာ" ဟု သတိပေးသည်။

ကျောင်း သား တယောက် ကမူ "ခင် ဗျား ရဲ့ သတ္တိ ကို ချီး ကျူး ပါ တယ်၊ အလေး နီ ပြု ပါ တယ်" ဟု ပြော လေ ရာ "ဘာ သတ္တိ လဲ ကွ၊ တို့ က ကြား က အသေ မခံ နိုင် ဘူး။ တကယ် သတ္တိ ရှိ ကြ ရင် နယ် စပ် သွား တိုက် ကြ ပေါ့" ဟု တ ဦး က ဆူ ပြန် သည်။

ကို ဘဲ မြီး က မည် သို့ မှ မဖြေ။ သ တင်း စာ ကိုသာ ဖတ် နေ သည်။

နောက် ဆုံးတွင် ဆိုင် ရှင်ကို အီ စွတ် က "ခင် ဗျား မို့ လုပ် ရက် ပလေ ဗျာ။ သူ တို့ မိုး ကောင်း တုန်း မှာ ထင် သလို ရမ်း ကား နေ တဲ့ ခေတ် ကြီး မှာ ဘာ လို့ ရန် စချင် ရ တာ လဲ၊ စစ် သား နဲ့ ရန် ဖြစ် ရင် အရော် အစား မရ ဘဲ – အရပ် သား တွေ သာ နာ ရတာ ဗျ" ဟု ပြော ရာ မှ "နေ ပါ ဦး၊ နေ ပါ ဦး ခင် ဗျား က ဘယ် ရွာ က လဲ" ဟု မေး သည်။

ဤ တွင် မှ ကို ဘဲ မြီး က မျက် စိ ပေ က လပ် နှင့် ခေါင်း မော့ လာ ပြီး ဖြေရှာသည်။

"ကျ– ကျ– ကျ– ကျုပ် က... မ– မ– –မ မန်းတလေးလမ်း။ ဒ– ဒ– ဒ– ဒီ ဒီ လ– လ– လ– လမ်းလို့ ဖြေ ရင်။ သ– သ– သ– သူ က ရိုက် ရိုက်... မှ–မှ–မှ– မှာ က– က– က–ကို... ကြောက်– ကြောက် လို့ ပါ" တဲ့။

ပြီး၏၊

❖ ❖ ❖



## မေ့နိုင်ဘူးကွဲ့ အင်းစိန်ထောင် (၁)

## တသံတပိန့်

အရှင့် အာ ဏာ ကျေး ကျွန် ၌ တည် စေ ရ မည် ဟု ဆို ရိုး ရှိ ရာ တွင် အာဏာစက် ပြင်း သော ဖက် ဆစ် တို့ ခေတ် တွင် ပို မို အာ ဏာ တည် ၏။ အင်း စိန် ထောင်သည် ဖက်ဆစ်အစိုးရ၏ အရေး ပါ ဆုံး သော စက် ကိ ရိယာ ကြီး ဖြစ် လေ ရာ အာ ဏာ စက် အထက် မှ အောက်သို့ အဆက် ဆက် တည် စေ လေ သော ဒေ သ ဖြစ် သည်။

အကျဉ်သား တဦး အား အထက် က "ဒီကောင် ကို ကောင်း ကောင်း ထား လိုက်"ဟု အမိန့်ပေး မှာထားလျှင် ထို သူ ကို ဟော် တယ် နီး ပါး ကောင်း စွာ ပြု ရ သည်။ မျက် နှာ တော် လွှဲ ထား သော အကျဉ်း သား တို့ မှာ မူ ဝဋ် ရှိသမျှ 'ခံ' ကြရလေ့ရှိသည်။ အကျဉ်း သား တို့ကို ထိန်း သိမ်း ရာ တွင် တိ ကျ သော အမိန့် အ ဆင့် ဆင့် ပေး ကာ အုပ် ချုပ် သည်။ စစ် ဗိုလ် က ဒီ ကောင် ကို ရေ တခွက် သောက် စေ ဟု ဆို လျှင် ထောင် မှူး ထောင် ကြပ် တို့က ရေတခွက်သာ ပေး သည်။ နှစ် ခွက် မပေး။ တ ဝက် ပဲ သောက် ပါရစေ ဟု ဆို သည် ကို လက် မခံ။ အမေ မှာသော ဆန် တခွဲ ကို သုံး စိတ် နှင့် လဲလေ့ မရှိ။

အောင် ဗလ တို့ နေ ထိုင် ရ သော အင်း စိန် ထောင် အ ဆောင် ၄၊ အခန်း ၇ တွင် ပေါ့ ပိ ပို့ အမည် ရှိ သော အကျဉ်း သား ကြီး တဦး ရှိ သည်။ သူ ၏ ပြစ် မှု မှာ မာရျောက် ဖဲ က စား ဝိုင်း တခု တွင် ထိုင် ကြည့်မိ သော အမှု ဖြစ် သည်။ ထို ခေတ် က

ဗိုလ် နေ ဝင်း ၏ ညီ– ဗိုလ် နေ ဝင်း ၏ မယား ကြီး နှင့် ဗိုလ် နေ ဝင်း ၏ အစ်ကိုတော်တို့က ဧ ရာမ ဖဲ ဝိုင်း ကြီး များ ခင်းကျင်းကာ ဖဲ ဒိုင်ခံ စားနေကြသော ခေတ် ဖြစ်၏။ ဆွေတော် မျိုးတော် ဖဲဝိုင်း ကြီး များကို ခွင့် ပြု ထား သော ရန် ကုန် ပုလိပ် တို့ က ဝိုင်း သေး ဝိုင်း ငယ် များ ကို ဖမ်း ဆီး ကာ အလုပ် ပြ ကြ သဖြင့် အဖိုး ကြီး သည် ထောင် တွင်း သို့ ရောက် လာ ရှာ ၏။

ခက် သည် မှာ ပေါ့ပိ ပို့ တွင် ဖြစ် ပါး သော ရော ဂါ ဝေ ဒနာ အမျိုးမျိုး စွဲ ကပ် နေ သည်။ ထောင် တွင်း ရောက် လာ ချိန် မှ စတင် ကာ ထောင် ဆ ရာ ဝန် က နေ့ စဉ် လို လို ကြည့်ရှုကုသ ပေးနေ ရ၏။ ထောင် အာဏာ ပိုင် တို့ သည် တခုတည်းသော အ မိန့်ကို နာယူကြရသည်။ မည်သည့်အကျဉ်းသားမှ ထောင်တွင်းတွင် မသေစေရ ဟူသော အမိန့်ကို တိကျ စွာ နာယူကြရသည်။ အကျဉ်း သားမှန်သမျှ သေစေသလောက်သော လက်နက်များ ကိုင် တွယ် ခြင်း မပြု ကြ ရပေ။ အကျဉ်းသား မှန်သမျှ ခါးပတ် မပတ်ရ။ ရှူး ဖိနပ် ကို ကြိုး စီး ခွင့် မပေး။ ခက် ရင်း နှင့် ဓား မသုံးရ စသည် ဖြင့် ကန့် သတ် ထား ၏။ မှတ်ဆိတ်ရိတ်သော ဓားသည် သေစေ လောက်သော လက်နက်ဖြစ်သဖြင့် မှတ်ဆိတ်ရိတ်လိုပါက ထောင် ကြပ်၏ အခန်း သို့ သွား ကာ ထောင် ကြပ် အ စောင့် နှင့် ရိတ် ကြ ရ သည်။

ပေါ့ပိ ပို့ ၏ ကြီး မား သော ရော ဂါ တ ခု မှာ အိပ် မရသော ဝေဒနာ ဖြစ် ၏။ အပြင် လောကတွင် လွတ် လပ် စွာ နေ ထိုင် စဉ် က ပင် ည စဉ် အိပ် ဆေး တလုံး သောက် ကာ အိပ် ရ ရှာ သူ ဖြစ်၏။ ထို ကြောင့် ထောင် ဆရာ ဝန် က ပေါ့ပိပို့ အား ည တိုင်း အိပ် ဆေး တလုံး ပေးစေ ဟု ဆေးစာရေးပေး ထား ၏။

အိပ် ဆေး ဟူ သည် မှာ သေဆေး တမျိုး ဖြစ် သည်။ အင်း စိန် ထောင် တွင်း တွင် နည်း အမျိုး မျိုး နှင့် ညှဉ်း ဆဲ နေ သည့်





ဖက် ဆစ် တို့ လက် အောက် မှ လွတ် မြောက် မည် ဆို ပါ က သေ လို ပါ သည် ဟု သေ ချင် နေ သူ တို့ က မရေ မတွက် နိုင် အောင် ပေါ လှ သည်။ အကယ်၍များ ပေါ့ပိပို့က မိမိ ရရှိသော အိပ်ဆေး လုံး ကို ထောင် မှောင် ခို ဈေး သို့ ထုတ် ရောင်း ပါ က သေ လိုသူ တို့ သေ ခွင့် ရ လေ နိုင် မည်။

ထို့ကြောင့် ထောင် စစ် ဗိုလ် က အမိန့် ထုတ် သည်။ အိပ် ဆေး လုံး ကို ည စဉ် ည တိုင်း “၁၁ နာရီတိတိတွင်”ထောင် ကြပ် တဦး က ယူ လာကာ ပေါ့ပိပို့ ၏ ပါး စပ် အာ ခေါင် တွင်း သို့ ထည့် ရ မည်၊ ရေ မြော ချ သည် အထိ စစ် ဆေး စေ ရ မည် ဟု အမိန့် ထုတ် ထား သည်။ ယင်း အမိန့် ကို ထောင် မှူး ကြီး မှ တောင် မှူး သို့ ထို မှ တဖန် အဆင့်ဆင့် သော ထောင် အရာ ရှိ ထောင် ကြပ် တို့ သို့ ထပ် ဆင့် အမိန့် ပေး ထား သည်။

အိပ် ဆေး ခွံ့စေ အမိန့်သည် အလုပ် ဖြစ် နေ သည်။ ည စဉ် ၁၁ နာ ရီ တိတိ တွင် ထောင် ကြပ် တဦး သည် အဆောင် ၏ သံ တိုင် ပြတင်းသို့ ရောက် လာလေ့ ရှိ သည်။ ပေါ့ ပိ ပို့ က ရေတခွက် နှင့် အသင့် စောင့် နေ ရသည်။ ထောင် ကြပ် က ခွံ့ ပေး သော ဆေး လုံး ကို ရေ နှင့် မြော ချ ကာ မိနစ် အနည်းငယ် အတွင်း ငြိမ်း ချမ်း စွာ အိပ် ရှာလေ့ ရှိ သည်။

တနေ့ သော တနေ့ တွင် မူ ပြဿနာ ပေါ်တော့သည်။ ထို နေ့ က ဝက် သား ဟင်း ကျွေးသည်။ ထောင် ဝက် သား ဟင်း မှာ အသား ပါ လေ့ မရှိ၊ အဆီတထပ် အခေါက် တထပ် အတုံးများ သာဖြစ်သည်။ မိုးကလည်း တစိမ့်စိမ့် ရွာနေသေးသည်။ တဆောင် လုံး မိုးအေးအေး အဆီယစ်ကာ အိပ်စက်နေကြရှာသည်။

ပေါ့ ပိ ပို့ က အခန်း လူ ကြီး အား တောင်း ပန် ရှာသည်။ “ဝက် သား ဟင်း ကတော့ တကယ့် ကို အဆီတွေချည်းပါပဲ၊ ကျွန် တော် မ နေ နိုင် တော့ ဘူး။ အိပ် ချင် လှ ပါ ပြီ၊ အိပ်ပါရစေတော့။

ထောင် ကြပ် လာ တော့ အခန်း လူ ကြီး ပဲ ပြောပေး ပါ။ ကျွန် တော် ကို အိပ် ရာ က နှိုး မ နေ ပါ နှင့်" ဟု မှာ ကြား ရင်း အိပ် သွား ရှာ၏။

"ပေါ့ပိပို့–ပေါ့ပိပို့ " ၁၁ နာ ရီ တိ တိ တွင် ထောင် ကြပ် ရောက် လာ ပြီး ထုံ စံ အ တိုင်း နံ မည် ခေါ်သည်။ အခန်းမှူးက ဖြေ ရ ရှာ သည်။

"ပေါ့ပိပို့ အိပ် ပျော် နေ ပါ ပြီ"

"ဘာတယ်"

"သူ အိပ် ပျော်နေ ပြီ"

"အိပ် ဆေး မစား ဘဲ အိပ် ခွင့် မရှိ ဘူး"

"ဝက် သား ဟင်း ကလဲ တယ် ကောင်း ကိုး။ ဒီတော့ အား လုံး အိပ်ကြပြီ၊ ကျုပ် မှာ သာ တာဝန် ရှိ လို့ စောင့် နေ ရတာ"

"ဒီလို ဘယ် ဖြစ် မလဲ"

"ဘာလို့ မဖြစ် ရ မှာ လဲ။ အိပ် ဆေး မလို ဘဲ တည တလေ အိပ် ပါ စေ ဗျာ . . . ဝါး . . . ကျုပ် လဲ အိပ်ချင် ပါ ပြီ။ ပြန် ပါ တော့ ထောင် ကြပ် ကြီး ရယ်။ ဂွတ် နိုက် ဂွတ် နိုက်"

"ကျုပ် က ဒီ အိပ် ဆေး ကို ဘယ် သွား ထား ရမှာလဲ"

"အိမ် သာ ထဲ လွှင့် ပစ် လိုက် ပေါ့"

"ခင် ဗျား က ကျုပ် ကို ထောင် ကျ အောင် လုပ်တာလား။ အိပ် ဆေး ဖျောက် ဖျက် မှု က ထောင် ဒဏ် ဗျ ထောင် ဒဏ်"

"ဆေး ရုံပြန် ပို့ လိုက် ပေါ့"

"ဆေး ထုတ် ပြီး လျှင် ပြန်သွင်း လို့ မရ ဘူး"

"အင်း ... မလွယ် ပါ လား"

"လွယ် ပါ တယ်။ ပေါ့ ပိ ပို့ ကို နှိုး ပေး ပါ"

"သူ ခမြာ သိမ်း သိမ်း မောမော အိပ် နေ ရှာ ပါ ပြီဗျာ"

"အိပ်ဆေး မသောက် ဘဲ အိပ် တာ သူ့ အပြစ် ဗျ။ ကဲပါ နှိုး





ပေး ပါ။ ပေါ့ပိပို့ ... ပေါပိပို့ ... ထထ... အိပ်ဆေးသောက်လှဲ့ဦး"

ပေါ့ပိပို့သာမက တဆောင်လုံး နိုးကြရလေပြီ။ ပေါ့ပိပို့ခမြာ သည် အိပ် ချင် မူး တူး ယောင် တီး ယောင် တ နှင့် ထ လာ ပြီး သံ တိုင် ပြတင်း မှ ပါး စပ် ဟပေးရ ရှာ သည်။ ဆေးပြားကို မြို၍ ရေနှင့် မြော ရ ရှာ သည်။ ထောင် ကြပ် က သေ ချာ စွာ ကြည့် ရှု စစ် ဆေး ၍ ကျေ နပ် မှ ပြန် ထွက် သွား သည်။

ပြဿနာမှာ ... ဤ တချီ တွင် အိပ် ဆေး လုံး သည် အစွမ်း မ ထက် တော့ ပေ။ ပေါ့ပိ ပို့ မျက် လုံး ကျယ် သွားလေ ပြီ။ အိပ် မ ရ တော့ ပြီ။ ပေါ့ ပိ ပို့ တညလုံး အိပ် မရတော့ဘဲ ဒေါသူပုန်ထ ကာ ဆဲ ရေး တော့ သည်။

"မအေလိုး ထောင် ကြပ်။ မအေလိုး ထောင် မှူး။ မအေလိုး ထောင် စစ် ဗိုလ်။ မအေလိုး ဗိုလ်နေဝင်း " ရာထူး အဆင့်အလိုက် တ ဦး ပြီး တဦး ပျစ်ပျစ် နှစ် နှစ် တ ည လုံး ဆဲ လေ တော့ သ ဖြင့် တဆောင်လုံး အိပ်ရေးပျက်ကြရပါတော့သတည်း။

အောင်ဗလအဖို့ မေ့ မ ရ နိုင် သော ည တ ညဉ့် ပါ ပေ။

❖ ❖ ❖

# မေ့နိုင်ဘူးကွဲ့ အင်းစိန်ထောင် (၂)

## ဖိုးလေးသမျှ

"...မမေ့တဲ့နိုင် ...ယနေ့တိုင် ဟိုတည့ရယ်က..."

ဆရာသုခက တည့တာ ကာလတိုကလေးကို 'မမေ့တဲ့နိုင်' ဟု ဝတ္ထုရေးခဲ့၏။ အောင်ဗလတယောက်အဖို့ သုံးနှစ် သုံးမိုး၊ သုံးကြိမ် တိုင်တိုင်ဝါဆိုခဲ့ရသော အင်းစိန်တောရစခန်းကို အဘယ်မှာ မေ့နိုင်ပါ အံ့နည်း။

သတင်းထောက်တဦးဖြစ်သော အောင်ဗလသည် သတင်း ကိစ္စနှင့် အင်းစိန်ထောင်သို့ အကြိမ်ကြိမ်ရောက်ခဲ့ဖူး၏။ "ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်ကြစို့" ဟု ထောင်ဘူးဝတွင် ချိတ်ဆွဲ ထားသော ဧရာမစာလုံးကြီးများကို မြင်ထားဖူးခဲ့၏။ ထောင်တွင်းသို့ ရောက်သောအခါ ယင်းဆိုင်းဘုတ်ကြွေးကြော်သံကို မမြင်ရတော့ပါ။ အကျဉ်းသားများလည်း မဖတ်ရတော့ပါ။ လက်တွေ့အားဖြင့်လည်း ထောင်တွင်းရှိ အကျဉ်းသားတို့မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်၏ ပြင်ပသို့ ရောက်နေသည်ကို သတိပြုမိသည်။

"လိုသမျှယူ၊ လိုအပ်သလိုအလုပ်လုပ်"ဟူသော ဆိုရှယ်လစ် စနစ်အစား "ပေးတာယူ–ခိုင်းတာလုပ်–နားရင်းအုပ် ခေါင်းငုံ့ခံ" ဟူသော ဆောင်ပုဒ်နှင့် ခံနေကြရသည်။ သို့သော် သတင်းသမား စာသမားတို့သည် သူတကာ၏ မျက်ခုံးမွေးပေါ်တွင် စကြိန်လျှောက် နေသူများဖြစ်သည်ဟု မိမိကိုယ်မိမိအထင်ကြီးကြသူများဖြစ်သည်။ ထောင်တွင်းသို့ရောက်သွားသော ကာလတွင်လည်း အောင်ဗလတို့ သတင်းထောက်များသည် အမျိုးမျိုးအဖုံဖုံ နှိပ်ကွပ်ထားသည့်ကြားမှ

လက်ရေးသတင်းစာတစောင်ကို ထုတ်ဖြစ်အောင် ထုတ်ကြလေသည်။ ထောင်ကြပ် ထောင်မှူးများ၊ စစ်သူလျှိုများ ဝိုင်းထားသည့် ဝိုင်းထားသည့်ကြားမှ သတင်းစာထုတ်ကြသည်။ လျှို့ဝှက်ရေးကိစ္စကို ပိပြားစွာ ကျင့်ရသဖြင့် ခက်ခဲလှ၏။ ထောင်တွင်းတွင် ဖောင်တိန်၊ စက္ကူနှင့် မင်ကို ကိုင်ခွင့်မရှိ။ နိုင်ငံရေးအကျဉ်းသားတဦးအဖို့ ဖောင်တိန်၊ စက္ကူနှင့်မင် ရှိနေသည်ကို တွေ့ရှိပါက အလုံထောင်သို့ ပို့သည်။ အခက်အခဲများကြားမှ သတင်းစာသည် မှန်မှန်ထွက်ခဲ့သည်။

တဖက်တွင် ထောင်သက်ရှည်လှပြီဖြစ်သဖြင့် ရေဒီယိုထားရှိခွင့် ရထားသော နေရှင်းဦးလောရဲ့က နံနက်တိုင်း ဘီဘီစီသတင်းများကို သင်္ကေတစာလုံးများဖြင့် တဆင့် ဖြန့်ချိသည်။ ထိုသတင်းများအပြင် စုဆောင်းရရှိသော အခြားသတင်းများကိုလည်း ဖော်ပြသည်။

အိုးဝေဦးညိုမြ သရော်စာဆောင်းပါးတို့သည် ပြောင်မြောက်လှသည်။ "ညိုမြ–မတုန်မလှုပ် ကျောက်ရုပ်"ဟု ဒဂုန်တာရာက ရေးဖူးသည့်အတိုင်း ဦးညိုမြသည် တနေ့စကားလေးခွန်းမျှပင် ပြည့်အောင်မပြောဘဲ နေလေ့ရှိသည်။ ထောင်မှူးထောင်ကြပ်များကိုလည်း ဂရုမစိုက် ထင်သလိုနေသည်။ စားလိုမှ စားသည်၊ အိပ်လိုမှ အိပ်သည်။ အသက်ကြီးပြီဖြစ်သဖြင့် အေးမဲ့ပေးထားရသည်။ သူသည် သတင်းစာခေါင်းစဉ်တပ်ရာတွင် သူမတူ တမူကောင်းလှသော ဆရာကြီးဖြစ်သည်။ လက်ရေးသတင်းစာတွင် ပြင်ပအစိုးရသတင်းစာတို့မှ သတင်းဓာတ်ပုံများကိုလည်း ကိုက်ညှပ်ကာ ကပ်ထားပြီး ဝေဖန်လေ့ရှိပါသည်။ ဗိုလ်နေဝင်း၏ ဓာတ်ပုံကို "မီးတွေရှို့တာအောင်မြင်နေပြီ၊ ဆက်ပြီး နှိပ်စက်ကြဦးစို့" ဟု ပုံစာတပ်သည်။ ဒေါ်ခင်မေသန်း၏ ဓာတ်ပုံကို "မြန်မာနိုင်ငံတွင် နောက်ဆုံးတွေ့သော ရေနံတွင်းကြီး" ဟု ကြံကြံဖန်ဖန် ပုံစာရေးသည်။

ယင်းကဲ့သို့ အင်းစိန်တောရပြန်တမ်းသတင်းစာကို ထောင်အာဏာပိုင်များမသိစေဘဲ အောင်မြင်စွာထုတ်ဝေနေခိုက် တနေ့တွင်





ထောင်မှူးက အောင်ဗလတို့ကို သူ့ရုံးခန်းတွင်းသို့ခေါ်၍ စစ်ဆေးသည်။

"ခင်ဗျားတို့လူစု မဟုတ်တာတွေ လျှောက်လုပ်နေကြတယ်။ မှန်မှန်အစစ်ခံပါ" ဟု အမှုကို မပြောဘဲ သူက စစ်ဆေးသည်။ ထိုထောင်မှူးသည် သတင်းစာဆရာများနှင့် ခင်မင်ပြီး အမှုသေးများကို စစ်ဗိုလ်ထံ မတင်ဘဲ ပြီးပြတ်အောင် ကူညီလေ့ရှိသည်။ "ကျုပ်တို့ဘာမှ မလုပ်ဘူး။ ထောင်စည်းကမ်းအတိုင်း နေတာပဲ" ဟု အောင်ဗလက မှင်သေသေ ဟန်ဆောင်ကောင်းကောင်းနှင့် ငြင်း၏။ "သက်သေခံ မိထားတယ်ဗျ" ဟု ထောင်မှူးက ဆို၏။ အောင်ဗလက မကြောက်၊ ဦးညိုမြအပါအဝင် အဖွဲ့ဝင်အားလုံးကို စာပေးပါဆိုလျှင် လျှို့ဝှက်သင်္ကေတကို သုံးကြရန် သဘောတူ စီစဉ်ထားကြသည်။ လျှို့ဝှက်သင်္ကေတဖြင့် ဖောင်တိန်ကို ဝှက်ပျောသီး၊ မင်ကို အုန်းသီး၊ စက္ကူကို ပေါင်မုန့်ဟု ရေးကာ စာရေးလေ့ရှိရှိကြသည်။

"ဘယ်သူ့ဆီက ဘာစာကို မိတာလဲဗျ" ဟု ထောင်မှူးကိုပင် အောင်ဗလက စကားအောက်သည်။ "ဦးညိုမြက ခင်ဗျားဆီပေးတဲ့စာမိတယ်။ စစ်ဗိုလ်ထံ မတင်ချင်ပါဘူး။ သတိထားကြပါလို့ သတိပေးချင်တာပါ" ဟု ထောင်မှူးက လေချိုသွေးရာ၏။ ထိုအခါ အောင်ဗလက ထောင်မှူးအား ပြန်လှန်ရန်တွေ့သည်။ "အဘိုးကြီးက ပေါင်မုန့်လေး၊ ငှက်ပျောသီးလေး စားချင်ရှာလို့ တောင်းရှာဟန်တူပါတယ်၊ ရေးကြီးခွင်ကျယ် လုပ်မနေပါနဲ့" ဟု ပြောမိသည်။ မိမိတို့သင်္ကေတကို စိတ်ချလက်ချ။

"အေးလေ၊ ငှက်ပျောသီးစားချင်တာလောက်တော့ ကျုပ်တို့ဘာမှ မပြောလိုပါဘူး။ ခင်ဗျားတို့ ဆရာကြီးရဲ့စာကိုပဲ ဖတ်ကြည့်ပါဦးဟု ထောင်မှူးက စာကို ပြ၏ ...

**အောင်ဗလရေ...**

ခင်မောင်ရီပေးထားတဲ့ မင်ကုန်သွားပြီ။

မင်ပို့ပေးပါ။ ဝတ္ထုရှည်ရေးချင်လို့၊ စက္ကူရှာပေးပါဦး။

နောက်ပြီး မင်းတို့အခန်းမှာ အရက်ချက်တာ တယ်ကောင်းဆို တငုံလောက် ငါ့ဆီပို့ပေးပါဦးလေ။

**ညိုမြ**

"ဖြစ်မှ ဖြစ်ရပလေ ဦးညိုမြရယ်"

❖ ❖ ❖



## အမျိုးသားညီလာခံကြီး ချာချာလည်
ပြဇာတ်

ဇာတ်ကောင်များ။

ရဲတင့် – ရှုံးစေ။

ရဲလှ – ရှုံးစာရေး။

ဘမြင့် – စာရင်းကိုင်

ဦးမြ – ရှုံးအုပ်ကြီး

တပ်ကြပ်ကြီး တဦး

(ဇာတ်စင်ကို အမျိုးသားညီလာခံ ကော်မတီ ရုံးခန်းကဲ့သို့ ပြောင်လက်သော စားပွဲ၊ ကုလားထိုင်များဖြင့် ပြင်ဆင်ထားစေ)

**ကားလိပ်တင်စေ။**

(စားပွဲကြီး၏ ထိပ်မှ ကုလားထိုင်ကြီးပေါ်တွင် ရုံးစာရေး ရဲလှ စာဖတ်နေစေ။ ရုံးစေ ရဲတင့်နှင့် စာရင်းကိုင် ကိုဘမြင့်တို့က စားပွဲကြီးပေါ်တွင် ထိုင်ကာ စစ်တုရင်ထိုးနေကြစေ။)

ရဲလှ။ ။ "ပော့ကောင်တွေ၊ နားထောင်ကြစမ်း၊ ငါကဗျာ ဖတ်ပြမယ်။

ရှုမဝနိုင်ဘု၊

ရှုသမျှ ကျော့တဲ့သူငဲ့၊

လူတိုင်း တုန့်နိုင်း စံမရှာနဲ့၊

သံသရာ ရှည်တဲ့နောက်တွင်မှ

ဘယ်လောက်ပင် လှလေဦးမယ်လို့ ဆုံးမရှိသူ။"

ဘမြင့် (စစ်တုရင် ရွှေ့ရန်ရှိသည်ကို မရွှေ့ဘဲ နားစိုက်ကာ ဆွေးနွေးစေ)

"ကောင်းတယ်ဟေ့၊ ဘယ်သူရေးတာလဲ၊ ဦးကြော့လား၊ မောင်ဖေငယ်လား"

ရဲလှ။ ။ "ဦးပုညရေးတာဗျ"

ဘမြင့်။ ။ "အဓိပ္ပာယ်ကလဲ မိသကွာ"

ရဲလှ။ ။ "အမျိုးသမီးကလေးဟာ ဘယ်လောက်လှသလဲဆိုရင် သံသရာရဲ့ ဟိုဘက်ကမ်းကို ရောက်တယ်အထိ လှလေဦးမှာမို့ ဆုံးမရှိဘူးဆိုတော့ ဒီထက်လှတဲ့ အမျိုးသမီးမရှိနိုင်တော့ဘူးပေါ့"

ရဲတင့်။ ။ "အဲဒီကောင်မ ဘယ်လောက်ပဲလှလှ တို့ရတာမှ မဟုတ်တာ ကဲပါကွာ၊ ရွှေ့စရာရှိတာကို ရွှေ့စမ်းပါ"

ဘမြင့်။ ။ "ဦးပုညလောက် ဥပမာကို လွန်လွန်ကြူးကြူး စာဖွဲ့ဥနိုင်တဲ့သူ မရှိပါဘူးကွာ"

ရဲလှ။ ။ "သံသရာကို လွန်သွားအောင် လှတယ်ဆိုတာတော့ လောကမှာ သံသရာထက် ရှည်တာ မရှိဘူးမဟုတ်လား"

ရဲတင့်။ ။ "ရှိပါသေးတယ်ကွာ၊ တို့ အမျိုးသားညီလာခံကြီးက ပိုရှည်မှာပါ"

ရဲလှ။ ။ "နိုပ်တယ်ဟေ့၊ နိုပ်တယ်၊ မင့်ဥပမာကို ငါက ကြိုက်သွားပြီကွ"

(ရုံးအုပ်ကြီး ဦးမြ ဝင်လာစေ)

ဦးမြ။ ။ "ဘာ ဥပမာကို ကြိုက်တာလဲကွာ၊ ငါ့ကိုလဲ ပြောကြပါဦး"

ရဲလှ။ ။ "ဒီကောင်က ပြောနေတယ်၊ ကျွန်တော်တို့ရဲ့ အမျိုးသားညီလာခံကြီးက သံသရာထက်ရှည်မယ်တဲ့"





ဦးမြ။ ။ "မင်းတို့ ပြက်လုံးက ရာဇဂိုဏ်း မလွတ်ပါဘူးကွာ။ ဘုရား၊ ဘုရား ဒီအခန်းထဲမှာ အသံဖမ်းစက်ရှိရင် မင်းတော့အဖမ်းခံရတော့မှာပဲ"

ဘမြင့်။ ။ "မကြောက်ပါနဲ့ ဦးမြရယ်၊ အသံဖမ်းစက်တွေက ကိုယ်စားလှယ်တွေရဲ့ အခန်းမှာသာ ရှိတာပါ။ စကားပြောမှားတဲ့ ကိုယ်စားလှယ်ကြီးတွေကိုသာ ဖမ်းတာပါ"

ရဲလှ။ ။ "ကော်မရှင် ဥက္ကဋ္ဌကြီးလဲ ဒီအခန်းထဲမှာ ပြောချင်ရာပြောတာပဲဟာ၊ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းတပ်ပဲ့မလား"

ဦးမြ။ ။ "တော်ကြပါတော့ကွာ၊ ကဲ လုပ်စရာ ရှိတာတွေ ပြင်ကြ၊ မနက်ဖြန် ညနေ (၃) နာရီမှာ ကော်မတီအစည်းအဝေးရှိတယ်၊ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီး မျိုးညွန့်ရယ်၊ အခြားလူကြီးတွေ ပါလာကြမယ်၊ မင်းတို့အားလုံး ခွင့်မယူကြနဲ့"

ရဲတင့်။ ။ "ကော်မတီလူကြီးတွေက ဆယ့်ငါးရက်တခါ လာကြပြီး ဘာမှ လုပ်တာမဟုတ်ဘဲနဲ့ လက်ဖက်ရည်သောက်ပြီး ပြန်ကြတာပဲဟာ"

ရဲမြင့်။ ။ "အလုပ်ပြတာပေါ့ကွာ၊ အမျိုးသားညီလာခံကျင်းပရေးကို ဆက်လက်ဆောင်ရွက်နေကြောင်း သတင်းကြေညာချက်တွေကို မှန်မှန်ထုတ်ဖို့ကွ၊ ဟဲဟဲ လိမ်ဖို့ကွ"

ဦးမြ။ ။ "တော်ကြပါဆိုမှ ဆက်လျှောင်နေကြပြန်ပြီ၊ မင်းတို့ စဉ်းစားကြပါကွာ၊ မင်းတို့ ငါတို့ အမျိုးသားညီလာခံ အမှုထမ်းတွေက ဘာလုပ်ကြရသလဲ၊ မယ်မယ်ရရ လုပ်ရတာမဟုတ်ဘဲနဲ့ အချောင်လစာရနေကြတာမဟုတ်လား၊ အခြားအမှုထမ်းတွေလို နယ်ပြောင်းခံရမှာကိုလဲ မကြောက်ကြရဘူး"

(တပ်ကြပ်ကြီး ဝင်လာစေ၊ အထုတ်တထုပ် ပါလာစေ၊ ပေးစေ)

တပ်ကြပ်ကြီး။ ။ "ဗိုလ်ချုပ်ကြီးက လွှတ်လိုက်ပါတယ်၊ အင်ဒိုနီးရှားက ပို့ပေးတဲ့ ဒူးရင်းစေ့တွေပါ၊ ရန်ကုန်ရေမြေမှာ စိုက်လို့ရမယ်တဲ့၊ ဟောဒီဒူးရင်းစေ့တွေကို ရုံးတံစက်မြိတ်မှာ တပေနက်တဲ့ ကျင်းတူးပြီး ယာယီမြှုပ်ထားပါတဲ့၊ မနက်ဖြန် အစည်းအဝေးပြီးတော့ သူကိုယ်တိုင် စိုက်မယ်တဲ့"

(တပ်ကြပ်ကြီး ထွက်သွားစေ)

ရဲမြင့်။ ။ "ဒါထက် ဦးလေးမြက ထားဝယ်က လာတာဆိုတော့ မေးရဦးမယ်၊ ဒူးရင်းပင်က အသက်ဘယ်လောက်မှာ အသီးသီးသလဲ"
ဦးမြ။ ။ "ဆယ်နှစ်ရှိရင် အသီးစားရတယ်ကွ"
ရဲမြင့်။ ။ "ဘမြင့်ရေ"
ဘမြင့်။ ။ "ဟေ... ဘာလဲကွ"
ရဲမြင့်။ ။ "တို့ အမျိုးသားညီလာခံကြီးက ဆယ်နှစ်နဲ့ မပြီးသေးမှာ သေချာပါတယ်ကွာ၊ ဟား ဟား။ ဟား ဟား။

(ကားလိပ်အမြန်ချစေ)

(၁၉၉၅ ခုနှစ် အမျိုးသားညီလာခံ ပျက်ကာစက ဟန်ပြထိန်းသည်ကို ရေးသားပုံနှိပ်ခဲ့သော ပြဇာတ်ကို ပြန်လည်ဖော်ပြသည်)

❖ ❖ ❖



## အမျိုးသားညီလာခံကို တက်ရောက်လိုသူ

"ဟ လို  မြန် မာ သံ ရုံး က ပါ လား။ သံ အမတ် ကြီး ကို စကား ပြောပါ ရစေ "

"လူကြီး မင်း က ဘယ် က ပါ လဲ။ ဘာကိစ္စပါလဲ ခင်ဗျာ"

"ဖလော် ရီ ဒါ  က သတင်း ထောက် ... ..."

"ဩော် ဆရာ ပါ လား။ သံ အမတ် ကြီး မအားလပ်လို့ ကျွန် တော် ကို ပဲ ပြော ပါ"

"နေ ပါ ဦး။ ဒီ အသံ ကို မြင် ဖူး ပါ တယ်။ ' လေ 'ကိုလဲ မှတ် မိ ပါ တယ်။ သတင်း ကွန် ခြာ က ကို ဥက္ကာ မဟုတ် လား"

"ဆရာက မြွေ မြွေ ခြင်း ချေ မြင် တာ ကိုး။ ကဲ ပြောပါ ဘာများ ဆောင် ရွက် ပေး ရ မှာ လဲ "

"ကျွန် တော် အမျိုး သား ညီ လာ ခံ တက် ချင် လို့ ပါ"

"ဖွင့် ပွဲ စနေ ပြီ။ မီ မယ် မ ထင် ဘူး"

" မှီ ပါ တယ်၊ အမျိုး သား ညီ လာ ခံ လုံ ခြုံ ရေး အတွက် ဒေါ် အောင် ဆန်း စု ကြည် နဲ့ ဦး တင် ဦး ကို ဆက် ဖမ်း ထား ရ မယ် ဆို။ ဒီ တော့ ညီ လာ ခံ ကြီး ကို နှစ် ပေါင်း အသချေ အ သင်္ချာ ကြာ အောင်  ကျင်း ပ မှာ ပါ "

"ဆရာ က တော့ ပြော ပြီ။ ညီ လာ ခံ မှာ အလွတ် မပြော ရ ဘူး၊ ပြန် ကြား ရေး က ထုတ် သမျှ သာ ပြော ရ မယ်"

"ကြားပါ တယ်၊ ညီ လာ ခံ မှာ နိုင် ငံ တော် အစိုးရကို ဝေ ဖန် မပြော ရ ဘူး၊ စစ် ဗိုလ် ကြီး တွေ စကား ပြော နေ ရင် အခန်း ထဲ က တောင် မထွက် ရဘူး။ စစ် ဗိုလ် ကြီး တွေ ရှေ့မှာ ရေမချိုး

ဘဲ မလာ ရ ဘူး လို့ ပြန် ကြား ရေး ဝန် ကြီး ဗိုလ် ကျော် ဆန်း ပြော တာ ကြား လိုက် ပါ တယ်”

“ထား ပါ တော့ ဆရာ ရယ်။ ညီလာ ခံ ဘာ လို့ တက် ချင် တာ လဲ ဆို တာ သိ ပါ ရစေ”

“အထူး ဆရာ ဝန် ကြီး တွေ ရှိ မယ် ဆို လို့ ဆေး စစ် ချင် လို့ ပါ။ အမေရိ ကန် မှာ ဈေး ကြီး တယ်။ မြန် မာလူ ဦး ရေ ၅၂ သန်း လဲ ကျုပ် လို ဆေး စစ် ချင် မှာ ပဲ။ ကိုယ် စား လှယ် တော် ၁၀၈၈ ဦး သာ ခံ စား ခွင့် ရှိ တဲ့ အခွင့် အရေး ကြီး ပဲ”

“ဆရာ့ကို ဆို ရင် အထူး ဆရာဝန်ကြီးတွေ ကုပေးမှာပါ”

“အမှန် ကို ပြော ရ ရင် ဗိမ် ခံ ချင် လို့ လဲ ဆိုပါတော့၊ ရေ ကူး ကန်၊ ဂေါက် ကွင်း၊ အလှ ပြင် ဆိုင်၊ အားကစားရုံ၊ စုံနေတာ ပဲ။ ရုပ် ရှင် ပြဇာတ်၊ မကြည့်ရတာ ကြာပြီလေ။ အဲအဲ ကာရာ အို ကေ လဲ ရှိ တယ် ဆို။ ခေတ် ဟောင်း သီ ချင်း တွေ ဆို ချင် တယ်။ ဥပမာ ဦး တင် မောင် တို့ စုံ တွဲ ဆို တဲ့ ... တလိမ်နှစ်လိမ် ပွေလိမ် ရှုပ် တယ်။ လိမ် တယ် ညာ တယ် လူညာ ကြီး က ယုံ အောင် ဖြီး တတ် တယ် ဆိုတာ မျိုး”

“ညီ လာ ခံ ရောက် တော့ ဆရာ့ သဘော ကျ ပါ၊ တခုပဲ ရှိ တယ်၊ ညီလာခံ သတင်းကို ပို့တော့ ဆရာ မြင်သလို ကြားသလို မရေးရဘူး၊ ပြန် ကြား ရေး က ပေး တာ ကို ပို့ရမယ်”

“နား လည် ပါ တယ်။ ညီလာ ခံ ရုံး မှာ ထား တဲ့ ဖက် က်စ် က ပို့ ပါ မယ်၊ ဗမာ ပြည် မှာ ဖက်က် စ် စက် ထား လျှင် ထောင် ဆယ် နှစ် အပြစ် ပေး တာ ကို သိ ပါ တယ်”

“ညီ လာ ခံ ပြီး တာ နဲ့ ဆရာပြန်မှာပဲလား။ မန္တလေးကို သွား ဦး မလား”

“မန္တလေးကို တရုတ်တို့ လက်အပ်ပြီးပြီဆို။ မန်းမှာ တရုတ် စကားပဲ ပြောကြတယ်ဆို။ ကျုပ်က တရုတ်စကား မတတ်ဘူး”



“လူ မျိုး စု စကား တွေ လဲ ပြော ကြ ပါ တယ်။ ဥပမာ ဝ လူ မျိုး စု စကား လဲ ရွှေမန်း သုံး ဝေါဟာရပါ”

“ထားပါတော့။ တနေရာတော့ သွား ချင် တယ်။ ရှမ်းပြည် မောင် လာ ဒေ သ မှာ ဘိန်း အ စား ထိုး ဖွင့် နေ တဲ့ လောင်းက စားဝိုင်းကြီးကို သွား ချင် တယ်။ တိုး ရစ် နှစ် သိန်းကျော်ပြီတဲ့။ ဘန်ကောက်သတင်းစာတွေမှာ မျက်နှာဖုံးက စာလုံးမဲကြီးတွေနဲ့ ဖော်ပြကြတယ်”

“ဘန် ကောက် သတင်း စာ တွေ က အကြိုက် ကို ရေး တာ ပါ၊ ဒါ ကြောင့် ညီ လာ ခံ မှာ ထိုင်း သတင်းထောက်တွေ လက် မခံဘူး၊ ညီ လာ ခံ မှာ ဗမာ သတင်းထောက်တွေနဲ့ တရုတ်ပြည် ဆင်ဂှာ သတင်းထောက်ပဲ တက် ခွင့် ရှိ တယ်”

“ကျွန်တော်ရတဲ့သတင်းက ကိုယ် စား လှယ် တွေ ညီလာခံ တက် ချင် အောင် အောင် မောင် လာမြို့ သွား ဖို့ လေ ယာဉ် ပျံ လက် မှတ် တွေ ပေး ထား တယ် တဲ့။”

“ဆရာ က တယ် ပြီး သိ ပါ လား”

“အဲ ဒီ မောင် လာ ပြည် ကြီး ပျော် ဘွယ် မြို့ က ထမင်း ဆိုင် မှာ ယောကျ်ား သား တွေ အား အင် နှစ် ဆ တိုး တဲ့ အထူး ဟင်းလျာရောင်းတဲ့ အထူး ထမင်းဆိုင်ရှိတယ် ဆိုလို့ ညီလာခံ ကိုယ် စားလှယ်တော်ကြီးတွေက လေယာဉ်ပျံ လက် မှတ် ရုံး မှာ တန်းစီ နေ တယ် ဆို။ ကျုပ် က သက် သတ် လွတ် ထ မင်း စား တဲ့ သူ ပါ၊ ထမင်းဆိုင်ကို မသွားပါဘူး။ သူတော်ကောင်းကြီး ဦးခွန်ဆာ ဆောက် ထား တဲ့ ဘိန်း ပပျောက် ရေး ပြ တိုက် ကို ကြည့် ချင် လို့ ပါ”

“အဲ ဒီ လေယာဉ် ပျံ လက် မှတ် ကို တော့ ညီ လာ ခံ ရုံး မှာ ပဲ တောင်းပါ။ ညီ လာ ခံ ကို ဆရာ တကယ်တက်မှာ ဆိုလျှင် အီး ဗီဆာ ထုတ်ပေးပါမယ်။ အီးဗီဆာဆိုတာက ကုလသမဂ္ဂ သံ အမတ်ကြီး မစ္စတာ ရာဇလီ ဆီ က ဒေါ် လာ သန်း ချီ ပေးပြီး ဝယ်

ထားတာ။ ဆရာ့ကို ကွန်ပြူတာ ဒစ်ပြားလေး ထုတ်ပေးမှာ။"

"ကောင်း သား ပဲ။ ကျွန် တော် ရဲ့ နိုင် ငံ ကူး လက် မှတ် နဲ့ လို အပ် တဲ့ အချက် တွေ ကို ခင် ဗျား ထံ အီး မေး နဲ့ ကွန် ပြူ တာ က ပို့ လိုက် မယ် လေ"

"ဒီ လို နဲ့ မပြီး သေး ဘူး။ စာရွက် ဗီ ဆာ လဲ ပေး ရ မှာ မို့ ၄၈ မျက် နှာ ရှိ တဲ့ ပုံ စံ တွေ ကို တော့ ဖြည့် ပေး ပါ "

"နို့ အီး ဗီ ဆာ ကို ပေး မယ် ဆို။ ကွန် ပြူ တာ ဒစ် ပြား လေး ပေး မယ် ဆို"

"ဆရာ က လဲ မသိ ချင် ယောင် ဆောင် နေ ပြန် ပါ ပြီ။ ရန်ကုန်မှာ မီး ခဏခဏ ပျက် တယ်။ လေဆိပ်မှာ လျှပ်စစ်ဓာတ်အား မရတဲ့အခါ ဗီဆာတွေကို ဖရောင်း တိုင် နဲ့ စစ် ဆေးရတယ်လေ"

"နို့ … ဝန် ကြီး ချုပ် က နိုင် ငံတော် ရှေ့ သွား မည့် မြေပုံ လမ်း စဉ် ဆို ပြီး ညီ လာ ခံ ကျင်း ပ ဖို့ ကြေ ညာ စဉ် က မဆလ ခေတ် က လျှပ် စစ် ဓာတ် အား မီဂါဝပ် ၇၀၆ ဒသမ ၈၂ သာ ထွက် တယ်။ အခု နအဖ ခေတ် မှာ မီဂါ ဝပ် ၁၉၆၀ ထွက် ပြီ ဆို။ အခုတော့ ဖယောင်းတိုင်နဲ့ ကွန်ပြူတာ နိုင်ငံသစ် ထူထောင်နေ တာပေါ့"

"ပေါက် ဖော် ကြီး တရုတ် အစိုး ရက ကူ မှာ ပါ၊ ဗမာ့နယ် စွန် မှာ သူ တို့ စစ် စခန်း တွေ ဆောက် ပြီး တာ နဲ့ လျှပ်စစ်ဓာတ် အား စက် တွေ ပေး မှာ ပါ"

"ထားပါတော့ … ဝန် ကြီး ချုပ် နဲ့ တွေ့ခွင့်ရလျှင် မေးချင် တယ်။ မြေ ပုံမိန့် ခွန်း မှာ ၂ နှစ် အတွင်း မှာ ပါ ရ ဂူ ဘွဲ့ ရ ပညာ ရှင် ၂၀၆ ဦး ထုတ် လုပ် ခဲ့ တယ် ဆို၊ အဲ ဒီ ပါရဂူ ပညာကျော် တွေ ကို ဘယ် လို ထိန်းသလဲလို့ နည်းကို မေး ချင် တယ်။ အမေရိကန် မှာ မြန်မာပါရဂူဘွဲ့ရ ၂၀ ရှိ တာ ကို အရပ် သား မြန် မာ နှစ် သောင်း က ထိန်းလို့ မနိုင်ဘူး"





"ဟဲလို ဟဲလို"

တယ် လီ ဖုံး ပြတ် သွား သဖြင့် ဆက် ၍ မပြောနိုင်တော့ပါ ကြောင်း။

❖ ❖ ❖

မ လိ ခ ရိပ် သာ တွင် ဖြစ် ခဲ့ သည်။

ရန် ကုန် မြို့ အင်း ယား ကန် ကမ်းနဖူး မေ ခ လမ်း ထိပ် တွင် နအဖ ထိပ် သီး ခေါင်း ဆောင် များ အပန်း ဖြေ သော ရိပ် သာ တ ခု ရှိ သည်။ ခြင် လုံ၊ ကျည်ဆံ လုံ အဆောက် အဦ ကြီး ဖြစ် သည်။ ထို ရိပ် သာ ၌ အခန်း များ ခွဲ မထား ဘဲ ခန်းမ ကြီး တ ခု သာ ရှိ သည်။ လာသမျှ ခေါင်း ဆောင် ဗိုလ် ချုပ် ကြီး များ တဦး ကို တဦးက အမြဲ မြင် နေ စေ ရန် ဆောက် လုပ် ထား သည်။ အ ကယ် ၍ အခန်း ငယ် များ ရှိ လျှင် ကွယ် ရာ တွင် တဦးကို တ ဦး ရန် ပြု နိုင် သည့် အခွင့် အရေး ရှိ မည် ကို တား ဆီး ရန် ဆောက် လုပ် ထား သည်။ သူ တို့ သည် တ ဦး ကို တ ဦး စိတ် မချ ကြ ပေ။ အဖျော် ယမကာ အမျိုး စုံ ကို ရေ ခဲ သေတ္တာ နှင့် ထား သည်။ အစား အသောက် အမျိုး စုံ ကို ခြံ ထောင့် ရှိ မီး ဖို တွင် စစ် သား များ က ချက် ပြုတ် ပေး ရ သည်။ လူကြီး များ သား ရန် မသိ နိုင် သဖြင့် အပူ အပင် မရှိ ဖိမ် နှင့် ဖျော် ဖြေ ကြ လေ့ ရှိ ကြသည့် ရိပ် သာ ပါ ပေ။

ထို နေ့ ည နေ က တပ် မတော် ဦး စီး ချုပ် တစ်၊ နှစ်၊ သုံး နှင့် န အ ဖ အတွင်း ရေး မှူး တစ်၊ နှစ်၊ သုံး တို့ အပြင် နအဖ ဥက္ကဋ္ဌ ကြီး နှင့်ထိပ် သီး ဗိုလ် ချုပ် ကြီး များ ပါ ဖန် ခွက် ကိုယ် စီ နှင့် အပန်း ဖြေ နေ ကြသည်။

ထိုစဉ်ခိုက် တွင် အလယ် ပိုင်း တိုင်း မှူး ဗိုလ် ချုပ် လယ်စား ရေးကြီးသုတ်ပြာ နှင့် ဝင် လာ ပြီး... "အလွန်ထူးတဲ့ ပုဂ္ဂိုလ်ကြီး တ ပါး ပေါ် လို့ ပင့် လာ ပါ တယ်" ဟု ပြော ပြ သည်။

“ဘာ လဲ ဗျ၊ ပျောက် စေ ဆရာ လား၊ ယတြာ ချေ ဆရာ လား” ဟု မှူး နှစ် က လှောင် သံ နှင့် မေး ၏။

“တကယ် ထူး တဲ့ ပုဂ္ဂိုလ် မို့ တွေ့ လျှင် တွေ့ချင်း၊ အေးလေ ဖူး မိ တာ နဲ့ တပြိုင် နက်၊ လူ ကြီး တွေ နဲ့ တွေ့ ဖို့ ပင့် လာ တာ ပါ။ အရင် တွေ့ ခဲ့ တဲ့ ဗေဒ ကဝိန် ဆရာ တွေ လို မဟုတ် ပါ ဘူး”

ဥက္ကဋ္ဌကြီးက ဝင်၍ မေးသည်။ “ဆိုပါ ဦး ခင် ဗျား ရဲ့ ပုဂ္ဂိုလ် က ဘာ ထူး ခြား တာ လဲ”

“မလိုအပ်တဲ့သတ္တဝါ မှန် သမျှ ကို မျိုး စေ့ မှ မကျန်အောင် အပျောက် ရှင်း ပေး နိုင် ပါ တယ်။ ယုန် တွေ ဖျက် လို့ လယ် တွေ ပျက် နေ တဲ့ နယ် မြေ မှာ ယုန် မျိုး ဆက် ပျောက် အောင် လုပ် ပေး ပါ တယ်။ ကျွန် တော် ရဲ့ မျက် မြင် က စလေမြို့ မှာ ကြွက် တွေ ဒုက္ခပေးနေတာကို ဘိုးဘိုးက ပုလွေတစင်း နှင့် ရှိရှိသမျှ ကြွက် တွေ ကို ဧရာဝတီ မြစ်ရေထဲ မျှော လိုက် တာ ကို မြင် ရ ပါ တယ်။ မျက် မြင် ကိုယ် တွေ့ ပါ”

ဗိုလ် ချုပ် ကြီး အား လုံး သည် ယုံ ရ အခက် မယုံရ အခက် နှင့် တွေး တော နေ ကြ ခိုက် တွင် စာကလေး ပေကလေး မ တောက် တခေါက် ဖတ်ဖူးဟန်တူသော အနောက်မြောက် တိုင်းမှူး ဗိုလ်ချုပ်သူရရွှေပန်းက “မဖြစ် နိုင် ပါ ဘူး၊ အ နောက် တိုင်း ပုံပြင် တခုကို ဖွဲ့ထားတဲ့ ကဗျာပါ။ စာရေးဆရာ မောင် ဖြူး က မြန်မာ ပြန် ထား တဲ့ ဇတ် လမ်း ပါ” ဟု ဝင် ၍ ထောက် သည်။

ဗိုလ် ချုပ် လယ် စား က မခံ နိုင် ဘဲ “မျက် မြင် ကိုယ် တွေ့ ပါ၊ ဗမာ့ နည်း ဗမာ့ ဟန် ဗမာ့ ပညာ ပါ။ အခု ဘိုး ဘိုး ကြီး ရဲ့ နည်း က ပုလွေ သာ မက ပါ ဘူး။ ပျောက် စေ လို တဲ့ အ ကောင် ပလောင် ရဲ့ အတု၊ သတ္တဝါ ကလေး တကောင် ဖန် ဆင်း ပြီး ဆွဲ ဆောင် တဲ့ နည်း ပါ။ စလေ မြို့ မှာ ကြွက် ရှင်း တာ ကို ကျွန် တော် မြင် ရ တာ က ... ကြွက် နီ ကလေး တကောင် ဖန် ဆင်း ပြီး



အဲ ဒီ ကြွက် နီ ကလေး က ကြွက် တွေ အား လုံး ကို စိတ် ညှို့ ပြီး ပု လွေ သံ နဲ့ ခေါ် ပါ တယ်၊ ရန် ကုန် မြို့ က ကြွက် တွေ အား လုံး ကို ရှင်း ဖို့ ပင့် လာ တာ ပါ”ဟု ရှင်း ပြ ကာ – “ ကဲ ပါ လေ လိုက် ကြည့် ကြ ပါ ၊ ဒီ မလိ ခ ဆိပ် ကမ်း တဝိုက် က ကြွက် တွေ ကို ပထမရှင်းပေးဖို့ ဒီ ရိပ် သာ ရှေ့ က ပန်း ခြံ မှာ ကမ္မဋ္ဌာန်းထိုင် နေပါတယ်၊ အား လုံးလာ ကြည့် ကြ ပါ” ဟု ဖိတ်ခေါ်လေသည်။

ဗိုလ် ချုပ် ကြီး အား လုံး တို့ သည် မယုံ တဝက် ယုံ တဝက် နှင့် လိုက် ကြည့် ကြ သည်။

ပန်း ခြံ တွင်း မှ ကွက် လပ် တွင် ဝတ် ဖြူစင်ကြယ်နှင့် ဉပဓိ ရုပ် ကောင်း လှ သော ဘိုး ဘိုး ကြီး သည် ကန် တော့ ပွဲ တ ခု ကို အာ ရုံ ပြု နေ သည်။ ဗိုလ် မှူး နှစ် ဦး က ရိုသေစွာ ရှိ ခိုး နေ ကြ သည်။

တအံ့တသြ ကြည့် နေ ကြ သော စစ် ဗိုလ် ကြီး များ ၏ ရှေ့ တွင် ပင် ဘိုးဘိုး က လွယ် အိတ် ထဲ မှ ရဲရဲ နီ မြန်း သော ကြွက် ကလေး တကောင် နှင့် ပုလွေ ကို ထုတ် လိုက် သည်။

ကြွက် နီ ကလေး ကို ရှေ့ မှ မြေ ကွက် တွင် ချ ကာ ပုလွေ ကို မှုတ် သည်။ ‘အေး ချမ်း လာ တဲ့ မြန် မာ ပြည်’ သီချင်း မှ တီး ကွက် တခု ကို ပီ သ စွာ မှုတ် သော အခါ ကြွက် နီကလေး ခုန် ဆွ ခုန် ဆွ က တော့သည်။ ချက် ခြင်း ပင် နေ ရာ အနှံ့ အပြား မှ ကြွက် များ ထွက် လာ ကြ သည်။

စစ် ဗိုလ် ချုပ် များ ရပ် ကွက် ဖြစ် သဖြင့် ဝဝလင်လင် စား နေ ကြ ရ သော ကြောင့် ဗိုး နေ သော ကြွက် ကြီး များ ပါ ထွက် လာ ကြ ပြီး ကြွက် နီ ကလေး ကို ကြည့် ကြသည်။ အစုစု ကောင် ရေ တသောင်း ခန့် စု မိ တော အခါ ကြွက် နီ ကလေး က ကြွက် အား လုံး ကို အင်း ယား ကန် တွင်း သို့ ခေါ် ဆောင် သွား သည်။ ကြွက် နီ ကလေး က ရေကန် တွင်း ခုန် ဆင်း သော အခါ ကြွက်

အား လုံး ဆင်း ကြ သည်။ ရေ မကူး တတ် ကြ သ ဖြင့် ရေ ကန် တွင်း ၌ ရှန်း ကန် ကြ ရင်း အား လုံး သေ ကြ သော အခါ ကြွက် နီ က လေး က ပြန် တက် လာ သည်။ ဘိုး ဘိုး လက် သို့ ပြန် ဝင် သည်။ ဘိုး ဘိုး က လွယ် အိတ် ထဲ ပြန် ထဲ့ သည်။

မဖြစ် နိုင် မကြုံ ဖူး သော ဖြစ် ရပ် မှာ နာ ရီ ဝက် မျှ သာ ကြာ သည်။ ဗိုလ် ချုပ် ကြီး များ သည် ရင် သပ် ရှု မော အံ့ သြစွာ နှင့် ဘိုး ဘိုး ကို ရှိ ခိုး မိ ကြ သည်။

ကုဋေကြွယ် သူ ဌေး ကြီး ဖြစ် သော အတွင်း ရေး မှူး နှစ် က စတင် ကာ ငွေ စကား ပြော သည်။ "ထူးခြား ပါ ပေ တယ် ဘိုး ဘိုး၊ ရန် ကုန် မြို့ က ကြွက် အား လုံး ကို ရှင်း ဖို့ ငွေ ဘယ် လောက် ပဲ ပူ ဇော် ရ စေ ကာ မူ ပူ ဇော် ပါရစေ" ဟု လျှောက် ထား ၏။

"အကျွန်ုပ် သည် အမျိုး ဘာသာ သာသနာ အတွက် သာ ဆောင် ရွက် ပေ သည်။ မကြာ မီ တော ထွက် မည်၊ ရွှေ ငွေ တ ရွေး သား မှ ယူ မည် မဟုတ်။ ရန် ကုန် မြို့ ၏ မြေအောက် တွင် ကြွက် အများ တို့ စစ် ဖြစ် နေ ကြ သည်။ စစ် ဗိုလ် စစ် သား ရပ် ကွက် က ကြွက် များ က ဝလင် စွာ စား ကြ ရ ပြီး အရပ် သား တို့ အိမ် များ မှ ကြွက် များ က ဝော် မွတ် နေ သဖြင့် နယ် လု ကြ ရာ မှ မြေအောက် ၌ 'ကြွက် တွင်း စစ် ကြီး' ဖြစ်နေ သည်။ ရန် ကုန် ကြွက် များ ကို အမြန် မရှင်း လျှင် မြေ ပြို ကာ မြို့ ပျက် မည် ကို ကျွန်ုပ် မြင် သဖြင့် အရေး ကြီး သော ကြောင့် လာ ခဲ့ပေ သည်" ဟု ဘိုး ဘိုး က ဖြေသည်။

ထိုအခါ ထိပ် သီး စစ် ဗိုလ် ကြီး များ သည် ထောင့်တထောင့် သို့ သွား ကာ ခေါင်းချင်း ဆိုင် ကာ တိုး တိုး ဆွေးနွေးကြသည်။

အတန်ကြာ တိုင် ပင် ကြ ပြီး နောက် ဘိုးဘိုးကြီးကို ရိပ်သာ အတွင်း စင် မြင့် သို့ ပင့် ကာ တင် ကြ ပြီး အား လုံး ကြည် ညို စွာ ဦး ချ ရှိ ခိုး ကြ သည်။





အတွင်း ရေး မှူး တစ် က " တပ် မတော် ကိုယ် စား လျှောက် ထား ပါ ရစေ ဘု ရား" ဟု လျှောက် သည်။ "ကျွန် တော် တို့ တပ် မ တော် သည် သမိုင်းပေးတာဝန်အရ အမျိုးဘာသာသာသနာ တော်၏ အကျိုးအတွက် ဒီမိုကရေစီနိုင်ငံတည်ထောင်ရန် အသက် ပေးကာ ဆောင် ရွက် နေပါတယ်။ အဲ ဒီ တော့ အမျိုး ဘာသာ–သာသနာတော်ရဲ့ အကျိုးအတွက် ကြွက်တွေကို မရှင်းမီမှာ ဒီမို ကရေစီ နိုင်ငံ တည် ဆောက် နိုင် ရန် . . . NLD လူနီကလေး တကောင် ဖန် ဆင်း ပေး တော် မူ ပါ ဘုရား " ... တဲ့။

❖ ❖ ❖

## သတင်းကပင် ရယ်ရော

ဗိုလ်ချုပ်ကြီး လာမယ်ဆိုလို့ စားစရာပြင်ထားရမည်၊
အိမ်သာမွှေးမွှေးမထားလျှင် အလုပ်ပြုတ်ပေအံ့

၁၉၉၄ ခု ဇူလိုင်လ (၁၆) ရက်နေ့က သာယာဝတီမြို့သို့ စစ်ဗိုလ် လယ်ယာဝန်ကြီး စစ်ဆေးရန် လာရောက်မည်ကို စိုက်ပျိုးရေးဌာန ဒုတိယ အထွေထွေမန်နေဂျာက လက်အောက်အရာရှိ အဆင့်ဆင့်သို့ ပေးပို့သော အောက်ပါအမိန့်စာသည် နအဖခေတ်တွင် အစိုးရဝန်ထမ်းများအဖို့ စစ်ဗိုလ်ဝန်ကြီးများအား မည်ရွေ့မည်မျှ ကြောက်ရွံ့ကြရသည်ကို သိသာထင်ရှားစေ၏။

အမိန့်စာ

အကြောင်းအရာ။ ။ <u>ဝန်ကြီးခရီးစဉ်အတွက် ချက်ချင်း တာဝန်ယူဆောင်ရွက်နိုင်ရန်</u>

လယ်ယာစိုက်ပျိုးရေးဝန်ကြီးသည် ၁၆၊ ၇၊ ၉၄ စနေနေ့တွင် ပြည်မြို့နယ်မှ နံနက် (၇း၀၀) နာရီတွင် ထွက်ခွာပြီး သာယာဝတီမြို့ပေါ်ရှိ လုပ်ငန်းများကို စစ်ဆေးကြည့်ရှု၍ ရန်ကုန်သို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ပါသည်။

အောက်ဖော်ပြပါ လုပ်ငန်းများကို ယခုစာ ရလျှင်ရချင်း ခရိုင်၊ မြို့နယ်၊ ပညာပေးစခန်း၊ ကွပ်ကဲရေးစခန်း တာဝန်ခံများမှ မိမိတို့တာဝန်ရှိသည့် ရုံး၊ စခန်း၊ နယ်မြေများတွင် ချက်ချင်း အကောင်

အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

တစုံတရာ ချို့ယွင်းမှုရှိပါက လုပ်ငန်းမှ ချက်ချင်း ထုတ်ပယ်သည့်အထိ အရေးယူမည်ဖြစ်ကြောင်း သတိပေးထပ်လောင်း ညွှန်ကြားပါသည်။

ဆောင်ရွက်ရမည့် အချက်အလက်များ...

၁။ ခရိုင်မြို့နယ်၊ စခန်းရုံးအားလုံး အထူးသန့်ရှင်းလှပရမည်။

၂။ ပိုးမျှင်၊ ဖုံ၊ ဆေးလိပ်တို၊ ပေါင်းဖြတ်၊ အမှိုက်သရိုက်၊ သစ်ရွက်၊ အုတ်ကျိုး၊ စီးကရက်တို၊ ပလစ်စတစ် အတိုအစ၊ သစ်တိုသစ်စမကျန် ကောက်သင်းကောက် သန့်ရှင်းပြောင်စင်အောင် တံမြက်လှည်းခြင်းတို့ကို အနုစိတ် ဆောင်ရွက်ထားပြီး ဖြစ်ရမည်။

၃။ ရုံး၊ စခန်း၊ ဂိုဒေါင်တိုင်း ဝင်မည့်၊ အသင့်အနေအထား ပြင်ဆင်ထားရမည်။

၄။ သိုလှောင်ရုံ ပြတင်းပေါက်များကို လေဝင်လေထွက် ကောင်းစေရန် ဖွင့်ထားပြီး တံခါးမကြီးများကို ပိတ်ထားရမည်။ သော့ဖွင့်၍ ချိတ်ထားပြီး ချက်ချင်း ဖွင့်လှစ်ပြသနိုင်ရမည်။

၅။ သောက်ရေသန့် (ယုဇန) စံပယ်ပန်း၊ ရေနွေးကြမ်း၊ ဖိုက်ဘာမတ်ခွက် (အဖုံးဖြင့်) ရေနွေးကြမ်း သောက်နိုင်ရန် ဒေသအစားအစာ၊ လက်ဖက်၊ သစ်သီးများ ယင်လုံအောင် ဖုံးအုပ်၍ သပ်ယပ်အောင် အစဉ်သင့် စီစဉ်ထားရှိရမည်။

မှတ်ချက် – ကွပ်ကဲရေးစခန်း တဲငယ်များတွင် သစ်သီးပါစရာ မလို။

၆။ ရေအိမ်သာများ အထူးသန့်ရှင်း မွှေးကြိုင်နေရမည်။ ဝန်ကြီးခရီးစဉ်အတွင်း တစုံတယောက်မျှ အသုံးမပြုရန် လူစောင့်၍ တာဝန်ပေးထားရမည် (သော့မခတ်ရ)။

၇။ စခန်းရုံးတိုင်း၊ စခန်းတာဝန်ခံ ရှိနေရမည်။ မိမိစခန်းသို့ ဝင်ရောက်ခြင်း မရှိပါက လမ်းမပေါ်ထွက်၍ လူရိပ်ပြခြင်း မပြုလုပ်ရ။ စခန်းရုံး၊





စခန်းတဲပေါက်ဝမှသာ ရပ်ကြိုရမည်။ အခြား အဆင့် ဝန်ထမ်းများ၊ တောင်သူများနှင့် ကွင်းလုပ်ငန်းများတွင် ကြီးကြပ် ဆောင်ရွက်နေရမည်။

၈။ ထွန်စက်ကြီး၊ လက်တွန်းစက်၊ ရေစုပ်စက်၊ ကြားပေါင်း လိုက်ကိရိယာ၊ မျိုးစေ့ချကိရိယာများ နံနက် (၆:၀၀) နာရီမှ ညနေ (၁၈:၀၀) နာရီထိ အချိန်ပြည့် လှုပ်လှုပ်လှယ်လှယ်၍ အသုံးပြုနေရမည်။ ထွန်ယက်ခြင်းအစရှိသည့် လုပ်ငန်းများကို မြို့နယ်အသီးသီးတွင် ထောင်နှင့်ချီ၍ မိမိတို့ စွမ်းရည်ရှိသမျှ သက်ဆိုင်ရာ ခဝက၊ မဝက၊ ရပလ တို့နှင့် ညှိနှိုင်းတင်ပြပြီး စေ့စပ်စွာ ကြိုတင်စီစဉ်ဆောင်ရွက်ကြရမည်။ အထူးသဖြင့် ခရိုင်၊ မြို့နယ်စခန်းရုံး၊ ရုံးအဆောက်အဦးများတွင် မိုးယိုခြင်း၊ မှန်ကွဲခြင်း လုံးဝမရှိစေရ။ မှန်များကို ယခုစာ ရလျှင်ရချင်း တောက်ပြောင်နေအောင် တိုက်ချွတ်ထားရမည်။ စားပွဲ၊ ကုလားထိုင်၊ ဧည့်ခန်းပစ္စည်းများ သန့်ရှင်း သပ်ရပ်စေရမည်။

ယခု ညွှန်ကြားချက်သည် ချို့ယွင်းမှုရှိပါက လုပ်ငန်းမှ ထုတ်ပယ်သည့်အထိ တိတိကျကျ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

တင်ရိုး

၃-အထွေထွေမန်နေဂျာ

၁၅၊ ၇၊ ၉၄

❖ ❖ ❖

## ဗိုလ်ခင်ညွန့်ရဲ့ ကျေးဇူးတော်

တနေ့က ရန်ကုန်တွင် အိမ်နီးချင်း ဖြစ်ခဲ့သူ ဒေါ်စိန်ခင် တယောက် အမေရိကသို့ အလည်အပတ် ရောက်လာရင်း အောင်ဗလတို့ မြို့သို့ ဝင် လာ သည်။ နှစ် ပေါင်း များ စွာ ကွဲ ကွာ နေ ခဲ့ ရ သော လွန် စွာ ရင်း နှီး သူ မိတ် ဆွေ ဟောင်း ဖြစ် သဖြင့် ဖိတ်ကြား ပြီး ညဉ့် စာ ဧည့် ခံ ပြု စု ခဲ့ မိ သည်။

ဒေါ် စိန်ခင် သည် ထာဝရ ဘု ရား သခင် ကို ယုံကြည် ကိုး ကွယ် သော ခရစ် ယာန် ဘာ သာဝင် "ကောင်း " တယောက် ဖြစ်ပေသည်။ ဘာသာရေး အယူ အဆ ပြင်း စွာ ယုံ ကြည်သည်။ ကမ္ဘာ ကြီး နှင့် တကွ အထူးထူး သော သတ္တဝါ တို့ ကို ဖန် ဆင်း တော် မူ သဖြင့် ထာဝရ ဘု ရား ၏ ကျေး ဇူး တော် ကို သိ ရှိ ကာ အမြဲ ကျေး ဇူး တင် နေ သူ ဖြစ် သည်။ အရာရာသော ဖြစ် ပျက် လေ သ မျှ တို့ ကို ဘု ရား သခင် ၏ အလို တော် အ ရ ဖြစ် ပျက် သည် ဟု အလေး အနက် ယုံကြည် သူ ဖြစ် သည်။ ဘုရားသခင် ကို အမြဲ ကျေး ဇူး တင် နေ သူ ဖြစ် ၏။

သူ့ အဖို့ ခေါင်း ကိုက် ဝမ်း နာ ဖြစ် လျှင် ပင် ဘုရား သခင် ၏ အလို တော် ကြောင့် ဖြစ် ရ သည် ဟု ယူ ဆ လေ့ ရှိ သည်။ ဆေး ရုံ ကို အားမကိုးဘဲ ဝတ် ကျောင်း သို့ ပြေး ကာ ဆု တောင်း လေ့ ရှိ သူ ဖြစ်ပေသည်။

တခါ တွင် အောင်ဗလ ထံ မှ ငှား သွား သော စာ အုပ် တ အုပ် ကို ပြန် တောင်း သော အခါ ဘု ရား သခင် က ဘယ် မှာ ထား လိုက် သည် မသိ ပျောက် နေ ပါ သည် ဟု ဆို သည် အထိ အ လို တော် ကို ယုံ ကြည် သူ ဖြစ် ၏။ သို့ သော် ယခု အခါ သူ ၏

ယုံ ကြည် ချက် ပြောင်း သွား သည် ကို သိ သာ ထင် ရှား စွာ တွေ့မြင် ရ သည်။

“ငါ့ မောင် ကို တွေ့ ရ တာ သိပ် ပြီး ဝမ်း သာ တာ ပဲ။ ချစ် ခင် ရင်း နှီး တဲ့ ပေါင်း ဟောင်း သင်း ဟောင်း တွေ နဲ့ ပြန် လည် ဆုံ ဆည်း ခွင့် ရ ရှိ ဖို့ ဆို တာ မလွယ် ဘူး။ အ ခု ဗိုလ် ခင် ညွန့် ကျေး ဇူး ကြောင့် တွေ့ ကြ ရတာ။ ဗိုလ် ခင် ညွန့် ကို ကျေး ဇူး တင် ရ မယ်”

“ဗျာ ...”

“ငါ့ မောင် ကို တွေ့ ရ လို့ ဗိုလ် ခင် ညွန့် ကို ကျေး ဇူး တင် တယ်”

“ဟော ဗျ။ ဒေါ် စိန် ခင် ကြီး တယောက် ဘ ယ် တုံး က မှ နိုင် ငံ ရေး စကား မပြော ခဲ့ ဘဲ နဲ့ ခု မှ ဘာ လို့ ဗိုလ် ခင် ညွန့် ကို ကျေး ဇူး တင် ရ တာ လဲ။ ထာ ဝရ ဘု ရား သခင် ကို မေ့ သွား ပြီလား”

“မမေ့ ပါ ဘူး။ ထာ ဝရ သခင် ကို မမေ့ ပါ ဘူး။ အ ခု လက် ငင်း ကိစ္စ က တော့ . . . ဗိုလ် ခင် ညွန့် က နိုင် ငံ ကူး လက် မှတ် ထုတ် ပေး လို့ အမေ ရိ ကန် ကို ရောက် ရတာမို့– ဗိုလ် ခင် ညွန့် ကို ကျေး ဇူး တင် ရတာ။ မင်း လဲ ငါ နဲ့ တွေ့ ရ တာ ဝမ်း မ သာ ဖူး လား၊ ဗိုလ် ခင် ညွန့် ကို ကျေး ဇူး တင် ပါ ကွယ်”

“တင် ပါ မယ် ဗျာ၊ တင် ပါ မယ်။ ဗိုလ် ခင် ညွန့် ကို ကျေး ဇူး တင် ပါ တယ်”

“အေး ကောင်း တယ် ကောင်း တယ်။ ကျေး ဇူး ဆို တာ သိ တတ် ရ တယ် ကွဲ့”

“တင် ပါ တယ်၊ တင် ပါ တယ်။ ဒါ ထက် ကလေး တွေ ကြီး ကုန် ကြ ပြီ ပေါ့ အဆင် ပြေ ရဲ့ လား”

“အကြီး မ က အိမ် ထောင် ကျ ပြီ။ သူ့ ခင် ပွန်း က တပ်





မတော် မှာ ဗိုလ် မှူး အဆင့် ရှိ နေ ပြီ၊ တက် လမ်း အများ ကြီး ရှိ တယ်။ အ လတ် ကောင် က ဗထူး စစ် တက္ကသိုလ် မှာ– ဒီ နှစ် ပြီး မယ်။ ဗိုလ် ကြီး ရာထူး က စ ပေါ့”

“ဒါ ကြောင့် ကိုး . . . ဆေး ဝယ် ရင် ဒီ ဆူဇာ မှာ စိတ် ချ ရ တာ ... ကြောင့် ကိုး ”

“မင်း က ငါ့ ကို မလှောင် ပါ နဲ့။ သားမက် နဲ့ သား စစ် ဗိုလ်ဖြစ်လို့ ဗိုလ် ခင် ညွန့် ကို ကျေး ဇူး တင် တာ မဟုတ် ပါ ဘူး။ ကျေး ဇူ း တင် ထိုက် လို့ တင် တာ ပါ။ တို့ မိသား စု သာ မက ဘူး။ နိုင် ငံ တခု လုံး ရဲ့ အကျိုး စီး ပွား ကို ပင် ပန်း တကြီး လုပ် နေ တာ ကြောင့် ကျေး ဇူး တင် တာ ပါ ”

“ဒါပေါ့–– ဒါပေါ့ ”

“နိုင် ငံ ခြား က ငွေ ရင်း မြှုပ် သူ တွေ က ဗမာပြည် ထဲ ကို ဒေါ် လာ တွေ အများ ကြီး ယူ လာ ကြတာ ဗိုလ် ခင် ညွန့် ကျေး ဇူး ပေါ့”

“ကျေး ဇူး တော် ရှင် ဗိုလ် ခင် ညွန့် ပေါ့”

“ပြောရင်း ဆို ရင်း လှောင် ပြန် ပြီ။ ငါ တို့ မိသား စု အခြေ အနေ တိုး တက် တာ ဗိုလ် ခင် ညွန့် ကြောင့် ကွဲ့။ အခု ဆို လျှင် တဲ့အိမ်မှာ အစေခံ ကိုး ယောက် ထား နိုင် တယ်။ နာမည်တောင် မမှတ်နိုင်လို့ နံပါတ်တပ်ပြီး ခေါ် ရ တယ်။ ရန် ကုန် မှာ အ လုပ် လုပ် ချင် တဲ့ တော က – ကောင် မကလေး တွေ ပေါ လွန်း လို့ သနားတာ နဲ့ ငှား ထား ရတယ်”

“တော မှာ တော် နေ ကြ ဟန် တူ ပါ ရဲ့”

“တော် တော့ မတော် ကြ ပါ ဘူး။ နဲ နဲ ရှား ပါး တာ ပါ။ တော က လယ် သမား တွေ က အလုပ် ကောင်း ကောင်း မလုပ် ကြ ဘူး။ သူ တို့ အလို သာ ဆို လျှင် တပြည် လုံး ငတ် နေ ပြီ ပေါ့။ ဗိုလ် ခင် ညွန့် က ပေါ် လစီ ကောင်း ကောင်း ချ ပေး တာ ကြောင့်

ရှား ပါး ရုံ ရှား ပါး တာ။ သူ့ ကို တော့ တကယ် ကျေး ဇူး တင် ဖို့ ကောင်း ပါ တယ်၊”

“ဒါ ထက် အမေ ရိ ကန် ကို လာ တာ က လည်း ရုံ သက် သက် ပဲ လား၊ အရောင်း အဝယ် ကိစ္စ ပါ သေး သလား၊”

“အရောင်း အဝယ် လုပ် စရာ မလို ပါ ဘူး။ ကိစ္စ တော့ ပါ တယ်။ မင်း တို့ တတွေ ဝိုင်း ကူ ကြ ပါ ကွယ် ”

“ကူပါ မယ်။ ကူပါ မယ်။ အဲ ဒီ ကိစ္စ ကို လဲ ဖိုလ် ခင် ညွန့် က မကူ ဘူး လား ”

“ ဖိုလ် ခင် ညွန့် က ကူ ပါ တယ်။ ဗမာ ပြည် တွင်း ကိစ္စ သာ ကူ နိုင် တာပေါ့။ ဒီ ကို လာ ဖို့ တော့ မင်း တို့ အမေ ရိ ကန် အ စိုး ရ က ဗီ ဇာ ပိတ် ထား တယ် လေ”

“ဗမာ ပြည် တွင်း ဖက် က  လုပ် စရာ ရှိ တာ ကို ဖိုလ် ခင်ညွန့် က ကူ မယ် ဆို တော့ ဒီ က ကိစ္စ က ဘာ လဲ”

“မင်း မှတ် မိ သေး လား။  အ ယေ ဆုံး ကောင်  တာ တီး ကို မှတ် မိ သေး လား”

“မေ့ နိုင် ပါ့ မလား ဗျာ။ ကမ္ဘာ ပေါ် မှ အဆော့ ဆုံး ဝေတိ က လေး ကို ခဏခဏ သတိ ရပါ တယ်”

“မျိုး မြင့် ထိပ် ခေါင်  အဲ လေ နံမည် ပြောင်း ထား တဲ့ တာ တီး က ဆယ် တန်း အောင် ပြီး တာ နှစ် နှစ် ရှိ ပြီ။ တက္ကသိုလ် တွေ က ပိတ် ထား တော့ လေ လွင့် နေ တယ်။ ဖွင့် တဲ့ အခါ မှာ လဲ စာ ကို ကောင်း ကောင်း သင် မပေး ကြ တော့ ဘူး။ သူ့ ကို အ မေ ရိ ကန် ကျောင်း ကို ပို့ ချင် တယ် ကူ ပါ လား ကွယ်”

“ရန် ကုန် က တက္ကသိုလ် တွေ ကို မှန်မှန် ဖွင့် ပေး ဖို့၊ စာ တွေ ကောင်း ကောင်း သင် ပေး ဖို့  ဖိုလ် ခင် ညွန့် က မကူဘူး လား”

“ဒီလို မပြောပါနဲ့ ငါ့မောင်ရယ်။ ဖိုလ်ခင်ညွန့်က တက္ကသိုလ်





တွေ ဖွင့် ပေး ချင် ပါ တယ်။ အဖျက်သမား နိုင်ငံရေး သမားတွေ က ကျောင်းသားတွေကို အမြဲ သွေး ထိုး နေ တယ် ကွဲ့။ တက္ကသိုလ် မဖွင့်နိုင်ပေမင့် တပ် မတော် မိ သား စု ရဲ့ က လေး တွေ အတွက် အထူးကျောင်းတွေ ဖွင့် ပေး ထား ပါ တယ်။ ဖိုလ်ခင်ညွန့်က အဖက် ဖက်က ကြိုးစားရှာပါတယ်။ တာတီး အေးလေ မျိုးမြင့်ထိပ်ခေါင် က အမေရိကန်မှာမှ ပျော် မယ် တဲ့။ ဒါ ကြောင့် ဖိုလ်ခင်ညွန့်ကို ကပ် ပြီး နိုင် ငံ ကူး လက် မှတ် ယူ ထား ပြီး ပြီ။ ဒီလို လာ နိုင် တာ သူ့ ကျေး ဇူး မို့  ဖိုလ် ခင် ညွန့် ကို ကျေး ဇူး တင် တယ် လို့ ငါ က ပြော တာ ပါ”

“ကဲ ခင်ဗျားက ဒီလောက် တောင် ကျေး ဇူး တင် နေ တော့ တကယ်လို့များ  ဖွ... လွဲ စေ ဖယ် စေ ... ဖိုလ်ခင်ညွန့်တယောက် ယယ် ယယ် ရွယ် ရွယ် နဲ့ သေ သွား လျှင် ကော –” ဟု အောင်ဗလ က မေး မိ သည်။

မဆိုင်းမတွ ပြန်လည်ပေးသော ဒေါ်စိန်ခင်ကြီး၏ အဖြေမှာ ...

“အဲ ဒီ တော့ လဲ  ဘု ရား သ ခင် ကို ကျေး ဇူး တင် ရ မှာ ပေါ့”... တဲ့။

❖ ❖ ❖

## နှင်လားဟဲ့ တဝမ်းပူ ဓသတ် 'တစ်'

စာ ပြု သူ ဒေါက်တာ မောင် ဘ ချစ် ၏ 'လူ့ဘဝ နှင့် ဒဿန အမြင်များ' ဆောင်း ပါး တို့ ကို ဖတ် ရ တိုင်း ဘဝင် အေးခဲ့သည်။ ငြိမ်း ချမ်း မှု ပီတိ ဖြစ် ထွန်း ခဲ့ သည် မို့ များ စွာ ကျေနပ်ခဲ့မိ၏။

ယ ခု ဇရာဝဏ် စာ စောင် တိုက် က စာ အုပ် အဖြစ် စုပေါင်း ထုတ်သည်ကို ဖတ် ရ သော အခါ အပြည့်အစုံ တစုတဝေး ကြီး ဖတ် ရ ပြန်သဖြင့် စာ ရေး ဆရာ ကိုဘချစ် နှင့် ဇရာဝဏ် တိုက် တို့ အား လွန် မင်း စွာ ကျေး ဇူး တင် ရ ပြန် သည်။

စာ အုပ် မှာ လူ သား မှန် သမျှ တို့ အမြဲတစေ ရင် ဆိုင် တွေ့ ဆုံ ရ သဖြင့် ဖြစ် ပေါ် လေ့ ရှိသော ဆင်း ရဲ ဒုက္ခများ ပျောက် ကင်း ရေး ကို နည်းလမ်းပြ သည့် စာ အုပ် ဖြစ် သည်။ ထို ကြောင့် ထို စာ အုပ် ကို 'ဆင်း ရဲ ခြင်း လွတ်ကင်းအောင် လမ်း ပြ ဆောင် ပါသည်' ဟု ခင်မောင်ရင် သီ ဆို သော နဂါး နီ စာပေတိုက် 'ဘွဲ့' နှင့် ချီး ကျူး လို သည်။

လူ့ဘဝမှ လူ သား မှန် သ မျှ သည် ဆင်း ရဲ ခြင်း ဒုက္ခ မီးလောင်နေကြသည်။ ချစ် သူ နှင့် ကွဲရခြင်း ဒုက္ခ၊ မ ချစ် သူ နှင့် တွဲရသော ဒုက္ခ၊ ကျန်မာရေးချို့ယွင်းခြင်း၊ စီး ပွား ရေး မပြေ လည် ခြင်း၊ အလုပ်အကိုင် အဆင်မပြေခြင်း၊ စား လို ရာ မစားရဘဲ မစား လို သည် ကို စားရခြင်း၊ စားလိုသလောက် မစားနိုင်ခြင်း၊ စားသင့် သည်ထက် ပို မို စား မိ ခြင်း၊ ပူခြင်း၊ အေးခြင်း၊ မိုးရွာခြင်း၊ မိုးမရွာ ခြင်းစသော လူတို့တွေ့ရသမျှတို့သည် ခံစားခြင်း မပြုလိုသူတို့အဖို့ ဒုက္ခများသာ ဖြစ် သည်။

ရှုးစမ်းကြည့်လျှင် ငွေ ကြေး ကျိ ကျိ တက် ကြွယ်ဝနေသူတို့

လည်း ငွေကြောင့် ဒုက္ခမီးလောင်နေကြသည်ကို တွေ့မြင်ရပေမည်။ လူသားတို့ တွေ့ ဆုံ ခံ စား နေ ရ သော ဒုက္ခမှန် သ မျှ တို့ သည် ပရံ ပရသော ဘဝ သံသရာက ကျူးလွန်ခဲ့သည့် မကောင်းမှု ဝဋ် သို့မဟုတ် ကံ အကြောင်းတရားဟု ဖြေဆည်သူတို့ က ဖြေကြကာ နောင်ဘဝ များစွာတို့အတွက် ရည် စူး အားထုတ်ကြသည်။ ကန့် ကွက် ပြစ် တင် ရန် မသင့်သောအမှုများ ဖြစ်သည်။ သို့သော် ဒုက္ခ တို့သည် မိုး ပေါ် မှ ကျလာသည်မဟုတ် လူတို့က (လူတဦးစီ တဦးစီ က မိမိထံသို့) ဖိတ်ခေါ်သော အရာများ ဖြစ်သည်ကိုလည်း သတိ ပြုသင့်ပေသည်။

ပြင်သစ်စာရေးဆရာကြီး မိုးလျဲနှင့် ဆရာကြီး သခင်ဘ သောင်းတို့က 'ဘယ်သူမပြု မိမိမှု' ဟူသော ဆောင်ပုဒ်ကို ပန်းသာ မစာအု ဝတ္ထုကြီးရှည် ကြီး ဖြင့် ဖွဲ့ နွဲ့ ရေးသားတင်ပြခဲ့သည်။ လူတို့ သို့မဟုတ် လူတယောက် ခံစားနေရသော ဒုက္ခသည် အခြားသူက ပြုသည်မဟုတ် သူ့ဘာသာပြုသည်သာ ဖြစ်ပေသည်။ ကာရာအိုကေ ဓားနှင့် ရန်ကုန်သို့ အ လွမ်း ဖြေ မည် ဟု အငှားကားနှင့် သွားစဉ် တွင် ကားတိုက်သဖြင့် ခံ ရ သည့် အနာ ဒုက္ခသည်၊ အငှားကား ဆရာ၊ တဖက်ကားမှ ကားမောင်းသူ၊ ရှုပ်ထွေးသော လမ်းတို့ကြောင့် ဖြစ်ရသည်ဟု လက်ညှိုးထိုးမိတတ်ကြသည်၊ အိမ်မှထွက်မိသူမှာ တခြားသူ မဟုတ် မိမိသာဖြစ်သည်ကို ဆင်ခြင်လျှင် ဘယ်သူမပြု မိမိမှုသာ ဖြစ် သည် ကို တွေ့ ရ ပေမည်။

လူတို့သည် မိမိဘာသာ ဒုက္ခရှာနေကြသည်ကို ညွှန်ပြ၍ မီး သတ် ကြရန် ညွှန် ပြ တော် မူ ခဲ့ သည် မှာ ဗုဒ္ဓ ရှင် တော် မြတ် ဘုရား ဖြစ် သည်။ ပထမဦးစွာ ဗုဒ္ဓဟော ကြားတော်မူခဲ့သော မေ့ စကြာတရားတော်သည် 'ဆင်းရဲခြင်းတရား၊ ဆင်း ရဲ ခြင်း ဖြစ် ရာ တရား၊ ဆင်းရဲခြင်း ချုပ် ရာတရား၊ နှင့် ဆင်း ရဲ ခြင်းမှ လွတ် မြောက်ရာ တရား'တို့ ဖြစ် သည်။ ဘဝသံသရာတွင် သန္ဓေတည်ချိန်





မှ စတင်ကာ ဘဝတဏှာ ပေါက်ဖွားပြီး အိုခြင်း နာခြင်း သေခြင်း ဆင်းရဲတို့ကို မုချခံရမည်ဟု ဗုဒ္ဓဟောလေသမျှ တရားတော်များက ဖွင့်ဆိုခဲ့သည်။

ဆရာ ကိုဘချစ်က ဗုဒ္ဓအားမေ့နေသူ ယနေ့ လူသားတို့ အတွက် ဗုဒ္ဓတရားများကို ညွှန်းမနေတော့ဘဲနှင့် ရွာသူတို့စကား ရွာသားတို့လောကမှ ဖြစ်ရပ်ပုံပြင်များနှင့် ဒုက္ခမီးသတ်နည်း စာအုပ် ရေးသဖြင့် အဖိုးတန်လှပေသည်။ စာရေးဆရာကိုရော ပုံနှိပ်သူကိုပါ ကျေး ဇူး တင်မိသည်။

ဤသို့ ဘဝ တန်ဖိုးမြှင့်စေသည့် ဤ စာအုပ်မျိုးကို ယနေ့ ဇာတိမြေတွင် ပုံနှိပ်ခြင်း မပြု နိုင် ပေ၊ အဘယ်ကြောင့်မူ သဘာဝမေ့ အမှန်တရားကို ဆန့် ကျင် နေ သူ မြန် မာ စစ် ဗိုလ် များ က သူခိုး တို့က မီးမောင်းကို ကြောက်သကဲ့သို့ အမှန်တရားကို ကြောက် သဖြင့် ဖြစ်၏။ ထို့ပြင် မြန်မာစာရော အင်္ဂလိပ်စာပါ မတတ်သော ပညာမဲ့ ဗိုလ်နေဝင်းက "ဟော့ စာ ရေး ရင် တ ငုံ၊ တမော့၊ တကျိုက်၊ တစက်၊တခွက်၊ တဖလား၊ တပုလင်း လို့ ရေးလေတိုင်း တဝမ်းပူကို စသတ်ပြီး တစ် လို့ ရေး ရ မယ်" ဟု အမိန့်ပေးခဲ့သည်။ လက်တွေ့ လက်ငင်း ဖအေကိုကာ ပြန်နေ ကြ သော် လည်း အဖေ၏စကားကို မြေဝယ်မကျ နားထောင်နေကြသော ဗမာ့တပ်မတော်တခုလုံးမှ စစ်ဗိုလ်အားလုံး တို့ကလည်း 'တဝမ်း ပူ စသတ် တစ် ကို သာ ရေး ကြ စေ'ဟု ဆက် လက် အမိန့် ထုတ် ထား သည်။

"ရှူး ပေါ ပေါ ခေတ် ထဲ၊ တစ် စွဲ တဲ့ မှိုင်း နော်"ဟု လို အပ် လျှင် ဆရာမှိုင်းက စ သတ်သော်လည်း ရှင်ဥတ္တမကျော်၏ "မှောင် ခဲ့တ ခါ၊ ပြာ ခဲ့တလီ၊ ရီ ခဲ့ တ ဖုံ၊ မှုံ ခဲ့ တ ချက်၊ ယုဂန် ထက်က" တော လား မျိုး တွင် တဝမ်းပူကို စသတ် လျှင် ကာရံ ပျက် သည်။

သို့ သော် မြန် မာ စာပေ ကံ ကောင်း သေး သည်။ လူ

လူလတ် တန်းစား မှန်သမျှ ပြည်ပသို့ ရှောင်ကြရသည့် ခေတ်ဖြစ်သဖြင့် ကိုဘချစ်သို့သော ပညာရှင်များက စာမှန် ပညာမှန်များကို ရေး နိုင် ကြ သော ကြောင့် မြန်မာစာပေသည် အညွန့် အတက်၊ အခက်၊ အဖူး၊ အပွင့်တို့ ခက်လက်ဝေဖြာနိုင်သေးသည်။

ပြည်တွင်း စာပေလောက တခုလုံးမှ စာပေပညာရှင်များ၏ ကလောင်များကို စစ်တပ်တခုလုံးက ရိုက်ချိုးနေချိန် ပြည်ပရောက် ပညာရှင်များ တဦးစီ တဦးစီတို့က စာအုပ်များကို တအုပ်ပြီး တအုပ် ရေးကြပါ ဟု ပန်ကြားစာ တပုဒ် တင်ဆက်ပါကြောင်း။

❖ ❖ ❖



## ငရဲကြီး ရှစ်ထပ်၏ ထောင့်တထောင့်ဝယ်

မြန် မာ နိုင် ငံ တွင် ပလောင် ထင်း သတင်း စာ ဆရာ တို့ သည် အရက်ကောင်း ကလေး များ မှီ ဝဲ ရ မည် ဆို ပါ က လက်ငင်း ရင် ဆိုင် နေ ရ သော ဒုက္ခ မီး ကို မေ့လျော့အောင် အား ထုတ် ကြ လေ့ ရှိ သည်။ ဥပမာအား ဖြင့် သတင်း စာ ဆရာ တစု ကို ဂျွန် နီ ဝေါက်ကား ဘလက်လေဘယ်၊ ဂိုးလ် လေ ဘယ် တပုလင်း ပေး လိုက် ပါ လျှင် 'ကဲ ဖိမ် နဲ့ မူး ကြ ရ အောင်' ဒီ နေ့ တော့ စစ် အစိုးရ အကြောင်း စကားမစပ် မိအောင် ရှောင် ရှားကြပြီး ယစ် ရွှေ ရည် ရဲ့ အရသာ ကို ခံ စား ကြ စို့" ဟု နှိုး ဆော် ဂတိ ပြု ကာ သောက် တော် မူ ကြ လေ့ ရှိ သည်။

မိမိ တို့ ပတ် ဝန်း ကျင် မှ ဒုက္ခ မီး ကို လစ် လျူ ရှု နိုင် ခြင်း သည် ထူးကဲ ချမ်းမြေ့သော ရသ မဟုတ် ပါ လေ။

အလား တူ ပင် စာ ဖတ် ပရိသတ် အား သုတ စာ ပေ အရသာ နှင့် ရသ စာ ပေ အရသာကို ခံ စား ပြီး ဇာတိ မြေ မှ ဒုက္ခ မှန် သမျှ ကို လစ် လျူ ရှု နိုင် သော ရသကို စံ စား နိုင် စေ ရန် 'သုတ–ရသ' စာ ပေ တပုဒ် ကို နောက် ဆုံး ထွက် သတင်း ကွန် ခြာ မှ ဘာ သာ ပြန် ၍ ပြု စု ပေ အံ့။ မဆလ၊ တညစ၊ နဝတ၊ နအဖ၊ မဒတ၊ အမညပ အစရှိ... စသည် တို့ကို ပြည် ဖုံး ကား၏ နောက်ကွယ်သို့ ပို့ ထား မည် ဖြစ်သဖြင့် သူ တို့ အကြောင်း ကို ခေတ္တ မေ့ ထား လိုက် ကြပါစို့...

စာဖတ်သူ မိတ်ဆွေတို့ မကောင်း မှု ကို ရှောင် ပယ် ၍ ကောင်း မှုကုသိုလ် ပွား များ နိုင် ကြ စေ ရန် စေ တနာ နှင့် ငရဲလောက အကြောင်းကို ရေးသားရပေမည်။ ဘာ သာ တ ရား တိုင်း တို့ က

ကောင်း သူ ကို ချီး မြှောက် လေ့ ရှိ သည်။ မကောင်းမှု ကျူး လွန် သူ တို့ အား ညှာ တာ လေ့ မရှိ။ ဘဝ ကူး ပြောင်း ချိန် ၌ ရွှေ ရေ ပုရပိုက်၊ ရွှေး ရေ ပု ရ ပိုက် မှတ် တမ်း အရ ကောင်း ကင် ဘုံ နှင့် ငရဲဘုံသို့ ပို့ လေ့ရှိသည်။ ရှေး ခေါ မ လူ မျိုး တို့ သည် တ မ လွန် ဘဝ တည် ရာ ဌာ န ကို 'ပေား ဒီး' ဟု ခေါ်သည်။ နောက် ပေါ် သော ခရစ်ယာန် ဘာ သာ ဝင် တို့ က ပေား ဒီး သည် ငရဲ ဘုံ ဖြစ် သည် ဟု ယူ ဆကြ သည်။ ဂျူး အမျိုး သား တို့ က ငရဲကို 'ဂီ ဟင်း နား' ဟု ခေါ် သည်။

မြန် မာ ဗုဒ္ဓ ဘာ သာ တွင် စစ် ကဲ တော် ကြီး ဦး ရွှေ နော် ရေးသားသည့် အာဒိကပ္ပ ကမ္ဘာ ဦး ကျမ်း အလို အရ ကမ္ဘာ ကြီး စတင် တည် သည် နှင့် ငရဲကြီး ရှစ် ထပ် က တ ပြိုင် နက် ပါ လာ သည်။ သိဉ္ဇီုး ငရဲ သည် ယူ ဇ နာ ရှစ်ထောင် ခြောက် ရာ ရှိ သည် ဟု ငရဲ ကြီး ရှစ် ထပ် ကို အတိုင်း အတာ နှင့် ဖော် ပြထား ၏။

၁) မည် သို့ သတ် ဖြတ် ညှင်း ဆဲ စေ ကာ မူ ကံမကုန် သ ရွေ့ အဖန် တလဲလဲ အသက် ရှည် စွာ ခံ နေရ သော သိဉ္ဇီုး င ရဲ။ ၂) မည်း နက် သော တမျဉ်း ကြိုး ဖြင့် တကိုယ် လုံး ကို ခုတ် ရွေ လှီး ဖြတ် သော ကာလသုတ် ငရဲ။ ၃) သံ တောင် သံ ခဲ ကြီး များ ဖြင့် လှိမ့် မွှေ ကြိတ် ချေ ညှင်း ဆဲ သော သင်္ဃာတ ငရဲ။ ၄) မီး တောက် မီး လျှံ တို့ ဖြင့် အဖန်ဖန် လောင် ကျွမ်း စေ သော ရော ရုဝငရဲ။ ၅) မီး ခိုး မီး အုံ့ တို့ ပိတ် ဖုံး နေ သော မဟာ ရောရုဝ ငရဲ။ ၆) သံ တံကျင် ကြီး တို့ ဖြင့် ထိုး ဖောက် ၍ မီး ကင် သော တာပန ငရဲ။ ၇) အလျှံ ရဲ ပြောင် သော သံ တောင် ကြီး ပေါ် မှ ရိုက် နှက် သဖြင့် မြေ သို့ ဦး ခေါင်း ဇောက် ထိုး ကျ သော အခါ စိုက် ထား သော လှံ တံ များ စူး ရ သည့် မဟာ တာ ပန ငရဲ။ နှင့် ၈) အမျိုးမျိုးသော ညှဉ်း ဆဲ မှု တို့ ကို အမြဲတစေ ခံရသော အဝီစိ ငရဲ ဟု ငရဲ ကြီး ရှစ် ထပ် ရှိ ကြောင်း ကျမ်း ဂန် တို့ က ဆို သည်။





ယနေ့ မျက် မှောက် ကွန် ပြူ တာ သတင်း ကွန် ခြာ ငရဲ ခန်း၏ အဆိုအရမှု... လူလောကမှ လူ သား တ ဦး သည် လူ တို့ ဘ ဝ တွင် ကံ ကုန် သဖြင့်သေ ရွာ သော အခါ ယမမင်းက မဆိုင်း မတွ လာ ရောက် ခေါ် ဆောင် ကာ စစ် ဆေး ပြီး သူ ၏ ပြစ် မှု များ အရ ငရဲ ဘုံ သို့ ပို့ ၏။

ခေတ် သစ် ငရဲ ဘုံ များ မှာ ကု လ သမဂ္ဂ အဖွဲ့ ဝင် နိုင် ငံ များ ကဲ့ သို့ တိုင်း ပြည် အလျှောက် တသီး တ ခြား စီ ရှိ သည်။ ငရဲ လော က ဒီမို ကရေစီ စနစ်အရ င ရဲ သား သစ် အဖို့ လွတ် လပ် စွာ ရွေး ချယ် နိုင် သော ဒီ မို ကရေစီ အခွင့် အရေး ရ ရှိ သည်။ မိမိ ကြိုက် နှစ် သက် ရာ နိုင် ငံ ၏ ငရဲ ရိပ် သာ သို့ သွား ရောက် ၍ ညှဉ်း ဆဲ ခံ ခွင့် ရှိ သည်။

ထို ကြောင့် ယ မ မင်း က ငရဲ သား သစ် အား ဂျာ မနီ နိုင် ငံ ၏ ငရဲဘုံကို စတင် ပြ သ ပြီး မည် နှယ် ခံ ရ မည် ကို ရှင်း ပြ သည်။ "မောင်မင်းအဖို့ ပ ထမ အဆင့် အဖြစ် ဟော ဟိုမှာ မြင်ရ တဲ့ လျှပ်စစ်ကုလားထိုင်ပေါ်မှာ တနာ ရီ တိတိ ကြွင် စက် တို့ ၍ ခုတ် လိုက် စေ မည်၊ ထို နောက် သံ ချွန် တွေ တပ် ထား တဲ့ အိပ် ရာ ပေါ် မှာ တင် ပြီး ဂျမနီ ငရဲ ထောင် မှူး က ကြာ ပွတ် စာ ကျွေး အံ့ " ဟု ပြော ပြ သည်။

သက် သာ သော ငရဲ ကို တွေ့ လို တွေ့ ငြား၊ တခြား ငရဲ ပြည် တွေ ကို ပြ ပါ ဦး ဟု ပန် ကြား သဖြင့် အင်္ဂ လိပ် ငရဲ ပြည် နှင့် အမေ ရိ ကန် ငရဲ ပြည် တို့ သို့ လိုက် လံ ပြ သ သည်။ လိပ် ကန် ငရဲ တိုင်း ပြည် မှာ လည်း ထူးမခြားနား အလား တူ ညှဉ်း ဆဲ သည် ကို မြင် ရ သဖြင့် နောက် ထပ် ၍ အခြား နိုင် ငံ များ ၏ ငရဲ ဘုံ များ ကို ပြ သ ပါ ဦး ဟု တောင်း ပန် ရှာ ပြန် သည်။

ယမ မင်း က နောက် ထပ် ပို့ သော ငရဲ ဘုံ မှာ လည်း အလား တူ ပင် လျှပ်စစ် ခုတ် ကု လား ထိုင်၊ သံ ချွန် ခု တင် နှင့်

ကြာ ပွတ် ရိုက် ကာ ညှည်း ဆဲ သည် ဟု သိ ရှိ ရ သည်။

သို့ သော် ထို ငရဲ ဘုံ တွင် ခံ ကြ ရ မည့် ငရဲ သား အများ သည် လျှပ် စစ် ကု လား ထိုင် များ ပေါ် သို့ မတက် ရသေး ဘဲ ကုလား ထိုင် များ နံ့ ဘေး များ၌ တွင်သာ မတ် တပ် ရပ် ၍ တန်း စီ နေ သည် ကို တွေ့ ရ သော ကြောင့် "ညှည်း ဆဲ ခံ ရမည့်နည်း က အတူ တူ ပါ ပဲ၊ ဒါ ပေ မင့် ဒီ ငရဲ သား တွေ က ဘာ လို့ တန်း စီ နေကြ တာ လဲ" ဟု မေး မြန် းသည်။

"ပြဿ နာ က လျှပ် စစ် ဓါတ် အား မ လာ လို့ ကွ၊ ခု တင် တွေ ပေါ် က သံ ချွန် တွေ ကို လဲ လူ ခိုး ခံ ရ တယ်။ ဒါ ကြောင့် ကြာ ပွတ် ရိုက် ဖို့ လာ တဲ့ ထောင် မှူး က အလုပ် ဝင် ကြောင်း အလုပ် ခွင် အချိန် စာ ရင်း မှာ လက် မှတ် ထိုး ပြီး အိမ် ပြန် အိပ် နေ ပြီ" ဟု ယမမင်းက ဖြေ ၏။ ထို ငရဲ သား သစ် က ထို တိုင်း ပြည် ၏ အမည် ကို ကဗျာ ကရာ ဖတ် ရှု ပြီး တောင်း ပန် ရှာ သည်။

"ကျွန် တော် မျိုး ကြီး မြန် မာ နိုင် ငံ ရဲ့ ငရဲ ဘုံ မှာ ခံ ပါ ရ စေ ခင် ဗျား" တဲ့။

❖ ❖ ❖



## ဗိုလ်ဖင်ကုန်း (ဝတ္ထုတို)

ဗိုလ်ကြီးသက်တင်။ ။ ဘာလဲဟေ့၊

ဗိုလ်လေးတင်ညွန့်။ ။ တပ်သားဖိုးထူးကိစ္စ အစီရင်ခံမလို့ပါ။

ဗိုလ်ကြီး။ ။ ဘာကွ။

ဗိုလ်လေး။ ။ တပ်သားဖိုးထူးကို ဒီတိုင်း ပစ်ထားရင် ကျနော်တို့ တပ်ပျက်တော့မယ်။

ဗိုလ်ကြီး။ ။ ဟော...။

ဗိုလ်လေး။ ။ ဒီကောင်နဲ့ တတပ်လုံးနဲ့ အမြဲအလောင်းအစား လုပ်နေကြတယ်။ အဲဒီကောင်ရောက်လာပေါ့ဆိုကတဲက ရှုပ်လာတာပဲ ဗိုလ်ကြီး။

ဗိုလ်ကြီး။ ။ လောင်းရုံလေးနဲ့လားကွာ။

ဗိုလ်လေး။ ။ ဒီလိုဗိုလ်ကြီးရဲ့၊ ဒီကောင် တပ်ထဲ စဝင်လျှင် ဝင်ချင်း၊ လမ်းပေါ်က လျှောက်သွားတဲ့ ကောင်မလေး အပျိုဟုတ်မဟုတ်ဆိုပြီး လောင်းတာ တပ်သားမြင့်ဆွေဆီက ငွေလေးကျပ်တမတ်နဲ့ တပ်ကြပ် ခင်မောင်ဆီက မျက်နှာသုတ်ပဝါတထည် အနိုင်ရသွားတယ်။

ဗိုလ်ကြီး။ ။ ဒါနဲ့...

ဗိုလ်လေး။ ။ ဆက်နားထောင်ပါအုံး ဗိုလ်ကြီး။ အဲဒီညမှာပဲ သူ့မှာ စောင်မရသေးတာနဲ့ တပ်သားလှဖေဆီသွားပြီး လှဖေရဲ့ စောင်မှာ အပေါက်ရှိတယ်လို့ ပြောတော့ လှဖေက ငြင်းရာက လောင်းကြတာ လှဖေရဲ့ ခြုံစောင် သူ့ဆီရောက်သွားတာပါပဲ။ လှဖေက သူ့စောင် အသစ်မှာ အရင်က အပေါက်မရှိဘူးလို့ ပြောတယ်။

ဖိုလ်ကြီး။ ။ ဒါကတော့...

ဖိုလ်လေး။ ။ ဒါက မတော့နဲ့ ဖိုလ်ကြီး၊ ဒီလိုနဲ့ ကျနော့်တပ်သား တွေဟာ တဖြည်းဖြည်း အလောင်းအစား ဝါသနာပါကုန်ကြပြီ။ အားလုံးသူနဲ့ လောင်းနေကြတာပဲ။ ကျနော့်တပ်ထဲမှာ သူနဲ့လောင်း ပြီး မရှုံးဖူးတဲ့ သူလဲ မရှိတော့ဘူး။

ဖိုလ်ကြီး။ ။ မလောင်းနဲ့လို့ မင်းက အမိန့်မထုတ်ဘူးလား။

ဖိုလ်လေး။ ။ ထုတ်ပြီလားဖိုလ်ကြီးရယ်၊ ပစ္စည်းကြေး ပိုက်ဆံကြေး မလောင်းရလို့ အမိန့်ထုတ်တော့ သူက တပ်သားတယောက်နဲ့ တနင်္ဂနွေနေ့မှာ ဆိတ်သားဟင်းကျွေး မကျွေး ထိပ်ထိုးကြေးလောင်း ပြန်ပါတယ်။ အဲဒါကို ကျနော်သိလို့ သူ့ကို ဒဏ်ပေးတော့ သူက နိုင် ပြန်တယ် ဖိုလ်ကြီးရေ့။ ဘာပြုလို့မှတ်သလဲ၊ သူက ဒီလိုလောင်းတာကို ကျနော်သိပြီး အပြစ်ပေးခံရစေရဲ့ဆိုပြီး ဒီပြင့်တပ်သားတယောက်နဲ့ ပိုက်ဆံကြေးလောင်းထားသတဲ့။

ဖိုလ်ကြီး။ ။ တော်တော့ကွာ။

ဖိုလ်လေး။ ။ အဲဒီတော့ ဒီကောင်ကို ကျနော်ဘာလုပ်ရမလဲ။

ဖိုလ်ကြီး။ ။ ငါကိုယ်တိုင် ဆုံးမမယ်။ သွား... ငါ့ဆီလွှတ်လိုက်။

* * * * * *

ဖိုးထူး။ ။ ဖိုလ်ကြီးက ကျ–ကျနော့်ကို ခေါ်တယ်ဆိုလို့။

ဖိုလ်ကြီး။ ။ အေး...

ဖိုးထူး။ ။ ဖိုလ်ကြီး – ဖိုလ်ကြီး – ဖိုလ်...

ဖိုလ်ကြီး။ ။ မင့်ကို ခေါ်တာ မင့်ကြောင့် တပ်သားတွေ ပျက်စီးနေကြ တယ်ဆိုလို့။

ဖိုးထူး။ ။ ကျနော်–ကျနော်...

ဖိုလ်ကြီး။ ။ မင်းဘာလို့ ဒီလောက်တောင် အလောင်းအစား ဝါသနာ





ပါရတာလဲ။ အလောင်းအစားလုပ်တယ်ဆိုတာ နိုင်နိုင်ရှုံးရှုံး မကောင်း ဘူး။

ဖိုးထူး။ ။ ကျနော်လဲ အလောင်းအစား ဝါသနာမပါပါဘူး။

ဖိုလ်ကြီး။ ။ ဘာ မင့်အမေကလွှား၊ မင်းဝါသနာမပါဘဲနဲ့ ဘာလို့ လောင်းသေးသလဲ။

ဖိုးထူး။ ။ ကျနော်က မလောင်းချင်ပါဘူး။

ဖိုလ်ကြီး။ ။ ခွေးမသား တော်စမ်း။

ဖိုးထူး။ ။ တကယ်ပါ ဖိုလ်ကြီးရဲ့၊ ကျနော်အလောင်းအစား ဝါသနာ မပါပါဘူး။ ဒါပေမယ့် ကျနော်က ကျနော်သိတဲ့ အကြောင်းတခုကို အမှန်အတိုင်းပြောရင် သူတို့က ငြင်းကြလွန်းလို့ လောင်းမိပြီး ကျနော်က မှန်လို့ အနိုင်ရတာပေါ့။

ဖိုလ်ကြီး။ ။ မင့်ဥစ္စာ မှန်မှန်လွန်းသကွာ။ မင်းချည်း နိုင်တာပဲဆို။

ဖိုးထူး။ ။ ဒါကတော့ ကျနော်ကလဲ သိပေသကိုး ဖိုလ်ကြီးရဲ့။ ကျနော်ကလဲ ဘာမဆို နိုက်နိုက်ချွတ်ချွတ် သိတယ်။ ဥပမာ ဖိုလ်ကြီး မှာ လိပ်ခေါင်းရောဂါရှိတယ်ဆိုတာ ဘယ်သူမှ မသိဘူး။ ကျနော် သိတယ်။

ဖိုလ်ကြီး။ ။ ဘာတယ်...ကွ။

ဖိုးထူး။ ။ ဖိုလ်ကြီးရဲ့ ဖင်မှာ... ဖင်မှာ လိပ်ခေါင်းရှိတယ်ဆိုတာ။

ဖိုလ်ကြီး။ ။ ဟော့ ဘယ်က ရှိရမှာလဲကွ၊ ခွေးမသား ဘာအူကြောင် ကြောင်လုပ်တာလဲ။

ဖိုးထူး။ ။ ရှိပါတယ်ဖိုလ်ကြီးရ။

ဖိုလ်ကြီး။ ။ မရှိပါဘူးဆိုမှ– ငါတယ်လေ။

ဖိုးထူး။ ။ ရှိပါတယ် – ကဲ လောင်းမလား။

ဖိုလ်ကြီး။ ။ လာပြန်ပြီ လောင်းမလားလို့။

ဖိုးထူး။ ။ ဖိုလ်ကြီးက ငြင်းတာကို၊ ရှိရင်ရှိတယ်ပေါ့၊ မရှိရင် လောင်းပါ လား။ ဖိုလ်ကြီး နားရွက်ကို ကြည့်ပြောရရင် လိပ်ခေါင်းမှ လက်တဆစ်

ကျော်ကျော် ရှည်တယ်ဖိုလ်ကြီး။

ဖိုလ်ကြီး။ ။ မင်း– ဒီလောက်တောင်ရှိလှတာ၊ ကဲ လောင်းမယ်။ မင့်ရှိသလောက်ထုတ်။

ဖိုးထူး။ ။ ကျနော့်မှာ ငွေတရာပါတယ်ဖိုလ်ကြီး။

ဖိုလ်ကြီး။ ။ ကဲ စိန်လိုက်။ ဟောဒီမှာ ငွေတရာ။

ဖိုးထူး။ ။ သက်သေတယောက်တော့ ခေါ်ပါအုံး ဖိုလ်ကြီး။ ဟောဟိုမှာ တပ်သားတယောက်...

ဖိုလ်ကြီး။ ။ အေး...အေး ဩော် လှမောင်ပါလား။ ဟေ့လှမောင် လာစမ်းဟေ့၊ ဖိုးထူးက ငါ့မှာ လိပ်ခေါင်းရှိတယ်ဆိုလို့ တရာတမ်း လောင်းကြတယ်။ ကဲ မင်းက ဒိုင်လုပ်ပေါ့ကွာ။ ဟေ့ ဒါပေမယ့် ဒီနားဆိုရင် တပ်သားတွေ မြင်ရလို့မိမယ်။ ငါဘောင်းဘီချွတ်မပြချင်ဘူး။ လာခဲ့ ... ဟောဟို အခန်းလေးထဲ သွားကြရအောင်။

ရဲဘော်လှမောင်။ ။ ဟုတ်ကဲ့ ဖိုလ်ကြီး။

ဖိုလ်ကြီး။ ။ ရော့ – ကြည့်စမ်း ဘယ်မှာလဲ လိပ်ခေါင်း။ ကဲ ဘယ်နှယ့်ရှိစ ရှုံးပြီ မဟုတ်လား။ သွား နောက်ဘယ်တော့မှ အလောင်းအစားမလုပ်နဲ့။

* * * * * *

ဖိုလ်လေး။ ။ ဖိုးထူးလာသွားပြီလား ဖိုလ်ကြီး။

ဖိုလ်ကြီး။ ။ အေးကွ – ခွေးမသား ငါဆုံးမလိုက်ပြီ။ နောက် ဘယ်တော့မှလောင်းဝံ့မှာ မဟုတ်ဘူး။

ဖိုလ်လေး။ ။ ဘယ်လိုလဲ ဖိုလ်ကြီး။

ဖိုလ်ကြီး။ ။ သူက ငါ့ဖင်မှာ လိပ်ခေါင်းရှိတယ်ဆိုလို့ တရာတမ်း လောင်းတာ ရှုံးသွားပြီ။

ဖိုလ်လေး။ ။ ဖင်လှန်ပြလိုက်သလား ဖိုလ်ကြီး။





ဖိုလ်ကြီး။ ။ ပြတာပေါ့ကွ။

ဖိုလ်လေး။ ။ ဟိုက်– ကျနော်တို့ တပ်သားတွေ အားလုံးကို သူကတို့ဖိုလ်ကြီး ငါ့ကို ဖင်လှန်ပြစေ့မယ်ဆိုပြီး ငါးရာကြေးလောင်းသွားတယ် ဖိုလ်ကြီးရေ။

ဖိုလ်ကြီး။ ။ ဟော...။

❖ ❖ ❖

## သူလဲလေ လောကီသားပေမို့ ...

သရော်သတင်း

မတ်ကစ် ဝါ ဒ နှင့် ကွန် မြူ နစ် ဝါ ဒ မျိုးစေ့ ချ ပေး သော ကားလ်မတ်ကစ်ကို ပစ္စည်း မဲ့တို့၏ ကယ် တင် ရှင်’ လူ မွဲ တို့ ထွက် ရပ် လမ်း ကို ညွှန် ပြ လေ သော မ ဟာ ပညာကျော် ကြီး အဖြစ် ကမ္ဘာ က သိ ကြ သည်။ မြန် မာ တို့ က လည်း လက်ခံ ယုံ ကြည် သည်။ တ ရုတ် ပြည် တွင် ယနေ့ တိုင် ကိုး ကွယ် ခြင်း ခံ ရသော ဘု ရား တ ဆူ ပါ ပေ။

မှတ် သား ရ ဖူး သည်။ တ ခါ က သိန်း ဖေ၊ မောင် စိုး၊ အောင် ဆန်း၊ လှ ဖေ စသော လူ ငယ် တ စု တို့ အနာ ဂတ် မြန် မာ နိုင် ငံ သစ် တည် ထောင် ရေး ကို စိတ်ကူး ယဉ် ကြ သော အ စည်း ဝေး တခု ကျင်း ပ ကြ စဉ် က သိန် း ဖေ က “ ဗုဒ္ဓ ရဲ့ နေ ရာ က ဒီ အ ဆင့် မှာ ... မတ် ရဲ့ နေရာက ဟောဒီအဆင့်မှာ ...” ဟု လက် ဟန် ခြေ ဟန် နှင့် နှိုင်းယှဉ်မှုပြုသဖြင့် မောင်နု၏ ဝေါက် ငန်း ခံ ရသည် ဟု ကြားဖူး ၏။

‘အသက် နှစ် ဆယ် မကျော် ခင် အရွယ် မှာ ကွန် မြူ နစ် ဝါ ဒ ကို မယုံကြည်သူသည် နှလုံးသား မရှိသူတဦးဖြစ်သည်။ အသက် လေးဆယ် ကျော်လွန်ပါလျက် ကွန် မြူ နစ် ဝါ ဒ ကို ယုံကြည်နေ သေးပါက ဦးနှောက် မရှိသူသာတည်း...’ဟု ပြင်သစ် နိုင်ငံရေးပညာ ရှင်တဦးက ဆိုခဲ့သည်။ အောင်ဗလသည်လည်း ငယ်စဉ်က ဆရာကြီး သခင်စိုး၏ မိတ်ဆက်မှုဖြင့် ကားလ်မတ်ကို ကိုးကွယ်ခဲ့သူတဦး ဖြစ် ခဲ့ပါ၏။ ထိုခေတ်က မြန်မာလူငယ်များ နည်းတူ သန်းပေါင်းများစွာ

သော ကမ္ဘာ၏ လူထုကြီးက မတ်ကို ကိုးကွယ် ကြ သည်။

မြန် မာ့ စွယ် စုံ ကျမ်း က မှတ် တမ်း တင် ရာ တွင် 'ကားလ်မတ်သည် အရင်း ရှင်–အလုပ် သမား တို့ နှင့် စပ် လျဉ်း သော ပြ သ နာများ ကို စိတ် ဝင် စား ၍ တွေး ခေါ် မြော် မြင် သည်။ ပေါင်း သင်း ဆက် ဆံ ရေး တွင် မ တူ ညီ သော အတန်း အစား နှစ် ခု ဖြစ်သည့် အရင်း ရှင် နှင့် အ လုပ် သမား တို့ သည် ပ ဋိ ပက္ခ ဖြစ် ရမည် မှာ မလွဲ မရှောင် သာ သော အရာ ဖြစ် သည်။ တနေ့ တွင် အလုပ် သမား လူ တန်း စား တို့ သည် အာ ဏာ ရ ရှိ မည်။ ကုန် ထုတ် ကိရိယာ တို့ ကို ပြည် သူ လူ ထု က ပိုင် ဆိုင် ၍ ထို ကုန် ထုတ် ကိရိ ယာ တို့ ကို အမြတ်အတွက် မဟုတ် ဘဲ ပြည် သူ လူ ထု တို့ မျှ တ သော အကျိုး ကျေး ဇူး များ ကို ခံ စား စေ ရန် အလို့ ငှာ စီ မံ ကိန်း ပြု ရမည်' စသည် ဖြင့် ဖော် ပြ ထား ပေသည်။

ကားလ် မတ် ကို ၁၈၁၈ ခု နှစ် က ဂျာမန်နယ် ပရပ်ရှား တွင် ဖွား မြင် ခဲ့ သည်။ တက္က သိုလ် မှ ဥ ပဒေ၊ နိုင် ငံ သမိုင်း နှင့် သဘာဝဝတ္တုဗေဒ ပါရဂူ ဘွဲ့ များ ကို ရယူ ခဲ့ ပြီး နောက် သ တင်း စာ လောက သို့ ဝင် ခဲ့ သည်။ သူ ၏ စာပေ များ သည် အစိုး ရ များ ကို တိုက် ခိုက် ဝေဖန် သော စာ များ သာ ဖြစ် သ ဖြင့် သူ ရေးသော စာ တို့ ကို ပုံနှိပ် သည့် စာ နယ် ဇင်း များ မှာ အစိုး ရ အာ ဏာ ပိုင် များ က ပိတ် ပင် သည် ကို ခံ ရ လေ့ ရှိ သည်။

သ တင်း စာ ဆောင်း ပါး ရှင် ကားလ် မတ်က်စ် က မြန် မာ နိုင် ငံ အား အင်္ဂလိပ် အစိုး ရ က နယ် ချဲ့ စစ် တိုက် ခဲ့ သည် ကို အင်္ဂလိပ် အမေ ရိ ကန် သတင်း စာ ကြီး များ မှ ဝေ ဖန် ပြစ် တင် ရေးသား ခဲ့ သည်။ "ကမ္ဘာ အရှေ့ တလွှား ဗြိတိ သျှ တို့ စစ် ဆင် ခဲ့ ကြ ခြင်း များ အနက် မြန် မာ ပြည် ကို တိုက် ခိုက် ခဲ့ သည် မှာ ဆင် ခြေ ပေး ရန် အကြောင်း ပြ ချက် မရှိ ဆုံး ဖြစ် ပေ သည်"





ဟု နယ် ချဲ့ ဆန့် ကျင် ရေး ဆောင်း ပါး တပုဒ် ကို နယူး ယောက် ဒေ လီ ထရီ ဗျွန်း သတင်း စာ တွင် ၁၈၅၃ ခု ဂျူ လိုင် လ ၃၀ က ပုံ နှိပ် ဖော် ပြ ခဲ့ သည်။

ဆရာ မတ်က်စ် အဖို့ စာများ ရေး ရင်းက နိုင် ငံ ရေး နယ် တွင်း သို့ ရောက် သွား လေ သော အခါ ဥ ရောပတွင် နေခွင့်မရှိ တော့ သဖြင့် လွတ်လပ် ခွင့် ကြွယ် ဝသော အ င်္ဂ လန် ပြည် တွင် မှီ ခို နေ ရ လေသည်။ အစိုး ရ အရာ ရှိ ကြီး ၏ သမီး တဦး နှင့် လက် ထပ် ခဲ့ သည်။ လန် ဒန် မြို့ ပိ ဋိ ကတ် တိုက် များ တွင် သုတေသနပြုကာ ကမ္ဘာ ကြီး ၏ ကံ ကြမ္မာ ကို ပြောင်း လဲ စေ ခဲ့ သော 'အရင်းအနှီး'ကျမ် း ကြီး ကို ပြု စု ခဲ့ ရင်း ကွန် မြူ နစ် ကြေညာ စာ တမ်း ကြီး ကို ထုတ် ပြန် ခဲ့ သည်။ ၁၈၈၃ ခု နှစ် တွင် ကွယ် လွန် ရှာ သည်။

မိမိ တခါက ဆည်းကပ် ခဲ့ သော မဟာ ပညာကျော်ကြီး၏ သမိုင်းကို ဤ ရွှေ့ ဤမျှသာ ရေး ကာ ရပ်တန့်ထားသင့်သည်။ ခက် သည် မှာ ဆောင်း ပါး ရှင် အောင်ဇလ သည် သတင်း ထောက် တဦး ဖြစ် နေ သည်။ အကြောင်း အရာ တရပ် ရပ် ကို ဟို စပ် စပ် ဒီ စပ် စပ် စုံ စမ်း လေ့ လာ တတ် သည်။ မေး ပါ များ စကား ရ လာ တော့ ပြန် တော့ လည်း မိမိ သိ လေ သမျှ ဖေါက် သည် ချ လို မိ ပြန်သည်။

အောင်ဇလ သိ နေ သည် မှာ ကာ လ ကြာ လေ ပြီ။ ၁၉၅၈ ခု နှစ် က ဗြိတိသျှ ဘုရင် မ ၏ ဧည့် သည် တော် အဖြစ် အင်္ဂ လန် သို့ ခရီး ထွက် ခဲ့ ရ သည်။ ထိုစဉ် က အိမ် ရှင် တို့ အား လက် ဝဲ ဝါ ဒီ တို့ ၏ ဖခင် ကြီး ကားလ်မတ် ၏ ဗိမာန် ကို ကြည့် ပါ ရစေ ဟု ပန်ကြားခဲ့သဖြင့် သွား ရောက် အလေး ပြု ခွင့် ရ ရှိခဲ့သည်။

လန် ဒန် မြို့ ဟိုက် ဂေ့ သုသာန် ၌ ယခု တိုင် ရှိ နေသေး သည်။ (မြန်မာပြည် မှာ ကဲ့ သို့ သချိုင်း ကို ဘိန်း ပြောင်း နှင့် လဲ

လှယ် ရောင်း ချ သော အစိုး ရ များ မပေါ် ဖူး သေး သဖြင့် သချိုင်း များ မှု လ အတိုင်း ရှိ နေ ပါသေးသည်။) ယင်း သုသာန် သို့ သွား ကာ ပစ္စည်း မဲ့ လောက သား တို့ ၏ ခေါင်း ဆောင် ကြီး ၏ ဂူ ဗိမာန် ကို သွား ရောက် အလေး ပြု ခဲ့ ရသည်။။ အုတ် ဂူ တွင် ထွင်း ထု ထား သော "ကမ္ဘာ့ အလုပ် သမား တို့ ညီစေနော်" ဟူ သော ကဗျည်းစာကို ကျေ နပ် ခဲ့ မိသည်။ စာ ကြောင်း တကြောင်း ဆက် ရေး ထား သေး သည်၊ The Philosophers have interpreted the world in various ways. However, the point is to change it. ဟု ရေး သည် ကို မြန်မာဘာသာပြန်ရလျှင် "အဘိ ဓမ္မာ ပညာရှင် ကြီး သည် ကမ္ဘာ ကြီး ကို နည်း အမျိုး မျိုး နှင့် သုံး သပ် ခဲ့သည်၊ အကြောင်းရင်းကတော့ ပြောင်း လဲ ရန်သာ ဖြစ် သည်" ဟူ ၍ ဖွဲ့ ဆို မှု ကို ပို မို ကျေနပ် ရပြန် သည်။

တာဝန် ကျေ လို သော သတင်း ထောက် တဦး ဖြစ်သည်နှင့် အညီ ပ ညာ ကျော် ကြီး ၏ ဂူ ကို အလေး ပြု ပြီး နောက် မပြန် သေး ပဲ အနီး အနား ရှိ ဂူ များ ကို လေ့ လာ မိသည်။ ကားလ် မတ်က်စ် ၏ ဂူ အနီး တွင် သူ ၏ ဇနီး နှင့် သား မြေး များ ၏ ဂူ များ ရှိ သည်။ ထို ဂူ များ အနီး တွင် 'ဟယ်လင်ဒီ မတ် လင်ချင်' အမည် ရှိ အသက် ၅၂ နှစ် နှင့် သေ ရှာ သူ အမျိုး သမီး တဦး ၏ ဂူ ကို တွေ့ ရ သည်။ ရှု ခင်း မှာ အနည်း ငယ် ဆန်း ပြား သဖြင့် ထို နေ့ က ပင် ပိဋကတ် တိုက် သို့ သွား ကာ သုတေသန ပြု မိ ခဲ့ တော့ သည်။

ရင် နင့် ဖွယ် အချစ် ဇာတ် လမ်း တ ပုဒ် ကို သိ ရ တော့ သည်။ ထို စဉ် က အောင် ဗလ သည် လက် ဝဲ ပန်း ရောင် သန်း နေ သူ မန္တလေး သူ ရီ ယ ဦး သန်း မောင် နှင့် အတူ ဘီလပ် သို့ သွား ခဲ့ ရာ အောင်ဗလ သိ ခဲ့ သည် ကို သူပါ သိသွားသောအခါ သူက "မလုပ်ပါနဲ့ဗျာ၊ မရေး ပါ နဲ့။ ဆရာကြီး ကို ကြည် ညို နေ သူ





တွေ စိတ် ခတ် မကျ ပါ စေ နဲ့။ ခင် ဗျား တယောက်ပဲ သိ နေ ပါ ဗျာ" ဟု အလေး အနက် တောင်းပန်သဖြင့် မရေးဖြစ်ခဲ့ပေ။ ယခု ဦး သန်း မောင် လည်း သေရှာပြီ၊ ကားလ်မတ်က်စ်ဝါဒလည်း ကျေ ရှာပြီ။ ထို ကြောင့် သိ ခဲ့ သည်တို့ ကို ဖေါက်သည်ချနိုင်လေပြီ။

ကားလ်မတ်က်စ် လက် ထပ် စဉ် က မတ်က်စ် ၏ မိ ခင် က လင် ချင် အမည်ရှိ အမျိုး သမီး ငယ် တဦး (၂၅ နှစ်) ကို လက် ဆောင် ပေး ခဲ့ သည်။။ လင် ချင် သည် အင်္ဂလိပ် စကားပင် မတတ် ရှာ ဘဲ ကားလ် မတ် တို့ ဇနီး မောင် နှံ နှင့် အတူ လန် ဒန် သို့ လိုက် သွား သည်။ အင်္ဂလန် ရောက်စကာလက အလုပ်မရှိသဖြင့် မိသား စု အား လုံး ဝတ် ပြတ် ကြ ရာ လင် ချင် က ပင် တောင်းရမ်း ကျွေး ခဲ့ ရ သည်။ ဖော သိ လာ ကြ သော အခါ တွင် လည်း အခ ကြေး ငွေ တပြား တချပ် မှ မပေး ဘဲ ထမင်း ချက် က လေး ထိန်း အဖြစ် သက်ဆုံးတိုင် ကိုယ် ပိုင် ကျွန် အဖြစ် အလုပ် လုပ်ခဲ့သည်။

"ဆရာ ကားလ်မာ့က်စ် ရှိ ပါ တယ် ရှင် ... မရှိ ပါ ရှင်" ဟူသော အင်္ဂလိပ် စကားတပိုဒ်ကိုသာ ပြောတတ်သော လင် ချင် သည် ရုပ် ရည် ချော မော လှ ပ ခြင်း မရှိ ဟု မှတ် တမ်း က ဆို သည်။ အနီရောင် ဆံ ပင် ကို စု ကာ ထုံး ထား လေ့ ရှိ သော လင် ချင် သည် ရှက် ကြမ်း ရေချို သာ ဖြစ် သည်။ ဇာတ်နာသော အချက် မှာ ဆရာကြီး ကားလ် မာ့က်စ် က လင်ချင် ကို ခြေ တော် တင် ခဲ့ သည်။ ဇာတ် ကွက် မှာ ပို၍ ဆိုး သေး သည်၊ အထုပ် အထည် ပေါ် လာ သောအခါ ကားလ် မာ့က်စ် က သူ့ ဇနီး မသိ စေ ရန်... ရဲ ဘော် ကြီး အိန်ဂျဲလ်ကို ဖခင်ဖေါ်စေသည်၊ ကလေးကိုမူ ပစ္စည်းမဲ့ မိ သား စု တစု ထံ သို့ ပေး စွန့် ခဲ့ သည်။

ဖျား နာ သဖြင့် အိပ် ရာ ပေါ် တွင် လဲ နေ စဉ် မကွယ်လွန်မီ နောက် ဆုံး အချိန် ၌ အိန်ဂျဲလ် က ဖွင့်ဟ ဝန် ခံခဲ့သော ကြောင့် ကားလ်မတ်က်စ်၏ သမီးကြီးဂျင်နီက သူ၏ မောင်တဝမ်းကွဲ ကလေး

ကို ရှာဖွေ ဖွေး စား ခဲ့ လေသဖြင့် အဖမဲ့သားကလေး၏ ဂူကိုလည်း မတ်ကစ်၏ မိသားစုနှင့်အတူ တွေ့ခဲ့ရသည်။

မြန် မာ နိုင် ငံ မှ ကွန် မြူ နစ် ထိပ် သီး သခင် စိုး ကြီး တ ယောက် မိန်းမ မှု ဖွေ သဖြင့် ပါ တီ ညီ လာ ခံ မှ အရေး ယူ ခံ ရ ခြင်း၊ အလုပ်သမား လယ် သမား ပါ တီ မှ ခေါင်း ဆောင် ဦးဘညိမ်း၊ သခင် ချစ် မောင် တို့၏ မိန်း မ မှု ကို ပါ တီ က အရေး ယူ ကြ ရ ခြင်း စသည် တို့ သည် ပစ္စည်း မဲ့ တို့ အကျိုး ကို သယ် ပိုး ကြရာ ၌ ဆရာ့ ဆရာ ကြီး ၏ ဝါ ဒ ကို သာမက ဝ သီ ကို ဆက် ခံ မိ ကြ လေ ဟန် တူ ပေ သ တည်း။

❖ ❖ ❖



## မောင့်အသဲတွေ မောင့်နှလုံးတွေ

ဘီးတပ်ကုလားထိုင်သည် ခြေထောက်ကို အသုံးမပြုနိုင်သော သူတို့အတွက် ဂုဏ္ဍာသယ ရထားပုံဖြစ်သည်။ လိုရာသို့ လျောကနဲ လွယ်ကူစွာ သွားနိုင်သည်။ တစုံတဦးက နောက်မှ တွန်းပို့နိုင်သည်။ မိမိဘာသာလည်း ဘီးကိုင်းကို ကိုင်၍ လှိမ့်နိုင်၏။ ဤဘီးတပ်ကုလားထိုင်ကို မည်သူတီထွင်ပါလိမ့်။ အင်္ဂလန်က တီထွင်သည်ဟု ယူဆရသည်။ တင်မောင်တယောက်သည် အရာဝတ္ထုတခုကို စိတ်ဝင်စားမိလျှင် စာအုပ်တို့ကို လှန်၍ ရှာမိလေ့ရှိသည်။ မတွေ့က ပိဋကတ်တိုက်သို့ သွားလေ့ရှိသည်။ ယခုမူ တင်မောင်အဖို့ ဆက်လက်သုတေသီမပြုနိုင်တော့ပြီ။ အဘယ်ကြောင့်ဟူမူ သူကိုယ်တိုင်က ဘီးတပ်ကုလားထိုင်ပေါ်သို့ ရောက်ရှိနေသည့် သူနာတဦးဖြစ်နေသောကြောင့်ပင်။

ဘီးတပ်ကုလားထိုင်ပေါ်သို့ သူရောက်ရသည်မှာ ကြိမ်ဖန်များစွာရှိလေပြီ။ "အင်း ငါသင်္ချိုင်းသွားရလျှင်လည်းပဲ ဘီးတပ်ယာဉ်နဲ့သွားရမှာပါလား"ဟု မရဏာကမ္မဋ္ဌာန်း စီးဖြန်းမိရှာသေးလေသည်။

သောကြာနေ့က တင်မောင်ဆေးရုံတက်ရသည်။ ဆေးလွန်သဖြင့် ဆေးရုံသို့ တက်ရသည်။ လွန်သောဆေးကို နိမ်သောဆေးနှင့် တိုက်ဖျက်ကုသရသည်။ ဆေးတမယ်က အခြားဆေးတမယ်ကို တိုက်နိုက်ချေမှုန်းပေးရသည်။ ဆေးရုံတက်ရသည့် ရောဂါသည် တင်မောင်၏ ခန္ဓာကိုယ်အတွင်းသို့ ၁၉၉၈ ခုနှစ် ဇွန်လထဲတွင် သန္ဓေတည်ခဲ့လေသည်။ အင်္ဂလန်ပြည် ဘာမင်ဂန်မြို့တွင် တည်ဆောက် အောင်မြင်သော "ဓမ္မတဋ္ဌာက–ကမ္ဘာ့အေး" စေတီတော်ထီးတင်ပွဲသို့ စာပေ ဟောပြောပွဲဖြင့် ကူညီရန် ဆရာတော်ဦးရေဝတ၏ ဖိတ်ကြားချက်အရ သွားခဲ့စဉ်က ရောဂါသည် ကပ်ပါလာခဲ့၏။

ဇာတိမြေတွင်နေစဉ်က အညာသား၊ အမေရိကန်သို့ ရောက်လာသောအခါ ဖလော်ရီဒါပြည်နယ်သားတဦးအဖြစ် နေမင်းနှင့် ရင်းနှီးသူတင်မောင်အဖို့ ဘာမင်ဂန်မြို့၏ အအေးဓာတ်ကို ခံနိုင်စွမ်းမရှိခဲ့ရှာ၊ ရောဂါမှန်သမျှတို့၏ "အပျိုတော်"အဖြစ် ပွဲဦးထွက် ဝင်ရောက်ကပြလေ့ရှိသည့် အအေးမိ နှာစေး အာဂန္တုရောဂါက စတင်ခဲ့၏။

အင်္ဂလန်က မြန်မာသမားတော်ကြီးများက ကုသပေးသဖြင့် ဖလော်ရီဒါသို့ ခလုတ်မထိပြန်ရောက်ခဲ့သည်။ ရွာကို ရောက်၍ တပတ်ကြာသောအခါ ကျောတခုလုံး ယားကျိကျိဖြစ်နေကာ မနေနိုင်မထိုင်နိုင် ခံစားရသော ဝေဒနာသစ်ကြောင့် ဆေးရုံကြီး အရေးပေါ်ဌာနသို့ ပြေးရရှာပြန်သည်။

ဆရာဝန်က စစ်ဆေးသောအခါ ရောဂါသည် ဇရာမ ရောဂါဖြစ်နေသည်ကို တွေ့ရသောကြောင့် အိမ်သို့မပြန်ရ ဆေးရုံတက်ရလေတော့သည်။ အဆုတ်ထဲရေဝင်သည်ဟု ဆရာဝန်ကဆိုကာ ဆီးကြောကို ဖွင့်ပေးလိုက်သည်။ ထိုအခါ ကြင်ငယ်ရေ တဂါလံခွဲခန့် "စီးကျပြွန်အိုင်ရေ" ဟူသောစားကို သီဆို၍ တင်မောင်ကိုယ်မှ ထွက်ပြေးကြလေသည်။

တကိုယ်လုံးပေါ့ပါးသွားသဖြင့် ဆေးရုံမှ ဆင်းရန် ပြင်ဆင်သောအခါ သမားတော်ကြီးများက 'ဆက်ရန်ရှိသေးသည်'ဟု စီရင်ချက်ချကြပြန်သည်။

"အဆုတ်ရေနစ်တာက ကျောက်ကပ်နဲ့ အသဲ အလုပ် ကောင်းကောင်းမလုပ်ကြလို့ ဖြစ်ရတာ၊ ဒါပေမယ့် သူတို့အပြစ်မဟုတ်ဘူး၊ အဓိကကတော့ နှလုံးပဲ။ နှလုံးမှာ သွေးလွှတ်ပြွန်တွေရှိတဲ့အနက်၊ နှစ်ခုက ပိတ်နေတယ်"ဟု တင်မောင်၏ ခန္ဓာကိုယ် စက်ယန္တရားကြီး၏ ပြကတေ့အခြေအနေကို ရှင်းပြကြလေသည်။

တခါက မာတုဂါမလေးတဦးအား လှသည်ထက်လှမယ်ဆိုလျှင် ဆေးဖက်ဝင်ပါက မောင့်အသဲတွေ မောင့်နှလုံးတွေ အသုံးပြုပါမယ်ဟု





ပြော၍ မေတ္တာပန်းကို ချူခဲ့မိဖူး၏။ ယခု ခွာပြဲရှာပြီဖြစ်သော သူကလေး တင်မောင်တယောက်၏ နှလုံးသည် အကောင်းစားမဟုတ်၊ အပေါက်ကြီးနှင့် အသက်ရှင်နေသည်။ ဆေးဖော်၍ ရကောင်းမှုရချေမည်ကို သိမသွားရှာပေ။

နှလုံးသည် လူသားတို့၏ အသက်ရှင်မှုအတွက် အရေးအကြီးဆုံး ကိရိယာဖြစ်သည်။ လူတယောက်အဖို့ နေ့စဉ် အကြိမ်ပေါင်းတသိန်း ငါးထောင် (၁၀၅,၀၀၀) လှုပ်ခုန်၍ သွေးဂါလံပေါင်း တထောင့်ရှစ်ရာကို လူ့ခန္ဓာကိုယ်အတွင်းသို့ တွန်းပို့ထုတ်ပေးသည်။ လူသားတို့ ကိုယ်တွင်းရှိ သွေးကြောမိုင်ပေါင်း ခြောက်သောင်း (၆၀,၀၀၀) သို့ အရှိန်မပျက် သွေးဖြန့်ချိသည့် ကိရိယာကြီးပါပေ။ လူပျိုပေါက်ဘဝက ချစ်ဦးသူကလေးသည် တင်မောင်၏ အသည်းနှလုံးကို ခွဲသွားသဖြင့် ကြီးစွာဒဏ်ရာရ၍ အမာရွတ်ရှိနေသည်ဟု ထင်ခဲ့သည်။ ယခုမူ ကမြင်းမကလေးက တင်မောင်၏ နှလုံးကို လွန်ပူနှင့် ဖောက်သွားဟန်တူလေပြီ။

"အဲဒီတော့ နှလုံးကို ခွဲပြီးကုရမယ်" ဟု သူတို့က ရှင်းပြလေသည်။ ပထမ ရင်ကို ခွဲမည်၊ ဒုတိယ နံရိုးနှစ်ချောင်းကို ဖြတ်မည်၊ ပြီးမှ နှလုံးကို ဖြတ်ယူကာ ပလပ်စတစ်ပိုက်ကလေးများ တပ်ဆင်ပေးမည်ဟု နမူနာပုံများကို ပြ၍ ရှင်းပြကြလေသည်။ တင်မောင်သည် နားထောင်ရင်း အသည်းယားမိရှာ၏။

"မခွဲရင် မရဘူးလား ဆရာတို့ရယ်" ဟု အယူခံသောအခါ အသက်တိုမယ်ဟု သူတို့က လွယ်ကူစွာ ဖြေ၏။ "ခွဲပြီးကုမယ်ဆိုရင် နောက်ထပ် အသက် (၁၅) နှစ် အနည်းဆုံးရှည်မယ်လို့ အာမခံတယ်"ဟု ရဲဝံ့စွာပြောကြသည်။

တခါက ရုပ်ရည်ချောမောလှပ၍ အသနား အကြင်နာ ကင်းမဲ့သူ မစိမ်းကားလေး စွန့်ခွာသွားစဉ် အချိန်ကာလက ဆိုလျှင် ခင်ဗျား သေလိမ့်မယ်ဟု ဆိုပါက သေရဲတာ အလံနီ၊ အမိနိုင်ငံအတွက်

သေရဲသည်။ ရက်စက်တဲ့ ချစ်သူအတွက်လည်း သေရဲသည်ဟု ကြွေးကြော်ရင်း သေပွဲဝင်ရန် ဝန်မလေးခဲ့ပေ။ ယခုမူ အသက်(၇၀) ဝန်းကျင်သို့ ရောက်နေသော တင်မောင်သည် မြတ်နိုးရသူ ချစ်မယားနှင့် အမျိုးတိုင်းပြည်နှင့် ဘာသာအတွက် အားကြိုးမာန်တက် ဆောင်ရွက်ရင်း အရှင်မေတ္တာယျသခင်ပွင့်တော်မူသည်ထိ "သံသရာရေယာဉ် ခရီးမှာ ချာချာလည်" တေးကို ဟစ်ကြွေးနေချိန်ဖြစ်သည်။

ဆရာကြီးများဖြစ်သဖြင့် နားထောင်ရသည်။ သူနာပြုဆရာမလောက်သာ လာပြောလျှင် ကန့်ထုတ်မိပေမည်။ လောက၌ မည်သည့်သတ္တဝါသည် သေလိုပါအံ့နည်း။ မသေလိုသူရေးချ မသေလိုသူတင်မောင်က အသက်ရှည်ရေး ချစ်မယားနှင့် ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်းရေးအတွက် ခွဲစိတ်ရန် သဘောတူကြောင်း လက်မှတ်ထိုးပေးလိုက်မိလေသည်။

တင်မောင်သည် ခွဲစိတ်ခန်းမှ ရင်ခွဲစင်ပေါ်သို့ ကြိမ်ဖန်များစွာ တက်ဖူးသဖြင့် ကြောက်လန့်မှု တမြူတမွှေးမှ မရှိခဲ့ပေ။ သတိမေ့သွားပြီး ပြန်လည်သတိရချိန်တွင် ခွဲစိတ်ပြီးဖြစ်ရမည်မှာ မုချယုံကြည်ထားသည်။

"မေ့ဆေးကြောင့်မေ့နေတုန်းမှာ ချိုလွင်သာယာတဲ့ အိပ်မက်ကလေးတွေ မက်ပေးတဲ့ဆေးကို သိပ္ပံပညာရှင်ကြီးများ တီထွင်သင့်ပါပြီ"ဟု ရယ်သွမ်းသွေးကာ ဆွေးနွေးမိသေးသည်။ မေ့ဆေးဆရာကခင်ဗျားအကြံမဆိုးဘူးဟု ပြောပြောဆိုဆို ဆေးကို သွင်းထိုးလိုက်လေသည်။

မေ့ဆေးသည် အစွမ်းထက်လှသည်။ တသက်လုံးမမေ့နိုင်တော့ဟု ယူဆထားသော ရည်းစားဦးကိုလည်းကောင်း၊ လက်ရှိ ချစ်မယားကို လည်းကောင်း၊ အခြားရည်းစားများကို လည်းကောင်း၊ ကြွေးရှင်များကို လည်းကောင်း၊ နအဖစစ်အစိုးရကိုလည်းကောင်း၊ အို…လောကကြီးတခုလုံးကို မသိတော့ဘဲ မေ့သွားရှာလေသည်။





မည်ရွေ့မည်မျှကြာအောင် မေ့နေသည်မသိ၊ ရုတ်တရက် သတိပြန်လည်ရလျှင်ရချင်း မြင်ရသော မျက်နှာမှာ တင့်တယ်လှပသည့် သူနာပြုဆရာမကလေးဖြစ်နေသည်။ သူမ၏အလှကို အရသာမခံနိုင်၊ "နာတယ်ဟေ့ နာတယ်ဟေ့"ဟုညည်းညူမိသည်။ "နှလုံးခွဲတယ်ဆိုတာ လူ့ခန္ဓာကိုယ်မှာ အကြီးဆုံးခွဲစိတ်မှုရှင့်"ဟု ခမြာက ရှင်းပြရင်းပြုဖွယ်ရာ ကိစ္စရပ်များကို ဆက်လက်ပြုလုပ်သည်။ ပုရွက်ဆိတ်ကိုက်သည် မဟုတ်သောကြောင့် အသဲခိုက်အောင် နာရှာ၏။ များစွာနာကျင်စေကာမူ တင်မောင်တယောက် အသက်ရှည်လေဦးတော့မည်ဟူသော အသိကို သတိရသောအခါ ပြုံးမိပြန်သည်။

ဆေးရုံအခန်းထောင့်တွင် ဝတ်ရုံနက်ကြီးကို ဝတ်ဆင်ကာ ဓားလိုလို လှံလိုလို သုံးထောင့်ချွန်းကိုထမ်းလျက် မားမားကြီးရပ်နေသော အနောက်နိုင်ငံကျမ်းစာများထဲမှ ရှင်သေမင်းသည် ကိုယ်ထင်ပြရင်း မကျေနပ်ဟန်နှင့် လှမ်းကြည့်၍ နေသည်ကို တင်မောင်မြင်လိုက်ရသည်။

"ငါကွ၊ ငါ၊ ငါ မသေသေးဘူးဟေ့"ဟု အရှင်သေမင်းကို လက်မထောင်ကာ ပြလိုက်မိသည်။ ပါဠိဘာသာတွင် ဝေါဟာရတလုံးရှိသည်ဟု ဆရာဘုန်းနိုင်က ရှာဖွေရေးခဲ့သည်။ "မတဝဉ္စနာဒိဃာယုကော" တဲ့၊ မတ – သေမင်းအား၊ ဝဥ္စန – လှည့်စားခြင်းဟု ပြန်ဆို၍ "သေခြင်းကို လှည့်စား၍ ရှည်သော အသက်ရှိသော"ဟု အဓိပ္ပာယ်ကောက်သည်။ "နင်လားဟဲ့ သေမင်း ငါပဲဟဲ့ လူသား" ဟု စိန်ခေါ်နိုင်လေပြီ။

ဆရာဝန်များက ခွင့်ပြုသည်နှင့် ဝင်ရောက်တွေ့ဆုံသူ ဇနီးသည်အား "တို့များရဲ့ ဘဝဇာတ်စင်ကြီးမှာ နှစ်ပါးသွားကိုဖြင့် ဆက်လက်ကပြကြဦးစို့ရဲ့ ရွှေမင်းသမီးရေ"ဟုပင် ပြက်လုံးထုတ်မိသေး၏။

ဆေးရုံမှ ဆင်းသောအခါတွင်မှ သမားတော်ကြီးများက တင်မောင်ပေးဆပ်မည့် အသက်ရှည်ဆေးတန်ဖိုးကို ရှင်းလင်းပြောကြ

တော့သည်။ တရင်းတနှီးကြီးပါပေ။ ဟောဒီဆေးသုံးလုံးက ဆီးရှင်ဆေးတွေ၊ ငါးနှစ်ဆက်တိုက်သောက်ရမယ်၊ ဟောဒီဆေးက ကိုမာဒင်တဲ့၊ အလွန်အရေးကြီးတယ်၊ တသက်လုံး မသေမချင်း သောက်ရမယ်၊ နှလုံးထဲမှာ ကိရိယာထည့်ပေးထားသော သွေးရိုးရိုး မစုတ်နိုင်၊ မထုတ်နိုင်ဘူး။ သွေးကျဲမှ အလုပ်လုပ်နိုင်တယ်။ ကိုမာဒင်က သွေးကျဲတဲ့ဆေးပဲ။ ကိုမာဒင်ကို အရမ်းသောက်လို့လဲ မရဘူး။ (၁၅) ရက်တကြိမ် သွေးစစ်ရမယ်၊ ကိုယ်ထဲမှာရှိတဲ့ သွေးက ကြဲနေလျှင် လျှော့သောက်ရတယ်။ ပျစ်နေပြန်လျှင် တိုးသောက်ရတယ်၊ အမှားမခံဘူး။ မှန်မှန်သွေးစစ်ပြီး သောက်ပါလေ"ဟု သူတို့က မှာလိုက်လေသည်။ အသက်မီးတောက်ကလေး လင်းနေမည့်အကြောင်းအတွက် ကိုမာဒင်ဆေးပြားကို ရာသက်ပန် ပူဇော်ပသနေရလေတော့သည်။

တိုက်တိုက်ဆိုင်ဆိုင် ဇာတိမြေက ရွာမှ ကာလသားခေါင်း၏ အမည်မှာ ကိုမာဒင်ဖြစ်နေသည်ကို သတိရမိသည်။ ကိုမာဒင်သည် မဟုတ်မခံ တိုက်ရဲရိုက်ရဲသူဖြစ်သည်။ လူကောင်းတယောက် ဖြစ်သဖြင့် လူငယ်ကာလသားများက သူ၏ ဩဇာကို ခံယူခဲ့ကြသည်။ ယခု တင်မောင်တယောက် ဘဝတလျှောက်လုံး ကိုမာဒင်လက်သစ်နှင့် စခန်းသွားရင်း ကိုမာဒင်လက်သစ်သည်လည်း လူကောင်းသူကောင်း ဖြစ်ပါစေဟု ဆုတောင်းနေရလေတော့သည်။

"ဇီဇဝါလေးရယ်လေ မာလာဗျ ချိုမြမွှေး၊
မဒီကညာလေးရယ် လာပါဗျ ကိုယ်ကနှေး၊
အပလီပေါ်သူရယ် အကြည်အသာလှမ်းခဲ့ပါအုံး
လင်ထမ်းကာ မဒီအလှကိုလ
အိုဗျ၊ ချီပုံ့မယ် ချီပုံ့မယ်"

တနေ့သ၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရေးသည့် သစ္စာထားကို သီဆိုရင်း ကြည်နူးနေစဉ် ကိုမာဒင်တယောက် ရုတ်ရက်ကိုယ်ထင်ပြလာတော့သည်။





သွေးကျဲနေပါလျက် ဆေးပြားကို ပိုသောက်မိသည်ဟု သူက ဆိုကာ တင်မောင်အား ရန်ပြုတော့သည်။ တိုက်ခိုက်တော့သည်။ ကိုမာဒင်၏ လက်ချက်သည် တကိုယ်လုံးကိုက်ခဲရာမှ စတင်သည်။ အထူးသဖြင့် လက်ဝဲခြေသလုံးက နာကျင်ကိုက်ခံသည်။ ယာယီအကိုက်အခဲပျောက်ဆေးသောက်ရန် ပြင်နေစဉ် လက်ဝဲဖက်နားရွက်မှ ဝေါကနဲသွေးများယို စီးလာသဖြင့် ထိတ်လန့်သွားရှာတော့သည်။ ဆေးရုံသို့ပြေးရပြန်သည်။ ဆေးရုံက လက်ခံ၍ ချက်ချင်းကုပေးသည်။

တော်သေးသည်။ အချိန်မလွန်သေး၊ ဆေးမီလိုက်သဖြင့် လွန်နေသည့် ကိုမာဒင်က နောက်ဆုတ်ပြေးရသည်။ တင်မောင်တယောက် အသက်ဆက်ပြန်ရပြန်လေပြီ။ တင်မောင်၏ ဘဝဇာတ်လမ်းမှာ အစကပြန်၍ ကပြနိုင်ပြန်လေပြီ။ ဆရာမှိုင်းကြီးရေးသည့် 'မဒီကညာလေးရယ် လာပါဗျ ကိုယ်ကနှေး' တေးကို သီဆိုရင်း နှစ်ပါးသွားခန်းမှ ပြန်လည်ကပြရပေဦး၊ ကန့်လန့်ကာချရသည့် ဇာတ်သိမ်းခန်း ဝေးသည်ထက်ဝေးအောင် အချိန်ဆွဲ၍ ကပြအသုံးပြုတော်ခံပါရစေဟု ကံဇာတ်ဆရာထံ အယူခံစာတင်သွင်းရန် လျှောက်လွှာရေးရလေသည်။ ထောက်ခံသူက လိုသေးသည်။ တင်မောင်တယောက် လူ့လောကတွင် ရှိနေသဖြင့် မျက်စိရှုပ်သည်ဟု ယူဆခြင်းမပြုသူတို့ ထောက်ခံကြပါလိမ့်မည်။ အနာဂတ်၌ မည်သို့ဖြစ်စေကာမူလည်း သေကံမရောက် သက်မပျောက်သေးသော တင်မောင်တယောက်သည် လက်ငင်းအားဖြင့် ဆေးရုံမှ ဖဝါးနှင့် မဆင်းနိုင်ခဲ့ဘဲ ဘီးတွန်းကုလားထိုင်နှင့် ဆင်းခဲ့ရလေသည်။ ဘီးတွန်းကုလားထိုင် ပလ္လင်ရွှေနန်းပေါ်တွင် တလတာမျှ စံမြန်းရလေဦးမည်တကား။

ပိတောက်မဂ္ဂဇင်း
(၂၀၀၂) ခုနှစ်၊ စက်တင်ဘာလ။

❖ ❖ ❖

“၂ နှစ်တိုင် အခန်းဆက်
ရေးသားခဲ့သော
ကြေးမုံဦးသောင်း၏
ကိုယ့်အမျိုးချစ်သူမို့
မြန်မာသမိုင်းရှည်ကြီး
သုံးအုပ်တွဲကို
ဆက်တိုက်ထွက်မည်။
အလိုရှိက
တင်ကြိုစာရင်းသွင်းထားပါ ”





**ကြေးမုံ ဦးသောင်း [အောင်ဗလ]**

ကြေးမုံဦးသောင်း– အောင်ဗလသည် မြန်မာ စာပေလောကအတွင်းသို့ ဝင်ရောက်လာစဉ်က ဟာသစာပေ သရော်စာများ၊ ပြဇာတ်များကို ရေးသားကာ ဝင်ရောက်ခဲ့သည်။ နောက်ပိုင်း သတင်းစာလောကသို့ ရောက်သွားရာမှ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဝေဖန်သူ ဆောင်းပါးရှင်ဖြစ်လာခဲ့သည်။

သူ၏ ကနဦးစာပေတို့ကို စွဲလမ်းသူတို့က ဟာသစာပေရေးသားပါဟု တောင်းဆိုကြသဖြင့် ဤ “ဦးနေဝင်း၏ ပြာတာဆုပ်” ဝတ္ထုကို ရေးသားသည်ဟု သူကပြော၏။